လယ်တီ ဆရာတော်ဘုရား

ဆရာတော် ဦးကဝိန္ဒနှင့် ပျော်ဘွယ်ကြီးရွာ

ဝိပဿနာ ဓမ္မကထိက ဆရာသက်တို့၏ တပည့်


## ဆရာကြီး ဒေါ်ဝဏ္ဏာ

ရေးသား စီရင် အပ်သော

# ဝိပဿနာရသရှုဘွယ်

ဤကျမ်းပါ တရားများသည် ဆရာကြီး ဒေါ်ဝဏ္ဏာ
ကိုယ်တိုင် တွေ့ သိ ခံစားရသော တရားများ ဖြစ်သည်။

အေးအေး စာပုံနှိပ်တိုက်
အမှတ် ၆၄ သုခရိပ်သာ ကမာရွတ်ရန်ကုန်မြို့။
၁၃၂၇-ခု၊ တပို့တွဲလ



လယ်တီဆရာတော်ဘုရား



ပျော်ဘွယ် ဆရာသက်



ဆရာကြီး ဒေါ်ဝဏ္ဏ



ကျမ်းစာအုပ် ဖြစ်ပေါ်မြောက်ရေးအတွက် ဦးစီးဆောင်ရွက်သော

ရွှေတောင်မှော် ဆရာကြွယ်

၁၀၃၆၃

လယ်တီ ဆရာတော်ဘုရား၊

ဆရာတော် ဦးကဝိန္ဒနှင့် ပျော်ဘွယ်ကြီးရွာ
ဝိပဿနာ ဓမ္မာထိက ဆရာသက်တို့၏ တပည့်

ဆရာကြီး ဒေါ်ဝဏ္ဏာ

ရေးသား စီရင် အပ်သော

# ဝိပဿနာရသ ရှုဘွယ်ကျမ်း

ဤကျမ်းပါ တရားများသည် ဆရာကြီး ဒေါ်ဝဏ္ဏာ
ကိုယ်တိုင် တွေ့ သိ ခံစားရသော တရားများ ဖြစ်သည်။

အေးအေး စာပုံနှိပ်တိုက်
အမှတ် ၆၄ သုခရိပ်သာ ကမာရွတ် ရန်ကုန်မြို့။
၁၃၂၇-ခု၊ တပို့တွဲလ

1,

ပဌမနှိပ်ခြင်း အုပ်ရေ - ၂၀၀၀
၁၉၆၆-ခု၊ ဖေဖော်ဝါရီလ

မူပိုင်ရှင် ဆရာကြွယ်

ပုံနှိပ်ထုတ်ဝေသူ - ဒေါ်ခင်မြင့် မှတ်ပုံတင်အမှတ် (၀၄၉၇-၀၃၀၅)
အေးအေးစာပုံနှိပ်တိုက်-အေးအေးစာပေတိုက်
အမှတ် ၆၄ သုခရိပ်သာ ကမာရွတ် ရန်ကုန်မြို့။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မယ်တော်ကြီး ဒေါ်ဝဏ္ဏာ အတ္ထုပ္ပတ္တိ | ၁၃ |
| ၂။ | မင်္ဂလာဒီပိကာ | ၁၉ |
| | **သမထခန်း** | |
| ၃။ | ဟာနဘာဂိယသီလ | ၃၁ |
| ၄။ | ဌိတိဘာဂိယသီလ | ၃၂ |
| ၅။ | ဝိသေသဘာဂိယသီလ | ၃၃ |
| ၆။ | နိဗ္ဗေဓဘာဂိယသီလ | ၃၅ |
| ၇။ | ပီတိ ၅ မျိုး | ၃၆ |
| ၈။ | သစ္စာလေးပါး | ၄၂ |
| ၉။ | နိမိတ်သုံးမျိုး | ၄၄ |
| ၁၀။ | အားပေးတိုက်တွန်းချက်လင်္ကာ | ၄၇ |
| ၁၁။ | ပါရမီ ၁၀ ပါး | ၄၈ |
| | **ဝိပဿနာခန်း** | |
| ၁၂။ | ဓာတ်ခြောက်ပါးပေါက်၍ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပျောက်ပုံ | ၆၂ |
| ၁၃။ | ဝိပဿနာဉာဏ် ၁၀ ပါး | ၆၃ |
| ၁၄။ | ဝိပဿနာဉာဏ် ၁၀ ပါးသရုပ် | ၆၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ဝိပဿနာဉာဏ် ၁၀ ပါးအဓိပ္ပါယ် | ၆၇ |
| ၁၆။ | ဒိဋ္ဌိဝိသုဒ္ဓိအခန်း | ၆၈ |
| ၁၇။ | တိုက်တွန်းချက် | ၆၈ |
| ၁၈။ | ကင်္ခါဝိတရဏ ဝိသုဒ္ဓိအခန်း | ၇၂ |
| ၁၉။ | ဝိသုဒ္ဓိခုနစ်ပါး | ၇၆ |
| ၂၀။ | စိတ္တဝိသုဒ္ဓိ | ၇၈ |
| ၂၁။ | ဒိဋ္ဌိဝိသုဒ္ဓိ | ၈၃ |
| ၂၂။ | သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါး | ၈၄ |
| ၂၃။ | ကင်္ခါဝိတရဏဝိသုဒ္ဓိ | ၈၆ |
| ၂၄။ | မဂ္ဂါမဂ္ဂဉာဏ-ဒဿနဝိသုဒ္ဓိ | ၈၇ |
| ၂၅။ | ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ | ၈၇ |
| ၂၆။ | လောကုတ္တရာဉာဏ ဒဿနဝိသုဒ္ဓိ | ၈၈ |
| ၂၇။ | ဥဒယဗ္ဗယဉာဏ် တရား ၄ ါးပါး | ၈၈ |
| ၂၈။ | မဂ်ကိစ္စပြီးပုံ | ၉၄ |
| ၂၉။ | ပုထုဇဉ်စိတ်နှင့် အရိယာစိတ်ခြားနားပုံ | ၉၄ |
| ၃၀။ | ပုထုဇဉ်တို့သန္တာန်၌ လောဘ ဒေါသ မောဟ လွှမ်းမိုးနေပုံ ဥပမာဂါထာ | ၉၅ |
| ၃၁။ | သစ္စာလေးပါးဖြစ်ပေါ်လာပုံ | ၉၆ |
| ၃၂။ | ဓမ္မစကြာ၏ ဂုဏ်ထူးကိုပြပုံ | ၉၆ |
| ၃၃။ | မြတ်စွာဘုရား သာသနာထားတော်မူခဲ့ပုံ | ၉၇ |
| ၃၄။ | ပဋိဝေဓသာသနာ၏ အဓိပ္ပါယ် | ၉၇ |
| ၃၅။ | မဂ်စိတ်တချက်ဖြင့် မဂ်ကိစ္စလေးပါး ပြီးအောင်ရှုနည်း | ၉၉ |
| ၃၆။ | သစ္စာလေးပါး အမေးအဖြေ | ၁၀၀ |
| ၃၇။ | ဒုက္ခ၏တည်ရာ ချုပ်ငြိမ်းရာဌာနပြပုံ | ၁၀၃ |
| ၃၈။ | သစ္စာလေးပါး ကိုယ်တွေ့ရပုံ | ၁၀၈ |
| ၃၉။ | အရိယာပုဂ္ဂိုလ် ပစ္စဝေက္ခဏာ ဇောငါးချက် | ၁၁၂ |
| ၄၀။ | ပစ္စဝေက္ခဏာ ဇောငါးချက်၏ နိဗ္ဗာန်ကို အာရုံပြုပုံ | ၁၁၄ |
| ၄၁။ | ဝိပဿနာဉာဏ် ၁၆ ပါး | ၁၁၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂။ | မိလိန္ဒပဥှာ | ၁၂၅ |
| ၄၃။ | နိဗ္ဗာန်ဟုတ်မဟုတ်စမ်းနည်း | ၁၂၇ |
| ၄၄။ | ဖိုလ်ဝင်စားသောသူ | ၁၂၉ |
| ၄၅။ | ဉာဏ်သုံးမျိုး | ၁၃၂ |
| ၄၆။ | မိမိကိုယ်ကို တိဟိတ်ဟုမှတ်ပါ | ၁၅၇ |
| ၄၇။ | ကမ္မဋ္ဌာန်းအားထုတ်ခြင်း၏ အင်္ဂါငါးပါး | ၁၅၈ |
| ၄၈။ | မဂ်၏ အန္တရာယ်ငါးပါး | ၁၆၀ |
| ၄၉။ | ဝိပဿနာရှုနည်း စည်းကမ်း | ၁၆၀ |
| ၅၀။ | အထူးသိရန်အချက် | ၁၆၄ |
| ၅၁။ | ဓမ္မဒေသနာတရားသတင်းစာ | ၁၆၈ |
| ၅၂။ | ပဏ္ဏာသ အဋ္ဌကထာအနက် | ၁၆၉ |
| ၅၃။ | ရဲဝံ့စွာအာမခံချက် | ၁၇၃ |
| ၅၄။ | ကြိုက်ရာလမ်းသို့ သွားကြပါကုန်လော | ၁၇၄ |
| ၅၅။ | ပုညာဘိသင်္ခါရ ခရီးလမ်းညွှန် | ၁၇၄ |
| ၅၆။ | သံဝေဂတရားတော်ကြီး | ၁၇၅ |
| ၅၇။ | ခန္ဓာတွေ့ ဗောဓိပက္ခိယတရား ၃၇ ပါး အကျဉ်းချုပ် | ၁၇၇ |
| ၅၈။ | သတိပဋ္ဌာန်တရားလေးပါး | ၁၇၉ |
| ၅၉။ | သမ္မပ္ပဓာန်တရား လေးပါး | ၁၈၁ |
| ၆၀။ | ဣဒ္ဓိပါဒ်လေးပါး | ၁၈၃ |
| ၆၁။ | ဣန္ဒြေငါးပါး | ၁၈၄ |
| ၆၂။ | ဗိုလ်ငါးပါး | ၁၈၅ |
| ၆၃။ | ဗောဇ္ဈင်ခုနစ်ပါး | ၁၈၇ |
| ၆၄။ | မဂ္ဂင်ရှစ်ပါး | ၁၉၁ |
| ၆၅။ | သီလမဂ္ဂင်သုံးပါး | ၁၉၁ |
| ၆၆။ | သမာဓိမဂ္ဂင်သုံးပါး | ၁၉၂ |
| ၆၇။ | ပညာမဂ္ဂင်ရှစ်ပါး | ၁၉၃ |
| ၆၈။ | ဗောပက္ခိယတရား ၃၇ ပါး | ၁၉၄ |
| ၆၉။ | သီလက္ခန္ဓမဂ္ဂင် ၃ ပါး | ၁၉၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၀။ | သမာဓိကၠန္ဓမဂ္ဂင် ၃ ပါး | ၁၉၇ |
| ၇၁။ | ပညာက္ခန္ဓမဂ္ဂင် ၂ ပါး | ၁၉၈ |
| ၇၂။ | ရှစ်လုံးဘွဲ့ မြန်မာကဗျာများ | ၁၉၉ |
| ၇၃။ | နိပ္ပိန္ဓတေးထပ်များ | ၂၀၁ |
| ၇၄။ | သောတာပန်သုံးမျိုးခုနစ်မျိုးတို့၏ အဓိပ္ပါယ် | ၂၀၃ |
| ၇၅။ | သောတာပန်တို့ ရအပ်သောအကျိုး | ၂၀၃ |
| ၇၆။ | ပုထုဇဉ်ခန္ဓာ၌ အားထားစရာမရှိပုံ | ၂၀၄ |
| ၇၇။ | ဘဝတိုင်း ကောင်းမှုမပြုနိုင်ပုံ | ၂၀၅ |
| ၇၈။ | အပါယ်သို့ကျလျှင် အမျိုးမျိုးဖြစ်ရပုံ | ၂၀၇ |
| ၇၉။ | နမက္ကာရ ဘုရားရှိခိုး | ၂၁၁ |
| ၈၀။ | ရာဟုလောဝါဒသုတ် | ၂၁၂ |
| ၈၁။ | ဘုရားကိုယ်တော်မြတ်ကြီး၏ ဆေးသုံးလုံး | ၂၂၀ |
| ၈၂။ | မှန်ကင်းတလှည့် ထင်းတလှည့်တရားတော် | ၂၂၂ |
| ၈၃။ | ကာလဒါနငါးမျိုး | ၂၂၃ |
| ၈၄။ | မမွစကြာ | ၂၂၃ |
| ၈၅။ | ပစ္စမဗုဒ္ဓဝစန | ၂၂၅ |
| ၈၆။ | တရားဂုဏ်တော် ခြောက်ပါးအနက် | ၂၂၆ |
| ၈၇။ | ပရမတ်နှင့်ပညတ်ခွါပုံ | ၂၂၇ |
| ၈၈။ | လေ့ကျက်ရန်ဂါထာ | ၂၃၅ |
| ၈၉။ | ပေါဋ္ဌိလမထေရ်ကြီးဝတ္ထု | ၂၄၅ |
| ၉၀။ | သာသနာလျှောက် | ၂၅၃ |
| ၉၁။ | မဟာပရိနိဗ္ဗာနသုတ် | ၂၅၄ |
| ၉၂။ | အကြံကောင်းရှိရန် သတိပေးပုံ | ၂၅၅ |
| ၉၃။ | ပဟာန် ၅ ပါး (ဝိသုဒ္ဓိမဂ်) | ၂၅၅ |


## သောတာပန်စစ်တမ်း


| | | |
|---|---|---|
| ၉၄။ | မဂ်စစ်မစစ် စမ်းသပ်ပုံ | ၂၆၂ |
| ၉၅။ | သောတာပန်ဖြစ်မှန်း ကိုယ့်ကိုယ်ကို သိနိုင်သလား | ၂၆၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၆။ | သောတာပန်နှင့် ပုထုဇဉ် ဘာခြားနားသလဲ | ၂၆၅ |
| ၉၇။ | ဘယ်လိုလူများက ကဲ့ရဲ့တတ်သနည်း | ၂၆၇ |
| ၉၈။ | ပုဂ္ဂိုလ်စွဲနှင့်ပတ်သက်၍ သတိပြုရန် | ၂၆၉ |
| ၉၉။ | အရိယာ၏အမူအရာကို ပုထုဇဉ်သိနိုင်သလား | ၂၇၁ |
| ၁၀၀။ | သောတာပန်၏ ဓမ္မသဘာဝ | ၂၇၂ |
| ၁၀၁။ | ကမ္မဋ္ဌာန်းဆရာ လုပ်လိုလျှင် သတိပြုရန် | ၂၇၄ |
| ၁၀၂။ | တပည့်ယောဂီများ သတိပြုဘွယ် | ၂၇၆ |
| ၁၀၃။ | မသာများတွေ့ရှာနည်း | ၂၇၇ |
| ၁၀၄။ | ဘုရားဟောမဲ့လူတွေ | ၂၇၈ |
| ၁၀၅။ | သေမင်းတမန် | ၂၇၈ |
| ၁၀၆။ | နတ်မင်းတမန် | ၂၇၉ |
| ၁၀၇။ | ပြောက်ကျားဥပုသ်သည် | ၂၇၉ |

# တောင်းပန်ချက်

ဤစာအုပ်ကို တဆင့်ရောင်းချခွင့် မပြုရ။ ဓမ္မဒါန အဖြစ် လှူဒါန်းလိုပါက ဆရာကြီးဒေါ်ဝဏ္ဏာနှင့် ရွှေတောင်မှော် ဆရာကြွယ်တို့ထံသို့ အကြောင်းကြားပါက သက်သာသောဈေးနှုန်းနှင့် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

# လျှောက်ထား တောင်းပန်ချက်

၁၃၂၆ ခု၊ သီတင်းကျွတ်လဆုတ် ၁၀ ရက် နေ့ တွင် ကျမ်းပြုရန် လျှောက်ထားတောင်းပန်ပါသည်။ မအူပင်အပိုင် ရွှေတောင်မှော်ကျေးရွာ ဓာတ်ဗိန္ဒော နက္ခတ် ဒေသနာနယ ဘေသဇ္ဇနယ ဗေဒင်္ဂနယ ၃ ဘာသာ ၁၁ ကျမ်းဖြင့် ပြည့်ဝ အောင် မြင် သော သမားတော်ကြီး ဦးကြွယ်ဦးစီးဆောင်ရွက်သော ယောဂီတပည့်အပေါင်းတို့သည် ပရိယတ် ပဋိပတ်ကို ခွဲခြား၍ မသိကြပါ။ ယခု ၇ ရက်စခန်း၌ အားထုတ်ကျင့်ကြံ ဆောင်ရွက်၍ ယထာဘူတ ကျနသော မှန်ကန်စွာကို သိရှိရသဖြင့် နှစ်ထောင်းအားရ များစွာဝမ်းသာလှပါသည်၊ ထို့ကြောင့် သာသနာ၏ အဓွန့်ရှည်စွာ တည်စေလို၍ မိခင်မခြား မယ်တော်အားကို လျှောက်ထား ဦးတင် ဆရာသခင်ကို ရိုသေဝတ်တွား တပည့်သား အပေါင်း တို့အား သနားသဖြင့် မေတ္တာတော် ရှေ့ထား၍ ဝိပဿနာ ရသာရှုဘွယ်ကျမ်းကို စီရင်ရေးသားတော်မူပါ မယ်တော်ဘုရား။

မအူပင်အပိုင် ရေသဲ အောက် ကုန်း ပန်းပင်စု ကျေးရွာ လူကြီး ဦးလှမောင်, ဦးကံဆောင်, ဦးအောင်သန်း, ဦးစိန်ဖြိုး တို့ နှင့် ယောဂီ အပေါင်းတို့က ယခုလို ခန္ဓာတွင်း၌ တွေ့မြင်မှတ်သား၍ တရားကိုတစ မကျန် အမြင်မှန်ရ၍ ပရိယတ် ပဋိပတ် နှစ်ဖြာကိုက်ညီ၍ သဒ္ဓါလွန်စွာ ထက်သန်လှသဖြင့် မိခင်မခြား မယ်တော်ဘုရားထံ သာသနာ ရှည်မြင့်စွာ တည်စေခြင်းအကျိုးငှါ မယ်တော် ဟောသော တရားများကို ရေးသား စီစဉ်တော်မူပါရန် လျှောက်ထားပါသည်။

ကျိုက်လတ်မြို့အပိုင် လှိုင်ကာကျေးရွာသူကြီးမင်း ဦးမှိန်နှင့်တကွ ယောဂီအပေါင်းတို့က မယ်တော်မိခင်ထံ လျှောက်ထား တောင်းပန်ပါသည်။ တပည့်တော် တပည့်တော်မတို့သည် သံသရာဝဋ်ဆင်းရဲမှ ထွက်

ဍ,

မြောက်ကြောင်းတရားကို ယထာဘူတ ကျနစွာအားထုတ်ရ၍ မိခင်မခြား မယ်တော်အားကို လျှောက်ထား တောင်းပန် ကျမ်းပြု စီစဉ် ရေးပါရန် ရှိသေစွာ လျှောက်ထားပါသည်။

မအူပင်အပိုင် ရေလဲကလေးကျေးရွာ ဓာတ်ဗိန္ဒော သမားတော်ကြီး ဦးညဏ်ညွန့်နှင့် ယောဂီအပေါင်းတို့က ထပ်လောင်း၍ တောင်းဆိုသည်မှာ ယခုလို ခန္ဓာအာယတနဓာတ်သစ္စာတို့ မပြတ် ဖြစ်ပျက်ခြင်းကို ယထာဘူတ ကျနမှန်ကန်စွာ သိရှိရ၍ တပည့်အပေါင်းတို့အတွက် ကိုယ်တွေ့ ရှင်းတမ်း ကျမ်းကို စီစဉ်ရေးသားတော်မူပါ မယ်တော်ဘုရား။

ကပ်သဝင်ကျေးရွာ ဓမ္မကထိက ဦးတုတ်ကြီးနှင့်တကွ ဦးမောင်ချစ်, ဦးမောင်ကျင်, ဦးအေး ဦးဖြူလေး, ဦးအုန်းသင်,ဦးစိန်ထွန်းတို့နှင့် ယောဂီတပည့်အပေါင်းတို့က ထပ်လောင်း၍ တောင်းဆိုပါသည်။ မယ်တော်မိခင် ဆရာသခင် ကျေးဇူးရှင် တပည့်အပေါင်းက ခညောင်း ဝတ်တွား တောင်းပန်ထားကြသော ရှင်းတမ်းကျမ်းကို ရေးသားစီစဉ်တော်မူပါ မယ်တော်ဘုရား။

တပည့်ယောဂီများ

# နိဒါန်း

လေးသင်္ချေနှင့်ကမ္ဘာဘသိန်း၊ ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်း၊ တဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်းတွက်ကိန်းများလှ ဖြည့်ကျင့်ရသော နဒါပါရမီ စသည်ဆယ်ပါး ပါရမီ၊များကို အပြားသုံးဆယ် အသွယ်သွယ် အနည်းနည်းဖြင့် ကျင့်တော်မူပြီးမှသာလျှင် သဒ္ဓါဓိက ဝီရိယာဓိက ပညာဓိက အဝဝဖြင့် ပြည့်စုံမှသာလျှင် ပွင့်တော်မူကုန်သော မြတ်စွာ ဘုရားသခင်တို့ ရွှေအာကုမှုခံဖြင့် ဖွင့်ထုတ်မြွက်ဟ ဆိုဆုံးမ ဩဝါဒထားတော်မူခဲ့ကြသော တရားတော်မြတ်အပေါင်းတို့သည် များမြောင်နက်နဲခက်ခဲလှသည်ဖြစ်ပါသောကြောင့် အဂ္ဂသာဝက မဟာသာဝက စသည်တို့လည်း ကရုဏာတရား ရှေ့ထားပြီးလျှင် လွယ်လင့်တကူသိရှိနားလည်စေခြင်းငှါ တဆင့်ထပ်မံဖော်ကြားပြန်ပေ၏။ ထိုကဲ့သို့ပင် တဆင့်ထက်တဆင့်ကဲတင့်ကျယ်စွာ ခေတ်အခါနှင့်လျော်ရာ လျော်ကြောင်း အဓိပ္ပါယ် အနက် ဖုံးဝှက်၍ မနေရအောင် သေချာစွာ စဉ်းစား၍ ဉာဏ်မှီသမျှ ရှေးက ရေးသားကြသော ဆရာကောင်းတို့သည် များလှစွာရှိခဲ့ကြပေပြီ။

သို့ပါသော်လည်း သီဟိုဠ်ကျွန်း၌ ပဋိပတ္တိသာသနာ ဟိုရှေးအခါကာလတုန်းက လွန်စွာထွန်းတောက်ပြီးနောက် ပြတ်တောက်၍သွားရာနောက်ထပ်တဖန် ပဋိပတ္တိသာသနာ ကမ္ဘာအဝှန်း ပေါ်ထွန်း၍ လာပြန်သောကြောင့် များလှစွာသော သမထ ဝိပဿနာ ယောဂီ အပေါင်းသူတော်ကောင်း သူမြတ်လောင်းတို့သည် ဒေသနာက္ကမနည်း၌ သိကျွမ်းနားလည်သော ပုဂ္ဂိုလ်များ မြောက်မြားစွာ ရှိကြပါသည်။ အချို့သော ပုဂ္ဂိုလ်များမှာ ခက်ခက်ခဲခဲဘွေကို အတော်ကျွမ်းကျင်ကြသည်ဆိုသော်လည်း ပဝတ္တိက္ကမနည်း ပဋိပတ္တိက္ကမနည်းတို့၌ ကောင်းမွန်စွာ နားလည်၍ ဒိဋ္ဌကိုယ်တွေ့ဖြစ်ရန် ခဲယဉ်းပေ၏။

ထိုကြောင့် ခရီးရောက်ထိုက်သလောက် မရောက်ဘဲ နေကြသူများကို သနားကရုဏာ ကိုယ်ချင်းစာလျက် ပါရမီသမ္ဘာရ ပြည့်ဝစုံညီရှိကြ

သည့်ကြောင့် ဤသာသနာ ဤအခါမှာ ဒုလ္လဘတရား ရကြသားလျက် တရားကိုမှ မသိရ သက္ကာယတရား ကွာမသွားဘဲ အပါယ်တံခါးပွင့်လျက်နှင့် ဘဝတပါး ပြောင်းရွှေ့မသွားကြရလေအောင် စိတ်ရည်ဆောင်၍ မုံရွာမြို့ လယ်တီဆရာတော်ဘုရား, မိုးညှင်းဆရာတော်ဘုရား, သေကျွဲတောင် ဆရာတော်ဘုရား, မဆယ်ဆိတ်ရှမ်း ရှမ်း ကမ္မဋ္ဌာန်း ဆရာတော် ဦးကဝိန္ဒ, ပျော်ဘွယ်ဆရာတော် ဆရာသက်ကြီး အစရှိသော ဆရာတော်ကြီးများ ရေးသားစီရင်တော်မူသော အစောင်စောင်သော ကျမ်းဂန်တို့နှင့် ရှေးဦးပဌမ ညှိနှိုင်း၏။

ထိုသို့ ညှိနှိုင်းပြီးမှ မိမိကိုယ်တိုင် အားထုတ်၍သိရသောတရားတို့ကို အကျဉ်းချုံး၍ တတ်အားသမျှ သဘာဝမှ ယထာဘူတကျသည်ထက်ကျသည်ဟု ယူဆ မှတ်သားထားသော ခန္ဓာတွေ့တရား တစိတ်တဒေသကို လူပြိန်းတို့ သိကြစေခြင်းငှါ အဓိပ္ပါယ် နားလည်ရအောင် ခေတ်ကလာပ် ပရမတ်တရားတို့ကို သိရလေအောင် တရက်မျှင် ပါရမီရှင်များ သက္ကာယ တရား လွင့်စင်သွားရအောင် လုံ့လကြိုးကုတ် အားထုတ်နိုင်ကြပါစေကြောင်း စေတနာကောင်းနှင့် ရေးလိုက်ပါသည်။

ဤကဲ့သို့ စေတနာသဒ္ဓါတရား ထက်သန် ပွားများလှ၍ အထူးသဖြင့် ဉာဏ်မှီသမျှ အမှားအယွင်းမပါရအောင် စေ့ငှသေချာစွာ ဂရုတစိုက် ရေးသားရပါသော်လည်း မိမိတို့ဉာဏ်နှင့် မတိုက်ဆိုင် မညီညွတ်သောအရာကိုတွေ့ရှိပါက နှိုင်းချိန်စဉ်းစား သတိထား၍ ယူတော်မူကြပါရန် ပညာရှိအပေါင်းတို့အား တောင်းပန်အပ်ပါကြောင်း။

ယခု ပုံပြင်စီစဉ်ရေးသားထားသော ခန္ဓာတွေ့ကျမ်းကို ပြုရသော ကုသိုလ်ကြောင့် စေတနာသဒ္ဓါတရား နှင့် သီလ သမာဓိ ပညာ တည်း ဟူသော့တရားတော်မြတ်ကြီးကိုလည်း ကိုယ်တိုင်ကိုယ်ကျ အားထုတ်ရသော ကုသိုလ်တို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန် တကြောင်း တည်း တည်း ရောက် နိုင်သောကိုယ်ဖြစ်ရပါလို၏။

ဤကျမ်းစာကို ကြည့်ရှုရသော သူတော်ကောင်းအပေါင်းတို့သည် ထိုကျမ်းကို ကြည့်ရှုရသည့် နေ့ရက်ကစ၍ သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်နှင့်ပြည့်စုံကြပါစေဟု ကောင်းမြတ်သောစေတနာဖြင့် ဝေးမကြာနိဗ္ဗာန်သို့ရလွယ်ရောက်လွယ်နိုင်ကြပါစေသတည်း။

# မယ်တော်ကြီး ဒေါ်ဝဏ္ဏ၏

# အတ္ထုပ္ပတ္တိ

ပဋိပတ္တိမမွာစရိယ မယ်တော်ကြီးခေါ် ဒေါ်ဝဏ္ဏ၏ အတ္ထုပ္ပတ္တိကို ယောဂီတပည့်အပေါင်းတို့သိရှိစေရန် ဤစာအုပ်တွင် ဖော်ထုတ်ရေးသားပါဟု တောင်းပန်ကြသဖြင့် အကျိုးဆောင်လူကြီးများက ဖော်ထုတ်ရေးသား ထည့် သွင်းလိုက်ပါသည်။

မင်းတုန်းမင်း လက်ထက်တော်တွင် တောင်ငူ စစ်ကဲ တော်မင်းဦးလတ် စာတော်ဖတ်ဒေါ်ဒေါ်ခင်တို့မှ မွေးဖွားခဲ့သော သမီးအလတ် ဒေါ်ရာသက်ကို အချိန်တန်အရွယ်ရောက်၍ လှည်းထောင်ဆရာကြီး ဆရာပေါနှင့် မိဘဘိုးဝဘွားရှိသည့်အတိုင်း ထိမ်းမြားခြင်း ပြုလုပ်ပေးကြပါသည်။ ဒေါ်ရာသက်နှင့်ဦးပေါတို့သည် ရေနံချောင်းမြို့မှာ နေထိုင် လုပ်ကိုင်ကြရာ ပစ္စည်းဥစ္စာ ပြည့်စုံစွာဖြင့် သားသမီး ၇ ယောက် ရရှိခဲ့လေသည်၊ ထိုသားသမီးများအနက် သမီးအကြီးဆုံး ဖြစ်သူမှာ ယခုအခါ ဒေါ်ဝဏ္ဏပင်ဖြစ်သည်။

လှည်းထောင် ဦးပေါသည် တနေ့တနေ့မိမိအဖို့တရားရှာပါသော်လည်း ဝက်ချုပ်ကျောင်း ဆရာတော်ထံ၌ သမထ တရားကိုသာ ရရှိပါသည်။ ဝိပဿနာတရားကို မရရှိ၍ မိမိကိုယ်တိုင် တရားရှာထွက်ရန် ကြံစီပြီး ဇနီးသားသမီးတို့ကို စုပေါင်းခေါ်ပြီး၊ ဇနီးသားသမီးတို့ ဖေဖေယနေ့အချိန်အထိ သားသမီးများအဖို့ ဖေဖေလုပ်ကိုင်ကျွေးမွေးလာခဲ့တာ ပစ္စည်းဥစ္စာ ရတနာနှင့် ပြည့်စုံစွာဖြစ်နေပါပြီ၊ ဖေဖေအဖို့ ဆရာတော်ထံမှာ တရားရှာဖွေသော်လည်း သမထတရားကိုသာ ရရှိပါ၍ ဖေဖေ ဝိပဿနာတရားရှာရန် ထွက်ဖို့ ငါ၏ သားသမီးဇနီးတို့ စားရေး ဝတ်ရေး

နေထိုင်ရေးတို့မှာ ပူစရာမရှိအောင် ဖေဖေရှာဖွေခဲ့ပါသည်။ ယခုတရား ရှာရန် ခွင့်ပြုပေတော့ ဝိပဿနာတရားကိုမှ မရလျှင် ဖေဖေ နဖူးနှင့်ဒူး ဦး တည့်ရာ သွားမည်ဟုပြောသဖြင့် ဇနီးသားသမီးတို့က ငိုကြွေးကြ လေတော့သည်။

အဲဒီအချိန်မှာ သမီးအကြီးဆုံးဖြစ်သူ ယခုအခါ ဒေါ်ဝဏ္ဏ ခေါ်သော သမီးကြီးက စဉ်းစား၍နေစဉ် မိမိပုခက်တွင်းက သမီးကလေး ၁၁ လသမီး ငိုသံကြား၍ ကဗျာကယာ ခလေးကိုချီပြီး ဖေဖေထံသို့ ပြန် လာရာ စဉ်းစား၍ အော် ဖေဖေအစားကိုယ့်ကိုယ်တိုင်တရားထွက်ရှာပြီး ဖေဖေလိုချင်သည့် ဝိပဿနာတရားကိုရလျှင် ငါတို့ဖေဖေနှင့် အတူ နေရ မှာဘဲဟု စိတ်ကိုပိုင်းဖြတ်၍ ဖေဖေ၏မျက်မှောက်ရှေ့သို့ ရောက်ရှိလာရာ တွင် ဖေဖေ သမီး တခုပြောပါရစေလို့ ပြောလိုက်တော့ ဘခင်ဖြစ်သူ က ဘာတွေကိုပြောမှာလဲ သမီးရယ်၊ ဒီလိုပါ ဖေဖေရယ် ဖေဖေ လိုချင် တဲ့ ဝိပဿနာတရားကို သမီးကိုယ်တိုင် ရှာပေးပါရစေ ဖေဖေ ဘယ်ကိုမှ မသွားပါနှင့်လို့ဆိုတော့မှ၊ ငါ၏သမီးပြောတာတော့ ဖေဖေ ဝမ်းသာပါ တယ်၊ သမီးမှာလဲသံယောဇဉ် သီးကလေးနှင့် မဖြစ်နိုင်သေးပါဘူးသမီးရယ် လို့ပြောတော့၊ ဖေဖေရယ် သမီးဟာသေတာမှမဟုတ်ဘဲ တချို့မွေးဖွားပြီး မိခင်မရှိတာတောင် နို့ဆီတိုက်၍ မွေးရသေးတာဘဲ သမီးအတွက် ဘာမှ စိုးရိမ်ပူပန်စရာမရှိပါနှင့် ဖေဖေရယ် သမီး အသက် ၃၅ နှစ်ရှိမှာဘဲ အစစ စိတ်ချပါ ဖေဖေရယ်၊ ဒီလိုဆိုတော့ ဖေဖေ သာဓု သာဓု သာဓု ခေါ် ပါတယ် သမီးရယ်၊ အဲဒီလိုပြောပြီး မိမိလမ်းစရိတ်ကိုယူ၍ တရားရှာရန် ထွက်ခဲ့လေသည်။

ရေနံချောင်း ဦးသာသနထံမှာ ဂုဏ်တော် ၉ ပါး ပုတီးစိတ် ၉၁ ရက် တရားအားထုတ်ပြီး ဖေဖေထံကို အမြန်ပြန်၍ ရရှိခဲ့သော နည်း နိဿယကို ရှင်းလင်းပြောပြရာ၊ အဲဒါလဲ သမထလို့ ခေါ်တယ် သမီးရဲ့၊ တဖန်ပြန်၍ တရားရှာ ထွက်ပြန်ဘော့ စလင်းမြို့ ဆရာတော် ဦးပုညထံ ပထဝီကသိုင်း ၄၉ ရက် အားထုတ်၍ ဖေဖေထံပြန်ပြီး အားပါးတရပြော ပြပြန်သောအခါ၊ သမီးရယ် အဲဒါလဲ သမဘဲ သမီးရဲ့၊ ဖေဖေပြောပြတဲ့ တရားက ဟောဒီ ခန္ဓာထဲမှာရှိတယ်၊ ဖေဖေလုပ်နည်း ကျင့်နည်း မသိလို့ ပါ၊ ဝိပဿနာဆိုဘာ ရင်ကလေးကို လက်ငါးချောင်းနှင့် ထောက် ပြီး အဲဒီအထဲမှာ ရှိတယ်ဟု ပြပြန်သည်။

အဲဒီအချိန်အထိ ဒေါ်ဝဏ္ဏသည် အဖေအတွက် တရားရှာခြင်းသာ ဖြစ်သည်။ မိမိအဖို့တရားရှာခြင်းမဟုတ်ပါ၊ ထိုအချိန်ကစပြီး ကွမ်းခြံကုန်း မြို့ ဆရာတော် ဦးပဏ္ဍိတထံတွင် သတိပဋ္ဌာန်တရား ၄၉ ရက် အား ထုတ် ပြီး တဖန်ဖေဖေ့ကိုရှင်းပြပြန်သော်၊ ဖေဖေက ဝိပဿနာဆိုတာသိတော့ သိတယ် ဘယ်လိုလုပ်ရမလဲ မသိဘူး သမီးရယ် သမီးရှာတာက သမထဘဲ ဖြစ်နေတယ်၊ အဲဒီလိုဆိုပြီး များမကြာမီ ဒေါ်ဝဏ္ဏသည် ဘခင်ကြီးအတွက် တရားရှာထွက်ရပြန်သော် ထိုအချိန်အခါတွင် ရေနံချောင်းမြို့ လူဆရာ တော်ကြီး ဦးသာဟံထံတွင် ၃၂ ကောဋ္ဌာသရှုပုံ ၄၉ ရက် သင်ကြား လေ့ လာ အားထုတ်ခဲ့ခြင်း၊ ထိုသို့ ကျင့်ကြံကြိုးကုတ် အား ထုတ် ၍ ရ သော တရားများကို မိမိ၏ ဘခင်ကြီးကို သမီးဖြစ်သူ ဒေါ်ဝဏ္ဏ ဘခင်ကြီးအတွက် ရရှိသော တရားများသည် ဘယ်တရားတွေကို ရရှိခဲ့ပါသလဲ ဆိုတော့ ၃၂ ကောဋ္ဌာသရှုနည်းတရားတော်ကို ရခဲ့ပြန်၏။ မိမိရရှိခဲ့သော တရားတွေကို ပြန်၍ ဘခင်ကြီးကို ရိုသေစွာရှိခိုး၍ မိမိရှုမှတ်ရသောတရားများ ကို ပြော ပြလေသော်၊ ဘခင်ကြီးက ဘယ်လိုများ ပြန်ပြောပါသလဲဆိုတော့ သမီး ရေ အဲဒါလဲ သမထတွေဘဲ သမီးရဲ့လို့ ပြောလိုက်ပြန်၏။

ဒီလို ဘခင်ကြီးက သမထလို့ပြောလိုက်တော့မှ သမီးဖြစ်သူ ဒေါ် ဝဏ္ဏမှာ ဘခင်ကြီးအတွက် တရားရှာထွက်၍လာသောအခါ ချောင်းကြီး ရွာ လူဆရာ ဆရာတော့ထံမှ တေဇောကသိုဏ်း ၄၉ ရက်ရှုမှတ်ပြန်တော့ ၏။ ထိုသို့ ရှုမှတ်သော ကသိုဏ်းတို့ကို ဝိပဿနာတရားဘဲဟု ထင်မှတ်၍ သမီးဖြစ်သူ ဒေါ်ဝဏ္ဏမှာ ဝမ်းမြောက်၍ ဘခင်ကြီးကို မိမိရရှိသော တရား တို့ကို အားပါးတရ ပြောပြသောအခါမှာ၊ ဒါလဲ သမထဘဲ သမီးရဲ့လို့ ပြောလိုက်ပြန်၏။ ဘခင်ကြီး အဲသည်လို ပြောလိုက်သော အခါမှာ ဒေါ်ဝဏ္ဏက သူ့ကိုယ်သူ စိတ်အားထက်သန်စွာနှင့် ဒီတခါတော့ ဖေဖေ လိုချင်တဲ့ ဝိပဿနာတရားကိုတော့ မရလျှင်မနေ သေချင်သေစေဟု စိတ် စေတနာ သဒ္ဓါတရား ပြည့်စုံစွာဖြင့် ဘခင်ကြီးအတွက် တရားရှာထွက်ခဲ့ ရာ ထိုအချိန်အခါမှာ သတင်းရထားသော ရေနံချောင်းမြို့ ဆရာတော် ဦးပုညထံတွင် ဝါယောကသိုဏ်း ၄၉ ရက် အားထုတ်ပြန်၏။ တဖန်ဖေဖေ ထံ ပြန်၍ ရှင်းလင်းပြပြန်၏။

သမီးဒေါ်ဝဏ္ဏကို ဘခင်ကြီးက ဘယ်လိုပြန်ပြောပါသလဲဆိုတော့ ဝိပဿနာဆိုတာ သိတော့သိတယ် ဘယ်လိုလုပ်ရမယ်ဆိုဒါ မသိဘူး သမီး

ရယ် သိမ်းရှာလာသော တရားတွေကဖော့ သမထတရားချည့်ဘဲ ဖြစ်နေ တယ်လို့ ဘခင်ကြီးကပြောလိုက်တော့ ဘယ်ကိုများသွားရှာရပါမလဲလို့ စုံစမ်း၍ နေစဉ် ဘခင်ကြီးသည် မအီမသာ မကျန်းမာ၍ ဝေဒနာဖိစီး ပြီး အနိစ္စရောက်ရှိသွားရလေသည်။

ထိုအချိန်အခါမှာ ဒေါ်ဝဏ္ဏ အသက် ၃၀ နှစ်ရောက်သည့် အချိန် ဘခင်ကြီး ဝိပဿနာတရား ရမသွားခြင်းကြောင့် ဝမ်းနည်းစွာ ဖြစ်ပြီး၍ တရားကို မရရအောင် ရှာမည်ဟုစိတ်ရည်မှန်းပြီးနေသည့်အချိန်၊ တရား၏ အရသာကိုလည်း သိသင့်သလောက် သိနေသည့် အချိန်ဖြစ်သည်။ ထို အခါဝယ် ဒေါ်စိန်ညွန့်ဆိုသူ မိတ်ဆွေဘယောက် ရေနံချောင်းမြို့ ဒေါ် ဝဏ္ဏထံ အလည်ရောက်လာ၍ တရားကိစ္စအဝဝကို ဒေါ်ဝဏ္ဏနှင့် ဆွေး နွေးကာ မိမိဘခင်ကြီးလိုချင်တဲ့ဝိပဿနာတရားကို ရမသွားခြင်းအတွက် ဝမ်းနည်းစွာဖြင့် ဒေါ်စိန်ညွန့်အား ပြောကြားလေရာ၊ ဒေါ်စိန်ညွန့်က ကျွန်မတော့ တရားထိုင်ခဲ့ရလို့ပြောတော့ ဒေါ်ဝဏ္ဏက ဘာဘရားတွေလဲ လို့မေးလိုက်ရာ၊ သးထဝိပဿနာတရားလို့ ပြောလေသည်။

ဒါဖြင့်ပြောပြစမ်းပါလို့ မေးတော့မှ ပဌမကတော့ သမထပါဘဲ နောက် ဝိပဿနာ၊ ဒါဖြင့် ဘယ်မှာ တရားအားထုတ်ရသလဲလို့မေးလိုက် တော့ ပျော်ဘွယ်ဆရာကြီး ဆရာသက်၊ လယ်တီ ဆရာတော်ဘုရား ထံမှာ အားထုတ်ခဲ့ရသည်။ ဝိပဿနာဆိုတာ ခန္ဓာကိုယ်ကို စိုက်၍ ရှုတော့ ပူပူ- ပူပူ၊ လှုပ်လှုပ်-လှုပ်လှုပ်နှင့်နေတယ်လို့ ဒေါ်စိန်ညွန့်ကပြောတော့၊ ဤလို ဖေဖေမရသွားတဲ့တရားကို ငါတို့ဘခင် ကိုးကွယ်တဲ့ ဝက်ချုပ်ကျောင်း ဆရာတော်ဘုရားထံသို့ ဒေါ်စိန်ညွန့်ကိုခေါ်သွားမှတော်မည်။ ၎င်းတရား ကို အဖေမရသွားပါသော်လည်း ဆရာတော်ဘုရားကြီးကိုဘဲ အဖေအမေ လိုသဘောထားပြီး ဒေါ်စိန်ညွန့်က အားထုတ်လာတဲ့ တရားကို ဆရာ တော်ထံလိုက်၍ ပြောပြပါဟုဆိုတော့၊ ဆရာဘော်အား ဒေါ်စိန်ညွန့်က ပြောပြရာ ဆရာတော်ကြီးက နည်းမသိသဖြင့် ဘာပူပူသဲ၊ ဘာလှုပ်လှုပ် လဲဟု အော်လိုက်လေလျှင် ဆရာတော်ကြီးကို ဘာမှမပြောဝံ့ဘဲ အသာ ပြန်၍လာခဲ့ရသည်။

အိမ်ကျတော့မှ ဒေါ်စိန်ညွန့်ရယ် ကျုပ်ကို အဲဒီတရား အားထုတ် တဲ့နေရာကို ပို့ပေးပါဟု ပြောတော့မှ ဒေါ်စိန်ညွန့်ကပို့ပေးပါ၍ လယ် တီ ဆရာတော်ကြီး နှင့် ဆရာကြီး ဆရာသက် ထံမှ သမထ ဝိပဿနာကို

ယထာဘူတ ကျနသော ချောပြေသော အခါတွင် ဝိပဿနာကူးပေးသော နေ့တွင် ဒေါ်စိန်ညွန့်ပြောပြသော ပူပူ ပူပူ လှုပ်လှုပ် လှုပ်လှုပ်နှင့် အပြန်အလှန် သိရတော့မှ ဖေဖေရယ် ဖေဖေလိုချင်တဲ့ ဝိပဿနာတရား သမီးကိုယ်တိုင် ရပါပြီဟု ဖေဖေမရသွားခြင်းကို ဝမ်းနည်း၍ သမီးအားထုတ်၍ ရရှိသောတရားချားကို အမျှအမျှပေးဝေပါ၏လို့ သမီးဒေါ်ဝဏ္ဏက အမျှဝေရှာသည်။

တရားကို တပတ်ပြီးတပတ် အားထုတ်ဆဲတွင် ဒေါ်ဝဏ္ဏ၏ သမီးကလေး လိုက်လာ၍ မေမေရယ် ကျွန်မကို ကြည့်စမ်းပါ နံရိုးကလေး ဘွေဒေါ်နေတယ် မေမေရဲ့၊ မေမေ ကျွန်မကို မသနားတော့ဘူးလား မေမေရယ် ကျွန်မဟာ နေလို့လဲကောင်းပါဘယ် မေမေကိုအောက်မေ့လွန်းလို့ ပိန်ချုံးပြီးတော့ နံရိုးတွေအပြိုင်းပြိုင်း ပေါ်နေတယ်မေမေရဲ့၊ ကျွန်မကိုကြည့်ပါအုံး ကျွန်မတို့ သားအဖနှစ်ယောက်ထဲ နေရတယ် မေမေ အိမ်ကိုပြန်ခဲ့ပါအုံးလို့ ပြောပြီး သမီးကလေးကငိုကြွေး၍ နေတော့သည်။

အဲဒီတော့မှ ယောဂီအပေါင်းတို့က ကလေးကို သနား၍ ဒေါ်ဝဏ္ဏကို တောင်းပန်ကြသဖြင့် တဖန် မိမိနေအိမ်သို့ ပြန်ရလေတော့သည်။ တဖန် လယ်ဘီဆရာတော်ဘုရားကြီး၏ တပည့်ရင်း ပျော်ဘွယ် ဆရာသက်ထံမှာ ဆက်တိုက် အားထုတ်၍နေသည်။ ၂ နှစ်ခန့်ရှိလေတော့သည်။ ထိုအခါ ဒေါ်ဝဏ္ဏ၏အသက် ၄၉ နှစ်ခန့်ရှိလေပြီ၊ တဖန် တရားဂုဏ် အာရုံတွင်း ပြင်းပြစွာ စိတ်ဝင်စားပြီး မိမိ၏ ခင်ပွန်းသည်ကို ထပ် ဆင့် ကာ တဖန် ခွင့်တောင်းသေးရာ၊ ခင်ပွန်းကလဲ ပြည့်ဝသောစိတ်နှလုံးဖြင့် ခွင့်ပြုလိုက်သည်။ ဒေါ်ဝဏ္ဏမှာ ဝမ်းသာစွာဖြစ်ပြီး နံနက် မိုးလင်းသောအခါ အိပ်ရာ ခြင်ထောင်ကို ထုပ်ယူပြီး ခေါင်းပေါ်မှာတင်ပြီး အိမ် ပေါ် မှ အဆင်း သမီးလုပ်သူက ငိုကြွေးကာ လူးလိမ့်ပြီး ငိုတော့ ခင်ပွန်းလုပ်သူက သွားတော့သွားတာပေါ့ကွယ်၊ ကလေး ဒီသောက်ငို၍ နေတာကို ပြန်ပြီး စဉ်းစားပါအုံးလို့ဆိုတော့ ခေါင်းကို အသာစောင်းပြီး ပြန်၍ ကြည့်လိုက်တယ်။

အော် ဒီသံယောဇဉ်အတွက်လိုက်ပြီး ငြိတွယ်နေလျှင် ဘယ်တော့မှ လွတ်ရာဘဝ လိုရာမဂ်ခရီးကို မရောက်နိုင်ဘဲ နေတော့မယ်၊ ဘာဘဲ

ဖြစ်ဖြစ် နပူးနှင့်ဒူး ဦးတည်ရာတရားတိုက်ဆီသို့ အားစိုက်ကာ နောက်မတွန့်ဘဲ တကယ်ဖြတ်ပြီး အပါယ်ဇာတ်သိမ်းရအောင် ပြေးမှတော်မယ်ဟု မဆယ်ဆိတ်ကမ္မဋ္ဌာန်းကုန်းတွင် ဆရာတော် ဦးကဝိန္ဒထံ၌ ၅ နှစ်နေ၍ တရားများ အားထုတ်ခဲ့လေသည်။

(က) သက်သက်လွတ်စား တုဏှိဘာဝေ ဓူတင်စခန်း ၇ ရက် ကျင့်ခဲ့ခြင်း။

(ခ) သစ်သီးစား၍ ရုက္ခမူ ဓူတင်စခန်း ၇ ရက် ကျင့်ခဲ့ခြင်း။

(ဂ) သစ်သီးစား၍သမ်းလျှောက် ဓူတင်စခန်း ၇ ရက် ကျင့်ခဲ့ခြင်း။

ဦးကဝိန္ဒထံမှ ထွက်ခဲ့သောအချိန်မှာ အသက် ၇၀ ပြည့်သော နှစ်ဖြစ်ပါသည်။ ၎င်းနောက် တဖန် ရန်ကုန် ဟံသာဝတီကျောင်းတိုက်မှာ အကူအညီ တရား ၂ နှစ်ပြခဲ့ရသည်။ အဲဒီကတဖန် မအူပင်မြို့အပိုင် ရေကြဲကလေးမြို့ ဈေးပိုင်းရှိ ရိပ်သာနံပါတ် ၅၆ တွင် ၁၅ နှစ်တိုင် ယောဂီအပေါင်းအား ကောင်းမြတ်သော စေတနာဖြင့် မနေမနား တရားပြသဆုံးမတော်မူနေသည်ကို အကျိုးဆောင်လူကြီးများက သိရှိရ၍ သိရှိသည့်အတိုင်း ၁၃၂၇ ခုနှစ်တွင် ဖော်ပြလိုက်ရပါကြောင်း။

# ဝိပဿနာရှုကွက်

## နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## မင်္ဂလာဂါထာ

(၁) ဘောဒေဝပုတ္တ၊ အိုနတ်သား၊ ဗာလနံ၊ ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဝဋ်သုံးပါးတို့၏ လည်ရာလည်ကြောင်း ဖြစ်သော ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယ ဒုစရိုက်သုံးပါး, မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ တည်းဟူသော ဝစီဒုစရိုက်လေးပါး, အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ တည်း ဟူသော မနောဒုစရိုက်သုံးပါး, ဤဆယ်ပါးသော ဒုစရိုက်တို့၌ လိုလိုက် ပျော်ပါးကျင့်ကြံမှားသော သူမိုက်တို့ကို။ ယာအသေဝနာစ၊ အကြင်မမှီ ဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၂) ပဏ္ဍိတာနံ၊ ပစ္စုပ္ပန်သံသရာဝဋ်ဆင်းရဲအပေါင်းမှလွတ်ရာ လွတ်ကြောင်းဖြစ်သော သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ တည်း ဟူသော အဓိသီလ, သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ တည်းဟူ သော အဓိစိတ္တ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ တည်းဟူသော အဓိပညာ သိက္ခာ သုံးပါးနှင့် လျော်ညီစွာ ကျင့်သော သူတော်ကောင်းတို့ကို။ ယာသေဝ နာစ၊ အကြင်မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၃) ပူဇနေယျာနံ၊ ပူဇော်ထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့မှစ၍ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါးနှင့်လျော်ညီစွာကျင့်ကုန်သော အရှင်မြတ်တို့ကို။ ယာပူဇာစ၊ အကြင်လက်အုပ်ချီမိုး ရှိခိုးပူဇော်ရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

ဣတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဧတံမင်္ဂလာတံ၊ ထိုတရားသဘောသည်သာလျှင်။ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရား မည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

(၄) ဘောဒေဝပုတ္တ၊ အို နတ်သား။ ယာပဋိရူပဒေသဝါသောစ၊ အကြင်ကာလဝိပ္ပတ္တိ အရပ်ကိုကြည့်၍ ကာလသမ္ပတ္တိနှင့် ပြည့်စုံသော အရပ်၌ နေရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၅) ပုဗ္ဗေ၊ လွန်လေသမျှဘဝများစွာ သံသရာဝယ် ယခင်ရှေးက။ ယာကတပုညတာစ၊ အကြင်လှူဒါန ပဉ္စင်္ဂသီလ အာဇီဝဋ္ဌမကသီလ တည်းဟူသော ဝါရိတ္တ အဋ္ဌင်္ဂ ဥပေါသထသီလ ဒသင်္ဂ တည်းဟူသော စာရိတ္တတို့ကို လုံ့လကြိုးပမ်းလှူဒါန်း ကျင့်သုံးခဲ့ဘူးသော ကောင်းမှုရှိသဖြင့် မနုဿသုဂတိဘဝသို့ လာရခြင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

(၆) ယာအတ္တသမာပဏိဓိစ၊ အကြင်ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ ဝဋ္ဋသုံးပါးတို့၏ကင်းရာ ရာဂမီး ဒေါသမီး မောဟမီး ဇာတိမီး ဇရာမီး မရဏမီး သောကမီး ပရိဒေဝမီး ဒုက္ခမီး ဒေါမနဿမီး ဥပါယာသမီး ဆယ့်တပါးသော မီးတို့၏ကင်းငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော ဒါနပါရမီ သီလပါရမီ နိက္ခမပါရမီ ခန္တီပါရမီ ဝီရိယပါရမီ သစ္စာပါရမီ ပညာပါရမီ မေတ္တာပါရမီ အဓိဋ္ဌာန်ပါရမီ ဥပေက္ခာပါရမီ ပါရမီဆယ်ပါး တရားတော်မြတ်တို့ကို မမေ့မလျော့စေဘဲ မိမိကိုယ်ကို ကောင်းစွာ ကျင့်သုံးဆောက်တည်ရခြင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

ဣတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဧတံမင်္ဂလာတံ၊ ထိုတရားသဘောသည်။ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊ စီးပွားချမ်းသာ

ခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရား မည်၏ဟူ၍။ တွံ၊ သင် နုတ် သားသည်။ ဂါထာဟိ၊ မှတ်လေလော့။

(၇) ဘောဒေဝပုတ္တ၊ အိုနတ်သား။ ယံဗာဟုသစ္စဥ္စ၊ အကြင် တရားတော်၌ အကြားအမြင်များသောသူ၏ အဖြစ်သည်လည်းကောင်း။ (မင်္ဂလာတပါး)

(၈) ယံသိပ္ပဥ္စ၊ အကြင်အပြစ်မရှိသော သဘောအားလျော်စွာ တရားတော်တို့ကို ထိုးထွင်း၍ သိတတ်ခြင်းသည် လည်းကောင်း။ (မင်္ဂ လာ တပါး)

(၉) သုသိက္ခိတော၊ ကောင်းစွာ သင်အပ်သော ပါရာဇိကကဏ် ပါစိတ် စူဠဝါ မဟာဝါ ပရိဝါ တည်းဟူသော ဝိနည်းငါးကျမ်း သုတ် သီလက္ခန် သုတ်ပါထေယျ သုတ်မဟာဝါ တည်းဟူသော သင်ရိုးသုတ်သုံး ကျမ်းနှင့်တကွ မူလပဏ္ဏာသ သုတ္တန်ကျမ်း ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ်ကထာဝတ္ထု ယမိုက် ပဋ္ဌာန်း တည်းဟူသော အဘိဓမ္မာခုနစ် ကျမ်းအားဖြင့် ပိဋကတ်သုံးပုံတို့ကို သင်လျက်။ ယောဝိနယောစ၊အကြင် ပါဏာတိပါတ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရတည်းဟူသော ကာယ ဒုစရိုက်သုံးပါး, မုသာဝါဒ ပိသုနဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ တည်းဟူသော ဝစီဒုစရိုက်လေးပါး, အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ တည်း ဟူသောမနောဒုစရိုက်သုံးပါး, ဤသို့ ကိုယ်နှုတ်နှလုံး ကံသုံးပါးကို ဆုံးမ စောင့်စည်း၍ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ အဓိသီလ အဓိ စိတ္တ အဓိပညာ။ လူရဟန်းတို့၏ ဝိနည်းတရားကို ကျင့်ရခြင်းသည် လည်း ကောင်း။ (မင်္ဂလာတပါး)

(၁၀) သုဘာသိတာစ၊ ဝစီဒုစရိုက် အကုသိုလ်တရား လေးပါး တို့ကို ရှောင်ကြဉ်၍ တရားနှင့်လျော်ညီစွာ ကြားတိုင်း မြင်တိုင်း သိတိုင်း မယုတ် ဟုတ်မှန်စွာ ပြောဆိုအပ်သော။ ယာဝါစာစ၊ အကြင် စကား ကောင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

ဧတံ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါး အပြားရှိသော။ ဓမ္မ ဇာတံ၊ ထိုတရားသည်သာလျှင်။ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊ စီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရား မည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂါထာဟိ၊ မှတ်လေလော့။

(၁၁) ဘောဒေဝပုတ္တ၊ အိုနတ်သား။ မာတာပိတု၊ အမိအဘ တို့ကို။ ယံဥပဋ္ဌာနဥ္စ၊ အကြင် နှစ်ဆယ့်ငါးပါးသော အဒိန္နဒါန် ငါးတန်သော ကုန်ကိုသွယ်ခြင်း, ဤသုံးဆယ်သောအပြစ်တို့ကို ရှောင်ကြဉ်၍ သူတော်စင်အလေ့ကို မပယ် ကုန်သွယ်ခြင်း, လယ်လုပ်ခြင်းစသော အမှုတို့ကို ပြုသဖြင့် ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် လည်း ကောင်း။ (မင်္ဂလာ တပါး)

(၁၂) ပုတ္တဒါရဿ၊ သားမယားအား။ ယောသင်္ဂဟောစ၊ အကြင် ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ တည်းဟူသော မဟာပုညကိရိယာ ဆယ်ပါးတရားတို့နှင့် လျော်ညီစွာ သင်္ဂြိုဟ် ချီးမြှင့်ရခြင်းသည် လည်းကောင်း။(မင်္ဂလာတပါး)

(၁၃) အနာကုလာ၊ အကုသိုလ်ဒုစရိုက် အနှောက်အယှက်မရှိကုန်သော။ ယာကမ္မန္တာစ၊အကြင်ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါး, ခုနစ်ပါးသော ဒုစရိုက်တို့ကို ရှောင်ကြဉ်လျက် တရားနှင့်လျော်ညီစွာ ကောင်းစွာ အမှုကိုပြု၍ အသက်မွေးမြူရခြင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

ဧတံ၊ ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဧတံဓမ္မဇာတံ။ ထိုတရားသဘောသည်။ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊ စီးပွား ချမ်းသာခြင်း၏အကြောင်းဖြစ်သောမင်္ဂလာတရားမည်၏ဟူ၍။ တွံ၊သင်နတ်သားသည်။ ဂဏှာဟိ၊မှတ်လေလော့။

(၁၄) ဘောဒေဝပုတ္တ၊အိုနတ်သား၊ ယံဒါနဥ္စ၊ အကြင် လောဘ ဒေါသ မောဟတို့ဖြင့် ခြံရံလျက် ပေးလှူခြင်းဟု ဆိုအပ်သော ဩမကဝဋ္ဋနိဿိတ နှစ်ဆဲ့ခြောက်ပါး ဘုံတို့၌ ကျင်လည်တတ်သော ဒါနကို မဖြစ်စေမူ၍ သံသရာဝဋ္ဋဆင်းရဲ အပေါင်းတို့မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းသောဉာဏသမ္ပယုတ် သောဘဏသခါရိကစိတ်ရှပ် နာမ် နှစ်ပါးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ် သော ဝိဝဋ္ဋနိဿိတ တွန့်ဘိုခြင်းမရှိရ, အနုဂ္ဂဟိတစိတ်အပေါင်းဖြင့် ကောင်းစွာ အလှူပေးရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၁၅) ယာဝမ္မစရိယာစ၊ အကြင်သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရိ ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့်လျော် ညီစွာ ကျင့်ရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၁၆) ညာတကာနံ၊ အဆွေအမျိုးတို့အား။ယောသင်္ဂဟောစ၊ အကြင် ဒါန သီလ ဘာဝနာ အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနု မောဒန ဓမ္မသဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ မဟာပုညကိရိယာ ဆယ် ပါး တရားနှင့်လျော်ညီစွာ သင်္ဂြိုဟ်ချီးမြှင့် ရခြင်းသည် လည်းကောင်း။ ဝါ၊ ပစ္စည်းဘဏ္ဍာတို့ဖြင့် ပေးကမ်းထောက်ပံ့ ရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၁၇) အနဝဇ္ဇာနိ၊ ရတနာသုံးပါး မိခင်ဘခင်တို့ကို ပြစ်မှား ခြင်း, မှားသောမိစ္ဆာဒိဋ္ဌိအယူ, ဤ အကုသိုလ်ဒုစရိုက် အစရှိသောအပြစ်တို့ ကို ရှောင်ကြဉ်၍ အပြစ်မရှိကုန်သော။ ယာကမ္မာနိစ၊အကြင်အမှုတို့ကို ပြု ခြင်းသည်လည်းကောင်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ မိတ္တော၊ အဆွေ ခင်ပွန်းကောင်းမည်၏။ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓသည်လည်း။ မိတ္တော၊ အဆွေခင်ပွန်းကောင်းမည်၏။ သာဝကောစ၊ မြတ်စွာဘုရား၏ တ ပည့် သား သံဃာတော်အပေါင်းသည်လည်း။ မိတ္တော၊အဆွေခင်ပွန်းကောင်း မည်၏။ အဂ္ဂသာဝကော၊ မြတ်စွာဘုရား၏တပည့် လကျာ်ရံ အရှင်သာရိ ပုတ္တရာ, လက်ဝဲရံ အရှင် မောဂ္ဂလန် အစရှိသော အရှင်မြတ် တို့သည် လည်း။ မိတ္တော။ အဆွေခင်ပွန်းကောင်းမည်၏။ မာတာပိတုစ၊အမိအဘ သည်လည်း။ မိတ္တော၊ အဆွေခင်ပွန်းကောင်းမည်၏။ ဂရု၊အလေးအမြတ် ပြုအပ်သောသူသည်လည်း။ မိတ္တော၊ အဆွေ ခင် ပွန်း ကောင်း မည်၏။ သတ္ထာစ၊ အတတ်ပညာသင်ပေးသော ဆရာသည်လည်း။ မိတ္တော၊အဆွေ ခင်ပွန်းကောင်းမည်၏။ ဒါယကောစ၊ ပေးကမ်းထောက်ပံ့သောသူသည် လည်း။ မိတ္တော၊ အဆွေခင်ပွန်းကောင်းမည်၏။ ဓမ္မဒေသကောစ၊တရား တော်ကို ပြသဟောကြားပေသော ဆရာသည်လည်း။ မိတ္တော၊ အဆွေခင် ပွန်းကောင်းမည်၏။ ဤခင်ပွန်းကြီး ဆယ်ပါးတို့၏ အမှု ကြီး ငယ် တို့ကို ကောင်းစွာ ဆောင်ရွက် ပြုလုပ်ရခြင်းသည် လည်းကောင်း။ (မင်္ဂလာ တပါး)

ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဝေါမ္မဇာတံ၊ ထိုပါရားသဘောသည်။ ဥတ္တမံ၊ မြတ်လှစွာသော။ မင်္ဂလံ၊ စီးပွားချမ်းသာ

ခြင်း၏အကြောင်းဖြစ်သော မင်္ဂလာတရားမည်၏ဟူ၍။ တွံ၊သင်နတ်သား
သည်။ ဂဏှာဟိ၊ မှတ်လေလော့။

(၁၈) ဘောဒေဝပုတ္တ၊ အိုနတ်သား။ ပါ၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ အာရုံခြောက်ပါး, ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ထိနမိဒ္ဓနီဝရဏ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဝိစိကိစ္ဆာနီဝရဏ အဝိဇ္ဇာနီဝရဏ နီဝရဏခြောက်ပါး, ကာမရာဂသံယောဇဉ် ဘဝရာဂသံယောဇဉ် ဒိဋ္ဌိသံယောဇဉ် သီလဗ္ဗတပရာမာသသံယောဇဉ် ပဋိဃသံယောဇဉ် မာနသံယောဇဉ် ဣဿာသံယောဇဉ် မစ္ဆရိယသံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ် အဝိဇ္ဇာသံယောဇဉ် သံယောဇဉ်ဆယ်ပါး, ကာမရာဂါနုသယ ဘဝရာဂါနုသယ ပဋိဃာနုသယ မာနာနုသယ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ အဝိဇ္ဇာနုသယအနုသယခုနစ်ပါးစသည်နှင့်တကွ အဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိ မနောကံ သုံးပါး, မကောင်းမှုတို့မှ။ ဿာအာရတိစ၊ အကြင်ဝေးစွာ ပျက်ပြုန်းစိတ်နှလုံးဖြင့် ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

(၁၉) ပါ၊ ပါဏာတိပါတ အဒိန္နာဒါန် ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက် သုံးပါး, မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပဝါစာ ဝစီဒုစရိုက်လေးပါး, ပေါင်း ခုနစ်ပါးသော မကောင်းမှုတို့မှ။ ယာဝိရတိစ။ အကြင်အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၂၀) မဇ္ဇပါနာ၊ ထိုင်းမှိုင်းတွေဝေခြင်း ယစ်ခြင်း မေ့လျော့ခြင်းကို ဖြစ်စေတတ်သော မုန့်သက်ဖြင့် ပြုလုပ်အပ်သော ပိဋ္ဌသူရာ, မုန့်စိုင်ဖြင့်ပြုလုပ်အပ်သော ပူဝသူရာ, ထမင်းဖြင့် ပြုလုပ်အပ်သော ဩဒနသူရာ, စပါးညှန့်ဖြင့်ပြုအပ်သော ကိဏ္ဏပက္ခိတ္တသူရာ, အဖန်အခါး ရှစ်ရှားစသည်ကို ရောနှော၍ ပြုအပ်သော သမ္ဘာရသံယုတ္တသူရာ တည်းဟူသော သူရာငါးပါး, ပန်းပွင့်ရေဖြင့် ပြုလုပ်အပ်သော ပုပ္ဖာသဝ, အသီးရည်ဖြင့် ပြုအပ်သော ဖလာသဝ မုဒရက်ရည်စသည်ဖြင့် နယ်၍ ပြုအပ်သော မဓွါသဝ, တင်လဲစသည်ဖြင့်ပြုအပ်သော ဂုဠာသဝ, အပွင့်အသီးရည်ဖြင့်ပြုအပ်သော သမ္ဘာရသံယုတ္တ တည်းဟူသော မေရယငါးပါး, ဤဆယ်ပါးသော ယစ်မျိုးတို့ကို သောက်ခြင်းမှ။ ယောသံမောစ၊ အကြင်ရှောင်ကြဉ်စောင့်စည်းရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၂၁) ဓမ္မေသု၊မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝ မိစ္ဆာဝါယာမ မိစ္ဆာသတိ မိစ္ဆာသမာဓိ တည်းဟူသော အကုသိုလ်မဂ္ဂင်ရှစ်ပါးကို ရှောင်လျက်၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါး ကုသလကမ္မပထတရား ဆယ်ပါးတို့၌။ ယော အပ္ပမာဒေါ၊ အကြင် မမေ့မလျော့ ကောင်းစွာ ဖြည့်ကျင့်ရခြင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဧတံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရားမည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

(၂၂) ဘောဒေဝပုတ္တ၊အိုနတ်သား။ ယောဂါရဝေါ၊ အကြင် ရတနာ သုံးပါးတို့ကို ယုံကြည်သဖြင့် ကောင်းစွာကျင့်သော သူတော်ကောင်းတို့ကို ရိုသေရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၂၃) ယောနိဝါတော၊အကြင်ရတနာသုံးပါးနှင့်တကွ နှိမ့်ချထိုက်သော သူတို့ထံ မိမိကိုယ်ကို နှိမ့်ချခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၂၄) ယာသန္တုဋ္ဌီ၊ အကြင်–ကျောင်း သင်္ကန်း ဆွမ်း ဆေး လေးပါးသောပစ္စည်းဥစ္စာ အရာရာ၌ ရောင့်ရဲ လွယ် ရ ခြင်း သည် လည်းကောင်း။ (မင်္ဂလာတပါး)

(၂၅) ယာကတညုတာ၊ အကြင်–ယထာနုယာယီ၊ ရှေးဦးစွာ သွားသောသူတို့ကို အစဉ်တစိုက် နောက်၌ လိုက်သည်လည်း။ ဘဝါဟိ၊ ဖြစ်လော။ အလ္လံ၊ စိုစွတ်သော။ ပါဏိံ၊ လက်ကိုလည်း။ ပရိဝဇ္ဇယသ္မ၊ ပူလောင်ခြောက်သွေ့သော ဘေးမှ ဝေးစွာကြဉ်ဖယ် ရောင့်ရဲလေလော။ မိတ္တေသု၊ အဆွေခင်ပွန်းတို့၌လည်း။ ကဒါစိ၊ တရံတဆစ်။ မှာဒုဗ္ဘိ၊ မပြစ်မှားလေလင့်။ အသတံ၊ သူတော်ကောင်း မဟုတ် ယုတ်သော မိန်းမတို့၏။ ဝသံ၊အလိုသို့။မဂစ္ဆ၊မလိုက်လေလင့်။ဟူသော သာဓုနရတရား လေးပါးနှင့် လျော်ညီစွာ သူ၏ကျေးဇူးကို သိရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၂၆) ကာလေန၊ သင့်တင့်လျှောက်ပတ်သောအခါ၌။ ဃံဓမ္မ သဝနဥ္စ၊ အကြင်တရားတော်ကို ရိုသေမြတ်နိုး ရှိခိုးပန်ထွာ နာခံမှတ်သား ရခြင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

ဣတိ၊ ဤသို့။ ပဥ္စဝိဓံ၊ ငါးပါးအပြားရှိသော။ တံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ စီးပွားချမ်းသာ ခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရားမည်၏ဟူ၍။ တွံ၊ သင်နတ် သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

(၂၇) ခန္တီစ၊ အကြင်နား နှင့်မတန် မခံသာသော အနာဒရ အဂါရဝ လွှသွားကဲ့သို့ ကြမ်းတမ်းနှိပ် နှင်းသောစကားများကို ပြောဆိုသော်လည်း အမျက်ဒေါသမထွက်စေရ၊ မေတ္တာစိတ်ဖြင့် သည်းခံခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၂၈) ယာသောဝစဿတာစ၊ အကြင် ဝစီဒုစရိုက် အကုသိုလ် တရားတို့ကို ရှောင်ကြဉ်၍ တရားနှင့်စပ်သော ကောင်းသော စကားတို့ကို နာလွယ်ရခြင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

(၂၉) သမဏာနံ၊ ရတန်းပုဏ္ဏားတို့အား။ ဝါ၊ တနည်းကား။ ကာယာနုပဿနာသတိပဋ္ဌာန် ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿ နာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် သတိပဋ္ဌာန်လေးပါး။ ဥပ္ပန္နာ နံ၊ ဖြစ်ပြီးကုန်သော။ ပါပကာနံ၊ အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဝါယာမော၊ လုံ့လပြုခြင်းသည်လည်းကောင်း။ အနုပ္ပန္နာ နံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါ ယ၊ မဖြစ်စေခြင်းငှါ။ ဝါယာမော၊ လုံ့လပြုခြင်းသည်လည်းကောင်း။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ၊ ကုသိုလ်တရား တို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ဝါယာမော၊ လုံ့လပြုခြင်းသည် လည်း ကောင်း။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကုသိုလ်တရားတို့ကို။ ဘိယျောဘာဝါယ၊ အလွန်ပွားများခြင်းငှါ။ ဝါယာမော၊ လုံ့လပြု ခြင်းသည်လည်းကောင်း။ သမ္မပ္ပဓာန်လေးပါး, ဆန္ဒိဒ္ဓိပါဒ် ဝီရိယိဒ္ဓိပါဒ် စိတ္တိဒ္ဓိပါဒ် ဝီမံသိဒ္ဓိပါဒ် ဣဒ္ဓိပါဒ်လေးပါး, သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဣန္ဒြေငါးပါး, သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ် ဗိုလ်ငါးပါး, သတိသမ္ဗောဇ္ဈင် ဓမ္မဝိစယ

သမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင် ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင် ဗောဇ္ဈင် ခုနစ်ပါး, သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်ရှစ်ပါး, ဤ ၃၇ ပါးသော ဗောဓိပက္ခိယတရားတို့နှင့်လျော်ညီစွာ ကျင့်သော ရဟန်းတို့အား။ ယံဒဿနဥ္စ၊ အကြင် ဖူးမြင်ရခြင်းသည် လည်းကောင်း။ (မင်္ဂလာတပါး)

(၁၀) ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ယာဓမ္မသာကစ္ဆာစ၊ အကြင် မာနတည်းဟူသော တံခွန်ဖျားကို မလွှားမဖြန့် နူးညံ့သိမ်မွေ့စွာ သာယာပြေပြစ်သော သဘောဖြင့် တရားစကားကို နှီးနှော ဆွေးနွေး မေးမြန်းရခြင်း သည် လည်း ကောင်း။ (မင်္ဂလာတပါး)

ဣတိ၊ ဤသို့။ စတုဒ္ဒသံ၊ လေးပါးအပြားရှိသော။ ဧတံဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဥတ္တမံ၊ မြတ်စွာသော၊ မင်္ဂလံ၊ စီးပွားချမ်းသာခြင်း၏အကြောင်းဖြစ်သောမင်္ဂလာတရားမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

(၁၁) ဘောဒေဝပုတ္တ၊ အိုနတ်သား။ ယောတပေါစ၊ အကြင် မကောင်းသဘွယ် အပါယ်လေးဝကျစေ လားစေတတ်သော လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိနမိဒ္ဓ ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ အတ္တကိလမထာနုယောဂ, ရူပကာမဂုဏ် သဒ္ဒကာမဂုဏ် ဂန္ဓကာမဂုဏ် ရသကာမဂုဏ် ဖောဋ္ဌဗ္ဗကာမဂုဏ်တည်းဟူသောကာမသုခလ္လိကာနုယောဂ ထိုအယုတ်တရားနှစ်ပါးတို့ကို ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၁၂) ယံဗြဟ္မစရိယဥ္စ၊ အကြင်သတ္တဝါတို့၌ ချစ် အပ် သော မေတ္တာတည်းဟူသော အဒေါသစေတသိက်တရား, ဆင်းရဲသော သတ္တဝါတို့၏ဒုက္ခကို မြင်သောအခါ ချမ်းသာခြင်းကို အလိုရှိတတ်သော ကရုဏာစေတသိက်တရား, သားသမီးမြေး ရွှေငွေဘဏ္ဍာ အခြံအရံ တို့နှင့် ပြည့်စုံသော သုခိတ သတ္တဝါတို့ကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာခြင်းတည်းဟူသော မုဒိတာစေတသိက်တရား, အလိုရှိအပ်သော ဣဋ္ဌာရုံ အလိုမရှိအပ်သောအနိဋ္ဌာရုံတို့၌ လျစ်လျူရှုအပ်သော ဥပေက္ခာတည်းဟူသော

တတြမဇ္ဈတ္တတာစေတသိက်တရား, ဤဖြဟ္မဝိဟာရတရားလေးပါး တို့နှင့် လျော်ညီစွာ ကျင့်ရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

(၃၃) အရိယသစ္စာနံ၊ လောကီစိတ်ကောသီတိ(ရှစ်ဆယ့်တခု) လောဘကြဉ်သော စေတသိက်ကေပညာသ(ငါးဆယ့်တခု) ဣန္ဒြိယဗဒ္ဓ ဖြစ်သော ရုပ်အဋ္ဌဝီသ(နှစ်ဆယ့်ရှစ်ခု)ဟု ဆိုအပ်သော ဒုက္ခသစ္စာ, ရူပကာမဂုဏ် သဒ္ဒကာမဂုဏ် ဂန္ဓကာမဂုဏ် ရသကာမဂုဏ် ဖောဋ္ဌဗ္ဗကာမဂုဏ် တည်းဟူသော ကာမဂုဏ်ငါးပါးတို့ကို တပ်တတ်သော လောဘစေတသိက်ဟုဆိုအပ်သော သမုဒယသစ္စာ, ဝါနတောနိက္ခန္တတ္တိနိဗ္ဗာနံ ဟူသည်နှင့်အညီ ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာ, ထိုထိုနိရောဓသစ္စာသို့ရောက်ကြောင်း ဖြစ်သော သောတာပတ္တိမဂ် သဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ် မဂ်စိတ်လေးခုနှင့်ယှဉ်သော မဂ္ဂသစ္စာ, ဤအရိယသစ္စာလေးပါးတို့ကို။ ယံဒဿနဥ္စ၊ အကြင်ကုသိုလ် အကုသိုလ်တို့သည် ပြုပြင်အပ်သော လောကီခန္ဓာငါးပါး ရုပ်နာမ်တရားနှစ်ပါးတို့ကို သတိပဋ္ဌာန်တင်၍ အနိစ္စသာ ဖြစ်သည် ဒုက္ခသာဖြစ်သည် အနတ္တသာဖြစ်သည် အသုဘသာဖြစ်သည် ကေသာ လောမာ နခါ ဒန္တာ အစရှိသော သုံးဆဲ့နှစ်ပါးသော ဒွတ္တိံသာကာရအပေါင်း အစုသာဖြစ်သည် အရိုးစုသာဖြစ်သည် သွေးပြည်အပေါင်း အစုသာဖြစ်သည် သေခြင်း ပဋိသန္ဓေနေခြင်း ဆင်းရဲခြင်းအစုသာ ဖြစ်သည်ဟု အထပ်ထပ် ရှုဆင်ခြင်၍ လောကီခန္ဓာငါးပါး အယုတ်တရားနှစ်ပါးတို့ကို မျှားစွာ ငြီးငွေ့စက်ဆုပ်၍ နေသဖြင့် သိမြင်ရခြင်းသည်လည်း ကောင်း။ (မင်္ဂလာတပါး)

(၃၄) နိဗ္ဗာနံ၊ ရူပက္ခန္ဓာဝေဒနာက္ခန္ဓာသညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ခန္ဓာငါးပါးနှင့်တကွဖြစ်သော သဉပါဒိသေသနိဗ္ဗာန်, ထို ခန္ဓာငါးပါးတို့မှ အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်, ကံ စိတ် ဥတု အာဟာရတရား လေးပါးတို့သည် မပြုမပြင်အပ်၊ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ချမ်းသာကို။ ယာသစ္ဆိကရိယာစ၊ အကြင်နှစ်ဆဲ့ခြောက်ဘုံတို့၌ သံသရာ ချား ရဟတ်ကဲ့သို့ လည်ပတ်ကာ သုခဝေဒနာ ဒုက္ခဝေဒနာ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာ အနုပဿနာ သညာ ဝဝတ္တန်တရားကို ဆင်ခြင်၍ ဇင်းသံသရာ ဝဋ္ဋဆင်းရဲ အပေါင်းမှ

ထွက်မြောက်ရာသွက်မြောက်ကြောင်းဖြစ်သော အလောဘ အဒေါသ အမောဟ လောကီသမ္မာဒိဋ္ဌိ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်၍ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့၏ပြုပြင်ခြင်းသည် သင်္ခါရဖြစ်ခြင်း ပျက်ခြင်းသည် အနိစ္စ, ဇာတိ ဇရာ ဗျာဓိ မရဏ တို့သည် ဒုက္ခ, အစိုးမရခြင်းသည် အနတ္တ, လောကီ ခန္ဓာငါးပါး လက္ခဏာရေးသုံးပါး သစ္စာလေးပါးသို့ပေါက်အောင် ရှုဆင်ခြင်၍ ထိုနောက်မှရုပ်နာမ်နှစ်ပါးတို့သည် စုတိနောင်ပဋိသန္ဓေ, ပဋိသန္ဓေနောင်စုတိဖြစ်ခြင်းပျက်ခြင်းပြန်းစွာလည်းဖြစ်ခြင်းကို ငြီးငွေ့စက်ဆုပ်၍ သမာဓိ ဒါနသီလဘာဝနာ နိဗ္ဗာန်ဟု ဆိုအပ်သော နိဿရဏ အဗျာကတတရားကို မျက်မှောက်ပြု၍။ အတ္တဥ္စ၊ မိမိ ဒါန သီလ ဘာဝနာတို့ကို ချီးမြှောက်ခြင်း။ ပရဥ္စ၊ သူတပါး ဒါန သီလ ဘာဝနာတို့ကို ကဲ့ရဲ့ရှုံ့ချခြင်းကို၊ အနုပဟာစ၊ မကဲ့ရဲ့ မချီးမြှောက် မဘိပါးစေမူ၍ လျှုဒါန်း စွန့်ကြဲခြင်းစသော ကုသိုလ်ကို အားထုတ်၍ မျက်မှောက်ပြုရခြင်းသည်လည်းကောင်း။ (မင်္ဂလာတပါး)

ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါး အပြားရှိသော။ ဧတံမင်္ဂလံ၊ ထိုတရားသဘောသည်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရားမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

(၃၄) ဘောဒေဝပုတ္တ၊ အိုနတ်သား။ ယသော အယသော လာဘော အလာဘော နိန္ဒံ ပသံ သုခံ ဒုက္ခ တည်းဟူသော လောကဓံ တရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့သသော။ ယဿ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။

(၃၅) အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။

(၃၆) ဝိရဇံ၊ ရာဂတည်းဟူသော လောဘ ဒေါသ မောဟ အစရှိသော ဒုစရိုက်တည်းဟူသော တထောင့်ငါးရာ ကိလေသာ မြူ အပေါင်းလည်းမရှိ။

(၃၇) ခေမံ၊ ကြောက်ခြင်းတည်းဟူသော ဘေးလည်းမရှိ။

ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဧတံမင်္ဂလံ၊ ဤတရားသဘောသည်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ စီးပွားချမ်းသာ

ခြင်း၏အကြောင်းဖြစ်သော မင်္ဂလာတရားမည်၏ဟူ၍။တွံ၊သင်နတ်သား
သည်။ ဂဏှာဟိ၊ မှတ်လေလော့။

(၃၈) ဘော၊ ဒေဝပုတ္တ၊ အိုနတ်သား။ ဧတာဒိသာနိ၊ ဤသို့
သဘောရှိကုန်သော။ အဋ္ဌတိံသဉ္စမင်္ဂလာနိ၊ သုံးဆဲ့ရှစ်ပါးသော မင်္ဂလာ
တရားတို့ကို။ ကတွာ၊ ပြုရသောကြောင့်။ သဗ္ဗတ္ထ၊ ဒေဝပုတ္တမာရ် ကိလေ
သမာရ် ခန္ဓမာရ် မစ္စုမာရ် အဘိသင်္ခါရမာရ်စသော ရန်သူတို့ ထူပြော
ရာ ခပ်သိမ်းသောအရပ်၌။ အပရာဇိတာ၊ ရန်သူတို့သည် မအောင်နိုင်ကုန်
သည်ဖြစ်၍။ သဗ္ဗတ္ထ၊ ပစ္စုပ္ပန်လောက တမလွန်လောက၌။ သောတ္ထိံ၊
ဘေးရန်ကင်းကွာ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်လတ္တံ့။ အဋ္ဌတိံ
သဝိဓံ၊ ၃၈ ပါး အပြားရှိသော မင်္ဂလာတရားကို။ တေသံ၊ ထိုများစွာ
ကုန်သော ဝေနေယျ သတ္တဝါနတ်လူတို့အား။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂ
လံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရား မည်၏
ဟူ၍။ တွံ။သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

# သမထခန်း

ယနေ့ယောဂီတို့ရတဲ့တရားက ဘယ်တရားလဲ ဆိုတော့ အရိယာ လေးမျိုးရှိတယ်၊ အဲဒီအရိယာလေးမျိုးထဲက ယနေ့ ယောဂီတို့မှာ အရိယာဘွဲ့ထူးတခုကို ရရှိကြ၍ ဘယ်ဘွဲ့ထူးကိုရကြပါသလဲဆိုတော့ အာစာရ အရိယာဘွဲ့ထူးကို ရထားကြပြီ၊ မှတ်ထားကြ။ ဒါတင်ဘဲလား ဆိုတော့ သီလလေးမျိုးရှိသေးတယ်၊ ဘယ်သီလတွေလဲဆိုတော့–

(၁) ဟာနဘာဂိယသီလ
(၂) ဌိတိဘာဂိယသီလ
(၃) ဝိသေသဘာဂိယသီလ
(၄) နိဗ္ဗေဓဘာဂိယသီလ ရယ်လို့

လေးမျိုးရှိတယ်။ အဲဒီသီလလေးမျိုးကို တခါထဲ အကုန်ပြောလိုက်တော့ နားလည်ကြပါ့မလား ယောဂီတို့၊ နားမလည်ဘူးဆိုရင် တခုစီခွဲခြားပြော ပြပါမယ်၊ နားထောင်ကြ။

## ဟာနဘာဂိယသီလ

(၁) ဟာနဘာဂိယသီလဆိုတာကတော့ ယနေ့ အဖိတ်နေ့လို့ မှ မသိနိုင်ဘဲနဲ့ လောဘ ဒေါသ မောဟတွေ ဖုံးလွှမ်းနေသောကြောင့် သိတင်းနေ့ကျတော့မှ သူတပါးတွေ ကျောင်းသို့သွား ဘာမြင်ကာ ကဗျာ ကယာ သုတ်သီးသုတ်ပြာနဲ့ လိုက်သွားပြီး ကျောင်းရောက်တော့ ယဲ ကုန် ရောင်း ကုန်ဝယ် နွားချင်းလဲတာကအစ ပြောဆိုကြပြီးတော့ သီလယူကြ

ပါရော။ သီလယူပြီးပြန်တော့လဲ ကျောင်းမှာမနေနိုင်ဘဲ အိမ်ကိုပြန်ပြီး ဝေယျာဝစ္စ ရှိသမျှ အလုပ်တွေကို လုပ်ကိုင်ပြီး နေဝင်တော့ ဘုရားပုထိုး ရှိခိုးကာ အိပ်လိုက်တာဘဲ။ ထိုသီလမျိုးကတော့ ဟာနဘာဂိယ သီလရယ်လို့ ခေါ်တယ်။

## ဌိတိဘာဂိယသီလ

(၂) ဌိတိဘာဂိယသီလဆိုတာကတော့ ယနေ့ အဖိတ်၊ နက်ဖြန် သီတင်းနေ့ဘဲလို့ ဆိုပြီး ဒါနတွေ အမျိုးမျိုးပြုဘို့ ပြောဆို၍ ပုဗ္ဗ မုဉ္စ ပရ ဆိုတဲ့ စေတနာသုံးတန် ပြဋ္ဌာန်းကာဖြင့် လှူဒါန်းစရာတွေ ပြောဆိုပြီး၊ သီတင်းနေ့ကျတော့ ကျောင်းသို့သွားလေတယ်၊ ယခုတွင်က ပြောသလို ပြောချင်တာတွေ ပြောဆိုပြီး သီလကိုယူကြပါရော၊ သီလယူပြီးတော့ ပါလာတဲ့ဆွမ်းအုပ်ကိုစားကြပါရော၊ စားတဲ့အခါလဲ တယောက်နဲ့ တယောက် မေးလိုက်သေးတယ်၊ ဘယ်လိုများ မေးလိုက်ပါသလဲဆိုတော့ ညီးတို့ဆွမ်းဟင်း ဘာတွေချက်လာသလဲလို့ မေးလိုက်တော့ တယောက်က ငါတို့တော့ ဝက်သားဟင်းချက်လာတယ်လို့ ပြောလိုက်တယ်၊ ငါတို့တော့ ဝက်သားမရတာနဲ့ ဘဲသားကြော်ခဲ့ရတယ်လို့ ပြောလိုက်တယ်။

အဲဒီလိုပြောဆိုပြီး စားသောက်ကြတော့ ဒီသီလဟာ ညှိုးနွမ်းမသွားပေဘူးလား၊ ဒါတွင်မကသေးဘူး တဦးနဲ့တဦး ဟင်းချင်းလဲကြ ဖလှယ်ကြပြီး စားသောက်ကြသေးတယ်၊ စားသောက်၍ ပြီးသောအခါ ကျတော့ ဆိုင်ရာဆိုင်ရာ စုဝေးပြီး ပရိယတ်စကားကို သူ့ထက်ငါ အနိုင် ငြင်းကြခုန်ကြသေးတယ်၊ အချို့ကဘော့လဲ စာအမျိုးမျိုးတွေကိုဖတ်ကြ တယ်၊ အနားနေတဲ့ အချို့လူတွေကတော့လဲ တရားနာမယ်၊ ပုတီးကိုလဲ စိပ်မယ်လို့ပြောပြီး အိပ်ရာနေရာတွေပြင်ကြပါရော၊ အဲဒီလို ပုတီးစိပ်ရင်း တရားနာမယ်ဆိုတဲ့ လူတွေဟာ သူတို့စကား မှားမနေဘူးလား၊ ဘာ ကြောင့်လဲဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဧကော ဓမ္မော ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ လို့ ဟောတော်မူတယ်၊ အခု တော့ ဒီလိုမှမဟုတ်ပါဘဲနဲ့၊ ဝီထိဆိုတာ နှစ်ခုပြိုင်၍ မကျကောင်းဘူးဘဲ မိမိတို့၏စိတ်ဆိုတဲ့ နာမ်ဓာတ်ကလေးကို တရားနာတဲ့ဆီ ရောက် လိုက်

ပုတီးစိပ်တဲ့ဆီရောက်လိုက်နဲ့ မိမိစိတ်ကလေးကို ဟိုရောက် ဒီရောက်နဲ့ ဝိတက်တွေဝင်ပြီး အိပ်ပျော်သွားပါရော။

အိပ်ရာမှနိုးလာသောအခါ အိပ်ချင်မူးတူးနဲ့ထပြီး၊ အလို အချို့ လူတွေလဲ ပြန်ကုန်ကြပြီ ငါ့မှာလဲ နေအတော်နဲ့သွားပြီ ငါလဲ ပြန်မှတဲ တော်မယ်လို့ဆိုပြီး အိမ်ပြန်သွားပါရော၊ အိမ်ရောက်တဲ့အခါ ကျတော့လဲ သားတွေ သမီးတွေ မြေးမြစ်တွေ အိမ်မှာကစားနေကြတာကို မြင်တော့ ပြောမိပြောရာ ဆိုမိဆိုရာ ပြောဆိုပြီး ယခု ကျောင်းကပါလာတဲ့ ဆွမ်း အုပ်ထဲက ဆွမ်းဟင်းတွေကိုယူပြီး မခံတာတွေကို စားကြ၊ ခံတာတွေကို ထားလိုက်ကြလို့ ဆိုသေးတယ်၊ အဲဒါကတော့ သန္တတိ အစဉ်လို့ ခေါ် တယ်။ ဒါတွေကို ပြောပြီး နေဝင်သွားပါရော၊ အဲဒီလို နေဝင်သွားတော့ ငါပုတီးစိပ်အုံးမှဆိုပြီး ပုတီးစိပ်ပြန်တော့လဲ ပုတီးတပတ်လောက်ရတော့ အိပ်ချင်တာနဲ့ ငိုက်ပါရော၊ ငိုက်ရင်း အိပ်ရင်းဖြင့် လက်ထဲကပုတီးလွတ် ကျပြီး အိပ်ပျော်သွားပါရော၊ အဲဒီလို စောင့်တဲ့သီလကတော့ ငှိဘိဘာ ဂိယသီလရယ်လို့ ခေါ်ပါတယ်။

## ဝိသေသဘာဂိယသီလ

(၃) ယခုသီလလေးမျိုးထဲမှနှစ်မျိုးကိုတော့ သိကြပြီ၊ ကျန်တဲ့ နှစ်မျိုးကိုတော့ မသိကြသေးဘူးပေါ့၊ မသိကြသေးရင် ပြောပြမယ် ယောဂီတို့ နားထောင်ကြ၊ ယခု ပြောရမှာကတော့ ဝိသေသဘာဂိယ သီလ ဖြစ်တယ် နားထောင်ကြပေတော့ ယောဂီတို့။....

ယနေ့ အဖိတ်နေ့ကနေစပြီး စဉ်းစားဝေဖန်ရန် နက်ဖြန် သီတင်း နေ့ကျရင်ဖြင့် အဓိဋ္ဌာန်အားဖြင့် အစားအစာကို အထူးသဖြင့် သူ၏ အသားကိုလဲ မစားလိုတော့ပါဘူး မေတ္တာအားဖြင့် သက်သတ်လွတ်စား တော့မယ်၊ သူတပါးတွေဘာကိုပြောပြော ငါလိုက်၍မပြောတော့ပါဘူး၊ သူတပါးတွေပြောချင်သလောက်ပြောတဲ့ စကားတွေကိုလဲ နားမထောင် တော့ပါဘူး၊ အထူးသဖြင့် အဓိဋ္ဌာန်ထားပြီးနေမယ်၊ ဒါတွင်မျှမကသေး ဘူး သူတပါးတွေ ကျွေးမွေးသော ဒါနကိုလဲ မိမိ၏ ရှေ့သို့ မရောက်

သရှေ့ မစားသောက်တော့ပါဘူး အထူး သတိ ပြု၍။ ဝိသေသကိုး ယောဂီရဲ့ ဝိသေသဆိုတာ ထူးအောင် လုပ်တာ ကို ခေါ်တယ် မှတ်ထားကြ။

ဒါတွင်မကသေးဘူး၊ ငါသည် သီလကို ယူပြီးတော့ သစ်တပင် အောက် ဝါးတပင်ရိပ်သွားပြီး ပုတီးကို စိပ်မယ်လို့ အဓိဋ္ဌာန်ထားသတဲ့။ ထူးအောင်လုပ်ရတာကိုး ယောဂီတို့ရဲ့၊ ဒါတွင်မျှ မကသေးဘူး၊ ထူးသထက်ထူးအောင် ကောင်းသထက်ကောင်းအောင် ငါသည် ပုတီးကို စိပ်တော့ အနိစ္စ ဒုက္ခ အနတ္တ တည်းဟူသော လက္ခဏာကြီး သုံး ရပ် ဖြင့် ၉ ပတ်ပြည့်အောင် စိပ်မယ်ဆိုပြီး အဓိဋ္ဌာန်ထားလိုက်ပါရော၊ နက်ဖြန် သီတင်းနေ့ကျတော့မိမိအဓိဋ္ဌာန်အတိုင်းသီလများ ဆောက်တည်ပါရော၊ ဤသို့အထူးဆောက်တည်သော သီလမျိုးမို့ လို နိဗ္ဗာန်ကိုရောက်တော့မလားဆိုတော့မရောက်သေးဘူးတဲ့၊ဘာကြောင့်လဲဆိုတော့ ယခုတွင်က ပြောခဲ့တဲ့ အဓိဋ္ဌာန်ပုတီးစိပ်ကလဲ သစ်တပင်ရင်း ဝါးတပင်အောက်ဆိုပေမဲ့ ရုပ်ကြီးကသာထိုင်နေတာဘဲ စိတ်ဆိုတဲ့ နာမ်တရားလေးကတော့ သွားချင်ရာသွားနေတာကိုး၊စိတ်ဆိုတဲ့ နာမ်ဓာတ်လေး ဟိုသွားဒီသွားနဲ့ ပုတီးစိပ်နေတာဘဲပုတီး ခုနစ်ပက်လောက်လဲရရောနေ လဲဝင်ပါရော၊နေဝင်သွားသော် အိမ်သို့ ပြန်လာ၍ အိမ်သို့ရောက်သောအခါ မိုးချုပ်တော့၊ အော် ငါသည် ပုတီး ၉ ပတ် ဓိဋ္ဌာန်ထားရတာ ၇ ပတ်ဘဲ ရသေးတယ် နှစ် ပတ် လို နေသေးပါကလားဆိုပြီး မိုးချုပ်တော့ ပုတီးကိုယူ၍ ပုတီးစိပ်ပါရော၊ ပုတီးစိပ်ရင်းနဲ့ဘဲ အိပ်ချင်တာနဲ့ သန်းလာပါရော၊ အဲဒီလို သန်းလာတာကတော့ ထိနမိဒ္ဓလို့ ခေါ်တယ်။ သန်းတာတွင်မကသေးဘူး ငိုက်ငိုက်သွားတဲ့ အခါကိုတော့ ဘာကိုမှမသိသောကြောင့် အဝိဇ္ဇာလို့ခေါ်တယ်။ပုတီးနှစ်ပတ်ပြည့်တော့ အိပ်ချင်တာနဲ့ အိပ်လိုက်ပါရော၊ အိပ်ပျော်သွားဘဲ့ အချိန်ကတော့ အဗျာကတလို့ ခေါ်တယ်။

အဲဒီတော့ ဒီသီလမျိုးနဲ့ ဘယ်မှာ နိဗ္ဗာန်သို့ ရောက် နိုင် ပါ့ မ လဲ ဘာကြောင့်လဲဆိုတော့ ကြည့်ချင်တာတွေရယ် ကြားချင်တာတွေရယ် မွှေးချင် နံချင်တာတွေရယ် စားချင်လျက်ချင်တာတွေရယ် ထိချင်သိချင်တာတွေရယ် ထိုအာရုံတွေကို မသိမ်းဆည်းဘဲနဲ့ အထူးလုပ်သော်လဲ နိဗ္ဗာန်ကို မရနိုင်သေးဘူးတဲ့၊ အဲဒီလို အထူး လုပ် တဲ့ သီလမို့ လို့ ဝိသေသ ဘာဂိယ သီလရယ်လို့ ခေါ်ပါတယ်။

## နိဗ္ဗေဓဘာဂိယသီလ

(၄) ယခု ယောဂီတို့ရသောသီလကတော့ နိဗ္ဗေဓဘာဂိယသီလ လို့ခေါ်တယ်၊ ဘာကြောင့်လဲဆိုတော့ ယခု ယောဂီတို့မှာ ဣန္ဒြေ ငါး ပါးကို ထိန်းသိမ်းပြီး စောင့်စည်းရသောသီလ ဖြစ်ခြင်းကြောင့် ဣန္ဒြိယ သံဝရသီလလို့ ခေါ်တယ်။

ဘယ်ဣန္ဒြေကို ထိန်းရပါသလဲ ဆိုတော့ စက္ခုဆိုတဲ့ မျက်စိကို ဘာကိုမှမကြည့်တော့ပါဘူးလို့ ထိန်းထားရတဲ့ဣန္ဒြေကလဲတပါး၊ သောတ ဆိုတဲ့ နားကိုလဲ ဘာကိုမှ မထောင်တော့ပါဘူးလို့ ထိန်းထားတဲ့ ဣန္ဒြေ ကလဲ တပါး၊ ဃာနဆိုတဲ့ နှာခေါင်းကိုလဲ မွှေးချင်တယ် နံချင်တယ် ဟူ၍ ရှူရှိုက်ခြင်းငှါ မပြုတော့ပါဘူးလို့ ထိန်းထားရတဲ့ ဣန္ဒြေကလဲ တ ပါး၊ ဇိဝှါဆိုတဲ့ လျှာကိုလဲ ဘာကိုမှ စားခြင်း သောက်ခြင်း လျက်ခြင်း ငှါ မပြုတော့ပါဘူးလို့ ထိန်းထားရတဲ့ ဣန္ဒြေကလဲ တပါး၊ ကာယဆိုတဲ့ ခန္ဓာကိုယ်ကြီးကိုလဲ ထခြင်း ထိုင်ခြင်း လျောင်းခြင်းငှါ မပြုတော့ပါဘူး လို့ ထိန်းထားရတဲ့ ဣန္ဒြေကလဲ တပါး။

အဲဒီလို ယခုတော့ ယောဂီတို့မှာ မထိန်းထားကြပေဘူးလား၊ အဲဒီ လိုထိန်းထားရတဲ့ သီလဖြစ်ခြင်းကြောင့်၊ ဣန္ဒြိယသံဝရသီလလို့လဲခေါ်ပါ တယ်။ ဒါတင်မျှမကသေးဘူး အလွန့်အလွန်စင်ကြယ်သောသီလဖြစ်ခြင်း ကြောင့် ဝိသုဒ္ဓိလို့လဲခေါ်ပါတယ်၊ ဒါတင်မျှမကသေးဘူး ထိုလို သီလ သာ နိဗ္ဗာန်သို့စေလွှတ်တတ်သော သီလဖြစ်ခြင်းကြောင့် နိဗ္ဗေဓဘာဂိယ သီလရယ်လို့ခေါ်ပါတယ်၊ ထိုလိုသီလသာ မဂ္ဂင်ဝင်သီလဖြစ်ခြင်းကြောင့် အကြီးဆုံးသောသီလ ဖြစ်ခြင်းကြောင့် ထိုသီလကို အဓိ တပ် လိုက်တော့ အဲဒါကို အဓိတပ်နိုင်ခြင်းကြောင့် အဓိသီလလို့လဲ ခေါ်ပါတယ်။ အဲဒီ သီလနဲ့ နိဗ္ဗာန်ကိုရောက်တော့မလားဆိုတော့ မရောက်နိုင်သေးဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ ပညာစခန်းသို့ မရောက်သေးလို့ပေါ့၊ သို့သော် ထိုသီလမှ နိဗ္ဗာန်သို့ စေလွှတ်တတ်သောသီလဖြစ်ခြင်းကြောင့် နိဗ္ဗေဓဘာ ဂိယသီလလို့ ခေါ်ပါတယ်။

## ပီတိ ၅ မျိုး

ယနေ့ယခု ယောဂီတို့ ဆောင်ရွက်နေကြတဲ့တရားဟာ ဘယ်တရားကို ဆောင်ရွက်နေကြပါသလဲဆိုတာ သိကြရဲ့လား၊ ယခု ဆောင်ရွက်နေတဲ့ တရားကတော့ သီလနှင့်သမာဓိလို့ခေါ်တယ်၊ အဲဒီသီလ နှင့် သမာဓိကို အားထုတ်လိုက်တော့ ယခုတွင်ကပြောတဲ့ နိဗ္ဗိဒါဘာဂိယသီလကိုလဲ ရကြပြီးပြီ၊ ဒါတွင်မျှမကသေးဘူး ပီတိဆိုတာတွေလဲရကြပြီ ဘယ်ပီတိကို ရကြပါသလဲဆိုတော့–

(၁) ခုဒ္ဒကာပီတိ – ကြက်သီးထသကဲ့သို့ ဖြစ်သော နှစ်သက်ခြင်း။

(၂) ခဏိကာပီတိ – လျှပ်စီး လက်သကဲ့သို့ ဝင်းကနဲလက်ကနဲ မြင်၍ဖြစ်သော နှစ်သက်ခြင်း။

(၃) ဩက္ကန္တိကာပီတိ – ခန္ဓာကိုယ် ယိမ်းယိုင်၍ ဖြစ်သော နှစ်သက်ခြင်း။

(၄) ဥဗ္ဗေဂါပီတိ – ခန္ဓာကိုယ် နိမ့်ချည် မြင့်ချည် ဖြစ်၍ နှစ်သက်ခြင်း။

(၅) ဖရဏာပီတိ – ခန္ဓာကိုယ် အိအိကျ၍ ဖြစ်သော နှစ်သက်ခြင်း။

ဆိုတဲ့ပီတိငါးချက်ကို ရကြပြန်တယ်၊ အဲဒီပီတိတွေကိုစုပေါင်းပြီး ပြောလိုက်တော့ နားလည်ကြမှာ မဟုတ်သေးဘူး နားမလည်သေးရင် တခုစီ ပြောပြမယ် နားထောင်ကြ ယောဂီတို့။....

(၁) ခုဒ္ဒကာပီတိ။ ။ယခု ယောဂီတို့မှာ မြတ်စွာဘုရား ဆုံးမတော်မူတဲ့အတိုင်း နားထောင်ပြီး သီလ သမာဓိ ပညာ ဆိုတာကိုဆောင်ရွက်လိုက်တော့ သီလတွေ သမာဓိတွေ ဖြစ်လာတာပေါ့။ အဲဒီလို သီလ သမာဓိ ဖြစ်လာတော့မှ မဂ္ဂင်ကို ရတယ်၊ မဂ္ဂင်ကိုရမှ နိဗ္ဗာန်ကို ရတယ်လို့ မြတ်စွာဘုရားဟောကော်မူထားတယ်၊ ဒါကြောင့် ယခုယောဂီတို့မှာ ဆောင်ရွက်ထားလို့ ရကြပြီး ယခုပြောရမှာကတော့ ယောဂီတို့ ကိုယ်

တွေ့ ကိုယ်တိုင်ရသော တရားဟာ ဘယ်တရားတွေလဲ ဆိုတော့ မိမိသည် တရားတော်ကို အားထုတ်နေရင်း မိမိရဲ့ကိုယ်က ကြက်သီးတွေ ထ သ လို မဖြစ်ကြဘူးလား၊ ကြက်သီးတွေထသလိုဖြစ်တာကတော့ ခုဒ္ဒကာပီတိလို့ ခေါ်တယ် မှတ်ထားကြ ယောဂီတို့ရဲ့။

(၂) ခဏိကာပီတိ။ ။ယခုပြောမဲ့ ပီတိကတော့ ခဏိကာပီတိ ဖြစ်ပါတယ် ယောဂီတို့၊ နားထောင်ကြ၊ ခဏိကာပီတိဆိုတာကတော့ မိမိစိတ်ကလေးကို ထွက်သိဝင်သိဆိုတဲ့ သိမှုကလေးတွေကို မှတ်နေရင်းနဲ့ သမာဓိဆိုတဲ့ စိတ်ကလေးဟာ တည်ငြိမ်လာပြီဆိုယင်ဘဲ ဝင်းကနဲလက်ကနဲ လျှပ်စီးများလက်သကဲ့သို့ မြင်လာကြတယ်မဟုတ်လား၊ အဲဒီလိုမြင်လာတာကိုတော့ ခဏိကာပီတိလို့ခေါ်တယ်၊ ဒါတွင်မကသေးဘူး သမာဓိတွေ အားကောင်းသထက် အားကောင်းတဲ့အခါကျတော့ ဩဘာသ ဆိုတဲ့ အလင်းရောင် အမျိုးမျိုးတွေ လင်းသထက်လင်း ဝင်းသထက်ဝင်း ရှင်းသထက် ရှင်းလာပြန်ရော မဟုတ်လား ယောဂီတို့ရဲ့၊ အဲဒါလိုလင်းတာ ဘာကြောင့်လင်းသလဲလို့ ယောဂီတို့ မေးရန်ရှိတယ် မဟုတ်လား ယောဂီတို့ရဲ့ ဒီအလင်းရောင်တွေဟာ မိမိတို့ စောင့်ထိန်းထားသောသီလ က စင်ကြယ်လို့ လင်းကြောင်း မှတ်ယူရမယ်။ ဒီသီလသာဘဲ စင်ကြယ် သလားလို့ဆိုတော့ မဟုတ်သေးဘူး၊ ယခုယောဂီတို့မှာ မြတ်စွာဘုရား ဆုံးမတော်မူတဲ့အတိုင်း လိုက်နာဆောင်ရွက်ရသောကြောင့် သမာဓိ အ ရောင်လို့လဲ ခေါ်ပါပေ၏ ယောဂီတို့။

ဟိုအခါတုန်းကလဲဆောက်တည်ဘူးကြတယ်မဟုတ်လား၊ သမာဓိ တွေဖြစ်လာအောင် ပုတီးစိပ်ခဲ့ကြတယ် မဟုတ်လား၊ ဒါပေမဲ့ အရောင် အလင်းတွေတွေ့ကြရဲ့လား။ မတွေ့မလင်းကြဘူးပေါ့။ ဘယ်မှာလင်းနိုင် ပါမလဲ ယောဂီတို့ စဉ်းစားကြည့်ကြစမ်း ဘာကြောင့်လဲဆိုတော့ ဟိုအ ခါတုန်းက စောင့်တဲ့ သီလတွေက ဘာသီလတွေလဲဆိုယင် ဟာနဘာဂိယ သီလ ဌိတိဘာဂိယသီလ ဝိသေသဘာဂိယသီလ တွေဖြစ်တာ များ နေတယ်၊ အဲဒီသီလမျိုးတွေကတော့ ဘဝသံသရာတလျှောက်က စောင့်ခဲ့ တာဘဲ၊ သို့သော်လဲ့ မိမိစောင့်ထိန်းဘဲ သီလက မစင်ကြယ်တဲ့ သီလ မို့ လို့ သီလဝိသုဒ္ဓိမဖြစ်နိုင်ဘူးဘဲ ဘာကြောင့်လဲဆိုတော့ စိတ်ဆိုတဲ့နာမ် ဓာတ်ကလေးကို မဆုံးမမိခြင်းကြောင့် ထိုလိုအလင်းဓာတ်ဆိုတာ ကမ္ဘာ

ဦးက တခါဘူးမှ မေးခွန်းမှိန်မှိန်ကလေးမှ မမြင်ခဲ့ကြရဘူးဘူး၊ ယခုတော့ သီလ သမာဓိ ပညာဆိုဘဲ့အတိုင်း တရားများကို အားထုတ်မှု ရကြတဲ့ အလင်းတွေ အဲဒီအလင်းတွေ လင်းတာကတော့ သီလစင်ကြယ်လို့ သီလ ဝိသုဒ္ဓိလို့ ခေါ်ပါတယ်။

စိတ်ကလေး စင်ကြယ်အောင် ထိန်းထား ရခြင်းကြောင့် စိတ္တဝိသုဒ္ဓိလို့ ခေါ်ပါတယ် မှတ်ထားကြ ယောဂီတို့ရဲ့၊ ယခုယောဂီတို့မှာ ဟိုအခါတုန်းကများ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ချစ်သား ချစ်သမီးတို့ စိတ်ဆိုလဲ နာမ်ခတ်ကလေးများကို ဆုံးမမိကြရဲ့လား လို့ မေးလိုက်ယင် အမေးခံရံ့ကြပါမလား၊ ဘယ်လိုများ လျှောက်ထားကြမလဲ၊ မိမိက စိတ်ဆိုတဲ့ နာမ်ခတ်ကလေးကို မဆုံးမ ရသေးတော့ မလျှောက်ဝံ့ကြဘူးပေါ့၊ ယခုတော့ ယောဂီတို့မှာ မြတ်စွာဘုရား ဆုံးမတော်မူတဲ့အတိုင်း လိုက်နာဆောင်ရွက်လိုက်တော့ စိတ်ကလေးကို ဆုံးမ မိကြပလားလို့ မြတ်စွာဘုရားက မေးလိုက်ယင် ဆုံးမမိပါပြီဘုရားလို့ ရဲရဲကြီးလျှောက်ဝံ့တာပေါ့။

အေး ဒါကြောင့် ယခုတော့ လျှောက်ရဲကြပြီမဟုတ်လား၊ ယခု ယောဂီတို့မှာ သီလကလဲ နိဗ္ဗာန်သို့စေလွှတ်တတ်သော သီလဖြစ်တယ်၊ အဲဒါမှ မဂ္ဂင်ဝင်သီလဖြစ်တယ် စိတ်ဆိုတဲ့ နာမ်ခတ်ကလေးကိုလဲ ဧကောဓမ္မောကျအောင် ဆုံးမမိကြပြီမဟုတ်လား၊ ဒါကြောင့် မဂ္ဂင်ဝင် သမာဓိ ဖြစ်လာပါရော၊ ထိုကြောင့် ယခုတွင်ကပြောတဲ့ ခုဒ္ဒကာပီတိ နှင့် ခဏိကာ ပီတိကို ရကြတာပေါ့၊ ယခုလိုရသော ပုဂ္ဂိုလ်ကိုမှ မြတ်စွာ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဧကောဓမ္မောဘိက္ခဝေလို့ ခေါ်တယ်၊ ဘိက္ခဝေ ဘိက္ခုလို့ ဘုရားက ခေါ်တော်မူတော့ လူဘိုင်း ပါတယ်လို့ မထင်ကြနှင့် မပါဘူး။ ယောဂီတို့မှ ပါတယ်လို့ မှတ်ကြပေတော့။

(၃) ဩက္ကန္တိကာပီတိ။ ။ကဲ ဟိုနေ့က ပြောခဲ့တဲ့ပီတိ နှစ်ချက်ကိုတော့ ရကြပြီ၊ ယခုပြောရမဲ့ ရရှိတဲ့ပီတိကတော့ ဩက္ကန္တိကာပီတိလို့ ခေါ်တယ်။ ဘာကြောင့် ဟဲဆိုတော့ တရားတော်ကို ဆောင်ရွက်လိုက်ရင် ဝိတက် ဝိစာရတွေငြိမ်းပြီး ပီတိငါးချက်ရကာယ်၊ အဲဒီပီတိငါးချက်ကတော့ ခုဒ္ဒကာပီတိ ခဏိကာ ပီတိ, ဩက္ကန္တိကာပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိ လို့ ငါးမျိုးရှိတယ်၊ အဲဒီ ငါးမျိုးကို ယောဂီတို့ ရကြတာပေါ့၊ ဒေသ

နာလိုတနည်းခေါ်တာကတော့ ဈာန်အင်္ဂါငါးပါးလို့ ခေါ်တယ်၊ ဒါ တွင်မျှမကသေးဘူး တနည်းခေါ်တာကတော့ ဝိတက်,ဝိစာရ,ပီတိ,သုခ, ဧကဂ္ဂတာလို့လဲခေါ်တယ်။

ယခု ပြောခဲ့တဲ့ ဘုရားဟော ဒေသနာတော်ကလဲ ဟုတ်တယ်၊ ယောဂီမှာလဲ တရားအားထုတ်လို့ ကိုယ်တိုင် ကိုယ်တွေ့ တရားတော်တွေ ပေါ်တယ်၊ အဲဒီလို ကိုယ်တွေ့တရားပေါ်တာနဲ့ ဘုရားဟော ဒေသနာ ကလဲ ဟုတ်တယ်၊ ဟုတ်တာနဲ့ ဟုတ်လိုက်တော့ ယောဂီတို့မှာ ဟုတ် ဟုတ် ဟပ်ဟပ် သိကြပြီ မဟုတ်လား၊ ဒါကြောင့် တရားတော်ဆိုတာ ဟုတ်လဲဟုတ်မှ ဟပ်လဲဟပ်မှ မှန်တယ် ယောဂီတို့ရဲ့ မှတ်ထားကြ။ ယခု တွင်က ပြောခဲ့တဲ့ ဩက္ကန္တိကာပီတိဆိုတာ တရားတော်ကို အားထုတ်နေ တုန်း မိမိတို့ရဲ့ ခန္ဓာကိုယ်ဟာ သမာဓိတွေဖြစ်လာသော့ ရှေ့သို့ယိမ်းခြင်း နောက်သို့ယိမ်းခြင်း ဘေးသို့ယိမ်းခြင်းကို ဩက္ကန္တိကာပီတိလို့ခေါ်တယ်။ အဲဒီလို မိမိဉာဏ်ဝမှာကပ်၍ ဖြစ်ပေါ်သည့်အတွက်ကြောင့် ဈာန်လို့ လဲခေါ်တယ်၊ ဈာန်ဆိုတာ သမာဓိတွေဖြစ်မှရတယ်၊ ဒီတော့ ဈာန်ဆို တာ အပေါ်သို့ကြွတက်သွားတယ်၊ ယခု ဘာကြောင့် မကြွပါသလဲလို့ မေးစရာရှိတယ်၊ ဘယ်မှာ ကြွနိုင်အုံးမှာလဲ သမာဓိ အား သေး တာကိုး ကြိုးစားကြ။

ဥပမာ ပြောရမယ်ဆိုယင် ဘာနဲ့ အလားသဏ္ဍာန် တူပါသလဲဆို တော့ ယောဂီ ဟိုသီဘင်းကျတ်ပွဲတော်ကျပြီဆိုယင် မီးပုံးပျံတွေလွှတ်တော့ မီးပုံးစက္ကူတွေကို ခေါက်ချိုးထားလိုက်ယင် လွှပ်ကြရဲ့လား မလွှပ်ကြ ဘူးပေါ့၊ ဘယ်မှာလွှပ်နိုင်ပါ့မလဲ၊ ရေနံနှင့် မီးထိ၍ မှိုင်းခံမှ မီးပုံးပျံကြီး လွှပ်လာမယ်မဟုတ်လား၊ အဲဒါက လွှပ်ရုံသာလွှပ်သေးတယ် အပေါ်သို့ ကြွတက်ရဲ့လားဆိုတော့ မတက်သေးဘူး၊ ဘယ်မှာတက်နိုင်မလဲ မီးခိုးမှိုင်း မဝသေးလို့မတက်တာပေါ့၊ မှိုင်းဝတော့ မတက်ပေဘူးလား၊ အဲဒါက ကော့ ဥပမာဘဲ ယောဂီတို့လဲ ကြိုးစားကြပေါ့၊ ဥပမာကတော့ ယခု ယောဂီတို့မှာ သမာဓိဆိုတဲ့ မှိုင်းနဲ့သေးလို့ပေါ့၊ သမာဓိဆိုတဲ့မှိုင်းဝမှ အ ပေါ်သို့ကြွမယ်၊ ယောဂီတို့ ကြိုးစားကြပေတော့။ ယခု မိမိတို့ကိုယ်အင်္ဂါ ယိမ်းယိုင်ပြီးနေတာကို ဩက္ကန္တိကာပီတိလို့ ခေါ်ပါပေတယ်၊

(၄) ဥဗ္ဗေဂါပီတိ။ ။ယခု ပီတိသုံးချက် ရပြီ မဟုတ် လား တဖန် ယခုရတဲ့ ပီတိကတော့ ဥဗ္ဗေဂါပီတိလို့ခေါ်တယ်။ ယခု ယောဂီတို့မှာ တရားတွေ တိုးတက်၍လာကြပြီ၊ ဘာကြောင့်တိုးတက်၍လာပါသလဲ ဆိုတော့ တနေ့ထက်တနေ့ သီလကလဲစင်ကြယ် စိတ်ဆိုတဲ့နာမ်ဓာတ်က လေးကလဲစင်ကြယ် အဲဒါကြောင့် သမာဓိတွေ ကောင်းသထက်ကောင်း လာ ဈာန်ဆိုတဲ့တရားတွေ မြင်လာဒါပေါ့၊ အဲဒီပီတိဆိုတဲ့ဈာန်ကတော့ ဥဗ္ဗေဂါပီတိလို့ခေါ်တယ်၊ ဘာကြောင့်လဲဆိုတော့ ယောဂီတို့ကိုယ်တိုင် ခံစားရသော ပီတိဖြစ်တယ်။ ယခုယောဂီတို့မှာ တရားတော်ကို ဆောင် ရွက်နေယင်းနဲ့ မိမိတို့ခန္ဓာကိုယ်ဟာ နိမ့်ချည် မြင့်ချည် သူ့သဘောသူ ဆောင်ပြီး ဖြစ်နေတယ်မဟုတ်လား၊ အဲဒါကြောင့် ဥဗ္ဗေဂါပီတိလို့ခေါ် တယ်။

ယခုပြောခဲ့တဲ့ ပီတိတွေဟာ ဘာကြောင့်ရပါသလဲဆိုတော့ သုဒ္ဓိ တွေ ဖြစ်လို့ပေါ့။ ဘယ်သုဒ္ဓိတွေဖြစ်ပါသလဲဆိုယင် (၁) သီလဝိသုဒ္ဓိ၊ (၂) စိတ္တဝိသုဒ္ဓိရယ်လို့ သုဒ္ဓိနှစ်ပါးရကြပေတယ်။ သုဒ္ဓိ ဆိုတာ ကတော့ စင်ကြယ်ခြင်းကိုခေါ်တယ်။ သီလစင်ကြယ်သောကြောင့် သီလဝိသုဒ္ဓိဖြစ် ရတယ်၊ စိတ်ဆိုတဲ့ နာမ်ဓာတ်ကလေးကို ဆုံးမပေးထားခြင်းကြောင့် စိတ် ကလေး စင်ကြယ်ပြီး စိတ္တဝိသုဒ္ဓိဖြစ်ရတယ် ယောဂီတို့ရဲ့ မှတ်ထားကြ၊ သို့ကြောင့် သုဒ္ဓိနှစ်ပါးကို ရကြခြင်းဖြစ်တယ်။

(၅) ဖရဏာပီတိ။ ။ကဲ ဟိုနေ့က ပြောခဲ့တဲ့ ပီတိလေးမျိုးကို တော့ သိကြရောပေါ့၊ ယခုရသော ပီတိကတော့ ဖရဏာပီတိလို့ ခေါ် တယ်။ ဘာကြောင့်လဲဆိုတော့ စိတ်ဆိုတဲ့ နာမ်ဓာတ်ကလေးကို ဆုံးမနေ ရင်းနဲ့ မိမိခန္ဓာမှာ အရိုးမရှိသကဲ့သို့၊ မိမိရဲ့ခန္ဓာဟာ အိ အိပြီးကျသွား တယ်မဟုတ်လား၊ ဒါကြောင့်မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုများ ဟောတော်မူသလဲဆိုတော့ ယောဂီတို့ ငါ၏တရားတော်ကို ကြိုးစားပွားများခဲ့သည်ရှိသော် တရားတော်တွေ ကိန်းပြီးတော့ ကောဓမ္မာကျသွားယင် ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ အိအိကျသွားတယ်လို့ ဘုရားရှင်က ဟောပြပါတယ်။ သို့သော်လဲ ဟိုတုန်းက ရဟန်းသံဃာတွေ ဟောကြပါတယ်၊ သို့သော်လဲ မိမိကိုယ်တိုင်က မအိဘူးတော့ ဘယ်လို များ အောက်မေ့ပါသလဲဆိုရင် - ငအော် တရားတော်ဆိုတာ အလွန် နူး

ညံ့ပါတကားလို့ ဟိုဂုမ်းကို ဆီထိတာဘဲလို့ အောက်မေ့တယ်။ ယခု တော့ ယောဂီတို့ကိုယ်တိုင် အိဘူးကြပြီ မဟုတ်လား။

ဒါကြောင့် ယခု ယောဂီတို့မှာ ပီတိငါးမျိုးကို ရကြသိကြပေပြီ။ စင်ကြယ်မှု ဝိသုဒ္ဓိနှစ်ပါးကိုလဲ ရကြသိကြပေပြီ။ ဒါတွေဟာ ယောဂီတို့ ရကြတဲ့ တရားတွေဖြစ်တယ်။ သီလကလဲ နိဗ္ဗာန်ကို စေလွှတ်တတ်သော သီလဖြစ်ခြင်းကြောင့် အကြီးဆုံးသီလဖြစ်ခြင်းကြောင့် နိဗ္ဗေဓဘာဂိယသီလ (ဝါ) အဓိသီလ (ဝါ) သီလဝိသုဒ္ဓိလို့လဲ ခေါ်ပေတယ်။ အဲဒီသီလမျိုးကသာမဂ္ဂင်ဝင်သီလဖြစ်တယ်။ ဘယ်မဂ္ဂင်ကို ယောဂီတို့ရကြပါသလဲဆိုတော့-

(၁) သမ္မာဝါစာ
(၂) သမ္မာကမ္မန္တ
(၃) သမ္မာအာဇီဝ

သီလ ဝိသုဒ္ဓိဖြစ်သဖြင့် ရသော မဂ္ဂင်သုံးပါး။

(၄) သမ္မာဝါယာမ
(၅) သမ္မာသတိ
(၆) သမ္မာသမာဓိ

စိတ္တဝိသုဒ္ဓိဖြစ်သဖြင့် ရသော မဂ္ဂင်သုံးပါး၊

သီလစင်ကြယ်၍ သီလဝိသုဒ္ဓိဖြစ်ခြင်းကြောင့် ပဌမမဂ္ဂင်သုံးပါးကိုရခြင်းဖြစ်တယ်။ စိတ်ဆိုတဲ့ နာမ်ဓာတ်ကလေးစင်ကြယ်ပြီး စိတ္တဝိသုဒ္ဓိဖြစ်ခြင်းကြောင့် ဒုတိယမဂ္ဂင်သုံးပါးကိုရပေတယ်။

တရားတော်တွေဟာ ဘယ်လောက် အဘိုးတန်ပါသလဲ ဆိုတော့ ကမ္ဘာဦးကစ တခါဘူးကမမရဘူးတဲ့တရားတော်တွေဖြစ်တယ်။ ဒါတွင်မျှ မကသေးဘူး သီလမဂ္ဂင်သုံးပါးက အကြမ်းစား ကိလေသာတပါးနှင့် သမာဓိမဂ္ဂင်သုံးပါးကတော့လဲ အကြမ်းစားကိလေသာတပါးကို သတ်ပြန်တယ်၊ ဘယ်ကိလေသာတွေကို သတ်လို့သေပါသလဲဆိုတော့-

(၁) ဝီတက္ကမကိလေသာကို သီလမဂ္ဂင်က သတ်တယ်။
(၂) ပရိယုဋ္ဌာနကိလေသာကို သမာဓိမဂ္ဂင်ကသတ်တယ်။

## သစ္စာလေးပါး

အဲဒါကြောင့် ကိလေသာနှစ်ပါးသေတယ်၊ ဒါတွေဟာ သီလနဲ့ သမာဓိကို ဆောင်ရွက်နေယင်းနဲ့ ရတဲ့ တရားတွေလို့ မှတ်ထားကြပေတော့။ ယခု ယောဂီတို့မှာ ပညာစခန်း မရောက်သေးလို့ တရားရ မစိုသေးဘူး။ ယောဂီတို့ ယခု ရပြီးသောတရားတွေကတော့ သစ္စာလေးပါးကိုလဲ ရပြီးပြီ ဘယ်သစ္စာကို ရကြပါသလဲဆိုတော့—

(၁) ဒုက္ခသစ္စာ
(၂) သမုဒယသစ္စာ
(၃) နိရောဓသစ္စာ
(၄) မဂ္ဂသစ္စာဟူ၍သစ္စာလေးပါးတရားတော်ကိုရကြပြန်တယ်

(၁) ဒုက္ခသစ္စာ။ ။ဆိုတာကတော့ ယောဂီ တို့မှာ တ ရားတော်ကို ဆောင်ရွက်နေရင်းနဲ့ မိမိရဲ့ ရုပ်တရားက ကိုယ်တိုင် နာကျင်ကိုက်ခဲပြီး ဖြစ်မလာကြဘူးလား။ အဲဒီလိုနာကျင်ကိုက်ခဲတော့ ဒုက္ခသစ္စာလို့ခေါ်တယ်။

(၂) သမုဒယသစ္စာ။ ။ဆိုတာကတော့ ယခုတွင်က ပြောခဲ့သလို ကိုက်ခဲနာကျင်မှုဒုက္ခတွေဖြစ်နေတော့ ဘယ်မှာ တွယ်ကပ်နိုင်အုံးမလဲ။ အဲဒါကြောင့် သမုဒယက အလိုလိုပယ်သွားတာပေါ့၊ ဒါကြောင့် သမုဒယသစ္စာရယ်လို့ ခေါ်တယ်၊

(၃) နိရောဓသစ္စာ။ ။ဆိုတာကတော့ သမုဒယ တွယ်ကာ်မှု ပယ်ပြီး ဒုက္ခတွေလဲ ငြိမ်းသွားခြင်း ကို နိရောဓသစ္စာလို့ ခေါ်ပေတယ်။

(၄) မဂ္ဂသစ္စာ။ ။ဆိုတာကတော့ ဒုက္ခတွေ ငြိမ်း ပြီး မဂ်ရအောင် ပွားများကြတယ်မဟုတ်လား။ အဲဒီလို မဂ်ရအောင် ပွားများရခြင်းကြောင့် မဂ္ဂသစ္စာလို့ခေါ်တယ်။ ဒါကြောင့် ယောဂီတို့ သစ္စာလေးပါးကိုလဲ ရကြပြီ။ ယခုလို သစ္စာလေးပါးကိုရမှ နိဗ္ဗာန်ကိုရတယ်လို့ မှတ်ထားကြ။ ယခုတော့ အချို့က တနာရီ တမော်း ပေါ်လာတဲ့ဒုက္ခကိုမခံနိုင်လို့ ပြုပြင်ကြသေးတယ်။ မိမိရဲ့စိတ်ဓာတ်ကလေးကို အလိုလိုက်ပြီး

နေကြသေးတယ်၊ အဲဒီခေတ်က အသိသိုက် အဂိုက် ဇော်ကား ဆိုသလိုပေါ့။

ဒါကြောင့် ဦးကဝိ ဆရာတော်ဘုရားက "မခံသာ မှန်ပါဘိသည့်တရား၊ ခံသာအောင်နေလျှင် သံသရာကြော မြေလိမ့်အမျှား" ဟူ၍ စပ်ဆိုဟောကြားတော်မူခဲ့တယ်။ ကိုက်ညီ မနေ ပေ ဘူး လား ယောဂီတို့ရဲ့။

လယ်တီဆရာတော်ဘုရားကြီးကတော့"သိ-ပယ်-ဆိုက်-ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချ ပရမတ်" လို့ ဟောတော်မူတယ်။ ကဲယောဂီတို့ ကိုယ်တွေ့နဲ့ ကိုက်မနေပေဘူးလား။

တနည်း မင်းကွန်းဆရာတော်ဘုရားကြီးက"လေးပါးသစ္စာကိုယ့်ကိုယ်မှာ တကဲ့ကိုမကြည့်လို့မသိကြရှာ ဒုက္ခသစ္စာဆိုတာလဲ ကိုယ့်ကိုယ်မှာရှိတဲ့တရား သမုဒယသစ္စာဆိုတာလဲကိုယ့်ကိုယ်မှာရှိတဲ့တရား နိရောဓသစ္စာဆိုတာလဲ ကိုယ့်ကိုယ်မှာရှိတဲ့တရား မဂ္ဂသစ္စာဆိုတာလဲ ကိုယ့်ကိုယ်မှာရှိတဲ့တရား" လို့ ဟောတော်မူတယ်။

တနည်းအားဖြင့် ပျော်ဘွယ်ဆရာသက်ကြီးက

"ယောဂီရုပ်မှာ ဆတ်ဆတ်ခါ ပမာတူစွာသိ။
ဝေဒနာနုပဿနာ ဖြစ်ပေါ်လာ ထိုခါမခံချိ။
သည်းမခံချင် လွှတ်လိုက်လျှင် ဉာဏ်စဉ်မတက်ဘိ။
အရိုးကြေကြေ အသားကြေ ရှုလေလို့လရှိ။
လို့လထက်သန် သည်းညည်းခံ နိဗ္ဗာန်တိုင်သို့ထိ"

လို့ စပ်ဆိုဟောကြားတော်မူခဲ့တယ်။

ဒါကြောင့် ယောဂီတို့ ကိုယ်တွေ့တရားတွေနဲ့ ကိုက်မနေပေဘူးလား။ အဲဒီလို ဆရာတော်ဘုရားဟောတာနဲ့ ယောဂီတို့ အားထုတ်ရတဲ့တရားတွေဟာဆိုယင် ဟုတ်လဲဟုတ် ဟပ်လဲဟပ်မိတယ်ဆိုတော့ ဟုတ်ဟုတ်ဟပ်ဟပ်ကြီးသိကြပြီပေါ့။ အချို့သောပရိယတ်ဆရာများကလဲကျမ်းတို့လဲ သိပါတယ်လို့ ပြောကြသေးတယ်။ လယ်တီဆရာတော်ဘုရားကြီးကတော့ သိပယ်ဆိုခြင်းကြောင့် ကျွန်တော်ကျွန်မတို့လဲ 'သိ' ပါတယ်။

အကုသိုလ်ဟူသမျှတို့ကို အကုန်လုံး 'ပယ်' ထားပါတယ်လို့ ပြောကြပါတယ်။ အဲဒါဟာ ဟုတ်တော့ဟုတ်သွားတဲ့ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပရိယတ် ပဋိပတ် ပဋိဝေဒ လို့ သာသနာသုံးရပ် ထားခြင်းကြောင့် ယခုပြောတဲ့ အသိမျိုးကတော့ ပရိယတ်လို့ခေါ်တယ်။ အဲဒါကြောင့် ဟုတ်တော့ဟုတ်ချင်သွားတဲ့၊ သို့သော်လဲ ပရိယတ်ကိုမှ မဆောင်ရွက်တော့ မဟုတ်တတ်ဘူးပေါ့။

အဲဒါကြောင့်မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပရိယတ်သိ ပဋိဒေသိ သိရယ်လို့ ဟောထားတယ်မဟုတ်လား။ ယခုတွင်က ဖြစ်နေတာမျိုးပေါ့၊ ဒါဘွင်မျှမကသေးဘူး မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက အသိခြောက်မျိုး ပြထားပြန်တယ်၊ ဘယ်အသိတွေပါလဲ ဆိုတော့ သင်သိ့မေးသိ့နာသိ့ကြံသိ့ဆောင်သိ့ကျက်သိ၊ အဲဒီအသိခြောက်မျိုးဘဲဖြစ်တယ်။ထိုလိုသိတဲ့ဉာဏ်ကို အနုဗောဓအသိဉာဏ်လို့ခေါ်တယ်။ လောကီဉာဏ်လို့လဲခေါ်တယ်၊ဉာဏ်နုလို့လဲခေါ်တယ်။အသိတွေသိထားပြီးဒီလိုအတိုင်း မနေဘဲနှင့် ပရိယတ်ကို ထပြီး ဆောင်ရွက်လိုက်မယ်ဆိုယင် ပဋိဝေဒဆိုက်သွားမှာပေါ့၊ ဟိုခါတုန်းက ယောဂီတို့ မဆောင်ရွက်သေးလို့ မရကြသေးဘူး မဟုတ်သား။ ယခုတော့ ယောဂီတို့မှာ တရားတော်ကို ဆောင်ရွက်လိုက်လို့ ဘုရားဟောတွေနဲ့ကိုက်နေတာပေါ့။

အဲဒါကြောင့် ဘုရားက 'ဓမ္မံကာယေန ပဿတိ'လို့ ဟောတော်မူတယ်။ အဓိပ္ပါယ်ကတော့ ဓမ္မံ၊ တရားတော်ကို။ ကာယေန၊ ကိုယ်ကာယဖြင့်။ ပဿတိ၊ ရှုမြင်မိကြပလားလို့ မေးတာပေါ့။ အဲဒီလို ရှုမြင်မိမှသာ ဘုရားအလိုတော်ကျ ဖြစ်တယ်၊ ယခုယောဂီတို့မှာ ဘုရားဟောတော်မူတဲ့ အတိုင်း ရရှိကြပြီး၊ ယခုယောဂီတို့မှာ သီလနဲ့သမာဓိကိုသာ ဆောင်ရွက်နေရသေးတယ်၊ ဒါကြောင့် နောက်ထပ်တဖန် နိမိတ်သုံးပါးကို ရကြပြန်တယ်၊ အဲဒီနိမိတ်သုံးပါးက ဘာတွေလဲဆိုတော့–

## နိမိတ် ၃ မျိုး

(၁) ပရိကမ္မနိမိတ်
(၂) ဥဂ္ဂဟနိမိတ်
(၃) ပဋိဘာဂနိမိတ် ဟူ၍ဖြစ်သည်။

(၁) ပရိကမ္မနိမိတ်။ ။ဆိုတာကတော့ တရားတော်ကို ဆောင်ရွက်နေရင်းနဲ့ သမာဓိတွေ ကောင်းကောင်းမရသေးတဲ့အချိန် မိမိတို့မြင်ရတဲ့ နိမိတ်တွေဟာ ရိုးတိုးရိပ်ဘိပ် မြင်ရတဲ့အချိန်ကို ပရိကမ္မနိမိတ် လို့ ခေါ်တယ်။

(၂) ဥဂ္ဂဟနိမိတ်။ ။ဆိုတာ ကတော့ တနာရီထက် တနာရီ တိုး၍တိုး၍အားထုတ်လိုက်သောအခါ သမာဓိတွေတိုးလာတာပေါ့။အဲဒီလို သမာဓိတွေ တိုးလာတော့မှ ဗုဒ္ဓနိမိတ်, ဓမ္မနိမိတ်, သံဃနိမိတ် တွေကို ထင်ထင်ရှားရှား တွေ့ရသော်လည်း တာရှည်မတည်မြဲသေးသောအချိန်ကို တော့ ဥဂ္ဂဟနိမိတ်လို့ခေါ်တယ်။

(၃) ပဋိဘာဂနိမိတ်။ ။ဆိုတာကတော့ တရားတော်ကိုဆက်လက်ပြီး မြတ်စွာဘုရား ဆုံးမတော်မူတဲ့အတိုင်း ကြိုးစားလိုက်တော့ ယခုတွင်က ပြောတာလို ဗုဒ္ဓနိမိတ် ဓမ္မနိမိတ် သံဃနိမိတ်တွေကို ထင်ထင်ရှားရှားနဲ့ တာရှည်ကြီးမြင်ရတယ် မဟုတ်လား၊ အဲဒါဟာ သမာဓိကောင်းသည်ထက် ကောင်းလာလို့ ဖြစ်တယ်။ ဒါကို ပဋိဘာဂနိမိတ်လို့ ခေါ်တယ် ယောဂီတို့ မှတ်ထားကြ။ ယခု ယောဂီတို့ကို မေးစမ်းကြည့်ရမယ်။ ယခုပြောတဲ့ နိမိတ်တွေဟာ သူတပါးပြောသံကြားလို့ ပြော ဒါ လား၊ စာထဲမှာတွေ့လို့ ပြောတာလား၊ သို့မဟုတ် ဘုရား၏ တရားတော်ကို ကိုယ်တိုင်ဆောင်ရွက်၍ တွေ့လို့ ပြောဒါလား၊ အဲဒီလို ကိုယ်တိုင်တွေ့တာကိုတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားဂုဏ်တော် ခြောက်ပါးရှိတယ်လို့ ဟောထားတော်မူတယ် မဟုတ်လား။

အဲဒါကြောင့် ယခုတွင်က ယောဂီတို့ကိုယ်တိုင် ရှုမြင် ရခြင်း ဟာ သန္ဒိဋ္ဌိကဆိုတဲ့တရားကို ရတာပေါ့၊ ဘာကြောင့်လဲ ဆိုတော့ ဘုရားက သန္ဒိဋ္ဌိကော၊ မျက်မှောက်ထင်ထင် ရှုမြင်ခြင်းငှါထိုက်သော ဂုဏ်တော်လို့ ဟောတော်မူတဲ့အတိုင်း ယောဂီတို့မှာ ကိုယ်တိုင်ရှုမြင်ရခြင်းကြောင့် သန္ဒိဋ္ဌိကဆိုတဲ့တရား ဂုဏ်တော်တပါး ရထားကြပြန်ပြီ၊ တရားတော်ကို မဆောင်ရွက်ခင်တုန်းကတော့ တရားတော်ဟာ ဟုတ်မှ ဟုတ်ရဲ့လားလို့ ထင်တယ်။ တခါတလေတော့လဲ ဟုတ်တယ်ထင်ပါရဲ့လို့ အောက်မေ့တယ်မဟုတ်လား။ ကဲ ယခုလို အောက်မေ့ဒါကိုတော့ဝိစိကိစ္ဆာလို့ခေါ်တယ် ယောဂီတို့ မှတ်ထားကြ။ မဟုတ်ထာတွေတွေးလိုက် ဟုတ်ထာတွေ

တွေးလိုက်နဲ့ ဒွိဟတွေ ဖြစ်နေတဲ့အချိန်မှာတော့ ဒွိဟိတ်လို့လဲ ခေါ်တယ်။ ကဲ ယခုတော့ တရားတော်ကို ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်အားထုတ်လိုက်သောကြောင့် ယခုဘွင်က ပြောတဲ့ ယုံမှားသံသယဖြစ်မှုဆိုတဲ့ ဝိစိကိစ္ဆာတပါး ပြုတ်သွားရောပေါ့။

အဲဒီလို ဝိစိကိစ္ဆာပြုတ်သွားတော့မှ မိမိတို့မှာ သမာဓိတွေဖြစ်လာတယ်။ ဘယ်သမာဓိတွေဖြစ်လာပါသလဲဆိုတော့ အပ္ပနာသမာဓိဖြစ်လာရတယ်။ အဲဒီ သမာဓိဟာ သာမညနဲ့ဖြစ်နိုင်တာမဟုတ်ဘူး။ တရားတော်ကို ဆရာကောင်းနဲ့ ယထာဘူတ ကျတဲ့ ဆရာ ကောင်း ထံမှာ နည်းနာနိဿယ ခံယူအားထုတ်မှရတယ်။ သမာဓိ ဖြစ်တယ်ဆိုတာ ယခုတွင်က ပြောခဲ့တဲ့ ပီတိတွေ နိမိတ်တွေ ပါရမီဆယ်ပါးတွေနဲ့ပြည့်စုံမှရတဲ့ တရားတွေဖြစ်တယ်။

ပါရမီဆယ်ပါးကဘာတွေလဲဆိုတော့ ယောဂီတို့နားလည်အောင် တခုစီ ရှင်းလင်းဟောပြရအုံးမယ်။ ပါရမီ ဆယ်ပါး ဆိုတာ နှစ်မျိုးရှိတယ်၊ ဒါကြောင့် ဦးကဝိဆရာတော်ဘုရားက ဘယ်လိုမျိုးဟောပါသလဲ ဆိုတော့–

ငါးငါးချင်း မှားတတ်တယ်။
ဆယ်ဆယ်ချင်းစားတတ်တယ်။

လို့ ဟောပြထားခဲ့တယ်။ ငါးငါးချင်း မှားတတ်တယ် ဆိုတာကတော့ ငါးပါးသီလကို ဆောက်တည်ပြီး အာရုံငါးပါးကို မထိန်းထားလို့ ငါးပေါက်ကို မပိတ်ထားတော့ အမှားတွေ ဝင်လာသာပေါ့။ အဲဒီ အမှားတွေဝင်လာတော့ ငါးပေါက်မှား ငါးပါးမှောက်တယ်လို့ ဦးကဝိဆရာတော်က ဟောတော်မူတယ်။ အဲဒါကြောင့် ယခု ယောဂီတို့မှာ ငါးပေါက်မမှားရအောင်လို့ တရားတော်ကို ဆောင်ရွက်နေကြတော့ ငါးပေါက် မမှား ငါးပါးမမှောက်တော့ဘူးပေါ့၊ ဘာကြောင့်လဲ ဆိုတော့ အာရုံငါးပါးကို ထိန်းသိမ်းထားလို့ဖြစ်တယ်။

ဆယ်ဆယ်ချင်းမှားတတ်တယ်ဆိုတာကတော့ ပုညကရိယာ ဆယ်ပါးနှင့် နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ပါရမီဆယ်ပါးတို့ မှားကြခြင်း ဖြစ်တယ်။ ယခုဘော့ ယောဂီတို့မှာ ရထားသောတရားနှင့် ဆိုလျှင် ပါရမီ

ဆယ်ပါး ပြည့်စုံရာပေ၏။ လယ်တီဆရာတော်ဘုရားကြီးကလဲ 'အသိ တလုံးအခက်ဆုံး' လို့ ဟောကြား ဆုံးမထားပေတယ်။ ယခု ယောဂီတို့မှာ စိတ်ဆိုတဲ့နာမ်ဓာတ်ကလေးကို ဆုံးမ၍ထားခြင်းကြောင့် သိ ဆိုတဲ့ အသိ ဉာဏ်ကပေါ်ပေါက်၍လာကြတာပေါ့။

ယခုလို တရားတော်ကို သူ့သဘောသူဆောင်၍ အလိုအလျောက် သိလာသောအသိမှာ အသိမှန် အသိဟုတ်လို့ ခေါ်တယ်။ အဲဒီလို သိမှု လယ်တီဆရာတော်ဘုရား ဟောအပ်သော အသိမျိုးဖြစ်တယ်။ ဘာတွေကို သိရမလဲဆိုတော့ သစ္စာလေးပါးကို ကိုယ်တိုင်သိဘို့ လယ်တီဆရာတော် ဘုရားက ဆုံးမတော်မူတယ်။ ဒါကြောင့် 'သိ-ပယ်-ဆိုက်-ပွား လေးပါး ကိစ္စ အပိုင်ရ မှုချပရမတ်'လို့ ဟောထားတော်မူတာပေါ့ ယောဂီတို့ မှတ် ထားကြပေတော့။ ယောဂီတို့မှာ တရားတော်ကိုဆောင်ရွက်နေတဲ့အချိန် ကို ထိန်းထားရတဲ့ ရှစ်ပါးသီလဟာ တရားရက်စေ့သဖြင့် အိမ်ပြန်သွား ပြီး တရားတော်ကို အမြဲဆောင်ရွက်နေလျှင် သီလဝိသုဒ္ဓိ ဖြစ်နေ၍ပ၏။ ဒါကြောင့် သာရတ္ထပကာသနီမိန့်ဆိုသည်မှာ–

နိဗ္ဗာနံ ပတ္တုယန္တေန သမာဒိန္နံ
ပဥ္စသီလံပိ အဓိသီလံ ဟောတိ။

နိဗ္ဗာနံ၊ ပုထုဇဉ်များ လိုလားစိတ်ညွတ် နိဗ္ဗာန်တရားမြတ်ကို။ပတ္တု ယန္တေန၊ မလွဲမချော် ရည်မျှော်မှန်းဆ လွန်တောင့်တ၍။ သမာဒိန္နံ၊ ကောင်းစွာခံယူဆောက်တည်အပ်သော။ ပဥ္စသီလံပိ၊ ငါးပါးသီလပင်ဖြစ် သော်လည်း။ အဓိသီလံ၊ အလွန်ကြီးကျယ်ထူးမြတ်သော အဓိသီလသည်။ ဟောတိ၊ မုချစင်စစ် အမှန် ဖြစ်၏။ သမာဓိပညာကို အားထုတ်သော ပုဂ္ဂိုလ်တို့၏သီလသည် သီလဝိသုဒ္ဓိ (ဝ၁) အဓိသီလ ဖြစ်ပေသည်ဟုမှတ်ကြ ပါလေ။

## အားပေးတိုက်တွန်းချက်လင်္ကာ

ဘဝပဒေသာ ခုသောခါဝယ် ကြုံရခဲစွ ဒုလ္လဘကို ကြုံရသောခါ သာသနာမျိုး ရအောင်ပျိုး၍ အကျိုးရှိရန် အသိမှန်ကို ဉာဏ်သမ္ပယုတ် ပေါ်အောင်လုပ်မှ အဟုတ်ရမည် စိတ်ကရည်လျက် ဤအဝိဇ္ဇာ ဒိဋ္ဌိကွာ

အောင် သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်တတ်မှသာ ဉာဏ်ဝိဇ္ဇာသည် ပေါ်လာမည်မို့ သည်ခါသာမယ ဘဝပဒေသာ ဩဇာအစစ် တရားနှစ် ကို ဖြစ်အောင်လေ့လာ ဘွဲ့အောင်ရှာမှ ခံစားရမည် ခါခါပွားမှ ကောင်းလိမ့်သောဝ် ။

## ပါရမီ ၁၀ ပါး

ယနေ့တော့ ပါရမီဆယ်ပါးကို ဟောရမှာပေါ့၊ ပါရမီဆယ်ပါး ဆိုတာ ဘာလဲဆိုတော့-

(၁) ဒါနပါရမီ–အလှူပေးခြင်း။
(၂) သီလပါရမီ–သီလဆောက်တည်ခြင်း။
(၃) နိက္ခမပါရမီ–တောထွက်ခြင်း။
(၄) အဓိဋ္ဌာန်ပါရမီ–ဆောက်တည်ခြင်း။
(၅) ဝီရိယပါရမီ–လုံ့လပြုခြင်း။
(၆) ခန္တီပါရမီ–သည်းခံခြင်း။
(၇) သစ္စာပါရမီ–သစ္စာပြုခြင်း။
(၈) မေတ္တာပါရမီ–ချစ်ခင်ခြင်း။
(၉) ဥပေက္ခာပါရမီ–လျစ်လျူရှုခြင်း။
(၁၀) ပညာပါရမီ–ဉာဏ်ပညာရှိခြင်း။

ရယ်လို့ ဆယ်ပါးရှိတယ်၊ အဲဒီ ပါရမီဆယ်ပါးကို စုပေါင်း ပြောလိုက်တော့ ယောဂီတို့ နားလည်ကြပါ့မလား။ နားမလည်သေးယင်လဲ တခုစီ ရှင်းလင်းပြောပြမယ်နားထောင်ကြပေတော့။ ယောဂီတို့ကိုယ်တွေ့တရားတွေနဲ့ ဟပ်ပြီးတော့ ဟောပြမယ် နားစိုက်ကြပေတော့။

(၁) ဒါနပါရမီ။ ။ယခုယောဂီတို့မှာ သီလ–သမာဓိ–ပညာ ဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော တရားတော်ကြီးကို ဆောင်ရွက်တော့မယ်ဆိုယင် ဘာတွေများ ယူကြပါသလဲ။ ပန်းတို့ ဖယောင်းတိုင်တို့ ယူလာကြတယ် မဟုတ်လား၊ ယူလာကြယင် အဲဒီ ပန်း ဖယောင်းတိုင်

တို့ကို ဘုရားမှာ လှူဒါန်းကြတယ် မဟုတ်လား။ အဲဒီလို ဘုရားကို လှူလိုက်တော့ ဒါနပါရမီ ဖြစ်သွားတာဘဲမဟုတ်လား၊ အဲဒီလို ဘုရားကို လှူလိုက်တော့ ဒါနပါရမီ ဖြစ်သွားတယ် ယောဂီတို့ရဲ့။ အဲဒီလို ဒါနဖြစ်တော့ ဒါနပါရမီလို့ခေါ်တယ်။အဲဒီလိုယောဂီတို့က သူတပါးကို ပြောပြတော့ သူတပါးက ယခုလို ကမ္မဋ္ဌာန်းသွားဝင်မှ မဟုတ်ပါဘူး။ ကျုပ်တို့လဲ အိမ်မှာနေရင်းနဲ့ အဲဒီလို ဒါနမျိုးတွေ့ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျုပ်တို့အိမ်မှာလဲ ဆီမီး ပန်း ရေချမ်း ဆွမ်း နှင့် နေ့ စဉ် မပြတ် လှူဒါန်းလျက်နေပါတယ်ဆိုတော့ ယောဂီတို့က ဘယ်လိုများပြန်ပြောအုံးမှာလဲ၊ ယခုလို မေးလိုက်တဲ့စကားကတော့ စောဒကလို့ ခေါ်တယ် ယောဂီတို့ ဗမာလိုပြန်လိုက်မယ်ဆိုယင် မင်းတို့ပြောတဲ့ စကားကို ငါတို့ပယ်ချလိုက်တယ်လို့ပြောလိုက်တာပါဘဲ ယောဂီတို့ရဲ့။

ကဲ ဒါဖြင့် ယခုတွင်က ပြောတဲ့ ဒါနပါရမီ နံပါတ်တစ်ဆိုင်းဘုတ်ကြီးပြုတ်သွားတာပေါ့ ယောဂီတို့ ဘယ်လိုပြန်ပြီး ချိတ်ကြမလဲ ကဲ ပြန်ချိတ်လိုက်ကြစမ်း၊ သူတို့ပြောတဲ့စကားတခွန်းက အလွန်ခရီးရောက်တယ် ဘယ်လိုရောက်ပါသလဲဆိုတော့ ယောဂီ ဖြစ်ခင်က ပြုခဲ့သော ဒါနတွေကို ဘာမှ ထည့်လို့မရတော့ဘူးပေါ့၊ ဟိုတုန်းကလှူခဲ့တာတွေ ကျောင်းဆောက်ခဲ့တယ်၊ ဇရပ်ဆောက်ခဲ့တယ်၊ ဘုရားတည်ခဲ့တယ်၊ ရေတွင်း ရေကန် တူးခဲ့တယ်၊ ရှင်ပြု ရဟန်းခံခဲ့တယ်၊ တံတားခင်းခဲ့တာတွေ ပြောမယ်ဆိုယင် မကုန်နိုင်ဘူးပေါ့။ တိုတိုပြောကြစို့ ယခုတွင်က ပြောတဲ့ ဒါနတွေဟာ တခုမှ ပါရမီဝင် မဖြစ်ဘူး၊ စောဒကဝင်တာကိုလဲစိတ်မရှိကြနှင့် ဝင်စရာရှိလို့ ဝင်တာ သို့သော်လဲ ယခု ယောဂီတို့မှာ ကိုယ်တိုင် ဆောင်ရွက်ထားလို့ ရတာ ယခုတွင်က ပြုတ်ကျသွားတဲ့ နံပါတ်တစ် ဆိုင်းဘုတ်ကြီးကို ပြန်ချိတ်လိုက်ကြပေတော့၊ ဘာကြောင့်လဲဆိုတော့ ယောဂီတို့ရဲ့ ရှိနေတဲ့ ယောဂီအားလုံးဟာ ကျန်ယောဂီတို့တွေနဲ့ ထပြီး ချိတ် လိုက်ကြပေါ့။

ယခု ယောဂီတို့မှာ တရားတော်ကို အားထုတ်ပါတော့မယ်ဆိုယင် ဘုရားဆီမှာ ပန်း ဆီမီးတို့ကို လှူတယ်၊ ဒါတွင်မျှမကသေးဘူး မိမိတို့ခန္ဓာ ရုပ်နာမ်နှစ်ပါးကို လှူဒါန်းကြသေးတယ် မဟုတ်လား၊ အဲဒီတော့ ယခုတွင်က ပြောခဲ့တဲ့ ရုပ်နာမ်နှစ်ပါးကို တရားမှ ဆောင်ရွက်ခင်က လှူ

ဒါန်းခြင်းဟာ မလှူဘူးသေးသောဒါနကို ပြုရ လှူရပေပြီ။ ယခုယောဂီတို့မှာ ကမ္ဘာ့ကမ္ဘာက တခါတလေမျှ မပြုဘူးသေးသော ဒါနကို ပြုရသည်၊ အဲဒီလို ဒါနမျိုးမှ ပါရမီဝင်ဒါနပါရမီဖြစ်ပေတယ်။

(၂) သီလပါရမီ။ ။ယခုယောဂီတို့မှာ သီလပါရမီဆိုတာလဲ ရတယ်၊ သီလပါရမီဆိုတာ ယခုယောဂီတို့ ဆောက်တည်နေသောသီလမှ ပါရမီဝင်သီလဖြစ်တယ်လို့ ယောဂီတို့ ပြောကြပေတော့၊ သူတပါးကများ ဝင်၍ အမယ်မင်း ကြီးကျယ်လိုက်တာ ကျုပ်တို့လဲ လပြည့်လကွယ် ရှစ်ရက် သီတင်းမှာလဲ အမြဲတမ်းဆောက်တည်ပါတယ်လို့ ပြောမှာပေါ့၊ အဲဒီလို ကမ္မဋ္ဌာန်းတရားကို အားထုတ်မှသာ သီလပါရမီဖြစ်ထာမဟုတ်ပါဘူး၊ ကျုပ်တို့လဲ သီလပါရမီဖြစ်တာဘဲလို့ စောဒကများ ဝင်လိုက်တော့ ယောဂီတို့ ဘယ်လိုပြန်ပြောအုံးမှာလဲ၊ သီလပါရမီဆိုတဲ့ ဆိုင်းဘုတ်ကြီး ပြုတ်ကျမသွားပေဘူးလား။ ဒါပေမဲ့ ယောဂီတို့ ပြန်ချိတ်လိုက်ကြစမ်း။ ဘာကြောင့် ပြန်ချိတ်ရမလဲဆိုတော့ဆောက်တည်ထားတဲ့ယောဂီတို့သီလဟာ နောက်က ပြောခဲ့တဲ့သီလလေးမျိုးထဲမှာ ဓမ္မတာဆိုတဲ့ သီလသုံးမျိုးထဲမှမဟုတ်ပါဘဲနဲ့၊ နိဗ္ဗေဓဘာဂိယသီလ(ဝါ)အဓိသီလ(ဝါ)သီလဝိသုဒ္ဓိ(ဝါ)ဣန္ဒြိယသံဝရသီလတွေဖြစ်တယ်မဟုတ်လား၊ ဒီလို အလွန်အလွန် စင်ကြယ်သော သီလဖြစ်ခြင်းကြောင့် ပါရမီဝင်သီလ၊ သီလပါရမီလို့ ခေါ်ပါတယ်။

(၃) နိက္ခမပါရမီ။ ။ယခုဟာရမှာကတော့နိက္ခမပါရမီဖြစ်တယ်၊ ယောဂီတို့မှာ နိက္ခမဆိုတဲ့ ပါရမီကို ရသွားကြပြီ။ နိက္ခမဆိုတာက တော့ တောထွက်ခြင်းကို ခေါ်တယ်၊ ယခု ယောဂီတို့မှာ တောထွက်၍ လာရသည့်အတွက် နိက္ခမပါရမီတပါး ရကြခြင်း ဖြစ်တယ်၊ အဲဒီတော့ အချို့လူများက ငါတို့လဲ ရှစ်ရက်သီတင်း လပြည့် လကွယ် မှာ ယခုလို နိက္ခမပါရမီဆိုတဲ့အတိုင်း ငါတို့လဲရတယ် သူတို့လို ကမ္မဋ္ဌာန်းတရား အားထုတ်မှ မဟုတ်ပါဘူးလို့ စောဒက ဝင်လိုက်ယင် ယောဂီတို့ ဘယ်လိုများ ပြန်ပြောအုံးမလဲ။

ပြီးတော့လဲ အချို့ကပြောသေးတယ် နိက္ခမပါရမီဆိုတာ တောထွက်တာကိုဆိုပါလျက်နဲ့ ယောဂီတို့ထွက်တဲ့တောက ဝါးတောလဲမဟုတ် သစ်တောလဲမဟုတ်၊ အိမ်တွေ ဈေးတွေအနီးမှာသာ တွေ့နေတယ်။ ဒါကို

များ တောထွက်တယ်ဆိုတာ အံ့ဩပါသေးရဲ့လို့ ပြောသေးတယ်။ အဲဒီလို ပြောတော့ ယောဂီတို့ ဘယ်လိုများ ဖြေရှင်းကြအုံးမလဲ၊ ယခုတွင်က ပြောတဲ့ နိက္ခမပါရမီ ဆိုင်းဘုတ်ကြီး ပြုတ်ကျ မသွားသေးဘူးလား။ ဒါပေမဲ့ ယောဂီတို့ပြန်ချိတ်လိုက်ကြဖမ်း၊ ဘာကြောင့်လဲဆိုတော့ နိက္ခမပါရမီဆိုတာ တောထွက်တာကို ခေါ်တာယ်။ ယောဂီတို့ ထွက်လာတဲ့တောက သစ်တော ဝါးတောကို ထွက်တာမဟုတ်၊ မိမိရုပ်နာမ်နှစ်ပါးပေါ်တွင် ရှိသော လောဘတော, ဒေါသတော, မောဟတော, မာနတော, တဏှာတော, ဒိဋ္ဌိတောတို့ကို ယောဂီများ ထွက်တာဖြစ်တယ်၊ အဲဒီ တောထွက်တာ အရိယာများမှ မြင်နိုင်တဲ့အရာဖြစ်တယ်။ အဲဒီလို တောကို ထွက်ရခြင်းဟာ မဂ္ဂင်ဝင် ပါရမီ ဖြစ်ခြင်းကြောင့် အဲဒါမှ နိက္ခမပါရမီလို့ ခေါ်ပါတယ်။

(၄) အဓိဋ္ဌာန်ပါရမီ။ ။ယခု ဟောရမှာကတော့ အဓိဋ္ဌာန်ပါရမီဖြစ်တယ်၊ အဓိဋ္ဌာန်ပါရမီဆိုတာကတော့ ယခုယောဂီတို့မှာ ဘုရားဆီမှာ သီလကိုယူ၊ တရားတော်ကို ဆောင်ရွက်ပြီးသော့ ထို ခုနစ်ရက် အတွင်း ဘယ်ကိုမှ မသွားပါဘူးလို့ အဓိဋ္ဌာန်မထားကြရဘူးလား အဲဒီလို ထားရခြင်းကြောင့် အဓိဋ္ဌာန်ပါရမီလို့ ခေါ်တယ်။ အဲဒီ အဓိဋ္ဌာန်ပါရမီကိုတော့ စောဒက တက်ဖရာမရှိလို့ စောဒက မတက်နိုင်တော့ဘူးပေါ့။ အဲဒီလို ယခုတော့ အားလုံးဘဲ ဘယ်လိုမှ မသွားတာကို မြင်ယင် ဟုတ်ပါပေတယ်မှန်ပါပေတယ် အားလုံးဘဲပြောကြတယ်၊ အဲဒါကြောင့်အဓိဋ္ဌာန်ပါရမီဆိုတဲ့ လေးနံပါတ်ဆိုင်းဘုတ်ကြီး ပြုတ်မကျတော့ဘူးပေါ့၊ အဲဒါကြောင့် ချိတ်မြဲတိုင်း ချိတ်ထားလိုက်ကြပေတော့။

(၅) ဝီရိယပါရမီ။ ။ယခုဟောရမဲ့ ပါရမီကတော့ ဝီရိယပါရမီဖြစ်တယ်။ ဝီရိယပါရမီဆိုတာ မိမိတို့သည် တရားတော်ကို ဆောင်ရွက်တော့ တနာရီပြီးရင်တနာရီဆက်ပြီး အားထုတ်ရမယ်လို့ အမြဲတမ်း စိတ်မှာမထားကြဘူးလား။ အဲဒီလို ထားရခြင်းကြောင့် ဝီရိယပါရမီလို့ ခေါ်တယ် ယောဂီတို့။ အိမ်မှာ နေစဉ်တုန်းက ဘယ်မှာအခုလို နာရီကို သတိပြုနိုင်ပါမလဲ။ အဲဒါကြောင့် စောဒကများကလဲ မဝင်တော့ဘူး စောဒက မဝင်နိုင်ခြင်းကြောင့် ယခုတွင်က ချိတ်ထားတဲ့ နံပါတ်(၁) ဝီရိယပါရမီဆိုင်းဘုတ်ကြီးဟာ ပြုတ်ကျ မသွားတော့ဘူးပေါ့ ယောဂီတို့ ချိတ်မြဲတိုင်း ချိတ်ထားကြပေတော့။

(၆) ခန္တိပါရမီ။ ။ယောဂီတို့ ဟိုနေ့ကဟောခဲ့တဲ့ ဘုရားတွေကို မှတ်မိကြတယ် မဟုတ်လား။ ပါရမီ ငါးပါး ရှိသွားပြီ၊ ယခုတော့ ခန္တိပါရမီကို ဟောရမယ်။ ခန္တိပါရမီဆိုတာ သည်းခံတာကို ခေါ်တယ်၊ အဲဒီလိုသည်းခံယင်ခန္တိပါရမီဖြစ်တယ်လို့ ယောဂီတို့က ပြောလိုက်တော့ သူတပါးက အမယ်မင်းယောဂီတွေဘုရားလေး အားထုတ်ရုံနဲ့ ခန္တိပါရမီဖြစ်သတဲ့ အံ့သြပါရဲ့ ကျုပ်တို့လဲ တရား အားမထုတ်ပေမဲ့ သည်းခံတတ်ပါတယ်၊ ဒါကြောင့် ခန္တိပါရမီဆိုတာ ကျုပ်တို့မှာလဲ ဖြစ်ပါတယ် လို့ မျှား စောဒက ဝင်လိုက်ယင် ယောဂီတို့ ဘယ်လို ပြန်ပြောကြအုံးမလဲ၊ ခြောက်နံပါတ်ဖြစ်တဲ့ ခန္တိပါရမီ ဆိုင်းဘုတ်ကြီး ပြုတ်ကျ မသွားပေဘူးလား၊ ဒါပေမဲ့ ယောဂီတို့ ပြန်ချိတ်လိုက်ကြစမ်း၊ သူတို့သည်းခံတာကို ဘုရားကတော့ ချီးမွမ်းပါရဲ့ ဘာကြောင့်လဲဆိုတော့ ဒေါသကို သိမ်းဆည်းလို့ပေါ့။

သို့သော်လဲ ယခုလို သည်းခံခြင်းကတော့ ခန္ဓာကိုယ်မှာ မထိခိုက်ခြင်းကြောင့် ဗဟိဒ္ဓမှာ သည်းခံခြင်းမို့ ဘုရား၏အလိုတော်ကျ ပြည့်ဝမှု မရှိသေးဘူးတဲ့၊ ယောဂီတို့မှာ တရားတော်ကို ကိုယ်တိုင် ဆောင်ရွက်အားထုတ်ရခြင်းကြောင့် အဇ္ဈတ္တမှာ သည်းခံခြင်းဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ တရားတော်ကို အားထုတ်ပါတော့မယ်ဆိုယင် မိမိ၏ရုပ်နာမ်နှစ်ပါးကို ဘုရားမှာ လှူဒါန်းပြီးတော့ ထို တနာရီအတွင်းမှာ အရိုးကြေကြေ အရေခမ်းခမ်း ဘယ်လောက်ပင် နာကျင်ကိုက်ခဲစေကာမူ မလှုပ်မယှက်ဘဲ ယောဂီတို့ သည်းခံကြတယ်မဟုတ်လား၊ ဤသို့ သည်းခံခြင်းဟာ ဘုရား၏ အလိုတော်ကျ အဇ္ဈတ္တမှာ သည်းခံခြင်းမို့လို့ ခန္တိပါရမီဖြစ်တယ်။ အဲဒါကြောင့်ယခုတွင်က ပြုတ်ကျသွားတဲ့ ခန္တိပါရမီ ခြောက်နံပါတ်ဆိုင်းဘုတ်ကို ပြန်ချိတ်လိုက်ကြပေတော့။ သို့ကြောင့် ယခုယောဂီတို့မှာ ခန္တိပါရမီတပါး ရကြပေ၏။

(၇) သစ္စာပါရမီ။ ။ကဲယောဂီတို့ပါရမီခြောက်မျိုးကိုတော့ သိကြပြီ မဟုတ်လား၊ မမေ့အောင် မှတ်ထားကြတာပေါ့၊ ယခုဟောရမှာကတော့ သစ္စာပါရမီ ဖြစ်တယ်၊ သစ္စာပါရမီ ဆိုတာ ကတော့ ယခု ယောဂီတို့မှာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သီလ, သမာဓိ, ပညာ ဆိုတဲ့ တရားတော်ကို အားထုတ်ပါတော့မယ်လို့ ဆိုကတည်းက ဘုရား ဆီ မှာ

တပည့်တော်တို့သည် တနင်္ဂနွေအဘွင်း၌ မဘုန်မသွပ်ဘဲနှင့် တဦးချား ကို အားထုတ်ပါတော့မယ်လို့ သစ္စာစကားကိုဆို၍ ထားရသေးတယ်မဟုတ်လား။ ဒါ့ဘွင်မျှမကသေးဘူး တရားတော်ကို တနင်္ဂနွေဆောင်ရွက်ပြီး ထလာတဲ့အခါကျတော့ ဆရာကဘဲမေးမေး သူတပါးကဘဲမေးမေး မဟုတ်တာတွေကို မပြောတော့ဘူးပေါ့။ အဲဒီလို မှန်သောစကားကို ဆိုရခြင်းကြောင့် သစ္စာပါရမီလို့ခေါ်ပေ၏။ ယောဂီများကပြောတော့ စောဒကဆရာများက ဘယ်လိုများ ပြန်ပြောမလဲဆိုတော့ ကမ္မဋ္ဌာန်း တရား ကို အားထုတ်မှ သစ္စာပါရမီဖြစ်ထာ မဟုတ်ပါဘူး၊ ကျုပ်တို့လဲ အိမ် မှာ နေပေမဲ့ သူတပါးတို့အား လိမ်ညာလှည့်ပတ်သောစကားကို ပြောဆိုလေ့မရှိပါ။ အဲဒီလို ကျုပ်တို့လဲ မှန်တာကိုသာပြောဆိုခြင်းကြောင့် ကျုပ်တို့လဲ သစ္စာပါရမီကိုရပါတယ်လို့များ စောဒကဝင် ပြောလိုက်ယင် ယောဂီတို့သည် ဘယ်လိုများ ပြန်ပြောကြအုံးမလဲ၊ ခုနစ်နံပါတ်ဖြစ်တဲ့သစ္စာပါရမီ ဆိုင်းဘုတ်ကြီးက ပြုတ်ကျမသွားပေဘူးလား။

ဒါပေမဲ့ ယောဂီတို့ရဲ့ ပြန်ချိတ်လိုက်ကြစမ်း၊ ဘာဖြစ်လို့လဲ ဆိုတော့ ယောဂီတို့မှာ ဘုရားရှင် ဆုံးမတော်မူတဲ့အတိုင်း လိုက်နာ ဆောင်ရွက်ခြင်းကြောင့် သီလတွေ့ သမာဓိတွေ့ ပညာတွေဖြစ်လို့ သစ္စာပါရမီ တခုဖြစ်ပါပေ၏။ စောဒကဝင်သော ပုဂ္ဂိုလ်တို့မှာ ရှစ်ပါးသီလကိုလဲ အမြဲ မထိန်းနိုင်၊ သမာဓိဆိုတဲ့တရားကိုလဲမကျင့်၊ စိတ်ကိုလဲမဆုံးမခြင်းကြောင့် စောဒကဝင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သစ္စာပါရမီမှာ သာမည သစ္စာပါရမီသာ ဖြစ်ပေတယ်။ ယခု ယောဂီတို့မှာ တရားတော်ကို ဆောင်ရွက်၍နေရခြင်း ကြောင့် တခွန်းတပါဒမျှ မပေါက်ကြားရအောင် မှန်သော သစ္စာစကား ကို ပြောဆို၍နေရခြင်း အဖြစ်ကြောင့် ပြုတ်ကျသွားတဲ့ သစ္စာပါရမီ ခုနစ် နံပါတ် ဆိုင်းဘုတ်ကြီးကို ပြန်ချိတ်လိုက်ကြပေတော့၊ သို့ကြောင့် ယောဂီ တို့မှာ သစ္စာပါရမီဆိုတာ တပါးရပါပေတယ်။

(၈) မေတ္တာပါရမီ။ ။ယခုဟောရမဲ့တရားကတော့ မေတ္တာ ပါရမီဖြစ်တယ်၊ မေတ္တာပါရမီဆိုတာကိုတော့ တရားတော်ကို ဆောင်ရွက် သော ပုဂ္ဂိုလ်မှ ရနိုင်ပေတယ်လို့ မှတ်လိုက်ကြ၊ အဲဒီလိုသာ ယောဂီတို့က သူတပါးကို ပြောလိုက်တော့ သူတပါးက သင်တို့လို ကမ္မဋ္ဌာန်း တရား အားထုတ်ပါမှ မေတ္တာပါရမီဖြစ်တာ မဟုတ်ပါဘူး၊ ကျုပ်တို့လဲ အိမ်မှာ

နေရင်းနဲ့ နေ့တိုင်း မေတ္တာပို့တယ်၊ အဲဒီလို မေတ္တာ ပို့ရခြင်းကြောင့် ကျုပ်တို့လဲ မေတ္တာပါရမီဖြစ်ပါဘယ်လို့ ပြောဘော့ ယခုဘွင်က ရှစ်နံ ပါတ်ဖြစ်တဲ့ မေတ္တာပါရမီ ဆိုင်း ဘုတ် ကြီး ပြုတ်ကျ မသွား ပေ ဘူး လား။

ဒါပေမဲ့ ယောဂီတို့ပြန်ချိတ်လိုက်ကြစမ်း၊ ဘာကြောင့်လဲဆိုတော့ ယခုယောဂီတို့မှာ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ရခြင်းကြောင့် ဘယ် လို များ အားထုတ်ရပါသလဲဆိုတော့ တနာရီပြီးလျှင်တနာရီ အားထုတ်လို့ တနေ့မှာ ရှစ်ကြိမ် အားထုတ်ရပါတယ်။ အဲဒါကြောင့် တရားတနာရီဝင် တဲ့အချိန်ကျတော့ အဝင်တကြိမ်မှာ ပို့ရတဲ့မေတ္တာတရား၊အထွက်တွင် ပို့ ရတဲ့မေတ္တာတရား တနာရီမှာ အဲဒီလို ယောဂီတို့မှာ မေတ္တာနှစ်ကြိမ်ပို့ရ တယ်မဟုတ်လား၊ တနေ့ရှစ်နာရီဆိုတော့ မေတ္တာပို့တာဆဲ့ခြောက်ကြိမ် ဖြစ်လေတယ်။ ဒါကြောင့် ယောဂီတို့ပေးပို့သော မေတ္တာသာ ပါရမီဝင် ဖြစ်တယ်။ ယခုတွင်က ပြောခဲ့တဲ့ စာဒကသမား ပို့တဲ့ မေတ္တာကတော့ တနေ့လျှင် အလွန်ဆုံး နှစ်ကြိမ်ဘဲရှိမှာ။

အဲဒီ နှစ်ကြိမ်ကလဲ အလွန်ဆုံး အကောင်းဆုံး ဝီရိယအရှိဆုံးမှ နံနက် ဘုရားရှိခိုးတဲ့အခါတကြိမ်၊ ည အိပ်ရာဝင်တကြိမ်၊ အဲဒီလို ဝီရိယ အကောင်းဆုံး ပုဂ္ဂိုလ်မှ တနေ့နှစ်ကြိမ်ပို့မယ်၊ တချို့များမှာဆိုယင် ဝေ ယျာဝစ္စ ရှိသမျှအလုပ်တွေကို လုပ်ကိုင်နေရခြင်းကြောင့် နံနက်စောစော လဲ ဘုရားပုထိုး ရှိမခိုးနိုင်၊ အဲဒီလို ရှိမခိုးနိုင်မှုဖြင့် ဘယ်မှာ မေတ္တာပို့နိုင် တော့မလဲ၊ ညကျတော့လဲ လောဘ ဒေါသ မောဟတွေ ဖုံးလွှမ်းနေ၍ ဘုရားရှိမခိုးနိုင် မေတ္တာမပို့နိုင်၊ ယခုယောဂီတို့မှာတော့ ဘုရားလဲ နေ့စဉ် ရှိခိုး၊ မေတ္တာလဲတနေ့ ဆယ့်ခြောက်ကြိမ် ပို့ရသည့်အတွက် ပြုတ်ကျတဲ့ မေတ္တာပါရမီ ဆိုင်းဘုတ်ကြီးကို ပြန်ချိတ်လိုက်ကြပါ။ ဒါကြောင့် ယခု ယောဂီတို့မှာမေတ္တာပါရမီတပါးရကြပြန်ပေ၏။

(၉) ဥပေက္ခာပါရမီ။ ။ယခုဟောရမှာကတော့ ဥပေက္ခာပါ ရမီဖြစ်တယ်၊ ဥပေက္ခာပါရမီဆိုတာကတော့ သာမညဖြစ်နိုင်တာ မဟုတ် ဘူး ယောဂီတို့ရဲ့၊ ဘာကြောင့်လဲ ဆိုတော့ မြတ်စွာဘုရားသခင် ကိုယ် တော်မြတ်ကြီးက ဟောတော်မူတယ်၊ ဘယ်လိုများ ဟောတော်မူပါသလဲ

ဆိုတော့ အားလုံးလူပုဂ္ဂိုလ်တို့မှာ ဗြဟ္မစိုရ်တရား လေးပါး ရှိရမယ် လို့ ဟောတော်မူတယ်။ ဗြဟ္မစိုရ်တရားလေးပါးဆိုတာကတော့–

(၁) မေတ္တာ
(၂) ကရုဏာ
(၃) မုဒိတာ
(၄) ဥပေက္ခာ

ရယ်လို့ လေးမျိုး ဟောထားတယ်၊ ဒီလေးမျိုးကိုတော့ မိမိတို့ အလို အလျောက် နေကြတော့ ဖြစ်တယ်လို့ ထင်ကြတယ်။မှတ်ကျောက်တင်လို့ မို့ စစ်တမ်းတွေထုတ်လိုက်တော့ ဘယ်မှာလဲ လေးပါးသော ဗြဟ္မစိုရ်၊ ဖြစ် နိုင်ကြပါ့မလား ယောဂီတို့ရယ်။

### မေတ္တာ

ကဲ ယခုမေးမယ် ယောဂီတို့၊ တရားဘော်ကို အားမထုတ်ခင်တုန်း ကတော့ မေတ္တာဆိုတာ လူတိုင်းမှာရှိတယ်လို့ ပြောကြတယ်။ စစ်တမ်း ထုတ်ကြည့်လိုက်တော့ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော ဝေနေယျ အပေါင်းတို့ ကျန်းမာ ချမ်းသာကြပစေလို့ ပါးစပ်ကပို့တဲ့ မေတ္တာဟာ သုံးဆယ့်တဘုံလို့တော့ ဆိုပါရဲ့ ငါတို့နဲ့မခေါ်တဲ့ ငါတို့ အိမ်နားက မောင်တုတ် မပါလို့ ပို့ကြတဲ့မေတ္တာဖြစ်တယ်၊ အဲဒီလိုပို့တော့ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောထားတာနဲ့ လွဲမနေပေဘူးလား၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ သုခိတ,ဒုက္ခိတ သတ္တဝါ အပေါင်းတို့ကို ကျန်းမာပါစေ ချမ်းသာပါစေဆိုတဲ့ ကောင်းမြတ် တဲ့ စေတနာကိုသာ မေတ္တာဆိုဒါ။ထိုမေတ္တာအစစ်ဆိုတာကိုသာဘုရားက ချီး မွမ်းတော်မူတယ်၊ အဲဒါကတော့ ဗြဟ္မစိုရ်တရားလေးပါးထဲမှ နံပါတ်–၁ ဖြစ်တဲ့ မေတ္တာလို့ခေါ်ပေတယ်။

### ကရုဏာ

ကရုဏာဆိုတာကတော့ ဝေနေယျသတ္တဝါအများကိုသနားရမယ် လို့ ဟောတော်မူတယ်၊ ယခု အချို့သော ပုဂ္ဂိုလ်များက ဘယ်လိုများ

ပြောကြပါသလဲ ဆိုယင် ကျုပ်တို့လဲကရုဏာရှိပါတယ်လို့ ပြောကြတယ်။ ယခုကြားရတာကတော့ ဆင်းရဲတဲ့ပုဂ္ဂိုလ်များကိုတွေ့တဲ့အခါ မသနားတဲ့ အပြင် စုတ်စုတ်ပြတ်ပြတ်နေလိုက်တာလို့ ကဲ့ရဲ့သင့်ပုဏ္ဏ စ ကား တင်း ဆို ကြသေးတယ်။ အဲဒီလို ပြောလိုက်တော့ ဘုရားဟောနဲ့ လွဲမနေပေဘူး လား။

## မုဒိတာ

မုဒိတာဆိုတာကတော့ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး က ဝေနေယျသတ္တဝါအပေါင်းတို့ ကျန်းမာ ချမ်းသာလို့ ရှိကြယင် ဝမ်း မြောက်ကြရမယ်လို့ ဟောတော်မူတယ်။ ယခုတော့ အချို့သောပုဂ္ဂိုလ် များက ဘယ်လိုများ ပြောကြသလဲဆိုတော့ ချမ်းသာသော ပုဂ္ဂိုလ်များ ကို တွေ့ခဲ့သည်ရှိသော် ဝမ်းမမြောက်ပါဘဲနဲ့ ဒီအကောင်က သွေးကြီး တယ်၊ ဒီကောင်မက သွေးကြီးတယ်လို့ ပြောကြသေးတယ်၊ အဲဒီလိုပြော ကြတော့ ဘယ်မှာ ကရုဏာဖြစ်ကြမလဲ ယောဂီတို့ရဲ့။ ဒါတွင်မျှမကသေး ဘူး ဥပေက္ခာဆိုတဲ့ တရား ကတော့ အပြောလွယ်ပါရဲ့ အမှန်အစစ် ဥပေက္ခာဖြစ်ဘို့ကတော့ ခဲယဉ်းတယ်။ ယခု အချို့ ပုဂ္ဂိုလ်များကတော့ ပြောကြတယ်၊ ဥပေက္ခာတရားဆိုတာ ဖားကိုမြွေက ကိုက်တော့ ချောက် လှန့်လို့ မရဒါနဲ့ မတက်နိုင်တော့ပါဘူးလို့ ပစ်ထားလိုက်တယ်၊ အဲဒါ ဥပေက္ခာတရားဘဲလို့ ပြောကြတယ်၊ မိမိ ဘို မြွေကချွား ကိုက်လိုက်တော့ ဥပေက္ခာတရားလို့ ပြောနိုင်ကြပါ့မလား၊ အချို့ကတော့ ပြောကြသေး တယ်၊ ပြောဆို၍ မနိုင်တဲ့ ပုဂ္ဂိုလ်ကျပြန်တော့လဲ မတတ်နိုင် တော့ ဘူး ဥပေက္ခာတရားဘဲလို့ ပြောကြသေးတယ်။ အဲဒီဥပေက္ခာကတော့ ဥပေက္ခာ စစ်မဟုတ်သေးဘူး၊ ယခုယောဂီတို့မှာ ပြဟ္မစိုရ်တရား အစစ်ကို ရကြတယ်။

ကဲ ယခု ပြောပြမယ် နားထောင်လိုက်ကြပေတော့၊ ယခု ယောဂီ တို့မှာ သတ္တဝါအပေါင်းတို့ ကျန်းမာ ချမ်းသာ၍ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ သီလ သမာဓိ ပညာ ဆိုတဲ့ တရား တော်မြတ်ကြီးကို ဆောင်ရွက်အားထုတ်နိုင်ကြပါစေလို့ မေတ္တာ ပို့ ကြ တယ်မဟုတ်လား၊ အဲဒီလို ယောဂီတို့ ပေးပို့တဲ့မေတ္တာမှာ ဘုရား၏အလို

တော်ကျဖြစ်တယ်၊ မေတ္တာစစ် ဖြစ်တယ် ယောဂီတို့ရဲ့၊ မှတ်ထားကြပေတော့။ ယခု မေတ္တာပါရမီ ဆိုတာကတော့ ယောဂီတို့ ရကြပြီးပြီ၊ ကရုဏာ ဆိုတာကလဲ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက သတ္တဝါအများကို ဆင်းရဲဒုက္ခရောက်နေသော ပုဂ္ဂိုလ်တွေမှ သနားရမယ်လို့ ဟောတော်မူတယ်၊ ယခု ယောဂီအချို့ကတော့ ဆင်းရဲတဲ့ ပုဂ္ဂိုလ်များကို တွေ့ ယင်မသနားတဲ့ပြင် ကဲ့ရဲ့ကြသေးတယ်၊ ယခုလို ကဲ့ရဲ့တော့ ဘယ်မှာ ဘုရားရဲ့ ကရုဏာမျိုး ဖြစ်နိုင်မလဲ။

အေး ယခုတော့ယောဂီတို့မှာ ဝေနေယျသတ္တဝါအပေါင်း ကျန်းမာ၍ ချမ်းသာပါစေ၊ တရားတော်ကို မဆောင်ရွက်နိုင်တာ မြင်တော့ အလွန်တရာမှ သနားတတ်ခြင်းကြောင့် ဘုရားဟော အလိုကျ ကရုဏာစစ်ကို ရတယ်၊ သို့ကြောင့် မုဒိတာဆိုတာကတော့ မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူတပါး ကျန်းမာချမ်းသာတာကို တွေ့မြင်ရယင် ဝမ်းသာရမယ်လို့ ဟောတော်မူတယ်။ မစ္ဆရိယ တရားယုတ်ဖြင့် မနာလိုဝန်တိုစိတ်မရှိရဘူးတဲ့၊ သီလ, သမာဓိ, ပညာ ဆိုတဲ့ တရားတော်ကြီးကို ဆောင်ရွက် အားထုတ်နေသောသူများကို တွေ့မြင်ရယင်လဲ ယောဂီတို့မှာ အလွန်တရာမှ ဝမ်းသာမှုဖြင့် သာဓုခေါ်ရမယ်၊ ဒါမှသာလျှင် မြတ်စွာဘုရား အလိုတော်ကျတရားတပါးကို ရပေတယ်။ သို့ကြောင့်ယောဂီတို့မှာ ဗြဟ္မစိုရ်တရား လေးပါးအနက် သုံးပါးကို တွေ့ကြရပြီ။ မှတ် ထား ကြ ယောဂီတို့။

## ဥပေက္ခာ

ယခု ဟောရမှာကတော့ ဥပေက္ခာတရားဖြစ်တယ်၊ ဥပေက္ခာတရားဆိုတာကတော့ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လျစ်လျူရှုတာကို ခေါ်တယ်လို့ ဟောတော်မူတယ်၊ ယခုတော့ တချို့ သောပုဂ္ဂိုလ်များက မိမိရဲ့ ခန္ဓာကိုယ်ပေါ်၌ ဥပေက္ခာတရားအားဖြင့် မထားပါမူ၍ တောင့်တခြင်း ကြောင့်ကြခြင်းဆိုတဲ့ နီဝရဏတရားတို့ကို ဖုံးလွှမ်းထားလိုက်တာက နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သီလ, သမာဓိ, ပညာဟု ဆိုအပ်သော တရားတော်တို့ကိုတောင် တနာရီမျှ အညောင်း မခံနိုင်ဘဲ

ကြောင့်ကြနေတဲ့ သဘောတရားတွေကြောင့် ထိုပုဂ္ဂိုလ်အပေါ်၌ ဘယ်မှာ ဥပေက္ခာစစ်ဖြစ်နိုင်မလဲ။ယောဂီတို့မှာတော့ မိမိတို့ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပျက်ချင်သလိုပျက် ဖြစ်ချင်သလိုဖြစ် သူ့သဘောသူဆောင်၍နေသော တရားသဘောတို့ကို ဥပေက္ခာအားဖြင့် လျစ်လျူရှုထားရခြင်းကြောင့် ယောဂီတို့မှာ မြတ်စွာဘုရားအလိုတော်ကျ ဥပေက္ခာတရား ဖြစ်ကြပေတယ်။

သို့ကြောင့် ယောဂီတို့မှာ ဗြဟ္မစိုရ်တရား လေးပါးတို့ကိုလဲ ရကြပေပြီ၊ မှတ်ထားကြပေတော့ ယောဂီတို့ရဲ့၊ လိမ်မာခြင်းကင်း ဆင်းရဲအားရ ကြွယ်ဝမနာလို ကိုယ့်ထက်သာတော့ မကြိုက်တတ်တဲ့ အမိုက်တရားတွေကို ဗြဟ္မစိုရ်မဟုတ်ဘူး ဗြဟ္မခြောက်လို့ခေါ်တယ်။ ယခုယောဂီတို့မှာ ဗြဟ္မခြောက်တွေ ပျောက်လို့ ဗြဟ္မစိုရ်ဝင်ရောက်ပြည့်ဝနေကြပေပြီ၊ မိမိခန္ဓာကိုယ် ရုပ်နာမ်နှစ်ပါးကို ဥပေက္ခာအားဖြင့် စွန့်လွှတ်ပြီးတော့ တရားတော်ကို အားထုတ်ရခြင်းအဖြစ်ကြောင့် ဥပေက္ခာပါရမီလို့ ခေါ်ပေ၏။ ဒါကြောင့် ယောဂီတို့ရဲ့ ယခုတွင်က ချိတ်ထားတဲ့ နံပါတ်-၉ ဆိုင်းဘုတ်ကြီးကို ချိဘ်မြဲတိုင်းချိတ်ထားလိုက်ကြပေတော့။

(၁၀) ပညာပါရမီ။ ။ယခုဟောရမှာကတော့ ပညာပါရမီဖြစ်တယ်၊ ပညာပါရမီ ဆိုတာကတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သစ္စာလေးတန် ရုပ်နှင့်နာမ်ကို ကေန်အမှန် ပိုင်းခြား၍ သိမှုသာလျှင် ပညာလို့ ဟောတော်မူတယ်။ သစ္စာလေးတန် ဆိုတာကတော့–

(၁) ဒုက္ခသစ္စာ
(၂) သမုဒယသစ္စာ
(၃) နိရောဓသစ္စာ
(၄) မဂ္ဂသစ္စာ

ရယ်လို့ သစ္စာလေးပါးဖြစ်တယ်၊ သို့သော်လဲ ယောဂီတို့ သတိနဲနဲပြုလိုက်ကြစမ်း။ ရုပ်နဲ့နာမ်ကွဲတယ်ဆိုတာကလဲ့ ပရိယတ်ကွဲတာကတမျိုး၊ သီလသမာဓိ ကွဲတာကတမျိုး၊ ဝိပဿနာ ပညာဉာဏ်နှင့် ကွဲတာကတပျိုးရယ်

လို့ ရုပ်နာမ်ကွဲပုံသုံးမျိုးရှိပေတယ်၊ ဒါကြောင့် ယောဂီတို့မှာ ရုပ်နာမ်ကွဲသုံးမျိုးကိုလဲ သိထားကြပေပြီ၊ ယခုဘော့ယောဂီတို့တွေ့တဲ့ ရတဲ့ မြင်တဲ့ ရုပ်နာမ်ကွဲပုံက ဤကားရုပ်, ဤကားနာမ်လို့ ဘုရား၏ အလိုတော်ကျ အတိုင်း နာမရူပပရိစ္ဆေဒဉာဏ်ကို ရခြင်းကြောင့် ပညာပါရမီလို့ ခေါ်ပါပေ၏။ ယခုတွင်က ချိတ်ဘားတဲ့ ဆယ်နံပါတ်ဆိုင်းဘုတ်ကြီးကိုလဲ ချိတ်မြဲတိုင်း ချိတ်ထားလိုက်ပေတော့ ယောဂီတို့။

သမထခန်းပြီး၏။

# ဝိပဿနာခန်း

ယောဂီတို့ ယနေ့တော့ ဝိပဿနာ ရောက်လာကြပြီ မဟုတ်လား။

မှန်လှပါဘုရား။

အဲဒါကြောင့် ယခုတော့ မဂ္ဂင်ရှစ်ပါး ပြည့်သောနေ့ ဖြစ်တယ် ယောဂီတို့ရဲ့။

မှန်ပါ အမိန့်ရှိတော်မူပါ ဘုရား။

ဘာကြောင့် မဂ္ဂင်ရှစ်ပါး ပြည့်ပါသလဲဆိုတော့ ဟိုနေ့က အားထုတ်ခဲ့တဲ့ သီလ မဂ္ဂင်က သုံးပါးရခဲ့တယ် မဟုတ်လား ယောဂီတို့ရဲ့။

မှန်ပါ–ရခဲ့ပါတယ်ဘုရား။

ပြီးတော့လဲ သီလတင် ဆောက်တည်ခဲ့ကြသလား ဆိုတော့ မဟုတ်သေးဘူး၊ သမာဓိကိုလဲ ထူထောင်ကြတယ် မဟုတ်လား၊ အဲဒါကြောင့် သမာဓိမဂ္ဂင်ကလဲ သုံးပါးရတယ် ယောဂီတို့ရဲ့။

မှန်ပါ–ရကြောင်းပါဘုရား။

အဲဒီတော့ ဟိုနေ့က အားထုတ်ခဲ့လို့ ရတဲ့ မဂ္ဂင်က သီလမဂ္ဂင်သုံးပါး သမာဓိမဂ္ဂင်ကသုံးပါးရတယ် ယောဂီတို့ရဲ့။ အဲဒီတော့သီလမဂ္ဂင်သုံးပါးနှင့် သမာဓိမဂ္ဂင် သုံးပါး ပေါင်းလိုက်တော့ ဘယ်နှစ်ပါး ရကြသလဲ ယောဂီတို့ရဲ့။

ခြောက်ပါး ရကြောင်းပါ ဘုရား။

အဲဟိုနေ့က မဂ္ဂင် ခြောက်ပါးရတာ၊ ယနေ့တော့ ပညာစခန်း ရောက်လာတော့ ဝိပဿနာ ပညာမဂ္ဂင်ကနှစ်ပါး ဖြစ်တယ်၊ ဒါကြောင့် ယနေ့ မဂ္ဂင်ရှစ်ပါး ပြည့်သောနေ့ဖြစ်တယ် ယောဂီတို့ရဲ့။

မှန်ပါဘုရား။

ဒါပေမဲ့ ဆရာက ရတယ်ဆိုရုံနဲ့ ယုံရမှာလား၊ ဘယ်လိုမှ ရသလဲ ဆိုတော့ အားထုတ်မှရတယ်၊ ဒါပေမဲ့ အားထုတ်လို့လဲရတယ်၊ အားထုတ် လို့လဲ ကိုယ်တိုင်သိတယ်၊ ဆရာကလဲ ဟောပြမယ်ဆိုယင် ယောဂီတို့မှာ အများကြီး နားလည်ကြရမယ်၊ ဒါကြောင့်မို့ ယခု မယ်တော်ကြီးက ယောဂီတို့ အားထုတ်လို့ရတာကို ဟောပြမယ် နားထောင်ကြ၊ သတိပြု ကြ၊ မှတ်ထားကြ၊ ခန္ဓာကိုယ်မှာ စိုက်နာကြ၊ ကိုယ်တွေ့နှင့် ဟပ်နာကြ၊ ဘုရားဟောဒေသနာနှင့် မိမိကိုယ်တိုင် အားထုတ်လို့ ခန္ဓာကိုယ်တွင်းမှာ တွေ့တာနဲ့ ဆရာက ဟောပြတာနဲ့ ကိုက်ညီမှ မှန်တယ် ဟုတ်ဘယ်လို့ မှတ်ကြ၊ မကိုက်ညီသေးဘူးဆိုယင် အမှန် မရကြသေးလို့ပေါ့၊ ထပ်ပြီး ကြိုးစားအားထုတ်ကြရမယ် ယောဂီတို့ရဲ့ သိကြပလား။

သိပါပြီဘုရား။

ဝိပဿနာပညာဆိုဒါ မိမိရဲ့ ခန္ဓာကိုယ်မှာရှုရမှာကွဲ။ ခန္ဓာတွင်းက ဘာတွေတွေ့သလဲ ဆိုတော့ ဓာတ်တွေတွေ့မှာပေါ့၊ ဒါကြောင့် မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါမဟုတ်ဘူးလို့ ဟောတော်မူတာ ယောဂီတို့မှာ ဟိုတုန်းကတော့ ငါ့ကိုယ် ငါ့ကိုယ်ဟုစွဲနေတာမဟုတ်လား၊ ယခုတော့ ဝိပဿနာ ပညာနဲ့ ရှုလိုက်တော့ ငါတွေ့ တွေ့သလား ယောဂီ တို့ရဲ့။

မတွေ့တော့ပါဘုရား။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါမဟုတ်ဘူး၊ ပညာနှင့်ရှုကြည့်မှ ငါမဟုတ်တာ သိတယ်လို့ ဘုရားက ဓာတ်ရုပ် ဓာတ် နာမ်လို့ ဘုရားဟောထားတာ အထင်အရှားအရှိသားဘဲ၊ ဘယ်လိုဟော သလဲဆိုတော့ ယခု မယ်တော်ကြီးဟောပြမဲ့တရားကတော့ ယောဂီတို့ကို မေးကြည့်ပြီး ယောဂီတို့ပေါ်သော တရားကို ဟောပြမယ် ယောဂီတို့ ရှု ကြည့်မှတ်လိုက်ကြတော့၊ ခန္ဓာကိုယ်ထဲက နာပါတယ် ကျင်ပါတယ် အောင့်ပါတယ် တောင့်ပါတယ် လေးပါတယ် ထုံပါတယ် ဒိတ်ပါ တယ် စစ်ပါတယ်လို့ ပြောတော့ ဒါတွေဟာ ပထဝီဓာတ်ပေါ့ ယောဂီ တို့ရဲ့။ ဒါတွင်လားဆိုတော့ မဟုတ်သေးဘူး၊ ပူတာလဲပါတယ် အေးတာ

လဲပါတယ်၊ နွေးတာလဲပါတယ်၊ ရှိန်ဘာလှဲ့ပါတယ် ဆိုသင်တော့ တေဇောဓာတ်လို့ခေါ်တယ်ယောဂီတို့ရဲ့။ယခုမယ်ဘော် ဟောသည့်အတိုင်း ယောဂီတို့ ခန္ဓာကိုယ်ထဲမှာ တွေ့ကြရဲ့လား ယောဂီတို့။

မှန်လှပါဘုရား။ ယခုမယ်ဘော် ဟောသည့်အတိုင်း ခန္ဓာကိုယ်တွင်းမှာဘဲ တွေ့ကြောင်းပါဘုရား။

အဲဒါတွင်လားဆိုတော့ မဟုတ်သေးဘူး၊ ယောဂီတို့က ဘုရားဟောတော်မူသည့်အတိုင်း ဘာဝိတော ဗဟုလီကတော့ ဆိုသည့်အတိုင်း ထပ်ခါထပ်ခါအားထုတ်လိုက်တော့ ဘာတွေပေါ်လာပြန်သလဲဆိုတော့ ယိုစီးဖွဲ့စည်း စေးထန်းဆိုသော အာပေါဓာတ်ပေါ်လာပြန်ရော၊ ဒါတွင်လားဆိုတော့မဟုတ်သေးဘူး မိမိခန္ဓာကိုယ်က လှုပ်ရှားဒါတွေ ထောက်ကန်တာတွေ တွန်းထိုးတာတွေတွေ့တော့ ဝါယောဓာတ်လို့ ခေါ်တယ် ယောဂီတို့ရဲ့၊သည်အတိုင်းတွေ့ဒါ မှန်ကြရဲ့လား။

မှန်ပါတယ်ဘုရား။ ဒီအတိုင်းဘဲ တွေ့ပါတယ်ဘုရား။

အေး-ဒါကြောင့် မိုးညှင်းဆရာတော်ဘုရားကြီးကလဲ နင်တို့ကိုယ်ကို နင်တို့က ငါ့ကိုယ် ငါ့ကိုယ်လို့ ထင်နေကြတာ၊ ငါမဟုတ်ဘူးဟရို့ရဲ့လို့ ရိုးရိုးကြီး ဟောတော်မူတယ်။ ငါမဟုတ်ယင် ဘာတွေလဲလို့ဆိုတော့ ဓာတ်တွေသာရှိတယ်ဟရို့ရဲ့ ဒါကြောင့်မို့ နင်တို့ခန္ဓာကိုယ်ဟာ ဓာတ်တိုက်ကြီး ဟရို့ရဲ့ ကလာပ်တိုက်ကြီးဟရို့ရဲ့ ပရမတ်တိုက်ကြီးဟရို့ရဲ့လို့ ဟောတော်မူထားဒါလဲရှိတယ်။

လယ်တီ ဆရာတော်ဘုရားကြီး ကတော့လဲ ပထဝီ တေဇောအာပေါဝါယောလို့ ဓာတ်လေးပါးဘဲဟောတယ်၊ပျော်ဘွယ်ဆရာတော်ဆရာသက်ကြီးကသဲ ဓာတ်လေးပါးဘဲဟောတယ်၊ အဲဒါကြောင့် ယောဂီတို့မှာ အားလုံးရထားကြပြီ။ ဘာကြောင့်လဲ ဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်လိုများ ဟောပါသလဲဆိုတော့ အားထုတ်မှုရတယ်လို့ ဟောတော်မူတယ်။

## ဓာတ်ခြောက်ပါးပေါက်၍ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပျောက်ပုံ

ပထဝီဓာတုံ ခေါ ရာဟုလ အနိစ္စတော ဇာနတော
ပဿတော သက္ကာယဒိဋ္ဌိယာ ဝိစိကိစ္ဆံ ပဇဟတိ။

ရုပ်ဟုလ၊ ချစ်သားရာဟုလာ။ ပထဝီဓာတုံ၊ ပထဝီဓာတ်ကို။ အနိစ္စတော၊ အနိစ္စသဘောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသောသူအား။ ပဿတော၊ ကိုယ်တွေ့ မြင်သောသူအား။သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိနှင့် တကွ။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ ပဇဟတိ၊ နှင်သေနှင်ချုပ်–နှင်ပြုတ်နှင်ကုန် နှင်ခမ်းတော့ဟု ပယ်သတ်နိုင်တော့၏။

ပထဝီဓာတုံ ခေါ် ရာဟုလ။ အာပေါဓာတုံ ခေါ် ရာဟုလ။ တေဇောဓာတုံ ခေါ် ရာဟုလ။ ဝါယောဓာတုံ ခေါ် ရာဟုလ စသည်ဖြင့် အထက်ဖော်ပြသည့်အတိုင်း ကျန်ဓာတ်များကို ရှုပွားကြပါ။

အဲဒီတော့ ယခု ယောဂီတို့ ရှုပွားလို့တွေ့တဲ့တရားနဲ့ ဘုရားဟောဒေသနာနဲ့ မကိုက်ညီဘူးလား ယောဂီတို့။

ကိုက်ညီပါတယ်ဘုရား။

အဲဒါကြောင့် ယောဂီတို့မှာ ဝိပဿနာပညာအားထုတ်လိုက်တော့ ဉာဏ်စဉ်ဆိုတာကလဲ စာကိုကျက်ပြီးတော့ ဆဲ့လိုက်လို့ရတာမဟုတ်ဘူး ဝိပဿနာတရားကို အားထုတ်မှ မိမိကိုယ်အတွင်းမှာတွေ့မှ တပါတည်းတွဲပါလာတာပါ။ အစပဌမ ဝိပဿနာရှုလိုက်တယ်ဆိုယင်ဘဲ သမ္မသနဉာဏ်က တပါတည်း ပါလိုက်သွားတာပါဘဲ ဝိပဿနာဉာဏ်ဆယ်ပါးကို တပြိုင်တည်း ပြောလိုက်တော့ ယောဂီတို့မှာ နားရှင်းပါ့မလား။

တပေါင်းတည်းဟောပြလို့တော့ နားမရှင်းသေးပါဘုရား။

အေး–ဒါဖြင့် တခုစီဟောပြမယ် နားစိုက်ကြပေတော့ယောဂီတို့။

မှန်လှပါဘုရား။

## ဝိပဿနာဉာဏ် ၁၀–ပါး

ယခု ယောဂီတို့ ခန္ဓာကိုယ်ပေါ်မှာ ဆင်ခြင်သုံးသပ်လိုက်တော့ မျှတအောင် ဆင်ခြင်ရတယ်မဟုတ်လား။

မှန်လှပါဘုရား။

အဲဒီလိုမျှတအောင် ဆင်ခြင်လိုက်တော့ သမ္မသနဉာဏ်လို့ ခေါ်တယ် ယောဂီတို့ရဲ့။

မှန်လှပါ ယခုမှဘဲရှင်းတော့တယ်ဘုရား။

သမ္မသနဉာဏ်နှင့်ရှုလိုက်ယင်ဘဲ ရုပ်နှင့်နာမ်ကလဲ တခါထဲကွဲသွားပါရော၊ သမ္မသနဉာဏ်နှင့် သုံးသပ်လိုက်တော့ ဥဒယဗ္ဗယဉာဏ်ကို ရလာပါရော၊ ဥဒယဗ္ဗယဉာဏ်ဆိုဒါ ဖြစ်ပျက်မှုကိုခေါ်တယ်၊ ယောဂီတို့ ခန္ဓာကိုယ်အတွင်းမှာ ဖြစ်ပျက်တာတွေကို တွေ့ကြရဲ့လား။

တွေ့ပါတယ်ဘုရား။

အဲဒါဖြင့် ဥဒယဗ္ဗယဉာဏ်ကို သိတာပေါ့ယောဂီတို့ရဲ့။

သိပါပြီဘုရား။

ဒါတွင်လားဆိုတော့ မဟုတ်သေးပါဘူး၊ မိမိတို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ သုံးသပ်ရှုကြည့်နေရင်းနဲ့ ဖြစ်ပျက်တွေများလာပြီး ကြာကြာရှုပါများလာတော့ ဖြစ်တာကိုတောင် မသိတော့ဘဲ အပျက်ချည်းတွေ့နေတော့ ဘင်္ဂဉာဏ်လို့ခေါ်တယ်၊ ယောဂီတို့ရဲ့ တွေ့ကြရဲ့လား။

တွေ့ပါတယ်ဘုရား။

တွေ့ကြယင်တော့ ရကြတာပေါ့၊ မတွေ့သေးယင်တော့ မရကြသေးဘူး ကြိုးစားရှုကြပေါ့ယောဂီတို့ရဲ့၊ ကြိုးစားရှုမှရနိုင်တယ် အဲ- ယခုလို အပျက်တွေချည်း တွေ့နေတော့ ရုပ်နာမ်သင်္ခါရတို့ကို ဘေးဒုက္ခဟု ထင်လာပြီးတော့ မကြောက်ကြဘူးလား။

ကြောက်လာပါတယ်ဘုရား။

အဲဒီလိုဘေးဒုက္ခဘေးကို ကြောက်လာသောဉာဏ် ပေါ်ပေါက်လာယင်တော့ ဘယဉာဏ်တွေကို တွေ့ကြတာပေါ့ ယောဂီတို့ရဲ့။

မှန်ပါ။

ယောဂီတို့မှာ အင်တိုက် အားတိုက် အားထုတ်လိုက်တော့ ဘေးဒုက္ခရုပ်နာမ်တို့ကို အပြစ်နှင့်တကွ မြင်လာကြရဲ့လား ယောဂီတို့။

မြင်ပါတယ်ဘုရား။

အဲဒီလိုတွေ့ယင်တော့ အာဒီနဝဉာဏ်လို့ခေါ်တယ်ယောဂီတို့ရဲ့။

မှန်ပါ။

အဲဒါတင်လားဆိုတော့ ဒါတင်မဟုတ်သေးဘူး။ ယောဂီတို့ ကြိုးစားအားထုတ်ရှုကြည့်လိုက်တော့ ယောဂီတို့ရုပ်နာမ်ပေါ်မှာ ဘေးတွေတွေ့ကြတော့ ရုပ်နာမ်သင်္ခါရတို့ကို ငြီးငွေ့လာကြရဲ့လား ယောဂီတို့။

ငြီးငွေ့ပါတယ်ဘုရား။

အဲဒီလို ငြီးငွေ့ယင်တော့ နိဗ္ဗိန္ဒဉာဏ်လို့ ခေါ်တယ်ယောဂီတို့ရဲ့ မှတ်ထားကြပေါ့။ ဒီနေရာမှာ အချို့ယောဂီတို့က ဆရာ့ထံလာပြီးတော့ တပည့်တော် ပြန်ပါရစေတော့ဘုရား၊ ၇–ရက်တောင် အားမထုတ်နိုင်တော့ဘူးလို့ ပြောကြသေးတယ်။ ဒီတော့မှ ဆရာက ယောဂီ ဘာဖြစ်လို့ ပြန်မှာလဲလို့ မေးလိုက်တော့မှ တပည့်တော် ပျင်းလာလို့ အားမထုတ်ချင်တော့ဘူးဘုရားလို့ လာပြောကြသေးတယ်၊ အဲဒါ ဘာကြောင့်လဲဆိုတော့ သဘောမမှီလို့ လောကီဖြစ်နေတယ်၊ သဘောဟုတ်မှ လောကုတ်ဆိုတာ မှန်တယ် ဒီတော့မှ ဆရာကယောဂီတို့အပေါ်မှာ သဘောပေါက်အောင် ဟောပြလိုက်တော့မှ သဘောကျပြီး ဒီလိုဆိုယင်တော့ မပြန်ပါတော့ဘူး ဘုရားလို့ ပြောကြသေးတယ်။ ကဲ– အဲဒါဖြင့် ကြိုးစားယောဂီ ဒါမှ ရှေ့မှာ တရားတွေ တိုးတက်မှုရှိမယ်။ ကြိုးစားကြပေတော့လို့ ဆရာ ပြောလိုက်မှ ကြိုးစားအားထုတ်လိုက်တော့ ယခုတင်ကပြောခဲ့တဲ့ ငြီးငွေ့တဲ့ ရုပ်နာမ် သင်္ခါရတို့ကို သိမ်းဆည်းကာ အဖန်တလဲလဲ မနားမနေရှုချင် ဒါကိုတော့ ယောဂီတို့ မှတ်ထားကြ ပဋိသင်္ခါဉာဏ်လို့ ခေါ်တယ်၊ ယောဂီတို့မှာ တရားအားထုတ်နေသောအခါ သုခ–ဒုက္ခကို အာရုံမပြုဘဲ လျစ်လျူရှုရှုနေတာကို သင်္ခါရုပေက္ခာဉာဏ်လို့ခေါ်တယ် ယောဂီတို့ရဲ့ မှတ်မိကြရဲ့လား။

မှန်ပါ ကိုယ်တွေ့ကိုးဘုရား။

ယောဂီတို့ဉာဏ်မှာ ရှေ့ဉာဏ်ကိုးပါးတို့၏ ကိစ္စပြီးခြင်း သုံးဆယ် ခုနစ်ပါး ဗောဓိ ပက္ခိယ တရားတို့နှင့်လျော်စွာ ဖြစ်ပေါ်ဒါပါလားလို့ သိသောဉာဏ်ကို အနုလောမဉာဏ်လို့ ခေါ်တယ်ယောဂီတို့၊ အပြောနဲ့ တော့မရဘူး၊ အင်တိုက်အားတိုက် အားထုတ်မှရတယ်၊ ကိုယ်တွေ့မှ မှန်

တယ် ဟုတ်တယ်လို့ ဘုရားဟောတော်မူတယ်၊ ဒါကြောင့် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးက "ဓမ္မံ ကာယေန ပဿတိ" လို့ ဟောတော် မူတယ်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ကာယေန၊ ကာယ–ကိုယ်ဖြင့်။ ပဿ တိ၊ ရှုမြင်မိကြပလား ချစ်သား ချစ်သမီးတို့လို့ မေးတော်မူဒါ၊ အဲ ယခု ဘုရား မေးထားတာနှင့် ယောဂီတို့ တွေ့ထားတာ မကိုက်ညီဘူးလား ယောဂီတို့ရဲ့။

ကိုက်ညီပါတယ် ဘုရား။

### ဝိပဿနာဉာဏ် ၁၀ ပါး သရုပ်

၁။ သမ္မသနဉာဏ် – သုံးသပ်သောဉာဏ်

၂။ ဥဒယဗ္ဗယဉာဏ် – ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှု ကို အဖန်တလဲလဲ ရှုသောဉာဏ်

၃။ ဘင်္ဂဉာဏ် – ဖြစ်ခြင်းကိုလွှတ်၍ ပျက်ခြင်းကို သိသောဉာဏ်

၄။ ဘယဉာဏ် – ရုပ်နာမ် သင်္ခါရတို့ကို ဘေးဒုက္ခ ဟု အဖန်တလဲလဲ ရှုသောဉာဏ်

၅။ အာဒီနဝဉာဏ် – ခန္ဓာကိုယ်ကို အပြစ်အားဖြင့် ရှု သောဉာဏ်

၆။ နိဗ္ဗိဒါဉာဏ် – ရုပ်နာမ် သင်္ခါရတို့၌ ငြီးငွေ့ သောဉာဏ်

၇။ မုဉ္စိတုကမျတာဉာဏ် – ငြီးငွေ့သော ရုပ်နာမ် သင်္ခါရ တို့မှ လွတ်ခြင်းငှါ အလိုရှိသော ဉာဏ်

၈။ ပဋိသင်္ခါဉာဏ် – ရုပ်နာမ် ဓမ္မ သင်္ခါရ တို့ကို သိမ်း ဆည်းသောအားဖြင့် အဖန်တလဲ လဲ ရှုသော ဉာဏ်

၉။ သင်္ခါရုပေက္ခာဉာဏ် – ရုပ်နာမ် ဓမ္မ သင်္ခါရတရား တို့၌ သုခဒုက္ခအားဖြင့်အာရုံမပြု လျစ်လျူရှုသောဉာဏ်

၁၀။ အနုလောမဉာဏ် – ရှေ့ဉာဏ်ကိုးပါး တို့၏ ကိစ္စပြီးခြင်း၊ သုံးဆယ့် ခုနစ်ပါးသော ဗောဓိ ပက္ခိယတရားတို့နှင့်လျော်စွာဖြစ်သောဉာဏ်။

## ဉာဏ် ၁၀ ပါး အဓိပ္ပါယ်

ရုပ်နာမ်တို့သည် ဖြစ်ပျက် ဖြစ်ပျက်နေတယ်လို့ တွေးကြံရော်ရမ်းသော တရားမျိုးမဟုတ်။ စိတ္တ ဝိသုဒ္ဓိသမာဓိတရားနှင့် ရှုကြည့်မှအနိစ္စကို ဒိဋ္ဌကေန် အမှန်သိရှိသော ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကို ကိုယ်တွေ့ဒိဋ္ဌ သိရသော သဘောတရားကို ဝိပဿနာဆိုသည်။ ရုပ်နာမ်တို့၏ အမှန်ဖြစ်ပျက်သော အမှုကို အမှန်သိတတ်သောကြောင့်, ရှုတတ်သောကြောင့် ဉဒယဗ္ဗယဉာဏ်ဟုဆိုသည်။

ထိုဝိပဿနာဉာဏ်တို့သည် တွေးဆရော်ရမ်း၍ ရှုရသောသဘောမျိုးမဟုတ်၊ မိမိစိတ်မှာ အဝိဇ္ဇာနီဝရဏကို တဒင်္ဂ ကွာလောက်အောင် စိတ္တ ဝိသုဒ္ဓိ စင်ကြယ်စွာ သိရှိသောသူတို့၏ သိထိုက်သောဝိပဿနာဉာဏ်ကို ဆိုသည်၊

ပရိယတ္တိစာအရှိကို ပဋိပတ္တိ ပညာသိနှင့် အမှန်အကန် သိကြသော ဝိပဿနာ ဝိဇ္ဇာဉာဏ်ရှင် ကလျာဏသဘောမိတ် မြတ်ယောဂီသူတော်စင်တို့၊ အသင် သူတော်ကောင်းတို့သည် ကိုယ်တွေ့ဒိဋ္ဌ အနိစ္စမှန်ဝိဇ္ဇာဉာဏ်ကို အဖန်ဖန် ပွားများကြပါလျှင် ဉာဏ်စဉ်တက်၍သွားပုံ ထင်မြင်ပေါက်ရောက်ပုံတို့ကို မြန်မာစကား ကျမ်းစကားတို့ဖြင့် သေချာစွာ ဟောပြမည်၊ သဘောကျအောင်သာ အားထုတ်ကြပါတော့ ဝိဇ္ဇာဉာဏ်ရှင် သူတော်စင်အပေါင်းတို့။

အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတို့သည် ရုပ်ကြီးကို စွဲသမ်း၍ ငါကောင်ဖြစ်၍ နေကြသည်ဟု မြတ်စွာဘုရားက "ရူပံ အတ္တတော သမနုပဿတိ"

ချစ်သား ချစ်သမီးတို့ ရုပ်ကို ငါ့ကိုယ်,ငါ့ကိုယ်ဟု စွဲလမ်း၍ နေကြလေသည်ဟု ဟောတော်မူသည်။ ထို့ကြောင့် ရုပ်၏ အနိစ္စတရားကို ရှေးဦးစွာ မျှားမျှားသိအောင် ရှုကြ-ကြည့်ကြ၊ နောက်မှ နာမ်တရားတို့၏ ရှုနည်း ပွားနည်းသဘောကို ကောင်းမွန်စွာ ဟောပြမည်။

## ဒိဋ္ဌိဝိသုဒ္ဓိအခန်း

ပထဝီ-အာပေါ-တေဇော-ဝါယော- အာကာသ-ဝိညာဏ ဟု ဆိုအပ်သော ဓာတ်ခြောက်ပါး တရားတို့တွင် ယခုအခါ အလွန်နက်နဲခက်ခဲသိမ်မွေ့လှစွာသော ပရမတ်ချုပ် ဓာတ်တို့၏သဘောကို ထင်ရှားသိအောင် ရှုကြပါကုန်လော့၊ သမာဓိ မှန်ပြောင်းဖြင့် ကောင်းမွန်စွာရှုကြကြည့်ကြ ဟုတ်မှန်စွာ သိမြင်ကြပါစေသတည်း။

## တိုက်တွန်းချက်

နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ တေသံ
သမာဓိကေန အာဒရေန ပဿ ဓမ္မံ သမ္ဗုဒ္ဓ ဒေသိတံ။

ဘောဂ္ဂေ သပ္ပုရိသာ၊အကောင်းဆုံးကို ရလိုကြသည့် ကလျာဏ အပေါင်း အို-သူတော်ကောင်းတို့။ သမ္ဗုဒ္ဓဒေသိတံ၊ ဘုရားမြတ်စွာ ထိုဆရာသည် ကောင်းစွာဟောကြားတော် မူအပ်သော။ နာမရူပံ၊နာမ် ရုပ်နှစ်ပါးသည်။ အနိစ္စံ၊ အမြဲမရှိ၊ ဒုက္ခံ၊ နာကျင်ဆင်းရဲ၏။ အနတ္တာ၊ ကိုယ်မဟုတ်။ တေသံ၊ ထိုရုပ်နာမ်နှစ်ပါးတို့၏။ ဓမ္မံ၊ ခဏမစဲ မမြဲသော အနိစ္စ၊ နာကျင်ဆင်းရဲသော ဒုက္ခ၊ အလိုမလိုက် အစိုးမရ ကိုယ်မဟုတ်သော အနတ္တတရားကို။ သမာဓိကေန၊ ကေဂ္ဂတာ စျာန်သမာဓိဖြင့်ပြီးသော။ အာဒရေန၊ အရိယာတို့လက်စွဲ အမြဲဆောင်အပ် အဖိုးမဖြတ်နိုင်ရာ အလွန်ကြည်လှစွာသော စိတ္တဝိသုဒ္ဓိမှန်ပြောင်းကြီးဖြင့်။ ပဿ၊ ရှုကြ ကြည့်ကြပါလော့။ ပဿေယျာထ၊ လင်းလင်းထင်ထင် သိမြင်အောင် ရှုမြင်ကြပါကုန်လော့။

အလွန်တရာ ကြည်လင်စွာသော စိတ္တဝိသုဒ္ဓိ မှန်ပြောင်းဖြင့် ကောင်းမွန်စွာချိန်တဘ်၍ တည့်မတ်စွာ ရှုကြည့်လိုက်ပါလျှင် မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူသော ဥပါဒ် ၄ ဘင်ခဏငယ်အစဉ်တို့ဖြင့် ခဏမျှမမြဲသော ဥပါဒ်စွန်းနှင့် ဘင်စွန်းကို ထင်မြင်၍လာလိမ့်မည်။ ဤကာလသည် ကျွန်ုပ်တို့ ဉာဏ်အရာမဟုတ် သဗ္ဗညုတ ဉာဏ်တော်၏ အရာသာဖြစ်သည်။ ကျွန်ုပ်တို့ ယောဂီကသျှာကာတို့မှာ ဥပါဒ်နှင့် ဘင်ကိုထင်မြင်အောင်ရှုကြ ဥပါဒ်နှင့် ဘင်ထင်မြင်ပါလျှင် ဝိပဿနာအရာမှာ ဥဒယဗ္ဗယဉာဏ် ရုပ်နာမ်တို့၏ဖြစ်မှုပျက်မှုကို ကိုယ်တိုင်သိရသောဉာဏ်ဟု မှတ်ကြ။

ထိုဉာဏ်ကိုရလျှင် ဘုရားစစ် တရားစစ် သံဃာစစ်ကို သိပြီတွေ့ပြီ ဒိဋ္ဌသရဏဂုံတည်ပြီ၊ ပညာမှန် ပညာစစ် ရပြီရှိပြီ။ ထိုပညာသည် အလွန်ခက်ခဲနက်နဲ သိမ်မွေ့သော သမ္မာဒိဋ္ဌိပညာဟု မှတ်ကြပါ။

> ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ၊ ပညာယ
> သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ
> ဒုက္ခက္ခယ ဂါမိနိယာ (အင်္ဂုတ္တိုရ်ပါဠိတော်)။

ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥဒယတ္ထဂါမိနိယာ၊ မိမိ၏ ရုပ်နာမ်ခန္ဓာတို့၌ ခဏမစဲ တသဲသဲဖြစ်ပေါ်မှု-ခဏမစဲတသဲသဲ ချုပ်ကွယ်မှုတို့ကို သိနိုင်သော ဉာဏ်ပညာရှိထသော။ အရိယာယ၊ လူသာမန်နတ်သာမန်တို့နှင့် မတန်မရာ မွန်မြတ်စွာထသော။ နိဗ္ဗေဓိကာယ၊ ကျောက်ဘောင်ကျောက်ခဲတို့ကို မှုန့်မှုန့်ညက်ညက် ရက်ရက်ရဲရဲ ဝက်ဝက်ကွဲအောင်ဖောက်ခွဲနိုင်ငြား မိုးကြိုးစက်အလားကဲ့သို့ ရုပ်ခဲနာမ်ခဲတို့ကို မှုန့်မှုန့်ညက်ညက် ရက်ရက်ရဲရဲ ဝက်ဝက်ကွဲအောင် ခွဲနိုင်သော ဉာဏ်စွမ်း ပညာစွမ်း သည်း ရှိထသော။ သမ္မာ၊ မချွတ်မယွင်း၊ ဒုက္ခက္ခယ-ဂါမိနိယာ၊ ဝဋ္ဋဒုက္ခ၏ ကုန်ရာစခန်းတို့ တန်းတန်းဖြောင့်ဖြောင့် မထောင့်မကွေ့ ချမ်းမြေ့ပိုင်ပိုင် ဆိုက်စေနိုင်သော။ ပညာယ၊ ဝိပဿနာဉာဏ်ပညာအထူးနှင့် သမန္နာဂတော၊ ပြည့်စုံခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ ဟောတော်မူသည့်အရ မိမိ၏ရုပ်နာမ်ခန္ဓာကို ခဏမမြဲ တသဲသဲ တဖွဲဖွဲတရွရွ တလှုပ်လှုပ် ဖြစ်ချုပ် ဖြစ်ချုပ် နေသော အနိစ္စတရား

များကို သိရလျှင် အလွန်အဘိုးတန်ပြီး မဂ်လမ်း ဖိုလ်လမ်း မှန်ပြီ၊ လူသာ၊ မန် မဟုတ်ပြီ။

ယခုအခါ လူသာမညအဖြစ်မှ လွတ်၍ သာသနာတော်တရား မြတ်စွာဘုရား ဟောကြားတော်မူသော ရုပ်နာမ် ခန္ဓာတို့၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို သေချာစွာ သိရအောင် စိတ္တဝိသုဒ္ဓိမှန်ပြောင်းဖြင့် သမာဓိကောင်းကောင်းနှင့် တမ်းစောင်းခြင်းမရှိစေဘဲ မဇ္ဈိမ ပဋိပဒါ ပညာစိတ်ကို ဦးထိပ်မှာပန်ဆင်၍ သဏ္ဍာန် အသွင် အရေ အရိုး အသား စသော ပညတ်တွေ ခုခံ၍ မနေစေနှင့် အရောင်အလင်း အဆင်းဝဏ္ဏတွေ ခုခံ၍မနေစေနှင့်၊ ခဏတ္တယ ဖြစ်သော ပရမတ္ထ ရုပ်ဓာတ်တို့ကို ပညာ၏ အကြောင်းဖြစ်သော သမ္မာသက်ပ္ပမဂ္ဂင်ဖြင့် ကြံဆဆင်ခြင်၍ သမ္မသန ဉာဏ်ပညာနှင့် သေသေချာချာရှုကြည့်လိုက်သော ဥဒယသဘော ဝယ သဘောမျှဖြစ်သော ဓာတ်လေးပါးတို့သည် ခဏမငြိမ် တရှိန်ရှိန် တလှုပ် လှုပ် တရွရွ ဖြစ်ပျက်ကြသော ရုပ်တို့၏အမှုကို ဦးထိပ်မှုစ၍ ခြေဖဝါးတိုင် အောင် ကြည့်ရှုကြ။

အထက်က ဟောပြောခဲ့သော ဓာတ်ကြီးလေးပါး၏ သဘော သဘာဝ ဓမ္မလက္ခဏာတို့ကို သေချာစွာ သိကြရလိမ့်မည်။ တကိုယ်လုံး တကောင်လုံး သိအောင် ကြည့်ရှုကြ၊ သိကြ။ လှုပ်လှုပ်ရွရွ ခဏမမြဲ မစဲ အောင် ဖြစ်ပျက်သော ရုပ်၏ သဘောလက္ခဏာကို သေချာစွာ သိရလျှင် ပင် အလွန်အဖိုးတန်ပြီး အလွန်သိနိုင်ခဲသော အနိစ္စတရားကို ထင်ရှား သိကြရပြီ။

ဤကဲ့သို့ ပရမတ်ဓာတ်ရုပ်တို့၏ တရွရွ တလှုပ်လှုပ် အဟုတ်အမှန် ဖြစ်ပျက်မှုကို သိရသော ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ဟုခေါ်သည်။ ဥဒ ယဗ္ဗယဉာဏ်ဟု မှတ်ကြ ကလျာဏအပေါင်း သူတော်ကောင်းတို့။

မိမိကိုယ်၌ ဖြစ်မှုပျက်မှု ဖြစ်ပျက်မှုကို ရှုတတ်သော ဥဒယဗ္ဗယ ဉာဏ်သည် အနုပါဒိသေသ နိဗ္ဗာန်စံဝင်သည့်တိုင်အောင် (ဝါ) အာသဝေါ တရားကုန်ခမ်းသည်တိုင်အောင် အသုံးပြုရသော ဉာဏ်ဖြစ်သည်။ ရဟန္တာ ဖြစ်သည့်တိုင်အောင် အသုံးပြုရလိမ့်မည်ဟုမှတ်ကြ။ ထို့ကြောင့် နိဗ္ဗာန်သို့ ရောက်စေတတ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်။ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျေးဇူးပြုတတ်သော ဝိပဿနာဉာဏ်၊ ထိုသမ္မသနဉာဏ်၊ ဥဒယဗ္ဗယ

ဥာဏ်တို့သည် မဂ်ဥာဏ်ဖိုလ်ဥာဏ် နိဗ္ဗာန်ကို အမှန်ပို့ဆောင်နိုင်လေသောကြောင့် သမ္မသန ဥဒယဗ္ဗယဥာဏ် နှစ်ပါးကို ပုဗ္ဗဘာဂမဂ်လမ်းစဟု ခေါ်သည်။ ပုဗ္ဗဘာဂ မဂ်လမ်းစဟု မှတ်ကြ။

ထိုပုဗ္ဗဘာဂ၊ မဂ်လမ်းစမှန်သော်လည်း (ဝါ) လမ်းမှန်ပါသော်လည်း သွားမှရောက်ကြလိမ့်မည်။ မသွားလျှင် ဘယ်တော့မှ မရောက်နိုင်ပြီ။ ဖြေးဖြေးနှေးနှေးသွားလျှင် ဖြေးဖြေးနှေးနှေးရောက်မည်။ မြန်မြန်သွားလျှင် မြန်မြန်ရောက်မည်ဟုမှတ်ကြ။ ထိုသမ္မသနဥာဏ်နှင့် ဥဒယဗ္ဗယဥာဏ်ကို သေက္ခအရိယာ ပုဂ္ဂိုလ်မြတ်တို့၏ လက်စွဲ အမြဲသုံးပြုကြသော ဥာဏ်ဟု မှတ်ကြ။

ကလျာဏအစစ်ဖြစ်သောယောဂီပုဂ္ဂိုလ်တို့သည် မိမိ၏ခန္ဓာကိုယ်၌ ခဏခဏသုံးသပ်ဆင်ခြင်မိသော သမ္မသနဥာဏ်ဖြစ်မှုပျက်မှုဖြစ်ပျက်မှုတို့ကို ခဏခဏသိရသော ဥဒယဗ္ဗယဥာဏ်။ ထိုဥာဏ်နှစ်ပါးကို မမေ့ မလျော့ မပေါ့သတိ-သဒ္ဓါပညာတို့ဖြင့် စွဲမြဲစွာရှိသော ပုထုဇဉ်ကလျာဏ ပုဂ္ဂိုလ်တို့သည်လည်း သေက္ခအရိယာတို့နှင့် သတိပညာ တူမျှပါသောကြောင့် စူဠသောတာပန်ဟုဆိုသည်။ စူဠသောတာပန်ဟု မှတ်ကြ ကလျာဏ အစစ်ဖြစ်ကြကုန်သော သူတော်ကောင်းတို့။

သူတော်ကောင်းတို့၏ စိတ်သန္တာန်မှာ စူဠသောတာပန် ပါဘဲလို့ ဝန်ခံနိုင်လောက်အောင် ခန္ဓာနာမ်ရုပ်တို့က တလှုပ်လှုပ် တရွရွ တသဲသဲ တဖွဲဖွဲ ခဏမှ မမြဲတဲ့ အနိစ္စတရားတို့ကို သွားရင်း လာရင်း ထိုင်ရင်းလုပ်ရင်း ကိုင်ရင်း ရုပ်တရားတို့၏ ဖြစ်မှုပျက်မှုကို လင်းလင်းထင်ထင်သိမြင်လောက်အောင် သဒ္ဓါပညာ သတိတို့ကို စွဲစွဲမြဲမြဲ နှလုံးသွင်းလေ့ ရှိသောကြောင့် ဖြစ်ပျက်မှုကို ခဏခဏသိသိနေသောသူကို စူဠသောတာပန်ဟုဆိုသည်။ စူဠသောတာပန်ဖြစ်အောင် ကြိုးစားကြ။ မမေ့ကြနှင့် သူတော်ကောင်းတို့။ ဤနေရာ၌ ဒိဋ္ဌိဝိသုဒ္ဓိ ကောင်းစွာဖြစ်ပြီ သူတော်ကောင်းအပေါင်းတို့။ ဒိဋ္ဌိဝိသုဒ္ဓိဟု မှတ်ကြ။

ဒိဋ္ဌိဝိသုဒ္ဓိအခန်း ပြီး၏။

# ကင်္ခါဝိတရဏဝိသုဒ္ဓိအခန်း

ရုပ္ပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ မတံ။
အဗျာကတ ပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒကာရဏံ။

ရူပံ၊ ရုပ်သည်၊ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲ မှုန့်မှုန့်ကြဲခြင်း ကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ၊ ရုပ်အဗျာကတ တရားလျှင် ရှေ့ရှုထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒကာရဏံ၊ စိတ်ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိ၏။ ဣတိ၊ ဤသို့၊ မတံ၊ သိအပ်၏။

ပထဝီအာပေါ တေဇောဝါယောဟူသော ရုပ်တို့သည် ဖောက်ပြန်ခြင်းလက္ခဏာ၊ ဖရိုဖရဲ မှုန့်မှုန့်ကြဲခြင်း ကိစ္စရသ၊ ရုပ်အဗျာကတ တရားသာလျှင် ရှေးရှုထင်သော အခြင်းအရာဖြစ်သောပစ္စုပဋ္ဌာန်၊ ဝိညာဏ်လျှင် နီးစွာသောအကြောင်း ပဋ္ဌာန်ဟု သိအပ်၏။

အာရမ္မဏ ဝိဇာနန လက္ခဏံ ဝိညာဏံ၊ အာရမ္မဏ ကပ္ပဏရသံ၊
အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ အနန္တရာတီတ ဝိညာဏ
ပဂမ ပဒဋ္ဌာနံ။

ဝိညာဏံ၊ စိတ်ဝိညာဏ်သည်။ အာရမ္မဏ ဝိဇာနန လက္ခဏံ၊ အာရုံကို သိခြင်း လက္ခဏာရှိ၏။ အာရမ္မဏကပ္ပဏရသံ၊ အာရုံပုံခြင်းကိစ္စရှိ၏။ အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာနံ၊ အာရုံကို ရှေးရှုသည်၏ အဖြစ်သျှင်ထင်သော အခြင်းအရာရှိ၏။ အနန္တရာတီတ ဝိညာဏာပဂမ ပဒဋ္ဌာနံ၊ အခြားမဲ့၌ လွန်လေသောစိတ်၏ ချုပ်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ဣတိ၊ ဤသို့ လက္ခဏရသ ပစ္စုပဋ္ဌာန်ပဒဋ္ဌာန်တို့ကို၊ မတံ၊ သိအပ်၏။

ဤကဲ့သို့ ပရိယတ္တိအမှာတော်ရှိသည့်အတိုင်း ရုပ်တို့၏ လက္ခဏရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့်၎င်းနာမ်တို့၏လက္ခဏရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန် အားဖြင့်၎င်း ကျက်မှတ်ထားသော သညာ သိရှိလျှင် သာ၍ ကောင်းပါသည်။ပရိယတ္တိသညာသိနှင့် သိပါသော်လည်းနာမ်ရုပ်တို့၏အကြောင်းကို ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် ပိုင်းပိုင်းခြားခြားမသိနိုင်။ ပဋိပတ္တိပညာသိ သိမှသာလျှင် ပိုင်းပိုင်းခြားခြား သိနိုင်လိမ့်မည်။ အကြောင်းကိုဆိုသော် ပရိယတ္တိ

ဖြစ်သော စာလိုမသိတဲ့ယောဂီ တပည့်တို့ကို ခန္ဓာပေါ်မှာ ဘယ်လိုသိကြသလဲလို့ ဆရာက စစ်ဆေး မေးမြန်းလျှင် တကိုယ်လုံး တကောင်လုံး တရှိန်ရှိန် တလှုပ်လှုပ် တရွရွ သိပါဘယ်လို့ အဖြေပေးကြတယ်။ တချို့ကလဲ့ တသိမ့်သိမ့် တငြိမ့်ငြိမ့် တဖွားဖွား တဖွဲဖွဲ ခဏမှမမြဲတာ သိပါတယ်လို့ အဖြေပေးကြတယ်။ အဖြေပေးကြသောစကား အသုံးကွာသော်လဲ အဓိပ္ပါယ်ကတော့ အတူတူ တထပ်တည်း တသဘောတည်း ဖြစ်၍ မှန်ပါသည်။

ကျမ်းဂန်ကတော့ ရုပ္ပနလက္ခဏာရုပ်၊ ရုပ်ဆိုတာ ဖောက်ပြန်ခြင်းလက္ခဏာ၊ ဝိကာရလက္ခဏာ၊ ဖရိုဖရဲ မှုံ့မှုံ့ကြေခြင်းကိစ္စ၊ အဲသည်လို လှုပ်လှုပ်ရွရွ ခဏမမြဲတဲ့ရုပ်ကို ရုပ်ကသိသလား နာမ်ကသိသလားလို့ မေးတော့ ရုပ်ကမသိပါဘူး၊ နာမ်ကသိတယ်လို့ အဖြေပေးကြတယ်။ ကျမ်းဂန်ကအဗျာကတ ပစ္စုပ္ပန်၊ ရုပ်ဆိုတာအဗျာကတ ဘာမှမသိတတ်ဘူး။ ဝိညာဏ ပဒကာရဏ၊ ဝိညာဏ်လျှင် နီးစွာသောအကြောင်းရှိတယ် ယောဂီအပေါင်းတို့၏ အဖြေစကားဖြင့် ကျမ်းစကားအရပ်ရပ်နှင့် တထပ်တည်း မှန်ပါသည်။ အဗျာကတရုပ်မှာ တလှုပ်လှုပ်တရွရွ အနိစ္စတရားကို ဒိဋ္ဌအားဖြင့် သိရသော ဝိပဿနာဝိဇ္ဇာဉာဏ်က အတ္တကိုပယ်ရှား၍ အနတ္တပါကလားလို့ ထင်ရှားစွာ သိနိုင်သော ဒိဋ္ဌိဝိသုဒ္ဓိကင်္ခါဝိတရဏ ဝိသုဒ္ဓိတို့ကို ပဋိပတ္တိ အကျင့်တရားကဆောင်သဖြင့် ထင်ရှားအောင် စိတ်မှာသိသော်လည်း စကားမပြီသူ လူအ အလွန်နှစ်သက်တဲ့ အိပ်မက်ကောင်းမက်သလို အိပ်မက်ကို သူတပါးသိအောင် ပြောချင်သော်လည်း စကားမပြီလို့ နားလည်အောင် မပြောတတ် အိပ်မက်ကလဲ ဇောစိတ်ကိစ္စမို့ ကိုင်ပြစရာကမရှိ သူ့စိတ်မှာတော့ သိနေတာဘဲ။

အဲဒီဥပမာလို ရုပ်ဓာတ်၊ နာမ်ဓာတ် ပရမတ်အစစ်ကဘော့ ကိုင်တွယ်၍ပြစရာမရှိဘူး၊ ပညာစိဘ် ဝိဇ္ဇာဉာဏ်ဖြင့် သိအပ်တဲ့တရား ဉာဏသမ္ပယုတ်ဖော မနောဝိညာဏ်မှာ မြင်အပ်သောသဘောတရား။ ထိုကဲ့သို့လူအ အိပ်မက်ကောင်းကို ပြန်မပြောနိုင်သလို မဖြစ်ရလေအောင် ဤစာအုပ်ကလေးထဲက ပါဠိမျှ ပါဠိအနက်တို့ကို နားလည်အောင် ဉာဏ်ပညာဖြင့် ဆွေးနွေး၍ ကောင်းမွန်စွာမှတ်သားကြပါလေ။ စာတတ်နည်းပါးသော ယောဂီကလျာဏအပေါင်းတို့၏ အကျိုးငှါ ရေးသားလိုက်သော စာအုပ်ဖြစ်ပါသည်။

ပရိယတ္တိ သာသနာတော်ကြီးကလဲ အလွန်တရာ ကြည်ညိုဘွယ် ကောင်းသည်။ ဤပရိယတ္တိ သာသနာတော်ကြီး ရှိပေလို့သာ ပရိယတ် ပဋိပတ် နှစ်ထပ်ပေါက်ရောက်အောင် ကျင့်ဆောင်တော်မူကြသော ဆရာ တော်ကြီးများ၏ ဩဝါဒ နည်းစံနစ်ကို ရကြသောကြောင့်သာ ကျွန်ုပ်တို့ ကျင့်ရကြံရ၍ အမှန်ကို သိရပေသည်။

အခြေအမြစ်ဖြစ်သော ပရိယတ္တိကိုဆောင်နိုင်လျှင် အလွန်ကောင်း သည်။ ပဋိသမ္ဘိဒါဉာဏ်ဖြစ်သည်။ ပဋိပတ္တိက–ပဋိဝေဓဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်သည်။ ထိုကြောင့် ပရိယတ် ပဋိပတ်တို့ကို ကြိုးစား၍ ကျင့် ဆောင်နိုင်သမျှ ကျင့်ဆောင်အားထုတ်ကြမှသာလျှင် သာသနာတော်နှင့် တွေ့ကျိုးနပ်ကြလိမ့်မည် ယောဂီအပေါင်း သူတော်ကောင်းတို့။

ခန္ဓာပေါ်၌ ဖြစ်မှုပျက်မှု ဉဒယဗ္ဗယဉာဏ်ကို အမှန်သိရခြင်းသည် အလွန်ဝမ်းမြောက်ဘွယ်ကောင်းလှ၏။ ဤကဲ့သို့ သိမှသာ မြတ်စွာဘုရား သာသနာမှာ လူဖြစ်ကျိုးနပ်ပါသည်။ မြတ်ပါသည်။

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဉဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဉဒယဗ္ဗယံ။

(ဓမ္မပဒပါဠိတော်)

ယောစ၊ အကြင်သူသည်ကား။ ဉဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ခု ဖြစ်မှု ပျက်မှုကို။ အပဿံ၊ မသိမမြင်ဘဲလျက်။ ဝဿသတံ၊ အနှစ်တရာ ကာလ ပတ်လုံး။ ဇီဝေ၊ အသက်ရှည်စွာနေရပါ၏။ တတော၊ ထိုရုပ်နာမ်နှစ်ခု ဖြစ်ပျက်မှုကို မရှုတတ်ပေ အသက်ရှည်ရသည်ထက်။ ဉဒယဗ္ဗယံ၊ ဖြစ်ပျက် မစဲ မမြဲနိုင်ကြ ခဏိက အနိစ္စကို။ မယံ ပဿန္တော၊ ရုပ်နာမ်အတွင်း ဉာဏ် နှင့်သွင်း၍ ထင်လင်း သိမှု မြင်အောင် ရှုသောသူအား။ ဧကာဟံ၊ တနေ့ တရက် တမနက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ လူဖြစ် ကျိုးနပ် မြတ်လှပါတော့သတည်း။

ဓမ္မပဒ ပါဠိတော်အရ သာသနာတော်နှင့် ကြုံကြိုက်ရတဲ့အခါ မိမိကိုယ်ဟု ဆိုအပ်သော ရုပ်နာမ်ခန္ဓာတို့၌ ဖြစ်မှုပျက်မှု ဉဒယဗ္ဗယဉာဏ် ခဏမျှမမြဲတဲ့ အနိစ္စကို ဒိဋ္ဌမသိပါဘဲနှင့် အသက်တရာနေရပါသော်လည်း အကျိုးမများပါ။ ဉဒယဗ္ဗယဉာဏ်ကို အမှန်သိသော သူတို့သည် သိမှုကို

အသုံးပြုသဖြင့် တနေ့ တရက် တမနက်မျှ နေရသော်လည်း လူဖြစ်ကျိုးနပ်၍ လွန်စွာ မြတ်လှပါပေ၏လို့ ဟောတော်မူပါသည်။ ထိုကြောင့် သိမှုကို အသုံးပြုကြ။ မမေ့မလျော့ဘဲ ခဏခဏ သတိပြု၍ ကြိုးစားကြပါ။

## အထူးမှတ်ရန်အချက်

အဝိဇ္ဇာတဏှာ ကိလေသာရာဂ အာသဝ စသည်များစွာ သံသရာသစ်ငုပ် တရားယုတ်တို့ကို သမုစ္ဆေဒပဟာန်ဖြင့် အနုသယမကျန် ပယ်လှန်နှုတ်ပစ်တော်မူသော ဘုရားရဟန္တာ။ အဝိဇ္ဇာတဏှာ ဥပါဒါန်တို့ကို ပယ်ခွါနိုင်သလောက် ပယ်ခွါနိုင်ရန် ကျင့်ဆဲဖြစ်သော အရိယာသံဃာတော်ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်။ ထိုထိုဘုရား ရဟန္တာ အရိယာ သံဃာတော်တို့၏ စိတ်သန္တာန်မှာ အဝိဇ္ဇာစသော တရားယုတ်တို့သည် အဟုတ်ကင်းရှင်း၍ ကြည်ကြည်လင်လင်ရှိတော်မူကြပါပေ၏။ ယခုအခါ အဝိဇ္ဇာကိုတော်လှန်၍ ဝိဇ္ဇာဉာဏ်ရှိသော ယောဂီပုဂ္ဂိုလ်တို့သည် မိမိ၏ခန္ဓာကိုယ်၌ ဖြစ်ပျက်မှု ဥဒယဗ္ဗယဉာဏ် ပရမတ္ထ ရုပ်နာမ်တို့၏ လှုပ်လှုပ်ရွရွ ခဏမငြိမ်သော အနိစ္စလက္ခဏာ ဉာဏ်ဝိဇ္ဇာကို တနာရီ နာရီဝက် အနည်းဆုံး ဆယ့်ငါးမိနစ်လောက် သတိပြုမိလျှင် ရှုမိလျှင် အဝိဇ္ဇာတဏှာမာန ဒိဋ္ဌိတို့သည် တဒင်္ဂပဟာန် အမှန်ကွာ၍နေသောကြောင့် အရိယာတို့၏စိတ်နှင့်တစိပ်တဒေသ သဘာဝဓမ္မ တူမျှလေသောကြောင့် ထိုပုဂ္ဂိုလ်မျိုးသည် ဘုရားစစ် တရားစစ် သံဃာစစ်ကို ဖူးတွေ့ရပြီး ဒိဋ္ဌသရဏဂုံတည်ပြီဟု ဟောတော်မူသည်။

ဓမ္မံ ဟိ သော ဘိက္ခဝေ ဘိက္ခု နပဿတိ ဓမ္မံ
အပဿန္တော မံ နပဿတိ၊ ဓမ္မံ ဟိ သော ဘိက္ခဝေ
ဘိက္ခု ပဿတိ။ ဓမ္မံ ပဿန္တော မံ ပဿတိ။
(ဣတိဝုတ်ပါဠိတော်)

ဘိက္ခဝေ၊ သံသရာဘေး အပါယ်ဘေးကို၊ မြော်တွေးကြောက်ညောင်း သူတော်ကောင်းတို့။ဓမ္မံ၊ရုပ်နာမ်နှစ်ခုဖြစ်ပျက်မှုကို။အပဿန္တော၊ မသိမမြင်သော။ သောဘိက္ခု၊ ထိုရဟန်းရှင်လူသည်။ ဟိ၊ စင်စစ်။ မံ၊ ငါဘုရားကို။ နပဿတိ၊ မဖူးမမြင်ရရာ၊ ဘိက္ခဝေ၊ သံသရာရေး ခန္ဓာဘေး

ကို မျှော်တွေးကြောက်ညှောင်း သူတော်ကောင်းတို့။ ဓမ္မ။ ရုပ်နာမ်နှစ်ခု ဖြစ်ပျက်မှုကို၊ ပဿန္တော၊ ရှုဘတ်၊ ကြည့်တတ်၊ သိတတ်သော။ ဘိက္ခု၊ ထိုရဟန်း ရှင်လူ သူတော်ကောင်းသည်။ ဟိ၊ စင်စစ်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဒိဋ္ဌထင်ထင် ဖူးမြင်ရလေ၏။

ဘုရားတရားကို မတွေ့က သံဃာကိုလည်း မတွေ့နိုင်မသိနိုင် ဘုရားတရားကို ဒိဋ္ဌဉာဏ်မြင် တွေ့မြင်ပါက သံဃာကိုလည်း ဒိဋ္ဌတွေ့မြင်ရလေ၏။ ဒိဋ္ဌသရဏဂုံလည်း တည်ရလေ၏။ ခန္ဓာကိုယ်၌ အနိစ္စဝိဇ္ဇာဉာဏ် ဒုက္ခဝိဇ္ဇာဉာဏ် အနတ္တဝိဇ္ဇာဉာဏ်တို့ကို အမှန်အကန် မပေါက်မရောက်သေးသမျှ ဒိဋ္ဌသရဂုံမ တည်နိုင်။ သုတသရဏဂုံမျှသာ တည်ရလေသေးသည်။ ထိုဥဒယဗ္ဗယဉာဏ် အမြတ်တရားကို တခြားမှာမဟုတ်ကြောင်း အောက်နားမှာ လင်္ကာကလေး ရေးပါအံ့။

## မှတ်ရန်လင်္ကာ

အနိစ္စကား၊ တခြားမရှာ၊ ကိုယ်ခန္ဓာမှာ၊ ရံခါမစဲ၊ တဖွဲဖွဲတည်း မမြဲနိုင်ကြ၊ သင်္ခတခေတ်၊ ပရမတ္ထ၊ ခဏိကကို၊ သိကြဘို့ရာ၊ သာသနာမှာ၊ ဘာဝနာမယ၊ ကြိုးစားမှသာ၊ ဉာဏ်ပညာနှင့်၊ နှစ်ဖြာရုပ်နာမ်၊ ဖြစ်ပျက်မှန်သည်၊ သုံးတန်လက္ခဏာထင်ရှားတည်း။

သုံးတန်လက္ခဏာ၊ ထင်ရှားလှပါ၊ ဤကိုယ်မှာလျှင်၊ ချမ်းသာမတွဲ၊ ဆင်းရဲအမှန်၊ ဖြစ်ပြန်ခုပျက်၊ ဖြစ်ပျက်ကိုသာ၊ တွေ့အောင်ရှာမှ၊ ဒုက္ခသစ္စာ၊ ထင်နိုင်ရာ၏။ ခန္ဓာကိုယ်ကား၊ တရားအစစ်၊ အနှစ်အကာ၊ ပညာဉာဏ်ရှင်၊ အမှန်မြင်အောင်၊ ကိုယ်တွင်တရား၊ ရှာစေသားဟု၊ ဘုရားမြတ်စွာ၊ စိန္တေယျာသည်၊ သဂါထာဝဂ္ဂ၊ သံယုတ္တမှာ ဟောပြပါသည် နောင်လာမှတ်ဘို့အမြဲတည်း။

## ဝိသုဒ္ဓိခုနစ်ပါး

(၁) သီလဝိသုဒ္ဓိ–သီလ၏စင်ကြယ်ခြင်း
(၂) စိတ္တဝိသုဒ္ဓိ–စိတ်၏စင်ကြယ်ခြင်း

(၃) ဒိဋ္ဌိဝိသုဒ္ဓိ–အယူ၏စင်ကြယ်ခြင်း
(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ – ယုံမှားမှု လွန်မြောက်ခြင်း၏ စင်ကြယ်ခြင်း
(၅) မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ – မဂ်ဟုတ်မဟုတ် ဉာဏ်အမြင်၏ စင်ကြယ်ခြင်း
(၆) ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ–အကျင့်ဟူသောဉာဏ်အမြင်၏ စင်ကြယ်ခြင်း
(၇) လောကုတ္တရာ ဉာဏဒဿန ဝိသုဒ္ဓိ – လောကုတ္တရာဉာဏ်အမြင်၏ စင်ကြယ်ခြင်း

သီလဝိသုဒ္ဓိ။ ။ယောဂီတို့ ဝိသုဒ္ဓိခုနစ်ပါးဆိုတာ မလွယ်လှဘူး။ ကြိုးစားအားထုတ်မှုရတယ်။ ဘာတွေ အားထုတ်ရမလဲဆိုတော့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါးကို ကြိုးစားအားထုတ်မှ ရကြမယ်လို့ ဆရာတော်ဘုရားများကသဲ တိုက်တွန်းနှိုးဆော်ပေးကြပါတယ်၊ ကြိုးစားအားထုတ်တော်မူကြပါ။ ကြိုးစားအားထုတ်သော ယောဂီတို့ အဖို့မှာ သီလဝိသုဒ္ဓိဖြစ်ပုံ သုဒ္ဓိဆိုတာ စင်ကြယ်တာကိုခေါ်တယ်၊ ဘယ်လိုမှ စင်ကြယ်ပါသလဲဆိုတော့ သီလမှာ လေးမျိုးရှိတယ် ယောဂီတို့ရဲ့–။

၁။ ဟာနဘာဂီယသီလ
၂။ ဌိတိဘာဂီယသီလ
၃။ ဝိသေသဘာဂီယသီလ
၄။ နိဗ္ဗေဓဘာဂီယသီလ

ရယ်လို့ လေးမျိုးရှိတယ်။ သီလသုံးမျိုးကတော့ ဓမ္မတာသီလဖြစ်တယ်။ ဒါကြောင့် ငါးပါးသီလကိုဖြစ်စေ၊ အာဇီဝဋ္ဌမကသီလကိုဖြစ်စေ၊ ယောဂီတို့ဟာ နိဗ္ဗာန်ကိုသွားစေတတ်တဲ့ နိဗ္ဗေဓဘာဂီယသီလဖြစ်အောင် ထိန်းကြပေါ့။ တရားကိုအားထုတ်တော့ စိတ်ဆိုတဲ့ နာမ်ဓာတ်ကလေးကိုလွှဲဆုံးမလိုက်တော့ စက္ခုသောတ၊ ဃာန၊ ဇိဝှါ၊ ကာယဆိုတဲ့ ဣန္ဒြေငါးပါးကို စောင့်စည်း၍ ထိန်းသိမ်းရသော သီလဖြစ်ခြင်းကြောင့် ဣန္ဒြိယသံဝရသီလဖြစ်မှသာလျှင် သီလဝိသုဒ္ဓိလို့ခေါ်တယ်။ ဒါတင်လားဆိုတော့ အဓိ

သိတလို့ ခေါ်တယ်၊ ယခု ယောဂီတို့မှာ ဒီလို အားထုတ် ထိန်းသိမ်း၍ ထားကြရရဲ့လား ယောဂီတို့ရဲ့။

ထိန်းရပါတယ်ဘုရား။

အဲ ယခုလို ယောဂီတို့မှာ ထိန်းသိမ်း၍ ထားရသော အဓိသီလ ဖြစ်ခြင်းကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဂ္ဂင်ပေး သနားတော်မူတယ်၊ ဘယ်မဂ္ဂင် ပေးသနားပါသလဲဆိုတော့ သမ္မာဝါစာ မဂ္ဂင်တပါး၊ သမ္မာကမ္မန္တ မဂ္ဂင်တပါး၊ သမ္မာအာဇီဝ မဂ္ဂင်တပါး၊ အဲဒီ မဂ္ဂင်သုံးပါးကို ဘုရားက ယူတော့လို့ ပေးသနားတော် မူတယ်။ ဒါမှ သီလဝိသုဒ္ဓိ ဖြစ်တယ်လို့ ဘုရားက ဟောတော်မူတယ်။

## စိတ္တဝိသုဒ္ဓိ

စိတ္တ ဝိသုဒ္ဓိ ဆိုတာကတော့ သာမည ပေါ့ပေါ့နှင့် ရတာ မဟုတ်ဘူး။ မိမိရဲ့ စိတ်နာမ်ဓာတ်ကို လိမ္မာ ယဉ်ကျေးအောင် ဆုံးမ လိုက်တော့မှ မိမိစိတ်ကလေးဟာ နူးညံ့ သိမ်မွေ့ လာတော့၏။ ထိုအခါကျတော့မှ သမာဓိတွေ ဖြစ်ပေါ်လာရော၊ ဘယ်လိုအတွက်ကြောင့် သမာဓိဖြစ်တယ်လို့ ဆိုနိုင်ရပါသလဲလို့ ဆိုတော့ သမာဓိ ဖြစ်ကြောင်း နိမိတ် အမျိုးမျိုးက သက်သေခံပါတယ်။ ဘယ်လိုနိမိတ်များက သက်သေခံပါသလဲဆိုတော့ တောတောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ ဂူ၊ ကျောင်း၊ ဘုရား၊ တန်ဆောင်း အမျိုးမျိုး နိမိတ်တွေက သက်သေခံပါတယ်။ ဒါတင်ဘဲလား ဆိုတော့ မဟုတ်သေးဘူး၊ သမာဓိတွေ ကောင်းသည်ထက် ကောင်းလာပြန်တော့ စိတ်ကလေးဟာ တည်ကြည်သည်ထက် တည်ကြည် လာပြန်တော့ မိမိရဲ့ စိတ်ကလေးဟာ သာလွန် စင်ကြယ်သောကြောင့် သမ္မာဝါယမ မဂ္ဂင် တပါးရ၏။

ထိုနောက် ကြိုးစားပြီးတော့ ဘာဝိတော ဗဟုလီကတော ဆိုသည့် အတိုင်း ထပ်မံ၍ ကြိုးစား အားထုတ်လိုက်ပြန်တော့ မိမိရဲ့စိတ်ကလေးဟာ အလွန့်အလွန် စင်ကြယ်၍လာခြင်းကြောင့် သမ္မာသတိမဂ္ဂင်ကို ရပြန်ရော၊ စင်ကြယ်ကြောင်းကို ဘယ်တရားက သက်သေခံပါသလဲဆိုတော့ အလင်း ဓာတ် အဝင်းဓာတ်တွေက သက်သေခံပါတယ်။ ဘာကြောင့် သိနိုင်ရပါ

သလဲဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီလ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးပါး တရားကို ပွါးများ အားထုတ်လို့ရှိယင် မိမိ စိတ်ကလေး အတွင်းမှာ နီဝရဏတွေ ငြိမ်းခြင်းကြောင့် အလင်းခေတ်၊ အဝင်းခေတ်တွေ တွေ့ကြတယ် မဟုတ်လား ယောဂီတို့ရဲ့။

မှန်ပါ တွေ့ကြောင်းပါ ဘုရား။

ယောဂီတို့ရဲ့ အလင်းခေတ်တွေဟာ ဘယ်ကလာသလဲလို့ သိကြရဲ့ လား ယောဂီတို့။

မဟုတ်ဘူး ယောဂီတို့ရဲ့၊ ဘုရားက သီလရောင်၊ သမာဓိရောင်၊ ပညာရောင်လို့ ဟောတော်မူထားတာဘဲ ယောဂီတို့၊ တရားအားထုတ် တော့ မိမိတို့ရဲ့စိတ်ကလေးဟာ စင်ကြယ်လာလို့ သမာဓိရောင်လို့ ခေါ် တယ်။ အဲဒီတော့မှ ယောဂီများက ဝမ်းမြောက် ဝမ်းသာ ဖြစ်၍ ထပ်မံပြီး သတိ ထားသည်ထက် ထားပြီး ကြိုးစား လိုက်ပြန်တော့ နိမိတ် သုံးပါး ပေါ်လာပြန်ရော၊ ဘယ်နိမိတ်၊ ဘယ်နိမိတ်တွေလဲဆိုတော့ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တွေ ပေါ်လာပြန်တယ်။ ထိုနိမိတ် သုံးမျိုးရ ပြန်တယ်။ အဲဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက မိမိ သီလလဲ စင်ကြယ်မှ မိမိသမာဓိစိတ်လွဲစင်ကြယ်မှ သမာဓိတွေဖြစ်လို့ စိတ္တ ဝိသုဒ္ဓိလို့ ဟောတာပေါ့။

ဥပဍ္ဍမိဒံ ဘန္တေ ဗြဟ္မစရိယဿ ယဒိဒံ ကလျာဏမိတ္တတာ၊ ကလျာဏသဟာယတာ၊ ကလျာဏ သမ္ပဝင်္ကတာတိ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော်)

ဇေါ်သမယံ၊ တရံရောအခါ၌။ အာယသ္မာအာနန္ဒော၊ အရှင် အာနန္ဒာသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဘန္တေ၊ အရှင်ဘုရား။ ယဒိဒံ ယာအယံ ကလျာဏမိတ္တတာ၊ အကြင် မိတ်ဆွေ ကောင်းနှင့် ပေါင်းဖော် သောသူ၏အဖြစ်သည်။ ယဒိဒံ-ကလျာဏသဟာယတာ၊ အကြင်အပေါင်း အဖော် ကောင်းရှိသော အဖြစ်သည်။ ယဒိဒံ ကလျာဏသမ္ပဝင်္ကတာ၊ အကြင်မိတ်ဆွေကောင်း အပေါင်းအဖော်ကောင်း၌ ကိုင်းရှိုင်းညွတ်ဘား ခစားဆည်းကပ်သော သူ၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ဖြစ်ခြင်း

သည်။ ဖြဟ္မစရိယဿ၊ ဝဋ္ဋဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းစေတတ် အကျင့်မြတ်အား။ ဥပဍ္ဎံ၊ ထက်ဝက်ပြီးပေ၏ဘုရား။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ထားလေ၏။

တရံရောအခါ အရှင်အာနန္ဒာက အရှင်ဘုရား သဒ္ဓါပညာနှင့်ပြည့်စုံသော ကလျာဏမိတ္တဖြစ်သော မိတ်ဆွေကောင်းတို့ကို ပေါင်းဖော်မှီဝဲဆည်းကပ်ရ၍ ကလျာဏမိတ္တသမ္ပဒါနှင့် ပြည့်စုံသော သူတို့သည် ထိုကလျာဏမိတ္တ ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရ၍ သံသရာ ဝဋ္ဋဒုက္ခ ထက်ဝက်ချုပ်ငြိမ်းပါပြီ ဘုရားလို့ လျှောက်ထားလေသောကြောင့်။

မာဟေဝံ အာနန္ဒ အဝစ မာဟေဝံ အာနန္ဒ
အဝစ သကလမိဒံ အာနန္ဒ ဗြဟ္မစရိယဿ ယဒိဒံ
ကလျာဏ မိတ္တတာ ကလျာဏ သဟာယတာ
ကလျာဏ သမ္ပဝင်္ကတာတိ။

အာနန္ဒ၊ အာနန္ဒာ။ ဧဝံ၊ ဤသို့။ ထက်ဝက်သာ ငြိမ်းသည်ဟူ၍။ ဟိ၊ စင်စစ်။ ဝါ၊ တကယ်ကို။ မာအဝစ၊ မဆိုလင့်၊ မဆိုသင့်။ အာနန္ဒ၊ အာနန္ဒာ။ယဒိဒံကလျာဏမိတ္တတာ၊ အကြင် မိတ်ဆွေကောင်းနှင့် ပေါင်းဖော်သော သူ၏အဖြစ်သည်။ ယဒိဒံကလျာဏသဟာယတာ၊ အကြင် အပေါင်း အဖော်ကောင်း ရှိသော သူ၏ အဖြစ်သည်၊ ယဒိဒံ၊ ကလျာဏ သမ္ပဝင်္ကတာ၊ အကြင် မိတ်ဆွေကောင်း အပေါင်းအဖော်ကောင်း၌ ကိုင်းရှိုင်း ညွတ်တွား ခစား ဆည်းကပ်သော သူ၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ ကိုင်းရှိုင်း ညွတ်တွား ခစား ပေါင်းဖော်သော အဖြစ်သည်။ ဗြဟ္မစရိယဿ၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းစေတတ် မြတ်သောအကျင့်အား။ သကလံ၊ အလုံးစုံပြီးစီး၏။ ဣတိ၊ ဤသို့။ အာဝေါစ၊ ဖွင့်လှစ်ဟောကြားတော်မူပေ၏။

အာနန္ဒာ ကလျာဏမိတ္တကို ရ၍ မှီဝဲဆည်းကပ်ရလျှင် သံသရာဝဋ္ဋဒုက္ခကို ထက်ဝက်သာ ငြိမ်းသည်ဟု မဆိုနှင့် မဆိုသင့် မဆိုထိုက်ဘူး။ အာနန္ဒာ–ကလျာဏ မိတ္တကို ဆည်းကပ်ခစား ပေါင်းဖော်ရသော သူတို့သည် သဒ္ဓါစစ်၊ ပညာစစ်ကို ကေန်ရ၍ သံသရာဒုက္ခ ဝဋ္ဋဒုက္ခ၏ အဆုံးဖြစ်ပြီ၊ ထိုကြောင့် အလုံးစုံ ငြိမ်းပြီလို့ ဆိုသင့် ဆိုထိုက် ဆိုလိုက်တော့၊

အာနန္ဒာ ဤကဲ့သို့ မြတ်စွာဘုရား မိန့်မှာတော် မူခဲ့သည့်အတိုင်း အပါယ် ဒုက္ခ၊ ဝဋ္ဋဒုက္ခကို မုချကေန် အမှန် ကြောက်တတ်သော သူတော်ကောင်း စိတ်နှလုံး ရှိသောသူသည့် အထက်က ဆိုအပ်ခဲ့ပြီးသော သိက္ခာသုံးပါး ကျင့်တရားတို့ကို ကိုယ်တိုင် ကျင့်ကြံ အားထုတ်၍ ဟုတ်ဟုတ် ငြားငြား ကျင့်တရားတို့ကို နည်းပေးလမ်းပြ စီနစ်ကျ၍ ကလျာဏမိတ္တ အင်္ဂါခုနစ် ပါးနှင့် ထင်ရှားစွာ ပြည့်စုံသော ဆရာ့ထံမှာ မာန်မာနကို နှိမ့်ချ၍ နည်း ရအောင်ယူ၍ ကျင့်ကြံ အားထုတ်သော သူကို ဒုက္ခခပ်သိမ်း ငြိမ်းလိမ့်မည် ဟု မြတ် စွာ ဘု ရား ဟော ကြား တော် မူ သည်။ သူ တော် ကောင်း အပေါင်းတို့—

## အမှာစကား

ကလျာဏမိတ္တကို ရအောင်ရှာကြလို့ မြတ်စွာဘုရား ဟောတော် မူသော တရားတော်တို့သည် များစွာရှိပါသော်လည်း ဤစာအုပ်သည် အကျဉ်းမျှဖြစ်၍ အနည်းငယ်မျှ ဖော်ပြလိုက်ရပါသည်။ ဟောကြားခဲ့ပြီး သည့် အတိုင်း သိက္ခာသုံးပါး၊ သင်္ဂဟတရားလေးပါး၊ ထိုခုနစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ကလျာဏမိတ္တ မိတ်ကောင်းအရာ၌ တည်နိုင်သော ပုဂ္ဂိုလ်မြတ်ပုဂ္ဂိုလ်ထူးကို ပြူးပြူးစေ့စေ့မြင်အောင်ကြည့်၍ တွေ့အောင် ရှာကြမှသာ မိမိတို့မှာ ကလျာဏမိတ္တသမ္ပဒါနှင့် ပြည့်စုံကြပေလိမ့်မည်။ သာသနာ တွေ့ရကျိုးနပ်၍ အမြတ်တရား ရကြပေလိမ့်မည် သူတော် ကောင်း အပေါင်းတို့—

လောက၌ ကောင်းသည် မကောင်းသည် ဟူသော နှစ်မျိုးနှစ်စား တို့တွင် မကောင်းတာ ပယ်ရှားဘို့၊ ကောင်းတာ သယ်ထားဘို့သာ ဖြစ် သည်။ မိမိစိတ်၌ ငါတတ်သည် ငါနပ်သည် ငါမြတ်သည် ငါရှိသည် စသည်ဖြင့် ထောင်လွှားတတ်သော မာနဓာတ်ကို ကြပ်ကြပ် ဆုံးမနိုင်မှ ကောင်းရာ ကောင်းကြောင်းကို ရကြလိမ့်မည်။ မာနသည် အာဂမာန ထိုမာနပြင္ဘာန်းသော စိတ်ဓာတ်ကို နှိမ်ချပယ်ရှား၍ သဒ္ဓါပညာပြဋ္ဌာန်း သော စိတ်ဓာတ်ကို ကြီးထွားအောင် ပြုပြင်နိုင်မှသာလျှင် စင်ကြယ်သော သဘောတရားသို့ ရောက်နိုင်လိမ့်မည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌–

ပဏ္ဏာဒကေန သဥ္စာတံ၊ ဥဒကေန ဝိသုဇ္ဈတိ။
စိတ္တေန ဇာယတေ ပါပံ၊ စိတ္တေနေဝ ဝိသုဇ္ဈတိ။

လောကေ၊ အညစ်အကြေး အပြစ်ဘေးတို့ ရစ်ထွေးထူထပ် ကမ္ဘာလောကဓာတ်အတွင်း၌။ ယံပက်ံ၊ လူးလည်းလိမ့်ကပ် ညစ်ပတ်စွန်းပေ အကြင် ရွှံ့ညွှံ့တွေသည်။ ဥဒကေန၊ ဖွဲ့စည်းယိုတတ် အာပေါဟူသော ရေဓာတ်ကြောင့်။ သဥ္စာတံ၊ ပေကပ်ခဲ့ကျုံဖြစ်လာဘိ၏။ တံပက်ံ၊ ထိုရေကြောင့် ဖြစ်လာ ရွှံ့စရာလူးပေ၊ ရွှံ့ညွှံ့တွေသည်။ ဥဒကေနေဝ၊ သန့်ရှင်းစေကြောင်း ရေကြည်ရေကောင်းဖြင့် သာလျှင်။ ဝိသုဇ္ဈတိ၊ ဆေးကြောလိုက်က–ခဏချက်ခြင်း ပျောက်ကင်း စင်ကြယ်ရလေ၏။ ဧဝံ၊ ဤနည်းထားယူ အလားတူသာလျှင်။ ယံပါပံ၊ ပရိယုဋ္ဌာ စသည်များစွာ ကိလေသာတို့ကြောင့် ဖြစ်လာပေါင်းစု အကြင် မကောင်းမှုသည်။ စိတ္တေန၊ လောဘ ဒေါသ ဒိဋ္ဌိမာန အဓမ္မတရား စိတ်ယုတ်များကြောင့်။ ဇာယတေ၊ ကိုယ်နှုတ်ဖောက်ပြန်၊ မခံလိုကြဖြစ်ပွါးရ၏။ တံပါပံ၊ ထိုစိတ်လေးစိတ်မှာ မာနများ၍၊ ဖြစ်ပွါးပေါ်လာ၊ ကိလေသာမျိုး၊ စိတ်ဓာတ်ဆိုးကို။ စိတ္တေနေဝ၊ မဖောက်မပြန်၊ အယူမှန်သည့် ဉာဏ်ပညာဓာတ်၊ စိတ်ကောင်းစိတ်မြတ်ဖြင့် သာလျှင်။ ဝိသုဇ္ဈတိ၊ ကိလေသာယုတ်၊ ပယ်ကာနှုတ်၍၊ အဟုတ်စင်ကြယ် နိုင်လေတော့သတည်း။

အဓိပ္ပါယ်မှာ။ ။ရွှံ့ညွှံ့တို့သည် ရေကြောင့်သာဖြစ်၏။ ထိုရွှံ့ညွှံ့တို့ကို ရေနှင့်ဆေးမှသာ စင်ကြယ်နိုင်၏။ မကောင်းမှုတို့သည် စိတ်ကြောင့်သာ ဖြစ်၏။ ထိုမကောင်းမှုကို ဖြစ်စေသော လောဘ-ဒေါသ-စသော ကိလေသာ စိတ်ဆိုး စိတ်ယုတ်တို့ကို ကောင်းသော သဒ္ဓါ-ပညာ ပြဋ္ဌာန်းသောစိတ်ကောင်း စိတ်မြတ်ဖြင့်သာလျှင် စင်ကြယ်စေနိုင်၏။ ထို့ကြောင့် စင်ကြယ်သော စိတ်ကောင်း စိတ်မြတ်ကို ရအောင် လုပ်ကြဘို့၊ ပေါ်အောင်ဖော်ကြဘို့၊ စင်ကြယ်သောစိတ်သဘောရှိမှသာလျှင် စင်ကြယ်သော အရာဌာနသို့ ရကြ ရောက်ကြ၍ စင်ကြယ်စွာ ဖြစ်နိုင်ကြလိမ့်မည်။ ထို့ကြောင့် အထူးသဖြင့် စင်ကြယ်သော အရာဌာနသို့ ရောက်အောင် လုပ်ကြဘို့ ကျင့်ကြံကြဘို့ မြတ်စွာဘုရားက ဝိသုဒ္ဓိခုနစ်ပါးကို ဟောကြားတော်မူခဲ့လေသည်။ သူတော်ကောင်း အပေါင်းတို့။

# ဒိဋ္ဌိဝိသုဒ္ဓိ

ဝိပဿနာဆိုတာ သမာဓိတွေ ကောင်းလာပြီဆိုတော့မှ ဝိပဿနာ အမြင်သန်တယ်၊ အဲဒါကြောင့် သမာဓိ မှန်ပြောင်းနဲ့ မိမိရဲ့ ကိုယ်ခန္ဓာ အတွင်းမှာ ဝိပဿနာ ပညာဉာဏ် ရှင်း၍ သမာဓိ မှန်ပြောင်းနဲ့ ကောင်း ကောင်းကြီး ရှုလိုက်တော့ မိမိရဲ့ ကိုယ်ခန္ဓာအတွင်းက ဓာတ်တွေ ပေါ်လာ ပါရော၊ ဘယ်ဓာတ်တွေ ပေါ်ပါသလဲဆိုတော့။

နာသဘော၊ ကျဉ်သဘော၊ အောင့်သဘော၊ လေးသဘော၊ တောင့်သဘော၊ အဲဒါတွေက တော့ ဘာလို့ ခေါ်ပါ သလဲ ဆိုတော့ ပထဝီဓာတ်လို့ ခေါ်တယ်။

ပူသဘော၊ အေးသဘော၊ နွေးသဘော၊ ရှိသဘောကို တွေ့တာ က တေဇောဓာတ်လို့ ခေါ်တယ်။

ယိုစီး၊ ဖွဲ့စည်း၊ စေးကမ်း ဆိုတာကတော့ အာပေါဓာတ်လို့ ခေါ်တယ်၊ ယောဂီတို့ရဲ့၊ ဤကိုယ်ခန္ဓာအတွင်းမှာ တွေ့ကြရဲ့လား။

တွေ့ကြောင်းပါဘုရား။

အဲဒါဖြင့် ဟိုအခါက ငါဘဲ သူဘဲ လူဘဲ နတ်ဘဲ ဗြဟ္မာဘဲ အထင် လွဲ၍ နေကြတာတွေ ယခုတော့ မိမိခန္ဓာကိုယ်က ငါမဟုတ်ကြောင်းကို ထင်ရှားစွာ သမ္မာဒိဋ္ဌိ အမြင်မှန်တွေ တွေ့တော့မှ ငါဆိုတဲ့ ဒိဋ္ဌိတွေပြုတ် သွားပါရော၊ ယောဂီတို့မှာ တရားကို အားမထုတ်ခင်ကတော့ ထိုတရား သည် ဟုတ်မှ ဟုတ်ပါ့မလား ဆိုတဲ့ ယုံမှားသံသယတွေလဲ ဖြစ်တယ်။ မိမိရဲ့ ကိုယ်ခန္ဓာ အတွင်းက ဓာတ်တွေ ဖောက်ပြန်ပျက်စီး၍ လက္ခဏာနှင့် မမြဲ တာတွေ ဆင်းရဲတာတွေ တွေ့တော့မှ အထင်မှား အမြင်မှားဖြစ်တဲ့ ဝိစိ ကိစ္ဆာတွေ ပြုတ်သွားပါရော၊ အဲဒါကြောင့် မြတ်စွာ ဘုရားသခင် ကိုယ် တော်မြတ်ကြီးက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ မရှိလျှင် သောတာပန်လို့ ဟောတော် မူခဲ့တာပေါ့၊ ဟိုအခါက ဘာကြောင့် ငါဘဲ၊ ငါ့ကိုယ်ဘဲလို့ အထင်မှား နေကြရပါသလဲဆိုတော့ အဝိဇ္ဇာတွေက ဖုံးလွှမ်းနေသောကြောင့် ငါ- မဟုတ်ဘဲနှင့် ငါထင်တာ ယောဂီတို့ရဲ့၊ ယောဂီတို့ရဲ့ ခန္ဓာကိုယ်၌ ဓာတ် လေးပါး အစုအဝေးတွေမှာ ဝါယောဓာတ်ရဲ့ လှုပ်ရှားထောက်ကန်တွန်း

ထိုး ဘိညှပ်သော သဘောကို ငါသွားသည်၊ ငါလာသည်၊ ငါထိုင်သည်၊ ငါထသည်ဟု အထင်မှားနေကြတာပေါ့၊ ယောဂီတို့ရဲ့ ဝိပဿနာပညာဉာဏ်၊ဝိဇ္ဇာနှင့် မိမိကိုယ်ခန္ဓာအတွင်းကို ဖောက်ထွင်း၍ကြည့်လိုက်တော့၊

သူငါတပါး ယောကျာ်း မိန်းမ မရှိ။
ခန္ဓာငါးပါး ရုပ်နာမ်တရား အစုမျှသာရှိ၏။

ထိုခန္ဓာအတွင်းမှာဓာတ်လေးပါးသာ ရှိသဖြင့် ထိုဓာတ်လေးပါး တို့၏ ခဏမစဲ တဖွဲ့ဖွဲ့ဖြစ်ပျက်နေတာတွေကို တွေ့တော့ မမြဲတဲ့ အနိစ္စ လက္ခဏာ။ဖောက်ပြန် ပျက်စီး၍နေတာတွေကို ခံစား၍နေရ ခြင်းကြောင့် ဒုက္ခ လက္ခဏာ၊ ထိုလို ဖောက်ပြန် ပျက်စီး၍ နေတာတွေကို မဖောက် မပြန် မပျက်စီး ပါနှင့်လို့ တားမြစ်လို့ မရခြင်းကြောင့် အနတ္တလို့ သိ၍သိ၍ နေသော ယောဂီအပေါင်း သူတော်ကောင်းတို့ကို မြတ်စွာ ဘုရား သခင် ကိုယ်တော်မြတ်ကြီးက သောတာပန်လို့ ဟောတော်မူတယ်။ထိုသောတာ ပန်တို့မှာ အင်္ဂါလေးပါး ရှိရတယ်လို့ ဘုရား ဟောတော် မူထားသည် သူတော်ကောင်း အပေါင်းတို့။

## သောတာပန်ဖြစ်ကြောင်းအင်္ဂါလေးပါး

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ။ ကတမာနိ စတ္တာရိ သပ္ပုရိသသံသေဝေါ သဒ္ဓမ္မဿာနံ ယောနိသော မနသိ ကာရော ဓမ္မာနုဓမ္မပဋိပတ္တိ၊ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ သော တာပတ္တိယင်္ဂါနိ။

ဘိက္ခဝေ၊ သံသရာရေး အပါယ်ဘေးကို မြှော်တွေး ကြောက် ညောင်း သူတော်ကောင်းတို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ- အင်္ဂါနိ၊ ဤအင်္ဂါတို့သည်။ သောတာပတ္တိ ယင်္ဂါနိ၊ သောတာပတ္တိမဂ်၏ အင်္ဂါတို့တည်း။ ကတမာနိစတ္တာရိ၊ အဘယ်လေးပါးတို့နည်း ဟူမူ ကား။ သပ္ပုရိသသံသေဝေါ၊ သူတော်ကောင်းတို့နှင့် မပြတ်ပေါင်းဖော်ရ ခြင်းဧင်း။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတို့ ပြောဟောဆုံးမ မြတ်ဓမ္မကို မှတ်ရ နာရ ခြင်းဧင်း။ ယောနိသော မနသိကာရော၊ သင့်တင့် သောချော

ကောင်းစွာ စိတ်ရင်း နှလုံး သွင်းရခြင်းရှင်း။ ဓမ္မာနုဓမ္မ ပဋိပတ္တိ၊ သူတော်ကောင်းတရား မြဲမှတ်သား၍ ကိုးပါးသော လောကုတ္တရာ မြတ်ဓမ္မကို လျော်စွာအကျင့် ကောင်းစွာ ကျင့်ရခြင်းရှင်း။ ဘိက္ခဝေ၊ သံသရာ ရေး ခန္ဓာဘေးကို ကြံတွေးမြင်သူ ရှင်လူရဟန်းတို့။ ဣမေ၊ ဤ စတ္တာရိ၊ ဤလေးပါးသော သဘောတရားတို့သည်။ ဓေါ-ကေန္ဒွေန၊ စင်စစ် အမှန်အားဖြင့်။ သောတပတ္တိယင်္ဂါနိ၊ သောတာပတ္တိမဂ်ကို ရစေတတ်သော အကြောင်း အင်္ဂါတို့ပေတည်း။

အဓိပ္ပါယ်ကား။ ။မဂ်တရား ဖိုလ်တရားကို ရစေတတ်သော အင်္ဂါ လေးပါး ဟူသည်။

၁။ ပညာရှိ သူတော်ကောင်းတို့ကိုမပြတ်မလပ် ဆည်းကပ်မှီဝဲရခြင်း။

၂။ ထိုသူတော်ကောင်း တို့၏ ဟောပြော ဆုံးမသော စကားကို နာခံမှတ်သားရခြင်း။

၃။ နာခံမှတ်သားပြီးလျှင် မိမိစိတ်၌ ဖြောင့်ဖြောင့် စင်းစင်း ကောင်းမွန်စွာ နှလုံးသွင်းရခြင်း။

၄။ နှလုံးသွင်းရှိသည့် အားလျော်စွာ လောကုတ္တရာ တရား ကိုးပါးနှင့် သင့်တင့် လျောက်ပတ်သော သီလ–သမာဓိ– ပညာ–သိက္ခာသုံးပါး အကျင့်တရားတို့ကို ကျင့်ကြံအား ထုတ်ရခြင်း။

ဤသို့သော အင်္ဂါလေးပါးနှင့်ပြည့်စုံသော လူရှင်ရဟန်းအပေါင်း တို့သည် သောတာပတ္တိ မဂ်ဉာဏ်ကို ကေန် ရလိမ့်မည်ဟု ဟောတော်မူခဲ့ သည် အားလျော်စွာ သာသနာတော် အတွင်းမှာသာ ကြားရ၊ နာရ၊ ကျင့်ရ၊ ကြံရ၍ သိနိုင်၊ ထင်နိုင်၊ မြင်နိုင်၊ ပေါက်ရောက်နိုင်၊ ယူနိုင် ရနိုင် သော တရားဖြစ်၍ အနည်းဆုံး တမဂ်၊ တဖိုလ်ရအောင် ယူကြဘို့ အလွန် ကောင်းသည် သူတော်ကောင်း အပေါင်းတို့။

## အားပေးတိုက်တွန်းသောလင်္ကာလေး

ဘဝပဒေသာ၊ ခုအခါဝယ်၊ ကြုံရာခဲစွ၊ ဒုလ္လဘကို၊ ကြုံရ
သောခါ၊ သာသနာမျိုး၊ ရအောင်ပျိုး၍၊ အကျိုးရှိရန်၊ အသိမှန်
ကို၊ ဉာဏ်သမ္မယုတ်၊ ပေါ်အောင်လုပ်မှ၊ အဟုတ်ရမည်၊ စိတ်က
ရည်လျက်၊ ဤအဝိဇ္ဇာ၊ ဒိဋ္ဌိကွာအောင်၊ ဓမ္မပဋိပတ်၊ အကျင့်မြတ်
ကို၊ ကျင့်တတ်မှသာ၊ ဉာဏ်ဝိဇ္ဇာသည်၊ ပေါ်လာမည်မို့၊ သည်
ခါသမယ၊ ဘဝပဒေသာ၊ ဩဇာအစစ်၊ တရားနှစ်ကို၊ ဖြစ်အောင်
လေ့လာ၊ တွေ့အောင်ရှာမှ၊ ဓမ္မရသာ၊ ခံစားရာသည်၊ ခါခါပွါး
မှ ကောင်းလိမ့်မည်။

## ကန်ါဝိတရကာဝိသုဒ္ဓိ

ဝိပဿနာ ပညာတရားတို့ကို မနေမနား ကြိုးစား အားထုတ်လိုက်
တော့ မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာ အမှန်တွေတွေ့ပြီး လက္ခဏာနှင့်တကွ ခန္ဓာ
ကိုယ်အတွင်းက ဖော်ပြနေတော့ မိမိတို့စိတ်ထဲမှာ ယခုမှဘဲ ဘုရားစစ်–
တရားစစ်–သံဃာစစ်ကို တွေ့ရပါပေတယ်လို့ မိမိစိတ်ကို မိမိ သန့်ရှင်း
စင်ကြယ်သော သဘောဖြင့် ဆုံးဖြတ်နိုင်၏။ သီလ–သမာဓိ–ပညာကိုလဲ
ဘုရားဟောထားတာနဲ့ မိမိရဲ့ကိုယ်ခန္ဓာ အတွင်းမှာ တွေ့တာနဲ့ ကိုက်ညီ
ခြင်းကြောင့် မှန်လှပါပေတယ်လို့ မိမိရဲ့ ခန္ဓာကိုယ် အတွင်းမှာ သန့်ရှင်း
စင်ကြယ်သော သဘောဖြင့် ဆုံးဖြတ်နိုင်၏။ ထို့ကြောင့် ဘုရားက ကိုယ်
ခန္ဓာအတွင်းမှာ ရှာကြလို့ ဟောတော်မူတာ။

ဘုရားဟောတော်မူသည့်အတိုင်း လိုက်နာဆောင်ရွက်လိုက်တော့
မှဘဲ မိမိကိုယ်ခန္ဓာအတွင်းက လှုပ်လှုပ်ရွရွ၊ မွမွ ပွပွ ရှိန်ရှိန် အေးအေး
နွေးနွေးနှင့် ခန္ဓာကိုယ်အတွင်းက သက်သေခံတွေ ထင်ရှားခြင်းကြောင့်
အစ အလယ် အဆုံး အားဖြင့် ထိုတရားတော်ကြီးသည် ဟုတ်လှပါပေ
တယ်၊ မှန်လှပါပေတယ်လို့ မိမိစိတ်မှာ သံသယ ရှင်းသွားခြင်းကြောင့်
ငါဆိုဒါပျောက်၍ ဒိဋ္ဌိကွာသွားပါရော။ အဲဒါတင်လားဆိုတော့ မဟုတ်
သေးဘူး၊ ယောဂီတို့ စိတ်သဏ္ဍာန်မှာက စင်ကြယ်သည်ထက် စင်ကြယ်

လာရခြင်းကြောင့် ဟိုအခါက သူတကာတွေပြောထားသော စကားတွေကို ဟုတ်မှုဟုတ်ရဲ့လား။ ဟုတ်လေလား ဆိုသော စကားတွေသည် ယခု ယုံကြည်သောသဒ္ဓါနှင့် စင်ကြယ်ခြင်းကြောင့် ဝိစိကိစ္ဆာကွာသွားလေ၏။ အဲဒီလို ယောဂီတို့ ကိုယ်ခန္ဓာမှာတွေ့ကြရဲ့လား။

တွေ့ပါတယ်ဘုရား။

အဲဒါဖြင့် မိမိခန္ဓာကိုယ်မှာ လက္ခဏာတွေ သမာဓိဥာဏ်အမြင်မှန်တွေ မြင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်တာတွေကိုတော့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိလို့ ခေါ်တယ်။ ယောဂီတို့ မှတ်ထားကြပေတော့။ အဲဒါကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်သွားလေတော့၏။

## မဂ္ဂါမဂ္ဂ-ဉာဏ-ဒဿန ဝိသုဒ္ဓိ

ဝိပဿနာပညာဉာဏ်နှင့် မိမိတို့ရဲ့ကိုယ်ခန္ဓာပေါ်မှာ ရှုမှတ်နေရင်းနှင့် အလွန့်အလွန်တရာမှ ငြိမ်းချမ်းသာကြည်လင်ပြီးတော့ အလွန် ဝမ်းမြောက်ဝမ်းသာခြင်းကြောင့် မိမိစိတ်ထဲမှာ ဒါဟာမဂ်လား၊ ဖိုလ်လားဟု မိမိကိုယ်တိုင် ဆုံးဖြတ်မိလေ၏။ မိမိစိတ်ကလေးသည် အလွန်စင်ကြယ်သောကြောင့် မဂ်ထင်လောက်အောင် ကြည်လင်သန့်ရှင်း စင်ကြယ်သော စိတ်ဖြစ်ပေါ်၍လာရာ ထိုတရားသည် အလွန်တရာချမ်းသာတဲ့တရားဘဲ၊ ဒါပေမဲ့ မဂ်တော့မဟုတ်သေးဘူး ရှေ့ဆက် ကြိုးစားအားထုတ်အုံးမှဘဲ လို့ မဂ်ဟုတ်သည် မဟုတ်သည်ကို သိသောဉာဏ်အမြင်၏ စင်ကြယ်ခြင်းကို မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိလို့ ခေါ်တယ်။

## ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ

မိမိကိုယ်ခန္ဓာအတွင်းမှာလက္ခဏာရေးသုံးပါးတို့ကိုမြင်သထက်မြင် ထင်သထက်ထင်ပြီးလျှင် ခေတ်သဘောကလေးတွေ၊ ကလာပ်သဘော ကလေးတွေ၊ ပရမတ်သဘောကလေးတွေ၊ နူးညံ့လာလိုက် ခေတ်တွေ မျိုးမျိုးပေါ်လာလိုက်နှင့် ရှုနေရင်း မိမိခန္ဓာကိုယ်ပေါ်မှာ ရှု၍ကောင်း

နေသောအခါသည် ယောဂီမှာ ပဋိပဒါကျနေခြင်းကြောင့် ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိလို့ ခေါ်တယ် ယောဂီတို့ရဲ့။

## လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ

ယောဂီတို့ကို မဂ်တရား ဖိုလ်တရား ရပုံကို ဟောပြမည်။ ယောဂီတို့ရဲ့၊ ဘယ်လိုမှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသလဲဆိုတော့ ယောဂီတို့ရဲ့ ကိုယ်ခန္ဓာအာရုံးက ခေတ်ကလာပ်၊ ပရမတ်ကလေးတွေဟာ တဖွဲဖွဲ တသဲသဲနှင့် ဖြစ်ပျက်နေသော သဘောတရားများဖြစ်၍ အလွန်တရာနူးညံ့ သိမ်မွေ့လာပြီးလျှင် မသိတချက် သိတချက်နှင့် မှေးမှိန်သေးသိမ်၍ ဖြစ်ပေါ်ပြီး နေရာမှ ရုပ်နာမ်တရား နှစ်ပါးတို့သည် လောကုတ္တရာဘက်သို့ ကူးပြောက်လေတော့၏။ သုဒ္ဓိခုနစ်ပါး ပြည့်အောင် ကြိုးစားအားထုတ်ကြပါ ယောဂီအပေါင်း သူတော်ကောင်းတို့။

## ဥဿျံတရားငါးပါး

ယောဂီတို့ ယခု ဝိပဿနာတရား အားထုတ်လိုက်တော့ ဥဿျံတရား ငါးပါးကို ရကြတယ်။ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါသည် သီလ – သမာဓိ – ပညာတည်းဟူသော တရားတော်မြတ်ကြီးကို အားထုတ်လိုက်တော့ လက်ဦးဆုံးရသော တရားဖြစ်သည် ဘယ်တရားတွေပါလဲဆိုသော့။

၁။ သခ်ါရ– ပြုပြင်ခြင်း

၂။ ဝိကာရ– အထူးအားဖြင့် ပိုင်းခြားဖြစ်ပေါ်၍လာခြင်း

၃။ လက္ခဏ- အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာကို တွေ့မြင်ခြင်း

၄။ နိဗ္ဗာန်– ရုပ်နာမ်နှစ်ပါး ချုပ်ငြိမ်းခြင်း

၅။ ပညတ်– အပူအအေးစသော ပရမတ်တို့၏ အမည်များ

သခ်ါရ–ဝိကာရ-လက္ခဏ-နိဗ္ဗာန်-ပညတ်ဟု ဆိုသော တရားကိုပေါင်း၍ ပြောလိုက်တော့ နားလည်ကြပါ့မလား ယောဂီတို့။

နားမလည်သေးပါဘုရား။

၁။ သင်္ဂါရ။ ။အေးဒါဖြင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ရပုံကို ဟောပြမယ်၊ သင်္ဂါရဆိုတဲ့တရားဟာ ပူပြင်တာကို ခေါ်တယ်၊ ပူပြင်တာကလဲ လောကီသင်္ဂါရ လောကုတ္တရာသင်္ဂါရလို့ နှစ်မျိုးရှိပေတယ်။ လောကီသင်္ဂါရကတော့ ဘယ်လိုဟာကိုခေါ်ပါသလဲဆိုတော့ ငါသည် တိုင်းပြည်ကြီး အုပ်ချုပ်ပြီးတော့ နန်းမသုံးဆောင်နှင့် ယသော်ဓရာ သားတော်ရာဟုလာ မှူးကြီးမတ်ရာ သေနာပတိတို့နှင့် နေစဉ်အခါတုံးက တိုင်းပြည်ကြီးမှာ သာယာဝပြော ရှိကြပါစေလို့ ပူပြင်ခဲ့ရသေးတယ်၊ အဲဒါက လောကီသင်္ဂါရ ခေါ်တယ်။

လောကုတ္တရာသင်္ဂါရကတော့ ငါသည် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူတော့မှ ပလ္လင်ပေါ်ကိုတက်ပြီးတော့ မိမိချုပ်ကိုလဲ ငြိမ်သက်စွာထားပြီး ပူပြင်ရသေးတယ်။ ရုပ်ကိုသာ ပူပြင်ရသလားဆိုတော့ မဟုတ်သေးဘူး နာမ်တရားကလေးကိုလဲ ဘယ်ကိုမှ မသွားရအောင်ပူပြင်၍ထားရသေးတယ်။အဲဒီလိုရုပ်ရေနာမ်ရေ ပူပြင်ရသောကြောင့် သင်္ဂါရဆိုတဲ့တရားတပါး ငါရပြန်တယ်၊ ကဲ ယခုလဲ ယောဂီတို့မှာ ဟိုအရင်တုံးကလို မိမိတို့ရုပ်ရေ နာမ်ရေ ထင်သလိုသွားနေကြတာတွေ ယခုတော့ သီလ-သမာဓိ-ပညာဆိုသော တရားတော်မြတ်ကြီးကို ကြိုးစားပွါးများအားထုတ် ပါတော့မယ်ဆိုပြီး ယခု အားထုတ်တဲ့ အခါကျတော့ မိမိရဲ့ ရုပ်တရားလေးကို ပူပြင်၍ မထားရဘူးလား။

ထားရပါတယ်ဘုရား။

အဲဒါတင်လားဆိုတော့ နာမ်တရားလေးကိုလဲ ပူပြင်ကြတယ် မဟုတ်လား၊ အဲဒီလို ရုပ်ရေ နာမ်ရေ ပူပြင်ရသောကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါကဲ့သို့ အားထုတ်ရခြင်းကြောင့် သင်္ဂါရ ဆိုတဲ့ တရားတပါး ယူကြတော့ လို့ မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပေးသနားတော်မူဘယ်၊ ဒီအတိုင်းဘဲ ရကြတယ် မဟုတ်လား ယောဂီတို့ရဲ့။

ရပါတယ်ဘုရား။

၂။ ဝိကာရ။ ။ကဲ - ယောဂီတို့ ယခုတင်ကတော့ သင်္ဂါရဆိုတဲ့ တရားတပါးရကြပြီ၊ အဲဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ့လိုလိုချင်လျှင် ငါ့လိုအားထုတ်ကြလို့ ဟောတော်မူတယ်၊

အဲဒါကြောင့် ယခု ယောဂီတို့မှာလဲ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဆုံးမဩဝါဒပေးသည့်အတိုင်း လိုက်နာဆောင်ရွက် အားထုတ်ကြရတယ်မဟုတ်လား ယောဂီတို့ရဲ့။

မှန်လှပါ အားထုတ်ရပါတယ်ဘုရား။

အဲဒီတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါရတဲ့တရား ဟောပြမယ်တဲ့၊ ဘယ်တရားကို ရပါသလဲဆိုတော့ ဝိကာရ ဆိုတဲ့ တရားတပါး ရပြန်တယ်။ ဘယ်လိုဟာကို ဝိကာရလို့ ခေါ်ပါသလဲဆိုတော့ မိမိရဲ့ ရုပ်နာမ်တရား နှစ်ပါး ကို ပွားပြင်၍ ဝိပဿနာပညာနှင့် ရှုလိုက်တော့မှ မိမိ ရုပ်တရား၏အတွင်းက ဓာတ်တွေ၊ ကလာပ်တွေ၊ ပရမတ်တွေတမျိုးစီ တမျိုးစီအားဖြင့် အာကာသနှင့်တကွ (ဝိ-အထူး၊ ကာရ-ပိုင်းခြား၍ ဖြစ်ပေါ်၍လာခြင်း) ဝိကာရဆိုတဲ့ တရားတပါး ငါရပြန်တယ်။

အဲဒါကြောင့် ယခုယောဂီတို့မှာလဲ မိမိတို့ရုပ်တရား နာမ်တရားတို့ကိုပွားပြင်ပြီးတော့ဝိပဿနာပညာနှင့် ရှုလိုက်တော့မိမိရဲ့ခန္ဓာကိုယ်အတွင်းက ပထဝီ၊ အာပေါ၊ တေဇော။ ဝါယောဆိုတဲ့ ဓာတ်တွေ၊ ကလာပ်တွေ ပရမတ်တွေ မတွေ့ကြဘူးလား။

တွေ့ပါတယ်ဘုရား။

ဝိ-အထူးအားဖြင့်၊ ကာရ၊ တမျိုးစီ၊ တမျိုးစီအားဖြင့် အာကာသတွေ ခြားလျက်နေတာတွေကို တွေ့ကြရတယ်မဟုတ်လား ယောဂီတို့ရဲ့။

တွေ့ပါတယ်ဘုရား။

အဲဒီလို တွေ့လို့ရှိယင် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဝိကာရဆိုတဲ့ တရားတပါး ယူကြတော့ဟေလို့ ပေးသနားတော်မူတယ်။

၃။ လက္ခဏ။ ။ကဲ-ယခု ယောဂီတို့မှာ သခ်ါရ၊ ဝိကာရဆိုတဲ့ တရားနှစ်ပါးကိုတော့ ရကြပြီ။ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးက လက္ခဏ ဆိုတဲ့ တရား တပါး ငါ ရပြန်တယ်။ ဘယ်လိုဟာကို လက္ခဏလို့ ခေါ်ပါသလဲဆိုတော့ မိမိတို့ရဲ့ ခန္ဓာကိုယ်အတွင်းက ဓာတ်-ကလာပ်-ပရမတ် ကလေးတွေဟာ တဖွဖွ- တသဲသဲ- တရှိန်ရှိန်- တသုတ်သုတ်-တလှုပ်လှုပ်-တရွရွနှင့် ဥဒယဗ္ဗယဉာဏ်အားဖြင့် ဖြစ်လိုက်ပျက်လိုက်

နှင့် ဖြစ်ပျက်၍ နေသော သဘောတရားတို့ကို တွေ့ခြင်းကြောင့် အနိစ္စ လက္ခဏာလို့ တရားတပါး ရပြန်တယ်။ အဲဒါတင်ဘဲလားဆိုတော့ မဟုတ်သေးဘူး။ ယခုဘင်က ပြောခဲ့တဲ့ ဥဒယဗ္ဗယ ဉာဏ်အားဖြင့် ဖြစ်ပျက်၍ နေသော သဘောတရားတို့ကို ခံစား၍ နေရခြင်းကြောင့် ဒုက္ခလက္ခဏာ လို့ တပါးရပြန်တယ်။

ဒီလိုဖောက်ပြန် ပျက်စီး၍နေတာတွေကို မဖြစ်ပါစေနဲ့ မပျက်ပါစေနဲ့လို့ တားမရ ဆီးမနိုင် အစိုးမရ ခြင်းကြောင့် အနတ္တ လက္ခဏာလို့ တရားတပါး ရပြန်တယ်။ ငါ ယခုရသော လက္ခဏာရေး သုံးပါးကတော့ ငါ၏လက်ထက်က ပရိယတ်စာ မရှိသေးလို့ စာထဲက သိတာလဲမဟုတ်၊ မိမိကလဲ အနိစ္စဆိုတာ ဘယ်လိုဟာပါလိမ့်။ ဒုက္ခဆိုတာ ဘယ်လိုဟာပါ လိမ့်၊ အနတ္တဆိုတာ ဘယ်လိုဟာပါလိမ့် မလဲလို့ ငါဘုရား တွေးဆကြံ ဆောင်လို့ ရသော တရား မဟုတ်ပေ။ မိမိခန္ဓာကိုယ် အတွင်းက ပရမတ် အနိစ္စ၊ ပရမတ်ဒုက္ခ၊ ပရမတ် အနတ္တတို့ကို ကိုယ်တိုင် တွေ့ခြင်းကြောင့် လက္ခဏာဆိုသော တရားတပါး ရပြန်တယ်။

ယခု ယောဂီတို့မှာလဲ မြတ်စွာ ဘုရား သခင် ကိုယ်တော်မြတ်ကြီး ဆုံးမသြဝါဒ ပေးတော်မူသည့်အတိုင်း လိုက်နာဆောင်ရွက်ရခြင်းကြောင့် မိမိ၏ခန္ဓာကိုယ်အတွင်းက ဥဒယဗ္ဗယဉာဏ်အားဖြင့်ဖြစ်ပျက်သောသဘော တရားတို့ကို တွေ့ခြင်းကြောင့် မမြဲတဲ့အနိစ္စလက္ခဏာ၊ ဒီလိုမိမိ၏ခန္ဓာကိုယ် အတွင်းက ဖောက်ပြန်ပျက်စီး၍နေဒါတွေကို ခံစား၍ နေရခြင်းကြောင့် ဒုက္ခလက္ခဏာလို့ခေါ်တယ် ယောဂီတို့ရဲ့၊ အဲဒါတင်လားလို့ဆိုတော့ မိမိရဲ့ ခန္ဓာကိုယ်အတွင်းက ဖောက်ပြန်ပျက်စီး၍နေသော တရားတို့ကို မဖောက်မပြန်စေနှင့်လို့ မပျက်စီးပါစေနှင့်လို့ တားမြစ်လို့ရကြရဲ့လား ယောဂီတို့ရဲ့။

မရကြောင်းပါ။

ဒီလိုတားမရ ဆီးမနိုင် အစိုးမရခြင်းကြောင့် အနတ္တလက္ခဏာလို့ ခေါ်တယ်။ ဒီလို မိမိရဲ့ခန္ဓာ ကိုယ်အတွင်းက ပရမတ်အနိစ္စ၊ ပရမတ်ဒုက္ခ၊ ပရမတ် အနတ္တတို့ကို တွေ့လို့ရှုယင်ဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးက လက္ခဏာဆိုသော တရားတပါးကို ယူကြတော့ဟေ့လို့ ပေး သနားတော်မူတယ်။

နိဗ္ဗာန်။ ။ကဲ-ယောဂီတို့ ယခုတင်က ရခဲ့သောတရားကတော့ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာဆိုသော တရားသုံးပါးဖြစ်တယ်။ ထို့ကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန်ဆိုတဲ့ တရားတပါး ငါရပြန်တယ်။ ဘယ်လိုဟာကို နိဗ္ဗာန်လို့ ခေါ်ပါသလဲဆိုတော့ မိမိရဲ့ ခန္ဓာကိုယ်ပေါ်၌ ဥဒယဗ္ဗယ ဉာဏ်အားဖြင့် ဖြစ်ပျက်၍ နေဒါတွေကို သုံးသပ်၍နေသောအခါ၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်ဟု ဆိုသည့်အတိုင်း အဖြစ်အပျက်တွေကို ဆင်ခြင်သုံးသပ်ခြင်း၊ ရှုတ်တရက် လျှင်မြန်စွာ ရုပ်နာမ် တရားနှစ်ပါးတို့သည် ချုပ်ငြိမ်းသွားခြင်းကြောင့် နိဗ္ဗာန်ဟုဆိုသော တရားတပါးကို ငါရပြန်တယ်။

ကဲ-ယခု ယောဂီတို့မှာလဲ မိမိခန္ဓာ ကိုယ်ပေါ်၌ ပရိကံပြု၍ ရှုသော အခါ လက္ခဏာရေးသုံးပါးနှင့်တကွ မမြဲတာတွေ၊ ဆင်းရဲတာတွေ၊ အစိုး မရတာတွေကို အင်တိုက်အားတိုက် ဒုက္ခသုခတို့ကို မခံစားပါမူ၍ လက် လွှတ်ထားပြီးလျှင် သုံးသပ်ဆင်ခြင်၍ နေရင်းနှင့် မှေးမှိန် သေးသိမ်၍ ဂေါတြဘူအားဖြင့် ရှုနေရင်းနှင့် ရုပ်နာမ်တရားနှစ်ပါးတို့သည် ချုပ်ငြိမ်း ၍ သွားခြင်းကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန် ဟု ဆိုအပ်သော တရားတပါးကို ယူကြတော့ဟေ့တဲ့....

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရုပ်နာမ်တရားနှစ်ပါး ချုပ်ငြိမ်း၍ ဒုက္ခခပ်သိမ်း ကုန်ငြိမ်းသွားသော နေရာပါတကားလို့ အလွန် တရာမှ အေးသောနေရာ၊ အလွန်တရာမှ ငြိမ်းသောနေရာ၊ အလွန်တရာမှ ချမ်းသောနေရာတို့ကို မျက်မှောက်ပြုရခြင်းကြောင့် သတ္တဝါအများတို့ကို ငါဘယ်လိုလုပ်လို့ ဘယ်လိုကြံဆောင်လို့ ပေးရပါမလဲလို့ ကြံဆောင်တော် မူ၏။ သို့သော်လဲ သတ္တဝါအများ၏ စိတ်ဓာတ်ကလဲ အလွန်တရာမှကြမ်း တမ်း၊ စက္ခုဆိုတဲ့ မျက်စိကလဲ အမှန်ကိုမကြည့်တတ်သောကြောင့် အမှန် ကိုမမြင်တတ်သောကြောင့် ငါ၏ခန္ဓာကိုယ်မှာ ဖောက်ပြန်ပျက်စီး၍ နေ တာတွေကို လာကြည့်လှည့်ကြဟဲ့လို့ ခေါ်၍ပြသော်လဲ ပုထုဇဉ်တို့မျက်စိ သည် ပကတိမျက်စိ မံသမျက်စိ အနန္တမျက်စိ ဖြစ်ခြင်းကြောင့် ငါ၏ ခန္ဓာ ကိုယ်အတွင်း၌ ဖြစ်ပျက်တဲ့ ပရမတ်အစစ်တွေကိုတော့ မြင်နိုင်ကြမည် မဟုတ်ပေ။

ဒါပေမဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သဘ္ဘဝါ အများ ရင်ဝယ်သားကဲ့သို့ သနားသဖြင့် မဟာကရုဏာတော်နှင့် ပရမတ် ပေါ်ကို ပညတ်တင်စား၍ ဟောရယင်ဖြင့် နားလည်တန်ကောင်းရဲ့လို့ ပရမတ်ပေါ်ကို ပညတ်တင်စား၍ဟောတော်မူတယ်၊ ဘယ်လိုများ ဟော တော်မူပါသလဲဆိုတော့၊ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်၊ နိဗ္ဗာန်ရယ် လို့ ဟောရခြင်းကြောင့် ပညတ်ဆိုသောတရားတပါး ငါးရပြန်တယ်။

၅။ ပညတ်။ ။ယခု ယောဂီတို့မှာလဲ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါလို လိုချင်ယင် ငါလိုအားထုတ်ကြလို့ဆိုခြင်း ကြောင့် ဘုရားဆုံးမတော်မူသည့်အတိုင်း လိုက်နာဆောင်ရွက်၍ ဝိပဿနာ တရားနှင့် ဆင်ခြင်သုံးသပ်လိုက်တော့မှ မိမိရဲ့ခန္ဓာကိုယ်အတွင်းက ဓာတ် ကလာပ်ကလေးဘွားဟာ တဖွဲ့ဖွဲ့တသဲသဲနှင့် ဥပါဒ်ဌီဘင်အားဖြင့်လက္ခဏာ ရေးသုံးပါး ဥဒယဗ္ဗယဉာဏ်အားဖြင့်အင်တိုက်အားတိုက် သုံးသပ်ဆင်ခြင် ၍နေရင်း ရုပ်နာမ်တရားနှစ်ပါး ချုပ်ငြိမ်း၍သွားလေတော့၏။ ထိုအခါ တရားအားထုတ်၍ နေရာမှထလာပြီးတော့ ဆရာကမေးသောအခါ မိမိတို့ ခန္ဓာတွင်းက သမ္မာဒိဋ္ဌိ၊ အမြင်မှန်ဓာတ် ကလာပ်ကလေးတွေကိုကိုင်တွယ် ၍ မပြနိုင်ခြင်းကြောင့် ပရမတ်ပေါ်ကို ပညတ်တင်စား၍ ခန္ဓာကိုယ် အတွင်းက နာမှု၊ ကျဉ်မှု၊ ပူမှု၊ အေးမှု၊ ယိုစီးမှု၊ လှုပ်ရှားမှုတို့ဟာ လက် ကဘဲ၊ ခြေကဘဲ၊ ခေါင်းကဘဲဟု ပညတ်တင်စား၍ ပြောရခြင်းကြောင့် ထိုလို ပရမတ်ပေါ်ကို ပညတ်တင်စားရခြင်းကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပညတ်ဆိုသော တရားတပါးကို ယူကြတော့ ဟေ့....တဲ့....

ဒါကြောင့် ယောဂီအပေါင်းတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သည် မနေမနား ကျင့်ကြံအားထုတ်၍ ကိုယ်တိုင်သိရှိရသော ဥေယျမ်‌ တရားငါးပါးကို ယခုယောဂီတို့ သဒ္ဓါတရား ထက်သန်စွာ ကြိုးစားအား ထုတ်၍ ကိုယ်တိုင်တွေ့ရှိရခြင်းနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အား ထုတ်ခဲ့သော တရားနှင့် ကိုက်ညီကြရဲ့လား ယောဂီအပေါင်းတို့ရဲ့။

မှန်ပါ ကိုက်ညီပါတယ်ဘုရား။

အေး-မကိုက်ညီသေးသင့်ကြိုးစားအားထုတ်ကြအုံးပေါ့ ယောဂီတို့ရယ် ဘုရားက ငါလိုချင်ရင် ငါလိုကျင့်ကြံအားထုတ်ကြလို့ ဟောတော်မူထားခဲ့တယ်။

ဝိသုဒ္ဓိခုနစ်ပါးပြီး၏။

## မဂ်ကိစ္စပြီးပုံ

အဘယ်ကဲ့သို့ မဂ်ကိစ္စပြီးပါသနည်း ဟူငြားအံ့။

ဖြစ်လျှင် ဒုက္ခ၊ ချုပ်သုခ၊ ချမ်းမြအေး နိဗ္ဗာန်။
ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှုမဂ်ကိစ္စံ။

ဟူသောလင်္ကာအရ ချုပ်ခြင်းကား (ဝါ)ချုပ်သောသဘောကား နိဗ္ဗာန်ပင်တည်း။ ထိုသဘောကို အာရုံပြုခြင်းကား အာရမ္မဏိက မဂ်စိတ်တည်း။ ထိုစိတ်ဖြင့် ချုပ်မှုကို နှစ်သက်လျှင်(ဝါ)ဖြစ်ချင်မှုကိုပယ်စွန့်လျှင် တဏှာပယ်မှု၊ နိဗ္ဗာန်အာရုံပြုမှု၊ မဂ္ဂသစ္စာပွားမှု ကိစ္စများ ပြီးသဖြင့် သောတာပန်စသည်တည်း၏ဟူလို။ဤဝိပဿနာနှင့်ပင် သောတာပတ္တိမဂ်မျှမက အရဟတ္တမဂ်သို့ တက်ရောက်နိုင်၏ဟု အဋ္ဌကထာက မိန့်ဆိုချက်များ ရှိပါသည်ဟူလို။

## ပုထုဇဉ်စိတ်နှင့် အရိယာစိတ် ခြားနားပုံ

ပုထုဇဉ်တို့မှာ မိမိခန္ဓာကို အားထားကြ၏။ အရိယာမှာ မူကား ခန္ဓာ၌ အားထားစရာ အနှစ်အသားမရှိသည်ကို မြင်သိ၏။ ထိုကြောင့် ငြိမ်း ငွေ့ ကြ၏။ ပုထုဇဉ်တို့၏ခန္ဓာ၌ မရောင့်ရဲနိုင်သောလောဘ၊ မခံချင်မှုဟူသော ဒေါသ၊ မသိမလိမ္မာမှုဟူသော မောဟတို့သာ အားကြီးလွှမ်းမိုးခြင်း ခံနေကြရတော့၏။ ဥပမာ- ဝါးပင်၊ ပေပင်၊ ကျူပင်၊ ငှက်ပျောပင်ကို မိမိ၏ အသီးက သတ်သကဲ့သို့၊ ထိုအတူ မိမိမှီရာ ခန္ဓာကို အပါယ်

လေးပါးသို့ ချခြင်း, အို နာ သေရေး ဒုက္ခဘေးဟူသော ဇာတိကန္တာရ, ဇရာကန္တာရ, မရဏကန္တာရ ဟူသော သံသရာတို့မှ မလွတ်နိုင်အောင် နှိပ်စက်ခြင်းဖြင့် သတ်၍သတ်၍နေလေတော့၏။

ကိုယ့်ကိုယ်ကိုဖျက် သံချေးတက်၊ အသားထဲက လောက်ထွက်၊ ကိုယ့်စိတ်ကို မယုံရသော တရားဟူသည် ပုထုဇဉ်၏ ခန္ဓာကိုယ်ပင် မှတ်တို့ပါဘဲ၊ အဘယ်ကြောင့်နည်းဆိုခဲ့လျှင် လောဘ ဒေါသ မောဟတို့ နှင့်ယှဉ်၍ အပါယ်သို့ချခြင်း သံသရာရှည်စေခြင်း တို့ကို ဖြစ်စေတတ်သော ကြောင့်တည်း။

## ပုထုဇဉ်တို့သန္တာန်၌ လောဘ ဒေါသ မောဟ လွှမ်းမိုးနေပုံ ဥပမာ ဂါထာ

လောဘော ဒေါသောစ မောဟောစ၊ ပုရိသံ ပါပစေတသံ။
ဟိံသန္တိ အတ္တသမ္ဘူတာ၊ တစ သာရံဝ သဖလံ။

တစသာရံ၊ ဝါးပင် ကျူပင်ကို။ သဖလံ၊ မိမိ ဝါသီး ပေသီး ကျူသီးသည်။ ဟိံသတိဣဝ၊ ညှင်းပမ်းနှိပ်စက် သတ်ဖြတ်လေသကဲ့သို့။ သာသနေ၊ သာသနာတော်၌။ ပါပစေတသံ၊ ယုတ်မာသောနှလုံးသွင်းရှိသော။ ပုရိသံ၊ ပုထုဇဉ်သတ္တဝါကို၊ လောဘောစ။ လောဘသည်၎င်း။ ဒေါသောစ၊ ဒေါသသည်၎င်း။ မောဟောစ၊ မောဟသည်၎င်း။ အတ္တသမ္ဘူတာ၊ ကိုယ်တွင်းသဏ္ဍာန်၌ သံသရာဘဝအဆက်ဆက်က မပြတ်ညှင်းပမ်းနှိပ်စက်ဖျက်ဆီး၍လာကြကုန်သော။ ဧတေယောဂ၊ ဤရန်သူကြီးသုံးယောက်တို့သည်။ ဟိံသန္တိ၊ မိမိခန္ဓာကိုယ်ကို မိမိဖျက်ဆီး၍နေကုန်၏။

ထိုကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာကို လျှင်မြန်စွာဖြုတ်၍ ဇာတိ ချုပ် တဲ့ နိဗ္ဗာန်သို့ရောက်နိုင်သော အရိယာအဖြစ်သို့ ရောက်တဲ့ထိအောင် အစွမ်းရှိသလောက် အားထုတ်သင့်ကြပေသည်ဟူလို။

အရိယာ ခန္ဓာမှုကား ကိုယ် စိတ်တို့ကို အစိုးရ၏။ အ ပါယ် ကျကြောင်း သံသရာကျင်လည်ကြောင်းတို့ကို မပြုမလုပ်တော့ပြီ၊ ထိုအရိယာ

ခန္ဓာကို လျှင်စွာရရှိလိုက ဇာတိဒုက္ခံ အဇာဘိသုခံစသော ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်အရ ကျက်မှတ်၍ နေ့ညမပြတ် ပွားများကြပါကုန်။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခံ၊ဆင်းရဲ၏။ အဇာတိ၊ ခန္ဓာဇာတိ အသစ်မဖြစ်မူ၍ ဘုရားရဟန္တာတို့ကဲ့သို့ ပရိနိဗ္ဗာန စုတိ၌ အကြွင်းမဲ့ချုပ်ငြိမ်းရခြင်းသည်။ သုခံ၊ ချမ်းသာ၏။

သောတာပတ္တိမဂ္ဂဉာဏ်၊ သိမှား မှတ်မှား တတ်မှား အယူမှားကုန်ငြားအံ့။ ဖလံ၊ ပါယ်ဘေးကင်းဘိ သုဂတိ၌ မြဲသည့်သစ္စံ သတ္တဘဝ မလွန်ရ ရောက်ထ အရဟတ္တံ။ ဤသို့တည်ထ ပုဂ္ဂလ မှတ်ကြ သောတာပန်။

## သစ္စာလေးပါးဖြစ်ပေါ်လာပုံ

ထိုမဟာ ကရုဏာတော် ပြဋ္ဌာန်းတော်မူချက်အရ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၍ ဗောဓိပင်၌ သဗ္ဗညုတဉာဏ် ရ ပြီး နောက်မည်သူ့ကိုမျှ သစ္စာတရား မဟောသေးဘဲ၊ ပဉ္စဝဂ္ဂီ ငါးဦး တို့အား ဓမ္မစကြာ သစ္စာလေးပါး တရားကို ဟောတော်မူရာ ပဉ္စဝဂ္ဂီ ငါးဦးနှင့်တကွ တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့ သစ္စာကို ထိုးထွင်းမြင်သိ၍ ဓမ္မာဘိ သမယဖြစ်ကြပေသတည်း။

## ဓမ္မစကြာ၏ဂုဏ်ထူးကိုပြပုံ

ဤဓမ္မစကြာတရားတော်သည် သစ္စာကို လျင်စွာ မြင်သိခြင်းငှါ သွယ်ဝိုက်ခြင်းမရှိဘဲ တည့်တည့်ဓတ်မတ် အကျဉ်းအားဖြင့် ဇာတိ စသော ဒုက္ခတို့သည် တဏှာကြောင့်ဖြစ်၏။ သမ္မာဒိဋ္ဌိမဂ်ဖြင့် တဏှာကိုပယ်လျှင် ဇာတိဒုက္ခချုပ်၏ဟု သစ္စာလေးပါးကို စကာ နှစ်ခွန်းဖြင့် သိစေနိုင်သော တရားထူး တရားမြတ်ဖြစ်ပေသည်။

ထို့ပြင် ထိုတရားကို အထူး ကြည်ညိုကြစေလိုသည်မှာ မြတ်စွာဘုရားသည် သုတ်ဝိနည်း အဘိဓမ္မာတရားများကို ဟောသည့်အခါမှာဖြစ်စေ၊ သုံးသပ်ဆင်ခြင်သည့်အခါမှာဖြစ်စေ၊ ဤဓမ္မစကြာတရားကို ဟော

တော်မူသောအခါကဲ့သို့ အထက်ကိုဘဝဂ်ထိပ်ပဲ့တင်ထပ်မျှ ကောင်းချီးပေးကြသောနတ်ပြဟ္မာတို့၏ဩဘာသံနှင့်တကွတသောင်းသောလောကဓာတ်ကို တုန်လှုပ်စေနိုင်သော တရားမရှိပေ။ နတ်ပြဟ္မာများ အလွန်နှစ်သက်၍ အလွန် တန်ခိုးကြီး၏။ အလွန်ကျေးဇူးများ၏။ ထို့ကြောင့် ထိုဓမ္မစကြာကို အထူး အရှိအသေပြု၍ မိမိတို့သည်သစ္စာသိအောင်ပြု၍ သူတပါးကိုလည်း ဟောမှု ပြောမှုတို့ကိုပြု၍ သစ္စာကိုသိသော ပဋိဝေဓ သာသနာသို့ ရောက်အောင် အားထုတ်သင့်ကြပေသည်။

## မြတ်စွာဘုရားသာသနာ ထားတော်မူခဲ့ပုံ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါမှာ နေ့စဉ်ဗုဒ္ဓကိစ္စငါးပါးကို ပြုတော်မူ၏။ ညဉ့်ကို ၉ ပုံ ပုံ တပုံမျှသာ ကျိန်းစက်တော်မူ၍ ဇာဂရိယာ နုယောဂဖြင့် အလွန်နိုးကြားခြင်းနှင့် ယှဉ်တော်မူ၏။ ၄၅ ဝါပတ်လုံး လူ နတ် ပြဟ္မာများ ကယ်ချွတ်တော်မူရာ သန်းချီများစွာ ကျွတ်ကြ၏။ သို့ရာတွင် ကျွတ်ခွင့်ရှိသော သတ္တဝါအချို့ ကျန်နေမှုကို သိတော်မူသဖြင့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သာသနာသုံးရပ် ထားတော်မူခဲ့လေသည်။ ထိုသုံးရပ်အနက် ပဋိဝေဓသာသနာဟူသည် သစ္စာလေးပါးကို သိအောင်ပြုမှု၊ သောတာပတ္တိမဂ်စသည်ကို ရအောင်အားထုတ်မှုပင်ဟူလို။ ထိုပဋိဝေဓ သာသနာကိစ္စ ပြီးစေရန်မှာ သာဝကတို့၏ တာဝန်ဖြစ်ပေသည်။ ထို့ကြောင့် တည့်သာဝက သံဃာတော်များသည် ပဋိဝေဓသာသနာဟူသော သစ္စာသိမှု ဒါယကာဝေနေယျတို့အားလည်း ဟောပြောရန်တာဝန်ဖြစ်သည့်အတိုင်း ဓမ္မစကြာသစ္စာလေးပါးကိုဟောပြောတော်မူသင့်ကြပေသည်ဟူလို။

## ပဋိဝေဓသာသနာ၏အဓိပ္ပါယ်

ယခုအခါ ပရိယတ် ပဋိပတ်အနေဖြင့် ဓမ္မစကြာ အနတ္တလက္ခဏာ သုတ်စသည်ကိုနှုတ်ရအောင်၍ ရွတ်ဖတ်သရဇ္ဈာယ်မှုပြုကြပေသော ပုဂ္ဂိုလ်အများအပြားပင် ရှိကြသဖြင့် ဝမ်းမြောက်ရပေသည်။ သို့ရာတွင်သစ္စာကို

သူတသိမှ ပဋိစ္စသမုပ္ပါဒ်သို့ ရောက်အောင် ပဋိဝေဓသာသနာပြုမှု ဟောမှု ပြောမှု အားထုတ်မှုနည်းပါးသဖြင့် တိမ်ငုပ်နေ၏။ ထိုတိမ်ငုပ်နေသည်ကို နေလကဲ့သို့ ထွန်းလင်းလာစေရန် ပြတော့အံ့။

မိမိတို့သည် ပဋိဝေဓသာသနာ သစ္စာသိမှု၌ တည်သည် မတည်သည်ကို သိနိုင်ခြင်းငှါ အမေးအဖြေနှင့် ပြဦးအံ့။

မေး။ ။သင်သည် သစ္စာလေးပါးတို့၌ ယုံမှားခြင်းရှိသေးသလော။

ဖြေ။ ။သစ္စာလေးပါးတို့၌ ယုံမှားခြင်းမရှိတော့ပါ။

မေး။ ။အဘယ်သို့သော အခြင်းအရာအားဖြင့် ယုံမှားကင်းပါသလဲ။

ဖြေ။ ။ယခုရရှိနေသော ခန္ဓာသည် မမြဲမှု အနိစ္စ၊ ဆင်းရဲမှုဒုက္ခ၊ အစိုးမရ အလိုမလိုက်မှု အနတ္တ၊ ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဒုက္ခတို့နှင့် ကိုယ်တိုင် တွေ့ကြုံနေရမှုတို့ကြောင့် ဤခန္ဓာငါးပါးသည် ဒုက္ခသစ္စာတည်း ဟု ယုံကြည်ပါသည်။

(၁) လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟု လောကီတရားအရဆိုကြသော်လည်း ပရမတ္ထသစ္စာအရမှာ ဒုက္ခသစ္စာတည်းဟုယုံကြည်ပါသည်။ သို့လောသို့လော နှစ်ခွမရှိပါ။

(၂) ထိုဒုက္ခတို့သည်လည်း မိမိ၏ ကာမတဏှာ ဘဝတဏှာတို့ကြောင့် ဖြစ်၏။ သူတပါးတို့ကြောင့် ဖြစ်မှုမဟုတ်ဟု ယုံကြည်ပါသည်။ သို့လောသို့လော နှစ်ခွမရှိပါ။ အဘယ်ကြောင့် ယုံကြည်သနည်း ဆိုသော် ယခု ပစ္စုပ္ပန်မှာပင်လျှင် တဏှာသံယောဇဉ်ကြောင့် သားရေး သမီးရေး နေရေး ထိုင်ရေး စားရေး သောက်ရေး စီးပွားရေးစသော ဒုက္ခတို့နှင့် ကိုယ်တိုင် တွေ့ကြုံနေရသဖြင့် မိမိတဏှာကြောင့် မိမိဒုက္ခဖြစ်မှု၌ နှစ်ခွမရှိတော့ပါ။

(၃) ထို့ပြင် မိမိသည်ပင်လျှင် ဘယ်ဘုံ ဘယ်ဘဝကိုမှ အလိုမရှိတော့ပါဟု ဇာတိဖြစ်စေတတ်သော တဏှာကိုပယ်သောကြောင့် ဒုက္ခ

နိရောဓ နိဗ္ဗာန်ကို ရရှိပြီဟု ယုံကြည်ပါသည်။ ထိုလိုချင်မှု တဏှာကို ပယ်သော်လည်း ဖြစ်မှု ချုပ်ငြိမ်းသော အနုပ္ပါဒ နိဗ္ဗာန်ကိုရမှ ရပါမည်လောဟု ယုံမှားမှု မရှိပါ။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီ ဟု ယုံကြည်ပါသည်။

(၄) ထို့ပြင် ထိုဒုက္ခ သမုဒယ နိရောဓ သစ္စာသုံးပါးတို့၌ မြင်သိမှု ဆုံးဖြတ်မှုတို့သည် မှန်မှမှန်ပါမလားဟု နှစ်ခွမရှိတော့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဆုံးဖြတ်မှုကြောင့်ပင်လျှင် မိမိ၌ ဒိဋ္ဌိဝိစိကိစ္ဆာကိုလေသာ ချုပ်ငြိမ်းမှုကို ကိုယ်တွေ့ မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

ဤသို့သစ္စာလေးပါးတို့၌ ယုံမှားကင်းပြီးလျှင် ဘဝတဏှာ တို့ကိုလည်း ပယ်ပြီးဖြစ်သောကြောင့် သောတာပန် တည်ပြီး နိဗ္ဗာန် ရပြီ ဟု ဆုံးဖြတ်နိုင်သော ပုဂ္ဂိုလ်တို့ တနေ့တခြား တိုးတက် ပြန့်ပွားလာမှုသာလျှင် သစ္စာသိမှု ပဋိဝေဓသာသနာ ထွန်းလင်းတောက်ပပေပြီဟု ဆိုအပ်ပေသည်။

## မဂ်စိတ်တချက်ဖြင့် မဂ်ကိစ္စ လေးပါး ပြီးအောင် ရှုနည်း

“ဖြစ်လျှင်ဒုက္ခ၊ ချုပ် သုခ၊ ချမ်းမြအေး နိဗ္ဗာန်၊ ချုပ်ခြင်းမမှု၊ နှစ်သက်ပြု၊ ပြီးမှုလေးကိစ္စ” ဖြစ်မှုရှိခြင်းကို ဒုက္ခသစ္စာဟု မှတ်အပ်၏။ ဖြစ်မှု ချုပ်ငြိမ်းခြင်းကို နိဗ္ဗာနသုခ ဟု မှတ်အပ်၏။ ချုပ်ခြင်းကို နှစ်သက်လျှင် အဘယ်ကြောင့် မဂ်ကိစ္စလေးပါး ပြီးပါသနည်း။

(၁) ဇာတိချုပ်ခြင်း နှစ်သက်လျှင် (ဝါ) ဇာတိ ဖြစ်လိုသော တဏှာကို စွန့်လျှင်၊ ဥပ္ပါဒေါ ဒုက္ခံဟူသော ပါဠိအရ ဖြစ်ခြင်း ရှိသမျှ ခန္ဓာကို ဒုက္ခသစ္စာဟု သိခြင်း ကိစ္စ ပြီး၏။

(၂) ချုပ်ခြင်းကို နှစ်သက်လျှင် ဖြစ်လိုသော ဘဝတဏှာပယ်မှုကိစ္စ ပြီး၏။

(၃) ထို ဘဝတဏှာ ပယ်မှု ပြီးစီးခြင်း ပင်လျှင် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ကိစ္စ ပြီး၏။ အဘယ်ကြောင့်ဆိုသော် လို ချင် မှု

ကြောင့် ဖြစ်သော ဇာတိသည် ထိုလိုချင်မှုကိုပယ်က တဖန် ဖြစ်နိုင်ခွင့် မရှိ ဟူလို။

(၄) ချုပ်ငြိမ်းသော သဘောကား နိဗ္ဗာန် တည်း။ ထိုချုပ်သော၊ဖြစ်ခြင်းကင်းသော သဘောကိုနှစ်သက်သော၊(ဝါ)မည်သည့်ခန္ဓာကိုယ်မျှ အလိုမရှိတော့ပါဟု အာလယကင်းပြတ်သော မဂ်စိတ္တုပ္ပါဒ်သည် မဂ္ဂသစ္စာဘည်း။ ဤသို့လျှင် ဒုက္ခသစ္စာ သိခြင်းကိစ္စ၊ သမုဒယသစ္စာ ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာ မျက်မှောက်ပြုခြင်းကိစ္စ၊မဂ္ဂသစ္စာ ပွားခြင်းကိစ္စ ဟူသော လေးပါးကိစ္စကို မဂ်စိတ်တချက်နှင့်ပြီး၏။

ဥပမာ မီးလျှံသည် မီးစာကို လောင်ခြင်းကိစ္စ၊ အမိုက်မှောင် ပျောက်ခြင်းကိစ္စ၊ အလင်းဖြစ်စေခြင်းကိစ္စ၊ဆီကို ခမ်းစေခြင်းကိစ္စ၊ဤသို့ လေးကိစ္စ ပြီးသကဲ့သို့ ဟူလို၊ မဂ်စိတ်တချက်၌ မဂ်ကိစ္စလေးပါး ပြီးစီးပုံ များ ပြဆိုပြီးပြီ။

## သစ္စာလေးပါး အမေးအဖြေ

ထိုသစ္စာလေးပါးကိုပင်လျှင် ဉာဏ်အမြင် ပွင့်လင်း စေခြင်းငှါ အမေးအဖြေနှင့်တကွ ပြဦးအံ့။

မေး။ ။အလုံးစုံသော ၃၁ ဘုံရှိ သတ္တဝါတို့၌ အဖန်ဖန်ပဋိသန္ဓေ နေရခြင်းဟူသော ဘဝဇာတိသည် အဘယ်ကြောင့် ဖြစ်ပါသနည်း။

ဖြေ။ ။မိမိတို့၏ လိုချင်မှု၊ ကာမတဏှာ ဘဝတဏှာ ရူပတဏှာ စသည်တို့ကြောင့် ဖြစ်ပါသည်။

မေး။ ။ထိုတဏှာ အဘယ်ကလာသနည်း။

ဖြေ။ ။သစ္စာလေးပါးကို မမြင်မသိသော မိမိတို့၏ အဇ္ဈတ္တ-မောဟ-အဝိဇ္ဇာမှလာသည်။

မေး။ ။ထို မောဟ အဝိဇ္ဇာက ဘယ်ကဲ့သို့ ဖုံးထားပါသနည်း။

**ဖြေ**။ ။မည်သည့် သဏ္ဍာန်မှာဖြစ်စေ၊ ဖြစ်ခြင်းရှိသော ရုပ်နာမ် ခန္ဓာ ဟူသမျှ၌ ဦး–ဘင်–ဇရာ–မရဏ ဖြင့် ပျက်၏။ ထိုသို့ ပျက်ခြင်းသည် မမြဲတဲ့ အနိစ္စပင်တည်း။ ထိုသို့ မမြဲမှုကို ဖြစ်စေရန် (ဝါ) မအို မနာ မသေစေရန် ဆန္ဒရှိကြသော်လည်း ထိုဆန္ဒအတိုင်းဖြစ်စေရန် အစိုးမရ အလိုမလိုက် ခြင်းသည် အနတ္တပင်တည်း။

ထို**အနတ္တလက္ခဏာ** အမြဲမရှိပါသော်လည်း သတိမမူ ဂူမမြင်ဆိုဘိ **သကဲ့သို့** ကိုယ်မှာရှိသော်လည်း ကိုယ်ပိုင်မဟုတ်၊ အနတ္တဟု အမှန်ကို မမြင် မသိတတ်သော မိမိတို့၏ **အဝိဇ္ဇာ**ဖုံးမှုကြောင့် လိုချင်မှုတဏှာ ဖြစ်ပေါ် လာပါသည်။ ဥပမာ မီးတောက်ကို ရွှေရောင် ရွှေတောင်မှတ်၍တိုးသော ပိုးဖလံကဲ့သို့ပေတည်း။

**မေး**။ ။ထိုသို့ သိမှား–မှတ်မှား–**အထင်မှားမှု**တို့ကိုသမ္မာဒိဋ္ဌိမဂ် ဉာဏ်ဖြင့် **အမှန်**မြင်သိက(တနည်း)**အနိစ္စ** ဒုက္ခ **အနတ္တ** သာတည်း ဟု **အမှန်သိက** ဘဝတဏှာ ဖြစ်နိုင်ပါဦးမည် လော။

**ဖြေ**။ ။အမှန်ကို မသိသော မောဟ၊ အဝိဇ္ဇာကြောင့် ဖြစ်သော တဏှာလောဘသည် သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် အမှန်ကိုမြင် က ဘဝတဏှာ တဖန်ဖြစ်နိုင်ခွင့် မရှိတော့ပါ၊ ဥပမာ– ခဲဘွယ် ဘောဇဉ်၌ မစင်ပါရှိမှုကို မမြင်မသိမီက စားလို သော အာသာဆန္ဒရှိသော်လည်း မစင်ပါမှုကို မြင် သိ သောအခါ စားလိုမှုတဏှာ ချုပ်ရဘိသကဲ့သို့ မီးရောင် ရောက်က မှောင်ပျောက်ရသကဲ့သို့၊ထို့အတူ မိမိသဏ္ဍာန် မှာ မျက်စိ၊နား၊နှာ၊အင်္ဂါ၊ခြေလက်စသောရုပ်၊ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်နာမ်တရားတို့ ရှိကြသော်လည်း မအို မနာ မသေရန် အစိုးမရ။ ကိုယ်မှာ ရှိ သော် လည်း ကိုယ်ပိုင်မဟုတ်။ ဤရုပ်နာမ် ခန္ဓာငါးပါးကို **အနိစ္စ** ဒုက္ခ **အနတ္တ** ဒုက္ခသစ္စာဟု အမှန်အတိုင်း၊ မြင်သိက လိုချင်မှု ဘဝတဏှာ ဖြစ်နိုင်ခွင့်မရှိတော့ပါ။

ဥပမာအားဖြင့်ဆိုရလျှင် နတ်သမီးထင်၍ ချစ်နေသော် လည်း ဘီလူးမဟု မြင်သိသောအခါ ချစ်စိတ်ကုန်ခမ်းသကဲ့သို့၊ ထို့အတူ ခန္ဓာငါးပါး၌ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာဟု မြင်သိလျှင် အဘယ်မှာဘဝ တဏှာဖြစ်နိုင်တော့မလဲ။ ယင်းသို့ ဘဝတဏှာမှ မဖြစ်ခဲ့လျှင် အဘယ်မှာလျှင် ဘဝဇာတိကို ဖြစ်လိုသောစိတ်ဖြစ်၍ ကံကိုပြုတော့မလဲ။

မေး။ ။ယင်းသို့ ဇာတိစသော ဒုက္ခကို ဖြစ်စေတတ်သော လက်သယ် ဘဝတဏှာ ကံမရှိခဲ့လျှင် ဇာတိတဖန် ဖြစ်နိုင်ဦးမည်လော။

ဖြေ။ ။အကြောင်းကုန်လျှင် အကျိုးကုန်ရမြဲ ဖြစ်သောကြောင့် ဇာတိတဖန် မဖြစ်နိုင်တော့ပါ။

ဥပမာ-ဖယောင်းတိုင်ကို အမှီပြု၍ ဖြစ်သော မီး တောက် သည် ဖယောင်းတိုင်ကုန်က မီးငြိမ်းရသကဲ့သို့၊ ထို့အတူ မိမိလိုချင်မှုကြောင့်ဖြစ်သော ဇာတိသည် မိမိသည်ပင်လျှင် ပယ်စွန့်သောကြောင့် တဏှာ တဖန် မဖြစ်နိုင်တော့ပါ။

(တနည်း) အဝိဇ္ဇာ တဏှာ ဥပါဒါန်ကံကြောင့် ဇာတိဖြစ်၏။ထိုဖြစ်စေတတ်သော အကြောင်း ကိုပယ်လျှင်၊ ဝါ၊ ကံကို တဏှာဖြင့်ထပ်ခါထပ်ခါ မလုပ်လျှင် အကြောင်းကုန်သောကြောင့် တဖန် မဖြစ်နိုင်တော့ပါ။ ဤသို့ အကြောင်းကုန်လျှင် အကျိုးကုန်၏ဟု ယုံကြည်လျှင် မဂ်ဖိုလ်ကို ရ၏ ဟူလို။

မှတ်ယူလွယ်စေခြင်းငှါ-

အလိုရှိမှု၊ ဆက်၍ပြု၊ ဖြစ်မှုထိုဒုက္ခံ။
အလိုရှိမှု၊ ပယ်စွန့်ပြု၊ ချုပ်မှုထိုဒုက္ခံ။
ဒုက္ခချုပ်ငြိမ်း၊ တဇာတ်သိမ်း၊ အေးငြိမ်းနိရောဓံ။

ဤ၌ အလိုရှိမှုကား မိမိတို့၏ လိုချင်မှု ဘဝတဏှာ သမုဒယသစ္စာပင်တည်း။ ခန္ဓာဇာတိစသော ဒုက္ခတို့ဖြစ်ခြင်းကား ဒုက္ခသစ္စာတည်း။ ထိုခန္ဓာငါးပါး၌ရှိသော အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာတို့ကို ရှုသဖြင့် ဖြစ်လိုမှု

စိတ်ပျက်၍ မိမိဘဝတဏှာကို စွန့်ခြင်းကား မဂ္ဂသစ္စာတည်း၊ ခန္ဓာဇာတိ ချုပ်မှုကား နိရောဓသစ္စာ နိဗ္ဗာန်တည်း။ ထို သစ္စာလေးပါး တို့၌ ယုံမှား ကင်းလျှင် ဒိဋ္ဌိဝိစိကိစ္ဆာချုပ်သဖြင့် သောတာပန်တည်း၏ဟူလို။ အဓိပ္ပါယ် ကား ပုဂ္ဂိုလ် သတ္တဝါ သဘောမရှိ၊ ဒုက္ခ သမုဒယ နိရောဓ မဂ္ဂ ဤ သစ္စာလေးပါးသာ အမှန်ရှိ၏ဟု မဂ်ဉာဏ်ဖြင့် မြင်သိမှုပင်ဟူလို။

## ဒုက္ခ၏တည်ရာ ချုပ်ငြိမ်းရာဌာနပြပုံ

ဒုက္ခ၏တည်ရာဌာန ချုပ်ရာဌာနတို့ကို ပြဦးအံ့။

**မေး။** ။ဒုက္ခ ဟူသမျှ တို့သည် အဘယ်မှာ တည်နေပါသနည်း၊ အဘယ်မှာချုပ်ပါသနည်း။

**ဖြေ။** ။ဒုက္ခဟူသမျှသည် မိမိတို့၏ ခန္ဓာအာယတန၌သာ တည်ရှိ၏။ ယင်းခန္ဓာ အာယတန မုချချုပ်ခဲ့လျှင် (တနည်း) ခန္ဓာဇာတိ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဒုက္ခ ရှိနိုင်တော့မလဲ။ နိဗ္ဗာန် ချမ်းသာဟု ဆိုသည်တွင် ယင်းသို့ဒုက္ခတည်ရာ ခန္ဓာ နိမိတ်ကင်းသော သဘောကိုသာလျှင် မှတ်ဘို့ပါဘဲ။

(တနည်း) ခန္ဓာအာယတန၊ တည်ထဒုက္ခံ၊
တည်ရာ ချုပ်က၊ ထိုဒုက္ခ၊ မုချ ချုပ်ပြတ်လျှံ။

(တနည်း) ဇာတိရှိက၊ ဇရာမရဏ ဒုက္ခံ၊
ဇာတိချုပ်က၊ ထိုဇရာ မရဏ၊ မုချချုပ်ပြတ်လျှံ။

(တနည်း) ခန္ဓာအာယတန၊ အာရုံဆဉ်၊ တည်ထမီးလျှံ၊
တည်ရာချုပ်ဏ၊ မီးဆဲ့တဝ၊ ချုပ်ထအေးနိဗ္ဗာန်။

အကျဉ်းအားဖြင့် မှတ်ရန်– ဥပ္ပါဒေါ ဒုက္ခံ – အနုပ္ပါဒေါ သုခံ ဟူသော ပါဠိအရ ဖြစ်မှုရှိခြင်းသည် ဒုက္ခ၏ဘည်ရာမည်၏။ ဖြစ်မှုမရှိခြင်း သည် ဒုက္ခ၏လွတ်ရာမည်၏၊ ဝါ၊ အသင်္ခတ ဒုက္ခနိရောဓနိဗ္ဗာန် မည်၏။

# သစ္စာလေးပါး ကိုယ်တွေ့ရပုံ

## ဒုက္ခသစ္စာ

လယ်တီဆရာတော်ဘုရားကြီးကတော့–

"သစ္စာလေးပါးကို စပ်ဆိုထားတော်မူတာက သိ-ပယ်-ဆိုက်-ပွား လေးပါးကိစ္စ အပိုင်ရ မှုချပရမတ်"လို့ဟော တော်မူတယ်။

မင်းကွန်းဆရာတော်ဘုရားကတော့–

လေးပါးသစ္စာ၊ ကိုယ့်ကိုယ်မှာ၊ တကယ်ကိုမကြည့်လို့၊ မသိရှာ၊

ဒုက္ခသစ္စာဆိုတာလဲ၊ ကိုယ်မှာရှိတဲ့တရား။
သမုဒယသစ္စာဆိုတာလဲ ကိုယ်မှာရှိတဲ့တရား၊
နိရောဓသစ္စာဆိုတာလဲ ကိုယ်မှာရှိတဲ့တရား။
မဂ္ဂသစ္စာဆိုတာလဲ ကိုယ်မှာရှိတဲ့တရား လို့ ဟောတော်မူ တယ်။

ဆရာကော် ဆရာသက်ကြီးကတော့–

ယောဂီရုပ်မှာ၊ ဆတ်ဆတ်ခါ၊ ပမာတူစွာသိ။
ဝေဒနာနုပဿနာ၊ ဖြစ်ပေါ်လာ၊ ထိုခါမခံချိ။
သည်းမခံချင်၊ လွှတ်လိုက်လျှင်၊ ဉာဏ်စဉ်မတက်ဘိ။
အရိုးကြေကြေ၊ သားကျေကျေ၊ ရှုလေလို့လရှိ။
လို့လထက်သန်၊ သည်းညီးခံ၊ နိဗ္ဗာန်တိုင်သို့သိ။

စွန်းလွန်းဆရာတော်ကတော့–

မခံသာ၊ မှန်ပါဘိ ဤတရား၊ ခံသာလျှင် သံသရာကျော၊ မျှော်လိမ့်အများ....လို့ ဆရာတော် ဘုရားကြီးများက သစ္စာလေးပါးကို စပ်ဆိုတော်မူကြလေသည်။

လယ်တီဆရာတော်ဘုရားကြီးက အသိတလုံး အခက်ဆုံး လို့ ဆို တော်မူတာ၊ ဘယ်အသိကိုသိရမှာလဲဆိုတော့ ဘုရားအလိုတော်ကျ ပညာ သိကို ဆိုလိုသည်။ အသိကလဲ ခြောက်မျိုးရှိတယ်။ ဘယ်အသိတွေပါလဲဆို တော့–သင်လို့သိ၊ မေးလို့သိ။ နာလို့သိ၊ ဆောင်လို့သိ၊ ကြံလို့သိ၊ ထို အသိငါးမျိုးဟာ အနုဗောဓဉာဏ် လောကီဉာဏ်လို့ ခေါ်တယ်။ ဒါ ကြောင့် ဆရာတော်များက စပ်ဆိုတော်မူတာ–

> သင် မေး နာ ဆောင်၊ ကြံ သိ နောင်၊ နုဗောင်ကီငါး ဖြာတဲ့။
>
> ဤအသိငါးမျိုးကတော့ အနုဗောဓဉာဏ်သိ၊ လောကီ သိတဲ့။

ပညာသိကတော့ "ကိုယ်တွင်းတွေမှ၊ ပဋိဝေဓ၊ မှတ်ကြမင်္ကိစ္စ" လို့ ဘုရားဟောဘော်မူတယ်။ လယ်တီဆရာတော် ဘုရား၏ အသိတလုံး အခက်ဆုံးလို့ဆိုဒါက ဝိပဿနာပညာသိကိုဆိုလိုတယ်။ဝိပဿနာပညာကို ကိုယ်တိုင်အားထုတ်လိုက်တော့ မိမိရဲ့ကိုယ်ခန္ဓာအတွင်းက ခာတ်လေးပါး တွေဟာ မနေမနား တဖွားဖွား နှင့် ဖောက်ပြန် ပျက်စီးနေတာတွေကို ခံစား၍နေရခြင်းကြောင့် မိမိရဲ့ကိုယ်ခန္ဓာတခုလုံးဟာ ဒုက္ခကြီးပါကလား လို့ နာမှု ကျင်မှု ကိုက်မှု ပူမှု အေးမှု ငွေးမှု လှုပ်ရှားမှုတွေတွေလာတော့ ဒုက္ခပါကလား၊ သုခဟူ၍ မြူမျှမရှိပါကလားလို့ ကိုယ်တိုင် သိရသော ဒုက္ခသစ္စာတပါးရ၏။ ဒါကြောင့် ဘုရားက သုခဘုံသားလို့ မဟောဘဲနဲ့ ဒုက္ခဘုံသားတွေလို့ဟောတာ မှန်နေကြပြီမဟုတ်လား ယောဂီတို့ရဲ့။

မှန်လှပါ၊ ယခုတော့ ကိုယ်တွေ့ဖြစ်တဲ့ ဒုက္ခသစ္စာတပါးကို သိကြ ပါပြီဘုရား။

## သမုဒယသစ္စာ

သမုဒယသစ္စာဆိုတာဟာ အလိုလို နေရင်း နဲ့ လဲ့ မပယ်နိုင်ဘူး။ မပယ်ပါနှင့်လို့ ပြောလို့ရတာမျိုးလဲမဟုတ်ဘူး၊ စာကိုကြည့်ပြီးပယ်လို့ ရတာမျိုးလဲ မဟုတ်ဘူး၊ ဝိပဿနာ ပညာနဲ့ မိမိကိုယ်ခန္ဓာမှာရှုပြီး အား

ထုတ်တော့မှ မိမိကိုယ်ခန္ဓာအတွင်းက ဓာတ်ကလာပ်ကလေးတွေလှုပ်လှုပ် ရှုရှု မွမွ ပွပွ တဖွဲဖွဲ တသဲသဲ ခဏမစဲ အမြဲဖောက်ပြန်ပျက်စီးနေသောအခါ မိမိ၏စိတ်ကလေးသည် ဘယ်ကိုမျှမသွားဘဲ မိမိရုပ် ဖောက်ပြန် ပျက်စီးနေ တာတွေကို လက္ခဏာရေးသုံးပါးနှင့် သုံးသပ်ဆင်ခြင်၍၊ အနိစ္စ မမြဲမှု၊ ဒုက္ခ ဆင်းရဲမှု၊ အနတ္တ အစိုးမရမှုတို့ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်၍ နေရ ခြင်းကြောင့် ယခုတင်က ပြောခဲ့သော သမုဒယသည် အလိုလို ပယ်ပြီး သား ဖြစ်သွားတာပေါ့ ယောဂီတို့ရဲ့၊ ဘယ်မှာဝင်လာနိုင်တော့မလဲ၊ ဒါ ကြောင့် မိမိခန္ဓာကိုယ်အတွင်းက ဒုက္ခသစ္စာတွေကို တွေ့နေလို့ သမုဒယ သစ္စာဆိုတာ ဘယ်မှာဝင်ကပ်နိုင်မှာလဲ၊ တမင်တကာ ပယ် နေ ရ တာ မဟုတ်ဘူး ယောဂီတို့ရဲ့၊ တမင်တကာ တခြား ပယ်နေ ရ သေး သလား ယောဂီတို့ရဲ့။

အထူးအခြား ပယ်မနေရပါဘုရား။

အဲဒါကြောင့် မိမိတို့ရဲ့ ကိုယ်ခန္ဓာမှာ ဒုက္ခသစ္စာကို လက္ခဏာရေး သုံးပါးနှင့် ဆင်ခြင်သုံးသပ်နေရ၍ ဒုက္ခသစ္စာသိသိနေရခြင်းကြောင့် သမု ဒယက အလိုလိုပယ်သွားပါရော။ ထိုကြောင့် လယ်တီ ဆရာတော်ဘုရား က သိ-ပယ်လို့ ဟောတော်မူတာ တချို့ ပုဂ္ဂိုလ်တွေက ပြောကြသေး တယ်။ သိ-ပယ်ဆိုခြင်းကြောင့် ကျွန်ုပ်တို့လဲ အကုသိုလ်ဟူသမျှတို့ကို ပယ် ထားပါတယ်လို့ ပြောကြသေးတယ်။ အပြောကတော့ ဟုတ်ချင်သား၊ မဟုပ်တတ်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အပြောသာ ဖြစ်သည်။ အလုပ် မပါလို့။ ပရိယတ္တိသာဖြစ်သည်။ ပဋိပတ္တိ မဖြစ်ခြင်းကြောင့် သစ္စာလေး ပါးကို ကိုယ်တိုင်မသိခြင်းကြောင့် ပဋိဝေဓမရနိုင် အကုသိုလ်ပယ်ဒါနဲ့ သမုဒယ မကွာသေး။ သမုဒယဆိုတာကတော့ တိုတိုပြောရမယ်ဆိုလျှင် ကာမနှင့်ဘဝကို တွယ်တာတာကို ခေါ်တယ်၊ အဲဒါကြောင့် အပြောနှင့် တော့ မရဘူး၊ သီလ သမာဓိ ပညာဆိုတဲ့ အလုပ်ကို အားထုတ်၊ သမာ ဓိဋ္ဌိ အမြင်မှန်ကိုတွေ့ပြီးတော့ ဒုက္ခသစ္စာကို လက္ခဏာနှင့်တကွတွေ့မှ သမု ဒယသစ္စာဆိုတာ အလိုလိုပယ်ပြီးသား ဖြစ်သွားပါရော၊ ယောဂီတို့ဟာ ယခု တရားတွေ အားထုတ်နေတော့ ဒုက္ခသစ္စာတွေတွေ့ပြီး၊ သံ သ ရာ ထဲ မှာ နေချင်ကြသေးသလားယောဂီတို့ရဲ့၊

မနေချင်တော့ပါဘုရား၊

အဲဒီလိုငြိုးငွေ့၍နေရခြင်းကြောင့် သမုဒယသစ္စာဟာ ပယ်ပြီး သားဖြစ်သွားသည် ဟူလို။

## နိရောဓသစ္စာ

နိရောဓသစ္စာဆိုတာကိုလဲ ယောဂီတို့ ရကြပြီ။ ဘယ်လိုကြောင့် ရကြပါသလဲဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ့လို လိုချင်လျှင် ငါ့လိုအားထုတ်ကြလို့ မှာတော်မူတာဘဲ။ ယခု ယောဂီတို့မှာ မြတ်စွာဘုရားထားတော်မူခဲ့တဲ့ ပရိယတ်ကျမ်းဂန်ထဲမှာရှိတဲ့အတိုင်း သီလ သမာဓိ–ပညာဆိုသော ပဋိပတ်ကို ကြိုးစားအားထုတ်ကြဆိုသည့်အတိုင်း အားထုတ်ကြရတယ်မဟုတ်လား ယောဂီတို့ရဲ့။

မှန်လှပါ။

အဲဒါကြောင့် ယခုယောဂီတို့၏ ခန္ဓာကိုယ်အတွင်းမှာ ဝိပဿနာ ပညာနှင့် ရှုလိုက်တော့ ခန္ဓာကိုယ်အတွင်းက နူးညံ့သိမ်မွေ့သော ပရမတ် သဘောမျှကိုသာ ဥပါဒ် ဌီ ဘင် အားဖြင့် ဖြစ်ပျက်နေသော သဘော တို့ကို လက္ခဏာရေးသုံးပါးဖြင့် ဆင်ခြင်သုံးသပ်နေရင်း ထိုမိမိရဲ့ ရုပ်နာမ် တရား နှစ်ပါးတို့၏ အပေါ်၌ လက္ခဏာတွေထင်သည်ထက်ထင် မြင်သည် ထက်မြင်လာပြီးမိမိစိတ်၌ ငြိုးငွေ့၍လာ၏။ ထိုလိုငြိုးငွေ့၍လာတော့ မိမိရဲ့ ရုပ်ကိုဥပေက္ခာထားပြီး တွင်တွင်အင်တိုက်အားဘိုက်အားထုတ်လိုက်တော့ မသိတချက်သိတချက်နှင့် နေပြီးလျှင် ရုပ်နာမ်တရားနှစ်ပါးတို့သည် ချုပ် ငြိမ်း၍သွားလေ၏။ အဲဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးက ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်လို့ ဟောတော်မူသည့် အတိုင်း ပရိကံကအစပြု၍ မဂ်အထိ ရောက်အောင် ကြိုးစားအားထုတ် တော်မူကြပါ သူတော်ကောင်းအပေါင်းတို့။

## မဂ္ဂသစ္စာ

ယောဂီတို့မှာ မဂ္ဂသစ္စာဆိုတာ မဂ္ဂင်ရှစ်ပါးကိုပွား၍ နေရခြင်း ကြောင့် လက္ခဏာရေးသုံးပါးနှင့်တကွ သစ္စာလေးပါးတို့ကို ကိုယ်တိုင် သိမှု ပွားကြရတာမဟုတ်ဘူးလား ယောဂီတို့ရဲ့။

မှန်လှပါ ပွားနေကြရပါတယ်ဘုရား။

အဲဒီလိုပွားတယ်ဆိုတာ ဘာတွေ ပွားနေကြရပါသလဲဆိုတော့ သီလ-သမာဓိ-ပညာဆိုတဲ့ တရားများကို ကိုယ်တိုင်ကိုယ်ကျ ကြိုးစား ပွားများအားထုတ်ရတယ်၊ ဘာကိုလိုလို့ ပွားများအားထုတ်ရပါသလဲ ဆိုတော့ယောဂီတို့မှာ မဂ်နှင့်ဖိုလ်တို့ကို လိုချင်သောကြောင့် ပွားများကြ ရတယ်မဟုတ်လား ယောဂီတို့ရဲ့။

မှန်လှပါဘုရား။

အိမ်မှာအလကားနေလို့ရတာမျိုး မဟုတ်ဘူး ယောဂီတို့ရဲ့၊ ယခု ယောဂီတို့မှာတော့ ဆရာ့ထံလာ၍ နည်းနိဿယကို ခံယူ၍ ကြိုးကြိုးကုတ် ကုတ် ပွားများအားထုတ်ချခြင်းကြောင့် မဂ်နှင့်ဖိုလ်တို့ကို ရကြ၍ နိဗ္ဗာန် ကို မျက်မှောက်ပြုရတယ်မဟုတ်လား ယောဂီတို့ရဲ့။

မှန်လှပါဘုရား။

အဲဒါကြောင့် မဂ္ဂသစ္စာတပါးဖြစ်တယ်။ ဒါကြောင့် မြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာလေးပါးကိုရအောင်ပွားကြလို့ ဟောတော်မူတာ၊ ယောဂီအပေါင်း သူတော်ကောင်းတို့။

## အရိယာပုဂ္ဂိုလ် ပစ္စဝေက္ခဏာ ဇောငါးချက်

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပြီးသည်မှစ၍ မဂ်ပေါ်သည့်တိုင် အောင် ပဋိပဒါနယ်စခန်း ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိဖြစ်သည်။ ထိုအခါ ကာလ၌ ကိုယ်နှင့်အသက် ငဲ့ကွက်တွယ်တာ သာယာသောတဏှာ သမုဒယ တွေ စိတ်သဏ္ဍာန်၌ပါ၍ ကွယ်ငုပ်၍နေသဖြင့် စိတ်သည် ဤခန္ဓာကိုယ် နာမ်ရုပ်တို့ကို ဒုက္ခတွေသာသိ၍ ထိုင်နေလဲနာကျင်ဆင်းရဲ၊ ထသွားလဲ နာကျင်ဆင်းရဲ၊ အိပ်နေလဲ နာကျင်ဆင်းရဲ ဣရိယာပုထ် လေးပါးလုံး၌ ဒုက္ခတရားဘွဲ့ကိုသာ ထင်ရှားစွာသိ၍သိ၍ နေလေ၏။

ထြော်-သည်လိုဒုက္ခတရားတွေသည် ခန္ဓာငါးပါး ရုပ်တရား နာမ် တရားကို ရလေသမျှ သည်ဒုက္ခတရားတွေသာ ရပေလိမ့်မည်၊ ဟုတ်ပေ လိမ့်မည်၊ သည်ဒုက္ခတရားတွေ နိဗ္ဗာန်ရမှသာ အေးပေးသိမ့်မည်။ ငြိမ်းပေ

လိမ့်မည်၊ ဤ ချေးလောက်နာကျင်ဆင်းရဲတဲ့ ရုပ်နာမ်ဘို့ကို ခင်တွယ်နေလေ သချ၊ ဒုက္ခတွေကို ခင်တွယ်ရာရောက်တော့သည်၊ သက်သက် ဒုက္ခတရား တွေသာ ဟုတ်ပါကလား။ ထို့ကြောင့် မြတ်စွာဘုရားက ဒုက္ခသစ္စာလို့ ဟောဘော်မူတာဘဲ၊ အဲ့ဒီလို ဒုက္ခသစ္စာကို ပိုင်းပိုင်းခြားခြားသိအောင် ကြိုးစားအားထုတ်မှဘဲ ဒုက္ခသာဟုတ်တဲ့ ရုပ်နာမ်ဘို့ကို ကိုယ်ထင်လို့ ငါ ထင်လို့ ညာတာနေဘို့မဟုတ်၊ ကိုယ်ကညှာပေမဲ့ နာကျင်မှုတွေကတော့ မညှာဘူး။ နာကျင်ဆင်းရဲတဲ့ ဒုက္ခတွေသာ ဟုတ်တော့တာဘဲ။ အဲဒီ နာကျင်မှုတွေကို ငါထင်၍မနေနှင့်တော့၊ သေလဲသေပါစေတော့၊ သည် တရားအားထုတ်ရင်း သေသွားလဲ ကောင်းတာဘဲ၊ မြတ်တာဘဲလို့ အောက်မေ့ဆင်ခြင်ကာ ဖြစ်ပျက်မှုတွေ နာကျင်မှုတွေကို သိ၍ သိ၍ နေသောကြောင့် မရှောင်သာ မလွှဲသာဘဲ စွန့်လွှတ်ကာ အားထုတ်ရလေ တော့သတည်း။

ထိုအခါ ခန္ဓာကိုယ်တခုလုံး၌ မီးအုံးသည့်ပမာ မှုံမှုံဝေဝေ မနေ သာ မခံသာ မိုးကြိုးလောင်မီးကျသည့်ပမာအလားကဲ့သို့ များလှစွာသော ဒုက္ခတွေကိုသိလျက် ဒုက္ခ ဒုက္ခဟု ရှုရင်း ဟဒယဝတ္ထု ရုပ်တွေ နှလုံးသား တွေ ဘဝင်တွေ သွက်သွက်ခါတုန်လှုပ်လျက် ရုတ်တရက် သေတော့မှာ လောက် ကြောက်စရာ လန့်စရာကို ခန္ဓာ၏ များစွာသော ဒုက္ခသစ္စာတရား ကို ပိုင်းခြား၍ သိရလေတော့၏။ တကယ်မသေဝံ့သော်လည်း စွန့်လွှတ် လိုက်ရလေတော့၏။ ချစ်ခင်နှစ်သက် သာယာခြင်း တဏှာကင်းကွာခိုက် စွန့်လွှတ်လိုက်ရသောကြောင့် ဒုက္ခသစ္စာကိုသိ၍ စိတ်သည် ဝိရတ္တဝိမုတ္တ ဖြစ်၍သွားလေ၏။ ထိုအခါ စိတ်ထဲ ဉာဏ်ထဲမှာ အလွန်စင်ကြယ်သော ဉာဏ်အမြင်ဟု ဆိုအပ်သော ဉာဏဒဿန ဝိသုဒ္ဓိဖြစ်လေ၏။ ဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပြီဟုမှတ်ကြ။

အရဒ္ဓဝိပဿက ယောဂီပုဂ္ဂိုလ်၏ စိတ်ထဲဉာဏ်ထဲ၌ ဉာဏ်အမြင် ရှင်းလင်းလျက် အထက်ကပ္ပွားများခဲ့ပြီးဖြစ်သော ရခဲ့ပြီးသော ကိုးပါး သော ဝိပဿနာဉာဏ်၊ သုံးဆယ်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတွေ ယ လျော်စွာ ကျေးဇူးပြု၍ သူ့သဘောအတိုင်း သစ္စာလေးပါးနှင့်လျော် ညီစွာ (၀ါ) သစ္စာလေးပါးကိုယ်တိုင် ထင်ရှားကေန် သိမြင်နိုင်သော သစ္စာနုလောမဉာဏ်သည် ရုပ်ကိုသော်ငင်း၊ နာမ်ကိုသော်ငင်း အနိစ္စကို

သောင်းဒုက္ခကိုသောင်း အနတ္တကိုသောင်း တခုခုသောလက္ခဏာကို အာရုံပြု၍ ဆင်ခြင်၍ အာဝဇ္ဇန်းဟု ဇောဘကြိမ်ဖြစ်၍ ချုပ်လေ၏။

ထိုအာဝဇ္ဇန်း၏ အခြားမဲ့၌ အာဝဇ္ဇန်း ဆင်ခြင်တဲ့အာရုံကို အာဝဇ္ဇန်းဆင်ခြင်ပုံ အာရုံပြုပုံအတိုင်း တထပ်တည်းဆင်ခြင်၍ (၁) ပရိကံ (၂) ဥပစာ (၃) အနုလုံဟု အစဉ်အတိုင်း ဇောသုံးကြိမ်ဖြစ်၍ ချုပ်၏။ အနုလုံဇော စွန့်လွှတ်လိုက်သောအခါ ခန္ဓာငါးပါး ရုပ်နာမ် ဒုက္ခတရားကြီးကို ရှုံ၍ မုန်း၍ ချစ်ခင်သောတဏှာ ကင်းပြတ်၍သွားလေ၏။

ထိုအခိုက် တဏှာနှင့်တကွ အကုသိုလ်ကိလေသာပူတွေ ကင်းပြတ်၍ စိတ်သဏ္ဍာန်၌ ကြည်လင်သန့်ရှင်းလျက် လင်းလင်းထင်ထင် စင်ကြယ်သော ဉာဏ်ရောင်သို့ဆိုက်၍ စိတ်သည် အေးမှု ငြိမ်းမှု သူ့သဘောကို တွေ့လာသည်၊ ရလာသည်။

ထိုအခါစိတ်သည် အေးမှုငြိမ်းမှု အေးခြင်း ငြိမ်းခြင်း သိတိသန္တိသဘောကိုရ၍ ထိ၍ တွယ်၍ အနုလုံဇောအဆုံး၌ ဂေါတြဘူဟု အမည်ရလျက် ၄ ကြိမ်မြောက် ဇောတကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောက် စိတ်သည်အေးပေ၏။ ငြိမ်းပေ၏ဟု အေးခြင်းငြိမ်းခြင်း သိတိ၊ သန္တိ သဘောကိုပင်လျှင် များများကြီးရ၍ ထိ၍ သိ၍ ခံစား၍ မဂ်ဟု အမည်ရလျက် ( ၅ ) ကြိမ်မြောက် ဇောတကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောက် အေးပေပေါ့၊ ငြိမ်းပေပေါ့၊ အေးပေ၏၊ ငြိမ်းပေ၏၊ အေးမှုငြိမ်းမှုကို ထင်ရှားစွာသိ၍ ခံစား၍ သိ၍ ထိ၍ ငြိ၍ တွယ်၍ ခြောက်ကြိမ်မြောက် ခုနစ်ကြိမ်မြောက် ဖိုလ်ဟု ဇောနှစ်ကြိမ်ဖြစ်၍ချုပ်၏။

ဤနေရာ၌ ပဋိဝေဓ သာသနာတရား ထင်ရှားစွာသိရခံစားရလေတော့သတည်း။

ထိုဖိုလ်ဇော၏ အခြားမဲ့၌ စိတ်သည် နဂိုပကတိ မူလရင်းအတိုင်း ဘဝင်ကျ၍သွားပြန်လေ၏။ နားပြန်လေ၏။

အမှာစကား။ ။ဤကဲ့သို့ ဆိုအပ်ခဲ့ပြီးသော စကားစဉ်တို့ဖြင့် ကျမ်းစကားနှင့် တိုက်ဆိုင်၍ ကြည့်လိုပါလျှင် သင်္ဂြိုဟ်ကျမ်း၊ ကမ္မဋ္ဌာန်းပိုင်း ဉာဏဒဿနဝိသုဒ္ဓိအခန်းမှာကြည့်ရှုလေ။

ထိုကဲ့သို့ မဂ်ဇောပေါ်မှု၌ အနိစ္စလက္ခဏာ ထင်မြင်ခိုက် မဂ္ဂဝီထိကျခြင်းကို အနိမိတ္တ–ဝိမောက္ခ–အနိမိတ္တမဂ်ဟု ခေါ်သည်။ ဒုက္ခလက္ခဏာထင်မြင်ခိုက် မဂ္ဂဝီထိကျခြင်းကို အပ္ပဏိဟိတ – ဝိမောက္ခ – အပ္ပဏိဟိတမဂ်ဟု ခေါ်သည်။

အနတ္တလက္ခဏာထင်မြင်ခိုက် မဂ္ဂဝီထိကျခြင်းကို သုညတဝိမောက္ခသုညတမဂ်ဟု ခေါ်သည်။

ထိုပထမမဂ်ဇော ပေါ်သည်နှင့်တပြိုင်နက် တချက်တည်း စိတ်သန္တာန်၌ သံသရာတခွင်မှာ အစဉ်စွဲလမ်းလျက်ပါသော ငါ့ကိုယ်ငါ့ကိုယ်ဟု မှတ်ထင်သော သက္ကာယဒိဋ္ဌိနှင့်ရတနာသုံးပါးဂုဏ်၌ သို့သောသို့လောတွေးတောယုံမှားတတ်သော ဝိစိကိစ္ဆာ ကိလေသာအယုတ်တရားနှစ်ပါးတို့သည် သမုစ္ဆေဒပဟာန်ဖြင့် နောက်တဖန်ပြန်၍ မပေါ်နိုင်တော့ဘဲ အခြင်းခပ်သိမ်း ကင်းပြတ်ချုပ်ငြိမ်းရလေတော့သတည်း။

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ နဝါ။

ပဏ္ဍိတော၊ ပညာရှိသော အရိယာပုဂ္ဂိုလ်သည်။ မဂ္ဂဉ္စ၊ မဂ်ကိုငင်း။ ဖလဉ္စ၊ ဖိုလ်ကိုငင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုငင်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ပဟီနေ၊ ပယ်အပ်ကုန်ပြီးသော။ ကိလေသေစ၊ ကိလေသာတို့ကိုငင်း။ သေသေ၊ ပယ်အပ်ပြီးသည်မှ ကြွင်းကုန်သော။ ကိလေသေစ၊ ကိလေသာတို့ကိုငင်း။ ပစ္စဝေက္ခတိဝါ၊ ဆင်ခြင်သည်လည်းရှိ၏။ နဝါပစ္စဝေက္ခတိ၊ မဆင်ခြင်သည်လည်းရှိ၏။

ငင်းလက်သန်း အဋ္ဌကထာ၏ အဓိပ္ပါယ်မှာ ဘဝင်မှထ၍ ပစ္စဝေက္ခဏာ ဇောဝီထိတို့ဖြင့် မိမိ၏ ထူးကဲမှန်မြတ်သော ဝိသေသဓမ္မဖြစ်သော သမာဓိရောင်၊ ဉာဏ်ရောင်တို့နှင့်တကွ ထင်ရှားစွာ သိမြင်ရသောသီတိ–သန္တိ အချက် မဂ်ကိုဆင်ခြင်ခြင်းစိတ်သည် ကိလေသာဝင်သွားခိုက်ထင်ရှားစွာ ခံစားလိုက်ရသော သန္တိသုခ–ချမ်းသာလှသော အကျိုးဟုဆိုအပ်သော ဖိုလ်ကို ဆင်ခြင်ခြင်း ထင်ရှားရှိသော သန္တိသုခ၊ ဝိမုတ္တိဓမ္မရသ သဘာဝအမှန်ဟု နိဗ္ဗာန်ကို ဆင်ခြင်ခြင်း ဤကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်သော ချမ်းသာတရားကို ထင်ရှားစွာသိရ ခံစားရသည်ဖြစ်၍

မဆင်ခြင်မိသော ပုဂ္ဂိုလ်ဟု မရှိပေ။ စိတ်ခွတ်၌ ဝိစိကိစ္ဆာကင်းကွာ၍ ပယ်အပ်ပြီးသော ကိလေသာတို့ကိုရှင်း ကြွင်းကျန်သေးသော ကိလေသာ တို့ကိုရှင်း၊ အရိယာပညာရှိ ပုဂ္ဂိုလ်တို့သည် ဆင်ခြင်မိသည်လည်းရှိ၏၊ မဆင်ခြင်မိသည်လည်း ရှိ၏ဟု ကျမ်းဂန်၌ဆိုလေသည်။

## ပစ္စဝေက္ခဏာ ဇောငါးချက်၏နိဗ္ဗာန်ကို အာရုံပြုပုံ

အရိယသစ္စာနဒဿနံ၊ မဂ္ဂဝီထိဖြင့် နိဗ္ဗာန်ကို သိမြင်သော ပုဂ္ဂိုလ်သည်၊ (ဝါ) မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထင်ရှားစွာ သိပြီးသော မိမိရရှိသောမဂ်အား လျော်စွာ ဖိုလ်၌တည်ပြီးသော သောတာပန် အရိယာ ဖလဋ္ဌာန်ပုဂ္ဂိုလ်သည် နိဗ္ဗာန သစ္ဆိကရိယာစ ဟူသော မင်္ဂလာ ဖြစ်အောင် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသောအခါ ခန္ဓာငါးပါး ရုပ်နာမ် သင်္ခါရတရားတို့ကို အနိစ္စ – ဒုက္ခ – အနတ္တ အားဖြင့် ဖြစ်ပျက်မှု ဥဒယဝယ သဘောအားဖြင့် အဖန်ဘလဲလဲ ရှု၍ရှု၍ နေရာမှ စိတ်သည် လွန်စွာ သိမ်မွေ့လှသော ရုပ်နာမ်သင်္ခါရတရားတို့ကို အာရုံပြုလျက် အာဝဇ္ဇန်း ရိုကံ ဥပစာအနုလုံဟု ဇောဖြစ်၍ချုပ်၏။ ထိုနောက်ရှေးမဂ္ဂဝီထိအခါကဖြစ်ဘူး တွေ့ဘူး ရောက်ဘူးသော အလေ့အတိုင်း သိတိသန္တိနိဗ္ဗာန်ကို အာရုံပြု၍ ဝေါတြဘူဖိုလ် ဖိုလ်ဖိုလ်ဟု ဖိုလ်ဇောဒွေစိတ်သန္တာန် လောက် သမာဓိ အားကောင်းသလောက် ပုဂ္ဂိုလ်အလိုရှိသလောက် သန္တိသုခ၊ မှု–ငြိမ် မှုကိုရ၍ စူးစိုက်၍ ငြိ၍ ထိ၍ တွယ်၍ ခံစား၍ စံစား၍ နိဗ္ဗုတိဘူဥမာနာ ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ချမ်းသာကို ခံစားကာ ခံစားကာ နေလေ၏။ အေးမှု ငြိမ်းမှု သန္တိသုခ ချမ်းသာတခုကိုသာ သိလေ၏၊

ထိုအခါ ရူပါရုံ–သဒ္ဒါရုံစသောလောကီအာရုံတို့နှင့် မရောမယှက် (ဝါ) ရူပါရုံ သဒ္ဒါရုံစသော အဖော်မဖက် သက်သက်ကိုယ်ပိုင် ချမ်းသာ ဖြင့် ကိုယ်တိုင်ခံစားကာ အေးပေ၏၊ ငြိမ်းပေ၏ဟု အေးမှု ငြိမ်းမှု တခု တည်းကိုသာ အာရုံပြုလျက် သိလျက်၊ ငြိတွယ်လျက်၊ စူးစိုက်လျက်၊ ခံစား ၍နေတတ်လေ၏။ ထိုပုဂ္ဂိုလ်အလိုရှိသလောက်၊ သမာဓိအားရှိသလောက်၊ သန္တိသုခ နှင့် ခံစားပြီးမှ သမာဓိအားပြေ့ကာ ဘဝင်ကျ၍သွားပြန်လေ ၏။ နေးပြန်လေ၏၊

ဤနေရာ၌ ရူပါရုံ သဒ္ဒါရုံ စသော လောကီအာရုံ ကာမဂုဏ်တို့ကား တဏှာအရင်းရှိသော ခံစားမှုတို့ဖြစ်သည်။ လောက၌ ကောင်းသည် မကောင်းသည်ဟု ဆိုအပ်သော ပညတ်ဓမ္မာရုံ အာရုံတို့ကို ပုဂ္ဂိုလ်တိုင်း အမြဲခံစားကြရသော လောကီစိတ်တို့၏အာရုံဓမ္မာရုံတရားတို့ပါပေတည်း။ ထိုနေရာ၌ တဏှာနှင့်သာလျှင် ခံစားတတ်သည်မဟုတ်၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော နိဗ္ဗာန်ဓမ္မာရုံတရားသည် ပညာ၏အရာဖြစ်သည်။ ထို နိဗ္ဗာန်သည် လောကုတ္တရာစိတ်တို့၏ အာရုံ၊ လောကီစိတ်တို့ကို(ဝါ)လောကတရားတို့ကို လွန်မြောက်သော လောကုတ္တရာစိတ်တို့သည် နိဗ္ဗာန်ကို အာရုံပြု၏။

လောကုတ္တရစိတ္တာနိ၊ နိဗ္ဗာနာရမ္မဏာနီတိ။ လောကုတ္တရ စိတ္တာနိ၊ လောကုတ္တရာစိတ်တို့သည်။ နိဗ္ဗာနာ ရမ္မဏာနိ၊ နိဗ္ဗာန်တရားသာလျှင် အာရုံရှိကုန်၏။ (ဝါ) နိဗ္ဗာန်တရားကို အာရုံပြုကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဖိုလ်ချမ်းသာခံစားပြီးသည်နောက် ထိုအရိယာပုဂ္ဂိုလ်သည် ဘင်မှထ၍ သင်္ခါရကို အာရုံပြုသော လောကီစိတ်တွေသာဖြစ်၍ နေရပြန်လေ၏။

အရိယာပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း နိဗ္ဗာန်ကို အမြဲမြင်သိနေသည်မဟုတ်၊ လောကုတ္တရာဖိုလ် စိတ်ဖြစ်အောင် တရားကို အာရုံပြုတဲ့အခါမှသာ နိဗ္ဗာန်ချမ်းသာကို ထင်ရှားစွာမြင်ရသိရ ခံစားရလေသည်။

အာရုံမပြုတဲ့အခါမှာ သင်္ခါရသတော အမျိုးမျိုးသော လောကီစိတ်တွေ၊ လောကီတရားတွေနှင့်သာ မွေ့လျော်၍ နေကြလေသေးသည်။ အကုသိုလ်မကင်းသေးသော အရိယာတို့မှာလည်း အကုသိုလ်စိတ်တွေဖြစ်ကြရသေးသည်။ အရိယာဖြစ်သော ပုဂ္ဂိုလ်တို့ နိဗ္ဗာန်မျက်မှောက်ပြုပုံနှင့် ချမ်းသာခံစားပုံ၊ လောကီစိတ်ဖြစ်ပုံ တို့ကိုလည်း မှတ်သားကြ သူတော်ကောင်းအပေါင်းတို့။

# ဝိပဿနာဉာဏ် ၁၆-ပါး

ဝိပဿနာဉာဏ်ဆိုတာ တမင်တကာ လုပ်ယူ၍ ရတာမျိုးမဟုတ်၊ အားထုတ်နေရင်း စိတ်ထဲက ဉာဏ်ထဲက အလိုလိုတွေ့ကြုံ ဖြစ်ပေါ်လာရသော တရားသဘောတို့ကို ဓမ္မတာအလျောက် ထင်မြင်လာရခြင်းကို ဆီလျော်ရာ အမည်မှည့်၍ ခေါ်ရခြင်းဖြစ်၏။

၁။ နာမရူပ-ပရိစ္ဆေဒဉာဏ်။ ။ရုပ်နာမ်တို့ကို ခွဲခြား၍ သိခြင်း၊ သိရပုံမှာ ရုပ်နာမ်သင်္ခါရတို့ကို ကြားဘူးနားဝ ဗဟုသုတ ရှိဘူးသည့်အတိုင်း နှလုံးသွင်းသောအခါ ယုတ္တိယုတ္တာနှင့်တကွ သဘောပေါက်အောင် သိမြင်ယုံကြည်လာသောအခါ ဤကားရုပ်၊ ဤကား နာမ်ဟု ခွဲခြား၍သိရခြင်းကို ခေါ်၏။

၂။ နာမရူပ-ပစ္စယ-ပရိဂ္ဂဟဉာဏ်။ ။ရုပ် နာမ် တို့၏ ဖြစ်ရပျက်ရပုံ အကြောင်းအကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ ဉာဏ်မှီသမျှယုံကြည်စွာ သိရခြင်းကို ခေါ်၏။

မှတ်ချက်။ ။ဤဉာဏ်နှစ်ပါးမှာသုတမယဉာဏ်ရှိသလောက် စိန္တာမယဉာဏ်ဖြင့် ခွဲခြမ်းဝေဖန် စဉ်းစားတွေးတော နှိုင်းယှဉ်ခြင်းတို့ဖြင့် ယုတ္တိ-ယုတ္တာနှင့်တကွ ပြည့်စုံ၍ ယုံကြည်စွာဖြစ်၍ နေရခြင်းကို ခေါ်၏။ ဤဉာဏ်နှစ်ပါးကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိနိဒ္ဒေသတွင် ကလာပ-သမ္မသနဟူ၍၎င်း၊ နယဝိပဿနာဟူ၍၎င်း ခေါ်၏။ ၎င်းပြင် နာမ်ရုပ်အကြောင်းကို ယုံကြည်စွာသိရ၍ ဒိဋ္ဌိဝိသုဒ္ဓိနာမ်ရုပ် အကြောင်းကို ခွဲခြားစိတ်ဖြာ၍ ယုံကြည်စွာသိပြီး ပုဂ္ဂိုလ် သတ္တဝါမဟုတ် နာမ်ရုပ်သာ ဟုတ်ပြီး အကြောင်းကြောင့် ဖြစ်ရပျက်ရတဲ့သဘောတရားတွေပါတကားဟုဉာဏ်ရှင်း၍ သွားခြင်းကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိဟုဆို၏။ ဤသို့ ဖြစ်နေ

သော ပုဂ္ဂိုလ်ကို စူဠသောတာပန်ဟုဆို၏။ ပရိညာအားဖြင့် ဉာတပရိညာဟု ဖော်ပြ၏။ အကျယ်ကို ဝိသုဒ္ဓိမဂ်တွင်ကြည့်ပါလေ။

၃။ သမ္မသနဉာဏ်။ ။ရုပ် နာမ် သင်္ခါရ အကြောင်းတို့ကို ကလာပသမ္မသနနည်း၊ နယဝိပဿနာနည်း၊ ခတုမနသိကာရနည်း၊ မဟာဝိပဿနာနည်း စသည့်တို့ဖြင့် တွေ့ကြုံသိရှိရဘူးသည်တို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ပင် နိဗ္ဗာန်မရသေးသမျှ မကွဲမပြား တဘာသာတည်း တသဘောတည်း အကြောင်းအားလျော်စွာ ဖြစ်ပျက်၍နေရပုံတို့ကို သုံးသပ်ဆင်ခြင်၍နေမှုကိုခေါ်၏။

၄။ ဥဒယဗ္ဗယဉာဏ်။ ။ရုပ်နာမ်သင်္ခါရတို့၏ ပစ္စုပ္ပန် အခိုက်အတန့်ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့ကို ရှုမြင်၍နေရခြင်း၊ ဘူတရုပ်ဖြစ်စေ၊ ဉပါဒါရုပ်ဖြစ်စေ၊ ပစ္စုပ္ပန်ကာလ၌ ဒိဋ္ဌရှုမြင်ရ၍ ကြာသောအခါ မျက်စိတမှိတ်ခန့်ကလေးအတွင်း မရေတွက်နိုင်အောင် များပြားလှစွာ အပ်ဖျားပေါ် မုံညှင်းစေ့ကလေးတွေ တဆက်တည်းကျလျက် နေဘိသကဲ့သို့ ဒိဋ္ဌေဒိဋ္ဌမတ္တေနဝါ အစချီသော ပါဠိတော်အတိုင်း ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ပျက်ပျက်သွားသော သဘောတို့ကို ရှုမြင်သိရှိနေရသဖြင့် ဖြစ်ခြင်းကို ဥဒယ၊ ပျက်ခြင်းကို၊ ဝယ၊ ဤသို့အဖြစ်နှင့် အပျက်တို့ကိုသိရ၍ ဥဒယဗ္ဗယဉာဏ်ဟု ခေါ်၏။

ဤတွင် မဟာဘုတ်ကို ရှုသောသူ၌ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ တကိုယ်လုံးတွင် အတွင်းအရာအပြင်ပါ အပ်ချစရာနေရာမလပ်အောင် ဆူပွက်လှုပ်ရှား ဖြစ်ပျက်၍နေ၏။ ဤသို့ ဖြစ်ပျက်တွေချည်း ဖြစ်လာသောအခါ ပညတ်နိမိတ်များ ပျောက်လျက် ပရမတ်သင်္ခါရ ဖောဋ္ဌဗ္ဗနိမိတ်တွေချည်း တွေ့၍နေရတော့၏။ အဲဒီအခါ ကျတော့မှ နာမ ရူပပရိစ္ဆေဒဉာဏ်၊ နာမရူပပစ္စယပရိဂ္ဂဟဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိတို့သည် ပိုမိုရင့်ကျက်၍ လာတော့၏။ အထက်ဉာဏ်များ ကျလေ ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိတို့သည် ပိုမိုရင့်ကျက် ခိုင်မြဲလေ ဖြစ်၏။ ထိုအခါ ကလာပနှင့် နယဝိပဿနာခေါ် စိန္တာမယဉာဏ်အနေမျှသာမက

တော့တဲ မဟာဝိပဿနာ ခေါ် ဒိဋ္ဌပစ္စက္ခမဟာဝိပဿနာဉာဏ် အစစ်ဖြစ်လျက် မိမိအလိုလို အထူးသဖြင့် ဉာဏ်ရှင်း၍ သွားတော့၏၊ ဤကား ဘူတရုပ်ကို ရှုသော ယောဂီ၏ဉာဏ်အမြင်တည်း။

ဥပါဒါရုပ်ကိုရှု၍ မြင်ရသော ဥဒယဗ္ဗယဉာဏ်မှာ အဆင်း အသံ အနံ့ အရသာဥပေါ်သော အာရုံတို့၏ ဖြစ်ပေါ် ချုပ်ပျောက်မှုတို့ကို ရှုမြင်ရခြင်း ဖြစ်၏။ ဥပါဒါရုပ်တို့၏ ဖြစ်ပျက်မှုတို့ကိုလည်း ရှုပါများလျှင် သမာဓိအားကောင်းလျက် ဘူတရုပ်ကို ရှုရသည်နှင့် ပမာတူ စွာ လျှင်မြန်စွာ ဖြစ်ပျက်မှုတို့ကို အစဉ်မပြတ် ဒလစပ်တွေ့မြင်သိရှိရတော့၏၊ ဤသို့ သိရမှ မဟာဝိပဿနာအစစ် ဖြစ်တော့၏၊ မကြုံဘူးလျှင်မသိ ကြုံဘူးမှ အတတ်သိရ၏။ စင်စစ်တော့ သင်္ခါရဥ် အတွင်းဝင်သော တရားတို့တွင် မည်သည့် တရားသဘောကိုမဆို ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့ကိုချည်းသာ မြင်အောင် ရှုရ၏၊ ဥဒယဝယ၊ ဥဒယဗ္ဗယဉာဏ်ဟု ခေါ်ရ၏။ ကျမ်းဂန်၌လည်း ဇာတာနံ၊ဖြစ်ဆဲကုန်သော။ ပစ္စုပ္ပန္နာနံ၊ပစ္စုပ္ပန်ဖြစ်ကုန်သော။ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိဗ္ဗတ္တိလက္ခဏံ၊ ပေါ်စလက္ခဏာသည်။ ဥပ္ပါဒေါ၊ ဥပါဒ်သည်။ အဘိနဝါကရော၊ အသစ်သောအခြင်းအရာသည်။ ဥဒယော နာမ။ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာသည်။ ခယော၊ ကုန်ခြင်းသည်။ ဘင်္ဂေါ၊ပျက်ခြင်းသည်။ ဝယောနာမ၊ ဝယမည်၏။ ဟု မိန့်ဆို၏။

၅။ ဘင်္ဂဉာဏ်။ ။ဖြစ်ပျက်ကိုရှုယင် ကြာတော့ကာဖြစ်တိုင်း ဖြစ်တိုင်းချက်ခြင်းပင်ပျက်ပျက်ကုန်တာတွေကိုသာတွေ့နေရသဖြင့်ဓမ္မတာ အတိုင်း ရှုရင်း ရှုရင်း ပျက်တတ်သည်တို့ကိုသာ အာရုံက စော၍စော၍ လိုက်သွားတတ်သောကြောင့် စိတ်သည် အပျက်ဘက်သို့သာ ညွတ်လျက် ကိုင်းလျက် ရှုသွားတတ်သဖြင့် အပျက်ကိုချည်း အထူးမြင်ရ၍ ဘင်္ဂဉာဏ် ဟုခေါ်၏။

ဤဘင်္ဂဉာဏ်ကို ကောင်းစွာမြင်သောအခါ ရုပ်နာမ်ဓမ္မ သင်္ခါရ ဟူသမျှ မမြဲပါတကား ဆင်းရဲအစုသာပါတကား အစိုးမရပါတကား ဟု သိလာပြီးလျှင် လောကကြီးကို ငြီးငွေ့လျက် ဘာကိုမျှ တပ် မက်

နှစ်သက် တွယ်တာလိုသောစိတ်များ မရှိဘော့ဘဲ ဝိက္ခမ္ဘနအားဖြင့် ကာမ ရာဂ ဗျာပါဒဘို့မှ ဝေးကွာလျက် နေတတ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကဆို သည်မှာ–

တတြ၊ ထိုဘင်္ဂါနုပဿနာဥာဏ်၌။ဣမေ၊ ဤဆိုလတ္တံ့သည်ကား။ အဋ္ဌာနိသံသာ၊ ရှစ်ပါးသော အာနိသင်တို့တည်း။ ဘဝဒိဋ္ဌိပ္ပဟာနံ၊သဿ တဒိဋ္ဌိအယူကိုပယ်နိုင်ခြင်း။ ဇီဝိတနိကန္တိ ပရိစ္စာဂေါ၊ အသက်၌ ခင်မင် တပ်မက်နှစ်သက်ခြင်းကို စွန့်နိုင်ခြင်း၊ သဒါ၊ အခါခပ်သိမ်း။ယုတ္တပယုတ္တ တာ၊ ဝိပဿနာနှင့်သာယှဉ်၍ နေလိုခြင်း။ ဝိသုဒ္ဓဇီဝိတာ၊ စင်ကြယ် သော အသက်မွေးမှုကို လိုလားခြင်း။ ဥဿုက္ကပဟာနံ၊ ထက်သော သံ ဝေဂကို ရသည်ဖြစ်၍ လူမှုကိစ္စအာဝတ်ကိုပယ်လိုခြင်း။ ဝိဂတဘယတာ၊ အတ္တသိနေဟ ကင်းသည်ဖြစ်၍ တစုံတခုသောအကြောင်းကြောင့်လည်း ဘေးကင်းစွာ နေတတ်ခြင်း။ ခန္တိသောရစ္စပဋိလာဘော၊ သည်းခံခြင်း ကောင်းသောအမူ၌သာ မွေ့လျော်တတ်ခြင်း။ အာရတိရတိသဟနတာ၊ ဆိတ်ငြိမ်ရာ၌ ဘာနှင့်မမွေ့လျော်လိုသောစိတ် ကာမဂုဏ်တို့၌သာ မွေ့ လျော်ပျော်ပါးလိုသော စိတ်တို့ကိုနှိမ်နင်းနိုင်ခြင်း။ ဣတိ၊ဣမေဟိ အဋ္ဌဟိ၊ ဤရှစ်ပါးသော အာနိသင်တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

ဤဘင်ဥာဏ်သည် ဤမျှသော အကျိုးကြီး၏။ သို့ဖြစ်၍ ဘင် ဥာဏ်ကိုရောက်မှ ဗလဝဝိပဿနာဟုခေါ်သည်။ ဥဒယဗ္ဗယတုန်းကမူကား နုသေးသောကြောင့် တရုဏ ဝိပဿနာဟု ခေါ်ရ၏။

၆။ ဘယဥာဏ်။ ။ပျက်ခြင်းကို အမြင်များလာသောအခါ အစဉ်မပြတ်တလစပ် ပျက်နေသော ရုပ်နာမ်သင်္ခါရတို့ကိုလည်း ထိတ်လန့် ကြောက်ရွံ့ဘွယ်ဖြစ်လာ၍ ကြီးစွာသော ဘေးဆိုးကြီးတွေပါကတားဟု ထင်လျက်နေသော ဥာဏ်ကိုခေါ်၏။

၇။ အာဒီနဝဥာဏ်။ ။ရုပ်နာမ် သင်္ခါရတို့၏ မခိုင်မြဲဘဲ တ ဆက်တည်း ပျက်နေတာတွေကို မြင်ရ၍ ဘေးအန္တရာယ် ကြီး တွေ ပါက လားဟု ထင်လာကတည်းက ဤရုပ်နာမ်တရားတို့သည် နှစ်သက်အပ် အာ

လိုရှိ ဓပ်သည့်မဟုတ်၊ အေးဆိုး ကြီး ဘွေသာ ချောင် ဖြစ်ပါတကားဟု ရှုပ်နာခဲ့၌ ချိုးမွှမ်းစရာမရှိ အပြစ်ဘွေချည်းသာ တစ်သျှက် ရှိပါတကားဟု ထင်၍ နေသောဉာဏ်ကိုခေါ်၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌လည်း ဟောတော်မူသည်မှာ–

ဥပ္ပါဒဥ၊ ဤဘဝပဋိသန္ဓေကိုရင်း။ ပဝတ္တဥ၊ ပဝတ္တိ ခန္ဓာ ငါးပါးကိုရင်း။ နိမိတ္တဥ၊ သင်္ခါရနိမိတ်ကိုရင်း။ အာယူဟနဥ၊ ဤဘဝပြုအပ်သောကံကိုရင်း။ ပဋိသန္ဓိံ၊ နောက်ဘဝပဋိသန္ဓေကိုရင်း။ ဒုက္ခန္တိ၊ ဆင်းရဲအစုသာတည်းဟူ၍။ ပဿတိ၊ မြင်၏။ ဣဒံ၊ ဤ ငါးပါးသည်။ အာဒီနဝေ၊ အာဒီနဝဉာဏ်၌။ ဉာဏံ၊ သိသောဉာဏ်မည်၏။

၈။ နိဗ္ဗိဒါဉာဏ်။ ။ဘင်္ဂဉာဏ်ရောက်၍ ဘယအာဒီနဝဉာဏ်တွေကို တဆက်တည်း ထင်ပြီးလျှင် ထိုရုပ်နာမ် သင်္ခါရတို့၌ မပျော်ပိုက်တော့ဘဲ ပျင်းမုန်းငြီးငွေ့၍နေခြင်းကို ခေါ်၏။ ဘင်္ဂဉာဏ် ရောက်ပြီဆိုမှဖြင့် ဘယအာဒီနဝ နိဗ္ဗိဒါဉာဏ်တို့သည် တပြိုင်နက် တချက်တည်း ဖြစ်ရတော့၏။

နိဗ္ဗိဒါဉာဏ်ကိုရောက်သောအခါ ယောဂီသည် လောက၌ ဘာကိုမျှ ခင်မင်စုံမက် တပ်နှစ်သက်ခြင်းမရှိ ကြီးပွားရေး စီးပွားရေးတို့၌ စိတ်ကူးတောင် မထည့်လို၊ မိမိအသက်ကိုပင် မနှမြောဘဲ လောကကြီးကို ငြီးငွေ့လျက်သာနေတော့၏။

ထိုကြောင့် ဝိသုဒ္ဓိမဂ်၌ ဖော်ပြသည်မှာ–

သော၊ ထိုနိဗ္ဗိဒါဉာဏ်တည်သော ယောဂီသည်။ ဧဝံ၊ ဤသို့။ သဗ္ဗသင်္ခါရေသု၊ အားလုံးသော တေဘူမက သင်္ခါရတို့၌။ အာဒီနဝတော၊ အပြစ်အားဖြင့်။ပဿန္တော၊ရှုသည်ဖြစ်၍။ သင်္ခါရဂတေ၊သင်္ခါရ၌ အတွင်းဝင်သော တေဘူမက တရားအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ဉာဏနိဗ္ဗိဒါအားဖြင့် ငြီးငွေ့ခြင်းသို့ရောက်၏။ သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ စိတ္တကူဋပဗ္ဗတ ပါဒါဘိရတော၊ အနဝတတ်အိုင်၏အနောက်မျက်နှာဂိဇ္ဈကုတ်တောင်ခြေ၌ မွေ့လျော်သော ရွှေဟင်္သာမင်းသည်။ အသုစိမှိ၊ မစင်ကြယ်သော။ စဏ္ဍာလဂါမဒွါရ အာဝါဋေ၊ ဒွန်းစဏ္ဍားရွာတံခါးအနီး အိုင်ငယ်

၌။ နာဘိရမတိယထာ၊ မမွေ့လျော်၏သို့။ ဝေ၊ ဤအတူ။ အယံယောဂါဝစရော၊ ဤယောဂီသည်လည်း။ သဗ္ဗသ္မိံပိ၊ အလုံးစုံလည်း ဖြစ်သော။ သင်္ခါရဂတေ၊ တေဘူမက သင်္ခါရ၌။ နာဘိရမတိ၊ မမွေ့လျော်။ အနုပ္ပါဒေါ ခေမန္တိ၊ အနုပ္ပါဒေါ ခေမံ အစရှိသော။ နယေန၊ နည်းဖြင့်။ ဒိဋ္ဌေ၊ အလျော်အားဖြင့် မြင် အပ် သော။ သန္တိပဒေယေဝ၊ အလုံး စုံ သော သင်္ခါရတို့၏ ငြိမ်း ရာ ဖြစ် သော နိဗ္ဗာန်၌သာလျှင်။ အဘိရမတိ၊ မွေ့လျော်၏။

မှတ်ချက်။ ။ဤသို့ဖြစ်၍နေခြင်းသည်လည်း တရားအားထုတ်စဉ် ဤနိဗ္ဗိဒါဉာဏ်သို့ရောက်၍ နေတုန်းကိုသာဆိုလို၏။တရားအားမထုတ်ဘဲ နေတာ ကြာ လျှင် မူ ကား၊ ဤသို့ဖြစ်၍မနေ၊ လူ သာမန်များကဲ့သို့ ခါတိုင်းလိုပင် နေတော့၏။ သို့ရာတွင် ဤသဘောမျိုးဘဲဟု မှတ် ထင် မူ ကား ရံဖန်ရံခါ၌ ဖြစ်တတ်၏။ သို့မို့ကြောင့် သာဝတ္ထိပြည်တွင် လူဦးရေ ခုနစ်ကုဋေကျော် ရှိသည့်အနက် ငါးကုဋေကျော်ကျော်မှာ သောတာပန်မှ အနာဂါမ်အထိ သူလိုငါလိုပင် လုပ်ကိုင်စားသောက်လျက် ရှိ နေ ကြခြင်းဖြစ်၏။ ယခုရှိသော သိကြားမင်းသည်လည်း သောတာပန်ပင် ဖြစ်လျက် ကာမဂုဏ် စည်းစိမ်ကို ခံစားလျက်ပင် ရှိနေရှာသေး၏။

၉။ မုစ္စိတုကမျတာဉာဏ်။ ။ရုပ်နာမ်သင်္ခါရတို့၌ ငြီးငွေ့၍ ဒုက္ခအပေါင်းမှလွတ်မြောက်အောင်ဟု ရည်ရွယ်ချက် မဆုတ်မနစ် အားသစ်စိုက်ပြီး ရှုသွားခြင်းကိုခေါ်၏။

ရှုသွားတတ်ပုံမှာ နိဗ္ဗိဒါဉာဏ်ဖြင့် လောကကြီးကို ပျင်း မုန်း ငြီးငွေ့၍နေသော ယောဂီသည် သံသရာမှ လွတ်မြောက်အောင် အားသစ်လောင်းပြီး ကြိုးစား၍ ရှုမှဘဲဟု သဘောထားပြီးလျှင် ခါတိုင်းထက်အားခဲ၍ စွဲမြဲစွာ ကိုယ်အင်္ဂါအစိတ်အပိုင်း ရှိသမျှ လိုက်၍ ရှုတော့၏။ထိုအခါ သမာဓိအရှိန်ကလည်း ရပြီးသားဖြစ်နေသောကြောင့် မကြာမီပင် စိတ်ရောက်သော နေရာဟူသမျှ တနေရာမျှမကျန် တကိုယ်လုံးနှံ့စပ်အောင် ဖြစ်ပျက်တို့ကို ကောင်းစွာ တွေ့ရတော့၏။ ထိုအခါ ဤအတိုင်းပင် ဖြစ်ပျက် သင်္ခါရဒုက္ခမှ လွတ်မြောက်သည်တိုင်အောင် ရှုသွား တော့ မည် ဟု သဘောပိုက်လျက် ရှုသွားခြင်းကို ခေါ်၏။

ထိုကြောင့် ဝိသုဒ္ဓိမဂ်၌ မိန့်သည်မှာ—

ဣမသ္မိံကုလပုတ္တဿ၊ ဤအမျိုးကောင်းသားအား။ သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော သင်္ခါရတို့တွင်။ ဧကသင်္ခါရေပိ၊ တခုသော သင်္ခါရ၌လည်း။ စိတ္တံ၊စိတ်သည်။ နသဇ္ဇတိ၊ မငြိ။ နလဂ္ဂတိ၊ မကပ်။ နဗဇ္ဈတိ၊မမိ။ ဝါ၊ မဖွဲ့အပ်။ သဗ္ဗသမာ၊ အလုံးစုံသော။ သင်္ခါရဂတာ၊ သင်္ခါရတို့၌ အတွင်းဝင်သောတရားအပေါင်းမှ။ မုဉ္စိတုကာမံ၊ လွတ်ခြင်းငှါအလိုရှိသည်။ နိဿရိတုကာမံ၊ ထွက်မြောက်ခြင်းငှါ အလိုရှိသည်။ ဟောတိ၊ဖြစ်၏။ ယထာကိံ၊ အဘယ်သို့နည်းဟူမူကား။ ယထာနာမ၊ ဥပမာ မည်သည်ကား။ ဇာလဗ္ဘန္တရဂတော၊ ကွန်တွင်းသို့ရောက်သော။ မစ္ဆော၊ ငါးငှင်း။ သပ္ပမုခဂတော၊ မြွေခံ့တွင်းသို့ရောက်သော။ မဏ္ဍူကော၊ ဖားငှင်း။ မဟာပက်ပက္ခန္တော၊ ကြီးစွာသော ညှတ်ကွင်းသို့သက်ဆင်းမိသော။ ကုက္ကုဋော၊ ဆင်ငှင်း။ သပတ္တပရိဝါရော၊ရန်သူတို့ဝိုင်းထားသော။ ပုရိသော၊ ယောကျ်ားငှင်း။ ဣတိ၊ဤသို့။ ဧဝမာဒယော၊ဤသို့အစရှိသောသူတို့သည်။ တတော တတော၊ထိုထိုဘေးရန်အနှောင်အဖွဲ့မှ။ မုဉ္စိတုကာမာ၊လွတ်လိုကုန်သည်။ နိဿရိတုကာမာ၊ ထွက်မြောက်လိုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၀။ ပဋိသင်္ခါဉာဏ်။ ။မုစ္စိတုကမျတာ ဉာဏ်ဖြင့် အားလုံးစုံသော ဖြစ်ပျက် သင်္ခါရ ဒုက္ခတို့မှလွတ်အောင်ဟု မဆုတ်မနစ် အားသစ်ပြီး ရှုမြင်၍သွားသောအခါ ကာယပသာဒရှိရာ နေရာတိုင်းတို့မှ ကာယသမ္ဖဿ ဖြစ်ပျက်ပုံ အလုံးစုံတို့ကို ရှုမြင် သိရှိရတော့၏။ ထိုအခါ အလုံးစုံသော ဖြစ်ပျက်တို့ကိုခြုံလျက် အညီအညာ အဖန်တလဲလဲ ထပ်ကာထပ်ကာ အရှိန်မပျက် တဆက်တည်း တိုးတက်၍ ထက်ဝန်းကျင်နှံ့စပ်အောင် နယ်ခြေဘိသကဲ့သို့ အစွမ်းကုန် မွှေနှောက် နယ်ခြေလျက် ရှုမြင်နေရခြင်းကို ခေါ်၏။

မုစ္စိတုကမျတာ ဉာဏ် ရင့်ကျက်လာသောအခါ ပညတ်နိမိတ်တို့သည် တဖြည်းဖြည်း မထင်မရှား မှေးမှိန်၍သွားတတ်၏။ ပဋိသင်္ခါဉာဏ် ရင့်ကျက်လျှင်မူကား ပညတ်နိမိတ် လုံးဝပျောက်လျက် အရှိန်ပြင်းထန်ပြီးလျှင် သင်္ခါရဖြစ်ပျက်တို့၌သာလျှင် တည်ငြိမ်လျက် သင်္ခါရုပေက္ခာဉာဏ်ဘက်သို့ ဆက်လက်၍ဖြစ်သွားတတ်၏။ကျမ်းဂန်တွင်လည်း မုစ္စိတုကမျတာ

ဉာဏ်၊ ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်တို့သည် သင်္ခါရတို့ကို လျစ်လျူရှုရာ၌ အနုအရင့်သာ ကွာခြားသဖြင့် အဓိပ္ပါယ်မှာတူပြီး အမည်များသာ ကွဲ ပွဲခြင်းဖြစ်သည်ဟုဆို၏။ အနုအရင့်ကွာခြားပုံကိုမူကား ဤဉာဏ်များတွင် ကြာကြာကြီးတည်လျက် အကြိမ်ကြိမ်တွေ့၍နေသူ ယောဂီများမှာသာလျှင် ထင်ရှားစွာ သိသာရတော့၏။

၁၁။ သင်္ခါရုပေက္ခာဉာဏ်။ ။ဖြစ်ပျက်သင်္ခါရတို့ကို ဥပေက္ခာအနေဖြင့် စူးစိုက်စွဲလမ်းလျက် တည်ငြိမ်စွာ ရှုမြင်နေရခြင်းကို ခေါ်၏။ ဤသို့ရှုမြင်ရပုံမှာ ပဋိသင်္ခါဉာဏ်ဖြင့် အလုံးစုံသော ကာယ သပ္ပဿဖြစ်ပျက်တို့ကို အညီအညာ ကြာရှည်စွာရှုလာရသောအခါ ဝိပဿနာသမာဓိသည် အရှိန်ပိုလျက် လွန်စွာ အားကောင်း၏ ထိုအခါ စိတ်သည် မရွေ့မရှားတဲ့ ဟဒယဝတ္ထုရုပ်၏ တည်ရာမှနေ၍ ရှုနေရဘိသကဲ့သို့ ဖြစ်လာ၏။

ထိုအခါ၌ တကိုယ်လုံး၏ ဖြစ်ပျက်ရှိရာနေရာတို့သို့ မလိုက် စိတ်ရှိရာသို့သာ ဖြစ်ပျက်တွေက စုဝေးချဉ်းကပ်၍လာသကဲ့သို့ ဖြစ် လာ တတ်တော့၏။ ဤသို့ဖြစ်လာသောအခါ တကိုယ်လုံး၌ရှိသော ဖြစ်ပျက်တို့သည် မနောဒွါရတည်ရာ အလယ်ဗဟိုသို့စု၍စု၍ ချဉ်းကပ်လာသလိုဖြစ်ရာ ရေသောက်ဖလားလောက်သော်ငြားး၊ ထိုထက်များစွာသေးငယ်၍သော်ငြား ဖြစ်ပျက်အစုအဝေးကလေး ထင်ရှားလာတော့၏။ ဖြစ်ပျက်အစုအဝေးကလေး သေးငယ်၍ ဖြစ်ပျက် ကာယသပ္ပဿမှာ အလွန်တရာ နူးညံ့ သိမ်မွေ့လျက် လျှင်မြန်လှ၏။ ခွက်ငယ်ကလေးအတွင်း တည်ရှိ နသောဘံလျှပ်ပမာ လှုန်စွာတူလှ၏။ တံလျှပ်နှင့် ရွတ္တထိနေသကဲ့သို့ တွေ့ဆိမ္မဘွဖြစ်ပျက်လျက် နေတော့၏။ တခါတရံ ဖြစ်ပျက်အစုအဝေးကလေးသည် များစွာကျဉ်းမြော း သေးသိမ် မှေးမှိန်လျက် ပျောက်ကွယ်သွားလုမတတ် ဖြစ်သွား၏။ တခါတရံ သေးသိမ် မှေးမှိန်ရာမှ ပို၍ နဲနဲ ကျယ်ပြန့်လာပြီးလျှင် ပို၍ ထင်ရှားလာတတ်၏။ ဤသို့ ပို၍ထင်ရှားလိုက်တလှည့် မှေးမှိန်သေးသိမ်လိုက်တလှည့်နှင့် အကြိမ်ကြိမ် အဖန်ဖန် ဒိသာကာက နှင့် လင်းယဉ်တိုင် ဥပမာအတိုင်း ဖြစ်လျက် ရှိနေတတ်၏။

ဤသို့ ဖြစ်နေခိုက်၌ ရှုသိသောစိတ်သည် ဦးခေါင်းဆီမှနေ၍သိရှိနေရသကဲ့သို့ မဟုတ်တော့ဘဲ ဟဒယဝတ္ထုနေရာမှသာလျှင် နေလျက်သိရှိနေရသည်ဟု ကျမ်းဂန်အတိုင်း တထပ်တည်းကျနေသည်ဟု ယူဆမိ၏။ဤ

သို့ ရှုမြင်နေရခိုက်၌ အနိမိတ္တသော်ငှင်း၊ သညာတသော်ငှင်း ဖြစ် ၄နေ ၇၍ ကိုယ်အင်္ဂါကြီးငယ် ဟူသော ပညတ်နိမိတ် အရိပ်အရောင်များ အလျှင်း မထင်တော့ပေ။

သို့ရာတွင် ဟဒယဝတ္ထုနေရာ၌ဟု ဆိုခြင်းသည်ကား ရှုနေတုန်းက ဟဒယဝတ္ထုနေရာရယ်လို့ ခွဲခြမ်းဝေဘန်နိုင်တာမဟုတ်၊ ပြီးလို့ သတိရတော့မှဘဲ ဩော်....ခုနက ဖြစ်ပျက်တွေ စုဝေးဖြစ်ပျက်နေတာဟာ ဟဒယဝတ္ထုနေရာ ပတ်ဝန်း ကျင်က ၂ါကလား၊ သိနေသော စိတ် သည်လည်း ဟဒယဝတ္ထု နေရာကပင် နေ၍ သိလျက် နေရတာ ပါကလားဟု ယူဆရ၏။

ဤနေရာ၌ မိမိသိသလို သူတပါးအား နားလည်အောင် ပြောပြရန် အလွန်ခက်၏။ တရားကိုသေသေကြေကြေသဘောထား၍ မနေမနား ရက်ရှည်လများ ကြိုးစားအားထုတ်ပြီး အကြုံမ်ကြုံမ်သိမြင်ရဘူးတဲ့လူချင်း မှသာ ပြောရတာ ကောင်း၏။ သိရသမျှ ရေးပြရမည်ဆိုလျှင်လည်း လွန်စွာ များပြားဆန်းကြယ်သဖြင့် နားလည်လွယ်အောင်ရေးပြဘို့ရာ ခဲယဉ်းသဖြင့် ကျမ်းကျယ်လွန်းမည်စိုး၏။ ဤသို့ တွေ့မြင်သိရှိရခြင်းသည်လည်း မဟာဘုတ်ကို ရှုရတာဖြစ်၍ ကာယဝိညာဏ်ဖြင့်သာ သိရတာမျိုး ဖြစ်၏။ စက္ခုဝိညာဉ်ဖြင့် မြင်ရတာမျိုးမဟုတ်။

ဤကဲ့သို့ ရုပ်နာမ် သင်္ခါရ ဖြစ်ပျက်နေမှုကို ကေဂ္ဂတာစိတ်မျိုးဖြင့် စွဲမြဲ တည်ငြိမ်လျက် ကြောက်ဘွယ် လန့်ဘွယ် ငြီးငွေ့ဘွယ် နှစ်သက်ဘွယ် တွယ်တာဘွယ်ဟူသော စိတ်မျိုး စသည်တို့ကိုပယ်၍ သူ့သဘောအတိုင်း သူဖြစ်ချင်သလိုဖြစ်လျက် နေပစေ ဟူသကဲ့သို့ တမင်တကာ အာရုံပြုသော စိတ်မရှိဘဲ ဥပေက္ခာအနေဖြင့် လျစ်လျူရှုလျက် နေရသည်ဖြစ်၍ သင်္ခါရုပေက္ခာဉာဏ်ဟုခေါ်၏။ သင်္ခါရုပေက္ခာဉာဏ်ဖြစ်နေခိုက်ရှုနေသောစိတ်သည် ဟိုရောက်ဒီရောက်နှင့် မပြောင်းလွဲနိုင်တော့ပြီ၊ သင်္ခါရအာရုံ တခုတည်း၌သာလျှင် ကေဂ္ဂတာသမာဓိဖြစ်လျက် ခိုင်မြဲတည်ငြိမ်စွာ အလိုက်သင့် ရှုမြင်ရလျက်သားဖြစ်၍နေတော့၏။

၁၂။ အနုလောမဉာဏ်။ ။သင်္ခါရုပေက္ခာဉာဏ်၏ အဆုံးနှင့် ဂေါတြဘုဉာဏ်၏ စပ်ကြားတွင် စိတ္တုပ္ပါဒ် သုံးကြိမ်မျှသာ ဖြစ်ရသော ကြောင့်တကြောင်း သင်္ခါရုပေက္ခာဉာဏ်နှင့် မထူးခြားဘဲ သင်္ခါရုပေက္ခာ

ဉာဏ်၏နောက်ဆုံး အစိတ်အပိုင်းဖြစ်သော စိတ္တက္ခဏသုံးကြိမ်မျှသာဖြစ်ရ၍ သင်္ခါရုပေက္ခာဉာဏ်အတိုင်း သင်္ခါရုပေက္ခာဉာဏ်နှင့်မထူးခြားဘဲ တထပ်တည်း ရှုမြင်ရပုံချင်း တူသောကြောင့် တကြောင်း အမည်သာကွဲ၍ အမြင်သာ ထပ်တူထပ်မျှဖြစ်သောကြောင့်တကြောင်း ယောဂီ၏ဉာဏ်၌ ကွဲပြားခြားနား၍ မသိနိုင်ပေ၊ မသိနိုင်ဘာကိုလည်း၊ သိဘိသကဲ့သို့ ရေးပြရန် မဝံ့၊ ဘုရားသခင်၏ ရွှေဉာဏ်တော်အရာသာဖြစ်၏။

၁၃။ ဂေါတြဘူဉာဏ်။ ။အနုလောမဉာဏ် သုံးကြိမ် ဖြစ် ပြီး နောက် ရုပ်နာမ်သင်္ခါရကို အာရုံမပြုဘဲ ပုထုဇဉ်အနွယ်ကို ဖြတ် လျက် နိဗ္ဗာန်ကို အာရုံပြုသွားသော စိတ္တက္ခဏတချက်ကိုခေါ်၏။ ဤကား ကျမ်းဂန်အတိုင်း ရေးပြရခြင်းဖြစ်၏။ စိတ္တက္ခဏတချက်ဆိုတာ ဘုရားသခင်၏ ရွှေဉာဏ်တော်ဖြင့်သာ ဒိဋ္ဌသိနိုင်၏။

၁၄။ မဂ်ဉာဏ်။ ။မဂ်ဉာဏ်မှာဂေါတြဘူဉာဏ်ဖြစ်ပြီးသည်နှင့်တပြိုင်နက် ဆိုင်ရာကိလေသာတို့ကို သတ်ခြင်းကိစ္စကို ပြီးစေလျက် နိဗ္ဗာန်ကို အာရုံပြုသွားသော စိတ္တက္ခဏတချက်ကိုခေါ်၏။

၁၅။ ဖိုလ်ဉာဏ်။ ။ဖိုလ်ဉာဏ်မှာ မဂ်စိတ္တုပ္ပါဒ်၏ နောက်၌ မဂ်၏ အခြားမဲ့၌ပင် ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖြစ်ရသော စိတ္တက္ခဏ နှစ်ကြိမ်အားဖြင့် နိဗ္ဗာန်ကိုဆက်၍ အာရုံပြုခြင်းကိုခေါ်၏၊

ဤဉာဏ်သုံးပါးသည်လည်း စိတ္တက္ခဏ လေးကြိမ်မျှ ကြာသောကြောင့် ဘယ်ဉာဏ်က ဘယ်လိုနေသည်ဟု ယောဂီ၏စိတ်၌ မခွဲခြားတတ်ပေ။ သို့ရာတွင် ထိုဉာဏ်သုံးပါးမှာ နိဗ္ဗာန်ကို အာရုံပြုတာချင်း ကလည်း တဆက်တည်းဖြစ်ကြ၍ သုံးပါးစလုံးကို တပေါင်းတည်း ပြ၍မူကား သိသာလှပါ၏။ သိရပုံမှာ ရုပ်နာမ်ဖြစ်ပျက်တို့ကို ထင်ရှားစွာ ရှုမြင်လျက် နေရရင်းက ဖြစ်ပျက်နေသော ရုပ်နှင့် ရှုမြင်သိရှိနေသော နာမ် တို့ သည် ထူးဆန်းစွာ ရုတ်တရက် တပြိုင်နက် ချုပ်ငြိမ်း၍ သွား သော ကြောင့် တည်း။

ဤသို့ ဂေါတြဘူ၊ မဂ်၊ ဖိုလ်၊ ဟူသော စိတ္တက္ခဏ လေး ချက် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားရင်း ဖိုလ်ဇောဘက်ဆက်၍ မိနစ်ပေါင်း အတော်ကြာအောင်ဆက်၍ ကျသွားသော ယောဂီများမှာမူ ပိုပြီးထင်ရှား

လှပါ၏။ ဤသို့ ဖြစ်ပျက်ကို ရှုမြင်နေရင်း ဖြစ်ပျက်နှင့်တကွ ဓသိတသား တွေပါ ချုပ်ငြိမ်း၍သွားခြင်းကို ဖြစ်ပျက်၏အဆုံးသို့ ရောက်သည် ဟူ၍ ခေါ်ရ၏။ ဖြစ်ပျက်ဆုံးရာ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်သို့ ရောက် သည်ဟူ၍လည်း ခေါ်ရ၏။ ခန္ဓာအာယတနဓာတ်ဘို့၏ ဖြစ်ပျက်မှု တို့ မှ လွန်မြောက်၍ သွားသောကြောင့် သံသရာလောကနှ လွန်မြောက်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်ဟူ၍လည်း ခေါ်ရ၏။

ထိုကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌၊

ဥပ္ပါဒေါ၊ ရုပ်နာမ်သင်္ခါရတို့၏ ဖြစ်ခြင်းသည်။ သင်္ခါရာ၊ သင်္ခါရ မည်၏။ အနုပ္ပါဒေါ၊ ရုပ်နာမ်သင်္ခါရတို့၏ မဖြစ်ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။

ဟူ၍ရင်း၊

ပဝတ္တံ၊ ရုပ်နာမ်သင်္ခါရတို့၏ အစဉ်မပြတ် တလဲလဲဖြစ်ပျက်၍ နေ ခြင်းသည်။ သင်္ခါရာ၊ သင်္ခါရမည်၏။ အပဝတ္တံ၊ ရုပ်နာမ်သင်္ခါရတို့၏ ဖြစ် ပျက်မှု မရှိခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

ဟူ၍ရင်း ဟောတော်မူ၏။

ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်တယ်ဆိုတာ မဖြစ်ဘူး သေးသော ပုဂ္ဂိုလ်အဖို့၌ အလွန်တရာမှ ခက်ခဲနက်နဲ ဆန်းကြယ်လှ သော် လည်း ဖြစ်ဘူးသောသူ၏အဖို့၌ ထူးဆန်းလှသည်မဟုတ်။ အဘယ်ကြောင့် ဆိုသော် ဖြစ်ပျက်တွေကို သိမြင်နေရင်းက ဖြစ်ပျက်တွေ တပြည်းပြည်း ညင်သာစွာသော်ရင်း၊ ရုတ်တရက်ချက်ခြင်းသော်ရင်း ချုပ် ပျောက် ၍ သွားပြီး ဝိပဿနာ ယောဂီ၏စိတ်သည် ဖြစ်ပျက်တွေနေရာမှ ဖြစ်ပျက်နှင့် တကွ လောကီအာရုံ မှန်သမျှ ဘာကိုမျှ မတွေ့ရတော့ဘဲ၊ ဖြစ်ခြင်းပျက် ခြင်း အလျှင်းမရှိ ရာနိဗ္ဗာန်သို့ မျက်မှောက် ပြု၍ သွား ရ သော ကြောင့် တည်း။

ဤအကြောင်းကို မိလိန္ဒပဥှာကျမ်းတွင် ဝိပဿနာ ယောဂီများ၏ တွေ့ကြုံရပုံအခြင်း အရာများအတိုင်း သေချာစွာပါရှိ၏။

## မိလိန္ဒပဥှ

မဟာရာဇ၊ မင်းမြတ်။ ယော၊ အကြင်သူသည်။ သမ္မာပဋိပန္နော၊ ကောင်းစွာကျင့်၏။ သော၊ ထိုသူသည်၊ သင်္ခါရာနံ၊ ရုပ်နာမ်သင်္ခါရတို့၏၊ ပဝတ္တံ၊ ဖြစ်ပျက်အစဉ်ကို။ သမ္မသတိ၊ သုံးသပ်၏။ ဣတိ၊ ဤသို့။ သမ္မသမာနော၊ သုံးသပ်သည့်ရှိသော်။ တတ္ထ၊ ထိုရုပ်နာမ်သင်္ခါရ၌။ ဇာတိံ၊ ဖြစ်ဆဲးကိုရင်း။ ဇရံ၊ ရင့်ဆဲကိုရင်း။ ဗျာဓိံ၊ နာကျင်ဆဲကိုရင်း။ မရဏံ၊ပျက်ဆဲကိုရင်း။ ပဿတိ၊ ရှုမြင်ရ၏။

တတ္ထ၊ ထိုရုပ်နာမ် သင်္ခါရတို့၌။ ကိဉ္စိ၊ တစုံတခုသော။ သုခံ၊ချမ်းသာကိုရင်း၊ သာတံ၊ သာယာဘွယ်ကိုရင်း။ နပဿတိ၊မမြင်၊ သော၊ ထိုသူသည်။ တတ္ထ၊ ထိုသင်္ခါရ၌။ အာဒိတောပိ၊အစ၌ရင်း။ မဇ္ဈတောပိ၊အလယ်၌ရင်း။ ပရိယောသာနတောပိ၊ အဆုံး၌ရင်း။ ကိဉ္စိ၊တစုံတခုသော။ ဂယှုပဂံ၊ ယူအပ်သောသင်္ခါရကို။ နပဿတိ၊မမြင်။ တဿ၊ထိုယောဂီ၏။စိတ္တေ၊ စိတ်၌။ အရတိ၊ ငြီးငွေ့ခြင်းသည်။ သဏ္ဌာတိ၊ ကောင်းစွာ တည်လာ၏။ ကာယသ္မိံ၊ ကိုယ်၌။ ဥာဟော၊ ပူလောင်ခြင်းသည်။ ဒုက္ခော၊ဆင်းရဲခြင်းသည်။ ဩက္ကမတိ၊ သက်လာ၏။ သော၊ ထိုယောဂီသည်။ အတာဏော၊ ပုန်းခိုရာမရ၍။ အသရဏော၊ ကိုးစားရာမရ၍၊ အသရဏီဘူတော။ ကိုးစားစရာ မရှိသကဲ့သို့ဖြစ်၍။ ဘဝေသု၊ သုံးပါးသော ဘဝတို့၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။

မဟာရာဇ၊ မင်းမြတ်။ တဿ၊ ထိုယောဂီသည်။ ပဝတ္တေ၊ရုပ်နာမ်သင်္ခါရဖြစ်ပျက်စဉ်၌။ဘယဒဿာဝီ၊ဘေးဟုရှုလေ့ရှိ၏။ဧဝံ၊ဤသို့ရှုသည်ရှိသော်။ တံပဝတ္တံ၊ ဤရုပ်နာမ်သင်္ခါရဖြစ်ပျက်အစဉ်သည်။ သန္တတ္တံခေါပန၊ ပူလောင်လှ၏တကား။ အာဒိတ္တံခေါပန၊ ရဲရဲတောက်သည့်တကား။ သမ္ပဇ္ဇလိတံခေါပန၊ အလျှံပြောင်ပြောင် တောက်လောင်လှ၏တကား၊ ဗဟုဒုက္ခံခေါပန။ ဒုက္ခများလှ၏တကား။ ဗဟုပါယာသံခေါပန၊ပူပန်ခြင်းများလှ၏တကား။ ကောစိ၊ တစုံတယောက်သည်။ အပ္ပဝတ္တံ၊ ရုပ်နာမ်သင်္ခါရတို့ မဖြစ်ရာကို။ ယဒိ။ အကယ်၍။ လဘေထ၊ ရလေရာ၏။ ယဒိဒံ သဗ္ဗသင်္ခါရသမထော၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းဇရာသည်။ ယဒိဒံ နိရောဓော၊ အကြင် သင်္ခါရတို့၏ ချုပ်ငြိမ်းရာသည်။ ယဒိဒံနိဗ္ဗာနံ၊ အကြင်

ဒုက္ခမှ လွတ်မြောက်ရာ နိဗ္ဗာန်သည်၊ အတ္ထိ၊ ရှိ၏။ ဘော၊ ဤနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏၊ ပဏီတံ၊ မွန်မြတ်၏၊ ဣတိ၊ ဤသို့၊ ဥပဇ္ဈတိ၊ ဖြစ်၏။ ဣတိဟိ၊ ဤသို့လျှင်။ တဿ၊ ထိုသူ၏၊ ဘော်စိတ္တံ၊ ဤစိတ်သည်။ အပရာပရံ၊ အထပ်ထပ်။ မနသိကရောတော၊ နှလုံးသွင်းစဉ်းစားရှုမြင်စဉ်။ ပဝတ္တံ၊ ရုပ်နာမ်သင်္ခါရ ဖြစ်ပျက် အစဉ် ကို၊ သမတိက္ကမိတွာ၊ လွန်မြောက်၍။ အပ္ပဝတ္တံ၊ ရုပ်နာမ်သင်္ခါရဖြစ်ပျက်ခြင်းမရှိသော နိဗ္ဗာန်ကို။ ဝါ၊ နိဗ္ဗာန်အာရုံသို့။ သြက္ကမတိ၊ သက်၏။ ပက္ခန္ဒတိ၊ ပြေးဝင်၏။

မဟာရာဇ၊ မင်းမြတ်။ အပဝတ္တံ၊ ဖြစ်ပျက်ခြင်းမရှိသောနိဗ္ဗာန်သို့။ အနုပ္ပတ္တော၊ အစဉ်ရောက်သော။ သမ္မာပဋိပန္နော၊ ကောင်းစွာကျင့်သော သူကို။ နိဗ္ဗာနံသစ္ဆိကရောဘီတိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကဲ့သို့ ဖြစ်ပျက်တို့ကို ထင်ရှားစွာရှုမြင်နေရရင်းက ရုတ်တရက် ဖြစ်ပျက်တွေ ချုပ်ငြိမ်းပြီးနောက် သတိရလာသောအခါ၊ ခုနကရှုမြင်နေရတဲ့ ဖြစ်ပျက်ဘွေကို မတွေ့ရတော့သဖြင့် ထူးဆန်းသောကြောင့် အံ့အားသင့်သလို ဖြစ်သွားပြီးလျှင် စိတ်သည် ကြည်လင်လျက်နေ၏။

၁၆။ ပစ္စဝေက္ခဏာဉာဏ်။ ။မဂ်စိတ် ဖိုလ်စိတ်ဖြစ်ပြီးနောက် သတိရလာသောအခါ မဂ်စိတ် ဖိုလ်စိတ်မဖြစ်မီက ရှုမြင်နေရသော ဖြစ်ပျက်တို့ကို သတိရလျက် နှလုံးသွင်းမိ၏။ ၎င်းနောက်ဖြစ်ပျက်တွေနှင့်တကွ အသိတရားတွေပါ ချုပ်ငြိမ်း၍သွားခြင်းကို အာရုံပြုမိ၏။ ထိုနောက်ဖြစ်ပျက်တွေသည် မရှိတော့ဘဲ အသိဉာဏ်ပါ ချုပ်ငြိမ်း၍ သွားပါတကား။ ခုကော ရှိမှရှိသေးရဲ့လား စသည်တို့ဖြင့် အာရုံပြုတတ်၏။ ဤသို့အာရုံပြုမိခြင်းကို ပစ္စဝေက္ခဏာဉာဏ်ဟု ခေါ်၏။ ပစ္စဝေက္ခဏာဉာဏ်မှာ ခဏမျှသာ ဖြစ်တတ်၏။

၎င်းပြင် ပယ်ပြီး မပယ်ရသေးသော ကိလေသာတို့ကို ဆင် ခြင်သည်လည်းရှိ၊မဆင်ခြင်သည်လည်းရှိ၏ဟုကျမ်းဂန်၌ရှိ၏။ အဘိဉာဉ်တန်ခိုးမရှိသော သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်များမှာ ပယ်အပ်မ ပယ် အပ်သော ကိလေသာတို့ကို ဆင်ခြင်ရန် မလွယ်ကူပါ။

# နိဗ္ဗာန် ဟုတ်မဟုတ် စမ်းနည်း

ဤကဲ့သို့ဖြစ်ပြီဆိုလျှင် ဖြစ်ပျက်၏ အဆုံးဖြစ်သော နိဗ္ဗာန်ကိုမျက်မှောက်ပြုရပြီဟု မှတ်ယူရမည်၊ သို့ရာတွင် ကေန္တ ဟုတ်မဟုတ် စမ်းကြည့်ရမည်။ စမ်းကြည့်ရန်မှာ စိတ်ဖြင့်သော်၎င်း နှုတ်ဖြင့်သော်၎င်း နာရီဝက်တနာရီခန့်၊ ခုနကလိုဖြစ်ပျက်မရှိရာ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေရပါလို၏။ အန္တရာယ်ရှိမည်ဆိုလျှင်လည်း တင်ကြို၍ သိရပါလို၏ဟု နှလုံးပြု။ ဤသို့ပြုခြင်းသည် ဓိဋ္ဌာန်ရာရောက်သည်၊ ပြီးလျှင် ခါတိုင်းလိုပင် ဖြစ်ပျက်တွေကို တွေ့အောင်ရှု၊ ကာကိုမျှ စိတ်မကူးနှင့်၊ မတောင့်တ မကြောင့်ကြနှင့်၊ အတော်ကြာလျှင် ဖြစ်ပျက်တွေကိုရှုနေရင်း အသိတရားတွေ ချုပ်ငြိမ်းသွားတတ်သည်၊ ဤကဲ့သို့ မဖြစ်လျှင် မဟုတ်သေးဘူးဟု ယူဆသင့်သည်။ သို့ရာတွင် နောက်ထပ် နှစ်ခါသုံးခါ စမ်းသပ်၍ကြည့်။ မဖြစ်လျှင် မဟုတ်ဘူးဟူ၍မှတ်။ ဖြစ်လျှင်ဟုတ်ပြီဟူ၍သာ မှတ်ပေတော့၊ ဟုတ်လျှင်လည်း နိဗ္ဗာန်ကို ခဏခဏ အာရုံပြု၍ကြည့်။ နေ့စဉ်အချိန်မှန်မှန်အလိုရှိသလောက် အချိန်ကို ကန့်သတ်၍ အာရုံပြုကြည့်။ အာရုံပြုဖန်များလျှင် ဝသီဘော်နိုင်ပြီး သကာလ အလိုရှိသောခဏ၌ ရ၍ ကြာချင်သလောက်ကြာကြာ နေနိုင်တော့၏။

အလေ့အထမဟုတ်ဘဲ တရားကိုလဲ အားမထုတ်ဘဲ နေတာ ကြာလျှင်မူကား အလိုရှိတိုင်း လုပ်၍မရတတ်ပေ၊ လုပ်၍ မ ရ သော ကြောင့်လည်း မဟုတ်ဘော့ဘူးဟူ၍ မမှတ်ရ။ ဘုရားသခင်က သောတာပန်ပေမဲ့ တရားကိုအားမထုတ်ဘဲနေတာကြာလျှင် သမာဓိမရှိ၍ ဝိပဿနာတရားကို ကောင်းကောင်း မထင်နိုင်ဘူးဟူ၍ ဟောတော်မူ၏၊ ဝိပဿနာကို ကောင်းစွာမထင်လျှင်လည်း ဖလသမာပတ်ကို ဝင်စား၍ မရနိုင်။ရပြန်ပါလျှင်မူကား ဟိုတုန်းကလို တရားကို များများ မြင်အောင် အား ထုတ်။ ဖြစ်ပျက်တွေကို များများမြင်လာပြန်လျှင် မဖြစ် နိဗ္ဗာန်ကိုလည်း အာရုံပြု၍ ရတော့သည်သာပင်။

ဤကဲ့သို့ ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍နေသောအခါ သံသရာဟုခေါ်သော ခန္ဓာအာယတနဓာတ်တို့၏ ဖြစ်ပျက်မှုတို့သည်၊ ဝါ၊ ရုပ်နာမ်သင်္ခါရတို့သည် လုံးဝဥဿုံ အကုန် ချုပ်

ငြိမ်း၍နေသည်ဖြစ်သောကြောင့် အိပ်ပျော်သလို ဖြစ်၍သွားတော့သည်။ ထိုကြောင့် ရှေးပညာရှိကြီးများက ''အိပ်သောယောကျ်ား နိုးသော်လား သို့'' ဟု စပ်ဆိုခြင်းဖြစ်၏။ အိပ်ပျော်သလို ဖြစ်နေသောအခိုက်၌ တစုံတရာ သော လောကီအာရုံကို အာရုံပြုခြင်း မရှိတော့ပြီ။ ဖြစ်ခြင်း ပျက် ခြင်း အလျင်းမရှိသော နိဗ္ဗာန်အာရုံ၌သာလျှင် တည်နေရာ၏။

ထိုကြောင့်လည်း နိဗ္ဗာန်ဆိုတာ ဘယ်လိုနေပါသည်ဟု ဥပမာ ပြစရာလည်း မရတော့ပြီဟူ၍ ဥဒါန်းပါဠိတော်၌ -

ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထိုဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံအကြောင်းဖြစ်သော မဖြစ်သဘောသည်၊ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမဖြစ်သဘောသည်။ အပတိဋ္ဌံဝေ၊ တည်ရာမှီရာမရှိသည်သာ လျှင်တည်း။ အပဝတ္တံဝေ၊ ဖြစ်ခြင်းမရှိသည်သာလျှင်တည်း။ အနာရမ္မဏမေဝ၊ တစုံတရာသောအာရုံကို အာရုံပြုခြင်း မရှိ သည် သာ လျှင် တည်း။ အပမာဏရမ္မဏမေဝ၊ နိဗ္ဗာန်ဆိုတာ ဘယ်လိုနေပါသည်ဟု လောကီသား တို့။ဝါ၊ ပုထုဇဉ်တို့နားလည်အောင်ပမာဏကို ပြခြင်းငှါ မထိုက်သည်သာ လျှင်တည်း။ ဧသေဝဧသော၊ ဤသို့သော သဘောသည်သာလျှင်။ ဒုက္ခဿ၊ ဖြစ်ပျက်ဒုက္ခ၏။ အန္တော၊ အဆုံးဖြစ်သော နိဗ္ဗာန်တည်း။

ရင်းပြင် ဖြစ်ပျက်ကို ရှုနေရင်း ဖြစ်ပျက်ဆုံး၍ မဖြစ် မ ပျက် ခြင်း သဘောကို နိဗ္ဗာန်ဟုခေါ်ကြောင်း ဥဒါန်းအဋ္ဌကထာ၌ -

တဒမိဂမေဟိ တံ အဓိဂမေဟိ၊ ထိုမဖြစ် နိဗ္ဗာန်ကို မြင်ရသောသူ တို့သည်။ သဗ္ဗဒုက္ခာဘာဝတော၊ အလုံးစုံသော ဖြစ်ပျက်ဒုက္ခမရှိလေသော ကြောင့်။ ဒုက္ခဿ၊ ဖြစ်ပျက်ဒုက္ခ၏။ အန္တော၊ အဆုံးတည်း။ ဣတိအယမေဝ၊ ဤဖြစ်ပျက်ဒုက္ခ ဆုံးခြင်းသည်သာလျှင်။ တဿ၊ ထိုမဖြစ်နိဗ္ဗာန်၏။ သဘာဝေါ၊ သဘောတည်း။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သင်္ခါရာ၊ ရုပ်နာမ် သင်္ခါရ တို့ သည်။ ဝတကေန္တေန၊ ကေန်စင်စစ်အားဖြင့်။ အနိစ္စာ၊ အမြဲ မရှိကြလေကုန်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်း သဘောတို့သာ ဘည်း။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်လာပြီးလျှင်။ နိရုဇ္ဈန္တိ၊ ချက်ခြင်းပင် ချုပ်ပျောက်ကြကုန်၏။တေသံ၊ ထိုဖြစ်ပျက် သင်္ခါရတို့၏။ ဝူပသမော၊ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်

သည်သာလျှင်။ သုခေါ၊ လွန်စွာမြေချမ်းသာလှသော သန္တိသုခ အစစ်ကြီး ဖြစ်ရလေတော့သတည်း။

## ဖိုလ်ဝင်စားသောသူ

ဤကဲ့သို့ နိဗ္ဗာန်ကို မြင်ပြီး၍ အရိယာဖြစ်သော ဖလသမာပတ်ဝင်စားသောအခါ၌ အပ္ပနာဇောတွေကျ၍နေလေ၏။အပ္ပနာဇောဆိုဒါသည်လည်း မဟဂ္ဂုတ်အပ္ပနာ လောကုတ္တရာ အပ္ပနာဟူ၍နှစ်မျိုးရှိ၏၊မဟဂ္ဂုတ်အပ္ပနာမှ ပညတ်နိမိတ်ကို အာရုံပြုရ၏။ လောကုတ္တရာ အပ္ပနာမှာနိဗ္ဗာန်ကို အာရုံပြုရ၏။ထိုသို့အပ္ပနာဇောတွေကျသောအခါ၌။ အပ္ပနာဇဝနံ၊အပ္ပနာဇောဆဗ္ဗိသသည်။ ဣရိယာပထံ၊ ဣရိယာပုထ်ကို။ သန္နာမေတိ၊ ခိုင်မာစေ၏။ဟု ဆိုသည့်အတိုင်း ဣရိယာပုထ်သည် ခိုင်မာတောင့်တင်းလျက်ငြိမ်၍နေ၏။ ကြာသောအခါ အသက် မရှိသော သူကဲ့သို့ အသားအရေတွေအေးမြလျက် တင်းမာ၍နေ၏။သို့ရာတွင် တစုံတယောက်က ပုံပြင်၍ထားလျှင် ထားသလိုပင်ဖြစ်နေ၏။ကိုယ်လက်အင်္ဂါတို့ကို မြှောက်၍ ထားလျှင်လည်း မြှောက်လျက်ပင်နေ၏၊ချ၍မပေးလျှင် ဖလသမာပတ်မှမထမခြင်းထားသလိုပင် တန်းလန်းကြီးနေ၏။ ကွေး၍ထားလျှင်သည်းကွေးလျက်ပင်နေ၏။ ရှုံခိုးလျက်ထားလျှင်လည်းရှုံခိုးလျက်ပင်နေ၏။လက်ကိုဆွဲ၍အထက်ကို မြှောက်ပစ်လိုက်လျှင်လည်း အရှိန်ရှိသလောက် ရောက်ရာ အရပ်၌ ပင်တည်ငြိမ်၍နေ၏။ အိပ်ပျော်သောသူနှင့် အသက်မရှိသော သူ များ ကဲ့သို့မဟုတ်၊ အိပ်ပျော်သူ၏ ခြေလက်တို့ကို ဆွဲ၍မြှောက်လျှင် အသာကလေးပါလာ၍ လွှတ်လိုက်လျှင် ပြန်၍ကျသွား၏။

သေသောသူ၏ ခြေလက်တို့ကို မြှောက်လျှင်မူကား တအားဆွဲရတတ်၏။ လွှတ်လိုက်လျှင် ချက်ခြင်း ဒုံးဆို ကျသွား၏၊ သမာပတ် ဝင်စားသောသူ၏ ခြေလက်တို့ကိုမူကား ဆွဲ၍မြှောက်လျှင် လေးတေးတေးနှင့်ပါလာ၏။ လွှတ်လိုက်လျှင်မူကား လွှတ်သောနေရာ၌ပင် တန်းလန်းကြီးတည်၍နေ၏။ သမာပတ်မှ မထမခြင်း ဘယ်နှစ်နာရီဘဲကြာကြာ ပုံပြင်၍မပေးက တန်းလန်းကြီ ပင် ဖြစ်နေ၏။ အံ့စရာပင်။ ဒါကြောင့် ဣရိယာပုထ်ခိုင်မာသည်ဟု ကျမ်းဂန်ကဆိုခြင်းဖြစ်၏။ ထို့ပြင်လည်း အိပ်ပျော်နေသောသူကိုနှိုးလျှင် နိုး၏။

မြောမေ့နေသောသူများသည်လည်း ဘဝင်စိတ်ဖြစ်နေသည်ပင် ဖြစ်၍ ၎င်းတို့ကို ဆေးဝါးမန္တယားဖြင့် သတိရအောင် လှုပ် လျှင် ရနိုင်သည်။ ဖိုလ်ဝင်စားနေသောသူများမှာ အချိန်မစေ့မီ ဘယ်လိုပြုလုပ်၍မှ မသိတတ်တော့ပြီ။သို့ရာတွင် ဤအတွင်း မည်သူခေါ်လျှင် သိရပါလို၏ဟု အဓိဋ္ဌာန် ပြုထားလျှင်မူကား၊ ထိုသူခေါ်လျှင် တခွန်းဘည်းနှင့်ပင်သိ၏။ သို့မဟုတ်လျှင် ဘယ်လိုဘဲလုပ်လုပ် မသိတော့ပြီ။ အမြောက်သံသေနတ်သံနှင့်နိုး၊ အပ်နှင့်ထိုး မီးနှင့်ရှို့ပေမဲ့ မသိနိုင်။ အဘယ်ကြောင့် ဆို သော် ဖလသမာပတ်ဝင်စား၍ နိဗ္ဗာန်ကို အာရုံပြုနေစဉ်၌ ဖဿာယတနခြောက်ပါး မဖြစ်တော့သောကြောင့်တည်း။

ထို့ကြောင့် ပေဋကောပဒေသကျမ်း၌ပါရှိသည်မှာ -

ဒုက္ခဋ္ဌ၊ ဒုက္ခသစ္စာသည်လည်း။ မဂ္ဂေါစ၊ မဂ္ဂသစ္စာသည်လည်း။ နိရောဓောစ၊နိရောဓသစ္စာသည်လည်း။ ကတမော၊ အဘယ်နည်း။ ယဿ ဘိက္ခုနော၊ အကြင်ရဟန်း၏။ သတိ၊သတိသည်။ ဆသုဖဿာယတနေသု၊ ခြောက်ပါးသော ဖဿာယတနတို့၌။ သံဝရောစ၊အစောင့်အရှောက်သည် လည်း။ နဥပဋ္ဌိတော၊ မထင်။ သောဘိက္ခု၊ ထိုရဟန်းသည်။ သတတံအဘိဏှံ၊ မပြတ်။ သမာဟိတော၊ တည်ကြည်သောစိတ်ရှိသည်ဖြစ်၍။ ဇာနေယျ၊သိရာ၏။ ကတမံ၊အဘယ်သို့။ ဇာနေယျ၊သိရာသနည်း။အတ္တနော၊ မိမိ၏။ ယေ ကာယော၊အကြင်ကိုယ်သည်။ နဥပဋ္ဌိတော၊ မထင်။ တံအနုပဋ္ဌိတကာယံ၊ ထိုမထင်သော ကိုယ်သည်ပင်။ ဝါ၊ စိတ်၌ လောကီ အာရုံဟူက ဘာကိုမျှ မထင်သည်ကိုပင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ဇာနေယျ၊ သိရာ၏။

လယ်တီဆရာတော်ဘုရားကြီး၏ နိဗ္ဗာနဝိသဇ္ဇနာကျမ်း၌ လည်း လောကုတ္တရာဖိုလ် သတိပဋ္ဌာန်တရား များသည် ကာယကောဋ္ဌာသတို့ကို အာရုံမပြု၊ ကာလပညတ် အာကာသပညတ်စသော ပညတ် ဟူသမျှေ့ကို ၎င်း။ ခန္ဓာစသော သင်္ခတ, ပရမတ်ဖြစ်ပျက် သင်္ခါရတို့ကို၎င်း အာရုံမပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြု၏။ တုဏှီဘာဝဖလသမာပတ်မျိုးဖြစ်၍ ကိုယ်စိတ်နှုတ်တို့၏ လှုပ်ရှားခြင်းမရှိ၊ ဖိုလ်ဝင်စားဆဲအခါ၌ ရွှေရုပ်ထုငွေရုပ်ထုကဲ့သို့ အငြိမ်ကြီးငြိမ်၍နေ၏ဟု ရေးသားထားတော်မူ၏။

ဤကဲ့သို့ မဂ်စိတ်ဖိုလ်စိတ်ဖြစ်ပြီး၍ သောတာပန် ဖြစ်သွားသော အရိယာပုဂ္ဂိုလ်များသည် ဝိပဿနာဆက်၍ ရှုသောအခါ၊ သဒါဂါမိမဂ် စိတ် မဖြစ်မီ နိဗ္ဗာန်ကို အကြိမ်ကြိမ် အခါခါ မျက်မှောက်ပြုမိသောစိတ် များကို ဖိုလ်စိတ်ဟူ၍ ခေါ်ရ၏၊ ထိုဖိုလ်စိတ် ဖိုလ်ဇောမှာ အခိဋ္ဌာန်ဖြင့် တမင်တကာ မဝင်စားဘဲ တရားအားထုတ်နေရင်း အလိုလို ဖိုလ်ဇောကျ လာလျှင် ကြာတဲ့အခါလဲ ကြာတတ်သည်၊ မြန်တဲ့ အခါလဲ မြန် တတ် သည်၊ တခါတရံ ဖြစ်ပျက်ကို ရှုနေရင်း မျက်စိဘမှိတ်ခန့်ဖြစ်စေ၊ ထိုထက် နဲနဲ ပို၍ဖြစ်စေ၊ များများပို၍ဖြစ်စေ၊ နိဗ္ဗာန်ကို မြင်လိုက် ဖြစ်ပျက်ကိုပြန် ပြီး တွေ့လိုက်နှင့်လည်း မကြာမကြာဖြစ်၍ နေတတ်သည်။ ဘာနှင့်တူသ လဲဆိုလျှင် တရေ့ကိုနာချင်ဇောနှင့် တရားနာလျက် အိပ်ငိုက်၍ နေသော သူသည် တရားလည်း နာချင်၊ အိပ်လည်းအိပ်ချင် ဖြစ်နေ သော ကြောင့် တရားနာရင်း တချက်တချက်ဇာတ်ကနဲမှေးကနဲ ငိုက်ငိုက်သွားတာနှင့်ခပ် ဆင်ဆင်တူ၏။

သို့ရာတွင် ဖိုလ်စိတ်ဖြစ်တာမဟုတ်ဘဲနှင့်လည်း ဤကဲ့သို့ ဖြစ်တတ် တာလည်း ရှိသေး၏။ ဘယ်လိုဖြစ်သလဲဆိုလျှင် တရားကိုထိုင်၍အားထုတ် နေရင်း ဦးခေါင်းကို ရှေ့ဘက်သို့ ညွတ်လျက် အားထုတ်နေစဉ်တွင် ဖြစ် ပျက်တို့သည် လွန်စွာ နူးညံ့၍ လာတတ်၏။ ထိုအခါ စိတ်သည် နူးညံ့လှ စွာသော ဖြစ်ပျက်တို့၌ အာရုံမပြတ်ရအောင် စူးစိုက်၍ ရှုနေတတ်၏။

ဤကဲ့သို့ စူးစိုက်၍ ရှုနေစဉ်တွင် စိတ်သည် ဖြစ်ပျက်တို့၌သာလျှင် တည်နေသောအခါ ရှေ့သို့ညွတ်လျက်နေသော ဦးခေါင်းကို ထိန်းထား သောစိတ်သည် တချက်တချက် ဦးခေါင်းကို ထိန်းထားခြင်းမှ လွတ်လွတ် သွားတတ်သောကြောင့် ထိုလွတ်သွားသော အခိုက်၌ ဦးခေါင်းသည် ဇတ်ကနဲ နိမ့်ကျသွားခြင်းဖြစ်၏။

ကျမ်းဂန်တွင်လည်း စိတ်သည် စိတ္တက္ခဏတချက်တည်းတွင် နှစ်ခု သော အာရုံကို အာရုံမပြုနိုင်ဘူးဟု ဆိုထား၏။ ဤနေရာ၌ ခဲရာခဲဆစ်ဖြစ် သော အဘိဓမ္မာသဘောအချက်တို့ကို ပဋိပတ်ကို ကောင်းစွာ အားထုတ် ဘူးသောသူများ၌ ဒိဋ္ဌကိုယ်တွေ့ကြုံရကြောင်း လယ်တီဆရာတော်ဘုရား ကြီး၏ မိန့်ကြားချက်သည် မှန်လှပါပေ၏။

မင်္ဂစိတ် ဖိုလ်စိတ် ဖြစ်ဘူးသောသူများ ဖျားနာ နေသော အခါ၌ မူကား ဖျားတဲ့ ဝေဒနာတွေ ဘယ်လိုဘဲ ပြင်းထန်ပြင်းထန် ဝေဒနာ တွေကို ရှုနေရ ်း အိပ်ပျော်သလိုလို ဖြစ်သွားတတ်၏၊ ဤသို့ ဝေဒနာတွေကိုသာ ရှု၍နေလျှင် ဝေဒနာခံစားနေရတဲ့အချိန်ထက် နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ နေရတဲ့အချိန်က များ၍နေတတ်၏။ ဖျားနေတုန်းအခါ ဝသီဘော်နိုင်၍ အဓိဋ္ဌာန်ဖြင့် သမာပတ်ကို ဝင်စား၍ နေမည်ဆိုလျှင် အလိုရှိသလောက်ကြာကြာနေနိုင်၏။ ဝိသုဒ္ဓိမဂ်ကျမ်းတွင်လည်း ဤအတိုင်းပင် ပါရှိသဖြင့် ကျမ်းဂန်နှင့်ကိုက်ညီလှ၏။

## ဉာဏ်သုံးမျိုး

သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်ဟူ၍ ဉာဏ်သုံးမျိုးရှိ၏။ ဤနေရာ၌ သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်တို့ကို အသီးသီးသိအပ်၏။

၁။ သုတမယဉာဏ်ဟူသည်ကား ကိုယ်တွေ့ဒိဋ္ဌသိသည်မဟုတ်၊ သူတပါးပြောဟောသောအားဖြင့်ရင်း၊ စာတွေ့အားဖြင့်ရင်း သိသော ဉာဏ်ပင်တည်း။

၂။ စိန္တာမယဉာဏ်သည်လည်း ကိုယ်တွေ့ဒိဋ္ဌမဟုတ်သေး။ သူတပါး ဟောပြောသော အဓိပ္ပါယ်၊ စာတွေ့အားဖြင့်သိသောအဓိပ္ပါယ်တို့ကို အကြောင်းအကျိုး ဆက်စပ်၍ ယုတ္တိယုတ္တာဆောင်ပြီးလျှင် အမှန်ကို အတွေးနှင့်သိခြင်းပေတည်း။

၃။ ဘာဝနာမယဉာဏ်ဟူသည်ကား ကိုယ်တွေ့ဒိဋ္ဌ မိမိရရ သိသော အသိမျိုးတည်း။

ထိုသုံးပါးတို့တွင် သုတမယဉာဏ်ကား ထင်ရှားသိသာပြီ၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ်နှစ်ပါးတို့၏ အထူးကို ဥပမာအားဖြင့် သိအပ်၏။ အခါတပါး၌ လူသုံးယောက်တို့သည်လွန်စွာမှန်ကန်အောင် တွေးတောဆင်ခြင်တတ်သည်ဟု ကျော်ကြားသတတ်။ ထိုစကားကို စာရေးတယောက်ကြားလတ်သော် မယုံကြည်သဖြင့် ဖရဲသီးတလုံးကို အုပ်တခု၌ထည့်ပြီးလျှင် အလောင်းအစားပြု၍ အမှန်ကိုတွေးစေ၏။ ထိုအခါ လူသုံး

ယောက်တို့တွင် တယောက်သောသူက အကြောင်း အကျိုး မြော်၍ ထောက်ဆင်ခြင်ပြီးလျှင်၊ ဤ အုပ်ထဲ၌ ရှိသော အသီးသည် မြေနွယ်သီး ဖြစ်ရမည်ဟုဆို၏။ ဒုတိယ လူကလည်း ထို့အတူ အကြောင်း အကျိုး မြော်ထောက်၍ မြေနွယ်သီးဖြစ်ခဲ့သော်၊ အခွံစိမ်း အခွံကြားဖြစ်ရမည်ဟုဆို၏။ တဖန် တတိယလူက မြေနွယ်သီး အခွံစိမ်း အခွံကြားဖြစ်လျှင် အစေ့နက် အစေ့နီဖြစ်ရမည်ဟု ဆင်ခြင်၍ ပြောပြန်၏။ ထို့ကြောင့် လူသုံးယောက်တို့၏ စကားကို ပေါင်း၍ ဤအုပ်ထဲ၌ ဖရဲသီးမဟုတ်လောဟု ဆိုပြီးလျှင် အုပ်ကိုဖွင့်သောအခါ ဖရဲသီးအမှန်ပင် ဖြစ်နေသောကြောင့် စာရေးသည် အရှုံးပေးရတော့သည်ဟူ၏။

ဤဥပမာ၌ လူသုံးယောက်တို့သည် ဖရဲသီးကို အတွေးနှင့် သိကြသကဲ့သို့ စိန္တာမယဉာဏ်ကို မှတ်အပ်၏။ အုပ်ကို ဖွင့်သောအခါ ဖရဲသီးဖြစ်ကြောင်းကို မျက်မြင်ကိုယ်တွေ့ သိရသကဲ့သို့ ဘာဝနာမယဉာဏ်ကို မှတ်အပ်၏။ အချို့သောသူတို့ကား အစစ်အမှန်မဟုတ်ဘဲ အစစ်အမှန်ကဲ့သို့ တွေးတောနေခြင်းကို စိန္တာမယဉာဏ်ဟုထင်ကြ၏။မသင့်။ ထိုသို့တွေးတောနေခြင်းကို ဝိတက်ဟူ၍ သာမညအားဖြင့် ခေါ်ဆိုရ၏။ ဝိတက်နှင့် စိန္တာမယဉာဏ်သည် အလွန်ခြားနားသည်ဟုမှတ်ပါလေ။

ဤဝိပဿနာအရာ၌ ဘာဝနာမယဉာဏ်သာလျှင် လိုရင်း ဖြစ်သတည်း။ သို့ရာတွင် ရုပ်နာမ်တို့၌ကြံစည်စိတ်ကူးရာ၌ကား ကောင်းပါ၏။ အချည်းနှီးတော့ မဖြစ်ပါ။ နာမရူပ ပရိစ္ဆေဒ ပစ္စယ ပရိဂ္ဂဟဉာဏ်တော့ ဖြစ်ပါ၍၊ ကောင်းပါ၏၊ ပါရမီဖြစ်ပါ၏၊ ဤသို့လောက် စိတ်ကူးဖြင့် ဤဘဝ၌ စိန္တာမယဉာဏ် သွားလျှင်လည်း နောက် တပါးပါး သောဘဝ၌ ကျကျနန တရားနာရ၍ အကျွတ်တရား ရတတ်ကြပါ၏။ စူဠပန်အရှင်မြတ် စသည်တို့ကို ထောက်မြော်ပါလေ။ အားတက်စရာပါဘဲ၊ ယခုဘဝ၌လည်း စိတ်ကူး ကြံစည်ပါများလျှင် သမာဓိက ကောင်း လာပြီး သကာလ ခန္ဓာငါးပါးတို့၏ ဖောက်ပြန်ဖြစ်ပျက်မှုတို့ကို အတတ်ဒိဋ္ဌ သာမညလောက်တော့ကာ တွေ့ရတတ်ပါ၏။ တွေ့ပေမဲ့ တွေ့သောအခါ ဘာမှန်း မသိတတ်ကြ၊ မရှုတတ်ထာနှင့် ပျောက်သွားတတ်ကြ၏။

ဘာဝနာမယဉာဏ်ဖြင့်အတတ်ဒိဋ္ဌစ၍ တွေ့သောအခါ အထူးဂရုစိုက်၍ မလျှော့သော လုံ့လဖြင့်ဆက်၍ အပျောက်မခံဘဲ ရှုတတ်မှ တို့ရ

ဏ ပရိညာ ကန်ါ ဝိတရဏ ဝိသုဒ္ဓိတို့သို့ရောက်တက်ကြပါသည်၊ ကန်ါဝိတရဏာဝိသုဒ္ဓိသို့ရောက်ပြီးမှသဘောပေါက် ပြီးမပျောက် မပျက် ရ အောင် ဆက်လက်ရှုမြင်၍ သွားတတ်ကြ ပါတော့သည်။

ဒါကြောင့်မို့လို့ ဆရာမရှိငါးပိဖုတ်တောင်မှ နည်းမကျဟုဆို၏။ ဘာဝနာမယဉာဏ်ဆိုတာ စိတ်မကူးဘဲနှင့် ပြခဲ့ပြီးသော နည်းတို့အတိုင်း နေရာမှန်ကို စိတ်ထား၍ မှန်မှန်နှင့်ရှုနေရင်း တကယ်ရှိတဲ့ တရားဘွေကို တကယ်ပင် အလိုလို တွေ့လာရတော့တာပါဘဲ။ ရေးသားထားသလို တကယ်တွေ့တဲ့ တရားတွေကို ဘာဝနာမယဉာဏ်ဟုခေါ်ပါသည်။ ဤကဲ့သို့ သိရသောဘာဝနာမယဉာဏ်တို့တွင်လည်း အဇ္ဈတ္တတွေ့ထိပျက်သည်၊ဆရာကောင်းမတွေ့လျှင် အသိရအခက်ဆုံးဘဲ။ ဆရာကောင်း တွေ့လျှင်လည်း အလွယ်ဆုံးဘဲ၊ လူပြိန်းသက်သက် အားမထုတ်ဘူးသေးတဲ့ တကယ် လိုချင်သောသူကို ပြတတ်သော ဆရာက ပြသပေးမည်ဆိုလျှင် ပါရမီ အလျောက် လျင်လျင်မြန်မြန်ကြီး ထင်မြင်ပေါက်ရောက်လွယ်တတ်၏။ သဘောကို မပိုင်၍ မနိုင်သော ဆရာကပြသမည်ဆိုပါမူကား မိမိ၏ နားရွက်ကို မိမိ၏မျက်စိဖြင့် လှည့်၍ကြည့်ဘိသကဲ့သို့ အနီးသားနှင့် နီးကပ်စွာ ရှိနေပါလျက် ကြည့်လေမမြင်လေ၊ လိုက်လေ ဝေးလေ ဖြစ်နေတတ်၏။

လယ်တီဆရာတော်ဘုရားကြီးကလည်း ဝိပဿနာတရား ဆိုတာ ပဋ္ဌလက်နည်းနှင့်တူ၏ဟူ၍ မိန့်၏။ ပဋ္ဌလက်ဆိုတာ နည်းမသိလျှင် အခက်ကြီးခက် သတဲ့၊ နည်းသိတော့လဲ အလွယ်သားဘဲတဲ့။ ဒါကြောင့်မို့လို့-

> "တိမ်လျက် နက်တယ်၊ ကျဉ်းလျက် ကျယ်၊ တကယ် ကျမ်းမှာရှိ။"
>
> "လွယ်လျက် ခက်တယ်၊ သိနိုင်ဘွယ်၊ တကယ်ဆရာရှိ။" ဟူ၍ စပ်ဆိုပါသည်။

စိန္တာမယဉာဏ်ဆိုတာ ရှေးကသင်ကြားနာယူဘူးသော ဗဟုသုတရှိမှ ဗဟုသုတအလိုက် ရုပ်နာမ်တို့၏ ဖြစ်တတ် ပျက်တတ်သော သဘောတို့ကို ဉာဏ်ရှိသလောက် ဝေဖန်ပိုင်းခြား စဉ်းစားတွေးဘော ကြံစည်မှုတို့ပေတည်း၊

ဘာဝနာမယဉာဏ်ဆိုတာ ရှေးက သင်ကြားနာယူခဲ့ဘူး သော ဗဟုသုတမလို၊ ဆရာက ဒီနေရာမှာစိတ်ထားပြီးရှုနေဟု ဆိုသည့်အတိုင်း ဘာကိုမျှ စိတ်မကူးဘဲ ဆရာခိုင်းသလို စိတ်ကို တနေရာ တည်း မှာ ထားရ၏။ စိတ်သည် တည်ငြိမ်၍ သမာဓိ ကောင်းလာ သကာလ ပါရမီ အလျောက် တရားအချက်တို့ကို မြင်၍လာတတ်လေတော့၏။ မြင်လာ သော သဘောကို ထိုဆရာက ဘာဘဲ ညာဘဲဟူ၍ အကျယ်တဝင့်မပြော သေးဘဲ မြင်တဲ့အတိုင်းပင် ထပ်၍အရှုခိုင်း၊ ကြာလေအမြင်တွေများလေ ဖြစ်လာတော့၏။တကိုယ်တကောင်လုံးမမြဲတဲ့သဘော၊ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘော တည်းဟူသော တရားအချက်တို့ကိုမြင်လာပြီဆိုမှဖြင့် ယောဂီပုဂ္ဂိုလ်၏အပြောအဆို အနေအထိုင် အမူအရာတို့သည် နူးညံ့ သိမ်မွေ့ပြီး ငြိမ်ငွေ့၍လာတော့၏၊

ရတနာသုံးပါးကိုလည်း အရိုအသေ ပို၍လေးစားလာတတ်တော့ ၏။ ဤအခါကျတော့မှ ဤသဘောကားရုပ်၊ ဤသဘောကား နာမ်၊ ဤသဘောကားအနိစ္စ၊ ဤသဘောကားဒုက္ခ၊ ဤသဘောကား အနတ္တ စသည်ဖြင့် ယောဂီပုဂ္ဂိုလ် သိနားလည်လောက်ရုံကိုပင် ပြော ပြ ရ သည်။ နောက်ဆုံး၌ ယောဂီပုဂ္ဂိုလ်သဘောကျ၍ အာလယပြေသဖြင့် မိမိ နေအိမ်သို့ ပြန်တော့မည်ဆိုမှ ဆရာက ဤနေရာတွင် တရားသဘောတို့ကို ပြောပြရမည်။နောက်ဆုံး၌အကျယ်တဝင့် ယောဂီပုဂ္ဂိုလ် ကျေနပ်လောက် အောင် ပြောပြရတော့သည်။

အဘယ်ကြောင့် တရားအားမထုတ်မီက တရား သဘော တို့ကို ပြောမပြဘဲ အားထုတ်ပြီးမှ ပြောပြရပါသလဲဟူမူ၊ အားမထုတ်ခင်က ပြောပြထားလျှင် ပြောပြထားတဲ့တရားသဘောတွေကို ရှောက်ပြီး တွေး တော၍နေတတ်သည်။ တင်ကူးတွေးတော၍နေလျှင် ဘာဝနာမယဉာဏ် မထင်နိုင် မမြင်နိုင်ပါ။

တရားအားထုတ်သောသူသည် တရားအချက်တို့ကို ယထာဘူတ ကျနစွာမြင်ဖို့သာလျှင် လိုရင်းဖြစ်သဖြင့်၊ မမြင်မြင်အောင် ကြည့်ရှုမှုသာ လျှင် လိုရင်းဖြစ်သောကြောင့် စိတ်ဖြင့်ကြည့်ရုံသာကြည့်နေရမည် ဖြစ်

ပါသည်။ ကြည့်ပြီး၍ မြင်ပြီးတော့မှ မြင်သော သဘောတို့ကို ကျမ်းဂန်နှင့်ကိုက်၍ကြည့်ရပါသည်။ ကျမ်းဂန်နှင့်ကိုက်၍ကြည့်ခြင်းသည် စာတတ်သော ပုဂ္ဂိုလ်များအတွက် ကျေနပ်ရလောက်အောင် လုပ်သော အလုပ်သာဖြစ်ပါသည်။ လိုရင်းမှာမူ တရားကို ထင်မြင် ပေါက် ရောက် လျှင်ပြီးပါတော့၏။

စိန္တာမယဉာဏ်၌ ကျမ်းဂန် ဗဟုသုတ ရှိလေ ကောင်းလေဖြစ်၏။ ဘာဝနာမယဉာဏ်အဖို့၌မူကား ကျမ်းဂန်ဗဟုသုတမလို အားထုတ်ဘို့သာ လို၏။ တကယ်တရားအချက်တို့ကို တကယ်အတတ်မြင်လျှင် ပြီးတော့သည် သာတည်း။

သို့ဖြစ်၍ ကျမ်းဂန်ဗဟုသုတ အလျှင်း ဘာမျှမရှိဘူးသေးသော ကာလီ အမည်ရှိသော တကာမသည် သာတာဂိရိနတ်မင်းနှင့် ဟေမဝတနတ်မင်းတို့၏ ဘုရားသခင်အကြောင်း မေးမြန်းဖြေဆိုနေရာတွင် အလွန်ကြည်ညိုသောစိတ် ဖြစ်လာ၏။ ထိုအခါ စိတ်သည် နူးညံ့သိမ်မွေ့၍လာ၏။ ကြာလေ နူးညံ့သိမ်မွေ့တဲ့စိတ်တွေ အဆင့်ဆင့်တိုးတက်၍ တိုးတက်၍ လာလေလေဖြစ်၏။ ဖြစ်လာသောအခါ နူးညံ့သိမ်မွေ့တဲ့ စိတ်ကြောင့်ဖြစ်သော ရုပ်တို့သည်လည်း အဆင့်ဆင့်နူးညံ့၍ နူးညံ့၍သွားလေတော့၏။ထိုအခါ၌ အဆင့်ဆင့်တိုးတက်၍တိုးတက်၍ နူးညံ့သိမ်မွေ့သွားသော စိတ်နှင့် ရုပ်ဓာတ်တို့၏ အဆင့်ဆင့်သဘောအားဖြင့် ပြောင်းပြောင်း သွားတာကို မြင်ပြီးလျှင် ပါရမီအလျောက် လက္ခဏာရေး ၃-ပါးအလိုလို ထင်ပြီးသကာလ တရားရ၍ သောတာပန်ဖြစ်သွားလေသည်။ ကာလီ အမည်ရှိသောတကာမကဲ့သို့သော ဝတ္ထုသက်သေများလည်း အများပင် ရှိပါသေးသည်။

တရားအားထုတ်သောယောဂီသည်လူမမာနှင့်တူပါသည်။လူမမာသည် ဆရာပေးသောဆေးဝါးဓာတ်စာတို့၏အကြောင်းကိုသိနားလည်နှင့်ရန်မလိုပါ၊ ဆေးဝါး ဓာတ်စာတို့၏ အတာ်၊ အသက်၊ အပူ၊ အအေးအကြောင်းတို့ကို ဝေဖန်ပိုင်းခြား နေခြင်းသည် အချိန်ကုန်ခြင်းသာလျှင်ဖြစ်ပါသည်။ လူမမာ၏ တာဝန်မှာ ဆရာပေးသမျှကိုစား၊ စားသမျှဝမ်းထဲရောက်၍ ရောဂါပျောက်လျှင်ပြီးပါတော့သည်။

ဤဥပမာ၌ ယောဂီပုဂ္ဂိုလ်သည် လူမမာနှင့်တူ၏။ ဆေးဆရာသည် ကမ္မဋ္ဌာန်းပြသောလူဆရာ၊ ရဟန်းဆရာ၊ စာအုပ်ဆရာတို့နှင့်တူ၏။ ဆေးဝါးခါတ်စာသည် တရားအားထုတ်ရန် နည်းလမ်း စည်းကမ်းနှင့်တူ၏။ ဆေးဆရာကပေးသလို စားခြင်းသည် ကမ္မဋ္ဌာန်းဆရာကခိုင်းသလိုကျင့်ခြင်းနှင့်တူ၏။ စားတိုင်း စားတိုင်း ဝမ်းထဲရောက်၍ စားသမျှသော ဆေးဝါးဓာတ်စာတို့က ရောဂါ ဝေဒနာကို နှိမ်နင်းပျောက်ပျက်စေခြင်းသည် ကျင့်တိုင်း ကျင့်တိုင်း တရားသဘောတွေ့သည် ဉာဏ်ထဲရောက်၍ ဉာဏ်ထဲရောက်သမျှသော တရားအချက်၊ တရားသဘောတို့က သက္ကာယဒိဋ္ဌိကို နှိမ်နင်းပျောက်ပျက်စေခြင်းနှင့်တူ၏ ရောဂါဝေဒနာသည်သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာနှင့်တူ၏။

ဤအချက်တို့ကိုထောက်သဖြင့် စာမတတ်သောသူများ တရားကို အားထုတ်၍ မဖြစ်နိုင်ဟူသောအယူ မရှိကြစေလိုပါ။ ဓမ္မပဒ ပါဠိတော်၌လည်း စာမတတ်ပေမဲ့ နည်းမှန်လမ်းမှန်အတိုင်းကျင့်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်ကြောင်း ဟောပါသည်။ ၎င်းပါဠိကို ရှေ့နားတနေနေရာရာ၌ ရေးပြပါမည်။

မြင်ပျက်ကြားပျက်ဖြစ်သော ယခုအခါ လူတိုင်းလိုလို သိနေကြသောနည်းမျိုးမှာကား မှန်ပါ၏။ ကျမ်းဂန်အတိုင်းပင်ဖြစ်၏။ သို့ရာတွင် နှေးလွန်းသောနည်း၊ ကြာလွန်းသောနည်း ဖြစ်၏။ကျင့်ရတာလည်း လွယ်ကူ၏။ ပြောပြလျှင်လည်း နားလည်လွယ်၏။ သို့ပေမဲ့ ယခုတချို့ကျင့်နေကြသည့်အတိုင်းဆိုလျှင် များသောအားဖြင့် ဘာဝနာမယဉာဏ် တကယ်ရောက်အောင်မူကား အလွန်ပင် ခဲယဉ်းတတ်၏။ ဆရာနှင့်ပြပါးသော်လည်း ရက်ပေါင်း လပေါင်း နှစ်ပေါင်းများစွာကြာပေမဲ့ မထင်နိုင်ကြဘူး။ ထင်သလိုလို ရှိပြန်ပါလည်း ကြာကြာမထင် ခဏသာထင်တတ်၏။ မစွဲလန်းတတ်ကြပေ။ တောသိမှာ နှစ်ပေါင်းများစွာကြာဒါတောင် တရားမတွေ့ကြဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေလည်း ယခုခေတ် တချို့လူများသိတဲ့ မြင်ပျက် ကြားပျက်မျိုး ဖြစ်နေ၍ မြင်မှုကြားမှု စသည်တို့၌ ဘာဝနာမယဉာဏ် မပေါက်နိုင်၊ ဘာဝနာမယဉာဏ်အနေ ထင်ပြန်တော့လဲ ကြာကြာ မစွဲလန်း အလှုပ်မခံ စွဲလန်းအောင်မလုပ်တတ်၍ ပျက်ပြယ်တတ်၏။

ထိုအခါကျတော့ တရားကိုမတွေ့ပေါင်ကွယ်၊ တရားဆိုတာ တယ်ခက်တာကလားဟု ဆို၍ စိတ်ပျက်ပြီး တချို့ပြန်လာတတ်ကြ၏။ ယခု

ဤကျမ်းတွင်ပါသည့်အတိုင်းသာ အဇ္ဈတ္တ တွေ့ထိပျက်တို့ကို ပိုင်နိုင်အောင် အားထုတ်ပြီးလျှင်မူကား ခန္ဓာငါးပါး အာယတန ၁၂ ပါး ဓာတ် ၁၈ ပါး စလုံး ကိုလည်း ရှုလွယ်တော့၏။ ခပ်သိမ်းသော တရားသဘောတို့ကိုလည်း ပိုင်နိုင်လွယ်တော့၏။

ထိုကြောင့် တရားအားထုတ်ရာ၌ အဇ္ဈတ္တ သက်သက်ဖြစ်သော ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ ကာယဝိညာဏဓာတ် ၃-ပါးသည် အလွယ် ဆုံးအခက်ဆုံးဖြစ်၏။ အတိမ်ဆုံး အနက်ဆုံးဖြစ်၏။ ဒါကြောင့်၊

ရဟန်း ပုဂ္ဂိုလ်၊ လူထိုထို၊ စာကိုကျင့်သုံး၏။
စာကားမှန်၏၊ ဥာဏ်မမီ၊ ထိအောင်သူမသိ။
ယထာဘူတ၊ ကျဘို့ရာ၊ ဆရာရှာလေဘိ။
တိမ်လျက်နက်တယ်၊ ကျဉ်းလျက်ကျယ်၊ တကယ်ကျမ်းမှာရှိ။
လွယ်လျက်ခက်တယ်၊ သိနိုင်ဘွယ်၊ တကယ်ဆရာရှိ။

ဟူ၍ ပညာရှိတို့စပ်ဆိုပေသည်။

ဤအတွင်းအဇ္ဈတ္တ သက်သက်ဖြစ်သော တရားသည် ဘာပြုလို့ ခက်သလဲဆိုတော့ အာရုံကလဲ အတွင်းဘဲ၊ အာရမ္မဏိကကလဲ အတွင်းဘဲ၊ ဒါကြောင့်မို့လို့ ပညာရှိပုဂ္ဂိုလ်များ မြင်းကောင်း ခွါလိပ်ဆိုသလို ဖြစ် နေကြပါသည်။ ဘာကြောင့် မြင်းကောင်း ခွါလိပ် ဖြစ်နေသည်ဟု ဆိုနိုင် ပါသနည်းဟူမူ၊ ဤကျမ်းပြုသူ၏ ပဌမ လက်ထပ်ပြသောဆရာ ရန်ကုန်မြို့ ဒလဘက် ပျော်ဘွယ်ကြီးရွာ ကျေးဇူးရှင် ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက် သည် ဤတရားကိုရဘို့ရာ ဆရာ၊ ဆရာသာထက်သာတို့ထံ လိုက်လံရှာဖွေ ရာ ၁၃ - နှစ်ကြာပြီးမှ စိတ်လျှော့ပြီး ပြန်အလာ အိမ်ကျသကာလ တန်ဆောင်းထဲ၌ နေ့ရောညပါ၊ ၇ ရက်လုံးလုံး မည်သူကိုမျှစကားမပြော အတွေ့မခံဘဲ မရမနေ သေပစေဆိုပြီး ကျင့်တော့မှ ယခုပြနေသော နည်း နာ နိသျကိုရပါ၍ သဘောကျနှစ်သက်ပြီး လယ်တီ ဆရာတော်ဘုရား၊ သေက္ခတောင် ဦးတိလောကဆရာတော်ဘုရား အစရှိသော ဆရာတော် ဘုရားများအား လျှောက်ထားရာ ယထာဘူတကျကြောင်း ပြောပြ၍ သာဓုခေါ်ပြီးလျှင် ရဲရဲဝံ့ဝံ့ပြသရန် တိုက်တွန်းအားပေးသောကြောင့် ပြသလာရာ ယခုအခါ ဆရာကြီးနှင့်တကွ ဆရာကြီး၏ထံမှ နည်းနာယူပြီး

သော ရဟန်းဆရာ လူဆရာများ ပြသနေကြရာ တရားကို ယထာဘူတ ကျနစွာ ထင်မြင်သော ပုဂ္ဂိုလ်ပေါင်း ၄၀၀၀ ကျော် ၅၀၀၀ နီးပါးခန့် လောက်ရှိနေပါပြီ။

ဆရာကြီးနည်းအတိုင်း ယခုပြသနေကြသည်မှာ ၇-ရက်အတွင်း ဝိပဿနာဉာဏ် အလင်းပေါက်သည်သာ များကြပါသည်။ ဤဆရာကြီး သည် ဆရာလုပ်ရန် ပါရမီကောင်း၍ ဤနည်းကို ရခြင်း ဖြစ်ပါသည်။ ဒါတောင်မှ သူ့ရှာတုန်းက လေးနှစ်ကြာ၍ နေရသည်။ ဘာပြုလို့ ဒါ လောက်တောင်ကြာနေရသနည်းဟူမူ တရားအစစ်ကို အတတ်မသိတတ် သေးသောကြောင့်တကြောင်း၊ ဤကဲ့သို့ လျင်မြန်သော ရှာနည်းရှာပုံ ကို မသိရသေးသောကြောင့် တကြောင်း ဖြစ်ပါသည်။ တရားအစစ်ကို အတတ်သိတတ်၍ ရှာနည်းရှာပုံကို သိတတ်တော့လဲ ခပ်လွယ်လွယ်ပင် ဖြစ်ပါသည်။ အမြဲတွေ့မြင်နေရသော သဘောမျိုး၌ အကျုံးဝင်လျက်ပင် ရှိပါသည်။

သို့ဖြစ်သောကြောင့် ပညာရှိပုဂ္ဂိုလ်များ မြင်းကောင်းခွါလိပ်ဖြစ် နေကြသည်ဟု ဆိုလိုပါသည်။ ယခုအတွင်းသက်သက်ဖြစ်သော ရုပ်နာမ် သည် ကာယဒွါ၊ ကာယအကြည်ဓာတ်ကိုရင်း၊ ဖောဋ္ဌဗ္ဗ၊ ဖောဋ္ဌဗ္ဗအတွေ့ ဓာတ်တို့ကိုရင်း။ ပဋိစ္စ၊ အစွဲပြု၍၊ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဟုဆိုရာ၌ များသောအားဖြင့် ကောက်ယူကြသည်ကား ကာယ အကြည်ဓာတ်နှင့်ကာယဝိညာဏ်ဓာတ်ကိုကား အကောက်အယူ နေရာကျ ကြပါ၏။ ဖောဋ္ဌဗ္ဗဓာတ်ကိုကား အရေးကြီးတဲ့အတွင်း ကံစိတ်ဥတု အာ ဟာရတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ဖောဋ္ဌဗ္ဗကိုတော့ မကောက်ကြဘဲ အမြင်အားဖြင့် ပေတိုက်တဲ့ဖောဋ္ဌဗ္ဗ ခြင်ကိုက်တဲ့ဖောဋ္ဌဗ္ဗ စသည်တို့ကို တော့ သူသူငါငါ ကောက်ယူနေကြတာပေါ့။ အဲဒါတော့ကာ လေတိုက် တဲ့အတွေ့ကို လေတိုက်တုန်းတော့ သိရပါ၏၊ လေမတိုက်တော့ လေတိုက် တဲ့အတွေ့ဓာတ်မှမရှိဘဲ ဘယ့်နှယ်လုပ်ပြီး လက္ခဏာရေးသုံးပါးဖြင့် ရှုမလဲ ခြင်ကိုက်တာလဲ ဤသို့ပင်ဖြစ်၏။

အတွင်းက ဖောဋ္ဌဗ္ဗကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ကြောင့် ဖြစ်တာမို့လို့ ဘယ်အခါမှ ရပ်နား၍မနေဘဲ တဖြစ်တည်း ဖြစ်နေတာ

ပေါ့။ ဘယ်ခါမစဲ အမြဲတမ်းဖြစ်ပျက် နေသောကြောင့်လည်း ဘယ်အခါမဆို သမာဓိရှိလျှင် ကြည့်ဘိုင်းတွေ့ရှိနေတော့တာပါဘဲ၊ မြေတွင်းကြီးထဲမှာ သှောင်ထားသင်လဲ တွေ့နေတော့တာဘဲ၊ တွေ့တွေ့တော့ကာ အစဉ်မပြတ် ရှုလို ရကာပေါ့။ သို့ပေမဲ့ အကွင်းက ဖောဋ္ဌဗ္ဗဓာတ်ကိုတော့ကာ အလွတ်ရိုးရိုး ကြည့်လို့ ဘာဝနာမယဉာဏ် မမြင်မျိုး မြင်တာမဟုတ် သမာဓိနှင့်ကြည့်မှသာ သိမြင်နိုင်၏။

ဒါကြောင့်မို့လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီလ၊ သမာဓိ၊ ပညာဟု သိက္ခာသုံးပါးထားပြီးဟောသွားတော်မူ၏။ လူတွေကသာ ရှုံးပြီး သမာဓိကို ဂရုမစိုက်၊ ဂရုမစိုက်ပြန်တော့လည်း အဇ္ဈတ္တ ဖောဋ္ဌဗ္ဗကို အရေးမယူတတ်ဘဲဖြစ်နေကြ၍ အဇ္ဈတ္တ ဖောဋ္ဌဗ္ဗကို အရေးယူရမှန်းမသိကြ၍လည်း နည်းများမဆို အမှတ်ဘမဲ့ အကြောင်းအားလျော်စွာတွေ့သောအခါ၌ အဘက်မလုပ်ကြ။အဘက်မလုပ်ကြ၍လည်း အကျွမ်းတဝင် ရင်းရင်းနှီးနှီးဆိုသလို မသိကြရတာဘဲ။ တရားကမ္မကား အတွင်းကနေပြီး တခါတရံသမာဓိရှိတဲ့လူများကို ငါဒီမှာရှိတယ်၊ တရားဆိုတာ ငါဘဲကွဲ့လို့ ပြောနေဘိသကဲ့သို့ အပြကြရှာသ းကဘဲ။ဒါကြောင့်မို့လို့ နည်းမှန်လမ်းမှန်သိဘို့လိုတာပါ။ ဘုရားဟောလဲရှိသွားကဘဲ။

ယခု ဤကျမ်းကိုပြုသောသူ၏အဓိကရည်ရွယ်ချက်တခုမှာ လူပြိန်းသက်သက်များကိုပင် နား လည် စေချင် လွန်း၍ များသော အားဖြင့် ယောဂီပုဂ္ဂိုလ်များနှင့် မျက်နှာချင်းဆိုင်၍ စကားပြောနေသကဲ့သို့သော ရေးသားချက်တို့မှာ များစွာ ပါရှိသွားပါကြောင်း။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဝေနေယျသတ္တဝါများကို သားတော် ရာဟုလာနှင့်မခြား သနားတော်မူလှလွန်း၍ ဟောပြောပြသသွားသော တရားများသည် တိုက်ရိုက်ဖွင့်ဟ၍ ဟောတော်မူသွားသောတရားတော်များ ဖြစ်ပါသည်။ ပညာရှင်တွေက ချော်ပြီးနေကြလို့သာ ခက်နေရခြင်း ဖြစ်ပါသည်။ ဘယ်လို တိုက်ရိုက်လဲလို့ဆိုလျှင်—

ဖေဏပိဏ္ဍူပမံရူပံ၊ ဝေဒနာ ပုဗ္ဗုဠုပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စဝိညာဏံ၊ ဒေသိတာ ဒိစ္စ ဗန္ဓုနာ။
ဟု ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူပါသည်။

အဓိပ္ပါယ်မှာ။ ။ရုပ်တရားကြီးသည်ရေမြှုပ်နဲ့တူတယ်တဲ့၊ ဘယ်လိုတူသလဲဆိုတော့ ဖော်ပြခဲ့သည့်အတိုင်းရှုနေသောအခါ ကိုယ်ခန္ဓာကြီးသည် ဆူနေသောအခါ ရေပွက်ကလေးတွေကြောင့် ရေမြှုပ်ဆိုင်ကြီးလိုနေ၏။ ရေမြှုပ်ဆိုင်ကြီးသည် အစဉ်မပြတ် ရေပွက် ရေပူဖောင်းကလေးတွေ တစီစီ တဖြုတ်ဖြုတ်နှင့် ဖြစ်ချုပ်နေကြကုန်၏။ ဤရေမြှုပ်ဆိုင်ကြီးသည် ပြဆိုခဲ့သည့်အတိုင်း ဆီချက်အိုးများဝေတက်နေသကဲ့သို့ ရုပ်တရားတွေသည် ဖြစ်ပျက်၍နေ၏။ ဖြစ်ပျက်ပုံချင်းတူ၏။ အနှစ်မရှိတာချင်း တူ၏။ မခိုင်မြဲတာချင်းလဲ တူ၏။ အကုန်လုံးတူ၏။

ဝေဒနာ ပုဗ္ဗုဠူပမာဆိုရာတွင် ကိုယ်တွင်း၌ ရေမြှုပ် ဖြစ် ခြင်း၏ အစသည် ရေပွက်ပင်တည်း။ ဆူနေသောအခါ အဲဒီ ရေပွက်ကလေးတွေနှင့် ထိထိသွားခြင်းသည် ထိသောနေရာ၌ ဖဿဖြစ်၏။ အဲဒီဖဿကိုခံစားမှုသည်ပင် ဝေဒနာခေါ်၏။ ဝေဒနာတွေ တကိုယ်လုံး တစီစီ တဖြုတ်ဖြုတ်နှင့် အပ်ချစရာနေရာမရှိအောင် များ၏။ ဖြစ်လွယ်၏။ ပျက်လွယ်၏။ ခံသာသလို ရှိသည်ကို သိ၏။ မခံသာသလို ဖြစ်တာမျိုးကိုလဲ သိ၏။ လျစ်လျူသော သဘော ဖြစ်တာကိုလဲ သိ၏။ အမျိုးမျိုးသော ခံစားမှုသည် ဖြစ်၍ ဖြစ်၍ ပျက်ပျက်သွားတာ ချုပ်ချုပ်သွားတာကိုလဲသိ၏။ ရေပွက်ကလေးတွေကဲ့သို့ ဖြစ်တာ ပျက်တာ လျှင်မြန်တာ အကုန်တူ၏။ အနှစ်အမာ မရှိ ဖြစ်ကာ မတ္တသာဖြစ်၏။

မရီစိကူပမာသညာ ဆိုရာ၌ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို မှတ်တတ်သော သဘောသည် သညာမည်၏။ ရုပ်နာမ်တရားတို့၏ မာမှု ပျော့မှု ပူမှု အေးမှု ထောက်ကန်မှု လှုပ်ရှားမှုတို့ အမျိုးမျိုးဖြစ်တိုင်း အမျိုးမျိုးမှတ်တတ်၏။ မှတ်ပြီး ချုပ်ပျောက်တတ်၏ ဝေဒနာအမျိုးမျိုး ဖြစ်ပေါ်မှု ကိုလည်း အမျိုးမျိုးမှတ်၏။ ခန္ဓာငါးပါးစလုံး ဖြစ်သမျှ မှတ်မှတ်နေရသောကြောင့် အမှတ်တွေ ရှုပ်ရှက်ခတ်ပြီးလျှင်၊ လျှင်မြန်လှသောကြောင့် ဖြစ်ပျက်တရားတွေ မှတ်သောစိတ်တွေသည် တံလျှပ်ပမာ လွန်စွာ လျှင်မြန်တော့၏။ တံလျှပ်ကဲ့သို့ဖြစ်ခြင်းကိုလည်း ပြခဲ့ပြီးပြီ။ ဤ သညာ သဘောသည် ဖြစ်လွယ် ပျက်လွယ်၏။ အနှစ်မရှိ မခိုင်မြဲ၊ ဖြစ်ပျက် လျင် မြန် လှ၏၊ တံလျှပ်၏ သဘောလက္ခဏာ အားလုံးနှင့် တထပ် တည်း တူ နေတော့၏။

သင်္ခါရာကဒလူပမာဆိုရာ၌ သင်္ခါရက္ခန္ဓာအကြောင်းကို နားလည်လောက်အောင် ရေးခဲ့ပြီးဖြစ်၍ ထပ်ရေးရန် လိုမည်မထင်။ ထိုသင်္ခါရတရားတို့သည် ရုပ်ရက်ခတ်ဖြစ်၍ဖြစ်၍ လျင်မြန်စွာ ပျက်ပျက်သွားလေ၏။ အနှစ်မရှိ မခိုင်မြဲသောကြောင့် ငှက်ပျောတုံးနှင့် တူ၏ဟုဆို၏၊

မာယူပမဉ္စဝိညာဏံ ဆိုသည်မှာ ၃၁ ဘုံရှိ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမမဟုတ်ပါဘဲလျက်၊ ဟုတ်သည်ဟုထင်နေကြ၏။ သိနေကြ၏။ စင်စစ်ကား ရုပ်နာမ်သာ ဟုတ်၏။ မဟုတ်တာကို ဟုတ်သည်ဟုထင်နေကြ၏။ ယခု ဘဝ လူဖြစ်၍ ငါသည် လူဘဲဟုထင်၏။ နောက်ဘဝကျတော့နတ်ဖြစ်၏။နောက်ဘဝကျတော့ တိရစ္ဆာန်ဖြစ်၏။ မျက်လှည့်ကဲ့သို့ တမျိုးပြီးတမျိုးပြောင်းလဲထင်မြင်နေကြရ၏။ ဟုတ်မှန်တဲ့ ရုပ်ဘဲ နာမ်ဘဲဟူ၍ မထင်ကြ မမြင်ကြ ပြောပြလို့လဲ မယုံကြည်ကြ၊ ယုံကြပြန်တော့လဲ ရုပ်ဆိုတာ ဘယ်လိုနေတယ် နာမ်ဆိုတာ ဘယ်လိုနေတယ်ဟု ဒိဋ္ဌမသိနိုင် မမြင်နိုင်ကြ။ အတတ်မသိကြရလို့ ဖန်ဆင်းထားတဲ့ရုပ်တွေကို လူဘဲ နတ်ဘဲ တိရစ္ဆာန်ဘဲဟု စွဲလမ်းခြင်းကို လက်မလွှတ်နိုင်ကြပေ။ တရားအားထုတ်ပြီးမှ အစွဲအလန်းပြတ်၍ မျက်လှည့်ရုပ်ဆိုတာ အဟုတ်သားဘဲဟု သိတတ်ကြတော့၏။ ဝိညာဏ်သည် ၆ ပါးရှိ၏။ ၆ ပါးစလုံး ဖြစ်ပျက်နေ၏။ အစဉ်မပြတ် တလစပ် ဖြစ်ပျက်နေတော့၏။

> လယ်တီဆရာတော်ဘုရားကြီး၏ စတုသစ္စ ဒီပနီ နံပါတ် ၃ တွင်ပါသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ ဖေဏပိဏ္ဍူပမသုတ် စာပိုဒ်ကို ဤနေရာ၌ ဗဟုသုတ အလို့ငှါ ရေးပြပါအံ့။

ရူပံ၊ ရုပ်သည်။ ဖေဏပိဏ္ဍူပမံ၊ ငါဟု စွဲလမ်း အားထားစရာ အနှစ်သာရ ဘာမျှမရှိ ပေါင်းငြိစုတဲ့ ရေမြှုပ်ခဲကြီးနှင့်တူသော ဥပမာရှိ၏။ ဝေဒနာ၊ ဝေဒနာသည်။ ပုဗ္ဗုဠူပမာ၊ ငါဟုစွဲလမ်း အားထားစရာအနှစ်သာရ အတ္တဟု ဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှမဖက် ဆူဝေတက်သည့် ရေပွက်နှင့်တူသော ဥပမာရှိ၏။ သညာ၊ သညာသည်။ မရီစိကူပမာ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရ အတ္တဟု ဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့် အနှစ်သာရ ဘာမျှ မကပ် တံလျှပ်နှင့်တူသော ဥပမာရှိ၏။ သင်္ခါရာ၊ ဖဿစေတနာ အစရှိသော သင်္ခါရတို့

သည်။ ကဒလူပမာ၊ ငါဟုစွဲလမ်း အားထားစရာ အနှစ်သာရမပါ အကာကိုမျှ ရှာမရသော ငှက်ပျောတုံးကြီးနှင့်တူ သောဥပမာရှိကုန်၏။ ဝိညာဏံ၊ ဝိညာဏ်သည်။ မာယူပမံ၊ ငါဟုစွဲလမ်းအားထားစရာ အနှစ်သာရ အတ္တဟုဆိုအပ်သော ကိုယ်၏ မရှိခြင်းကြောင့်အစစ်အမှာ ရှာ၍မရမျက်လှည့်သော အမှုကြီးနှင့် တူသော ဥပမာရှိ၏။ ဣတိ၊ ဤသို့။ အာဒိစ္စ ဗန္ဓုနာ၊ အာဒိစ္စနွယ်ဖွား မြတ်ဘုရားသည်။ ဒေသိတာ၊ ဟောတော်မူအပ်၏၊

ဤခန္ဓာငါးပါးသည် ဥပမာ ငါးမျိုးခွဲ၍ ပြသော်လည်း ခန္ဓာတပါးသည် ဥပမာငါးမျိုးစလုံးနှင့်ဆီလျော်၏၊ ဥပမာတမျိုးသည်လည်း ခန္ဓာငါးပါးစလုံးနှင့် ဟပ်နိုင်၏။ ဖြစ်ပျက်သဘောချင်း တူ၏။ မမြဲတာချင်းတူ၏။ ဆင်းရဲတဲ့သဘောချင်း တူ၏။ အစိုးမရ ချင်း လည်း တူ၏။ အားလုံးတူ၏ဟူ၍ ဆိုနိုင်၏။ ခန္ဓာငါးပါးသည်ရုပ်နာမ်ပင်၊ ရုပ်နာမ်သည် အာယတန ၁၂ ပါးပင်၊ အာယတန ၁၂ ပါးသည် ဓာတ် ၁၈ ပါးပင်၊ ဓာတ် ၁၈ ပါးသည်လည်း ခန္ဓာငါးပါးပင်။

ဤအားလုံးသော တရားအပေါင်းသည်လည်း ဖြစ်ပျက်ပင်၊ ဖြစ်ပျက်ဆိုတာလည်း သင်္ခတပရမတ်ပင်၊ သင်္ခတပရမတ်ဆိုတာ အမျိုးမျိုးဖြစ်ပျက်နေလို့ အမျိုးမျိုးသဘောကွဲပြီး သူ့သဘောသူဆောင်၍ တမျိုးစီ တခြားစီဟု ထင်ရသော်လည်း တရားကိုယ်ကျတော့ ဧကောဓမ္မောဆိုသည့်အတိုင်း တမျိုးတည်းပါဘဲ။ ဖြစ်ပျက်ဘဲ ရှိတာဘဲ၊ ဖြစ် ပျက် မရှိတော့လဲ နိဗ္ဗာန်လို့ခေါ်တာဘဲ။ ဒါကြောင့် လောကကြီးမှာ ရှိသမျှမူလကို လိုက်ရှာလိုက်တော့ ပရမတ်ဘဲရှိတာဘဲ။ ဘာပရမတ်လဲဆိုတော့ သင်္ခတ ပရမတ်ပေါ့။ သင်္ခတပရမတ် မရှိတော့ကာလဲ နိဗ္ဗာန်ဘဲ၊ သင်္ခတ ဆိုတာ ဖြစ်ပျက် ဘဲ၊ နိဗ္ဗာန် ဆိုတာ မဖြစ်ဘဲ၊ ဒါကြောင့်မို့လို့ မြို့မိကိုယ်တော်ကြီးက—

ဖြစ်–အနိစ္စ ။ ပျက်–အနိစ္စ
ဖြစ်–ဒုက္ခ ။ ပျက်–ဒုက္ခ
ဖြစ်–အနတ္တ ။ ပျက်–အနတ္တ
မဖြစ်–အနတ္တ ဟူ၍ မိန့်တော်မူလေသည်။

ထိုမှတပါး–

(၁) ဖြစ်ခြင်း ပျက်ခြင်း၊ ဖောက်ပြန်ခြင်း၊ မယွင်းဒုက္ခမှတ်၊
(၂) ဖြစ်ချင်ပြန်က၊ သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။
(၃) ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမှတ်။
(၄) မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။
(၅) မဖြစ်ပါမှ၊ နိရောဓ၊ ဒုက္ခငြိမ်းမှတ်။
(၆) သစ္စာလေးပါး၊ မှန်တရား၊ ပိုင်းခြားသိအောင်မှတ်။
(၇) သံပေါက်လက်ာ၊ ဤကဗျာ၊ နှုတ်မှာဆောင်၍မှတ်။
(၈) ကြိမ်ဖန်များစွာ၊ ကြံစည်ပါ၊ မှန်ရာသိအောင်မှတ်။
(၉) အမှန်သိမှ၊ သည်ဒုက္ခ၊ လွတ်ချလိမ့်မည်မှတ်။
(၁၀) ယောဂီဝိဉ္ဉာ၊ တတ်ပညာ၊ လိုက်ပါသည်လုပ်ရပ်။

ဟူ၍ စပ်ဆိုတော်မူပါသေးသည်။

ဒါကြောင့် တလောကလုံးမှာ ခန္ဓာငါးပါး, ရုပ် နာမ် နှစ်ပါး, သင်္ခါရတရားကွေဟု ခွဲခြမ်းစိတ်ဖြာပြီး ပြောချပေမဲ့ နိဂုံးချုပ်လိုက်တော့ ဖြစ်ပျက်ပါဘဲ၊ မဖြစ်တော့လဲ နိဗ္ဗာန်ဘဲ၊ ဒါဖြစ်လျှင် တလောကလုံးမှာ ဘာရှိသလဲဆိုတော့ ဖြစ်ပျက်ဘဲ ရှိကာပေါ့။ ဒါဖြင့် လောက၌ ဖြစ်သမျှသော တရားအပေါင်းသည် ဒုက္ခတရားသာဖြစ်၍ ဒုက္ခတရားသာတည်ပြီး ဒုက္ခတရားသည်သာ ချုပ်သည် ဆိုသောကြောင့် ဖြစ်ပျက်မှန်သမျှ ဒုက္ခချည်းပေါ့။

ဒါကြောင့်မို့ထင်ရဲ့ သံသုတ်ပါဠိတော်၌

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။

ဟိ၊ စင်စစ်သော်ကား၊ ဒုက္ခမေဝ၊ ဒုက္ခ တရား သည် သာ လျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံဝ၊ ဒုက္ခတရားသက်သက်သာလျှင်။ တိဋ္ဌတိ၊ ခဏဋ္ဌီ၊ ပဗန္ဓဋ္ဌီအားဖြင့်တည်၏။ ဝေတိစ၊ ချုပ်လည်းချုပ်၏။ ဒုက္ခာ၊ ဒုက္ခတရား

ကို။ အညတြ၊ ကြဉ်ထား၍။ ကိဉ္စိဓမ္မဇာတံ၊ တစုံတခုသောတရားသဘော သည်။ နသမ္ဘောတိ၊ ဖြစ်သည်ဟူ၍မရှိ။ ဒုက္ခာ၊ ဒုက္ခတရားမှ။ အညံ၊ တပါးသော။ ကိဉ္စိဓမ္မဇာတံ၊ တစုံတခုသော တရားသဘောသည်။ နနိရုဇ္ဈတိ၊ ချုပ်သည်ဟူ၍မရှိ။

ဤကဲ့သို့ တလောကလုံး၌ ရှိရှိသမျှ သင်္ခါရတို့ကို စေ့င သေချာ ရှာဖွေလိုက်သော် ဖြစ်ပျက်ဆိုတဲ့တရားသာလျှင် ကျန်ရှိ တကယ်ရှိ ဖြစ်တော့သည်။ ဖြစ်ပျက်မှတပါး ဘာဘာလေးတခုမှ မရှိတော့ပေ။

ဒါဖြင့်လျှင် လောကကြီး၌ရှိရှိသမျှဒုက္ခချည်းဘဲ ဖြစ်သောကြောင့် ဒုက္ခသစ္စာ ဖွဲ့ရာ ဒုက္ခသစ္စာဆိုတာ ထိုဖြစ်ပျက်တရားမှတပါး ဘာမှ မရှိတော့ခြင်းကြောင့် ဤဖြစ်ပျက်တရားသည်ပင် ဒုက္ခသစ္စာ အစစ်တကာ့ အစစ်ဆုံး အမှန်ဆုံးဖြစ်ကြောင်း လက်ဝါးပေါ်တွင် တင်၍ ကြည့် သည့် ပတ္တမြားပမာ လို လွန်စွာပင် ထင်ရှားပေတော့သည်။

ဖြစ်ပျက်ဆိုတဲ့ တရားသဘောကလေးကို ဒုက္ခသစ္စာဆိုသော် ယခု ဤကျမ်းကပြသည့် တရားသည်လည်း ယထာဘူတကျနသည်။ ရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ ဖြစ်ပျက်တရားပင် ဖြစ်သောကြောင့် ဤဖြစ်ပျက်တရား ကိုလည်း ဒုက္ခသစ္စာ အစစ်အမှန် ဆိုပြန်သည်ဖြစ်၍ "ဒုက္ခသစ္စံ ပရိညာယ" ဆိုသည့် ပါဠိတော်အတိုင်း ဤဖြစ်ပျက်တရားကိုသိလျှင် ဒုက္ခသစ္စာကိုပိုင်း ခြား၍ သိရခြင်းပင် ဖြစ်ပါသည်။ ဒုက္ခသစ္စာ တပါး ကို သိလျှင် လည်း "သိ ပယ် ဆိုက်-ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ" ဆိုသည့်စကားအရ ဒုက္ခ သစ္စာကို သိဆဲကာလ သိဆဲခဏ၌ ဒုက္ခမှန်းသိရ၍ ဤဒုက္ခမျိုးဖြစ်စေတတ် သည့် အကြောင်းတရားဖြစ်သော ဒုက္ခသမုဒယကို မလုပ်လို မလုပ်ချင်၊ မလုပ်တော့ပေ။ မလုပ်လျှင် သမုဒယသစ္စာပဟာတဗ္ဗဆိုသည့်အတိုင်း ဒုက္ခ သမုဒယကို ပယ်ရာကျပါတော့သည်။ ပယ်ပြီးဖြစ်တော့သည်။

ဒုက္ခသစ္စာမှန်းသိ၍ ဤဒုက္ခမျိုးကို မသိုချင်၊ မရချင်။ မလုပ်ချင်၊ မလုပ်တော့ဘူးဆိုကတည်းက ဤဒုက္ခကင်း ငြိမ်းရာ ကုန်ရာ ချုပ်ရာ ဖြစ် သော နိဗ္ဗာန်ကိုသာ လိုချင် ရချင် ရောက်ချင်သော သဘာဝဓမ္မ သဘော တရား အလိုလိုပေါ်ပေါက်ပြီး ဖြစ်တော့သည်၊

နိဗ္ဗာန်ချမ်းသာကြီးကိုသာ လိုချင် ရချင် ရောက်ချင်တော့သည်ဆို တာ ''နိ ရောဓသစ္စံ သစ္ဆိကရဏတ္တာယ'' ဟုဟောဘော်မူသည်။ ပါဠိတော် အတိုင်း ဒုက္ခကင်းရာ ကုန်ရာ ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရာ ကျပါတော့သည်။ ဒုက္ခသစ္စာကိုသိ၍သိ၍ တသိတည်းသိနေရာ၏။ ဤလို သိနေသောအခါကာလအတွင်း၌ ဒုက္ခသမုဒယကို ပယ်ရခြင်း၊ နိရောဓကို မျက်မှောက်ပြုရခြင်းကိစ္စတို့သည် တချက်ခုတ် နကုန်ပြတ်ဆိုသည့်စကား ကဲ့သို့ ၎ပါတည်း ပြီးစီးပါဝင်နေတော့သည်။

ထိုကြောင့် ဒုက္ခသစ္စာကို သိသိနေရခြင်း ထပ်ခါထပ်ခါ သိနေရ ခြင်း အဆက်မပြတ် သိနေရခြင်းတို့သည် ဤဒုက္ခမျိုး နောက်ထပ်မဖြစ်ရ အောင် အရိယမဂ် ဓားသံလျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် ဆိုသည့် စကားအ တိုင်း မဂ္ဂသစ္စာဖြင့် ပယ်,ပယ်,ပယ်,ပယ်နေရာ ကျပါသည်။ ထို ပယ်ပယ် နေရာကျအောင် ဒုက္ခသစ္စာကို သိ သိ သိ သိနေမှုသည် ''မဂ္ဂသစ္စံ ဘာဝေ တဗ္ဗံ'' ဟူ၍ ဟောတော်မူသည် ဖြစ်သောကြောင့် မဂ္ဂသစ္စာ တိုးပွားသည် မည်ပါတော့သည်။

ထိုကြောင့် ဒုက္ခသစ္စာမှန်း သိတိုင်း သိတိုင်း သမုဒယသစ္စာကို ပယ်မှု မဂ္ဂသစ္စာကို ပွားများမှု နိရောဓသစ္စာကို မျက်မှောက်ပြုမှု လေး ပါးစလုံး ပြီးစီးပါတော့သည်။ ပြီးစီးသည် ဆိုသော်လည်း မဂ်ဇောဖိုလ် ဇော မကျရသေးဘူးသော အာရဒ္ဓ ဝိပဿက ကလျာဏ ပုထုဇဉ်များမှာ ပုဗ္ဗဘာဂမဂ် သာ ဖြစ်သေးသည်။ ပဌမ သောတာပတ္တိမဂ် ကို ကား မရ ရောက်သေးပေ။

အနတ္တလက္ခဏံ ဗုဒ္ဓုပ္ပါဒါ နပညာယတိ။

ဗုဒ္ဓုပ္ပါဒါ၊ မြတ်စွာဘုရားသခင် ပွင့်တော်မူသောအခါကို။ ဝိနာ၊ ကြဉ်၍။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ နပညာယတိ၊ မသိမမြင် မထင်နိုင်ချေ။

ဟူ၍ နဝကနိပါတ် အင်္ဂုတ္တိုရ်ဋ္ဌကထာ၌ လာရှိသည့်အတိုင်း ဘုရား သခင် ပွင့်တော်မူမှ အနတ္တကို ထင်မြင်နိုင်သည်၊ အနိစ္စနှင့် ဒုက္ခကို မူကား

ကမ္ဘာ အစဉ်အဆက်သိ၍လာကြရာဘဲဟု အချို့က ပြောကြပါသည်။ စင်စစ်သော်ကား ထိုသိလာကြရသည့် အနိစ္စနှင့်ဒုက္ခဆိုတာ အများခေါ်ဝေါ် ပညတ် သမုတ်အပ်သည့်သမ္မုတိသစ္စာအနေမျှသာ သိနေကြရသည်၊ ပရမတ္ထသစ္စာအနေမျိုးမဟုတ်၊ ပရမတ္ထသစ္စာအနေမျိုးမဟုတ်သည့်အတွက်လည်း အနိစ္စ ဒုက္ခကိုမြင်ရပါလျက်နှင့်ပင် အနတ္တအစစ်ကိုမမြင်ရခြင်းဖြစ်ပါသည်။ ပရမတ္ထသဘာဝ ယထာဘူတကျသည့် အနိစ္စ ဒုက္ခမှာ မျက်စိတမှိတ်ခန့် ကာလအတွင်း ရုပ်ကုဋေ ငါးထောင်ကျော်၊ နာမ်ကကုဋေတသိန်း ဖြစ်ပျက် ဖြစ်ပျက်နေတဲ့ ခဏိကအနိစ္စနှင့် ခဏိကမရဏဒုက္ခသာလျှင်ဖြစ်ပါသည်။ ထိုခဏိကအနိစ္စနှင့်ခဏိကမရဏဒုက္ခသာလျှင် တခဏကလေးမျှ ဘုရားသခင် ကိုယ်တော်တိုင် တားမရ ဆီးမရ အစိုးမရသည့် အနတ္တလက္ခဏာ အစစ်ဖြစ်ပါသည်။

သမ္မုတိအနိစ္စဆိုတာ တဘဝမှ တခါသေတာမျိုး၊ ယခု မြင် ၍ နောက်လ ကျမှ မရှိတာမျိုး၊ ယခုနှစ်ရှိ၍ နောင်နှစ်မှ ပျက်ထာမျိုးစသည်ဖြင့် နှစ်ပေါင်း ကပ်ပေါင်း ကမ္ဘာပေါင်းများစွာတည်ပြီးမှ ပျက်တာမျိုးစသည်ကို ခေါ်ပါသည်။ အသက်တန်း အရှည်ဆုံး ဖြဟ္မာ ဘုံ၌ မူကား မဟာကမ္ဘာကြီး ရှစ်သောင်း လေးထောင်ကြာမှသာ တခါသာ သေရသည့် အနိစ္စမျိုး ဖြစ်ပါသည်။ သမ္မုတိဒုက္ခမှာမူ သက္ကာယ မကောင်းသောဖျားခြင်း, နာခြင်း, ပူပင်သောကများရခြင်း, ငရဲ၌ခံရခြင်း, အိုနာကျိုးကန်း ရှိရခြင်း စသည်တို့ကို ခေါ်ပါသည်။ ဤအနိစ္စ ဒုက္ခမျိုးကိုမူ ၃၁ ဘုံသားတိုင်းပင် သိကြလျက်နေပါသည်။ အနိစ္စ အစစ်ဆိုတာ ပါရမီမပြည့်သေးသော လူနတ်တို့ သိအပ်သော တရားမျိုး မဟုတ်ပါ။ အနိစ္စအစစ်ကိုသိပြီဆိုမှဖြင့် အနတ္တအစစ် ကိုလဲ သိပြီး ဖြစ်ရပါတော့သည်။ ထို့ကြောင့်–

အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။
အနတ္တသညိနော အသ္မိမာနသမုဂ္ဃာတံ ပါပုဏာတိ။
ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

ဟူ၍ နဝင်္ဂတ္တရပါဠိတော်၌ ဟောတော်မူပါသည်။

မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော၊ အနိစ္စသညာ ထင်သော ပုဂ္ဂိုလ်အား။ အနတ္တသညာ၊ အနတ္တဟုထင်လာမှုသည်။ သဏ္ဌာတိ၊

အလိုလိုတည်လာ၏၊ အနတ္တသညီနော၊ အနတ္တဟုထင်မြင်လေ့ ရှိသောသူသည်၊ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင်။ အသ္မိမာန သမုဂ္ဃါတံ၊ ငါဟူသော မာန်မာန ကင်းကွာခြင်းဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့ ပါပုဏာတိ၊ ရောက်လေ၏။

ဘုရားသခင် မပွင့်မီက သမ္မုတိအနိစ္စနှင့် သမ္မုတိဒုက္ခကိုသာ မြင်ရသိရ၍ အနတ္တကိုမူ သမ္မုတိအနေမျိုးမျှ မသိမမြင်ကြရဘဲ၊ ငါ ငါ ငါ ငါနှင့် တငါတည်းသာ ငါနေကြ၍၊ ကမ္ဘာသာလဲသည် ငါမလဲမပြောင်းဘူး။ ဒီ တငါတည်းသာဘဲဟု ထင်နေကြရ၍ ဟိုတုန်းက အနတ္တကိုသာ မမြင်ရတာ၊ အနိစ္စနှင့်ဒုက္ခကိုတော့ အသိကြရသားဘဲဟု အထင်မှား အမှတ်မှားနေကြခြင်းပင် ဖြစ်ပါသည်။ ပရမတ်အစစ် ခဏိက်အနှစ် ဖြစ်သော အနိစ္စ ဒုက္ခကိုမူ ယခု သာသနာတော် နေလိုလလိုထွန်းလင်းနေဒါတောင် မသိနိုင်ကြလို့ ခက်နေကြသေးတာကိုလည်း စဉ်းစား၍ကြည့်နိုင်ပါသည်။ အနိစ္စ-ဒုက္ခ-အနတ္တ အစစ်ဆိုတာ ယခုခေတ်အခါမှာ ကျမ်းဂန် ဘယ်လိုဘဲ တတ်တတ် နည်းမှန်လမ်းမှန် မရလျှင် သိဘို့ရာ အလွန် တရာမှ ကြပ်တည်း ခဲယဉ်းပါသည်၊ အနတ္တကိုမြင်မှ နိဗ္ဗာန်ကို မြင်ကြောင်း ဤပါဠိဖြင့် ထင်ရှားပါသည်။ အနတ္တကိုလည်း အနိစ္စအစစ်ကို မြင်မှ အနတ္တအစစ်ကို မြင်နိုင်ကြောင်း ပြပြီးဖြစ်ပါသည်။ ထိုကြောင့် အနိစ္စသည်သာလျှင် ရှေးဦးစွာ သိရရန် ပဓာန လိုရင်းတရားဖြစ်ပါသည်ဟု ပရမတ္ထဒီပနီဋီကာ ကမ္မဋ္ဌာန်းပိုင်း၌-

ဝိသေသတော ပန ရူမသ္မိံ ဉာဏေ အနိစ္စလက္ခဏာ ဒဿနမေဝ
ပဓာနံ တသ္မိံ ဒိဋ္ဌေယော ရူတရာနိ ကမေန ဒိဋ္ဌာနိ ဟောန္တိ။

ဟူ၍ဆိုပါသည်။

ဝိသေသတောပန၊ အထူးအားဖြင့်ကား။ ရူမသ္မိံ ဉာဏေ၊ ဤဝိပဿနာဉာဏ်ပညာအရာ၌။ အနိစ္စလက္ခဏာဒဿနမေဝ၊ အနိစ္စလက္ခဏာကို မြင်ခြင်းသည်သာလျှင်။ မဓာနံ၊ လိုရင်းဖြစ်သော ပဓာန သဘောသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုအနိစ္စလက္ခဏာကို။ ဒိဋ္ဌေယေဝ၊ မြင်အပ်သော်သာလျှင်။ ရူတရာနိ၊ ဤမှတပါးသောလက္ခဏာတို့ကို။ ကမေန၊ အစဉ်အားဖြင့်။ ဒိဋ္ဌာနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

လက္ခဏာရေးသုံးပါးစလုံးမြင်မှ မဂ်ဖိုလ်ကို ရနိုင်ကြောင်း ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌....

ယော ပန အနိစ္စံ ဒုက္ခံ အနတ္တာတိ တိလက္ခဏာနိ
သလ္လက္ခေတိ။ တဿ ပဉ္စက္ခန္ဓာ ကဏ္ဍော ဗန္ဓကုဏပံဝိယ ဟောန္တိ။
သင်္ခါရာရမ္မဏမေဝ ဉာဏံ သင်္ခါရတော ဝုဋ္ဌာတိ။

ဟူ၍လာရှိ၏။

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အနိစ္စံ၊ အနိစ္စ။ ဒုက္ခံ၊ ဒုက္ခ။ အနတ္တာ၊ အနတ္တ။ ဣတိ၊ ဤသို့။ တိလက္ခဏာနိ၊ လက္ခဏာရေးသုံးပါးစလုံးတို့ကို။ သလ္လက္ခေတိ၊ မှတ်ထင်၏။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ပဉ္စက္ခန္ဓာ၊ခန္ဓာငါးပါး ရုပ်နာမ်ဘုရားတို့သည်။ ကဏ္ဍော၊လည်ပင်း၌၊ ဗန္ဓကုဏပံဝိယ၊ ဘွဲ့ချည်အပ်သော အကောင်ပုပ်ကဲ့သို့။ ဟောန္တိ၊ ထင်ရှားဖြစ်ကုန်၏။ သင်္ခါရာရမ္မဏမေဝ၊ သင်္ခါရတရားသာလျှင် အာရုံရှိသည်ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ သင်္ခါရတော၊ တေဘူမက သင်္ခါရမှ။ ဝုဋ္ဌာတိ။ ထ၏။

ဤကား ကင်္ခါဝိတရဏာဝိသုဒ္ဓိခေါ် တီရဏာပရိညာခေါ် ဥဒယဗ္ဗယဉာဏ်မြင်ဆိုတဲ့ လက္ခဏာရေးသုံးပါး တပြိုင်နက်မြင်ခြင်းကို ဆိုလိုသည်။ လက္ခဏာရေးသုံးပါးတွင် တပါးမြင်လျှင် ကြွင်းနှစ်ပါးလည်း တပါတည်း မြင်တော့တာဘဲဟု အင်္ဂုတ္တရ အဋ္ဌကထာ၌ ဖော်ပြသည်မှာ....

ဧတေသု တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒ္ဝယံ
ဒိဋ္ဌမေဝ ဟောတိ။ တေန ဝုတ္တံ အနိစ္စသညိနော
မေဃိယ အနတ္တသညာ သဏ္ဌာတီတိ။

ဧတေသုတီသုလက္ခဏေသု၊ ဤသုံးပါးသော လက္ခဏာတို့တွင် ဧကသ္မိံ၊ တပါးကို။ ဒိဋ္ဌေ၊ မြင်အပ်သည်ရှိသော်။ ဣတရဒ္ဝယံ၊ အကြွင်းနှစ်ပါးကိုလည်း။ ဒိဋ္ဌမေဝ၊ အလိုလိုထင်မြင်ပြီးဖြစ်လေတော့သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုကြောင့်။ အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတီတိ၊ သဏ္ဌာတိဟူ၍။ဝုတ္တံ၊ ဟောတော်မူအပ်၏။

လက္ခဏာရေးသုံးပါးတွင် တပါးကိုတော့ မြင်ပါပြီ၊ သုံးပါးစလုံးကိုတော့ ကြာလျှင် မြင်လာအောင်ရှုဘုံးပါဘဲဆိုလျှင် ထိုမြင်သောတပါးသည် လက္ခဏာရေးအစစ်မဟုတ်ဘူးမှတ် ပရမတ်စစ်လျှင် တပါးမြင်ရင်သုံးပါးစလုံးမြင်ပြီးဖြစ်ရတော့၏၊ ဟုတ်တာပေါ့ သုံးပါးစလုံး ဖြစ်ပျက်ချည့်ဘဲကိုး၊ ဒါကြောင့်မို့လို့ အနိစ္စကဒီမှာ၊ ဒုက္ခကဟိုမှာ၊ အနတ္တကတခြားမှာဟု ဆိုရသောတရားမျိုးမဟုတ်၊ တရားကိုယ်မှာ တခုတည်းဖြစ်ပြီး၊ လက္ခဏာသာကွဲသည်ဟုမှတ်ပါ။

ပရမတ် လက္ခဏာရေးဆိုတာ တခါမြင်ဘူးလျှင် စကားပြောရင်းဆိုရင်း နေရင်း ထိုင်ရင်းလဲ မြင်လို့ရတာမျိုးဖြစ်ပါသည်။ မမြင်ဘူးသေးလျှင်မူကား မြင့်မိုရ်တောင်ကြီးခြားသလောက် ဝေးပါသည်။ မြင်တော့လဲ အနိစ္စဆိုလဲ ဒုက္ခပါဘဲ၊ ဒုက္ခဆိုလဲ ဒီအနတ္တပါဘဲ၊ အနတ္တဆိုလဲ ဒီအနိစ္စဒုက္ခပါဘဲ၊ သို့ရာတွင် အနိစ္စကို ပို၍ထင်ရှားလာတဲ့အခါ ထင်ရှားတယ်၊ အနတ္တက ပို၍ထင်ရှားလာတဲ့အခါ ထင်ရှားတယ်။ ဒါကြောင့်မို့လို့ လက္ခဏာရေးတပါးတည်းနှင့် နိဗ္ဗာန်မရောက်ဘူး၊ သုံးပါးစလုံး ထင်ရှားပြီးမှ ရောက်တယ်တယ်ဟု ဓမ္မသင်္ဂဏီအဋ္ဌကထာ၌-

အာဒိတော ဝ အနိစ္စတော အဘိနိဝိသိတွာ အနိစ္စတော သင်္ခါရေပဿတိ၊ ယသ္မာ ပန အနိစ္စတော ဒိဋ္ဌမတ္တေနေဝ မဂ္ဂဝုဋ္ဌာနံနာမ နဟောတိ။ ဒုက္ခတောပိ အနတ္တတောပိ ဒဋ္ဌဗ္ဗမေဝ ဝဋ္ဋတိ ယူ၍ ပါရှိ၏။

အာဒိတောဝ၊ အစမှသာလျှင်၊ အနိစ္စတော၊ အနိစ္စအားဖြင့်၊ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍၊ အနိစ္စတော၊ အနိစ္စအားဖြင့်၊ သင်္ခါရေ၊ သင်္ခါရတရားတို့ကို၊ ပဿတိ၊ ရှု၏။ ယသ္မာပန၊ အကြင်ကြောင့်ကား။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒိဋ္ဌမတ္တေနေဝ၊ ရှုမြင်ကာမျှသာလျှင်၊ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်ဟုဆိုအပ်သော ထခြင်းမည်သည်၊ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ ဒုက္ခတောပိ၊ ဒုက္ခအားဖြင့်ရင်း၊ အနတ္တတောပိ၊ အနတ္တအားဖြင့်ရင်း။ ဒဋ္ဌဗ္ဗမေဝ၊ ရှုခြင်းငှါသာလျှင်။ ဝဋ္ဋတိ၊ သင့်မြတ်တော့၏။

ဤကဲ့သို့ တပါးကိုမြင်ရုံနှင့်မပြီးသေး၊ ကျန်နှစ်ပါးကိုလည်း ရှုရဦးမည်ဟု ဆိုပေမဲ့-တခြားမှာသွားပြီး ရှုရမှာမဟုတ်ဘူး၊ ဒီဖြစ်ပျက်ဘဲ

ထပ်ပြီးရှုရမှာဘဲ၊ ဒါကြောင့် အနိစ္စတပါးကိုမြင်လျှင် ကြွင်းနှစ်ပါးကို အလိုလိုမြင်တော့တာဘဲဟု ဆိုခြင်းဖြစ်၏။ မမြဲတာမြင်တော့လဲ ဆင်းရဲထင်၏။ မမြဲလို့ ဆင်းရဲတော့၊ အစိုးမရတာကို အလိုလိုသိ၏။

ဝှင်းအပြင် ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ပင်....

ဧကလက္ခဏ ဒဿနမတ္တေနေဝ ဟိ မဂ္ဂဝုဋ္ဌာနံနာမ နဟောတိ၊ ဟူ၍လာရှိ၏။

ဟိသစ္စံ မှန်၏။ ဧကလက္ခဏဒဿနမတ္တေနေဝ၊ တပါးတည်းသော လက္ခဏာရေးကို မြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်ဟုဆိုအပ်သော ထခြင်းမည်သည်။ နဟောတိ၊ မဖြစ်။

ထိုကြောင့် အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာယဉ် သုံးပါး စလုံးကို ထင်မှသာလျှင် မဂ္ဂဝုဋ္ဌာနဖြစ်နိုင်၏ဟု အသေအချာမှတ်ရမည်။ သို့သော်လည်း အထူးကြောင့်ကျ စိုက်ရတော့သည်မဟုတ်၊ တပါးကို ထင်မြင်လျှင် ပွါးများနေရင် ကြွင်းနှစ်ပါးကိုလည်း လွယ်စွာထင်မြင်လာ တော့သတည်း။ ရှင်းပြပါဦးအံ့၊ ဖြစ်မှုပျက်မှုကိုစွဲ၍ အနိစ္စ ဒုက္ခ အနတ္တ ဟူသောအမည်သုံးမျိုး ပေါ်လာရခြင်းသည် ထိုအမည် သုံးမျိုးသည် လည်း ယောဂီပုဂ္ဂိုလ်၏ အာဘောဂ နှလုံးသွင်းဖြစ်ရမည့်အားလျော်စွာ မြတ်စွာဘုရားဟောတော်မူထားသော အမည်များဖြစ်၏။

ဖြစ်ပျက်ကို ရှုနေသော ယောဂီပုဂ္ဂိုလ်သည် ရှုနေရင်းပင် ရုံခါ အနိစ္စမမြဲသော တရားပါကလားဟု အာရုံပြု သဘောပေါက်၏။ ရုံခါ ဤသို့ဖြစ်ပျက်နေရခြင်းသည် ဆင်းရဲ၏ဟုအာရုံပြုသဘောပေါက်၏။ ရုံခါ ဤသို့ဖြစ်ပြီး ပျက်ပျက်နေရခြင်းလည်း သူ့သဘောအတိုင်း သူဖြစ်၏။ မည်သူမျှ အစိုးမရ စေခိုင်းအမိန့်ပေး၍ မရဟု အာရုံပြုသဘောပေါက် မိ၏။

ထိုကြောင့် ဖြစ်မှုပျက်မှု သဘောအားဖြင့် တရားအရ တူသော် လည်း အနိစ္စဟူ၍ သဘောပေါက် အာရုံပြုသောခဏ၌ ဒုက္ခဟူ၍ အာရုံ မပြုနိုင်၊ ဒုက္ခဟူ၍ သဘောပေါက် အာရုံပြုသော အချိန်၌လည်း အနတ္တ

ဟူ၍ အာရုံမပြုမိနိုင်၊ အချိန်ကာလခြား၍ အသီးသီး သဘောပေါက်၏။ တချိန်တည်း ပုဂ္ဂိုလ်၏ အာဘောဂ နှစ်လုံးသွင်းသုံးမျိုးမဖြစ်။ (သိ–ပယ်–ဆိုက်–ပွါး) ဟူသော မဂ်ကိစ္စလေးပါးတို့၌ကား ကိစ္စ ကိုသာဆိုသည်။ အာဘောဂနှလုံးကို ဆိုသည်မဟုတ်။ (စဉ်းစားဆင်ခြင်ကြံပါကုန်) အနိစ္စ ဒုက္ခ–အနတ္တဟူသော လက္ခဏာသုံးပါးကို သဘောပေါက်သော ယောဂီ ပုဂ္ဂိုလ်သည် မဂ္ဂဝုဋ္ဌာန ဖြစ်လုဆဲဆဲ ရှေ့အဘို့၌ အနိစ္စဟု နှလုံးသွင်းနေစဉ် မဂ်ကိုရအံ့၊ ထိုမဂ်ကို အနိမိတ္တမဂ်ဟု ခေါ်၏။ တရားကိုယ်အားဖြင့် ကူညီသော်လည်း ပုဂ္ဂိုလ်၏ ထင်ရှားစွဲမြဲသော အာဘောဂကိုလိုက်၍ မဂ်၏ အမည်သုံးပါး ဖြစ်ရလေသည်။

(၁) သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

(၂) သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

(၃) သဗ္ဗေ ဓမ္မာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ။

(၁) သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ အနိစ္စာ၊ အမြဲမရှိကြလေကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ရှုမှတ်နိုင်သည်ရှိသော်။ ဒုက္ခေ၊ ဖြစ်ပျက် ဒုက္ခအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့၍လာရလေတော့၏။ ဧသ ဧသော၊ ဤသို့ပျင်းမုန်းငြီးငွေ့၍ လာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ လွတ်ကင်း စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း စင်စစ် ကေန်ဖြစ်လေတော့၏။

(၂) သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သင်္ခါရ တရား တို့သည်၊ ဒုက္ခာ၊ ဆင်းရဲအတိသာ ဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ ရှုမှတ်နိုင်သည်ရှိသော်။ ဒုက္ခေ၊ ဖြစ်ပျက် ဒုက္ခ အပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့ရလေတော့၏။ ဧသဧသော၊ ဤသို့ ပျင်း

မုန်းငြီးငွေ့၍လာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာ လွတ်ကင်းစင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းစင်စစ် ကေန်ပင်ဖြစ်လေတော့၏။

(၃) သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ တရား အ ပေါင်း တို့သည်။ အနတ္တာ၊ အစိုးမရကြလေကုန်၊ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာဉာဏ်ပညာဖြင့်။ ပဿတိ၊ ရှုမှတ်၏။ အထ၊ ထိုသို့ရှုမှတ်နိုင်သည်ရှိသော်။ ဒုက္ခေ၊ ဖြစ်ပျက်ဒုက္ခအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ပျင်းမုန်းငြီးငွေ့၍လာလေတော့၏။ ဧသေသော၊ ဤသို့ ပျင်းမုန်းငြီးငွေ့၍ လာခြင်းသည်။ ဝိသုဒ္ဓိယာ၊ ကိလေသာလွတ်ကင်း စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း စင်စစ် ကေန်ပင် ဖြစ်လေတော့၏။

ဤဂါထာသုံးပုဒ်အရ လက္ခဏာရေးသုံးပါးကို မြင်ပြီဆိုမှဖြင့် တရက် နှစ်ရက် ဖို၍ အားထုတ်လိုက်၍ အားထုတ် မိ လျှင် အလုံးစုံသော အရာတို့ကို မလိုချင် မနှစ်သက် မခင်တွယ်ဘဲ ပျင် မုန်းငြီးငွေ့၍နေတော့၏။ တချို့က လခစားမို့လို့ အခွင့်ရဘဲ စေ့နေတာတောင် အလုပ်ပြုတ်ချင်ပြုတ်ပေစေဆိုပြီး တရားကို ဆ က်လက်၍ အားထုတ် နေ ကြ သေး၏။ ဤသို့ အခြေမျိုးကျလာလျှင် ပုဂ္ဂိုလ်ဘိုင်းပင် ဤသို့စိတ်မျိုး ဖြစ် ပေါ်လာတတ်သည်ကား ထင်ရှား၏။ ရှေ့အစွန်း နောက်အစွန်း စဉ်းစားပြီးမှသာ ခေတ်ကြပ်ကြီးမို့လို့ တယောက်မကောင်းတာနှင့် တအိမ်သားလုံး ဒုက္ခရောက်ဘွယ်ရာကိုမြင်လို့စိတ်ကိုလျှော့ပြီး ပရိယေသနဝမ်းစာအတွက် ဆက်လက်လုပ်ကိုင်နေကြရတာသာ များပါသည်။ သို့ရာတွင် ကမ္မဋ္ဌာန်းချထားပါက ဤငြီးငွေ့တာမျိုးလဲ ပျောက်ပျက်သွားတတ်ပါသည်။ (ဓမ္မတာပင်)။

ရင်းပြင် ရုပ်နာမ်တို့သည် စိစိစိစိ ဖြုတ်ဖြုတ်ဖြုတ်ဖြုတ်နှင့် ချုပ်ပျက်နေကြတာကို ကြားရသည် ဆိုရာ၌ အထူး ဝီရိယစိုက်၍ အား ထုတ်ဘူးသော သူများမှာ ကိုယ်တိုင်သိပြီးဖြစ်ကြပေလိမ့်မည်။ ပေါ့ဆဆ အားထုတ်ထားသော သူများနှင့်အားမထုတ်ရသေးသောသူများအတွက် ထင်ရှားစေဦးအံ့။ ရုပ်နာမ် ဖြစ်ပျက်ရာတွင် ရုပ်ကလာပ်တို့သည် အချင်းချင်း ထိခတ်မိသည် ရှိသော်၊ အသံဖြစ်မြဲ ဓမ္မတာပင်ဖြစ်၏။ထိုကြောင့် ကြောင်

ပန်းဆရာတော်ဘုရားကြီးက ခြစ်ခြစ်တောက် ရဲရဲပူသော အိုးကင်းထဲ၌ ထည့်အပ်သော နှမ်းတို့ကဲ့သို့ ဖြစ်ဖြစ်ဟူသံ ဆူညံပျက်ပြား ဥာဏ်နားမှာ ကြားရ ဥာဏ်မျက်စိတွင်းမှ မြင်ရသော ပရမတ္ထ အမူအရာမျှ ကိလေသာ သဘာဝတို့ကိုသာ သခါရဟု ဆိုသည်ဟူ၍ ရေးသားတော်မူပါသည်။

ငှင်းပြင် သေက္ခ တောင် တောရဆရာတော် ဦးဘိလောက၏ပဋ္ဌိ တဝေဒနိယကျမ်း၌လည်း လတ်လတ်ဆပ်ဆပ် သစ်ရွက်စို ကလေး တွေ ကို ရဲရဲညီးသော မီးကျီးထဲသို့ ချလိုက်လျှင် ညှိုးနွမ်းတွန့်လိမ်လျက် ဆွေးမြေ့ လျက် ပျက်ကွယ်သွားကြဘိသကဲ့သို့ငှင်း၊ သစ်သစ်လပ်လပ် နှမ်း စေ့ က ကလေးတွေကို လောလောပူသော အိုးကင်းပူထဲသို့ ထည့်လိုက်လျှင် ညှိုး နွမ်း ဆွေးမြေ့ လျက် ဖြစ်ဖြစ်မည်လျက် ပျက်ကွယ်သွားကြဘိသကဲ့သို့ငှင်း ထို့အတူ ရုပ်ကလာပ်ကလေးတွေသည်ဖြစ်ပေါ်ပြီးလျှင် ဇရာမီးလောင်၍ ညှိုးနွမ်းတွန့်လိမ်လျက် နာကျင်ဆွေးမြေ့လျက် ဖြစ်ဖြစ်မည်လျက် ပျက် ကွယ်၍သွားကြရကုန်၏။

ဤကဲ့သို့သော အသံတွေကို ကြားရရုံမျှမက အမျိုးမျိုးသော အ တွင်းမှ ဖြစ်သော ဖြစ်ပျက်လျက်နေသော အသံတို့ကိုလည်း ကြား ရ ပါ သေး၏။ သို့ရာတွင် လိုအပ်သည်ဟုမ ထင်၍ မရေးတော့ပါ။ သိလိုလျှင် အားထုတ်၍ကြည့်ကြပါကုန်။

ဤတရားကို အားမထုတ်လျှင် သက္ကာယ မပြုတ်က အပါယ်နှင့် အဟုတ် ဆက်သွယ်နေသည် ဖြစ်သောကြောင့် သက္ကာယပြုတ်အောင် အ ဆောတလျင် အားထုတ်အပ်ကြောင်း သံယုတ်ပါဠိတော်၌-

သတ္တိယာဝိယ ဩမဋ္ဌော ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

ဟူ၍ ဟောတော်မူ၏။

သတ္တိယာ၊ အသွားနှစ်ဖက် မြမြထက်သောလှံကြီးဖြင့်။ ဩမဋ္ဌော ဝိယ၊ ရင်မျိုရင်ဝစူးရှ၍နေသောယောကျ်ားကဲ့သို့ငှင်း။ မတ္ထကေ၊ ဦးခေါင်း တခုလုံး၌။ ဍယှမာနောဝ၊ မီးတောက်လောင်၍နေသောယောကျ်ားကဲ့သို့ ငှင်း။ သက္ကာယဒိဋ္ဌိပဟာနာယ၊ သက္ကာယဒိဋ္ဌိ ကိုပယ်ဖြုတ်ခြင်းငှါ။ ဘိက္ခု၊ သံသရာရေး အပါယ်ဘေးကို မြော်တွေးမြင်သူ ရှင်လူ ရ ဟန်း သည်။

သတော၊ မဒန့်မလျှော့ မပေါ့ဆတဲ့ မြဲသော သဘောရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ဝိပဿနာအလုပ်ကို ကြိုး ကြိုးကုတ်ကုတ်နောက်မဆုတ်ဘဲ အားထုတ်ရာသတည်း။

ဤကဲ့သို့ ကြိုးစားအားထုတ်မှ သစ္စာလေးပါး မြတ်တရားကို မြင်မည်၊ တရားကိုမြင်မှလည်း ဘုရားကို မြင်ရာကျမည် ဟု ဣတိဝုတ် ပါဠိတော်၌-

ဓမ္မံ၊ တရားတော်မြတ်ကို၊ အပဿန္တော၊ မမြင်သောသူသည်။ မံ၊ ငါဘုရားကို။ န ပဿတိ၊ မြင်သည်မမည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ ပဿန္တော၊ မြင်သောသူသည်သာလျှင်၊ မံ၊ ငါဘုရားကို။ ပဿတိ၊ မြင်သည် မည်၏။

ဤတရားကို အားထုတ်လျှင် (၇)ရက်အတွင်း ရဟန္တာဖြစ်နိုင်၏ဟု မူလပဏ္ဏာသ သတိပဋ္ဌာန သုတ်ပါဠိတော်၌-

ဘိက္ခဝေ၊ ချစ်သားတို့။ ယော ဟိ ကောစိ၊ ရဟန်းရှင်လူ အကြင်သူသည်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်တရား လေးပါးတို့ကို။ ဧဝံ၊ ဤသို့ ငါဘုရား ဟောတော်မူတိုင်း။ ဘာဝေယျ၊ နေ့ညမနား ပွားများအားထုတ်အံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုမျက်မှောက်သောဘဝ၌ပင်။ အညာ ဝါ၊ အရဟတ္တဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သဥပါဒိသေသေ၊ ခန္ဓာကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာ ဝါ၊ အနာဂါမိ ဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ ဖလာနံ၊ ဖိုလ်နှစ်ပါးတွင်။ အညတရံ ဖလံ၊ ဖိုလ်တပါးပါးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

ဤကဲ့သို့ ခုနစ်ရက်အတွင်း အနာဂါမ် ရဟန္တာဖြစ်နိုင်တယ်ဆိုလျှင် ဥဒယဗ္ဗယ အစစ်ကိုမြင်တဲ့ စူဠ သောတာပန်လောက်တော့ လွယ်လွယ်ကလေးပင်ဟု ဧကန်မုချ ယုံကြည်သင့်ပါသည်။ ပါရမီကောင်းလျှင် တမဂ်တဖိုလ်လောက်တော့ ခုနစ်ရက်အတွင်းမှာပင် ယခုအခါ ပေါက်ရောက်နိုင်သည်ဟူ၍ ဟောရာရောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘုရားဟောနှင့် ကိုယ်တွေ့ကိုက်မကိုက်မှန်မမှန်စမ်းသပ်ကြည့်တော်မူကြပါကုန်၊ စမ်းကြည့် ဆိုသော်လည်း တချို့က စာမတတ်လျှင် မဖြစ်နိုင်ဘူး ထင်တတ်ကြပါသည်။ မမှန်ပါ ဓမ္မပဒပါဠိတော်၌ ဟောတော်မူသည်မှာ....

အပ္ပံပိ စေ သံဟိတဘာသမာနော။
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ။
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ။
သမ္မပ္ပဇာနော သုဝိမုတ္တစိတ္တော။
အနုပါဒိယာနော ဣဓဝါ ဟုရံဝါ။
သ ဘာဂဝါ သာမညဿ ဟောတိ။

ယောနရော၊ ရဟန်းရှင်လူ အကြင်သူသည်။ အပ္ပံသံဟိတ ဘာသမာနောပိ၊ ဘုရားတရားတော်မြတ် ပိဋကတ်ကို တတ်မြောက်အောင်မြင် မသင်ရငြားသော်လည်း။ဓမ္မဿ၊ မဂ်ဖိုလ်နိဗ္ဗာန် ဆိုက်ရောက်နိုင်ရန် လမ်းမှန် တရားကို။ အနုဓမ္မာစာရီ၊ သျှော်ညီစွာလှ သမထ ဝိပဿနာကို ကျင့်သေ့ရှိသည်။ စေဟောဘိ၊ အကယ်၍ ဖြစ်ငြားအံ့။ သောနရော။ ထို ရဟန်းရှင်လူသည်။ ရာဂဉ္စ၊ ရာဂတရားကိုရင်း။ ဒေါသဉ္စ၊ ဒေါသတရားကိုရင်း။ မောဟဉ္စ၊မောဟတရားကိုရင်း။ပဟာယ၊ တဒင်္ဂ ဝိက္ခမ် သမုစ္ဆေဒ ပဟာန်ဖြင့် လေးတန်ဝီရိယ သ ာယဒိဋ္ဌိ အမြစ်မိအောင် တိတိပယ်ဖြတ်၍။ သမ္မပ္ပဇာနော၊ အနိစ္စ-ဒုက္ခ-အနတ္တကို လှလှကြီး မြင်သည်ဖြစ်၍။ သုဝိမုတ္တစိတ္တော၊ တဒင်္ဂဝိက္ခမ် သမုစ္ဆေဒ ဝိမုတ္တံဖြင့် အမှန်ကောင်းစွာ တဖြာလွတ်လိုဘိ စိတ်ကောင်းရှိသည်ဖြစ်၍၊ ဣဓဝါ၊ ဤပစ္စုပ္ပန်ဘဝ၊ အဇ္ဈတ္တခန္ဓာအာယတနဓာတ်တို့၌ရင်း၊ ဟုရံဝါ၊နောက်တမလွန်ဘဝဗဟိဒ္ဓ ခန္ဓာ အာယဘနဓာတ်တို့၌ရင်း။အနုပါဒိယာနော၊ ဒိဋ္ဌိတဏှာဖြင့် ပြင်းပြစွာ စွဲလန်းခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ သောနရော၊ ထိုသို့ဆိုပြီး ဉဿုံလုံးစုံဖြစ်သူ ရဟန်းရှင်လူသည်။ သာမညဿ၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန် အထူး ရဟန်းကျေးဇူး၏။ ဘာဂဝါ၊ လက်ကိုင်လက်မိ အဘို့အပံ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤဒေသနာတော်အရ စာမတတ်ပေမဲ့၊ အားမလျှော့အပ်ပါ။ တရားအားထုတ်ရာ၌လည်း စာမတတ်သူကသာပြီး ထင်လွယ်ပါသည်။

ဘုရားမရှိသောအခါမို့လို့ တရားအားထုတ်လို့ မရဘူးထင်တတ်သော သူများအတွက် သုတ်မဟာဝါပါဠိတော်ကို ရေးပြပါအံ့။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟေဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

ယော၊ အကြင်သူသည်။ ဣမသ္မိံဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာ ဝိနည်းတရား၌။ အပ္ပမတ္တော၊ မမေ့မလျော့ မပေါ့မစား၊ ဝိပဿနာ တရားကို အားထုတ်သည်ဖြစ်၍။ ဝိဟေဿတိ၊ သိက္ခာသုံးပါးကို ငါဘုရား ပရိနိဗ္ဗာန်ပြုသော်လည်း ကျင့်သုံးဆောက်တည်၍နေလတ္တံ့။ သော၊ ထိုသူ သည်။ ဇာတိသံသာရံ၊ ပရိသန္ဓေ စွဲနေရစွာ သံသရာကြီးကို။ ပဟာယ၊ တံဘွားပေါက်သို့ မထောက်မညှာ ပယ်စွန့်ခွါ၍။ ဒုက္ခဿန္တံ၊ ဒုက္ခပြတ် ကိန်း ဆင်းရဲငြိမ်းခြင်းကို၊ ကရိဿတိ၊ ပြုရချောက်ရလတ္တံ့။

ဘယ်အခါမဆို တရားမှန်ကို ကျင့်က ရဟန္တာ ဖြစ်နိုင်ကြောင်း သုတ်မဟာဝါ ပါဠိတော်၌ ဟောတော်မူသည်မှာ....

ဣမေ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿ။

သုဘဒ္ဒ၊ ချစ်သားသုဘဒ္ဒ။ ဣမေဘိက္ခူ၊ ဤငါဘုရား၏ သာသနာ တော်ထမ်း ရှင်ရဟန်းတို့သည်။ သမ္မာ၊ ဖြောင့်မှန်စွာ၊ ဝိဟရေယျုံ၊ သမထ ဝိပဿနာကို ကျင့်သုံးဆောက်တည်၍ နေကြကုန်အံ့။ လောကော၊ လောက သည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ၊ အသုညော၊ မသုဉ်းမဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။

ထိုကြောင့် ကြိုးစား၍ အားထုတ်နိုင်ကြပါစေသတည်း။

## မိမိကိုယ်ကို တီဟိတ်ဟုမှတ်ပါ

မြတ်သောအကျင့်ကိုကျင့်ရာ၌ဇမ္ဗူဒိပ်ကျွန်းသားတို့သည် မြောက် ကျွန်းသားတို့ထက် သာလွန်ကြောင်း (နဝင်္ဂုတ္တရပါဠိတော်) ဤဇမ္ဗူဒိပ် ကျွန်း၌ တိဟိတ်ပေါကြောင်း တိကင်္ဂုတ္တရပါဠိတော်၌ဟောတော်မူပုံမှာ–

တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေစ တာဝတိံသေ။ ကတမေဟိ တီဟိ သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယဝါသော။

ဘိက္ခဝေ၊ ရဟန်းတို့။ တီဟိ၊ သုံးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဇမ္ဗုဒီပကာ၊ တောင်ကျွန်း၌ဖြစ်ကုန်သော။ မနုဿာ၊ လူတို့သည်။ ဥတ္တရကုရုကေ၊ မြောက်ကျွန်း၌ဖြစ်ကုန်သော။ မနုဿေစ၊ လူတို့ကိုငှင်း။ တာဝတိံသေ၊ တာဝတိံသာ၌ဖြစ်ကုန်သော။ ဒေဝေစ၊ နတ်တို့ကိုငှင်း။ အဓိဂ္ဂဏှန္တိ၊ လွန်မိုးကဲလွန်ကြကုန်၏။ ကတမေဟိ တီဟိ၊ အဘယ်သုံးပါးတို့ဖြင့်။ အဓိဂ္ဂဏှန္တိ၊ လွန်မိုး ကဲလွန်ကြကုန်သနည်းဟူမူ။ သူရာ၊ တိဟိတ် ပဋိသန္ဓေနေခြား ပညာအားဖြင့် ရဲရင့်ခြင်းငှင်း၊ သတိမန္တော၊ တိဟိတ် ပဋိသန် ပညာခံကြောင့် မြဲမြံသောသတိရှိခြင်းငှင်း၊ ဣဓ ဤတောင်ကျွန်း၌။ ဗြဟ္မစရိယဝါသော၊ မြတ်သောအကျင့် သီတင်းသုံးရခြင်းငှင်း။ ဣတိ၊ ဤအကြောင်းသုံးပါးတို့ဖြင့်။ အဓိဂ္ဂဏှန္တိ၊ လွန်မိုးကဲလွန်ကြကုန်၏။

ဤပါဠိတော်ကို ထောက်သဖြင့် တိဟိတ်ပေါကြောင်း ထင်ရှားပါပြီ။ မိမိကို ၊ ကိုမိမိ တိဟိတ်မဟုတ်ဘူး မရနိုင်ဘူးဟု မထင်ကြပါနှင့်၊ ဒါကြောင့်မို့လို့....

တိဟိတ် ဒွိဟိတ်၊ ဝိစိကိစ်၊ ချိတ်၍ထားပါဘိ။
ကိုယ်တိုင်သိရန်၊ ကိုယ်တိုင်ကြံ၊ သည်းခံကြိုးစားကြည့်။
ပဋိဘာဂ သမထာ၊ ထင်လာတိဟိတ်သိ။
ဥဒယဗ္ဗယာ၊ ဝိပဿနာ၊ ထင်လာတိဟိတ်သိ။

ဟူ၍ စပ်ဆိုပါသည်။တိဟိတ်ဟုတ်မဟုတ် အလကားနေရင်း ရမ်းပြီးထင်၍ မနေကြပါနှင့် မှတ်တင်၍စမ်းကြည့်ကြပါ။ တိဟိတ်မှန်လျှင် နည်းမှန်လမ်းမှန် သမထကိုအားထုတ်ပါက ပဋိဘာဂနိမိတ်ကို တွေ့တတ်ပါသည်။ ဝိပဿနာ၌မူကား ဥဒယဗ္ဗယကို သိရတတ်ပါသည်။ ဤကဲ့သို့ဆရာကောင်းထံ ကျနစွာစမ်းသပ်ကြည့်လို့ မရတော့မှ ကိုယ်ထင်ချင်တာ ထင်သင့်ကြပါသည်။

## ကမ္မဋ္ဌာန်းအားထုတ်ခြင်း၏ အင်္ဂါငါးပါး

သို့ဖြစ်၍ ယခုဘဝ မင်္ဂဖိုလ်ရနိုင်သော အင်္ဂါငါးပါးကိုလည်း မှတ်သားရန် ရေးပြပါအံ့။

သဒ္ဓေါ ဟောတိ။အပ္ပါဗာဓော အမာယာဝီ ဝီရိယော ပညဝါ ဟောတိ ဣမေပဥ္စ ပဓာနို ယင်္ဂါနာမကာ။ယေတိ ဓမ္မေဟိ သမန္နာဂတာန် ပဓာနံ ပတိသမ္ဘဇ္ဇတိ။ (မဇ္ဈိမ ပဏ္ဏာသပါဠိတော်)။

သဒ္ဓေါ၊ ထက်သန်သောသဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပါဗာဓော၊ ကိုယ်လက်အင်္ဂါ ကျန်းမာတောင့်တင်း အနာကင်းသည်။ ဟောတိ၊ ဖြစ်၏။ အမာယာဝီ၊ နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်းကင်းသည်၊ ဟောတိ၊ ဖြစ်၏။ ဝီရိယော၊ ဝီရိယထက်သန်သည်။ ဟောတိ၊ ဖြစ်၏။ ပညဝါ၊ နာမ်ရုပ်နှစ်တန် ဖြစ်ပျက်ဟန်၊ ဥဒယဗ္ဗယဥာဏ်ကို အမှန်သိသည်။ ဟောတိ၊ ဖြစ်၏။ ဣမေပဥ္စ၊ ဤငါးပါးတို့သည်။ ပဓာနိယင်္ဂါနာမကာ၊ ပဓာနိယ အင်္ဂါမည်ကုန်၏။ ယေဟိဓမ္မေဟိ၊ အကြင်တရားတို့နှင့်။ သမန္နာဂတာနံ၊ ပြည့်စုံကုန်သော သူတို့အား၊ ပဓာနံ၊ ပဓာန ဖြစ်သော ကမ္မဋ္ဌာန်းအလုပ်သည်။ ပတိသမ္ဘဇ္ဇတိ၊ ပြည့်စုံ၏။

ဤအင်္ဂါ ငါးပါးနှင့် ပြည့်စုံလျှင် မဂ်ဖိုလ် နိဗ္ဗာန် သုံး တန် သော ချမ်းသာကို ယခုဘဝ၌ပင် ရအောင် အားထုတ်နိုင်ပါပြီ။ ဤအင်္ဂါငါးပါးတွင်လည်း ဥဒယတ္ထ ဂါမိနိယပညာသည်သာလျှင်အခက်ဆုံးဖြစ်ပါသည်။ ဤကျမ်းကလည်း ဥဒယတ္ထဂါမိနိယပညာကို လွယ်ကူစွာ သိနားလည်အောင် ရှေးဦးစွာ အဓိကထား၍ ပြသောကျမ်းဖြစ်ပါသည်။

ဤပဓာနိယင်္ဂအင်္ဂါ ငါးပါးကို မှတ်မိ နားလည်စေရန် သီး ခြား ထုတ်နုတ်၍ပြရန် သင့်လျော်မည်ထင်သောကြောင့် အောက် တွင် ရေး သားပြပါအံ့။

(၁) သဒ္ဓေါ၊ ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။
(၂) အပ္ပါဗာဓော၊ ကျန်းမာခြင်း။
(၃) အမာယာဝီ–နှလုံးဖြောင့်စင်း မာယာကင်းခြင်း။
(၄) ဝီရိယ–ထက်သော ဝီရိယရှိခြင်း။
(၅) ပညာ–ဥဒယဗ္ဗယဥာဏ်ကို အတတ်သိခြင်း။

ရှင်းပြင် ဤနေရာ၌ မဂ်ဖိုလ်ကို တားမြစ်တတ်သော အန္တရာယ် ငါးပါးကိုပါ သိစေအပ်သည်ဖြစ်၍ ရေးပြပါအံ့။

## မဂ်၏အန္တရာယ်ငါးပါး

(၁) ကမ္မန္တရာယ်–ပဉ္စာနန္တရိယကံကြီး ထိုက်ခြင်း။
(၂) ကိလေသန္တရာယ်–မိစ္ဆာဒိဋ္ဌိအယူရှိခြင်း။
(၃) ဝိပါကန္တရာယ်–ဒွိဟိတ် အဟိတ်ဖြစ်ခြင်း။
(၄) အရိယူပဝါဒန္တရာယ်-အရိယာပုဂ္ဂိုလ်ကို ပြစ်မှားခြင်း။
(၅) အာဏာဝီတိက္ကမန္တရာယ် – အာဏာတော်ကို လွန်ကျူး ခြင်း။

ဤငါးပါးတွင် တပါးပါးငြိ၍နေလျှင် မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို မရနိုင်ပါ။

လယ်တီ ဆရာတော်ဘုရားကြီးသည် ဝိပဿနာနှင့်ဆိုင်ရာ အမျိုးမျိုးသော ကျမ်းတို့၌ ဝိပဿနာတရား အားထုတ်ပုံ ထင်ပုံ မြင်ပုံ တို့ကို ရေးထားသည် ဖြစ်သော်လည်း နားမလည်သောသူသာ များလှသည် ဖြစ်သောကြောင့် ဤကျမ်း၌ လူတိုင်းနားလည်လွယ်အောင် ကိုယ်ချင်းစာ၍ ယခု လောက လူပြိန်းသက်သက်များကိုပင် နားလည်စေချင်၍ မိမိ ရှေ့တွင်ရှိနေသော ယောဂီများကို ပြောနေဘိသကဲ့သို့ စကားမျိုး ဖြင့်သာလျှင် များစွာရေးရခြင်းဖြစ်ပါသည်။

ရွှေဥဒေါင်းတောင် ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးထံ မဂ်ဖိုလ်အကြောင်း ဤကျမ်းပြုသူ၏ ပဌမဆရာက လျှောက်ထား၍ ကိုယ်တော်ကြီးက ကိုယ်တော်တိုင် အားထုတ်၍ သိရသောတရားတို့ကို သနားသဖြင့် ဝိနည်းလွတ်အောင် ကြံဆောင်ချီးမြှင့်တော်မူသည်ကို ဗဟုသုတအလို့ငှါ မူရင်းအတိုင်း ရေးပြပါအံ့။

ရွှေဥဒေါင်းတောင်တောရ ဘုန်းကြီး ၁၂၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်နေ့၊

## ဝိပဿနာရှုနည်းစည်းကမ်း

ဒိဋ္ဌေ ဒိဋ္ဌမတ္တေနဝါ သုတေ သုတမတ္တေနဝါ မုတေ မုတမတ္တေနဝါ ဝိညာတေ ဝိညာတမတ္တေနဝါ ဧသေဝန္တော ဒုက္ခဿာတိ။ (ဥပရိပဏ္ဏာသ)။

ပါဠိတော်၌ ဒါရုစိ မထေရ်အား မြတ်စွာဘုရား ဟောတော်မူသည်။

ဒါရုစိ၊ ချစ်သားဒါရုစိ။ ဒိဋ္ဌေ၊ စက္ခုဝိညာဏ်ဖြင့် အဆင်းကို မြင်ရာ၌။ ဒိဋ္ဌမတ္တေနဝါ။ စက္ခုဝိညာဏ်ဖြင့် အဆင်းကိုမြင်၏ဟု သိရုံမျှသည်။ သစေဘဝိဿတိ၊ အကယ်၍ ဖြစ်ငြားအံ့။ သုတေ၊ သောတဝိညာဏ် စိတ်ဖြင့် သဒ္ဒရုပ်ကို ကြားသည်ရှိသော်။ သုတမတ္တေနဝါ၊ ကြားရုံမျှသည်။ သစေဘဝိဿတိ၊ အကယ်၍ ဖြစ်ငြားအံ့။ မုတေ၊ နံသည် လျက်သည် ထိသည်ရှိသော်။ မုတမတ္တေနဝါ၊ သိရုံမျှသည်။ သစေဘဝိဿတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဝိညာတေ၊ ကြံသည် တွေးသည် သိသည်ရှိသော်။ ဝိညာတ မတ္တေနဝါ၊ ကြံရုံ သိရုံမျှသည်။ စေဘဝိဿတ်၊ အကယ်၍ ဖြစ်ငြားအံ့။ သေဝ သောဝေ၊ ဤသို့ မြင်ရုံ ကြားရုံ နံရုံ လျက်ရုံ ထိရုံ သိရုံမျှ နှလုံး သွင်း၍ ရှုခြင်းသည်ပင်လျှင်။ ဒုက္ခဿ၊ သံသရာဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံးပေတည်း။

အဓိပ္ပါယ်ကား။ ။မြင်သည် ကြားသည် နံသည် လျက်သည် အကြံကို သိသည်ရှိသော် ငါမြင် ငါကြာ ငါနံ ငါစား ငါထိ ငါကြံ ငါတွေးသည်ဟု သက္ကာယအတ္တဒိဋ္ဌိ၊ ပညတ်အာရုံ ပညတ်အသိ အနေအားဖြင့် မထင်မသိ အာရုံမပြုမူ၍ ဝိပဿနာ၏ အာရုံ ဝိပဿနာဉာဏ်၏သိခြင်း ဝိပဿနာဉာဏ်၏ ထင်မြဲ သိမြဲ ဓမ္မတာသဘောဖြစ်သော ပရမတ်ဆတ်ဆတ်ဖြစ်သော ထင်ရှားပေါ်လာသော မြင်သော ဝိညာဏ်စိတ် အဆင်း ရူပါရုံမျှ အာရုံပြုရသည်။ မြင်သောစိတ်သည် ပုဂ္ဂိုလ် သတ္တဝါ ငါမဟုတ်။ ပရမတ် ဆတ်ဆတ်ဖြစ်သော စိတ် သာ မြင် သည်၊ မြင် တတ်သော ပုဂ္ဂိုလ် သတ္တဝါ အတ္တကောင်မရှိ။ မြင်သော ရူပါရုံအဆင်း ဝဏ္ဏရုပ် ပရမတ်သည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ အဆင်းရုပ် ပရမတ်ကိုသာ မြင်၏ ပုဂ္ဂိုလ်သတ္တဝါကို မမြင်ကောင်း ထို့အတူ ဒွါရခြောက်ပါး အာရုံခြောက်ပါးကို သိလေ။

ပုဂ္ဂိုလ်လတ္တဝါမြင်၏။ လူမြင်၏။ လူသံ ငှက်သံကြား၏။ ငါစား၏။ ငါနံ၏။ ငါသွား၏။ ငါကြံ၏။ ငါတွေး၏ဟု အသိအမြင်မျိုးသည် သဏ္ဍာန ပညတ် အာရုံမျိုး ဖြစ်၏။ သဏ္ဍာနပညတ် အာရုံ မလွတ်သေး။ သဏ္ဍာန ပညတ်အာရုံမျိုးအသိအထင်များနေလျှင်ပရမတ်ဆတ်ဆတ်ဖြစ်သောနာမ်

ရုပ်တို့၏ ဖြစ်ခြင်း ပျက်ခြင်း သန္တတိ အစဉ် ဥပါဒ်စွန်း ဘင်စွန်းကိုကောင်း မွန် သန့်ရှင် စွာ ဝိပဿနာဉာဏ်မမြင်မထင်နိုင်ချေ။ သို့ဖြစ်၍ ဝိပဿနာ ဉာဏ် ၁၀ ပါးတို့၏ အာရုံပြုရာ ထင်ရာ သိရာ ဓမ္မသဘောဖြစ်သောမြင်ဆဲ ခဏ၌ အသစ်ဖြစ်ပေါ်လာသော ပစ္စုပ္ပန်ဖြစ်သော စိတ်၏ ဥပါဒ်စွန်း ဘင်စွန်း အဆင်း ရုပ်၏ချုပ်ပျက်ခြင်း။ ကြားဆဲခဏ၌ဖြစ်ပေါ်လာသော ပစ္စုပ္ပန်စိတ်၏ ဖြစ်ပေါ်စ ဥပါဒ်စွန်း ပျက်ချုပ်သော ဘင်စွန်း။ သဒ္ဒရုပ် အသံ၏ ဖြစ်ခြင်းချုပ်ခြင်း နံဆဲခဏ စားဆဲခဏထိဆဲခဏ၌ အသစ်အသစ် ဖြစ်ပေါ်လာသော နာမ်ရုပ်တို့ကိုလည်း ထို့အတူ ဝိညာတေ ဝိညာတ မတ္တေနဝါ ပါဠိတော်အရမှာ ကြံသော ရှေးစိတ်၊ ကြံသည်ကို သိသော နောက်စိတ်၊ တွေးဆသော ရှေးစိတ်၊ တွေးဆသည်ကို သိသော နောက် စိတ်တို့၏ ခဏခဏဖြစ်ပေါ်၍ ခဏခဏ ချုပ်ပျက်၍နေသော ပစ္စုပ္ပန်နာမ် စိတ်တရားတို့၏ ဥပါဒ်စွန်း ဘင်စွန်းကို စိုက်၍ ရှုကြရာ၏။ ထိုသို့ သိရုံမျှ အတွေးအဆ အကြံအစည်မပါဘဲ နေ့ရောညဉ့်ပါမနေမနား မီးပွတ်သော ယောကျ်ားကဲ့သို့၎င်း၊ သံတုံးကို အပ်ဖြစ်အောင်သွေးသောယောကျ်ားကဲ့ သို့၎င်း၊ မနေမနား ထွက်လေဝင်လေတို့ကို ထိရာ၌ စိုက်ထား၍ မှန်မှန်ရှု ရာ၏။ ထိုသို့ထွက်တိုင်းဝင်တိုင်း သိရုံမျှရှုသည်ရှိသော် နှာသီးဝ၌ တိုးထိ သော ဝါယောဓာတ်ရုပ်၊ ထို ရုပ် တို့၏ထိသည်ကို ရှုသိသောစိတ် ထိုနာမ် ရုပ်တို့၏နှစ်ပါးစုံ အပိုင်းအခြားကို ရှေးဦးစွာ သိမြင်ထင်ရှား၍ နာမ် ရုပ် အစုမျှသာတည်းဟု ယောဂီပုဂ္ဂိုလ်ဉာဏ်ဝ၌ ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝမရှိ ကင်းသုဉ်းဆိတ်၍ ရုပ်နာမ်သွားသည် စားသည် ရပ်သည် အိပ်သည် ထိုင် သည်ဟု အမြဲ ထင်မြင်လာလိမ့်မည်။

ထိုရုပ်အစုနာမ်အစု ဇာနုယာပုထ်လေးပါး၌အမြဲပိုင်းခြားထင်လာ သောအခါ ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမရူပပရိစ္ဆေဒဉာဏ် တဖက်ကမ်း ရောက်ပြီ ဟု မှတ်ရ၏။ ထိုသို့ပိုင်းခြား၍ နာမ်ရုပ်တို့ကို ရှုတိုင်းရှုတိုင်း သီးသန့်ခြားနား ၍ ဉာဏ်ဝ၌ အထင် အသိများသည်ရှိသော် ထို နာမ်ရုပ် နှစ်ပါး တို့၏ ပစ္စုပ္ပန် ဖြစ်ဆဲခဏ၊ ပျက်ဆဲခဏ၊ ဖြစ်ပေါ်လာတိုင်း ချုပ် တိုင်း ဓမ္မ သ ဘော သန္တတိအစဉ် ဥပါဒ်စွန်း ဘင်စွန်းကို အမြဲရှုသော ဝိပဿနာဉာဏ် က အမှီအသိ များလာ၏။ နေ့ရောညဉ့်ပါ အသိများသည်ရှိသော် ဥဒယဗ္ဗယ ဉာဏ်အစသို့ ရောက်၏။

ထိုဥဒယဗ္ဗယဉာဏ်အစ အလယ်သို့ရောက်သည်ရှိသော် ဒီပဇာလာ ဝိယ နဒီသောတောဝိယဟု ဟောတော်မူသောပါဠိတော်နှင့်အညီ အဇ္ဈတ္တ ရုပ်နာမ်တို့၏ တသိမ့်သိမ့် တသဲသဲတရွရွနှင့် သဲကမ်းပါးများ ပြိုနေသလို ဉာဏ်ဝ၌ သိထင်၏၊ ရုပ် ဖြစ်ခြင်းပျက်ခြင်းကို အကြွင်းအကျန်မရှိထင် လာသည်ရှိသော် ရုပ်ဓာတ်တို့၏ ဝိပရိဏာမဒဏ်ချက်ကို ခံစားတတ်သော သိသော ဝေဒနာနုပဿနာတို့သည် အပ်နှင့်ဆွဘိသကဲ့သို့ရင်းစူးနှင့် ထိုးဆွ ဘိသကဲ့သို့ရင်း ရံဖန်ရံခါဖြစ်တတ်သည်။

ထိုနာမ်ရုပ်တို့၏ တသိမ့်သိမ့်တသဲသဲ အမြဲမပြတ် ဖောက်ပြန်ခြင်း ကြောင့် ဝေဒနာနုပဿနာ ဒုက္ခသစ္စာ သာမညအားဖြင့် ထင်ရှားလာသည် ရှိသော် ဘဝသံသရာက စွဲလန်းလာသော သက္ကာယအတ္တဒိဋ္ဌိနှင့် ယှဉ်သော စိတ်က ခန္ဓာကိုယ်ကို ငဲ့ညှာ၍ငဲ့ညှာ၍သက်သာရာရအောင် အရှုလစ်တတ် သည်။ ထိုအခါကိလေသာစင်ကြယ်သောဝိပဿနာစိတ်ကြောင့် ဖြစ်သော သမာဓိ၏အစွမ်းဖြင့် သြဘာသပီတိ နိကန္တိဟု ဆိုအပ်သော ဝိပဿနာ၏ ညစ်ညူးကြောင်း အန္တရာယ်ဆယ်ပါးတို့သည် ဖြစ်ပေါ်လာတတ်၏။

ထိုအန္တရာယ်တို့ကို အာရုံမပြုဘဲ ဒုက္ခဝိပဿနာကို အမြဲသိအောင် အာရုံပြုသည်ရှိသော် သိမ်မွေ့သောရုပ်၊ သိမ်မွေ့သောစိတ်၊ သိမ်မွေ့ သော ဝေဒနာတို့၏ ဖြစ်ခြင်းပျက်ခြင်းကို အမြဲသိလာကြလိမ့်မည်။ သိနေ လိမ့်မည်။ထိုသို့ဥဒယဗ္ဗယဉာဏ် တဖက်ကမ်းရောက်၍ဘင်္ဂဉာဏ်အစရောက် သည်ရှိသော်သဲကမ်းပါးများပြိုကျနေသလို၊မီးလျှံများတရိပ်ရိပ်နှင့် ပျက် ပျက်နေသလို ထသောရုပ်နာမ်သည် ထိုင်ရာသို့မပါ၊ ဆန့်သောလက်သည် ကွေးရာသို့မပါ၊မြှောက်သောခြေလှမ်းသည် ချရာသို့မပါဘဲ ချုပ်၍ချုပ်၍ ကုန်ကုန်ကျန်ရစ်နေသည်ကိုနှေ့ည၌မပြတ် အမြဲသိထင်လာကုန်မည်။ ထိုသို့ သိထင်လာသည်ရှိသော် ထိုအာရုံအတိုင်း မလွတ်စေဘဲ အမြဲရှုသည် ရှိသော် ဘယဉာဏ် အစရှိသော အထက်ဉာဏ်တို့သည် အစဉ်အတိုင်း ရောက်၍ မိုးလုံးစက် ကျဘိသကဲ့သို့ ရုပ်နာမ်ခန္ဓာကို စွန့်လွှတ်သော စွန့်ခဲ့ သော ရုပ်နာမ်ခန္ဓာ ဖြစ်ခြင်း ပျက်ခြင်း မရှိရာ အသင်္ခတဓာတ်ကို အာရုံ ပြုသော မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်သည် ဖြစ်ပေါ်လာသည်ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူသည်။

ထိုအခိုက်အတန့်၌ ဥဒယဗ္ဗယဉာဏ် မုစ္စိတုကမျတာဉာဏ် စသည်တို့ကြောင့် လွန်မင်းစွာ ဆင်းရဲပင်ပန်းသော ဒုက္ခဒဏ်ချက်၊ ဒုက္ခသစ္စာ ရုပ်နာမ် ခန္ဓာတို့သည် နှလုံး၌ ပတ္တမြားတုံးကြီး ကျ၍ ထိလိုက်ဘိသကဲ့သို့ သိတိသန္တိ အလွန်မြေချင်းသာ၍ ရုပ်နာမ်ဖြစ်ခြင်း ပျက်ခြင်းမရှိရာ အသင်္ခတဓာတ်ကို စိတ်က အာရုံပြု၍ နေသိမ့်မည်။ အနုမာန မဟုတ်ဘဲ မုချဆတ်ဆတ် အာရုံပြုမိခဲ့လျှင် အလွန်သန့်ရှင်းခြားနားပြီဟုမှတ်။

## အထူးသိရန်အချက်

အသင်္ခတဓာတ်ကို အာရုံပြုသော အခိုက်အတန့် စိတ္တုပ္ပါဒ်သည် လေးကြိမ်ငါးကြိမ်သာရှိ၏။ ဥပမာ ရန်သူလိုက်၍ ရှေ့ကပြေးသွားသော သူသည်ချောင်းမြောင်းကိုခုန်လွှား၍တဖက်ကမ်းသို့ရောက်သကဲ့သို့တည်း။ ဝိပဿနာဉာဏ်ကိုးပါးက ရုပ်နာမ် ဖြစ်ခြင်းပျက်ခြင်းကိုထပ်၍ အာရုံပြုသည်။ မဂ်စိတ္တုပ္ပါဒ်က ရုပ်နာမ်သုဉ်းဆိတ်ရာ အသင်္ခတဓာတ်ကို အာရုံပြုလိုက်သည်ဟု မြတ်စွာဘုရား ဒေသနာတော်၌လာသည်။

ဤကား ရွှေဥဒေါင်းတောင် တောရဆရာတော်ကြီး၏ စာဖြင့် ရေးပေးသော မိန့်ခွန်းတော်တည်း။ ကိုယ်တိုင်ကျင့်ကြံ၍ သိတော်မူသည့်အတိုင်း ရေးပေးတော်မူတာ ဖြစ်ပါသည်။ ဤကဲ့သို့သိချင်လျှင် အားထုတ်၍ ကြည့်ပါ။ ဤကိုယ်တော်ကြီးသည် ဒုက္ခပဋိပဒါဖြစ်ပါသည်။ ဒန္ဓာဘိညာနှင့် လက္ခဏာတူပါသည်။ အပဏီဟိတ ဝိမောက္ခခေါ်ပါသည်။

ဤကိုယ်တော်ကြီးသည် ဤစာကို ရေးစဉ်အခါက မအားမလပ်သောကြောင့် အချင်စလို ရေးရခြင်းဖြစ်ပါသည်။ သို့အတွက် စာ၌ တင တရာပိုလိုတာရှိလျှင် ပြင်၍ဖတ်ကြစေလိုပါသည်၊ တရားအားထုတ်သော ပုဂ္ဂိုလ်များသည် မိမိတို့ တွေ့ရသည်အတိုင်းကား မှတ်မိသလောက်တော့ ပြောတတ်ကြပါသည်။ ပြောတတ်သော်လည်း ကျမ်းဂန်မနှံ့စပ်သော ပုဂ္ဂိုလ်များမှာမူ ကျမ်းဂန်နှင့်ကိုက်ညီအောင် တလုံးပြီးမှတလုံး ဒေသနစုံ အစဉ်အတိုင်း မကျော်မလွှားရအောင်မပြောတတ်ကြပေ။ ကျမ်းဂန်တတ်သောသူများမှာလည်း အနုလောမဉာဏ်မှစ၍မဂ်ဉာဏ်အထိ တခုစီခွဲခြား၍ မပြောတတ်ပေ။ အဘယ်ကြောင့်ဆိုသော် အနုလောမဉာဏ်မှစ၍ မဂ်

ဉာဏ်အထိ စိတ္တုပ္ပါဒ် ခြောက်ခုသာရှိ၏။ ခြောက်ခုမှာ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်ဟူ၍ဖြစ်၏၊ ဤစိတ္တုပ္ပါဒ်ခြောက်ခုသည် ဘုရားသခင်မှသာ ခွဲခြား၍ သိနိုင်၏။ အဘယ်ကြောင့် ဆိုသော် မျက်စိတမှိတ်အတွင်း၌ နာမ်ဓာတ်ကလေးတွေ ကုဋေတသိန်းကျော် ပျက်သည်ဆိုရာ၌ ထိုစိတ္တုပ္ပါဒ် ခြောက်ခုသည် မျက်စိတမှိတ်ခန့် ကာလအတွင်း ကုဋေပေါင်းများစွာ ပျက်ရသော စိတ္တုပ္ပါဒ်တို့တွင် ရှေးဦးစွာသော စိတ္တုပ္ပါဒ် ခြောက်ခုဖြစ်၍ လူတို့ ဘယ့်နှယ်သိနိုင်ပါမည်နည်း။

ဥပမာ။ ။ပါးလှသော စက္ကူချပ်ကလေးတွေ ကုဋေပေါင်းများစွာ ထပ်ထားကာ ဤစက္ကူကို ဖောက်ထွင်းနိုင်သည့် စို့ကိုတင်ပြီး ကြီးစွာသောတူနှင့် အားရှိသောသူက တချက်တည်းပေါက်အောင် အား ကုန်ထု၍ ဖောက်လျှင် ထောက်ခနဲ ပေါက်လတ္တံ့။ ပေါက်သွားသောအခါ တချက်တည်း ထောက်ခနဲဆို ကုဋေပေါင်းများစွာသော စက္ကူချပ်တွေ ပေါက်သွားသည့်အနက် ပဌမစက္ကူကိုစို့က ဘယ်လိုဖောက်တယ်၊ စက္ကူက ဘယ်လိုဖြစ်သွားတယ်၊ ဘယ်လိုမြည်သွားတယ်၊ ဒုတိယစက္ကူတော့ ဘယ်လိုနေတယ်။ တတိယစက္ကူ စတုတ္ထစက္ကူ ပဥ္စမ ဆဋ္ဌမစက္ကူများလည်း တချပ်စီ ဘယ်လိုဖြစ်တယ်လို့ ပြောပြနိုင်ကြပါမည်လား။ သိကောသိမတဲ့လား၊ အားလုံး ဖောက်သွားတာတောင်မှ ထောက်ခနဲလို့သာ တချက်မည်း သိလိုက်ရတာကလား၊ တချပ်စီခွဲ၍ ဘယ်မှာသိနိုင် ပြောပြနိုင်ပါတည်နည်း။

ကျမ်းဂန်၌ကား စိတ္တုပ္ပါဒ်တခုစီအကြောင်း ခွဲခြား၍ ရေး၏။ ရေးသည်မှာလည်း တရားသဘောအစဉ်ကို သိစေလို၍သာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သနားကရုဏာတော်ဖြင့်ဟောတော်မူသွားသောကြောင့်သာ ကျမ်းဂန်၌ရှိခြင်းဖြစ်ပါသည်။ စိတ္တုပ္ပါဒ်တခုစီကို သိဘို့ကိုကား ဘုရားသခင် ရွှေဉာဏ်တော်အရာသာတည်း။ မဂ်ဘဲဟူ၍ကား မဂ်အကြောင်းကို မကြားဘူးသော ယောဂီမသိပါ။ မဂ်ဟု အမည်မမှည့်တတ်ပါ။ ဖြစ်ပျက်တာသိတဲ့ စိတ်ချုပ်သွားသည်ကို တွေ့နေရတဲ့ ဖြစ်ပျက်တွေ ပျောက်သွားသည်ကို စိတ်ရောကိုယ်ပါ ပျောက်သွားသည်ဟူ၍ကား သိကြပါ၏။ ဒါတောင်မှ မဂ်နောက် ဖိုလ်စိတ်တွေ များများဆက်ကြတဲ့ လူများမှ သာပြီးထင်ရှားပေတော့၏။

ဥပမာမှာ တောက လူရိုးတယောက်ကို ရန်ကုန်မြို့ မုန့်တိုက်ကြီးက အလွန်ကောင်းသော ချိုဆိမ့်လှစွာသော မုန့်ကိုကျွေးလျှင် ချိုမှုန်းဆိမ့်မှုန်း ကောင်းမှုန်းသိ၏၊ မုန့်၏အမည် ကိုကား ပြောတတ်မည် မဟုတ်ပေ၊ ဤကဲ့သို့ပင် ယောဂီပုဂ္ဂိုလ်မှာ တရား၏အရသာကိုကား ဘယ်လိုနေသည်ဟု တပ်အပ်ဒိဋ္ဌပြောတတ်၏။အမည်ကိုကား ကြားဘူးနားဝမရှိလျှင် မပြောတတ်ပါ။ ဤကား ပဋိပတ္တိပုဂ္ဂိုလ်များ၏ ကိုယ်တိုင် ကျင့်ကြံ၍သိရသော ပဋိပတ္တိက္ကမနည်းတည်း။ ပရိယတ္တိပုဂ္ဂိုလ်များ၏ဒေသနာက္ကမနည်းမှာမူကား ဝိသုဒ္ဓိမဂ်၌-

ဧဝံတထာ၊ ထိုအတူ။ အယံယောဂါဝစရောပိ၊ ဤယောဂီသည်လည်း။ ဘဝယောနိဂတိဋ္ဌိတိနိဝါသာနံ၊ သုံးပါးသောဘဝလေးပါးသောယောနိ, ငါးပါးသောဂတိ, ခုနစ်ပါးသော ဌိတိ, ကိုးပါးသော နိဝါသပုဂ္ဂိုလ်၏။ ပရတိမှုဘူတော၊ ကမ်းတဘက်သဘွယ်ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ပဘိဋ္ဌာတုကာမော၊ တည်လိုသည်ဖြစ်၍။ ဥဒယဗ္ဗယာနုပဿနာဒိနာ၊ ဥဒယဗ္ဗယာ နုပဿနာအစရှိသော။ ဝေဂေန၊လျင်သောဥာဏ်အဟုန်ဖြင့်။ ဝဓိတ္ဝာ၊ ပြေးသွား၍။ အတ္တဘာဝရုက္ခသာခါယ၊ အတ္တဘောတည်းဟူသော သစ်ကိုင်း၌။ ဗန္ဓိတ္ဝာ၊ ဖွဲ့ချည်၍။ သြလမ္ဗိတံ၊ တွဲရရွဲဆွဲသော။ ရူပရဇ္ဇုံ၊ ရုပ်ကြိုးကိုဋင်း။ ဝေဒနာဒိသု၊ ဝေဒနာစသည်တို့တွင်။ အညတြဒဏ္ဍဝါ၊ တပါးပါးသော ဒုတ်ကိုဋင်း။ အနိစ္စံ၊ မမြဲ။ ဣတိဝါ၊ဤသို့ဋင်း။ ဒုက္ခံ၊ ဆင်းရဲ။ ဣတိဝါ၊ ဤသို့ဋင်း။ အနတ္တာ၊ အစိုးမရ။ ဣတိဝါ၊ ဤသို့ဋင်း။ အနုလောမာဝဇ္ဇနေန၊ အနုလုံအာဝဇ္ဇန်းဖြင့်။ ဂဟေတွာ၊ ကိုင်စွဲ၍။ တံ၊ ထိုကြိုးဒုတ်ကို။ မုဉ္စမာနောဝ၊ မလွှတ်ဘဲသာလျှင်။ ပဌမေနအနုလောမစိတ္တေန၊ ပဌမအနုလုံစိတ်ဖြင့်။ ဥလ္လင်္ဃိတွာ၊ခုန်၍။ ဒုတိယေနအနုလောမစိတ္တေန၊ ဒုတိယအနုလုံစိတ်ဖြင့်။ ပရတီရ နိန္နပေါန ပဗ္ဘာရ ကာယောဝိယ၊ ကမ်းတဘက်သို့ညွှတ်သော ကိုင်းသော ငုံ့သော ကိုယ် ရှိသကဲ့သို့။ နိဗ္ဗာနနိန္နပေါဏပဗ္ဘာရမာနသော၊ နိဗ္ဗာန် သို့ ညွှတ် သော ကိုင်းသော ရှိုင်းသောစိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ တတိယေန အနုလောမစိတ္တေန၊ တတိယ အနုလုံစိတ်ဖြင့်။ ပရတီရဿ၊ ကမ်းတဘက်၏။ ဥပရိဘာဂံ၊ အထက်အဘို့သို့။ ပတ္တောဝိယ၊ ရောက်သကဲ့သို့။ ဣဒါနိ၊ ယခုပတ္တဗ္ဗဿ။ ရောက်အပ်သော။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ အာသန္နော၊ အနီး

သည်။ ဟုတွာ၊ ဖြစ်၍။ တဿစိတ္တဿ၊ ထိုတဘိယအနုလုံစိတ်၏။ နိရောဓေန၊ ချုပ်ခြင်းကြောင့်။ တံသင်္ခါရာရမ္မဏံ၊ ထိုကြိုးဒုတ်သင်္ခါရအာရုံကို။ မုဉ္စိတွာ၊ လွှတ်၍။ ဂေါတြဘူစိတ္တေန၊ ဂေါတြဘူစိတ်ဖြင့်။ သင်္ခါရေ၊ ဥပါဒ်ဌီဘင်သင်္ခါရကင်းသော။ ပရတိရဘူတေ၊ ဘဝ၏ကမ်းတဘက်သဘွယ်ဖြစ်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ပတတိ၊ ကျ၏။ ကောရမ္မဏေပန၊ နဗ္ဗာန်အာရုံပြု တကြိမ်တည်း၌ကား။ အလဒ္ဓါသေဝနတာယ၊ အာသေဝနပစ္စည်းမရသည်၏အဖြစ်ကြောင့်။ ဝေဒမာနော၊ တုန်လှုပ်သော။ သောပုရိသောဝိယ၊ ထိုယောက်ျားကဲ့သို့။ သုပ္ပတိဋ္ဌိတော၊ ကောင်းစွာတည်သည်။ နဟောတိ၊ မဖြစ်နိုင်သေး။ တတော၊ ထိုနောင်မှ။ မဂ္ဂဉာဏေန၊ မဂ်ဉာဏ် ဖြင့်။ ပတိဋ္ဌာတိ၊ တည်၏။ ဣတိအယံ၊ ဤသည်ကား။ ဥပမာ၊ ဥပမာတည်း။

ဤကား စာနည်းအတိုင်း အနုလောမဉာဏ် ကစ၍ မဂ္ဂဝီထိ ကျအောင် ဥပမာနှင့်ပြပုံတည်း။

တတ္ထ၊ ထိုအနုလုံဂေါတြဘူနှစ်ပါးတို့တွင်။ အနုလောမံ၊ အနုလုံသည်။ သစ္စပဋိစ္ဆာဒကံ၊ နိရောဓသစ္စာကို ဖုံးအုပ်သော။ ကိလေသတမံ၊ ကိလေသာ အဝိဇ္ဇာအမိုက်မှောင်ကို။ ဝိနောဒေတုံ၊ ပယ်ဖျောက်ခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံကာတုံ၊ အာရုံပြုခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။

ဂေါတြဘူ၊ ဂေါတြဘူသည်။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာလျှင်။ အာရမ္မဏံကာတုံ၊ အာရုံပြုခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ သစ္စပဋိစ္ဆာဒကံ၊ နိရောဓသစ္စာကို ဖုံးအုပ်သော။ တမံ၊ ကိလေသာ အဝိဇ္ဇာ အမိုက်တိုက်ကို။ ဝိနောဒေတုံ၊ ပယ်ဖျောက်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်။

ယဿ၊ အကြင်သူအား။ အနုလောမာနိစိတ္တာနိ၊ အနုလုံ စိတ်တို့သည်။ တီဏိ၊ သုံးကြိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဿ၊ ထိုသူအား။ စတုတ္ထံ၊ လေးကြိမ်မြောက်။ ဂေါတြဘူစိတ္တံ၊ ဂေါတြဘူစိတ်သည်။ ဟောတိ၊ ဖြစ်၏။ ပဉ္စမံ၊ ငါးကြိမ်မြောက်။ မဂ္ဂစိတ္တံ၊ မဂ်စိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့သည်။ ဒွေ၊ နှစ်ကြိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကား ဝိသုဒ္ဓိမဂ်အတိုင်းပင် ဒေသနာနာက္ကမနည်းကို အစီအစဉ်အတိုင်း သဘောကို တလုံးမကျန် ဘုရားဟောအတိုင်း ရေး၍ ကျယ်၏။

ပဋိပတ္တိကုမ္မနည်းကား ယောဂီပုဂ္ဂိုလ်တို့သိရသည့်အတိုင်းရေးရ၍ကျဉ်၏။ သို့ရာတွင် ၎င်းတို့၏အဓိပ္ပါယ်ကား အတူတူပင်တည်း။

## ဓမ္မဒေသနာတရားသတင်းစာ

ဓမ္မဒေသနာတရား သတင်း သတင်းစာ နံပါတ် ၅၅ အုပ် တွင် ပါသော ရန်ကုန်မြို့ သရက်တောကျောင်းတိုက် မြို့မကျောင်း ဦးဒေဝယျသေန အရှင်သူမြတ်၏မိန့်ခွန်းသည် ကျမ်းဂန်မှထုတ်၍ လူပြိန်းနားလည်လောက်အောင် ရေးသားထားရာ ကျမ်းဂန်အတိုင်း ယထာဘူတကျနလှသည့်ပြင် ဝိပဿနာ ယောဂီများနှင့် အလွန်တရာ သင့်လျော်သည် ဖြစ်သောကြောင့် ဗဟုသုတအလို့ငှါ ရေးထည့်လိုက်ပါသည်။

ကိုယ့်ကိုယ်မှာ (ဖြစ်ပျက်ဖြစ်ပျက်) နေသော (ဖြစ်ပျက်) အစဉ်ကို အဆုံးမြင်အောင်ရှု၊ ဖြစ်ပျက်၏အဆုံး၌ရှိသော မဖြစ်နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်ဖြင့် မြင်လတ္တံ့။ ကိုယ့်ကိုယ်မှာ ရှိသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ အစရှိသော ရုပ်တရားတို့ ဖြစ်ပျက်နေသည်ကို အာရုံပြု၍ ကြည့်ရှုဆင်ခြင်သည်ရှိသော် ဖြစ်ပျက်တို့ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံဟူ၍ ဉာဏသမ္ပယုတ်ဇောဖြစ်၏။ ဤအနုလုံတွင် ဖြစ်ပျက်ဆုံးသည့် အနုလုံနောက် ဖြစ်ပျက်အဆုံး၌ရှိသော မဖြစ်နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြစ်လတ္တံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ အဖြစ်တရားသည်။ အတ္ထိ ရှိ၏။ တသ္မာ၊ ထိုသို့အဖြစ်တရားရှိသောကြောင့်။ ဇာတဿ၊ ဖြစ်တရား၏။ နိဿရဏံ၊ လွတ်ကင်းရာဖြစ်တရားသည်။ ပညာယတိ၊ ထင်ရှား၏။(ဥဒါန ပါဠိတော်)။

ဖြစ်တရား၏ လွတ်ကင်းရာ မဖြစ်တရား ကို နိဗ္ဗာန်ဆိုသည်။

ဉပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနံ။ (ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၁၃-၅၃)။

သင်္ခါရာ၊ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဉပ္ပါဒေါ၊ဖြစ်တရားတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အနုပ္ပါဒေါ၊ မဖြစ်တရားတည်း။

အမတံ၊ သေခြင်းမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပါရံ၊ တဖက်ကမ်းဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ပါရံ၊ နိဗ္ဗာန်တည်းဟူသော သံသရာတဖက်ကမ်းသို့။ ဂတော၊ ရောက်တော်မူ၏။ ပါရပတ္တော၊ နိဗ္ဗာန်သို့ရောက်တော်မူ၏။ အန္တဂတော အန္တပတ္တော၊ ဖြစ်ပျက် အဆုံးသို့ ရောက်တော်မူ၏။ ကောဋိဂတော ကောဋိပတ္တော ပရိယန္တဂတော ပရိယန္တပတ္တော၊ သံသရာ၏ နောက်ဆုံး အစွန်အဖျားသို့ ရောက်တော်မူ၏။ အစ္စုတဂတော၊ အစ္စုတပတ္တော၊ အမတဂတော၊ အမတပတ္တော၊ မသေရာအရပ်သို့ ရောက်တော်မူ၏။ နိဗ္ဗာနဂတော နိဗ္ဗာနပတ္တော၊ မဖြစ် အေးမဖြစ်ငြိမ်းရာသို့ ရောက်တော်မူ၏။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ခန္ဓပရိယန္တေ၊ ခန္ဓာ၏အဆုံးဖြစ်သော နိဗ္ဗာန်၌။ ဌိတော၊ တည်နေ၏။ လ၊ သံသာရပရိယန္တေ၊ ဖြစ်ပျက်အစဉ်၏ အဆုံးဖြစ်သော နိဗ္ဗာန်၌။ ဌိတော၊ တည်နေ၏။

နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံး၌ရှိကြောင်းကို ဤမဟာနိဒ္ဒေသပါဠိတော်ကို ကြည့်ခြင်းအားဖြင့် သိသာထင်ရှားလှ၏။

အနုပါဒါ ပရိနိဗ္ဗာန်ဆိုသည်ကား အကြောင်း၏ အစွမ်းအားဖြင့် မဖြစ်သောအသင်္ခတဓာတ် ကိုသာလျှင် အနုပါဒါ ပရိနိဗ္ဗာန်ဟူ၍ ဆိုကုန်၏။ ဤနိဗ္ဗာန်သည် အဆုံးတည်း။ ဤနိဗ္ဗာန်သည် အစွန်ဆုံးတည်း။ ဤနိဗ္ဗာန်သည် ဖြစ်ပျက်၏အဆုံးစွန်တည်း။

## ပဏ္ဏာသ အဋ္ဌကထာအနက်

ခယဝယ သင်္ခါတာံအန္တံအတိတန္တိအစ္စန္တံ၊ ပျက်ခြင်းကို လွန်သောကြောင့် နိဗ္ဗာန်သည် အစ္စန္တမည်၏။ ခယနိရောဓော အစ္စန္တနိရောဓော၊ ရုပ်နာမ် သင်္ခါရတို့၏ ဖြစ်ခြင်း ဘင်္ဂလက္ခဏာကို ခယနိရောဓဆိုသည်။ နိဗ္ဗာန်ကို အစ္စန္တနိရောဓဆိုသည်။

(သတ္တင်္ဂုတ္တရပါဠိတော် ၃၉၈ မူလပဏ္ဏာသ စူဠတဏှာ သင်္ခယသုတ် (၂၉၃) သတ္တင်္ဂုတ္တရအဋ္ဌကထာ ၁၆၆)။

ဤပါဠိတော်အဋ္ဌကထာ အာဂုံယုတ္တိတို့ဖြင့် ဖြစ်ပျက်၏ အဆုံးရှိသော မဖြစ်နိဗ္ဗာန်သည် ဂေါတြဘူဉာဏ် ဖိုလ်ဉာဏ်တို့၏ အာဖြစ်သောရုံ

နိဗ္ဗာန်ပေတည်း။ ထိုနိဗ္ဗာန်ကိုမြင်လိုပါလျှင် ကိုယ့်ကိုယ်မှာရှိသော ဖြစ်ပျက်ကို မြင်အောင်ရှုရမည်။ ကိုယ့်ကိုယ်မှာ ဖြစ်ပျက် ဖြစ်ပျက်နေသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ ရုပ်တို့၏ဖြစ်ပျက်ကို အဆုံးမြင်အောင်ရှုပါလျှင် ဖြစ်ပျက်၏ အဆုံး၌ရှိသော မဖြစ်နိဗ္ဗာန်ကိုမြင်နိုင်သည်။ ထိုမဖြစ်နိဗ္ဗာန်ကို ကိုယ့်ကိုယ်၌ တွေ့နိုင်ကြောင်း ဤသို့ဆိုတော်မူ၏။

ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ။ လောက သမုဒယဉ္စ၊ လောက နိရောဓဉ္စ လောက နိရောဓဂါမိနိ ပဋိပဒဉ္စ (စတုကင်္ဂုတ္တရ ပါဠိတော် ၂၉၆ သဂါထာဝဂ္ဂ သံယုတ် ပါဠိတော် ဒေဝပုတ္တသံယုတ် ၃၇)။

စိတ်သညာရှိသော တလံမျှလောက်သော ဤကိုယ်၌ပင်လျှင် ဖြစ်ပျက်ကိုဎင်း၊ ဖြစ်ခြင်း၏အကြောင်းကိုဎင်း မဖြစ်နိဗ္ဗာန်ကိုဎင်း မဖြစ်နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကိုဎင်း ငါဘုရားဟောကြား သိစေတော်မူ၏။

(ဖြစ်မဖြစ်) ပရမတ်အစစ်ဖြစ်သဘော၊ (မဖြစ်) သဘောဟူ၍ အဟုတ်အမှန်ရှိသော ပရမတ်သဘောသည်ကား နှစ်မျိုးသာလျှင်ရှိ၏။ ဖြစ်သဘောသည် တည်ရာ မှီရာ ရှိမှသာလျှင် ဖြစ်သည်။ တည်ရာမှီရာမရှိဘဲ ဖြစ်သည်မဟုတ်။ ရုပ်တရားသည် နာမ်တရား၌ တည်မှီ၍ဖြစ်သည်။ နာမ်တရားသည် ရုပ်တရား၌ တည်မှီ၍ ဖြစ်သည်။ ရုပ်တရားအချင်းချင်းတပါးသည် တပါးကိုမှီ၍ဖြစ်သည်။ နာမ်တရားသည်သည်း အချင်းချင်းတပါးသည်တပါးကိုမှီ၍ဖြစ်သည်။သဟဇာတနိဿယပုရေဇာတနိဿယ၊ပစ္ဆာဇာတနိဿယ အတူတကွ မရှေးမနှောင်းတပြိုင်တည်းဖြစ်၍ မှီခြင်း၊ရှေ့ဖြစ်၍ မှီခြင်း၊ နောက်ဖြစ်၍မှီခြင်း၊ ဤသို့ စသည်ဖြင့် ရုပ်နာမ်တရားဟူသော (ဖြစ်) သဘောတို့သည် အချင်းချင်းမှီ၍ဖြစ်ကြကုန်၏။ မှီရာတည်ရာမရှိဘဲ ဖြစ်ကြသည်မဟုတ်ကုန်။

မဖြစ်အေး၊ မဖြစ်ငြိမ်း၊ အေးငြိမ်းခြင်း သန္တိလက္ခဏာရှိသော နိဗ္ဗာန် (မဖြစ်) သဘောသည်ကား၊ တည်ရာမှီရာရှိသည်မဟုတ်၊ အဘယ်ကြောင့် တည်ရာမှီရာ မရှိသနည်း (မဖြစ်) သဘောတည်ရာမရှိ၊ ထိုစကားမှန်၏။ မဖြစ်သဘောသည် ဘယ်နေရာ၌တည်၍ နေသနည်းဟု မဆိုနိုင်။ မဖြစ်သဘော၏တည်ရာ ဌာနကို ညွှန်ပြခြင်းငှါ မတတ်နိုင် ညွှန်ပြစရာမရှိ။

ဘိက္ခဝေ၊ ရဟန်းတို့။ တဒါယတနံ၊ ထို ဂေါဘူတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံအကြောင်းဖြစ်သော (မဖြစ်) သဘောသည်။ အတ္ထိ၊ ရှိ၏ တံ၊ ထိုမဖြစ်သဘောသည်။ အပထဝိ ေဝ၊ တည်ရာ မှီရာ မရှိသည်သာတည်း။ အပတ္တံဝေ၊ ဖြစ်ခြင်းမရှိသည်သာလျှင်တည်း။ အနာရမ္မဏမေဝ၊ တစုံတခုသော အာရုံကို အာရုံပြုခြင်းမရှိသည်သာလျှင်တည်း။ ဧသောဝေ၊ ဤ(မဖြစ်)သဘောသည်သာလျှင်။ ဒုက္ခဿ၊ ဖြစ်ပျက်ဆင်းရဲ၏။ အန္တော၊ အဆုံးတည်း။ (ဥဒါန်းပါဠိတော် ၁၀၂)။

ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံအကြောင်းဖြစ်သော(မဖြစ်)သဘော နိဗ္ဗာန်သည် တည်ရာမှီရာမရှိ ဖြစ်ခြင်းလည်းမရှိ အာရုံကိုအာရုံပြုခြင်းလည်းမရှိ ထို(မဖြစ်)သဘော နိဗ္ဗာန်သည် ဖြစ်ပျက်၏အဆုံးတည်း။ ဖြစ်ပျက်၏အဆုံးဖြစ်သော နိဗ္ဗာန်သည် တည်ရာမှီရာမရှိ။ အဘယ်ကြောင့် တည်ရာမှီရာမရှိသနည်း။ ဖြစ်ခြင်းမရှိလို့ တည်ရာ မှီရာ မရှိ။ အဘယ်ကြောင့် ဖြစ်ခြင်းမရှိသနည်း။ တည်ရာ မှီရာ မရှိလို့ ဖြစ်ခြင်း မရှိ။

တည်ရာမှီရာ ရှိလျှင် ဖြစ်ခြင်းရှိမြဲ၊ ဖြစ်ခြင်းရှိလျှင်လည်း တည်ရာမှီရာ ရှိမြဲ၊ တည်ရာမှီရာရှိသော ဖြစ်ခြင်းသဘောသည် ပျက်မြဲ၊ ဖြစ်ခြင်းသဘောရှိသော တည်ရာမှီရာသည်လည်း ပျက်မြဲ၊ မပျက်ဘဲ တည်ရာ မှီရာ ရှိသော ဖြစ်ခြင်းဟူ၍ တစုံတရာမရှိ။ ဖြစ်လျှင်ပျက်မြဲ မလွဲတံထွာခမ္မတာ၊ (မဖြစ်)နိဗ္ဗာန်သည်လည်း တည်ရာမှီရာမရှိ၍ ဖြစ်စရာမရှိ၍ ပျက်စရာမရှိ၊ အဘယ်ကြောင့် ပျက်စရာမရှိသနည်း မဖြစ်လို့ ပျက်စရာမရှိ၊ ဖြစ်လျှင် ပျက်မြဲ မရှောင်လွဲနိုင် (ဖြစ်)မဖြစ်ကို သဘောပိုင်အောင်ကြံ ဤနှစ်မျိုးသာလျှင် အမှန်ရှိသည်။

ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ အာရုံအကြောင်း ဖြစ်သော မဖြစ်နိဗ္ဗာန်ကိုမြင်လျှင် ဖြစ်ပျက်ကိုမြင်အောင်ကြည့်၊ ဖြစ်ပျက်ကို ကြည့်ရှု၍ ကောင်းစွာ ထင် လင်း သိမြင်သောအခါ မဖြစ် နိဗ္ဗာန်ကို အလိုလိုမြင်လာ၏။ ဖြစ်ပျက်ကို မမြင်ဘဲနှင့် မဖြစ်နိဗ္ဗာန်ကို မြင်ရိုး ထုံးစံမရှိ။ ဖြစ်ပျက်ကို ရှေးဦးစွာမြင်အောင်မကြည့်ရှုဘဲ(မဖြစ်)နိဗ္ဗာန်ကို ဘယ်လိုပင်ကြည့်ရှုသော်လည်းမြင်တာမျိုးမဟုတ်ဘူးမဖြစ်နိဗ္ဗာန်ကိုမြင်အောင် ကြည့်မည်ဟု သဘောမထားသော်လည်း ဖြစ်ပျက်ကို ကြည့်ရှု၍ ကောင်းစွာ ထင်မြင်သည်ရှိသော် (မဖြစ်)နိဗ္ဗာန်ကို အလိုလိုမြင်၍လာတာမျိုး။

တဒဓိဂမပဟိ သဗ္ဗဒုက္ခာဘာဝတော ဒုက္ခဿ အန္တောတိ၊
အယမေဝ တဿ သဘာဝေါတိ ဒဿေတိ (ဥဒါန်းအဋ္ဌကထာ)။

တဒဓိဂမေပဟိ တံအဓိဂမေပဟိ၊ ထို မဖြစ်နိဗ္ဗာန်ကို မြင်ရသော သူ တို့သည်။ သဗ္ဗဒုက္ခာဘာဝတော – သဗ္ဗဒုက္ခအဘာဝတော၊ အလုံးစုံသော ဖြစ်ပျက်ဒုက္ခမရှိလေသောကြောင့်။ ဒုက္ခဿ၊ ဖြစ်ပျက်ဒုက္ခ၏။ အန္တော၊ အဆုံးတည်း။ ဣတိအယမေဝ၊ ဤဖြစ်ပျက် ဒုက္ခဆုံးခြင်းသည်သာလျှင်။ တဿ၊ ထိုမဖြစ်နိဗ္ဗာန်၏။ သဘာဝေါ၊သဘောတည်း။ ဣတိ၊ ဤသို့။ဒဿေ တိ၊ ဧသေဝန္တော ဒုက္ခဿ ဟူသော ပါဠိတော်ဖြင့် ဟောတော်မူ၏။

ဤမြတ်ဗုဒ္ဓမိကိုယ်တော်ကြီး၏မိန့်ခွန်းစာ၌နိဗ္ဗာန်ကိုမြင်လိုလျှင်ဖြစ်ပျက် ကို မြင်အောင်ကြည့်၊ ဖြစ်ပျက်ကို ကောင်းစွာ မြင် သော အခါ၌ မဖြစ် နိဗ္ဗာန်ကို အလိုလိုမြင်၍လာလိမ့်မည်။ ဖြစ်ပျက်ကို ရှေးဦးစွာ မြင်အောင် မကြည့်ရှုဘဲ မဖြစ်နိဗ္ဗာန်ကို မြင်ရိုးထုံးမရှိ၊ ဖြစ်ပျက်ကို ရှေးဦးစွာ မြင် အောင် မကြည့်ရှုဘဲ မဖြစ်နိဗ္ဗာန်ကို ဘယ်လိုပင်ကြည့်ရှုသော်လည်း မြင် တာမျိုးမဟုတ်ဘူး။

မဖြစ်နိဗ္ဗာန်ကိုမြင်အောင် ကြည့်မည်ဟု သ ဘော မထား သော် လည်း ဖြစ်ပျက်ကို ကြည့်ရှု၍ ကောင်းစွာ ထင်မြင်သည် ရှိ သော်၊ မ ဖြစ် နိဗ္ဗာန်ကို အလိုလိုမြင်လာတာမျိုးဟူ၍ ရေးသားတော်မူခြင်းမှာ အလွန် တရာ ယထာဘူတကျပါ၏။

အလွန်ကောင်းလှပါ၏။တရားအားထုတ်ပေါက်မြောက်ဘူးသော သူများမှာ မိမိတို့အားထုတ်သော တရား၊ သိရသောတရားအတိုင်း ကျ နေ၍ဉာဏ်ရှင်းကြပေမည်။တက်ကြပေမည်မှာ မလွဲပင်။ သို့ရာတွင်လူပြိန်း တို့ နားလည် သဘောကျလောက်အောင် ဥပမာနှင့်ပြမှ သင့်လျော်မည် ထင်၍ ဥပမာပြအံ့။

ဥပမာမှာ အိမ်တဆောင်ကို မီးလောင်၍ အလျှံပြောင်တောက် လောင်၍ နေသတတ်။ လူတို့သည် မီးလောင်တာကိုကြား၍ ကြည့် ရှု ရန် လာ၍ ကြည့်နေကြသတတ်။ ထိုသို့ကြည့်နေရင်း မီးလျှံ တို့၏ အမျိုး မျိုး လောင်မြိုက်ပုံတို့ကို ကြည့်၍ ကောင်းတာနှင့်ကြည့်ရင်းကြည့်ရင်း မီးငြိမ်း သွားလတ္တံ့။ ထိုသူတို့သည် ပဌမ၌အိမ်တည်းဟူသော လောင်စာကိုလည်း

မြင်လတ္တံ့။ မီးတောက် မီးလျှံကိုလည်း မြင်လတ္တံ့၊ မီးငြိမ်းသွားသည်ကို လည်း မြင်လတ္တံ့။ အကယ်၍ မီးလောင်တာကို သွား၍မကြည့်လျှင် မီးတောက်မီးလျှံကိုလည်း မြင်ရမည်မဟုတ်၊ မီးတောက်မီးလျှံကို မမြင်ရသောကြောင့်လည်းမီးငြိမ်းတာကိုလည်းမြင်ရမည်မဟုတ်၊ မီးငြိမ်းတာကို မြင်ချင်လျှင်လည်း မူလကတည်းက မီးလောင်တာကိုအရင်သွား၍ကြည့်မှ ဖြစ်မည်။ မီးလောင်တာကို မြင်ခြင်းနှင့်ကင်း၍ မီးငြိမ်းတာကို မမြင်နိုင်ကြပေ။ ဤဥပမာအတိုင်းပင်တည်း။

## ရဲ၀ံ့စွာ အားမခံချက်

ဘုရားသခင် လက်ထက်က ဥဃ္ဃဋိတညူပုဂ္ဂိုလ်များသည် တရားကို တပုဒ်တဂါထာ ကြားနာရရုံနှင့် အရဟတ္တဖိုလ်ကို ရကြသည်။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များသည် တရားကို အကျယ် ဝိတ္ထာရ ဟောမှ အရဟတ္တဖိုလ် တည်ကြသည်။ ယခုခေတ် နေယျပုဂ္ဂိုလ်များသည် တရားနာရုံနှင့်အရဟတ္တဖိုလ်ကို မရနိုင် အားထုတ်မှ ရနိုင်မည်ဟု ဟောတော်မူ ပါသည်။ အားထုတ်လျှင်လဲ ကျကျနန အားထုတ်က ၇ ရက်အတွင်း အရဟတ္တဖိုလ် ကို ရနိုင်သည်ဟု မူလပဏ္ဏာသ သတိပဋ္ဌာနသုတ် ပါဠိတော်၌-

ယောဟိကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ၊ သတ္တာဟံ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဟူ၍ ဟောတော်မူပါသည်။

ဘိက္ခဝေ၊ ချစ်သားတို့။ ယောကောစိ၊ ရဟန်းရှင်လူ ခပ်သိမ်းသူသည်။ သတ္တာဟံ၊ ၇ ရက်ပတ်လုံး။ ဣမေစတ္တာရောသတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်တရားလေးပါးတို့ကို။ ဧဝံ၊ ဤသို့ပါဘုရားဟောတော်မူတိုင်း။ ဘာဝေယျ၊ နေ့ညမနား ပွားများအားထုတ်အံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်သောဘဝ၌ပင်။ အညာဝါ၊ အရဟတ္တဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ဥပါဒိသေသေ၊ ခန္ဓာကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမိဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်

လတ္တံ့။ ဣဘိ၊ ဤ ဿို၊ ဒွိန္နံ ၁လာနံ၊ ဖိုလ်နှစ်ပါးဘို့ဘွင်။ အညတရံဖလံ၊ဖိုလ် တပါးပါးကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏၊ ဝါ၊ ရအပ်၏။

## ကြိုက်ရာလမ်းသို့ သွားကြပါကုန်လော

သံသရာခရီးစဉ် မသိ၍ မေးသော ဘဘကြီး ဦးအဝိဇ္ဇာနှင့် မောင် ပဏ္ဍိတို့ **အမေးအဖြေ**။

မေး။ ။**မောင်ပဏ္ဍိရေ**-ဘဘကြီးကို သံသရာ **သွား သော လမ်း** မသိ၍ ခန်းညွှန်ပြပေးပါကွယ်။

ဖြေ။ ။ဘဘကြီးရဲ့ (အပုညာဘိသင်္ခါရ) ခရိုင်အတွင်း**ထ**နေပြီး အပါယ်လေးမြို့ သွားလာနေတဲ့ ဒုစရိုက်မီးရထားကြီး ရှိ တယ်။ ၎င်းမီးရထားကြီးကို စီးချင်တိုင်း မစီးရဘူး-၎င်း အပါယ်လေးမြို့ကို လမ်းပြရမယ်ဆိုလျှင် ( အပုညာဘိ ) ခရိုင်ကို သွားရာလမ်းမှာ အကုသလရွာကလေး တွေ့ လိမ့် မယ်၊ အဲဒီရွာထဲက နာမည်ကို ကျွန်တော်ပြောလိုက်မယ် မှတ်သွားနော်၊ ကိုပါဏာတိပါတာရယ်၊ ဘိုးအဒိန္နာဒါ နာရယ်၊ မယ်ကာမေသုမိစ္ဆာစာရရယ်၊ **မောင်မု**သာဝါဒ ရယ်၊ကိုပိသုနဝါစာရယ်၊ဘိုး**ဖရု**သဝါစာရယ်၊မောင်သမ္ဖပ္ပ လာပဝါစာရယ်၊ မောင် အဝိဇ္ဇာရယ်၊ ဘိုးဗျာပါဒကြီး ရယ်၊ ၎င်းရွာမှာ အကြီးအကဲကတော့ ဘိုးဘိုးလေးမိစ္ဆာ ဒိဋ္ဌိကြီးဟာ လူကြီးဘဲ၊၎င်းဆယ်ယောက်ထဲကတယောက် ယောက်ပါမှ ဒုစရိုက်မီးရထားကြီးကို စီးခွင့်ပြုတယ်။၎င်း ဒုစရိုက်မီးရထားကြီးစီးသွားရင် **အပါယ်လေး**မြို့ကို ဒါ ရိုက် ရောက်ပါတယ် ဘဘကြီးရယ်။

## ပုညာဘိသင်္ခါရခရိုင်လမ်းညွှန်

ကာမသုဂတိ ခုနစ်မြို့ကတော့ ပုညာဘိုခရိုင်ကနေပြီး ပုညကရိယာ မီးရထားစီးရတယ်၊ ပုညာဘိုခရိုင်သွားတဲ့လမ်းမှာ အဖော် သုံး ယောက်

တွေ့လိမ့်မယ်၊ ၎င်းအဖော်သုံးယောက်အမည်က ကိုသီလတဲ့၊မယ်ဒါနတဲ့၊ ကိုသမထတဲ့။ ၎င်းသုံးယောက်ပါမှ ပုညကရိယာ မီးရထားကြီးကို စီးခွင့်ပြုတယ်၊ ၎င်းမီးရထားကြီးစီးသွားလျှင် ကာမသုဂတိ ခုနစ်မြို့ကို ခဏက လေးနှင့် ရောက်ပါရော ဘကြီးရဲ့။ ရူပ ၁၁ မြို့ကိုသွားချင်တော့လဲ့ ပုညာဘိ ခရိုင်ကနေ၍ သမထမီးရထားစီးရတယ်။ ၎င်းရထားစီးလျှင် မောင်ကသိုင်း ၁၀ ပါးရယ်၊ ကိုအသုဘ ၁၀ ပါးရယ်၊ ဦးဗြဟ္မဝိဟာရ လေးပါးရယ်၊ မောင်အာနာပါနနှင့် ဘိုးကာယဂတာသတိရယ်။၎င်း ၂၆ ယောက် ဘဘကြီးက သွားချင်တဲ့ ရုပ်မြို့ကို ပြောလိုက် သူ့မြို့နှင့်သူ သက်ဆိုင်ရာ လမ်းရနိုင်လိမ့်မယ်။ ၎င်းလူတွေလိုက်ပို့လျှင် သမထယာဉ်စီးပြီး ရူပမြို့ကြီး ကို တီးကနဲရောက်သွားလိမ့်မယ် ဘဘကြီးရဲ့။

အရူပလေးမြို့ကိုသွားချင်ရင်လဲ၊ အာနဉ္ဇာဘိသင်္ခါရခရိုင်ကနေပြီး ပညတ်တည်းဟူသော သမထမီးရထားကြီးစီးသွားရတယ်။ အာရုပ္ပ လေး ယောက်ကိုတော့ ဘဘကြီး ခေါ်သွားမှဖြစ်မယ်။ သူတို့လေးယောက်မပါ လျှင် မီးရထားစီးရဘို့ မလွယ်ဘူး၊ သူတို့နာမည်ကတော့ ကျွန်တော်ပြော လိုက်မယ်။ ဘိုးလေးအာကာသာနဉ္စာရယ်၊ ဘိုးကြီးဝိညာဏဉ္စာရယ်၊ ဘိုးနတ္ထိကိဉ္စိရယ်၊မောင်သန္တမေတံ-ပဏီတမေတံရယ်၊ ၎င်းလေးယောက် ကို ချော့မော့ပြီး အဆင်ပြေအောင် ပြောလျှင် သက်ဆိုင်တဲ့သူက ဘဘ ကြီးသွားချင်တဲ့ဆီကို နေရာတကျ သူ့ဌာနကလေးနှင့်သူ ရောက်အောင် ပို့ပါလိမ့်မယ်။ နာမ်ဝိညာဏ်မရှိဘဲ ကိုယ်တုံးလုံးနှင့် ရုပ်ကြီးတွေ့ရန် အသ ညသတ်ကို သွားလိုလျှင် ဦးဓမ္မစိတ္တံခေါ်သွားတွေ့ရပါလိမ့်မယ် ဘဘကြီး ရယ်။

နိဗ္ဗာန်တကယ်သွားလိုလျှင် မဂ္ဂင်ဝင်သီလ၊ သမာဓိ၊ ပညာဘဲ။

စီစဉ်ညွှန်ကြားသူ ဥက္ကဋ္ဌကြီး ဆရာကျော်မြ
တွဲဘက်အကျိုးဆောင် ဦးအောင်သန်း။

## သံဝေဂတရားတော်ကြီး

ဒုက္ခော ဘယာနကော လောကော၊ သဗ္ဗေသမာတိ မဒ္ဒနော။
တေန ဒုက္ခံ အနုဘောန္တိ၊ တသ္မာ သောခေယျ ပါပကံ။

ဘောဓေ္တာ၊ သင်္ခါရနယ်အတွင်းမှာ ဒုက္ခနှင့်မလွတ်ကင်းဘဲ ဇွတ်အတင်းပျော်ပါး အိုလူအများတို့။ လောကော၊ ဖြစ်ကြလျှင်ပျက် ဆက်ကြလျှင်ဒုက္ခ ဘယ်ဟာမှမချမ်းသာ နယ်အာ်ါတာတွေနှင့် စခန်းကအကွာ ဘရမ်းဘဘာ ဖြစ်ချင်တာတွေရှိသမျှ တစိကမ မကျန်ရအောင် ဖြစ်ချင်တိုင်းဖြစ်ပြီးနေကြတဲ့ ငါတို့လောကကြီးသဲ့၌။ ဒုက္ခော၊ သားရေးသမီးရေး စီးပွားရေးနှင့် ကြီးပွားရေးတွေကလဲ့ တဒုက္ခ ရောင်းဝယ်ရေး လုပ်ကိုင်ရေးနှင့် နေရေးထိုင်ရေးတွေကလဲ့ တဒုက္ခ လင်ရေးမယားရေး စပါးရေးနှင့် တခြားအရေးတွေကလဲ တဒုက္ခ အိုဘေး နာဘေး သေမဲ့ဘေးနှင့် သံသရာနောင်ရေး အလွန်လေးတဲ့ ပြေးလို့မလွတ်နိုင်တဲ့ တဒုက္ခ ပဋိစ္စသမုပ္ပါဒ် စက်ရဟပ်နှင့် အဆက်မပြတ် လှည့်လည်ကာ ဆုံလည်သည့် နွားပမာလို အိုတာကတဖုံ နာတာကအစုံစုံ သေတာကလုံးစုံ ဘယ်ဘုံမှမလွတ်တဲ့ ဝဋ္ဋဒုက္ခ သုံးဆယ့်တဘုံမှာ စုံလိုစုံ ဆန်လိုဆန် တက်လိုတက် ပြန်လိုပြန်ကော်အမှန်မှုချ ဘဝမငြဲ ဖြစ်မငြဲဝဋ္ဋထဲသံသရာ ဖြစ်ချင်တာတွေရှိသမျှဖြစ်သမျှပျက် ပျက်သမျှမချမ်းသာ မချမ်းသာသမျှ ကိုယ့်စိတ်ကြည်လင် ဖြစ်ချင်သလို ဖြစ်နေကြတဲ့ ဒုက္ခတွေသည်။ ဘယာနကော၊ ကမ္ဘာတွေ အနန္တသတ္တဝါမှန်မျှ ဖြစ်တိုင်းဖြစ်တိုင်း ဘဝတို့မှာ မညှာမတာ ကြိတ်နှက်လျက် နှိပ်စက်ကာ နှောက်ရှက်လသော ကြောင့် ကြောက်မက်ဘွယ်ကောင်းလှပေကုန်၏တကား။ ဒုက္ခော၊ ဘဝတိုင်းမသက်သာ နှောက်ယှက်ခါ အတွင်းကြိတ်နှက်လျက် နှိပ်စက်တဲ့ဒုက္ခတွေသည်။ သဗ္ဗေသံ၊ ငယ်သူရွယ်သူဘယ်သူမှမရှောင် ကြီးတဲ့အကောင် ပစ္စည်းရှိသူ မရှိသူ မဲ့သူမရှောင် မော်မောက်တဲ့အကောင် ပညာရှိသူ မရှိသူ ကဝိတဆူမရှောင် ဂုဏ်မောက်တဲ့အကောင် မင်းလုပ်သူ မလုပ်သူ အသွင်မတူတဲ့ ဘုရင်တဆူကိုမရှောင် ပါဝါရှိတဲ့အကောင်၊ ဈာန်ဝင်သူမဝင်သူ ရသေ့တမူ နတ် လူ ဗြဟ္မာ မရှောင် တန်ခိုးကြီးတဲ့အကောင် မဂ်ဖိုလ်ရသူမရသူ ကမ္ဘာတလူ စိမ်းသူကြက်သူမရှောင် ခန္ဓာငါးပါးရှိတဲ့အကောင် မြားမြောင်သချာ သူရောင်ပါ သတ္တဝါခပင်း မကျန်ကြွင်းတဲ့ ၃၁ ဘုံဝဋ္ဋအတွင်း၌ ဇွတ်နင်းမျှော်ပါ သတ္တဝါအများကို။ အဘိမဒ္ဒနော၊ အစိမ်းလဲစားမည် အကျက်လဲစားမည် သနားဘွယ် တရားမရှိသဖြင့် ဘိစီးနှိပ်စက် လေ တော့ ၏။ တသ္မာ၊ ထိုကြောင့်။ ဒုက္ခံ၊ ဘယ်သူမပြု ကိုယ်ပင်ပြုတဲ့ ကိုယ့်အမှုကို ကိုယ်ထူးနှအောင် ကိုယ့်မီးတွေ ကိုယ်ကိုလောင်အောင်ပြေးလို့လဲ မလွတ်နိုင်

ဘောင် ပုန်းလို့လဲမလွတ်နိုင်အောင် အလွန်တရာများလှတဲ့ ဒုက္ခတွေကို။ အနုဘောဇ္ဈိ၊ငိုကာစောင်းကာမဲ့ကာ တစာစာနှင့် ဖြာဖြာသည်းအူ ငြိုးငြူကာ ခံစားရှိနေကြလေကုန်၏။ တသွာ၊ထိုတေးဘုမ္မကဝဋ္ဋအတွင်းမှာဖြင့် ဆေးသူမခံနိုင်အောင် ဒုက္ခနှင့်ညှင်းလိုက်ပုံက အတင်းအဓမ္မ မိး နှင့်တွေ့သလို ငြိုးငွေ့စရာ ကောင်းတဲ့သဘောတွေကြောင့်။ပါပကံ၊ဘာတိုင်းအချုတ်အချာ မဟုတ်တာ အတုလိုက် ယုတ်မာတဲ့ဒုစရိုက်တွေကို။ သောဓေယျ၊ မသိဘူး မမြင်ဘူးဆိုတာ အကောင်းကြီးလုပ်ပြီး ခေါင်းငုံ့ကာ မနေကြလေနှင့် အသိဉာဏ်တွေ အဟုတ် ထင်အောင် သုတ်သင်လိုက်ပါအုံးတော့။

သောဓေယျ၊ ကမ္မဋ္ဌာန်းအလုပ်နှင့် သူဘို့ကြောင့် အစွမ်း မ ထုတ်နိုင်ဘူးဆိုဘဲ့ လမ်း မဟုတ်တဲ့အမှား အယုတ်ဓမ္မတွေကို တခြားသို့ထုတ်နှင်ကာ ဩ....သုတ်သင်ရှင်းလင်းနိုင်ကြပါစေကုန်သတည်း။

## ခန္ဓာတွေ့ဗောဓိပက္ခိယတရား ၃၇ ပါး

## အကျဉ်းချုပ်

ဗောဓိပက္ခိယတရား ၃၇ ပါးမှာ သုတမယဉာဏ်သိ၊ စိန္တာမယဉာဏ်သိ၊ ဘာဝနာမယဉာဏ်သိလို့ သုံးမျိုးသုံးစားရှိပါသည်။ ထိုသုံးမျိုးသုံးစားမှာ သီလ သမာဓိ ပညာ ဝိပဿနာတရားကိုအားထုတ်လိုက်တော့လဲ အားလုံးဘဲ သဘာဝတူပါ၏၊ ဝိပဿနာတရားကိုမှ အားမထုတ်လျှင်ဉာဏ်သုံးမျိုးစလုံးချုပ်၍မသိနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ သုတမယဉာဏ်သည် သုတပါး ဟောပြောသောတရားကိုသာ ဟုတ်မှာဘဲဟုတွေး၍ သိတတ်သောဉာဏ်ဖြစ်ပါသည်။ ဒါကြောင့် သုတမယဉာဏ်ဟု ခေါ်သည်။ ၎င်းနောက် စိန္တာမယဉာဏ်သည် ဒေသနာကျမ်းအစောင်စောင်အရပ်ရပ်တို့နှင့် ဗဟုသုတနှင့်ကြံဆောင်၍ ထိုးထွင်း၍သိတတ်သောဉာဏ်အမြင်နှင့်သိတတ်သော ဉာဏ်ကိုစိန္တာမယဉာဏ်ခေါ်သည်။ ဘာဝနာမယဉာဏ်ဆိုသည်ကား မြတ်စွာဘုရား ကျင့်ကြံအားထုတ်တော်မူသော သီလ သမာဓိ ပညာ တည်းဟူသောဝိပဿနာတရားတော်ကြီးကို မြတ်စွာဘုရား

မှာထားတော်မူသည့်အတိုင်း လိုက်နာပြီး အားထုတ်လိုက်တော့ မိမိရဲ့ ခန္ဓာကိုယ်ပေါ်၌ ဝိပဿနာပညာဉာဏ်ဖြင့် သမ္မသနဉာဏ်နှင့် သုံးသပ်ဆင်ခြင်ကြည့်လိုက်တော့ ဥဒယဗ္ဗယဉာဏ်အားဖြင့် မိမိရဲ့ကိုယ်ခန္ဓာ၏ အတွင်းက မိမိခန္ဓာအာယတန ဓာတ်သစ္စာတို့ကို မပြတ်ဖြစ်ပျက်၍နေသော ပရမတ္ထသံသရာကို တွေ့၍နေရသောကြောင့် ဘာဝနာမယ ဉာဏ် သည် မိမိရဲ့ ခန္ဓာကိုယ်အတွင်းက မည်သူတဦးတယောက်မျှပြောပြသည်မဟုတ်ဘဲ ခန္ဓာဆိုတာ ဘယ်လိုများပါလိမ့် အာယတန ဆိုဒါကလဲ ဘယ်လိုများပါလိမ့် ဓာတ် ဆိုတာကလဲ ဘယ်လိုများ ပါ လိမ့် ပထဝီဆိုတာ မြေကြီးကို ခေါ်တာထင်ပါရဲ့၊ အာပေါဆိုတာ ရေကိုခေါ်တာ ထင်ပါရဲ့၊ တေဇောဆိုတာ မီးကိုခေါ်တာထင်ပါရဲ့၊ ဝါယောဆိုတာကတော့ လေတိုက်တာကို ခေါ်တာ ထင်ပါရဲ့ လို့ထင်ပြီး တွေးတောကြံဆဆောင်၍ ယူရသော ဉာဏ်မျိုးမဟုတ်ပါ။ မိမိခန္ဓာ ကိုယ် အတွင်းက ပေါ် လာသောတရား၊ သူ့သဘောသူဆောင်၍ ရုပ်၌ပေါ်လာသောတရားကို မိမိစိတ်နာမ်ဓာတ်ကလေးက သိသိနေရသောကြောင့် ဘာဝနာမယဉာဏ်ဖြစ်သည်ဟု ဟောတော်မူပါသည်။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဓမ္မံ ကာယေန ပဿတိ" လို့ ဟောတော်မူထားသည်။ အဓိပ္ပါယ် ကတော့ ဓမ္မံ၊ တရားတော်ကို။ ကာယေန၊ ကာယကိုယ်ပေါ်၌။ ပဿတိ၊ ရှုမြင်မိကြ ပလား ချစ်သား ချစ်သမီးတို့လို့ ဘုရားကမေးခဲ့သည် ရှိသော် ဘယ့်နှယ်များ ပြောကြမှာလဲလို့ စဉ်းစား၍ ဆင်ခြင်တော်မူကြပါသူတော်ကောင်းအပေါင်းတို့။ သို့သော်လဲ စိန္တာမယဉာဏ်သည် ကြံဆောင်၍ သိ တတ်သောကြောင့် မျိုးစေ့ပါရမီတော့ ဖြစ်ပါသေးသည်။ မဂ်ဖိုလ် ကိုတော့ မရောက်နိုင်သေးပေ။ ဘာကြောင့်ဆိုသော် အသိခြောက်မျိုး ရှိကြောင်းကို လယ်တီဆရာတော်ဘုရားကြီးက "သင်-မေး-နာ-ဆောင်၊ ကြံ-သိ-နောင်၊ နုဘောင် ကီများဖြာ" လို့ စပ်ဆိုတော်မူတယ်။ ထိုအသိ ငါးမျိုးကို အနုဗောဓဉာဏ်ဖြစ်ခြင်းကြောင့် ဉာဏ်သေးဉာဏ်နု လောကီဉာဏ် လို့ ဟောတော်မူတယ်။ မဂ်ဖိုလ်ရဘို့ကတော့ "ကိုယ်တွင်းတွေ့မှ၊ ပဋိဝေဒ၊ မှတ်ကြမဂ်ကိစ္စ" လို့ လယ်တီဆရာတော် ဘုရားကြီးကဟောတော်မူသည်။

ယောဂီတို့မှာ ဟိုနေ့က သီလ သမာဓိကို အားထုတ်နေကြဘုန်းက ဟောခဲ့တဲ့ သတိပဋ္ဌာန်တရား လေးပါး ကိုတော့ နောက်ကဟောပြီးပါပြီ။ ယောဂီတို့ကို ယခု ဟောမဲ့ သတိပဋ္ဌာန်တရားကတော့ ဝိပဿနာနယ်က သတိပဋ္ဌာန်ဟောပြမယ်၊ နားစိုက်ကြ၊ အာရုံချုပ်ထားကြ၊ ကိုယ်ပေါ်တဲ့ တရားနဲ့ ဟပ်နာကြပေတော့ ယောဂီတို့၊

မှန်လှပါဟောတော်မူပါဘုရား။

သတိပဋ္ဌာန်မှာ လေးပါးရှိတယ် ယောဂီတို့ရဲ့၊ မှတ် ထား ကြ ပေ တော့ ပြောပြမယ်။

## သတိပဋ္ဌာန်တရားလေးပါး

(၁) ကာယာနုပဿနာသတိပဋ္ဌာန်
(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်
(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်

သတိပဋ္ဌာန်လေးမျိုးကို ပေါင်းစည်းလို့ ပြောလိုက်တော့ နား လည်ကြပါမလား ယောဂီတို့ရဲ့၊နိဗ္ဗာန်ရောက်ကြောင်းဆိုဒါ သတိပဋ္ဌာန် မပါလျှင်နိဗ္ဗာန်ရောက်ကြောင်း မဖြစ်နိုင်ဘူးတဲ့ယောဂီတို့ရဲ့၊ ဘာကြောင့် လဲ ဆိုတော့ ဗောဓိပက္ခိယတရားမှာ သတိပဋ္ဌာန်လေးပါးကအစဖြစ်တယ်။ နားလည်ကြရဲ့လား ယောဂီတို့။

နားမလည်ကြသေးပါ ဟောပြမှ နားလည်ပါမည်ဘုရား။

ဒါဖြင့် ဟောပြမည် နားစိုက်ကြ၊ ကာယာ နုပဿနာ ဆိုတာက တော့ မိမိခန္ဓာကိုယ်ပေါ်၌ ဝိပဿနာပညာနှင့် ဆင် ခြင် သုံးသပ် လိုက် တော့ ဥဒယဗ္ဗယဆိုတဲ့ တိရဏပရိညာ စခန်း လက္ခဏာရေး သုံး ပါး ကို ယာထာဘူတ ကျနစွာ ကာယ ကိုယ်ပေါ်မှာ မြင် ကြ ရဲ့ လား ယောဂီ တို့ရဲ့။

မြင်ပါတယ်ဘုရား။

အဲဒါကြောင့် ကာယကိုယ်ပေါ်မှာ တွေ့သောကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ် ယောဂီတို့ရဲ့။

မှန်လှပါ သိပါပြီဘုရား။

မနေ့ကတော့ ယောဂီတို့ကို ကာယာ နုပဿနာ သတိပဋ္ဌာန် ကို ဟောပြီးပြီ၊ မှတ်မိကြရဲ့လား ယောဂီတို့။

မှတ်မိပါပြီဘုရား။

ဒါဖြင့် ယနေ့တော့ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ဆိုတာ ပြမည် နားစိုက်ကြပေတော့။ ဝေဒနာနုပဿနာသတိပဋ္ဌာန် ဆိုတာကတော့ မိမိရဲ့ ခန္ဓာကိုယ်ပေါ်၌ဥဒယဗ္ဗယဉာဏ်နှင့်မိမိခန္ဓာကိုယ်အတွင်းက ဖြစ်လိုက်ပျက်လိုက်နှင့် ပထဝီ အာပေါ တေဇော ဝါယောဆိုသော ဓာတ်သဘောတွေက ဖောက်ပြန် ပျက်စီး၍နေဒါတွေကို သူ့သဘောနှင့်သူ နာလိုနာ ကျင်လိုကျင် အောင့်လိုအောင့် တောင့်လိုတောင့် ပူလိုပူ အေးလိုအေး နွေးလိုနွေး လှုပ်လိုလှုပ် ရှလိုရှနှင့် ဖြစ်ပေါ်လာသော ဝေဒနာကို လက္ခဏာရေးသုံးပါးနှင့် ထိုဝေဒနာပေါ်၌ ဆင်ခြင်သုံးသပ်၍ နေရခြင်းကြောင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဖြစ်သည်ဟုမှတ်ထားကြပေတော့ ယောဂီတို့၊ အဲဒါကို ဝေဒနာနုပဿနာသတိပဋ္ဌာန်လို့မှတ်ကြ။

ယောဂီတို့မှာ ဝိပဿနာဘာဝနာတရားကို ပွား များ အား ထုတ်လိုက်ကြတော့ မိမိခန္ဓာကိုယ်ပေါ်၌ လက္ခဏာနှင့်တကွ ဆင်ခြင်သုံးသပ်လိုက်တော့ ယခုတွင်က ဟောခဲ့တဲ့ ကာယာနုပဿနာဖြစ်ပေါ်လာဘိသကဲ့သို့ ကာယကိုယ်အတွင်း၌ ဓာတ်ကလာပ်တွေကိုလိုက်၍သိသိနေရသောကြောင့် မိမိ၏ စိတ်ကလေးသည် ဘယ်ကိုမှ မသွားဘဲ တည်ကြည်၍ နေသောကြောင့် ယောဂီတို့မှာစိတ္တာနုပဿနာသတိပဋ္ဌာန်ဖြစ်ပေါ်နေတယ်။ အဲဒါကို စိတ္တာနုပဿနာသတိပဋ္ဌာန်လို့ မှတ်ကြ။

ယောဂီတို့မှာ ဟိုနေ့က ဟောခဲ့တဲ့သတိပဋ္ဌာန်သုံးပါးကိုတော့ သိကြပြီပေါ့၊ ယခု ယောဂီတို့ရတဲ့ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုတာကို ဟောပြမည် အာရုံစိုက်ကြ၊ မိမိခန္ဓာကိုယ်ပေါ်မှာ လက္ခဏာရေး သုံးပါးနှင့်တကွ ဆင်ခြင်လိုက်တော့ ယောဂီတို့ ခန္ဓာငါးပါးပေါ်၌ ဖြစ်ပျက်တွေကို ဥဒယဗ္ဗယဉာဏ်နှင့် တွေ့နေရသောအခါ မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်

ပျက်တွေတွေတော့မှ မမြဲတဲ့အနိစ္စလက္ခဏာဘဲလို့ သိကြရတယ် တွေ့ကြရဲ့လား ယောဂီတို့။

တွေ့ပါတယ်ဘုရား။

အဲဒါကြောင့် မမြဲတဲ့အနိစ္စလက္ခဏာလို့ခေါ်တယ် ယောဂီတို့ရဲ့၊ အဲဒါတင်လားလို့ဆိုတော့ မကသေးဘူး၊ ယောဂီတို့မှာ ဘာဝိတောဗဟုလီကတောလို့ ဆိုသည့်အတိုင်း ထပ်ခါထပ်ခါ ပွားများရင်းနှင့် မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ဘွေဟာ သူ့သဘောနဲ့ သူ ဖြစ်ချင်သလို ဖောက်ပြန်ပျက်စီး၍နေတာဘွေကို ခံစား၍ နေရခြင်းကြောင့် ဒုက္ခလက္ခဏာလို့ခေါ်တယ် ယောဂီတို့ရဲ့။

မှန်လှပါ တွေ့ပါတယ်ဘုရား။

ဒါတင်မကသေးဘူး မိမိခန္ဓာကိုယ်အတွင်းက အမျိုးမျိုးသောဓာတ်လေးပါးတွေဟာသူ့သဘောနှင့်သူဖြစ်ပျက်နေတာတွေကို မဖောက်ပြန် မပျက်စီးပါစေနှင့်လို့ မတားမြစ်နိုင်ခြင်းကြောင့် အနတ္တလို့ ခေါ်တယ် ယောဂီတို့ရဲ့။

မှန်ပါဘုရား။

အဲဒါကြောင့် ယောဂီတို့ ခန္ဓာကိုယ်အတွင်းက မမြဲတဲ့ အနိစ္စလက္ခဏာ ဆင်းရဲတဲ့ ဒုက္ခလက္ခဏာ၊ မိမိခန္ဓာကိုယ်ပေါ်၌ ဖောက်ပြန်ပျက်စီး၍နေတာတွေကို မဖောက်ပြန် မပျက်စီးပါစေနှင့်လို့ တားမြစ်၍မရ၊ အစိုးမရခြင်းကြောင့် အနတ္တလက္ခဏာလို့ ပေါ်လွင်ထင်ရှား၍ လာပါပေ၏။အဲဒါကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ခေါ်တယ်။

## သမ္ဗောဇ္ဈင်္ဂ တရားလေးပါး

သမ္မပ္ပဓာန်တရား လေးပါးကို ဆက်လက်၍ ဟောမည်။

(၁) ယောဂီတို့မှာ သတိပဋ္ဌာန်တရားလေးပါးတင်ဖြစ်သလားဆိုတော့ မဟုတ်ပါဘူး၊ ဘာ့ကြောင့်လဲဆိုတော့ သီလ-သမာဓိ-ပညာဆိုသော တရားတွေကို အားထုတ်၍နေသောကြောင့် ဗောဓိပက္ခိယတရား

(၁၇)ပါး အားလုံး အကျုံးဝင်သွားပါသည်။ အဲဒါကြောင့်ယခုသမ္မပ္ပဓာန် ဖြစ်ကြောင်းကို ဟောပြမည်။ ယောဂီတို့ နားစိုက်လိုက်ကြပေတော့။ ယောဂီတို့မှာ မိမိခန္ဓာကိုယ်မှာ ဝိပဿနာတရားကို ပွားများအားထုတ်နေသောအခါ မိမိရဲ့စိတ်ကလေးသည် ဘယ်ကိုမျှ မသွားရသောကြောင့် အဖြစ်အပျက်တွေကိုသာတွေ့၍ နေတော့၏။ ထိုအခါ အတိတ်ကပါလာသော အကုသိုလ်တို့သည် မဝင်လာနိုင်ခြင်းကြောင့် တားမြစ်ပြီးဖြစ်သောကြောင့် ဖြစ်ပြီးသော အကုသိုလ်ကိုတား၍ ထားရသော သမ္မပ္ပဓာန်ဖြစ်လာ၏။ အဲဒါကို အကုသိုလ်ကိုတားမြစ်ထားသော သမ္မပ္ပဓာန်တရားလို့ မှတ်ကြ။

ယောဂီတို့ကို ယခုဟောပြမဲ့ တရားကတော့ မဖြစ်သေးသော အကုသိုလ်ပျောက်ပျက်အောင် တားမြစ်ဖို့ အလွန်တရာမှ အရေးကြီးတယ် ယောဂီတို့ရဲ့၊ ယခုတော့ ယောဂီတို့ ဝိပဿနာတရား ပွားများ၍နေတော့ မိမိရဲ့ခန္ဓာကိုယ်ပေါ်မှာ လက္ခဏာရေးသုံးပါးကိုတွေ့၍နေတော့ မမြဲတာတွေ ဆင်းရဲတာတွေ၊ အစိုးမရတာတွေကို တွေ့၍ ဆင်ခြင်နေသောအခါမှာ ဖြစ်လာမည့်အကုသိုလ်သည် ဘယ်မှာလာနိုင်ပါတော့မလဲ၊ ဒါကြောင့် ယောဂီတို့မှာ မဖြစ်သေးသော အကုသိုလ်ကို တားမြစ်နိုင်ခြင်းကြောင့် မဖြစ်သေးသော အကုသိုလ်ကို တားမြစ်ထားတာ သမ္မပ္ပဓာန်ဖြစ်သည် ယောဂီတို့ရဲ့ အဲဒါကို အကုသိုလ်ကိုပယ်သော သမ္မပ္ပဓာန်လို့မှတ်ကြ။

ယောဂီတို့ကို ယနေ့ ဟောရမဲ့တရားကတော့ မပွားသေးသော ကုသိုလ်ကို ဖြစ်အောင်ပွားရခြင်း သမ္မပ္ပဓာန်တရားကို ဟောမည် နားစိုက်ကြပေတော့၊ မပွားသေးသော ကုသိုလ်သည် ယောဂီတို့မှာ ဟိုအခါကတော့ ကုသိုလ်မပွားဘူးလားဆိုတော့ ပွားပါ၏။ ဒါပေမဲ့ ကမ္ဘာက ပွားခဲ့သော ဓမ္မတာကုသိုလ်မျိုးသာ ပွားခဲ့သည်။ ယခုတော့ ကမ္ဘာဦးကစပြီး တခါဘူးမှ မပွားဘူးသေးသော မဂ်ဖိုလ်ရကြောင်းဖြစ်သောမဟာဝိပဿနာ ကုသိုလ်တော်ကြီးကို ပွားရခြင်းကြောင့် မဖြစ်သေးသော ကုသိုလ်ကိုပွားရ၍ မဂ်ပညာ ဖိုလ်ပညာ ကုသိုလ်ရသော သမ္မပ္ပဓာန်ဖြစ်သည် ယောဂီတို့ရဲ့ မှတ်ထားကြပေတော့။ အဲဒါကို မပွားဘူးသေးသော ကုသိုလ်ပွားရခြင်း သမ္မပ္ပဓာန်လို့မှတ်ကြ။

ယောဂီတို့မှာ ယနေ့တော့ သမ္မပ္ပဓာန်လေးပါးနှင့် ပြည့်စုံကြပြီ။ ဘာကြောင့်လဲဆိုတော့ ယခုတင်က ဟောသော တရားမှာ မဂ်ပညာ ကုသိုလ်၊ ဖိုလ်ပညာကုသိုလ်၊ ထိုကုသိုလ်မျိုးကို ရပြီးဖြစ်သောကြောင့် ထပ်ခါထပ်ခါ မမေ့မလျော့ဘဲနှင့် အကြိမ်ကြိမ်ပွားများရ၍ ကုသိုလ် တိုးပွားသော သမ္မပ္ပဓာန်ဖြစ်တာပေါ့ ယောဂီတို့ရဲ့ အဲဒါကို ကုသိုလ်ကို ပွားသော သမ္မပ္ပဓာန်လို့ မှတ်ကြ။

၁။ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရခြင်း (၁) ပါး
၂။ မဖြစ်သေးသော အကုသိုလ်ကို တားဆီးရခြင်း (၂) ပါး
၃။ မဖြစ်သေးသော ကုသိုလ်ကို ပြုရခြင်း (၃) ပါး
၄။ ဖြစ်ပြီးသောကုသိုလ်ကို ပွားရခြင်း (၄) ပါး

## ဣဒ္ဓိပါဒ်လေးပါး

ယခု ဣဒ္ဓိပါဒ်လေးပါးကို ဟောပြမည်။

၁။ ဆန္ဒိဒ္ဓိပါဒ်။ ။ယောဂီတို့မှာ တရားကိုအလွန်တရာလိုချင်သော ဆန္ဒနှင့် မဂ်ဖိုလ်ကို လိုချင်၍ လက္ခဏာရေးသုံးပါးနှင့် အင်တိုက် အားတိုက် ရှုနေသောအခါ၌ ဆန္ဒိဒ္ဓိပါဒ်ဖြစ်၏။

၂။ ဝီရိယိဒ္ဓိပါဒ်။ ။ယောဂီတို့သည် နိဗ္ဗာန်ကို မျက်မှောက် အလွန်တရာမှ ပြုချင်သောကြောင့် မိမိခန္ဓာကိုယ်ပေါ်၌ လက္ခဏာရေး သုံးပါးနှင့် ထင်သထက်ထင်အောင် ဝီရိယထားပြီး ရှုနေသောအခါ၌ ဝီရိယိဒ္ဓိပါဒ်ဖြစ်၏။ သမ္မပ္ပဓာန်နှင့်တူ၏။

၃။ စိတ္တိဒ္ဓိပါဒ်။ ။ယောဂီတို့သည် ရှုပါများသောအခါ မိမိ ရဲ့ စိတ်သည် တည်သထက် တည်သောကြောင့် မိမိခန္ဓာကိုယ်ပေါ်မှာ လက္ခဏာရေးသုံးပါးကို မမြဲသောအနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အစိုးမရ သော အနတ္တမှ လွတ်မြောက်၍ နိဗ္ဗာန်ကိုလိုချင်သောစိတ်ရှိသောကြောင့် စိတ္တိဒ္ဓိပါဒ် ဖြစ်လာ၏။

၄။ ဝီမံသိဒ္ဓိပါဒ်။ ။ယောဂီတို့သည် မိမိခန္ဓာကိုယ်ပေါ်၌ရှု၍ နေသောအခါ၌ သစ္စာလေးပါးနှင့်တကွ လက္ခဏာရေးသုံးပါးတို့ကို တွေ့

ရ မြင်ရသောကြောင့် ဝဋ်မှလွတ်ချင်သော မဂ်ဖိုလ်ကို အာရုံရှိသော ကြောင့် ဝိမံသိဒ္ဓိပါဒ်ဖြစ်၏။

## ဈာန်ငါးပါး

၁။ စက္ခုဈာန်။ ။ယောဂီတို့ကို နောက်ပိုင်းက သီလ–သမာဓိ နယ်ကလဲ ဈာန်ငါးပါးကို ဟောခဲ့ပြီးဖြစ်ပါပြီ။ သို့သော်လဲ ယခုတခါ ဝိပဿနာနယ်က ဈာန်ငါးပါးကို ဟောပြဦးမည်၊ ဈာန်ငါးပါးဆိုတာ ကတော့ ယောဂီတို့ရယ် ဒီလိုပါ၊ မိမိဝိပဿနာနှင့် ခန္ဓာကိုယ်ကိုစိုက်၍ ရှုနေရခြင်းကြောင့် စက္ခုက ဈာန်တပါးဖြစ်၏။

၂။ သောတဈာန်။ ။မိမိ ခန္ဓာကိုယ်ပေါ်မှာ လက္ခဏာရေး သုံးပါးနှင့် ရှုနေရသောကြောင့် မိမိစိတ် နာမ်ဓာတ်ကလေးသည် ဘယ် ကိစ္စကိုမှ မသွားဘဲ ဝိတက်ဘွဲ့ ငြိမ်းပြီး ဘယ်ကိုမှ နားသောင်ခြင်းငှါမပြု ခြင်းကြောင့် သောတဈာန်ကတပါးဖြစ်တယ်ယောဂီတို့ရဲ့၊ ဈာန်နှစ်ပါး ရှိသွားပြီ။

၃။ ဃာနဈာန်။ ။၎င်းနောက် ဘယ်ဈာန်ဘွဲ့ ဖြစ်ပါသလဲ ဆိုတော့ မိမိတို့မှာ ဝိပဿနာကို ခန္ဓာကိုယ်ပေါ်၌ နာမရူပ ပရိစ္ဆေဒ ဆိုသော နာမ်ရုပ်တို့၏အပေါ်၌ အာရုံပြု၍ထားရခြင်းကြောင့် မွှေးတယ် နံတယ်ဟူ၍ ရှူခြင်းငှါ မပြုနိုင်ခြင်းကြောင့် ဃာနဆိုသောနှာခေါင်းကလဲ ထိန်းသိမ်းရ၍ ဃာနဈာန်တပါး ဖြစ်တယ်ယောဂီတို့ရဲ့ မှတ်ထားကြပေ တော့ သုံးပါးရှိသွားပြီ။

၄။ ဇိဝှါဈာန်။ ။ထိုနောက် ဘယ်ဈာန်ဖြစ်ပါသလဲဆိုတော့ ဇိဝှါဆိုတဲ့ ဈာန် ဖြစ်သေးတယ် ယောဂီတို့ရဲ့။ ဘယ်လိုကြောင့်ပါလဲဆို တော့ ဝိပဿနာတရားကို အင်တိုက်အားတိုက် တရားကို မနားမနေရှု၍ နေရခြင်း၊ တွေ့ဘိုင်း မြင်တိုင်း စ းသော က်ခြင်းငှါ မပြုရ၍ ဇိဝှါဈာန်က တပါးဖြစ်တယ် ယောဂီတို့ရဲ့ မှတ်ထားကြပေတော့။

၅။ ကာယဈာန်။ ။ယောဂီတို့ရဲ့ ကိုယ်ကာယကလဲ ဣရိယာ ပုထ်ကို ရွှေ့ပြောင်းခြင်းငှါ မပြုပါမူ၍ သစ္စာလေးပါးတွေကို တွေ့နေရ၍

သစ္စာလေးပါးကို ထင်သထက်ထင်လာအောင် ဣရိယာပုထ်ကို မရှေ့ပြောင်းဘဲနှင့် ကာယကိုယ်ပေါ်၌ ထိန်းထားရခြင်းကြောင့် ကာယိန္ဒြေ တပါးဖြစ်၏။ ကာယဣန္ဒြေတပါး၊ ပေါင်း (၅) ပါး။

ယောဂီတို့မှာ ဗောဓိပက္ခိယတရားဆိုတာဟာ သာမညနှင့်ရနိုင်တာ မဟုတ်ဘူး၊ဘာ့ကြောင့်လဲဆိုတော့ မြတ်စွာဘုရားက ဧကောဓမ္မော ကျအောင် ဆောင်ရွက်နိုင်မှ ရတယ်လို့ ဟောတော်မူတယ်။

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်ရေးကို မျှော်တွေးထောက်ချင့်လျက် ကြောက်သင့်ကြကုန်သော ငါ၏သားတော် သမီးတော်တို့။ ဧကောဓမ္မော၊ တခုသောတရားကို။ ဘာဝိတော၊ ပွားစေအပ်သည်ရှိသော်၊ ဗဟုလီကတော၊ အကြိမ်များစွာပြုအပ်သည်ရှိသော်၊အဘိညာယ၊ ဝရဇိန်နှုန်းဘက်၊မဂ်အရဟတ္တ၊ဉာဏ်ဟူဘိ၊ဂုဏ်သတ္တိကြောင့် ဗောဓိသမ္ဘာ ရင့်မာလွန်ကျူး ဉာဏ်အထူးဖြင့် ပြန့်ပြူးစုံဖြိုး၊ ထိုးထွင်း၍ သိခြင်းငှါ၊ သမ္ဗောဓာယ၊ တဆယ့်ခြောက်ချက် အနက်မကွာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားတိတိ၊ ကောင်းစွာသိခြင်းငှါ၊ နိဗ္ဗာနာယ၊ သံသရာနှောင်အိမ်၊ ပူရှိန်လောင်ပြင်း၊ ဆင်းရဲခြင်းမှ၊ ကင်းလွတ်မကြာ ငြိမ်းစေခြင်းငှါ၊ သံဝတ္တတိ၊ ကောင်းစွာမသေ့ ဖြစ်ပါချေ၏။

ဤသို့ဟောတော်မူရကား တခုသောတရားကိုပင်လေ့လာပွါးများအားထုတ်စေကာမူ၊ အဘိညာကိစ္စ၊ သမ္ဗောဓကိစ္စ၊ နိဗ္ဗာနကိစ္စ ဤသုံးကိစ္စ ပြီးသည်သာလျှင်ဖြစ်၏။ ငါတို့သန္တာန်၌ ဉာဏ်အမြင် မကျယ်သည့်ပြင် အနည်းငယ်သော တရားမျှကိုသာလျှင် သုံးသပ်ရချေ၏ တကားဟု မိမိတို့၏စိတ်ကို မဆုတ်မနစ်စေအပ်ကောင်းပေ။

## မိုလ်ငါးပါး

၁။ သဒ္ဓါမိုလ်။ ။ယောဂီတို့မှာ ယခုအားထုတ်၍နေသော အခါမှာ အလွန်တရာမှ ခက်ခဲနက်နဲလှစွာသော တရားတော်ကြီးကို မိမိခန္ဓာကိုယ်ပေါ်၌ သစ္စာလေးပါးတို့ကို ထင်ထင်ရှားရှား တွေ့မြင်ရခြင်း

ကြောင့် အလွန့်အလွန်နက်နဲလှသောကြောင့် ထူးဆန်းအံ့ဩဘွယ်ကောင်း လှပါပေ၏ဟု သဒ္ဓါတွေဘိုးတက်၍လာခြင်းကြောင့် ယောဂီတို့မှာ သဒ္ဓါ ဗိုလ်တပါး ရကြပေပြီ ယောဂီတို့ရဲ့။

၂။ ဝီရိယဗိုလ်။ ။ယောဂီတို့ ယခုတင်ကဟောခဲ့သောတရား ကတော့ သဒ္ဓါဒိုလ်ဖြစ်သည်။ ယခုဟောရမဲ့တရားကတော့ ဝီရိယဗိုလ်ဖြစ် သည်။ ယောဂီတို့ရသောတရားကို ဆရာဟောမပြလျှင် နားလည်ကြပါ့ မလား ယောဂီတို့။

နားမလည်နိုင်သေးပါဘုရား။

အဲဒါဖြင့် ဟောပြမယ် နားစိုက်ကြ၊ အာရုံပြုကြ၊ ဝီရိယဗိုလ်ဆို တာကတော့မိမိခန္ဓာကိုယ်၏အတွင်းက သစ္စာလေးပါးနှင့်တကွ လက္ခဏာ ရေးသုံးပါးတို့ကို တွေ့မြင်၍နေသောအခါ အလွန်တရာမှဝမ်းမြောက်ခြင်း ကြောင့် မိမိခန္ဓာကိုယ်ပေါ်မှာ ဝီရိယထား၍ ရှုချခြင်းကြောင့် ဝီရိယဗိုလ် တပါးဖြစ်တယ် ယောဂီတို့ရဲ့။

မှန်လှပါဘုရား အလွန်ဝမ်းမြောက်လှပါဘုရား။

၃။ သတိဗိုလ်။ ။ယောဂီတို့မှာ ဝိပဿနာတရားတော်ကြီး ကို အားထုတ်လိုက်ကြတော့ မိမိခန္ဓာကိုယ်အတွင်း၌ ဆင်ခြင်သုံးသပ်လိုက် တော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုသော ဓာတ်လေးပါးနှင့် တကွ သစ္စာလေးပါး လက္ခဏာရေးသုံးပါးတို့ကို တွေ့နေသောအခါ နိဗ္ဗာန်ကို တောင့်တ၍ ခန္ဓာကိုယ်ပေါ်မှာ မပြတ်မလပ် သတိချုပ်၍ရှုခြင်း ကြောင့် သတိဗိုလ်ဖြစ်တယ်ယောဂီတို့ရဲ့ မှတ်ထားကြသူတော်ကောင်းတို့။

၄။ သမာဓိဗိုလ်။ ။သမာဓိဗိုလ် ဟောပြမယ်၊ ယခု ယောဂီ တို့မှာ အလွန်တရာမှ ဝမ်းမြောက်စရာကောင်းတယ် ယောဂီတို့ရဲ့။ ဘာ ကြောင့်လဲလို့ဆိုတော့ ယခု ဘုရားရဲ့ သာသနာနှင့် ကြုံကြိုက်တဲ့အခါ လူလာ၍ဖြစ်ရခြင်းကြောင့် ထိုဘုရား၏ တရားတော်နှင့် တွေ့ကြရတယ်။ အဲဒါကြောင့် ယခု ယောဂီတို့မှာ လူဖြစ်ကျိုးနပ်ကြပြီ။ အဲဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီလ၊ သမာဓိ၊ ပညာတို့ကို အားထုတ်ကြလျှင် ဗိုလ်ငါးဒိုလ်ရှိရမယ်လို့ မိန့်ဘော်မူသည့်အတိုင်း ယခု ယောဂီတို့မှာ ဝိပဿနာတရားတော်ကြီးကို မိမိခန္ဓာကိုယ်ပေါ်မှာ သစ္စာ

လေးပါးနှင့် မဂ်ရောက်ကြောင်း ဖိုလ်ရောက်ကြောင်း ဖြစ်သော တရားတော်ကြီးကို သတိကြပ်ကြပ်ထား၍ ရှုရခြင်းကြောင့် သမာဓိဖြစ်ပေါ်၍ လာခြင်းကြောင့် ယောဂီတို့မှာ သမာဓိဗိုလ် ဖြစ်ပေါ်၍လာခြင်းကြောင့် သမာဓိဗိုလ်ဖြစ်လာတာပေါ့ ယောဂီတို့ရယ်။

၅။ ပညာဗိုလ်။ ။ပညာဗိုလ် ဆက်၍ဟောမည် ယောဂီတို့၊ ယခု ပညာဗိုလ်ကို သဘောကျလောက်အောင်ဟောပြမည်။ နားစိုက်လိုက်ကြပေတော့ ယောဂီတို့။ ဘာကြောင့်များ ပညာဗိုလ်ဖြစ်ပါသလဲဆိုတော့ ယခုယောဂီတို့မှာ မြတ်စွာဘုရားဆုံးမတော်မူသည့်အတိုင်း သီလ၊ သမာဓိ၊ ပညာတို့ကို လိုက်နာဆောင်ရွက် ကြိုးစား ပွားများ အားထုတ်ရခြင်းကြောင့် ယောဂီတို့မှာ ဝိပဿနာပညာကို ဆရာက ဤနည်းနေ၊ ဤနည်းဆို၊ ဤနည်းဆင်ခြင်လို့ ဆုံးမဩဝါဒပေးသည့်အတိုင်း လိုက်နာ၍ အားထုတ်တော့၊ မိမိခန္ဓာကိုယ်အတွင်းက ဥဒယဗ္ဗယဉာဏ်အားဖြင့် သစ္စာလေးပါးနှင့်တကွ၊ လက္ခဏာတွေပေါ်ပြီး မမြဲတာတွေ၊ ဆင်းရဲတာတွေ၊ အစိုးမရတာတွေကို မြင်၍ ဝဋ္ဋသုံးပါးမှ ကျွတ်ချင် လွတ်ချင်သောကြောင့် မိမိခန္ဓာကိုယ်ပေါ်၌ အင်တိုက်အားတိုက် အားထုတ်လိုက်တော့ မိမိရဲ့ ခန္ဓာကိုယ်အတွင်းက ဓာတ်ကလာပ်ကလေးတွေသည် တဖွဲ့ဖွဲ့တသဲသဲနှင့် ဖြစ်ပျက်သော ဓာတ်ကလေးတွေသည် သစ္စာလေးပါးနှင့်တကွ ချုပ်ပျောက်သွားလိုက် ပေါ်လာလိုက်နှင့် ခန္ဓာကိုယ်အတွင်းမှာ သစ္စာလေးပါးနှင့်တကွ အမှန်ကိုမြင်ရခြင်းကြောင့် ပညာဗိုလ်လို့ခေါ်တယ်ယောဂီတို့ရဲ့၊ မှတ်မိကြရဲ့လား။

မှတ်မိပါပြီဘုရား။

## ဗောဇ္ဈင်ခုနစ်ပါး

၁။ သတိသမ္ဗောဇ္ဈင်။ ။ဗောဇ္ဈင် ခုနစ်ပါးကို ယနေ့တော့ ဟောမည်။ ယောဂီတို့ ယနေ့တော့ သတိသမ္ဗောဇ္ဈင်ဆိုသော တရားကို ဟောပြမည်၊ သဘောပေါက်အောင် နားစိုက်ကြပေတော့ ယောဂီတို့။ ယောဂီတို့မှာ ယခုဝိပဿနာတရားတော်ကြီးကို အင်တိုက် အားတိုက်

လိုက်တော့၊ မိမိရဲ့ကိုယ်ခန္ဓာအတွင်းကို သမာဓိမှန်ပြောင်းနှင့် ကောင်းကောင်းကြီးကြည့်ရှုလိုက်တော့မှ မိမိခန္ဓာကိုယ်အတွင်းက သစ္စာလေးပါးကို သမ္မာဒိဋ္ဌိအမှန်ဖြင့် တွေ့ကြရတာပေါ့ ယောဂီတို့၊

တွေ့ပါသည်ဘုရား။

အဲဒါကြောင့် သစ္စာလေးပါးကို လက္ခဏာနှင့်တကွ တွေ့လေလေ။ မိမိကိုယ်ခန္ဓာအတွင်းမှာ သတိပြု၍ ရှုလေလေမဟုတ်ပါလား ယောဂီတို့....။

မှန်လှပါ၊ အင်တိုက်အားတိုက်ကို သတိပြု၍ ရှုရပါတယ် ဘုရား။ အဲဒါကြောင့် ယောဂီတို့မှာ သတိ သမ္ဗောဇ္ဈင်တပါး ရ ကြ တာ ပေါ့ ယောဂီတို့ရဲ့။

ရကြောင်းပါဘုရား။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်။ ။ယခု ဟောရမဲ့ တရားကတော့ ယောဂီတို့ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာကို ဟောပြရမည်။ ယခုယောဂီတို့မှာ သီလ သမာဓိ ပညာဆိုအပ်သော တရားတို့ကို အားထုတ်လိုက်တော့ မိမိခန္ဓာကိုယ်အတွင်းက ဓာတ်တွေ ကလာပ်တွေ ပရမတ်တွေဟာ သူ့ သဘောနှင့်သူ ဖောက်ပြန်ပျက်စီး၍နေတာတွေကို သစ္စာလေးပါးကိုလဲတွေ့ လက္ခဏာတွေကိုလဲတွေ့ မဂ်ဖိုလ်ကို အာရုံပြုမိခြင်းကြောင့် ယောဂီတို့မှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြတာပေါ့။

မှန်လှပါဘုရား။

၃။ ဝီရိယသမ္ဗောဇ္ဈင်။ ။ယောဂီတို့ သတိပြု လိုက် ကြအုံး။ ဘာကိုပြောရမလဲဆိုတော့ ယခုယောဂီတို့ အားထုတ်၍ရသောတရားကို ဟောပြမည်။ ယခုယောဂီတို့ရတာကတော့ ဝီရိယသမ္ဗောဇ္ဈင်ဆိုသော တရားကို ရကြတယ် ယောဂီတို့ရယ်။

မှန်လှပါ အမိန့်ရှိတော်မူပါဘုရား။

အေး ဒါဖြင့် ယောဂီတို့မှာ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားကို လိုချင်သောကြောင့် မိမိခန္ဓာကိုယ်အတွင်းမှာ ပေါ်နေသော သင်္ခတ ပရမတ်ကလေးတွေသည် တဖြုတ်ဖြုတ် တသဲသဲ တဖွဲဖွဲနှင့် သဲကမ်းပါး ရေစားဘိသကဲ့သို့ ထိုကလာပ်ကလေးတွေဟာ ခဏမစဲ ဖြစ်ချုပ်ဖြစ်ချုပ်နှင့်

နေတာတွေကို ဝီရိယ ထား၍ ရှုနေရခြင်းကြောင့် ယောဂီတို့မှာ ဝီရိယ သမ္ဗောဇ္ဈင်ဖြစ်ကြတာပေါ့ ယောဂီတို့ရဲ့။

မှန်လှပါဘုရား။

၄။ ပီတိသမ္ဗောဇ္ဈင်။ ။ယောဂီတို့ ယခု အားထုတ်သော တရားသည် ဗောဓိပက္ခိယတရား ၃၇ ပါးနှင့် ကိုက်ညီခြင်းကြောင့် အလွန် တရာမှ နှစ်သက်စရာကောင်းတယ်။ဝမ်းမြောက်စရာကောင်းတယ် ယောဂီ တို့ရယ်။

မှန်လှပါဘုရား။

ဘာ့ကြောင့်ဆိုတော့ မိမိရဲ့ခန္ဓာကိုယ်အတွင်းက ဖြစ်ပျက်ကလေး ကို လက္ခဏာရေးသုံးပါး ဆင်ခြင်နေရင်းနှင့် မဖြစ်မပျက်သော နေရာသို့ ရောက်သွားခြင်းကြောင့် ယောဂီတို့မှာ အလွန်တရာမှ ဝမ်းမြောက်၍နေရ သောကြောင့် ပီတိသမ္ဗောဇ္ဈင်လို့ခေါ်တယ် ယောဂီတို့ရယ်။

မှန်ပါဘုရား။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်။ ။ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုဆက်၍ ဟော မည်။ ယနေ့ဟောရမဲ့တရားကတော့ ယောဂီတို့ရဲ့ ရသောတရားကို ဟော ပြရမည်၊ ဘယ်တရားပါသလဲလို့ဆိုတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဟောရမယ် ယောဂီတို့ရယ်။ ဘယ်လိုကြောင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ပါသလဲ ဆို တော့ မိမိ၏ခန္ဓာကိုယ်ပေါ်မှာ အားထုတ်ဆင်ခြင်သုံးသပ်၍ ရှုလိုက်သော ခန္ဓာ ကိုယ်တွင်းက ခေတ်လေးပါးနှင့်တကွ ကလာပ် ပရမတ် ကလေးတွေ ဟာ အလွန်တရာမှ နူးညံ့သိမ်မွေ့၍နေတာတွေကို တွေ့၍တွေ့၍နေသော အခါ မိမိရဲ့စိတ်ထဲမှာ ဝမ်းမြောက်၍ နေတာတွေကို တွေ့ကြ ရဲ့ လား ယောဂီတို့။

မှန်လှပါတွေ့ပါတယ်ဘုရား။

အဲဒါကြောင့်မို့လို့ ပဿဒ္ဓိသမ္ဗောဇ္ဈင်လို့ခေါ်တယ် ယောဂီ တို့ရယ်။

မှန်လှပါဘုရား။

မှတ်ချက်။ ။ယောဂီတို့မှာ ဒီလိုနေရာမှ အလွန်တရာအရေးအကြီးဆုံး ကြီး ဖြစ်ပါသောကြောင့် ဆရာကောင်းကိုရှာဘို့ အရေး ကြီးဆုံးဖြစ်သည်။ ဆရာကောင်းကို ရှာနိုင် ကြ ပါစေ သ တည်း။ သပ္ပုရိသသံသေဝ–ဆရာကောင်းမှု။

၆။ သမာဓိသမ္ဗောဇ္ဈင်။ ။ယခု ယောဂီတို့မှာ တနေ့ထက်တ နေ့ အလွန်တရာမှ ဝမ်းမြောက်စရာ ကောင်းတယ် ယောဂီတို့ရဲ့။ ဘာ ကြောင့်လဲဆိုတော့ ယခုယောဂီတို့မှာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဆိုတဲ့ တရားတွေ ကို တွေ့ပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ မိမိတို့ စိတ်ကလေး သည် မိမိရဲ့ ကိုယ်ခန္ဓာအတွင်းက ဘယ်ကိုမျှ မသွားပါမူ၍ တည်ကြည်၍ နေသောအခါများ မဖြစ်ကြဘူးလား ယောဂီတို့ရယ်။

ဖြစ်ပါတယ်ဘုရား။

အဲဒါကြောင့် ယောဂီတို့မှာ သမာဓိသမ္ဗောဇ္ဈင်လို့ ခေါ်တယ်။

မှန်လှပါဘုရား။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်။ ။ယနေ့တော့ ယောဂီတို့ ဥပေက္ခာ သမ္ဗောဇ္ဈင်ဆိုသော တရားတို့ကို ရကြပေပြီ။ ဘာ့ကြောင့်လဲဆိုတော့ ယခု ယောဂီတို့မှာ သီလ သမာဓိ ပညာဆိုသော တရားတွေကို ကြိုးကြိုး ကုတ် ကုတ် အားထုတ်ရသောကြောင့် မိမိရဲ့ ကိုယ်ခန္ဓာအတွင်းက ဓာတ်လေး ပါးတွေ ပေါ် လာသော အခါ၊ နာတာကတမျိုး ကျဉ်တာကတမျိုး အောင့်တာကတမျိုး တောင့်တာကတမျိုးနှင့် ပထဝီဓာတ်တွေကိုလဲ တွေ့ ရ၏။ ဒါမျှမကသေးဘူး ပူပူ အေးအေး နွေးနွေးနှင့်တွေ့နေရတဲ့တေဇော ဓာတ်ကလေးတွေ ယိုစီး ဖွဲ့စည်းစီးထန်းဆိုသော အာပေါဓာတ်တွေကိုလဲ တွေ့၏။လှုပ်ရှားထောက်ကန်တွန်းထိုး တိုးဝှေ့ဆိုသောဝါယောဓာတ်တွေ ကိုလဲတွေ့၏။ထိုလိုဓာတ်ကလာပ်ပရမတ်တွေသည်ဖြစ်ချင်တိုင်းဖြစ်ပျက်ချင် တိုင်းပျက်၍ ဥဒယဗ္ဗယအားဖြင့် ဖြစ်ပျက်၍နေသော ဝေဒနာဒုက္ခတွေကို လျစ်လျူရှု၍မထားရဘူးလား ယောဂီတို့။

ထားရပါတယ်ဘုရား။

အေး ဒါတင်လားဆိုတော့ မဟုတ်သေးဘူး၊ ယခုတွင်က ဒုက္ခတွေ ဖြစ်ဘယ်။ ထိုဒုက္ခတွေ ချုပ်ငြိမ်းသွားတဲ့အခါတွေ တွေ့ကြ သေးရဲ့လား။

တွေ့ပါတယ်ဘုရား။

အဲဒီလို ဒုက္ခတွေ ချုပ်သွားတဲ့အခါမှာ သုခဆိုတာ မဖြစ်ပါလား ယောဂီတို့ရဲ့။

မှန်လှပါ ဒုက္ခချုပ်တော့ သုခဖြစ်တာပေါ့ဘုရား။

အဲဒါလို သုခဖြစ်တော့လဲ ဘုရားက သုခဝေဒနာ ခေါ်တယ်လို့ ဟောတော်မူထားတယ်။ အဲဒါကြောင့် ယခုယောဂီတို့သုခကိုလဲ ဥပေက္ခာ မထားရဘူးလား။

ထားရပါတယ်ဘုရား။

အဲဒါဖြင့် ယခုယောဂီတို့မှာ ဒုက္ခကိုလဲ ဥပေက္ခာထားရတယ်။သုခကိုလဲ ဥပေက္ခာထားရတယ်ဆိုရင်တော့ယောဂီတို့မှာ ဥပေက္ခာသမ္ဘောဇ္ဈင်လို့ဆိုတာ မဖြစ်ပေဘူးလားယောဂီတို့ရဲ့။

ဖြစ်ပါတယ်ဘုရား။

## မဂ္ဂင်ရှစ်ပါး

မဂ္ဂင်ရှစ်ပါး ဟောပြမည်။ မဂ္ဂင်ဆိုသည်ကား ဧတေန၊ဤတရားအစုဖြင့်။ကိလေသေ၊ သက္ကာယဒိဋ္ဌိအစရှိသော ကိလေသာ အညစ်အကြေးတို့ကို။ မာရေန္တော၊ ပယ်သတ်လျက်။ နိဗ္ဗာနံ၊ အပါယဝဋ္ဋဒုက္ခမှ လွတ်ငြိမ်းခြင်းသို့။ ဂစ္ဆတိ၊ရောက်တတ်၏။ ဣတိ၊ထို့ကြောင့်။မဂ္ဂေါ၊မဂ်မည်၏။

ကိလေသာတို့ကို ပတ်သတ်ကြောင်း၊ နိဗ္ဗာန်သို့ ရောက် ကြောင်းဖြစ်သော တရားအစုကို မဂ်ဆိုသည်ဟူလို။

### သီလမဂ္ဂင်သုံးပါး

၁။ ယောဂီတို့ ယခုအားထုတ်သောတရားသည် အဘယ်တရားကို အားထုတ်ပါသလဲဆိုတော့ မဂ္ဂင်ရှစ်ပါး တရားဖြစ်သည်။ ထိုမဂ္ဂင်သည် ယနေ့ယောဂီတို့မှာ ဘယ်မဂ္ဂင်ကို ရပါသလဲဆိုတော့ သီလမဂ္ဂင်ကို ရကြ

တယ် ယောဂီတို့။ ယခု ယောဂီတို့မှာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတည်းဟူသော အာရုံငါးပါး ကာမဂုဏ်တရားတို့ မဖြစ်ရအောင် ဣန္ဒြေငါးပါးတို့ကို ထိန်းသိမ်း၍ထားခြင်းကြောင့် ဣန္ဒြိယသံဝရသီလဖြစ်၏။ ၎င်းနောက် သီလဝိသုဒ္ဓိလဲဖြစ်၏။ ၎င်းနောက် အဓိသီလသဲဖြစ်တယ်၊ အဲဒါလို ယောဂီတို့မှာ မဖြစ်ဘူးလား။

ဖြစ်ပါတယ်ဘုရား။

အဲဒီသီလကိုမှ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီလ မဂ္ဂင်သုံးပါး ပေးသနားတော်မူတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဝီတိက္ကမ ကိလေသာကို ပယ်သတ်နိုင်သောကြောင့် သီလမဂ္ဂင်သုံးပါးရတယ်။ ဘယ် မဂ္ဂင်ပါါလဲဆိုတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ မဂ္ဂင် သုံးပါးရကြတယ် ယောဂီတို့ရဲ့။

မှန်လှပါဘုရား။

## သမာဓိမဂ္ဂင်သုံးပါး

ယောဂီတို့မှာ သမာဓိတွေလဲဖြစ်ကြတယ်။ ဘာ့ကြောင့် ဖြစ်ပါ သလဲဆိုတော့ ယခုယောဂီတို့မှာ သီလ၊ သမာဓိ ဆိုသော တရားတို့ကို အားထုတ်၍ နေရခြင်းကြောင့် သမာဓိဖြစ်လာ၏။ ဘယ်လိုကြောင့် သမာဓိဖြစ်ပါသလဲဆိုတော့ မိမိရဲ့ စိတ်ဆိုး၊ စိတ်အိုက်၊ စိတ်မိုက်၊ စိတ်ရှုး၊ စိတ်ဘလချာဘွကို တခြားသို့ နှင်ထုတ်၍ မဝင်လာရလေအောင် တားဆီး၍ ထားရခြင်းကြောင့် သမာဓိဖြစ်တယ် ယောဂီ ဘို့ရဲ့။

မှန်လှပါဘုရား။

ဒါပေမဲ့ တရားကို အားမထုတ်ဘဲနှင့် ယခုတင်ကပြောခဲ့တဲ့ မ ကောင်းစိတ်တွေကိုမလာပါနှင့်လို့ တွန်းလှန်လို့ ရသည်မဟုတ်ဘူးယောဂီ တို့ရဲ့ ၊ မိမိတို့ရဲ့ စိတ်ကလေးကို ဘယ်ကိုမှမသွားရအောင် မိမိခန္ဓာကိုယ် ပေါ်မှာ ပရိက်ပြု၍ထားရသောကြောင့် မိမိရဲ့ စိတ်ကလေးသည် ဘယ်ကို မှ မသွားဘဲ တည်ကြည်၍နေလေ၏။ ဒီလို တည်ကြည်နေသောအခါ လောဘ၊ ဒေါသ၊ မောဟဟုဆိုအပ်သော အကုသိုလ်တရားတို့သည် မဝင်

လာတော့ဘဲ သမာဓိတွေဖြစ်၍နေ၏။ ဒီလိုသမာဓိ ဖြစ်နေခြင်းကြောင့် ပရိယုဋ္ဌာန ကိလေသာတည်းဟူသော ကိလေသာတို့သည် မလာနိုင်ပေ။ ထို့ကြောင့် သမာဓိမဂ္ဂင်သုံးပါးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပေးသနားတော်မူတာပေါ့ ယောဂီတို့ရဲ့။

မှန်လှပါဘုရား။

အဲဒါ ဘယ်မဂ္ဂင်သုံးပါးပါလဲလို့ဆိုတော့ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်သုံးပါးရကြတာပေါ့ ယောဂီတို့ရဲ့။

မှန်လှပါဘုရား။

## ပညာမဂ္ဂင် ရှစ်ပါး

ယနေ့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင်နှစ်ပါးကို ဟောရမည်။ ယခု ယောဂီတို့မှာ ဝိပဿနာပညာကို ကြိုးစားပွားများရခြင်းကြောင့် မိမိ ခန္ဓာကိုယ်အတွင်းမှာ ပထဝီ တေဇော အာပေါ ဝါယောဟုဆိုအပ်သော ဓာတ်တို့သည်ဥဒယဗ္ဗယဉာဏ်အားဖြင့်ဖြစ်ပျက်၍နေဒါတွေကိုသိ၍သိ၍နေ ရသောကြောင့် ယောဂီတို့ရဲ့ ခန္ဓာကိုယ်အတွင်းက မမြဲတဲ့အနိစ္စလက္ခဏာ၊ ထိုဖြစ်ပျက်မမြဲဘဲ အနိစ္စတရားတွေကို သူ့သဘောသူဆောင်၍ဖောက်ပြန် ပျက်စီးတာတွေကို ခံစား၍နေရခြင်းကြောင့် ဒုက္ခလက္ခဏာ၊ ထိုလို သူ့ သဘောသူဆောင်၍ ဖြစ်ပျက်ခြင်းကို ခံစားနေရသော ဒုက္ခတွေကို မခံ စားပါရစေနှင့်၊ မဖြစ်မပျက်ပါစေနှင့် ဟူ၍ တားမြစ်မရ အစိုးမရခြင်း ကြောင့် အနတ္တလက္ခဏာ၊ ဒီလက္ခဏာရေးသုံးပါးတို့ကို ယောဂီတို့ ခန္ဓာ ကိုယ်အတွင်းက တွေ့၍တွေ့၍နေကြတယ်မဟုတ်ပါလား ယောဂီတို့၊ ဒီလို မိမိရဲ့ခန္ဓာကိုယ်အတွင်းက ဓာတ်တရား ကလာပ်တရားကလေးတွေ တဖွဲ့ဖွဲ့ တသဲသဲနှင့် သဲကမ်းပါး ရေစားဘိသကဲ့သို့ ခဏမစဲ မမြဲတဲ့လက္ခဏာတွေ တွေ့တဲ့အခါမှာ ငါရှာ၍ရကြသေးရဲ့လား ယောဂီတို့။

ရှာလို့မတွေ့ကြောင်းပါဘုရား။

အဲဒါဖြင့် ဟိုအခါတုံးကလို သူ–ငါ ယောကျ်ား–မိန်းမ ရှာလို့ ရကြသေးရဲ့လား။

ရှာမရတော့ပါဘုရား။

ဒါဖြင့် သူ ငါ ယောကျ်ား မိန်းမ ရှာမရခြင်းကြောင့် ငါ ငါဟူသော ဒိဋ္ဌိစွဲကြီးဖြစ်နေတဲ့ အစွဲမရှိတော့ဘူးပေါ့။ အဲဒါတင်လားဆိုတော့ အမှားတွေပျောက်ပြီးတော့ သမ္မာဒိဋ္ဌိ အမြင်မှန်တွေတွေ့တော့၊ ခြေဖျား ဟိုအခါတုန်းကတော့ ငါ့ကိုယ် ငါ့ဉစ္စာ ငါ့ပစ္စည်း ငါ့သား ငါ့မယား ငါ့လင် ငါ့သမီး ယူမိ၍ ယခုမှ ငါမဟုတ်တာတွေကို ပြန်၍ သုံးသပ်လိုက်မိတာကတော့ သမ္မာသက်ပ္ပဆိုတဲ့ မဂ္ဂင်နှစ်ပါးရကြတယ် ယောဂီတို့ရယ်။

မှန်လှပါဘုရား။

ဒီလိုမြင်တော့ ဝိစိကိစ္ဆာကင်းသွားလေတော့၏။ အဲဒီလို ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာဆိုတာပြတ်သွား၍ စူဠသောတာပန်ဖြစ်သည်ဟု မြတ်စွာဘုရား ဟောတော်မူတယ် ယောဂီတို့ရယ်။

မှန်လှပါဘုရား။

## တိုက်တွန်းချက်

အားလုံးသော ဓမ္မမိတ်ဆွေ သူတော်ကောင်း အပေါင်းတို့သည် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်လိုကြပါလျှင် ဗောဓိပက္ခိယတရား ၃၇ ပါးနှင့် ကိုက်ညီသောတရားကို ရှာမှီး အားထုတ်တော်မူကြပါ သူတော်ကောင်း ဓမ္မမိတ်ဆွေအပေါင်းတို့။

## ဗောဓိပက္ခိယတရား ၃၇ ပါး

ဗောဓိပက္ခိယတရား ၃၇ ပါးဆိုတာ ဘယ်ဟာ ပါလဲဆိုတော့....

သတိပဋ္ဌာန် ၄ ပါး
သမ္မပ္ပဓာန် ၄ ပါး
ဣဒ္ဓိပါဒ် ၄ ပါး
ဣန္ဒြေ ၅ ပါး
ဗိုလ် ၅ ပါး
ဗောဇ္ဈင် ၇ ပါး
မဂ္ဂင် ၈ ပါး

ထိုဗောဓိပက္ခိယတရားနှင့်လျော်ညီစွာသတိပဋ္ဌာန်တရားလေးပါးကို လက်ဦးစွာ အမှူးပြု၍ အားထုတ်ခဲ့သည်ရှိသော် ဗောဓိပက္ခိယတရား ၃၇ ပါးစလုံး ပြည့်အောင် ရနိုင်ပါ၏။

အဘယ်ကြောင့်ဆိုသော် သီလ သမာဓိ ပညာဆိုသောတရားတို့ကို ဆောင်ရွက်ကျင့်ကြံကြိုးကုတ် အားထုတ်ရခြင်းကြောင့်ရကြပါသည်။ အားမထုတ်လျှင် မရနိုင်ပေ၊ သတိပဋ္ဌာန်တရားကို ရအောင်ကတော့ သီလ သမာဓိ ပညာဆိုသော တရားတို့ကို ဆရာကောင်းထံ နည်းနာခံ၍ ရှာမှီးမှသာ ရနိုင်ကြလိမ့်မည်။ ဆရာကောင်းထံမှာ နည်းနာခံ၍ အားထုတ်လိုက်တော့မှ မိမိတို့၏ ထိန်းသိမ်းသော သီလကလဲ သီလဝိသုဒ္ဓိဖြစ်၏။

အဲဒီလိုစင်ကြယ်မှသာလျှင် အဓိပတိတပ်နိုင်ခြင်းကြောင့်အဓိသီလ ဖြစ်တယ်လို့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတော်မူထားသည်။သီလသမာဓိ ပညာတို့ကို ထပ်ခါထပ်ခါ အားထုတ်လိုက်တော့သီလ တင်စင်ကြယ်လို့ သုဒ္ဓိဖြစ်သလားဆိုတော့၊မဖြစ်ဘူးသေးတဲ့ မိမိရဲ့ စိတ်ကလေးကိုလဲ ဆုံးမရခြင်းကြောင့် မိမိစိတ်ကလေးသည် စင်ကြယ်၍လာခြင်းကြောင့် စိတ္တဝိသုဒ္ဓိဖြစ်တယ်လို့ ဘုရားသခင်က ဟောတော်မူတာ။ စိတ္တဝိသုဒ္ဓိဖြစ်ရင်တော့ အလွန်စင်ကြယ်သောစိတ်ဖြစ်၍ သမာဓိဖြစ်၏။ ထိုလို သီလသမာဓိဖြစ်လျှင် မိမိခန္ဓာကိုယ်မှာ အမြဲတမ်း ဖြစ်ပေါ်၍နေသော ဝီတိက္ကမ ကိလေသာ၊ ပရိယုဋ္ဌာနကိလေသာဟုဆိုအပ်သော ကိလေသာအကြမ်းစားကြီးတွေကို ပယ်သတ်နိုင်တော့၏။ ဘယ်လိုပယ်ပါသလဲဆိုတော့ သီလမဂ္ဂင်သုံးပါးက ဝီတိက္ကမကိလေသာ အကြမ်းစားကြီးကို ပယ်နိုင်တော့၏၊ ပရိယုဋ္ဌာနကိလေသာကိုတော့ ဘယ်မဂ္ဂင်ကပယ်ပါသလဲဆိုတော့ သမာဓိမဂ္ဂင်သုံးပါးက ပယ်တယ်လို့ မှတ်ထားပေတော့ ယောဂီတို့။

မှန်လှပါဘုရား။

အပြောသီလ အပြောသမာဓိ အပြောဝိပဿနာနဲ့တော့ ကိလေသာသုံးပါးတို့ကိုမသိနိုင်၊မမြင်နိုင်၊မပယ်နိုင်ဘူးတဲ့။ ဘယ်လိုမှ ကိလေသာကို ပယ်နိုင်ပါသလဲဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်လိုများ ဟောပါသလဲဆိုတော့ ကိလေသာဆိုဒါ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ ကာယကံသုံးပါး ဆိုတာက ဘယ်ဟာတွေလဲ ဆိုတော့

ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ ထို ၃ ပါးတို့ကို ဝီတိက္ကမဟု ခေါ်၏။ ၎င်းနောက် ပရိယုဋ္ဌာန ကိလေသာဆိုဒါကတော့ မနောကံ သောင်းကြမ်းမှုကိုခေါ်တယ်။ မနောကံ သောင်းကြမ်းမှုဆိုဒါ ဘယ်ကံတွေလဲဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကဟော ထားသည်မှာ ဝစီကံသောင်းကြမ်း မှုကတော့ မုသာဝါဒ၊ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ၊ ထိုးလေးပါးတို့ကို ဝစီဒုစရိုက်လို့ခေါ်ပါသည်။ ထိုဒုစရိုက်တို့ကို သာမညနှင့် ပယ်နိုင်ကြသည်မဟုတ်။ သီလ၊ သမာဓိ ဆိုသော မဂ္ဂင်နှင့်ပယ်မှသာလျှင် ရနိုင်မည်။ ထိုမဂ္ဂင်ကတော့ တရားတော်ကို ပိုင်ပိုင်နိုင်နိုင်အားထုတ်နိုင်မှရတယ်။ ဒီလိုအားထုတ်လိုက်တော့မှ နောက်ကဟောခဲ့ပြီးသော ကာယကံသောင်းကြမ်းမှုဆိုအပ်သော ဝီတိက္ကမ ကိလေသာတို့ကို သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတည်းဟူသော အလွန်တရာမှ စင်ကြယ်လှစွာသော သီလမဂ္ဂင်ကသတ်၏။ ၎င်းနောက် မနောကံ သောင်းကြမ်းမှုကတော့ ပရိယုဋ္ဌာန ကိလေသာဖြစ်တယ်၊ ထိုကိလေသာတို့ကိုဘယ်မဂ္ဂင်ကပယ်ပါသလဲဆိုတော့သမ္မာဝါယာမ သမ္မာသတိသမ္မာသမာဓိတည်းဟူသော သမာဓိမဂ္ဂင်သုံးပါးကသတ်သော ကြောင့်ပရိယုဋ္ဌာန ကိလေသာသေ၏။ ထို့ကြောင့် သီလမဂ္ဂင်ကသုံးပါး၊ သမာဓိမဂ္ဂင်ကသုံးပါး ပေါင်း (၆) ပါးဖြစ်၏။

## သီလက္ခန္ဓ မဂ္ဂင် ၃ ပါး

ယခုဘဝ၌ပင် ဒိဋ္ဌိအနုသယနိုင်ငံကြီးကို ဖြိုဖျက်ခြင်းငှါ တည်ထောင်ဖြည့်ကျင့်အပ်သော အာဇီဝဋ္ဌမက သီလသည် လောကီသီလက္ခန္ဓ မဂ္ဂင်မည်၏။ သီလဝိသုဒ္ဓိကိုဆိုသတည်း။ အာဇီဝဋ္ဌမကသီလသည် လူတို့၏ အာဇီဝဋ္ဌမကသီလ၊ ရဟန်းတို့၏ အာဇီဝဋ္ဌမက သီလဟူ၍ နှစ်ပါးရှိ၏။ ထိုတွင်ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့၏ လုံခြုံမှုသည် လူတို့၏ အာဇီဝဋ္ဌမကသီလမည်၏။ အင်္ဂုဥပေါသထသီလ၊ ဒသင်္ဂသီလများသည် ထိုအာဇီဝဋ္ဌမကသီလ၏ အမွန်းတင်သီလ၊ အရောင်တင်သီလ စုပေတည်း။ ရဟန်းတို့၏ ၂၂၇-ပါးသော သိက္ခာပုဒ်အပေါင်းတို့၏ လုံခြုံမှုသည် ရဟန်းတို့၏ အာဇီဝဋ္ဌမက သီလမည်၏။ထို ၂၂၇-ပါးသော သိက္ခာပုဒ်တို့သည် ကာယကံ ဝစီကံ နှစ်ပါး၌ အကျုံးဝင်၏။ ထိုကြောင့် ထိုသိက္ခာ

ပုဒ်တို့၏ အဖွင့်အဋ္ဌကထာတို့၌ ကာယကံ ဝစီကံဟု နှစ်ပါးခွဲခြမ်း၍ ဆိုရိုး ပြုကြကုန်၏၊ ကြွင်းသမျှသော ရဟန်းတို့၏ သီလစုသည် ထိုသီလ၌ အမွန်း တင် အရောင်တင် သီလတို့ပေတည်း။

သစ်ပင်အပေါင်းတို့သည် မြေကြီးပေါ်ပေါက်ရောက်ကြီးပွားကြ သကဲ့သို့ စိတ္တဝိသုဒ္ဓိ အစရှိသော အထက်ဝိသုဒ္ဓိ ၆ ပါးတို့သည် ဤသီလ ဝိသုဒ္ဓိအပေါ်၌ ဖြစ်တွန်းကြီးပွားကြရကုန်၏။ အထူးမှုကား ဤသီလ ဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိအစရှိသော အလယ်ဝိသုဒ္ဓိ ၅ ပါးတို့ကို မိမိမရော ယှက်မူ၍ ရှေ့၌ စင်ကြယ်မြဲတိုင်းသော အနေအားဖြင့် ရှက်ဆောင်ပေ၏။ လောကုတ္တရာဉာဏဒဿန ဝိသုဒ္ဓိကိုမူကား သီလက္ခန္ဓ မဂ္ဂင်အင်္ဂါသုံးပါး အဖြစ်ဖြင့် ဖြစ်ပေါ်ရောယှက်၍ ရှက်ဆောင်၏။ အဘယ်ကြောင့် အလယ် ဝိသုဒ္ဓိငါးပါးကို မရောယှက်မူ၍ ရှက်ဆောင်လေသနည်းဟူမူ အာရုံမတူ ကြသောကြောင့်တည်း။ လောကုတ္တရာ ဝိသုဒ္ဓိမူကား အာရုံတူသော ကြောင့် သဟဇာတအဖြစ်ဖြင့် ရောယှက်၍ ရှက်ဆောင်ပေသတည်း။

## သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး

သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး၌ သုဒ္ဓဝိပဿနာ ယာနိကလမ်း သမထ ဝိပဿနာယာနိကလမ်းဟူ၍ နှစ်လမ်းရှိသည်တွင် သီလ ဝိသုဒ္ဓိနှင့် ပြည့်စုံ သောအခါ ကာယဂတာသတိကို တည်ထောင်ပြီးလျှင် သမထလမ်းသို့ မလိုက်မူ၍ ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော ဝိပဿနာလမ်းသက်သက်ကို အားထုတ် မှုသည် သုဒ္ဓဝိပဿနာ ယာနိကလမ်းမည်၏။ ကာယဂတာ သတိ တည် ထောင်ပြီးလျှင် ဈာန်သမာပတ်ဟု ဆိုအပ်သော သမထလမ်းသို့ တက်၍ ပဌမ ဈာန်သမာပတ်မှသော်၎င်း၊ ဒုတိယ ဈာန်သမာပတ်မှသော်၎င်း၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန် အာကိဉ္စညာယတနဈာန်၊ နေဝသညာနာသညာ ယတနဈာန်သမာပတ်မှသော်၎င်း၊ ဒိဋ္ဌိဝိသုဒ္ဓိ အစရှိသောဝိပဿနာလမ်းသို့ တက်၍အားထုတ်မှုသည် သမထဝိပဿနာယာနိကလမ်း မည်၏။

ထိုနှစ်လမ်းတို့တွင် သုဒ္ဓဝိပဿနာ ယာနိကလမ်း၌ ဤသမာဓိက္ခန္ဓ မဂ္ဂင်သုံးပါးသည် သုညတသမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတသမာဓိ

ဟူသော သုံးပါးသောသမာဓိအမည်နှင့်သမထကိစ္စ၊ စိတ္တဝိသုဒ္ဓိကိစ္စကို ပြီးစေ၏။ သမထဝိပဿနာယာနိကလမ်း၌မူကားပရိကမ္မ သမာဓိ၊ ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိဟူသော သုံးပါးသော သမာဓိအမည်နှင့်ရင်း၊ ဝိပဿနာခန်းရောက်သောအခါ သုညတသမာဓိ၊ အနိမိတ္တသမာဓိ၊အပ္ပဏိဟိတသမာဓိဟူသော သုံးပါးသော အမည်နှင့်ရင်း၊ သမထကိစ္စ၊ စိတ္တကိစ္စ၊ စိတ္တဝိသုဒ္ဓိကိစ္စကိုပြီးစီးစေ၏။ ရှေ့ဖြစ်သော သီလဝိသုဒ္ဓိနှင့် ကာယဂတာသတိ အခိုက်တို့၌ကား ခဏိကသမာဓိကိစ္စကို ပြီးစီးစေ၏။

## ပညာကန္ဒ မဂ္ဂင် နှစ်ပါး

သီလ သမာဓိ ပညာတို့ကို ကြိုးစားပွားများအားထုတ်လိုက်တော့ သီလကလဲ အဓိသီလ၊ သီလဝိသုဒ္ဓိလဲဖြစ်တယ်။ ထိုလို သီလသမာဓိတွင် အားထုတ်သလားဆိုတော့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဆုံးမတော်မူသည့်အတိုင်း ဝိပဿနာပညာလဲကိုယ်တိုင်ကိုယ်ကြပ် သမာဓိမှန်ပြောင်းကြီးကို မျက်လုံးမှာတပ်ပြီး ဝိဇ္ဇာဉာဏ်ဦးစီးပြီး ခန္ဓာတွင်း ဖောက်ထွင်းပြီး ကြည့်လိုက်တော့ မိမိရဲ့ခန္ဓာအတွင်းက ဓာတ်တွေ ကလာပ်တွေ ပရမတ်တွေဟာ တဖွဲဖွဲတသဲသဲ တဖြုတ်ဖြုတ်တလှုပ်လှုပ်နှင့် မိမိတို့ရဲ့ကိုယ်ခန္ဓာအတွင်းက လက္ခဏာရေးသုံးပါးနှင့်တကွ တွေ့တွေ့နေတော့မှ ဆင်းရဲဒါတွေအစိုးမရတာတွေ တွေ့သော အခါကျတော့မှ သူကောင် လူကောင် ငါကောင်ဆိုတာ မဟုတ်ပါလားလို့ ဝိပဿနာဉာဏ်နှင့် ကြည့်လိုက်တော့ သမ္မာဒိဋ္ဌိအမြင်နှင့် တွေ့တော့မှ အတ္တဒိဋ္ဌိပြုတ်လေတော့၏။ ထိုအခါကျတော့ မိမိရဲ့စိတ်ကလေးက အပြန်ပြန်ခန္ဓာကိုယ်ပေါ်မှာ သမ္မာသင်္ကပ္ပနှင့် ဆင်ခြင်၍ ကြည့်လိုက်တော့မှ ဟုတ်ပါပေတယ်၊မှန်လှပါပေတယ်၊မိမိတို့ရဲ့စိတ်ထဲ၌အလွန်တရာမှယုံကြည်ပြီးဖြစ်သောကြောင့် ဝိစိကိစ္ဆာကင်းကွာသွားလေ၏။ ထိုယောဂီသည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကင်းကွာ၍သွားခြင်းကြောင့် သောတာပန်စခန်းသို့ရောက်နိုင်၏။ ထိုနောက်တဖန် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘာဝိတော ဗဟုလီကတောဆိုသည့်အတိုင်း မနေမနားပွားများ၍ ထပ်ကာ ထပ်ကာ အားထုတ်လိုက်ပြန်တော့ တကိုယ် တကောင်လုံး၌ အပ်ချစရာမရှိအောင် ရေပွက်သဏ္ဍာန်

တံလျှပ်သဏ္ဍာန်ကဲ့သို ဖြစ်လိုက် ပျက်လိုက်နေရင်းနှင့် မဖြစ်မပျက်သော နေရာသို့ ရောက်ကာအေးငြိမ်းရှသွားလေတော့၏။

## ရှစ်လုံးဖွဲ့ မြန်မာကဗျာ

၁။ ခေတ်သုံး ရှစ်လုံး၊ ရေးထုံးကိုသာ၊
မရေးလိုသေး အေးအေးနေရာ၊
ယောဂီများက ကြောင်းကျိုးမြော်ကာ၊
တောင်းပန်လှ ရေးရသည်ကဗျာ။

၂။ ပျော်ဘွယ်ဌာန ဓမ္မမဏ္ဍိုင်၊
ပဌ္ဌိပတ်လမ်း မှိုငြိမ်းလက်ကိုင်၊
ယထာဘူတ ရခဲ့ပိုင်ပိုင်၊
ဆရာသက် ဖိုလ်မဂ်ညွှန့်ဖူးခိုင်။

၃။ ဒုလ္လဘတဲ့ ကြုံရခဲစွာ၊
ကြုံလာငြားလို့ တရားကိုရှာ၊
သဘောဟုတ်မှ လောကုတ္တရာ၊
ကိလေပါး တရားမှန်ကိုသာ၊

၄။ ကလိန်နဘူး ဆူးရစ်နွယ်ပုံ၊
တဏှာခြုံရှုပ် မှိုင်အုပ်ရဂုံ၊
ဒိဋ္ဌိအများ ပျော်ပါးခိုလှုံ၊
ရှင်းမရ ထွင်းပကာမဂုဏ်။

၅။ ခက်စိတ်ရှက်ပေါင်း ရိပ်ကောင်းပမာ၊
တဏှာမှိုင်တော သာမောဘွယ်ရာ၊
ဒိဋ္ဌိအပေါင်း ခိုအောင်းဝနာ၊
ဉာဏ်သန်လျက် ပယ်ဖျက်ခုတ်ရှင်းပါ။

၆။ တဏှာပိတ်ဆီး ရိပ်ကြီးဝနာ၊
ဒိဋ္ဌိခိုသော ထိုတောကန္တာ၊
ဝိဇ္ဇာဉာဏ ဓမ္မထက်စွာ၊
ဖြတ်တောက်စင်း ပယ်ရှင်းချိုင်လိုက်ပါ။

၇။ ဗုဒ္ဓုပ္ပါဒ ကြုံရခုခါ၊
အကြောင်းမှန်မှ အကျိုးရမှာ၊
သိက္ခာသုံးပါး တရားရသာ၊
အမှန်သိ ကဝိမြတ်ပညာ၊

၈။ ကျမ်းစကားဖြင့် မမှားစေရန်၊
သမာဓိနှင့် သတိမှန်မှန်၊
အဝိဇ္ဇာများ ပယ်ရှားကောန်၊
ပေါ်လာဘိ အသိဝိဇ္ဇာဉာဏ်။

၉။ သမ္မာသတိ အသိထင်ထင်၊
သမ္မသန တူမျှဆင်ခြင်၊
ဥဒယနှင့်၊ ဝယကိုယ်ပင်၊
ဥပါဒ်စွန်း၊ ဘင်စွန်းအမှန်ထင်။

၁၀။ ဥဒဗ္ဗယ၊ သိကြစေရန်၊
ဖြစ်ပျက်မစဲ၊ အမြဲအမှန်၊
ရုပ်ထဲနာမ်ထဲ၊ ဖောက်ခွဲကောန်၊
အနိစ္စ၊ ဒိဋ္ဌသိရပြန်။

၁၁။ သိဘ ဉဏ်၊ နှစ်ဝမညီ၊
ရုပ်ရော နာမ်ရော၊ သောသောနဒီ၊
ရေယာဉ်အလား၊ မနားမတည်၊
ခန္ဓာထဲ၊ မမြဲနိုင်ကြပြီ။

၁၂။ သင်္ခါတခါတ်၊ မှတ်ကြရုပ်နာမ်၊
ဖြစ်ဆဲပျက်ဆဲ၊ မမြဲကောန်၊
ဘိတ်မသိလို့၊ ဒိဋ္ဌိစွဲသန်၊
တဒင်္ဂ၊ ကွာမှအသိမှန်၊

၁၃။ ဝိဇ္ဇာဉာဏ်နှင့်၊ သိသင့်မှန်စွာ၊
ခဏိကလို့၊ ဗုဒ္ဓမိန့်မှာ၊
ဖြစ်ပျက်သိဆဲ၊ ကိုယ်စွဲသက်သာ၊
တဒင်္ဂ ကွာရသက္ကာယာ။

၁၄။ ဖြစ်မှုပျက်မှု၊ ကြည့်ရှုမှန်မှန်၊
အတ္တဗိဋ္ဌိ၊ ကွာဘိကေန်၊
ခန္ဓာကိုယ်တွေ့၊ မမေ့စေရန်၊
သိပါကြ စူဋ္ဌသောဘာပန်။

၁၅။ အခါကောင်း၌ ကြုံကြိုက်တဲ့ခါ၊
ရအောင်ကိုးလို့၊ ကိုယ်ကျိုးကိုရှာ၊
ဝိဇ္ဇာဉာဏ်လောက်၊ ပေါက်ရောက်အောင်သာ၊
မြတ်ဘုရား ထင်ရှားရှိတဲ့ခါ။

၁၆။ အချိန်ရှိခိုက်၊ လုံ့လစိုက်ကာ၊
မင်္ဂမျိုးဖိုလ်မျိုး၊ ကြိုးစားလို့ရှာ၊
တရားထူးမို့၊ ဆည်းပူးလိုက်ပါ၊
ရစေကြောင်း၊ ဆုတောင်း အောင်စေရာ။

၁၇။ ဘာဝေဘဗ္ဗ၊ ပွားကြခါခါ၊
အပါယ်ဒုက္ခ၊ မုချလွတ်မှာ၊
သတ္တဝါပေါင်း၊ ကောင်းမြတ်ချမ်းသာ။
မေတ္တာလောင်း ဆုတောင်းအောင်စေရာ။

## နိဗ္ဗာန်ခရီး တေးထပ်များ

အဝိဇ္ဇာပိတ်ကာဆို့၊ မိစ္ဆာမြူပြင်ပြင်၊ဣဋ္ဌာလို့ ခင်မင်လျှင်၊ လွင့်စင်ကာမလဲ့။ ။အရိုးစုအပုပ်ကောင်ကို၊ အဟုတ်ယောင်မှားဘိုတန်နဲ့။ ။အသုဘရုပ်တစ္ဆေယ်၊ မဟုတ်လေကိုယ်ထဲ။ ။အပုပ်ရေစိုတရွဲဟာမို့၊ ယိုမစဲသူ့မှာ။ ။သွေးသည်းခြေ ပြည်သလိပ်တွေက၊ တည်မဆိတ်လျှမ်းပြည့်သည်သာ။ ။သို့ကလောက်ရွံစရာကို လွန်တဏှာမက်စွဲလို့၊ စက်ငဲမှာတပေပေ၊ မွန်းနစ်ကြပလေ။ ။တဏှာဖမ်းတဲ့အကန်းတွေမှာ၊အပန်းမ-ပြဟိုက်မောရှာကြလေး။ ။တဏှာပူးတဲ့ ဇ ရူးတွေမှာ၊ အမူးမပြေမိုက်မောရှာကြလေး။ ။တဏှာလိုက်တဲ့ အမိုက်တွေမှာ၊ အဟိုက်မပြေ ပင်ပန်းရှာကြလေး။ ။

## သံဝေဂတေးထပ်

ကိုယ်ခန္ဓာကောင်ရုပ်က၊ ဟောင်ပုပ်ပုပ်နံညှီ၊ ကိုးဒွါရပြွန်နဒီမှာ ရွံစလီပါဘဲ။ ။ဤကာယရုပ်အရှင်ကို၊အဟုတ်ပင်မှတ်ကြမစဲ။ ။သုဿာန်နှင့်တစပြင်မှာ၊ သူသေသင့်မလွဲ၊ ချေးမျက်ရေနှပ်ချွဲက၊ ပြတ်မစဲစီးယို။ ။ အိုင်းအနာနူအရွဲယ်နှင့်၊ တူတူဘဲမှတ်ကြကိုယ့်ကိုယ်။ ။များတစုလူမိုက်မှာ၊ အဟုတ်လိုထင်စွဲလို့၊ စက်ဝဲသံသရာ၊မွန်းနစ်ကြရှာ။ ။ကမ်းတဖက်ခေမာကို၊ ရောက်နိုင်ပါပြီဘူးကွဲ့လေး။ ။

## မရဏာနုဿတိတေးထပ်

နှစ်မပါ ဗလာကုန်း၊ အကာဖြုန်းစင်စင်၊ မသာတုံးပြင်ပြင်၊ထင်မြင်ဘွယ်မှန်စွ။ ။အနတ္တ ဤရုပ်ကောင်ငယ်၊ ညှီပုပ်ဟောင်ဆိုးညစ်တန်လှ။ ။ခြောက်ဝတ္ထုအသားဆိုင်မှာ၊ အများပြိုင်စိုးကြ။ ။နာမ်ဝိညာဏ်ထိုမျှက၊ အိုဇရာ့ဖြစ်ပုံ။ ။ထောင့်ငါးရာညစ်အကြေးတွေက၊ရစ်အမြေးလွှမ်းအုပ်လို့ခြုံ။ ။စိုးမရ–စိုးမရတရားစုံကို ဇယားပုံတင်ဘွဲ့လို့၊မြင်တဲ့အောင်မတွယ်တာ၊ ခဲသင့်လှပါ။ ။ရှင်သေမင်းက အတင်းလာလျှင်၊ မငြင်းသာပါရချေလိမ့်လေး။ ။

## မုံရွာမြို့အနီးဆားကုံးရွာနေ တပည့်မောင်ရောင်နီသို့ ပေးသော ပိဋကတ်အစွယ်ချို တေးထပ်

တပိုင်းကြောင်ကျက်စာရရုံနှင့်၊ခက်ပါလှသဘောဉာဏ်၊ ထက်မာနအပြောသန်၊ ဒေါသမာန်ထူပွါး။ ။စောဒက တုဘက်လာလျှင်၊ သူ့ထက်ငါငြင်းတဲ့လူစား။ ။ဘုရားဟောမြတ်ဓမ္မခန်ကို၊တတ်လေဟန်ယောင်ဝါး။ ။ပရမတ်ဟန် အကြောင်သမားတွေတို့၊ ထောင်လွှားကြသူ့ထက်ငါ။ ။အသိဉာဏ် တထွာလောက်ကယ်နှင့်၊ ညှာမထောက်ဟောတတ်သှပါ။ ပရိသတ်ထောမနာအောင်၊ စောဒနာညည်အကောက်တွေနှင့်၊ ကန်အကြောက် တင်းမရှောင်၊ ငြင်းကြလူ့ဘောင်။ ။ပိဋကတ်အစွယ်ထောင်လျှင်၊ အပါယ်ဘောင် ဆင်းရလိမ့်လေး။

## သောတာပန် သုံးမျိုး ခုနစ်မျိုးတို့၏ အဓိပ္ပါယ်

၁။ ဧကဗီဇသောတာပန်။ ၂။ ကောလံကောလသောတာပန်။ ၃။ သတ္တက္ခတ္တုပရမသောတာပန်။ ဤကားသောတာပန်သုံးမျိုး ရေတွက်ရန်တည်း။

ဧကဗီဇသောတာပန်။ ။ဧကဗီဇ သောတာပန်ဟူသည် ယခုဘဝမှာ သောတာပန်ဖြစ်၍ ယခုဘဝမှာပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သော သောတာပန်ကို ဧကဗီဇ သောတာပန်ဟု ဆို၏။

ကောလံကောလသောတာပန်။ ။ကောလံကောလ သောတာပန်ဖြစ်ခဲ့မူ နှစ်ဘဝနှင့်လည်း ရဟန္တာဖြစ်၏။ သုံးဘဝနှင့်လည်း ရဟန္တာဖြစ်၏။ လေးဘဝနှင့်လည်း ရဟန္တာဖြစ်၏၊ ငါးဘဝနှင့်လည်း ရဟန္တာဖြစ်၏။ ခြောက်ဘဝနှင့်လည်း ရဟန္တာဖြစ်၏။ ၎င်းနှစ်မှ ခြောက်အထိ ပုဂ္ဂိုလ်များသည် ကောလံကောလ သောတာပန်မည်၏။

သတ္တက္ခတ္တုပရမသောတာပန်။ ။၇ နစ်ဘဝမှ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန်မည်၏။ သောတာပန်အပြားကို ဤသို့သိအပ်၏ဟူလို။

ထိုသောတာပန် ခုနစ်မျိုးတို့တွင် ဤဘဝမှာပင် ဧကဗီဇ သောတာပန်အဖြစ်နှင့် အရဟတ္တဖိုလ်သို့ တက်လိုလျှင် ရသေ့ရဟန်း ပြုခြင်း ခေါင်းပါးစွာ ကျင့်မှုကိစ္စတို့ကို အားထုတ်အပ်ပေသည်။

ဤမှတပါးသော သောတာပန်များအတွက်မူကား ပြဆိုထားသော ဝိပဿနာများ ပွားများလျှင် သကဒါဂါမ်၊ အနာဂါမ်စသည် ရနိုင်ရောက်နိုင်၏ ဟူလို။

## သောတာပန်တို့ရအပ်သော အကျိုး

မြင့်မိုရ်တောင် ဥပမာ။ ။ချစ်သားရဟန်းတို့ မြင့်မိုရ်တောင်မှ ပဲစေ့ခန့်ရှိသော ကျောက်ခဲကို ဖွဲ၍ယူအံ့၊ အကျန်မြေနှင့် ဘယ်သင်းက များသနည်းဟု မေး၏၊ ကျန်သောမြေကများ ပါသည်ဘုရားဟု သာဝက

တို့က လျှောက်ထားကြ၏။ ဤအခါ မြတ်စွာဘုရားက ထို့အတူ သော တာပန်တို့၏ ကျွတ်လွတ်ပြီး ဒုက္ခကား မြင့်မိုရ်တောင်မျှရှိပြီး ကျန်သော ဝဋ္ဋဒုက္ခကား ယခင်ဖဲ့ ရှိယူသော ကျောက်ခဲလောက်သာ ရှိတော့၏ဟု မိန့်တော်မူ၏။

သမုဒ္ဒရာဥပမာ။ ။ထိုပြင် ချစ်သားတို့ ငါမေးဦးအံ့ သမုဒ္ဒရာ လေးစင်းထဲကရေကို သမန်းမြက်ဖျားနှင့် နှစ်ယူ၍ကပ်ပါလာသော ရေနှင့် ကြွင်းကျန်သောရေ ဘယ်ကများမည်နည်းဟုမေး၏။ ထိုအခါရဟန်းများ က သမန်းမြက်ဖျားမှာကပ်၍ ပါသော ရေကား မပြောပလောက်ပါ။ ကျန်သောရေက အလွန်များပါသည်ဟု လျှောက်ကြ၏။ မြတ်စွာဘုရားက ဤအတူ သောတာပန်တို့ ကျွတ်လွတ်ပြီး ဝဋ္ဋဒုက္ခကား သမုဒ္ဒရာလေးစင်း ရေလောက်ရှိပြီး ကျန်သောဒုက္ခကား သမန်းမြက်ဖျားတွင် ပါသော ရေ လောက်သာ ကျန်တော့သည်။ ထို့ကြောင့် သောတာပတ္တိမဂ် ဈသော မဂ်ဖိုလ်နိဗ္ဗာန်သည် အလွန်ကျေးဇူးများသည်။ထို့ကြောင့် သစ္စာသိအောင် အားထုတ်ကြဟု မိန့်တော်မူ၏။

## ပုထုဇဉ်ခန္ဓာ၌ အားထားစရာမရှိပုံ

အကယ်၍ သောတာပတ္တိမဂ်လောက်မျှ မရသေးသော ပုထုဇဉ် ဖြစ်ခဲ့လျှင် ယခင်ကဖဲ့၍ယူသော ကျောက်ခဲလောက်သာ သုဂတိဘဝကို ရနိုင်၏၊ ဒုဂ္ဂတိဘဝမှာမူကား မြင့်မိုရ်တောင်လောက်ဟုဆိုအပ်၏။ တနည်း။ သမန်းမြက်ဖျား၌ကပ်၍ ပါသော ရေလောက်သာသုဂတိဘဝကိုရနိုင်၏။ ဒုဂ္ဂတိဘဝကား သမုဒ္ဒရာရေလောက်သာပင် ရခွင့်ရှိ၏ဟူလို။ ထို့ကြောင့် သံသရာ၌ ကျင်လည်သည့်အခါ အပါယ်ဘေးကို အလွန်ကြောက်စရာ ကောင်းသည်။ ထိုဘေးတို့မှ ကင်းလွတ်ခြင်းငှါ သစ္စာသိ၍ သောတာပန် တည်အောင် အားထုတ်သင့်ကြပေသည်ဟူလို။ (သုဓမ္မဝတီ ၄၆၈–၁၃)။

ယောဂီတို့မှာ ရုပ်နာမ်ကိုရှု၍ ပရိကံဥပစာ အနုလုံကျအောင် ဝေ ဘုမ္မကကို အာရုံပြုလျက် ဂေါတြဘူဉာဏ်က နိဗ္ဗာန်ကိုအာရုံပြုပြီး မဂ်ဇော တကြိမ်၊ ဖိုလ်ဇောနှစ်ကြိမ်၊ သုံးကြိမ်ကျပြီးလျှင် အရိယာမဂ် အဖြစ်ကို ရောက်သွားနိုင်ခြင်းခေါ်၏။

ဤနေရာတွင်အခေါ်များလှ၏။ အရိယာမဂ်ဟူ၍၎င်း၊ သောတာပတ္တိမဂ် ဟူ၍၎င်း၊ မဂ်လာတရားမှာ နိဗ္ဗာနသစ္စာကိုရိယာ၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုသည်ဟူ၍၎င်း၊ ဂေါတြဘူစိတ်ဟူ၍၎င်း၊ ဝေါဒါန်ခမ္မ ဟူ၍၎င်း၊ ဝုဋ္ဌာနဂါမိနီ ဟူ၍၎င်း၊ အမည် များလှပါ၏၊ အမည် များသော်လည်း အရိယာမဂ်ဟုခေါ်သော သောတာပတ္တိမဂ်ရသူသည် ခေတ်ရုပ်၊ ခေတ် နာမ်တွေ စာတွေ့မဟုတ်၊ ငါတွေ့သိမြင်ရသဖြင့် ပုထုဇဉ်ဘဝက သိခဲ့သော ရုပက္ခန္ဓာသည် သက္ကာယဒိဋ္ဌိစွဲ ပြုတ်လျက် အနတ္တအစစ်အမှန်ကို သိရတော့၏။

ဒိဋ္ဌိစွဲပြုတ်၍ အနတ္တပရမတ် အစစ်အမှန်သိရသဖြင့် တရားတော်ကြီးကို ဝိစိကိစ္ဆာ ကင်းလေတော့၏။

သောတာပတ္တိမဂ်ရသူဘိုမှာ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အနုသယကိုသေသာ နှစ်ပါးသာ ပြုတ်သောကြောင့် ကျမ်းအစောင်စောင်တို့မှာ သက်သေခံ တွေ့ရပါလိမ့်မည်။

သတိ။ ။အသိသည် အကျင့်မဟုတ် သိလျှင်ကျင့် ကျင့်လျှင်ရ။ နာမ် မလိမ်မာ ရုပ်ဆင်းရဲမည်။

မေး။ ။ခန္ဓာ၌ အားထားစရာများ ရှိပါ၏လော။

ဖြေ။ ။ပဉ္စုပါဒါနက္ခန္ဓာ ပိဒုက္ခာဟု ဟောတော်မူသောကြောင့် ပုထုဇဉ်ခန္ဓာ၌ အားထားစရာမရှိပါ။ အပါယ်ဘေး၊ သံသရာဘေးတို့မှ ကင်းလွတ်အောင် မစွမ်းနိုင်ပါ။ သောတာပန်စသော အရိယာ၊ အရိယာခန္ဓာကိုယ်မှသာ အပါယ်ဘေး သံသရာဘေးတို့မှ ကင်းလွတ်နိုင်ပေမည်။ ထို့ကြောင့် ပုထုဇဉ်ခန္ဓာမှာ အားထားစရာမရှိပါဟူလို။

## ဘဝတိုင်း ကောင်းမှုမပြုနိုင်ပုံ

မေး။ ။မဂ်ဖိုလ်ကို မရသေးသော်လည်း ဘဝတိုင်းဘဝတိုင်း ကောင်းမှု ပြုလျှင် အပါယ်မှ မထွက်နိုင်ဘူးလား။

ဖြေ။ ။ပုထုဇဉ်မှန်သမျှ ဘဝတိုင်းဘဝတိုင်း ဆက်ခါဆက်ခါ ကောင်းမှုပြုနိုင်ခွင့်မရှိသောကြောင့် အပါယ်မှ မလွတ်နိုင်ပေ။အကြောင်းမှာ သံသရာ၌ ကျင်လည်ရသည့်အခါ သမ္ဘတ္တိခေတ်၊ဝိပတ္တိခေတ်၊ ဆုပ်ကပ်၊ တက်ကပ်ရှိမြဲပင်တည်း၊ ဝိပတ္တိခေတ်မှာ သတ္တဝါတို့ သဏ္ဍာန်၌ လောဘ၊ ဒေါသ၊မောဟ၊အဘိဇ္ဈာ၊ဗျာပါဒစသော အကုသိုလ်တရားတို့ အားကြီးလွှမ်းမိုးနေပေသည်။ ထိုလွှမ်းမိုးပုံကို သုတ်ပါထေယျ အဋ္ဌကထာ၌ပြဆိုသည်မှာ အသက် ရှစ်သောင်းတန်းမှာ အရှင်မပေးသော သူ့ပစ္စည်းကို ခိုးယူတတ်သော အဒိန္နာဒါနကံဖြစ်ပေါ်ကြောင်း။ လေးသောင်းတန်းမှာ မဟုတ်မမှန် ချွတ်ယွင်းစွာပြောသောမုသာဝါဒကံဖြစ်ပေါ်လာကြောင်း။နှစ်သောင်းတန်းမှာ ဂုံးတိုက်ဂုံးချော၍ သူနှစ်ဦးတို့ကို အချစ်ပျက်စေတတ်သော ပိသုနဝါစာဖြစ်ပေါ်လာကြောင်း။ တသောင်းတန်းမှာ ကာမေသုမိစ္ဆာစာရကံ ဖြစ်ပေါ်လာကြောင်း ငါးထောင်တန်းမှာ သူ့အသက်သတ်ခြင်း၊ ကြမ်းတမ်းသောစကားဆိုခြင်းဟူသော ပါဏာတိပါတာ ဖရုသဝါစာဖြစ်ပေါ်လာကြောင်း။နှစ်ထောင့်ငါးရာတန်းတွင် အဘိဇ္ဈာ ဗျာပါဒမနောကံနှစ်ပါးဖြစ်ပေါ်လာကြောင်း နှစ်ထောင်တန်းမှာ မိစ္ဆာဒိဋ္ဌိနှင့် သမ္ဖပ္ပလာပ ဒုစရိုက်ဖြစ်ပေါ်လာကြောင်း။

ထိုကြောင့် ဆုပ်ကပ်အခါမှာ ဒုစရိုက် ၁၀ ပါးစုံရကား ပုထုဇဉ်တို့မှာ ထိုမကောင်းမှုတို့ကို ထိုက်သည့်အားလျော်စွာ ပြုမိကြကုန်တော့၏။ ထိုကြောင့်အပါယ်မှ မလွတ်နိုင်။ တနည်းအားဖြင့် မိမိတို့ယခုပစ္စုပ္ပန်၌ဖြစ်နေသောစိတ်ကိုပင် ဆင်ခြင်ကြည့်ပါလျှင် မကောင်းသော ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်၊ အကြံကများ၏။ တနည်း ကုသိုလ်စိတ်ကနည်း၍ အကုသိုလ်စိတ်များတတ်၏။ ထို့ကြောင့်လည်းသုဂတိဘဝ မမြဲနိုင်ဟူလို။

ကျက်မှတ်ထားရန်။

၁။ ရှစ်–ဒိန်–လေး–မု၊ ပိသု–ဒွယ၊ ကေမိစ္ဆာ၊ ငါးထောင်ပါဏ၊ ဖရုသ၊ ကြမ်းလှ ထိုဝါစာ။

၂။ နှစ်ထောင့်ငါးရာ၊ ခေတ်သမယာ၌၊ ဖြစ်လာဘိဗျာ၊ နှစ်ထောင်ခါ၌၊ မိစ္ဆာဒိဋ္ဌိ၊ ပြောဘိသပ္ပပ္ပလာပ၊ သုတ်ပါထေယျ၊ ကျမ်းဓမ္မ၊ ဟောပြ ဤသို့လာ။

ပုတုဇဉ်မှန်သမျှ ဘဝဂတိမမြဲပုံ ပြဆိုခြင်းတည်း၊

## အပါယ်သို့ကျလျှင် အမျိုးမျိုးဖြစ်ရပုံ

သုဂတိမမြဲ၍ အပါယ်သို့ကျရာ၌ အပါယ်သတ္တဝါအမျိုးမျိုးဖြစ်ရပုံကို သံဝေဂယူရန် အနမတဂ္ဂသုတ်အရ ညောင်ပင်သာဆရာတော်စီကုံးထားသော လင်္ကာဖြင့်ပြဦးအံ့။ ဤ၌ကျယ်မည်စိုး၍ လိုရင်းလောက်ကိုသာပြပေအံ့။

ဇာတိမင်း စိုးခြုံ၍ ဘုံ ၃၁ ဘဝခေတ်တွင်၊ နှစ်သူတမွှားမွှား၊ ပေါ်သူတကြွားကြွား၊ မော်သူတဟားဟား တရားနှင့်ဆက်လိုက်တော့၊ ဖြစ်သူဖြစ်၊ ပျက်သူပျက်၊ တက်သူတက်၊ ဆင်းသူဆင်း၊ လောကဓံမကင်း၍ ပြဟ္မာမင်းဖြစ်တုန်းက လျှပ်စစ်လို ကိုယ်ရောင်တပြောင်ပြောင်တလက်လက်၊ ဝက်ဖြစ်တော့ တအွတ်အွတ်၊ မြင့်မိုရ်တောင်ထွဋ်ထိပ်ဖျား၌သိကြားမင်းဖြစ်တုန်းက နတ်ဘုရင်လူ့ပြည်တွင်လှတိုက် မောဟိုက်၍တရှူးရှူး ခုနစ်ဆူရတနာနှင့် စကြာမင်းဖြစ်တုန်းက ဘုန်းတေဇာကဲ့သို့မို့ လေးကျွန်းလုံးအုပ်စိုးတန်ခိုးကြီးမား ဒွန်းစဏ္ဍာဘဝမှာတော့၊ တနပ်စာမျှ စားစရာတရွာလုံးတောင်းမရ၊ သုခနှင့်ဒုက္ခ တွေ့ကြုံမြဲမုချ၊ ဘဝကအလွန်များ နွားဖြစ်၍ဝန်ရှုန်း တကုန်းကုန်းဆင်းရဲနက် ဝက်လှန်နှင့်သေ၊ အကုသိုလ်မွှေသောကြောင့်၊ ရေမှာဖြစ်၊ မြေမှာဖြစ်၊ အညှီမှာဖြစ်၊ အဥမှာဖြစ် ကိုယ်တွင်ဖြစ်ဝမ်းတွင်းအောင်းတောင်၊ သည်ဘဝမကောင်းသည်ကား အနန္တဆိုတဲ့ဒုက္ခကဲပို၊ ဦးချိုနှင့်တမောက်မောက်၊ အတောင်ရောက်အမြီးပေါက်၊နှစ်ချောင်းထောက်၊ လေးချောင်းထောက်၊ မှောက်လျက်သွား၊ ဖီလာသွား၊ ခြေများ၊ ခြေနည်း၊ ခြေမရှိ အချည်းနှီး ရုပ်ပုံလည်းမတူ၊ ဖြူတခါ၊ ညိုတခါ၊ အဝါအမှောင်၊ အကြောင်အကြား အထွေထွေဆန်းပြား၊စကားပြောနိုင်တဲ့ဘဝပြော၊ တုဏှိဘောဖြင့် မပြောနိုင်တဲ့ဘဝမပြော၊ ချောတဲ့ဘဝချော၊ ကြမ်းတဲ့ဘဝကြမ်း၊ ဘရမ်းဘတာကြောက်စရာသံသရာ၊ ရေ

မှာကျက်စား၊ မြေမှာကျက်စား၊ ကောင်းကင်မှာကျက်စား၊ ငါးဖြစ်တုန်း၊ ဘားဖြစ်တုန်း၊ ကြုံရသည်အကြိမ်ကြိမ် မှိန်တခါ၊ တောက်တခါ မှေးတခါ၊ အောက်မှာနရက်၊ အထက်မှာဘဝဂ်၊ ကြွက်ကြွက်ဆူဗလဘွေ၊ ရှုပ်၍သာနေရော့ သေလို့လည်းမဆုံး၊ နာလို့လည်းမဆုံး၊ ဝဲလှည့်သည့် သစ်တုံးကဲ့သို့၊ ဆုံးမမြင်၊ စမမြင်စက်ရှင်ယန္တရား ချာလည်ပတ်တဲ့ရဟတ် ချား ဆုံလည်သည့်၊ နွားကဲ့သို့ ငါးပါးသောဂတိဖြင့်၊ တယိယိပင်ပန်း၊ နွမ်းတယ်လို့မကြောက်၊ ပန်းတယ်လို့လည်းမကြောက်၊ ၆ အာရုံနှောက်သောကြောင့်၊ အကောက်ကိုအဖြောင့်မှတ်၊ အမြတ်ကိုအယုတ်ထင်၊ ကာမဂုဏ်ဝင်သဖြင့် အထင်မှား အမြင်မှားထက်လှသည့် သင်ခုန်းသွားဝယ်၊ တင်ထားသည့်ပျားရည်စက် လျက်မိလျှင်တခါထဲ လျှာထက်ခြမ်း၊ ဗျမ်းဗျမ်းကြီးကဲ့သကဲ့သို့ လွဲသူသာများချေသည်။ အသိဉာဏ်ယွင်းယို၊ ငါ့ကိုယ်ဟုမှတ်မှား မာနကတကြွားကြွား၊ သီလကခေါင်းပါး၊ ဘာဝနာကတက်တက်ရှား၊ ငါ့မယား၊ ငါ့သားဟု စွဲလန်းချက်ကြီးမား၍ လေးပါးသောဥပါဒါန်၊ ဟုတ်ရာကိုမကြံဘဲ၊ ဖောက်ပြန်သူသာ များချေသည်။ အရှည်တွင်လည်းသံသရာ၊ အချည်တွင်လည်းတဏှာ၊ သံသရာတိုအောင် တဏှာကိုရှောင်၊ တောင်တွင်လည်း မြင့်မိုရ်၊ မြင်းတွင်လည်းအသာခိုရ်၊ ဂုဏ်ရှိရာဆိုခဲ့မည်။ မြင့်မိုရ်ကို ပြု၍ ကုသိုလ်ကိုချားအောင်ပြု၊ ကောင်းမှုကိုများအောင်ကြံ၊ သတ္တဝါကောင်းမကောင်း အကြောင်းသာ စီမံသည့် ကံလျှင်အမိ၊ ကံလျှင်အဖသည်ဘာရားကေန္တ၊ ကံမြင့်မှမြင်သတဲ့၊ ကံဆင်မှယဉ်သတဲ့၊ ကံပေးမှငွေးသတဲ့၊ ကံညွန်းမှ ထွန်းသတဲ့၊ ကန်ပေါ်မှ ကျော်သတဲ့၊ မော်လို့များ။ ငါကားဟုဝါကြွားကာမယောင်ကြနဲ့၊ ကံပြောင်အောင်ကုသိုလ်မျိုးကို ကြိုးစား၍ ပြုကြရမည် သို့ဖြစ်သောကြောင့်....

ပုညံ ဘိက္ခဝေ ဘာယိတ္ထ
ပုညံ ဘာယတော သုခံ ဘာယတိနာမ

ဘိက္ခဝေ၊ သူတော်ကောင်းတို့။ ဝါ၊ သံသရာဘေးကို ပြေး၍ပင်မကြည့်သော်လဲ မိမိကိုယ်တွင် ငါကဘဲဟု လိမ်ခဲတန်းလန်း ဟုတ်မှန်တိတိမြင်သိ လေ့ရှိကြပေကုန်သော သူတော်ကောင်း အပေါင်းတို့။ ပုညံ၊ ကောင်းမှုပြုရန်ကိစ္စကို။ ဘာယတော၊ ကြောက်သောသူအား။ သုခံ၊ လူ့နတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို၊ ဘာယတိနာမ၊ ကြောက်သည်မည်၏။

ပြဆိုခဲ့သည့်အတိုင်း မည်သည့်ပုထုဇဉ်မဆို အပါယ်၌ကျခဲ့ဘူးလျှင်ပြီ အဝိဇ္ဇာဖုံးသောကြောင့် မသိမမြင်ရှိကြ၏။ ထိုအဖြစ်မျိုးတို့သည် ငါတို့နှင့် မဆိုင်ဟု မထင်ကြနှင့် သာမညပုထုဇဉ်ကိုထားဘိဦး၊ ဘုရားအလောင်း တော်သော်မှလည်း ငါးရံ့မင်း ငုံးမင်းစသည် ဖြစ်ရသေး၏။ ထိုကြောင့် သောတာပတ္တိမဂ်စသည်ကို ရအောင်အားထုတ်သင့်ကြပေသည်ဟူလို။

၁။ ယောစဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံဂတော၊
စတ္တာရိ အရိယာသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

၂။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ၊
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

၃။ ဧတံ ခေါသရဏံ ခေမံ၊ ဧတံ သရဏ မုတ္တမံ၊
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာပမုစ္စတိ။

(ဓမ္မပဒ ပါဠိတော်)

ယောစ၊ အကြင်သူသည်ကား။ ဗုဒ္ဓဉ္စ၊ ဘုရားကို လည်းကောင်း။ ဓမ္မဉ္စ၊ တရားကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာကိုလည်းကောင်း။ သရဏံ၊ ဆင်းရဲကိုပယ်ဖျောက်၍ လူနတ်နိဗ္ဗာန်သုံးတန်သောချမ်းသာကိုဆောင်နိုင် သောကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာငှင်း။ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဖြစ်ကြောင်းသမုဒယတဏှာငှင်း၊ ဒုက္ခ ဿစ၊ ဒုက္ခ၏လည်း။ အတိက္ကမံ၊ လွန်မြောက်ရာဖြစ်သော နိရောဓ နိဗ္ဗာန် ငှင်း။ အရိယံ၊ မြတ်သော၊ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ ဒုက္ခူပသမ ဂါမိနံ၊ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်ရောက်ကြောင်းဖြစ်သော။မဂ္ဂံ၊ သမာဒိဋ္ဌိမဂ် ငှင်း။ ဣတိ၊ ဤသို့ စတ္တာရိ လေးပါးကုန်သော။အရိယာသစ္စာနိ၊ အရိယာ သစ္စာတို့ကို။ သမ္မပ္ပညာယ၊ မဂ်ပညာဖြင့်။ ပဿတိ၊ မြင်သိ၏။ ဧတံ၊ ဤ သို့မြင်ခြင်းသည်။ ခေါ၊ စင်စစ်။ ဝါ၊ အဟုတ်ကေန်။ ခေမံ၊ ဘေးမရှိသော။ သရဏံ၊ ကိုးကွယ်ရာမည်၏။ဧတံ၊ ဤသို့မြင်ခြင်းသည်။ ဥတ္တမံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာမည်၏။ ဧတံသရဏံ၊ ဤသို့မြင်သော ကိုးကွယ်ခြင်းကို။ အာဂမ္မ။ စွဲ၍။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဇာတိဇရာ မရဏစသော သံသာ ရာရေး အပါယ်ဘေးမှ။ ပမုစ္စတိ၊ လွတ်၏။

အဓိပ္ပါယ်ကား ဘုရားကိုဆည်းကပ်လျှင် ဘုရားက သစ္စာလေးပါးကို သိမြင်ပြီးဖြစ်၍ သိတော်မူတိုင်း လမ်းညွှန်ပြချက်အတိုင်း ကျင့်လျှင် တရားကို ဆည်းကပ်သည်မည်၏။ ထိုသို့ဆည်းကပ်လျှင် သစ္စာတရားကိုသိလေတော့၏။ သံဃာအရိယာသူမြတ်တို့လဲ သစ္စာလေးပါးကို သိပြီးဖြစ်၍ မိမိတို့ ဆည်းကပ်လာသူကို ဟုတ်မှန်စွာသိတိုင်း ညွှန်ပြ၏။ ညွှန်ပြတိုင်း ကျင့်၏။ သစ္စာလေးပါးကို သိ၏။ ဤသို့ဆက်သွယ်သည်ကို နှလုံးသွင်း၍ အဂ္ဂိဒတ္တရသေ့ကြီးအား ဘုရားရှင် ဟောတော်မူသတည်း။

## ဝတ္ထုသက်သေ

တပည့် ၁၅၀၀ တို့အား တောကိုကိုးကွယ်ကြ၊ တောင်ကိုကိုးကွယ်ကြ၊ သစ်ပင်များကို ကိုးကွယ်ကြ၊ မီးကိုကိုးကွယ်ကြဟု ဟောခြင်း၊ ကျင့်ခြင်းကို ပြုလုပ်နေသော အဂ္ဂိဒတ္တရသေ့ကြီးကို အကြောင်းပြု၍ မြတ်စွာဘုရားက ဤသို့ကိုးကွယ်ခြင်းကိုကား ဘေးကင်းသောကိုးကွယ်ရာမဟုတ် ဘုရားတရား သံဃာ သစ္စာသိမှုကိုသာလျှင် သံသရာဘေး အပါယ်ဘေးတို့မှ ကင်းသော ကိုးကွယ်ရာအစစ်ဟု ဟောတော်မူရာ ဆရာနှင့်တကွ တပည့် ၁၅၀၀ တို့ပါ ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ ဤ၌လည်း တခြားထွေထွေရာရာကို မဟောဘဲ သစ္စာကို ဟောတော်မူ၏။ ဟောသည့်အတိုင်း ကောင်းစွာသိမြင်၍ အလုံးစုံသော ဒုက္ခတို့မှ ကင်းသော နိဗ္ဗာန်ကို ရတော်မူကြပေသည်ဟူလို။

သားတော်ရာဟုလာအား နိဒါနဝဂ္ဂသံယုတ်၌ ဟောတော်မူသော ဝိပဿနာတရားကို တရားဟောပုဂ္ဂိုလ်သည့်ငင်း၊ တရားနာ ပုဂ္ဂိုလ်တို့သည်ငင်း၊ အတုလိုက်၍ ကျင့်ကြံအားထုတ်ကြ၏။ ထိုကြောင့် ထိုတရား၏ နိဒါန်းကို ရှေးဦးစွာ ပြဦးအံ့။

မြတ်စွာဘုရားသည် အခါတပါး၌ သာဝတ္ထိမြို့တွင် ဆွမ်းခံ၍ ဆွမ်းကိုစ့ပြီးသည်နောက် အခြားတပါးသော ရဟန်းတို့မပါစေဘဲ အန္ဓမည်သော တောအုပ်သို့ သားတော်ရာဟုလာကိုခေါ်၍ ကြွသွားပြီးလျှင် တခုသော သစ်ပင်ကြီးရင်း၌ နိသီဒိုင်ကို ခင်းစေ၍ ထိုင်တော်မူ၏။ ရာဟုလာလည်း အနီး၌ ရှိသေစွာထိုင်၍ ရှိခိုးလျက်နေ၏။ ဤအခါ သားတော်ရာဟု

လာအား အာသဝေါကုန်စေခြင်းငှါ စက္ခုစသော ဒွါရ ၆ ပါး၊ ရူပါရုံစသော အာရုံ ၆ ပါး၊ စက္ခုဝိညာဏ်စသော ဝိညာဏ် ၆ ပါး၊ စက္ခုသမ္ဖဿစသော ဖဿ ၆ ပါး၊ စက္ခုသမ္ဖဿဇာ ဝေဒနာစသော ဝေဒနာ ၆ ပါးနှင့်တကွ ဖြစ်သောဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော ဖဿပဉ္စမက၊ ထိုတရားတို့၌ ကပ်လျက်ပါရှိနေသော အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာများကို ကောင်းစွာသင်မြင်စေရန် အမေးအဖြေနှင့်တကွ ဝေယျာကရဏနည်းဖြင့် ဟောတော်မူ၏။ ထိုဒေသနာတော်အဆုံး၌ သားတော်ရာဟုလာအား မြတ်စွာဘုရားက တရားဟောမည်ကိုသိသဖြင့် လိုက်ပါလာကြသော ထောင်ပေါင်းများစွာသော ရုက္ခစိုး ဘုမ္မစိုး နတ်တို့သည်လည်း သစ္စာကိုသိ၍ သောတာပန်စသည် တည်ကြကုန်၏။

ထိုကြောင့် ထိုဒေသနာတော်သည် တရားနာသော ပုဂ္ဂိုလ်တို့အား မိမိတို့သန္တာန်၌ နာမ်ရုပ် ဒုက္ခသစ္စာမျှသာရှိသည်၏အဖြစ်ကိုင်း၊ ထိုနာမ်ရုပ်တို့၌ ကပ်လျက်ပါသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပရိဏာမ ဓမ္မတို့ကိုင်း ကောင်းစွာမြင်သိစေ၍ ခန္ဓာနာမ်ရုပ်၌ အတ္တတည်း၊ သတ္တတည်း၊ ဇီဝတည်း ဟု မှားသော မိစ္ဆာဒိဋ္ဌိအယူနှင့်တကွ ရှစ်ပါးသော ဝိစိကိစ္ဆာ၊ ၁၆ ပါးသော ယုံမှားခြင်းကို ချုပ်စေ၍ သောတာပန်စသည် တည်စေနိုင်သော သောတာပန်တည်ပြီး ပုဂ္ဂိုလ်အား အထက်မဂ်များကိုရနိုင်သော သတ္တိရှိသော အလွန်ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးဝိသေသရှိသော တရားဖြစ်ပေသည်။ ထိုကြောင့်မတွန့်မဆုတ် မယုတ်သော ဝီရိယဖြင့် ပွားများအားထုတ်ကြပါကုန်။

ဤသည်လျှင် ရာဟုလာအား ဟောသော တရား၏ဂုဏ်ကိုချီးကျူးသော တရားအမွှန်တည်း။

ထိုရာဟုလာသုတ်ကိုမရေးမီ ကျွမ်းပြုပုဂ္ဂိုလ်သည် အရှင်မဟာဗုဒ္ဓဃောသ ဆရာ၏ နမက္ကာရ ဘုရားရှိခိုးဖြင့် နမောတဿအစား ရှိခိုးဦးအံ့။

## နမက္ကာရဘုရားရှိခိုး

ယောဇိနော၊ အကြင်မြတ်စွာဘုရားသည်။ ဗောဓိယံ၊ သဗ္ဗညုတဉာဏ်ကို။ ပေမတော၊ ချစ်မြတ်နိုးခြင်းကြောင့်။ အလဂ္ဂမာနသော၊ ကပ်ငြိ

ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍။ အနေကဘာတိယံ၊ ဘဝများစွာသော ကိုယ်၏ အဖြစ်၌။ သပုတ္တဒါရံ၊ သားမယားနှင့်တကွသော။ အင်္ဂဇီဝိတမ္ပိ၊ ကိုယ်အင်္ဂါ အသက်ကိုသော်လည်း။ အတ္ထိကဿ၊ အလိုရှိသော အလှူခံ ပုဂ္ဂိုလ်အား။ အဒါသိ၊ ပေးလှူတော်မူပြီ။ တံမုနိန္ဒံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ၊ ရှိခိုးပါ၏ဘုရား (မည်သူမဆို ကျက်မှတ်၍ ရှိခိုးနိုင်၏)။

သားတော်ရာဟုလာကို ဟောသောသုတ် ( ၁၁ ) သုတ်ရှိ၏။ ယခု ရေးသားသောသုတ်ကား နိဒါနသံယုတ် ပါဠိရင်းအတိုင်းရေးသားပါအံ့။

## ရာဟုလောဝါဒသုတ်

တံကိံ မညသိရာဟုလ၊ စက္ခုံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။
ယံပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။
ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနု
ပဿိတုံ ဧတံ မမ ဧသော ဟမသ္မိ ဧသော မေ အတ္တာတိ
နော ဟေတံ ဘန္တေ။

ရာဟုလ၊ ချစ်သားရာဟုလာ။ တံ၊ ထိုငါဟောလတ္တံ့သော စကား ကို။ တွံ၊ သင်ချစ်သားရာဟုလာသည်။ ကိံမညသိ၊ အဘယ်သို့ အောက် မေ့ပါသနည်း။ ဝါ၊ အဘယ်သို့သဘောပေါက်ရောက်ပါသနည်း။

စက္ခုံ၊ စက္ခာယတနသည်။ ဝါ၊ မျက်စိဟူသောရုပ်သည်။ နိစ္စံဝါ၊ မြဲသလော။ အနိစ္စံဝါ၊ မမြဲသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤစက္ခုသည်။ အနိစ္စံ၊ မမြဲပါဘုရား။

(စက္ခု၌ အနိစ္စလက္ခဏာ)

ယံ၊ အကြင်စက္ခုသည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲသောစက္ခုသည်။ ဒုက္ခံဝါ၊ဆင်းရဲလေသလော။ သုခံဝါ၊ချမ်းသာလေသလော။ ဣတိ၊ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤစက္ခုသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခ မှန်ပါသည်ဘုရား။

(စက္ခု၌ ဒုက္ခလက္ခဏာ)

ယံပနာနိစ္စံဒုက္ခံ ဝိပရိဏာမဓမ္မံ၊ မမြဲဆင်းရဲ ဖောက်လဲဖောက်ပြန် သော စက္ခုကို၊ တေ၊ ဤစက္ခုသည်။ မေ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဧသော၊ ဤစက္ခုသည်။ အဟမသ္မိ၊ ငါဖြစ်၏။ ဧသော၊ ဤစက္ခုသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ သုံးသပ် ခြင်းငှါ။ ဝါ၊ နှလုံးသွင်းခြင်းငှါ။ ကလ္လံနု၊ သင့်ပါမည်လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ တေ၊ ဤသို့ နှလုံးသွင်း ခြင်းငှါ။ နောဟိ၊ မသင့်ပါဘုရား။

သာဓု၊ သာဓု၊ ကောင်း၏ဟု အနုမောဒနာ ပြုတော်မူ၏။

(စက္ခုဒွါ အနတ္တလက္ခဏာ)

တံ ကိံ မညသိ ရာဟုလ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိ ဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟ မသ္မိ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။ (သုဝမ္မဝတီ ၄၆၀ - ၂၄)

အနက်ကို စက္ခုမှာကဲ့သို့ နှလုံးသွင်းပါ။

(ရူပါရုံအတွက်)

တံကိံ မညတိ ရာဟုလ၊ စက္ခုဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံဝါတိ၊ ဒုက္ခံဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ။ ဧတံ မမ ဧသောဟ မသ္မိ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

အနက်ကို စက္ခုမှာကဲ့သို့ နှလုံးသွင်းပါ။

(စက္ခုဝိညာဏ်အတွက်)

တံကိံ မညသိ ရာဟုလ စက္ခု သမ္ဖဿောနိစ္စော ဝါ အနိစ္စော ဝါတိ၊ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ

တော် မမ သောဘာဟမသ္မိ သောမေအတ္တာတိ၊ နော ဟေတံ ဘန္တေ။

အနက်ကို စက္ခုမှာကဲ့သို့ရှုပါ။

(စက္ခုသမ္ဖဿအတွက်)

တံကိံ မညသိ ရာဟုလ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာ ဘန္တေ။ ယံပနာနိစ္စာ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ တော် မမ သောဘာဟ မသ္မိ၊ သောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ၊

(စက္ခုရှုပါရုံ၊စက္ခုညာဏ်၊စက္ခုသမ္ဖဿ၊ စက္ခုသမ္ဖဿဇာ၊ ဝေဒနာသညာ သင်္ခါရဝိညာဏ်များ အတွက်)

တံကိံ မညသိ ရာဟုလ၊ သောတံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ တော် မမ သောဘာဟ မသ္မိ သောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(သောတအတွက်)

တံကိံ မညသိ ရာဟုလ၊ သဒ္ဒေါနိစ္စော ဝါ အနိစ္စောဝါတိ။ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ တော် မမ သောဘာဟ မသ္မိ သောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(သဒ္ဒအတွက်)

တံကိံ မညသိ ရာဟုလ၊ သောတဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ၊ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ တော် မမ သောဘာဟ မသ္မိ သောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(သောတဝိညာဏ်အတွက်)

တံကိုံမညသိ ရာဟုလ၊ သောတသမ္ဖဿာနိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံနု တံ သမနုပ ဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ နော ဟေတံ ဘန္တေ။

(သောတသမ္ဖဿအတွက်)

တံကိုံမညသိ ရာဟုလ၊ သောတသမ္ဖဿဇာ ဝေဒနာနိစ္စာ ဝါ အနိစ္စာဝါတိ၊ အနိစ္စာဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟ မသ္မိ ဧသောမေ အတ္တာထိ၊ နော ဟေတံ ဘန္တေ။

(သောတသမ္ဖဿဇာဝေဒနာအတွက်)

တံကိုံမညသိ ရာဟုလ၊ ဃာနံနိစ္စံ ဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံဘန္တေ။ ယံပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟ မသ္မိ ဧသောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ဃာနအတွက်)

တံကိုံမညသိ ရာဟုလ၊ ဂန္ဓာ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ။ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိ တုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ဂန္ဓာရုံအတွက်)

တံကိုံမညသိ ရာဟုလ၊ ဃာနသမ္ဖဿော နိစ္စောဝါ အနိစ္စော ဝါတိ၊ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ။ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမ

နုပဿိတုံ တော် မမ သောဟမသ္မိ သောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ဃာနသမ္ဖဿအတွက်)

တံကိံ မညသိ ရာဟုလ၊ ဇိဝှါ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ တော် မမ သောဟမသ္မိ သောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ဇိဝှါအတွက်)

တံကိံ မညသိ ရာဟုလ၊ ရသောနိစ္စောဝါ အနိစ္စောဝါတိ၊ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ တော် မမ သောဟမသ္မိ သောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ၊

(ရသအတွက်)

တံကိံ မညသိ ရာဟုလ၊ ဇိဝှါဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံဝါတိ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ တော် မမ သောဟမသ္မိ သောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ဇိဝှါအတွက်)

တံကိံ မညသိ ရာဟုလ၊ ဇိဝှါသမ္ဖဿော နိစ္စောဝါ အနိစ္စောတိ၊ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ တော် မမ သောဟမသ္မိ သော:မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ဇိဝှါသမ္ဖဿအတွက်)

တံကိုံမညသိ ရာဟုလ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ဇိဝှါသမ္ဖဿဇာ ဝေဒနာအတွက်)

တံကိံမညသိ ရာဟုလ၊ ကာယောနိစ္စောဝါ အနိစ္စောဝါတိ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ကာယအတွက်)

တံကိံမညသိ ရာဟုလ၊ ဖောဋ္ဌဗ္ဗော နိစ္စောဝါ အနိစ္စောဝါတိ၊ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ နော ဟေတံ ဘန္တေ။

(ဖောဋ္ဌဗ္ဗအတွက်)

တံကိံမညသိ ရာဟုလ၊ ကာယဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ။ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(ကာယဝိညာဏ်အတွက်)

တံကိံမညသိ ရာဟုလ၊ ကာယသမ္ဖဿော နိစ္စောဝါ အနိစ္စောဝါတိ၊ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊

ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊နောဟေတံ ဘန္တေ။

(ကာယသမ္ဖဿအတွက်)

တံကိံမညသိ ရာဟုလ၊ ကာယသမ္ဖဿဇာ ဝေဒနာ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

(ကာယသမ္ဖဿဇာ ဝေဒနာအတွက်)

တံကိံမညသိ ရာဟုလ၊ မနော နိစ္စော ဝါ အနိစ္စော ဝါတိ၊ အနိစ္စော ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသောမေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(မနောအတွက်)

တံကိံ မညသိ ရာဟုလာ၊ ဓမ္မာ နိစ္စာဝါ အနိစ္စာဝါတိ၊ အနိစ္စာ ဘန္တေ ယံပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ၊ ဒုက္ခံဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနု တံသမနုပဿိတုံ ဧတံမမ ဧသော ဟမသ္မိ ဧသော မေ အတ္တာတိ၊နော ဟေတံ ဘန္တေ။

(ဓမ္မအတွက်)

တံ ကိံမညသိ ရာဟုလ၊ မနောဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ၊ အနိစ္စံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝါ တံ သုခံဝါတိ၊ ဒုက္ခံ ဘန္တေ။ ယံပနာနိစ္စံ ဒုက္ခံဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ။

(မနောဝိညာဏ်အတွက်)

တံ ကိံ မညသိ ရာဟုလ၊ မနောသမ္ဖဿော နိစ္စံ ဝါ အနိစ္စံ ဝါ တိ၊ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ၊ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

(မနောသမ္ဖဿအတွက်)

တံ ကိံ မညသိ ရာဟုလ၊ မနောသမ္ဖဿဇာ ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ၊ အနိစ္စာ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နောဟေတံ ဘန္တေ။

(မနောသမ္ဖဿဇာ ဝေဒနာအတွက်)

အနက်အဓိပ္ပါယ်ကို စက္ခာယတနဒ္ဒ ပြဆိုခဲ့သည့်အတိုင်း နှလုံးသွင်းပါကုန်။

ဝိပဿနာ ရာဟုလစသော ပုဒ်အများ ကျန်ရှိသေး၏။ သို့ရာတွင် ပွားများအားထုတ်မှုကိစ္စ၌ မထူးသောကြောင့်အချို့ချန်ထားခဲ့ပါသည်။ လိုရင်းနိဂုံးကိုသာ ပြပါအံ့။

ဧဝံ ဘဂဝတော ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ရာဟုလဿ အာသဝေဟိ ဝိမုစ္စိ။

ဧဝံ၊ ဤသို့။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ ဝေယျာကရဏသ္မိံ၊ ဂါထာမဖက် သက်သက်သောဗျာကရဏ်းကို။ ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ အာယသ္မတော ရာဟုလဿ၊ အရှင်ရာဟုလာသည်။ အာသဝေဟိ၊ အာသဝေါတို့မှ၊ ဝိမုစ္စိ၊ လွတ်ပြီ။ ခီဏာသဝ ရဟန္တာအဖြစ်သို့ ရောက်လေတော့၏။

(ရာဟုလောဝါဒသုတ်ပြီး၏)

မေး။ မနဟူသည် စိတ် ၈၉ တို့တွင် အဘယ်စိတ်ပါနည်း။

ဖြေ။ ဘဝင်စိတ် ၁၉ ခုပင်တည်း။ ဘဝင် ၁၉ ခုသည် ဒုဂ္ဂတိ အဟိတ်သန္တီရဏစိတ် ၁ ခု သုဂတိအဟိတ်သန္တီရဏစိတ် ၁ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၈ ခု ပေါင်း ၁၉ ခုဖြစ်၏။ ထိုစိတ်တို့သည် ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စစသော ကိစ္စများရှိ၏၊ ဇောဝီထိအကြားအကြား၌ ဟဒယဝတ္ထုကိုမှီ၍ ဘဝင် မနော ဒွါရဖြစ်၏ဟူလို။ (မနအဓိပ္ပါယ်)

မေး။ ၊ဓမ္မာရုံဟူသည် အဘယ်တို့ပါနည်း။

ဖြေ။ ။ဓမ္မာရုံဟူသည် ရုပ် ၂၈ ခုတို့တွင် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ ဤ ၅ ခုကို ရုပ် ၂၈ ခုတွင်နုတ်၍ ကျန်ရုပ် ၂၃ ခုသည် ဓမ္မာရုံမည်၏။ ထိုပြင် စိတ်စေတသိက် နိဗ္ဗာန်ပညတ်သည် ဓမ္မာရုံမည်၏။ ထိုဓမ္မာရုံသည် မနောဒွါရ၌ ထိသောအခါ ထိုဓမ္မာရုံကိုသိသော မနောဝိညာဏ် ဇောစိတ်ဖြစ်၏။

(ဓမ္မ အဓိပ္ပါယ်)

## ဘုရားကိုယ်တော်မြတ်ကြီး၏ ဆေးသုံးလုံး

ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတံ ပန ပသာရယိ ။
ကမ္မေန တံ ကိဏိတ္ဝာန၊ အမတံ ပိဝေထ သာဓဝေါ။

ဘောဓေ္ဆာ၊ကာမရူပ အရူပဟု ဘဝဘေးဘုံ ဝဋ်ဆေးရုံ၌ ဘေးကြုံတွေ့ငြား လူအများတို့၊ ဇိနော၊ သုံးဘုံတိုက်နယ်ရှိသမျှ ရောဂါသယ်ကို ဘယ်လက္ခဏာ ဘယ်သဘောရယ်လို့ ခေတ်ကြောကိုမြင်ရုံနှင့်သိနိုင်သည့် ငါတို့ဗုဒ္ဓတိကိစ္ဆခေါ် သမားတော်သည်။ ဗျာဓိတံ၊ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှတို့တွင် အနတ္တရှိနေကြတဲ့ ဝိတိက္ကမကိလေသာ လွန်ကြူးမိတဲ့ကိုယ်နှုတ်တဏှာ ပရိယုဋ္ဌာန ကိလေသာသောင်းကြမ်းလာတဲ့ စိတ်ယုတ်မာ အနုသယကိလေသာကိန်းဝပ်နေတဲ့ အဝိဇ္ဇာနှင့်တဏှာဆိုတဲ့ ကိလေသာနူနာအိုင်းအမာရှိသော။ ဗျာဓိဘံ၊ သံသရာထိုထိုဘဝဆီက ခန္ဓာကိုယ်မှာ အလိုလိုပါလာခဲ့ကြတဲ့ တဏှာချဲ့ဖြစ် ဓမ္မတာသဘောဟာမို့ ကမ္ဘာ

ရောဂါကိုလဲ မြင်ကြတော့ ကြောက်မက်ဖွယ်ရာ တကယ့်ကို ခံရှိကြ သည်။ ဇနကာ၊ မောင်နှင့်မယ်ကိုမှာ ကိုယ့်ရောဂါ အမြစ်အချင်း မပြတ်ဘဲ အဘွင်း ခတ်နေသည်ကို သေချာစွာမသိကြသဖြင့် ခလုတ် ထိမှ အမိတတနှင့် သိကြရတော့မယ့်ဝေဒနာရှင် မယ်နှင့်မောင်ကို။ဒီသွာ၊ တိုက်ကျေးမဲ့ မဟာကရုဏာ ဆေးချက်ကိုရှာရာတွင် အနာကိုမြင်ကာမျှ နှင့် လျင်စွာခဏ သိမြင်တော်မူသည်ဖြစ်၍။ အမတ၊သီလသမာဓိပညာဟူ သောဝိဇ္ဇာဆိုတဲ့ ဆေးသုံးမျိုးကို။ပသာရယိ၊ ဆိုင်းဘုတ်နှင့်ကြော်ငြာလို့ သာသနာ ငါးထောင်အတွင်းမှာလ ဆိုင်ခင်း၍ ထားတော် မူခဲ့လေသ တည်း။သာဓဝေါ၊ ရောဂါကိုယ်မှာ ပျောက်လိုကြတဲ့ ဒုက္ခသယ် အပေါင်း သူတော်ကောင်းတို့။ တုမှေ၊ အသောက်ပျင်းကာ မတန်ဘူးရယ်လို့မငြင်း ကြနဲ့တော့ ပျောက်ကင်းဘို့ဝေဒနာဟာ နလံထူလိုကြကုန်သော သင်တို့ သည်။ ကမ္မေန၊ လျှုရှောင်ပွါးတင် မဂ္ဂင်ကျင့်သန် ပါရမီကံဖြင့်။ကိဏိတွာ န၊ အဘိုးသက်သာ ပေးကာလွယ်ကူ ဝယ်ယူကြကုန်သည်ဖြစ်၍။ အမတ၊ ထိုမေမွာသမရှသာ ဆေးဝိဇ္ဇာကို။ ပိဝေထ၊ ချိန်ခါရောက်ပြီမို့ မြိန်မြိန် ကြီး စားသောက်ကြရာ၏။ မြိန်မြိန်ကြီးစားသောက်ကြလေတော့။ ပိဝေ ထ၊ ဆေးဘော်မြတ် ကဝိနမူနာကို သတိမမူစရာလို့တော်ရာမှာထားသူတို့ မသိသူတွေ ကျော်ကာသွားစေတော့ သြော်သိသူတွေမှာ ဖော်၍သာစား ကြရသေကုန်တော့သတည်း။

ဘုရားက ငါကဲ့သို့ဖြစ်ချင်ယင် ငါကဲ့သို့ကျင့်ရမည်၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကျင့်ရမည်။ ကျင့်ရမည့် တရားကတော့ ပါရမီ ၁၀ ပါး အပြား ၃၀ စရိယ ၃ ပါး စွန့်ခြင်းကြီး ၅ ပါးဒါထက်သာချင်ပါသေးလျှင် ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကျင့်ရမယ်။ ၎င်းထက် သာချင်ပါသေးလျှင် ၁၆ သင်္ချေနှင့်ကမ္ဘာတသိန်း ကျင့်ရမည်တဲ့ ပစ္စေကဗုဒ္ဓါမှာ ၂ သင်္ချေနှင့် ကမ္ဘာတသိန်း၊ အဂ္ဂသာဝကမှာ ၁ သင်္ချေနှင့် ကမ္ဘာတသိန်း၊ မဟာသာဝ ကမှာ ကမ္ဘာတသိန်း၊ ပကတိသာဝကမှာ ကမ္ဘာတရာ တထောင်စသည် ဖြင့်ညွှန်ပြခဲ့ပါသည်။

အကုသိုလ်နှင့် ကုသိုလ်ရောယှက် သံသရာစက်မှ မထွက်နိုင်ကြသေး အိုလူများတို့၊ အမှားအမှန် ထိုနှစ်တန်ကို ကောန်တိတိ သိအောင်အလုပ် အားမထုတ်ဘဲ အလွဲတတန် အမှန်တလှည့် သို့ဖြစ်ခဲ့၍ ချဲ့ချင်တိုင်းချဲ့ ရှည်

ချင်ဘိုင်းရှည် သံသရာဘေ့ဘွင် အေးပေတာဒါ ပူဆာအမြဲ ဖြစ်ရန်ကိုသိ မဲ့သိ ရန် အချိန်တန်ပေါ့ အပြန်အလှန် အတန်တန် အမှန်သိမှု သတိပြုစို့ ထို၏ ဖြစ်ခြင်း ထိုက်ရင်းကြောင့်....မှန်ကင်းတလှည့် ထင်းတလှည့်။

## မှန်ကင်းတလှည့် ထင်းတလှည့် တရားတော်

အတ္တနာဟိ ကတံ ပါကံ၊ အတ္တနာ သံကိလိဿတိ။
အတ္တာနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓိအသုဒ္ဓိ ပစ္စတ္တံ၊ နညော အညံ ဝိသောဓယေ။

အတ္တနာ၊ မိမိသည်။ ပါပံ၊ ယုတ်မာညစ်ကျုံမကောင်းမှုကို။ စေက တံ၊ အကယ်၍ ပြုသည်ဖြစ်ငြားအံ့။ အတ္တာနာဟိ အတ္တနာဝ။ မိမိသည် သာလျှင်။ သံကိလိဿတိ၊ ညစ်ငြူးရ၏၊ ဖြစ်တိုင်းဘဝ ဟူသမျှတွင် မူလ ပေါင်းသင်း အကြောင်းရင်းကြောင့်၊ လူချင်းမတူ၊ သူချင်းမမျှ၊ အောက် တန်းကျ၍၊ ဒုက္ခဖြာဖြာ ညစ်ငြူးရ၏။ အတ္တနာ၊ မိမိသည်။ ပါပံ၊ ယုတ် မာညစ်ကျုံ၊ မကောင်းမှုကို။ စေအကတံ၊ အကယ်၍ မပြုသည်ဖြစ်အံ့။ ရှေ့ရေးနောက်ရေး ထောက်ထွေး၍သာ မပြုရှာဘဲ ရှောင်လွဲတိမ်းဖယ်၍ နေသည်ဖြစ်ငြားအံ့၊ အတ္တနာဝ၊ မိမိသည်သာလျှင်၊ ဝိသုဇ္ဈတိ၊ စင်ကြယ် ၏။ ဖြစ်တိုင်းဘဝ ဟူသမျှတွင်၊ မကျအောက်တန်း မပန်းကိုယ်စိတ်၊ ချမ်း သာရိပ်နှင်း စင်ကြယ်ခြင်းသာ ဖြစ်ပေရာ၏။ သုဒ္ဓိ၊ စင်ကြယ်သန့်ရှင်း၊ အပြစ်ကင်း၍ ချမ်းသာခြင်းသည်၎င်း။ အသုဒ္ဓိ၊ စင်ကြယ်သန့်ရှင်း အပြစ် ကင်း၍ မချမ်းသာခြင်းသည်၎င်း။ ပစ္စတ္တံ၊ မနေရာမနှော ထွေးလုံးရစ်ပတ်၊ စပ်ယှက်သဘော မနေရာနှောသည်သာတည်း၊ အညော၊ တပါးသောကံ သည်။ အညံ၊ တပါးသောကံကို။ နဝိသောဓယေ၊ မသုတ်သင်နိုင်။ နဝိ သောဓယေ၊ အကုသိုလ်နှင့်၊ ကုသိုလ်နှစ်ပါး နိုင်ရာစားကြသဖြင့်၊ ထင် ရှားစွာ ရန်မရှောင်နိုင်ဘဲ၊ နင်လားငါ အပြန်အလှန်ငြင်းတာနဲ့မြဲ မှန်ကင်းဘလှည့် ထင်းတလှည့် ဖြစ်ရလေတော့သတည်း။

ကာလဒါနငါးမျိုး

၁။ ရဟန်း သံဃာ အာဂန္တုရောက်သည်အား လှူဒါန်းခြင်း။
၂။ ခရီးသွားရောက်သည်အား လှူဒါန်းခြင်း။
၃။ ဂိလာနပုဂ္ဂိုလ်အား လှူဒါန်းခြင်း။
၄။ ကောက်ဦး လှူဒါန်းခြင်း။
၅။ ပဲဦးလှူဒါန်းခြင်း။

အကျိုးပေးပုံ

ရှေးဦးစွာအကြီးအကဲဖြစ်ခြင်း
သူဌေးဖြစ်ခြင်း၊ ဘုရင်ဖြစ်ခြင်း
ရဟန္တာဖြစ်၍ နိဗ္ဗာန်ကိုဝင်ခြင်း

မမှုစကြာ

ပုဇ္ဆာ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဉဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

ပုဇ္ဆာ၊ ရှေးသရောအခါ ဘဝကမ္ဘာ သံသရာအဆက်ဆက် တွေ့တုံးက။ အနနုဿုတေသုဓမ္မေသု၊ တကြိမ်တခါမျှ မသိမမြင်၊ မတွေ့မကြုံဘူးသော နာမ်ရုပ်နှစ်ပါး၊ ဝိပဿနာဉာဏ်စဉ်တရားတို့၌၊ စက္ခုနှင့် ယခုအခါ သာသနာတော်နှင့် ကြုံကြိုက်လေသောကြောင့် သိနိုင်မြင်နိုင် ကြုံနိုင်တဲ့ အလိမ္မာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားပေါ်ပေါက် လာရပါပေပြီ။ ဉာဏံ၊ နာမ်ရုပ်နှစ်ပါး၊ ဝိပဿနာဉာဏ်စဉ်တို့ကို မြင်နိုင်သိနိုင်တဲ့အလိမ္မာ ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားပေါ်ပေါက်၍ လာရပေပြီ။ ပညာ၊ နာမ်ရုပ်နှစ်ပါး ဝိပဿနာ ဉာဏ်စဉ်တရားတို့ကို ထိုးထွင်း၍ သိနိုင်တဲ့အလိမ္မာ ပညာသည်။ ဥဒပါဒိ၊ ထင်ရှားပေါ်ပေါက်၍ လာရပေပြီ။ ဝိဇ္ဇာ၊ နာမ် ရုပ်နှစ်ပါး ဝိပဿနာဉာဏ်စဉ်တရားတို့ကို မမြင်မသိအောင် ဖုံးအုပ်၍ ထားသော အဝိဇ္ဇာအမိုက်မှောင်ကြီးကို လှလှပိုင်ပိုင် ပယ်ရှားနိုင်တဲ့ ဝိဇ္ဇာ

အလိမ်မာ ဉာဏ်ရောင်ကြီးသည်။ ဉဒပါဒိ၊ ထင်ရှားပေါ်ပေါက်၍ လာရပါပေပြီ။ အာလောကော၊ သာသနာတော်နှင့် ကြုံကြိုက်တဲ့အခါမှာ အလွန်အရေးကြီးဆုံးသော နာမ်ရုပ်နှစ်ပါး၊ ပရမတ္ထ သဘာဝဝိပဿနာ ဉာဏ်စဉ် တရားတွေကို လက်ပေါ်တင်ထား စိန်မြ ပတ္တမြားအလား ထင်ရှားအောင်မြင်နိုင်တဲ့ အာလောက ဉာဏ်အရောင်အဝါ ကြီးသည်။ ဉဒပါဒိ၊ ထင်ရှားပေါ်ပေါက်၍ လာရပေပြီ။

## အနုသာသနီ

ကောသဇ္ဇံ ဘယတော ဒိသွာ၊ ဝီရိယာရမ္ဘဉ္စ ခေမတော။
အာရဒ္ဓဝီရိယာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ကောသဇ္ဇံ၊ ပရိယတ် ပဋိပတ်ကို ပျင်းရိ၍ အားမထုတ် မသင်ကြားမကျင့်ဘဲနေခြင်းကို။ ဘယတော၊ ဘေးအားဖြင့်။ ဒိသွာစ၊ သိမြင်ကြကုန်၍ရင်း။ ဝီရိယာရမ္ဘံ၊ မပျင်းမရိမူ၍ ကျင့်ကြံ ကြိုး ကုတ် မ ယုတ်သော ဝီရိယဖြင့် နေထိုင်ကျင့်ကြံ သင်ကြားခြင်းကို။ ခေမတော၊ ဘေးမရှိသောအားဖြင့်။ ဒိသွာစ၊ သိမြင်ကြကုန်၍ရင်း။ အာရဒ္ဓဝီရိယာ၊ အားထုတ်အပ်သော ဝီရိယရှိကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ ဧသာ၊ ဤသို့ဝီရိယကို အားထုတ်၍နေထိုင်ကျင့်ကြံသင်ကြားခြင်းသည်။ ဗုဒ္ဓါနံ၊ သင်တို့ဆရာ ငါဘုရားတို့၏၊ အနုသာသနီ၊ အဆုံးအမညြဝါဒစကားတော်ပါပေတည်း။

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ဝိဝါဒံ၊ ငြင်းခုံရန်စစ် ခိုက်ရန်ဖြစ်ခြင်းကို။ ဘယတော၊ ဘေးကြီးအားဖြင့်။ ဒိသွာစ သိမြင်ကြကုန်၍ရင်း။ အဝိဝါဒံ၊ ငြင်းခုံရန်စစ် ခိုက်ရန် မဖြစ်ခြင်းကို။ ခေမတော၊ ဘေးရန်ကင်းသောအားဖြင့်။ ဒိသွာစ၊ သိမြင်ကြကုန်၍ရင်း။ သမဂ္ဂါ၊ ကိုယ်စိတ်နှစ်ဖြာ ညီညွတ်ကြကုန်သည်။ သခိလာ၊ ပြေပြစ်သိမ်မွေ့သောစကားရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ဧသာ၊ ဤသို့ ကိုယ်စိတ်နှစ်ဖြာ ညီညွတ်ခြင်း သိမ်မွေ့ခြင်း

နူးညံ့သောစကားဖြင့် ပြောဆိုခြင်း နေထိုင်ကြခြင်းသည်။ ဗုဒ္ဓါနံ၊ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြကုန်သော သင်တို့ဆရာ ငါဘုရားတို့၏၊ အနုသာသနီ။ အဆုံးအမဩဝါဒစကား ပေတည်း။

ပမာဒံ ဘယတော ဒိသွာ၊ အပ္ပမာဒဉ္စ ခေမတော။
ဘာဝေထ ဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဧသာ ဗုဒ္ဓါနုသာသနီ။

ပမာဒံ၊ သတိမပေါ့၍မေ့လျော့ခြင်းကို။ ဘယတော၊ ဘေးကြီးအားဖြင့်။ ဒိသွာ၊ သိမြင်ကြကုန်၍ရှင်း။ အပ္ပမာဒံ၊ သတိမပေါ့၍ မမေ့မလျော့ခြင်းကို။ ခေမတော၊ ဘေးရန်ကင်းသောအားဖြင့်။ ဒိသွာ၊ သိမြင်ကြကုန်၍ရှင်း။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ မဂ္ဂသစ္စာကို။ ဘာဝေထ၊ ပွားများအားထုတ်ကြကုန်လော့။ ဧသာ။ ဤသို့မမေ့မလျော့ မဂ္ဂသစ္စာကို ပွားများအားထုတ်ခြင်းသည်။ ဗုဒ္ဓါနံ၊ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့၏။ အနုသာသနီ၊ အဆုံးအမဩဝါဒ စကားတော်ပေတည်း။

ပြဟ္မာနတ်လူ ဘုံသုံးဆူဝယ် ပြိုင်သူကင်းဆိတ် အထွတ်စင်စစ် အမှန်ဖြစ်ကာ သစ္စာလေးရပ် ကိုင်လတ်ဆွတ်ချူ သယမ္ဘူဉာဏ်ဖြင့် တရားမြတ်သည် မုချမသွေ ဖြစ်ရလေတော့အံ့သတည်း။ ဤသို့မသွေ ဖြစ်ရလေသော လောကဉ္ဇောင် ငါဘုန်းခေါင်သည်။ ပြဟ္မာသောသော၊ လူရောနတ်ပါ သတ္တဝါကို ဆင်းရဲမီးရှိန် ထိန်ထိန်လောင်စွဲ နှောင်အိမ်ထဲမှ ကျွတ်ကြောင်းလွတ်ကြောင်း ဝဋ်ပေါင်းကင်းစေ ချွတ်ချွေ ကယ်တင်တော်မူအံ့သတည်း။

ငါသည် ဘုရား ဖြစ်တော်မူပြီးသော မျှားဖြင့်လှစွာ ကျွတ်တမ်းဝင်ထိုက်ကုန်သော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ကို မြူပ်ကြ မျှောကြ လောကပြင်ကျယ် ဝဋ်ပင်လယ်မှ မအိုမသေ အမြဲနေတဲ့ အမတပြည်ခေါ် ရွှေပြည်တော်သို့ မဂ္ဂင်ဖောင်ကြီးဖြင့် ဆင်းရဲဝဋ်မှ ကင်းလွတ်ကြအောင် ပို့ဆောင်ကယ်တင်တော်မူအံ့တည်း။

## ပဋ္ဌမဗုဒ္ဓဝစန

ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ သံသရာအရေးကို ပြန်လှန်ကာ မကြာမကြာ တွေးလေ့ရှိတဲ့ အို ချစ်သားချစ်သမီးတို့။ဟန္ဒဒါနိ၊ ငါဘုရားပရိနိဗ္ဗာန်စံချိန်နီးရာ ယခုအခါ၌။ ဝေါတုမှာကံ၊ သင်ချစ်သား ချစ်သမီးတို့အား။ အာမန္တယာမိ၊ ငါဘုရားမှာတော်မူ၏။ သင်္ခါရာ၊ ကံစိတ်ဥတုအာဟာရတို့ကြောင့်ဖြစ်ပျက်၍နေကြတဲ့ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သော သဘောရှိကြကုန်၏။ အပ္ပမာဒေန၊ မမေ့သောသတိတရားနှင့်၊ သမ္ပာဒေထ၊ ပြည့်စုံရစ်ကြ။သမ္ပာဒေထ၊နေ့ရောညပါဘယ်ခါမစဲ အမြဲနေ့ည ပြည့်စုံကြလို့ မှာတော်မူခဲ့လေသတည်း။

ရှင်တော်ဗုဒ္ဓ–မိန့်ဟမြွက်ချေ။
နောက်ဆုံးစကား–မှာကြားခဲ့ပေ
ရုပ်နာမ်သင်္ခါရ–ဝယဓမ္မေ။
သတိထား–စဉ်းစားရစ်ကြလေ။

## တရားဂုဏ်တော်ခြောက်ပါး ပါဠိ-အနက်

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဓမ္မော၊ ပရိယတ္တိမဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို။သွာက္ခာတော၊ ကောင်းစွာ ဟောတော်မူအပ်၏။ဓမ္မော၊ တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော၊ ဉာဏ်ပညာဖြင့် ကိုယ်တိုင်ရှုခြင်းငှါထိုက်၏။ အကာလိကော၊အခါမလင့် ကောင်းကျိုးပေးတတ်၏။ ဧဟိပဿိကော၊ လာလှည့်ရှုလှည့်ဟူသော အစီအရင်ကို ခံထိုက်၏၊ ဩပနေယိကော၊ မိမိစိတ်၌ မပြတ်မလတ်ကပ်၍ ဆောင်ခြင်းငှါ ထိုက်၏။ ဓမ္မော၊ တရားတော်ကို။ ဝိညူဟိ၊ ကျင့်ကြလေဘိ ပညာရှိတို့သည်။ ပစ္စတ္တံ၊ အသီးသီး၊ ဝေဒိတဗ္ဗော၊ သိအပ် ခံစားအပ်၏။ ဣတိ၊ ဤသို့။ ဆဂုဏာ၊ ခြောက်ပါးသော ဂုဏ်တော်တို့ကို။ ဝိညေယျာ၊ သိရာ၏။

မြတ်စွာဘုရားသခင်သည် ကောင်းစွာဟောတော်မူသော တရားထူး တရားမြတ်ကို အလိုရှိကြကုန်သော သူတော်ကောင်းတို့သည် သုတ္တာတော၊ သုံးပါး အကျင့်တရားတို့ကို၊ သန္နိဋ္ဌာကော၊ ဉာဏ်ပညာဖြင့် ကိုယ်တိုင် ရှုခြင်းငှါ ထိုက်၏ ဆိုသည့်အတိုင်း ပရိယတ္တိသာသနာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သမ္မပ္ပဓာန အလုပ်တရားတို့ကို ဤ နေရာက စ၍ သေချာစွာ ဟော၍ပြမည်၊ ကောင်းစွာနာခံကြ၊ မှတ်သားကြ၊ သေချာစွာ နားစိုက်ကြ၊ နှလုံးပိုက်လိုက်ကြ၊ ဟောပြတော့မည်။ ကျွန်ုပ် ဟောသမျှ သဘောကျအောင်သာ ကျင့်ကြံကြ၊အားထုတ်ကြပေတော့ ယောဂီ အပေါင်း သူတော်ကောင်းတို့။

လိုက်နာကျင့်ကြံနိုင်ပါက ဤစာအုပ်က မှာသမျှ မုချမလွဲ ကျွန်ုပ်က ရဲဝံ့စွာ ဝန်ခံလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရား ဝန်ခံတော်မူသောကြောင့်ပင်တည်း။

## ပရမတ်နှင့်ပညတ်ခွါပုံ

ယောဂီတို့ ယနေ့ဟောမည့် တရားကတော့ မိမိရဲ့ ခန္ဓာကိုယ်မှာ ပရမတ်ရုပ်နာမ်ပါလျက်သားနဲ့၊ ပညတ်တွေ ဖုံးနေသောကြောင့် သူ ကောင် ငါကောင် ယောကျ်ား မိန်းမ လူ နတ်ဗြဟ္မာ သတ္တဝါလို့ ထင်နေကြတာကို ယနေ့တော့ ပညတ်ကိုခွါ၍ပရမတ်ပေါ်ပုံဟောပြမည် ယောဂီတို့နားစိုက်ကြပေတော့။ ပရမတ်ပေါ်မှာ ဘယ်ပညတ်တွေ ဖုံးနေပါသလဲဆိုတော့-

(၁) သမူဟပညတ်
(၂) ဃနပညတ်
(၃) သဏ္ဌာနပညတ်
(၄) နာမပညတ်
(၅) သန္တတိပညတ်

ဟု ဆိုအပ်သော ပညတ်ငါးပါးဖုံးလွှမ်း၍ထားခြင်းကြောင့် အမြင်မှား အထင်မှား ဖြစ်နေကြသည်။ ယခုတော့ ယောဂီတို့မှာ ဝိပဿနာပညာ

နှင့် ရှုလိုက်တော့မှ ငါကောင် သူကောင်ပျောက်၍ဓာတ်ကလာပ် ပရမတ် ကလေးတွေ အမှန်ကို တွေ့ရှိလာကြ၏။

သို့သော် ယောဂီတို့ကို ပညတ်ဖုံးပုံကို အ နှင် ဟော ပြ ဦး အံ့။ ဘယ်ပုံဖုံးနေပါသလဲဆိုတော့ မိမိရုပ်ဘရားသည် ပထဝီ အာပေါ တေဇော ဝါယော ဟု ဆိုအပ်သော ဓာတ်လေးပါးပေါင်း၍ ယခုတွင်ကဟော ခဲ့သော ပညတ်ငါးပါး ကို ခွါပြမည်။ မိမိခန္ဓာကိုယ်နှင့်ဟပ်၍ နားထောင်ကြပေတော့ ယောဂီတို့။ ယောဂီတို့မှာ ယခုတော့ သမာဓိမှန်ပြောင်းကြီး နှင့် မိမိခန္ဓာကိုယ်အတွင်းသို့ ကောင်း ကောင်း ကြီး ကြည့်လိုက်တော့ ဓာတ်တွေ ကလာပ်တွေ ပရမတ်တွေ တွေ့ကြတယ်မဟုတ်လား ယောဂီတို့ရဲ့။

မှန်လှပါ တွေ့ကြောင်းပါဘုရား။

ယခုလို တွေ့လို့ရှိရင်ဖြင့် ခန္ဓာတွေ့နှင့်ဟပ်၍ ဟောရမဲ့တရား ဖြစ်သည်။ ဟိုအခါတုန်းကတော့ ဆရာဖြစ်သူကလဲ ဝိပဿနာတရား ကိုလဲ အားမထုတ်ရသေးတဲ့အတွက် ပရမတ်ကို ခန္ဓာအတွင်း၌ရှင်းမပြနိုင်သေးပေ။ သို့သော်လဲ ပရိယတ်အနေနှင့်တော့ သိတန်သလောက် သိကြပါစေလို့ ဓာတ်လေးပါးကို ပညတ်နှင့်တင်စား၍ ဟောခဲ့ရပါသေးသည်။ ဘယ်လိုများ ဟောရပါသလဲဆိုတော့မိမိရဲ့ရုပ်တရားဟာ ဓာတ်ရုပ်တွေ ဓာတ်နာမ်တွေဘဲလို့ ဟောခဲ့ပါသည်။

ပထဝီဆိုတာကတော့ မြေကြီးနှင့် တူတယ်၊ သံမှုန့်နှင့် တူတယ်၊ ဘိလပ်မြေနှင့်တူတယ်၊ ထုံးမှုန့်နှင့်တူတယ်၊ မုန့်မှုန့်နှင့်တူတယ်လို့ ပထဝီဓာတ်ကို ပညတ်တင်၍ ဟောပါသည်။ အာပေါဓာတ်ကိုတော့ ရေနှင့်တူတယ်လို့။ တေဇောဓာတ်ကိုတော့ မီးနှင့်တူတယ်လို့။ ဝါယောဓာတ်ကိုတော့ လေနှင့်တူတယ်လို့ ဥပမာတင်၍ ဟောခဲ့ရပါသည်။ ယခုတော့ ယောဂီတို့ကို ပညတ်၊မိမိတို့ခန္ဓာကိုယ်အတွင်းက ဓာတ်ကလာပ် ပရမတ်ကလေးတွေကို ပညတ်ဆိုသော သမူဟက ဖုံးထားခြင်းကြောင့် မပေါ်နိုင်။

ပညတ်ကို ဥပမာထားကြအုံးစို့။ ဘာနဲ့တူပါသလဲဆိုတော့ မုန့်မှုန့်နှင့်နှင့် တူတယ်။ အဲဒီ မုန့်မှုန့်ကို ရေနှင့်နယ်လိုက်တော့ အတုံး ဖြစ်၍ လာရော၊ အဲဒီအတုံးက မည်သူ့ကိုဖုံးပါသလဲဆိုတော့ အာပေါဓာတ်ကို

ဖုံးတယ်။ ၎င်းနောက်မှုန့်မှုန့်နှင့်ချေကို နယ်ထားသော ပညတ်သနတုံးကို ယူ၍သဏ္ဌာန်ကလေး လုပ်ပြန်တော့ သဏ္ဌာန်ပညတ်ဖြစ်တယ်။ ထိုပညတ် သဏ္ဌာန်ရုပ်ကလေး ကို မီးနှင့်ဖုတ်၍ နေနှင့် မှမ်းသော်၎င်း၊ ထိုသဏ္ဌာန်က လေးကိုစမ်းသပ်၍ကြည့်သောအခါ မာမာမာမာနှင့်နေခြင်းကြောင့် နူးညံ့ ပထဝီလဲ မပေါ်နိုင်၊ ထိုသဏ္ဌာန်ရုပ်ကလေးကို ပညတ် အမည်ပေး လိုက်ပြန်တော့ နာမပညတ်က တေဇောဓာတ်ကို ဖုံးလို့ မပေါ်နိုင်။ ထို သဏ္ဌာန်ရုပ်ကလေးကိုယူ၍ လေလာလာမှာ ကြိုးနှင့်ဆွဲထားတော့မှ ထိုသူ သည် အလုပ်လုပ်နေသည်၊ ခရီးသွားနေသည်ဟု ခေါ်ဝေါ်ကြခြင်း ကြောင့် ဝါယောဓာတ် မပေါ်နိုင်။ ကိုင်း ယခု ပညတ်ငါးပါးက ပထဝီ အာပေါ တေဇော ဝါယောဟု ဆိုအပ်သော ဓာတ်လေးပါးပေါ်မှာဖုံး လို့ ဓာတ်တွေ မပေါ်နိုင်တာပေါ့ ယောဂီတို့ရယ်။

မှန်လှပါဘုရား။

ကိုင်း ယောဂီတို့မှာ ပညတ်တွေဖုံးထားလို့ ဓာတ်ကလာပ် ပရမတ်တွေ မပေါ်နိုင်တာ၊ ယခုတော့မှ မိမိခန္ဓာကိုယ်ပေါ်၌ ဝိပဿနာ ပညာနှင့်ရှုလိုက်တော့ မိမိခန္ဓာကိုယ်အတွင်းက ဓာတ်ကလာပ် ပရမတ် တွေကိုတွေ့လာတော့ ပညတ်တွေ ကွာသွားတာပေါ့ယောဂီတို့ရဲ့။

ကွာသွားကြောင်းကို ဟောတော်မူပါဦးဘုရား။

အေး ဒါဖြင့် ကွာပြမည် နားစိုက်ကြပေတော့ ယောဂီတို့။ ယခု တွင်က ဟောခဲ့တဲ့သဏ္ဌာန်ကို အတုံးအခဲ၊ သူဘဲငါဘဲ၊ ဖြူဘဲ၊ ငနီဘဲလို့ ထင်နေသော သဏ္ဌာန်ရုပ်ကလေး ကိုယူ၍ ကျိတ်လိုက်တော့ အတုံးအခဲလို့ တွေ့ကြသေးရဲ့လား ယောဂီတို့ရဲ့။

မတွေ့ကြောင်းပါဘုရား။

အဲဒါကြောင့် ယခု ယောဂီတို့မှာ ဝိပဿနာနှင့် ခန္ဓာကိုယ်ကို ရှု လိုက်တော့ ခန္ဓာကိုယ်အတွင်းက နာကျင်ကိုက်ခဲ၍လာသော ပထဝီဓာတ် တွေပေါ်လာဘော့ ယခုတွင်က ဟောခဲ့တဲ့ မှုန့်မှုန့်နှင့်တူသော သမူဟ ပညတ် ကွာသွားပါရော။ သို့ဖြင့် မိမိခန္ဓာကိုယ်အတွင်းက ယိုစီး ဖွဲ့ စည်း စေးထမ်းဆိုသော ဓာတ်တွေကိုတွေ့တော့ ထိုအာပေါဓာတ်ထဲမှာ အတုံး အခဲ တွေ့ကြသေးရဲ့လား ယောဂီတို့ရဲ့။

မတွေ့ကြောင်းပါဘုရား။

အဲဒါကြောင့် သနုပညတ် ကွာသွားခြင်းကြောင့် အာပေါခါတ် ပေါ်လာပြီမဟုတ်လား။

မှန်လှပါဘုရား။

ဒါဖြင့်လဲ မိမိခန္ဓာကိုယ်အတွင်း ရှုလိုက်ပြန်တော့၊ ခန္ဓာကိုယ် အတွင်းက ပူမှု၊ အေးမှု၊ နွေးမှုကလေးတွေ ပေါ်လာတဲ့အခါကျတော့ ထိုပူမှု၊ အေးမှု၊ နွေးမှုထဲမှာ ယခုတင်က သဏ္ဌာနပညတ်တွေဟာ တွေ့ကြ သေးရဲ့လား ယောဂီတို့ရဲ့။

မတွေ့တော့ပါဘုရား။

အဲဒါဖြင့် သဏ္ဌာနပညတ်တွေ ကွာသွားခြင်းကြောင့် တေဇော ဓာတ်တွေပေါ်လာပြီမဟုတ်လား ယောဂီတို့ရဲ့။

မှန်လှပါ၊ ပေါ်လာပါသည်ဘုရား။

ယခုတင်က မယ်တော်ကြီးက ယောဂီတို့ခန္ဓာကိုယ်မှာ နာမည် ကလေးတွေပေးပြီး ခေါ်ရတဲ့ အမည်နာမကလေးဟာ မိမိခန္ဓာကိုယ် အတွင်းက လှုပ်ရှားထောက်ကန် တွန်းထိုး တိုးဝှေ့ဆိုသောဝါယောဓာတ် တွေ တွေ့တော့ သည့်အထဲမှာ ယခုတင်ကနာမည်ကလေးတွေ တွေ့ကြ သေးရဲ့လား ယောဂီတို့။

မတွေ့ကြောင်းပါဘုရား။

အေး–ဒါဖြင့် ယခုတင်ကပြောခဲ့ဘဲ့ ဝါယောဓာတ်တွေ ပေါ်လာ တော့ နာမပညတ်ကွာသွားတာပေါ့ ယောဂီတို့ရဲ့။

ကွာသွားကြောင်းပါဘုရား။

ယောဂီတို့မှာ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း ဘာဝိ တော ဗဟုလီကတော ခန္ဓာကိုယ်အတွင်းက တဖွဖွတသဲသဲ တဖြန်းဖြန်းနှင့် သဲကမ်းပါး ရေစားဘိသကဲ့သို့ ခန္ဓာကိုယ်အတွင်းက ဓာတ်ကလာပ်တွေ ပေါ်လာတဲ့အထဲမှာ ယခုတင်က ပြောတဲ့ ငါလို့ အစဉ် ထင်နေသော ငါတွေ တွေ့ကြသေးရဲ့လား ယောဂီတို့ရဲ့။

မတွေ့ကြောင်းပါဘုရား။

အဲဒါဖြင့် ခေတ်ကလာပ်ကလေးတွေ ပေါ်နေတော့ ငါဟုံအစစ် ထင်နေသော သတိပညတ်တွေ ကွာသွားတာပေါ့ ယောဂီတို့။

မှန်လှပါ ကွာသွားပါပြီဘုရား။

ယောဂီတို့မှာ ထိုခေတ်ကလာပ် ပရမတ်အမှုန်ကလေးတွေကို တွေ့ ပင်တွေ့ငြားသော်လည်း ပရမတ်မဆိုက်သေးဘူးတဲ့၊ ဘာကြောင့်လဲဆို တော့၊ မိမိရဲ့ခန္ဓာကိုယ်အတွင်းက ခေတ်ကလာပ် ပရမတ်ကလေးတွေ တဖွဲဖွဲတသဲသဲ ဖြစ်ပျက်၍နေတဲ့ ကလာပ်မှုန်ကလေးတွေတောင်မှ တမှုန် လျှင် အဋ္ဌကလာပ်ရုပ်ကလေးတွေ ရှစ်ခုတည်ရှိတယ်လို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဟောတော်မူခြင်းကြောင့်၊ ပရမတ်အစစ်ခေတ် အနှစ်မဖြစ်သေးဘူးလို့ ဟောတော်မူတယ်။

အဲဒါကြောင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ထိုက လာပ်မှုန်ကလေးတမှုန်သည် သန်းခေါင်းကလေးမျှလောက်သာရှိသည်။ ထိုလောက်မှုန်သော်လဲ ခေတ်သားကလာပ်သား ပရမတ်သား ကျပလား ဆိုတော့၊ မကျသေးဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ပညတ်နှစ်ပါး ကပ် နေလျက် ရှိသေးတယ်။ ဘယ်ပညတ်တွေ ကပ်နေသလဲဆိုတော့ သန်း ဦးခေါင်းလို့ခေါ်ခြင်းကြောင့် နာမပညတ်၊ သန်းခေါင်းလို့ခေါ်ရခြင်း ကြောင့် နာမပညတ် သန်း ဦးခေါင်းလောက်ရှိတယ်လို့ သဏ္ဍာန်ပြ ခြင်းကြောင့် သဏ္ဍာနပညတ်လို့ခေါ်တယ်။ဒါလောက်တောင် သေးငယ် ဒါတောင်မှ ပညတ်ကပ်နေခြင်းကြောင့် ပရမတ်အစစ် ခေတ်အနှစ်မဖြစ် သေးဘူး၊ အဲဒါကြောင့် ယခုတင်ကပြောတဲ့ သန်းဦးခေါင်းမျှရှိသော ကလာပ်မှုန်ကလေးတခုကိုယူ၍ ခုနစ်စိတ်စိတ်လိုက်တော့ ဘာဖြစ်သွားသ လဲဆိုတော့ လိပ်ခါပိုး ခုနစ်ကောင်စာဖြစ်တယ်လို့ ဘုရားကိုယ်တော်မြတ် ကြီး ဟောတော်မူတယ်။ ထိုလိပ်ခါပိုးခုနစ်ကောင်စာဖြစ်သော်လဲ ပရမတ် သား ခေတ်သားကလာပ်သား ကျပါသလားဆိုတော့၊ မကျသေးဘူးတဲ့။ ဘာကြောင့်ပါလဲဆိုတော့ လိပ်ခါပိုးလို့လဲ ခေါ်ရခြင်းကြောင့် နာမ ပညတ် လိပ်ခါပိုးကောင်လောက်ရှိတယ်လို့ပြစရာရှိခြင်းကြောင့် သဏ္ဍာန ပညတ်၊ ထိုပညတ်နှစ်ပါး ကပ်နေခြင်းကြောင့် ပညတ်ကိုခွါကြအုံးစို့။ ပညတ်တွေအတော်ဆိုးတဲ့ ပညတ်တွေ။

ယခုလောက်မှုန်တာတောင်မှ ပညတ်တွေကပ်၍ နေသေးတယ်။ အဲဒါကြောင့် အတုံးအခဲ သဏ္ဌာန်၊ အရောင်၊ အဆင်း၊ အလင်းနိမိတ်တို့ အပေါ်၌ထင်၍နေလျှင် ဘယ်မှာ ပရမတ်အစစ် ဓာတ်အနှစ် ဖြစ်နိုင်ပါ့မလဲ ယောဂီတို့ရယ်။ အေး ဒါဖြင့် ပညတ်တွေ ခွါကြအုံးစို့။ ယခုတင်က လိပ်ခါပိုးကောင်ဇာကိုယူ၍ (၃၆) စိတ်စိတ်လိုက်တော့ကာ ပရမတ်သား ဓာတ်သား ကလာပ်သား ကျပါသလားဆိုတော့၊ မကျသေးဘူး၊ ဘာကြောင့်လဲဆိုတော့ ထိုအမှုန်ကလေးတွေကို ရထရေဏုမြူလို့ ခေါ်တယ် ယောဂီတို့ရဲ့၊ အဲဒါကြောင့် ထိုရထရေဏုမြူကိုတောင်မှ ပရမတ်သား ဓာတ်သား ကလာပ်သား မကျသေးဘူးတဲ့။ ဘာကြောင့်လဲလို့ဆိုတော့ ပညတ်နှစ်ပါး ကပ်နေသေးတယ်တဲ့။ ဘယ်ပညတ်တွေ ကပ်နေပါသလဲ ဆိုတော့၊ ရထရေဏုမြူလို့ ခေါ်ရခြင်းကြောင့် နာမပညတ် သဏ္ဌာန် ပြစရာရှိခြင်းကြောင့် ဘာနဲ့တူပါသလဲဆိုတော့ လှည်းတွေ ရထားတွေ မောင်းသွားတဲ့နောက်က မှုန့်ကလေးတွေနှင့် တူတယ်လို့ သဏ္ဌာန်ပြစရာ ရှိသေးတယ်လို့ သဏ္ဌာနပညတ်လို့ခေါ်တယ် ယောဂီတို့ရယ်။ ယောဂီတို့ ခန္ဓာကိုယ်မှာ တွေ့ကြရဲ့လား။

တွေ့ရပါတယ်ဘုရား။ အမှုန်ကလေးတွေဟာ မိမိခန္ဓာကိုယ်အတွင်း မှာတွေ့တဲ့ အမှုန်ကလေးတွေဟာ အလွန်တရာမှ မှုန့်ခြင်းကြောင့် ပညတ် ကိုခွါလို့မှ ရနိုင်ပါတော့မလားဘုရား။

အေး ယောဂီတို့ရဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ခွါမရ ဘဲနဲ့ ဘော့ ဟောတော်မမူပါဘူး။ ဘာကြောင့်လဲဆိုတော့ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးက ကောဇနန်လို့ တခွန်းတည်းသာဟောတော် မူတယ်။ အဲဒါကြောင့် ပညတ်တွေကို ခွါလိုက်ကြအုံးစို့။ ယခုတင်က ပြောခဲ့တဲ့ ရထရေနုမြူတမှုန်ကို လက်နှင့်ယူလို့တော့မရဘူး၊ စိတ်အား ဉာဏ်အားဖြင့်ယူ၍ ရထရေနုမြူတမှုန်ကို (၃၆) စိတ်စိတ်လိုက်တော့ ပရမတ်သား ဓာတ်သား ကလာပ်သားကျပါသလားဆိုတော့၊ မကျသေး ဘူးတဲ့၊ ဘာ့ကြောင့်လဲဆိုတော့၊ တဇ္ဇာရီမြူလို့ခေါ်ရခြင်းကြောင့် နာမ ပညတ်ဖြစ်သည်။ သဏ္ဌာန်ပြစရာရှိသေးလို့ ပြဦးအံ့။ သဏ္ဌာန်ကတော့ ဘာနဲ့တူပါသလဲဆိုတော့ အိမ်တို့ကျောင်းတို့မှာ နေရောင်တွေထိုးတော့ အခိုးတွေလို၍ အမှုန်တွေလို တူတယ်လို့ ပြစရာရှိခြင်းကြောင့် သဏ္ဌာန

ပညတ်လို့ခေါ်တယ်။ အဲဒီအမှုန်ကလေးတွေတောင်မှ ပညတ်နှစ်ပါးကပ်လျက်ရှိသေးတယ်ယောဂီတို့ရဲ့။ ကဲ- ဒါဖြင့် ထပ်ပြီး ပရမတ်သားကျအောင် ခွါကြအုံးစို့။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲပညတ်ကိုစင်အောင် ခွါထုတ်။ ပရမတ်ကိုမြင်အောင် အားထုတ်လို့ ဟောထားတော်မူတယ်။ အဲဒါကြောင့်မို့လို့ ယခုတင်က ပြောခဲ့တဲ့ တဇ္ဇာနီမြူမှုန်ကလေးတမှုန်ကို စိတ်အား ဉာဏ်အားဖြင့်ယူ၍ (၃၆) စိတ်စိတ်လိုက်ကြအုံး ယောဂီတို့ရဲ့၊ ထိုလိုစိတ်လိုက်တဲ့အခါကျတော့ကော ပရမတ်သားဓာတ်သား ကလာပ်သား ကျပါသလားဆိုတော့ မကျသေးဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အနုမြူလို့ခေါ်သေးတယ် ယောဂီတို့ရဲ့။ အနုမြူလို့ ခေါ်ရခြင်းကြောင့် နာမပညတ် တပါး ကပ်ပြန်တယ်။ သဏ္ဌာန်ပြစရာရှိသေးလို့ ပြဦးအံ့။ ဘာနဲ့တူပါသလဲဆိုတော့ တပေါင်းတန်ကူးလမျှားမှာ စပါးရိုးပြတ်ထဲမှာကြည့်လိုက်တော့ ဝင်းခနဲ လက်ခနဲ နေပူငွေ့ရတာလို ရေတိမ်တိမ်မှာ နေရောင်ထိုး၍ လျှပ်စစ်ကလေးတွေကဲ့သို့ မှုန်မှုန်မွှားမွှားနှင့် သဏ္ဌာန်ပြစရာရှိသေးလို့ သဏ္ဌာနပညတ်လို့ ခေါ်တယ်။ အဲဒါလောက်မှုန်တာတောင် ပညတ် (၂) ပါးကပ်လျက် နေသေးတယ်။ အဲဒီအမှုန်ကလေးတွေကိုတော့ လူတွေတောင်မြင်သေးတာဘဲ နတ်တွေလဲ မြင်မှာပေါ့ ယောဂီတို့ရဲ့။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ ပရမတ်တို့ မည်သည်မှာ လူသာမန်၊ နတ်သာမန်၊ ပြဟ္မာသာမန် မမြင်နိုင်လို့ ဟောတော်မူတယ်။ ဘယ်လိုပုဂ္ဂိုလ်မျှားမှ မြင်နိုင်တယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူတာကို ယောဂီတို့ရဲ့ ခန္ဓာကိုယ်အတွင်းမှာတွေ့ကြရဲ့လား ယောဂီတို့ရယ်။

မှန်လှပါ တွေ့ကြောင်းပါဘုရား၊ တပည့်တော်တို့ ကိုယ်ခန္ဓာတခုလုံးမှာ တဖွဲဖွဲတသဲသဲ အပ်ချစရာမရှိအောင် တွေ့ပါတယ်ဘုရား။

ကဲ-ဒါဖြင့် ပညတ်ဘေ့ထပ်၍ ခွါလိုက်ကြအုံးစို့။ ယခုတင်က ပြောခဲ့တဲ့ အနုမြူမှုန်ကို စိတ်အား ဉာဏ်အားဖြင့်ယူ၍ ( ၃၆ ) စိတ်စိတ်လိုက်ကြအုံး ယောဂီတို့ရဲ့။ ထိုလို (၃၆) စိတ်စိတ်လိုက်တော့လဲ ပရမတ်သား ဓာတ်သား ကလာပ်သား ကျပါသလားဆိုတော့ မကျသေးဘူးတဲ့။

ဘာကြောင့်လဲဆိုတော့ ပရမာနုမြူလို့ ခေါ်ရသေးခြင်းကြောင့် ပညတ်တပါး ကပ်နေသေးတယ်။ ဘယ်ပညတ်ကပ်ပါသလဲဆိုတော့ ပရမာနုမြူလို့ခေါ်ရခြင်းကြောင့် နာမပညတ်တပါး ကပ်တယ်။သို့သော်လဲ ယောဂီတို့မှာ အားတက်စရာကောင်းလာပြီ။ ဘာကြောင့်လဲဆိုတော့ သဏ္ဍာန်ပြစရာမရှိခြင်းကြောင့် သဏ္ဍာနပညတ်ကွာသွားပြီ ယောဂီတို့ရဲ့ သို့သော်လဲ ပညတ်တွေအကုန်ကွာမှ ပရမတ်ကို ရောက်ကြမယ်။ ဒါကြောင့် ပရမာနုမြူအမှုန်ကလေးတမှုန်ကို စိတ်အား ဉာဏ်အားဖြင့်ယူ၍ အစိတ်တသိန်းစိတ်လိုက်ကြပေတော့ ယောဂီတို့ရဲ့။ အဲဒီလို စိတ်လိုက်တဲ့အခါကျတော့ နာမည်လဲ ခေါ်စရာမရှိ၊ သဏ္ဍာန်လဲ ပြစရာမရှိခြင်းကြောင့် အဲဒါမှ ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ မြှုံမြှုံမြမြ ကြည့်စရာသဘောမျှ ဖြစ်ဘော့သည် ယောဂီတို့ရဲ့။

မှန်လှပါ ဒီအတိုင်းဖြစ်ပါသည်။

## တိုက်တွန်းချက်

ယခုဟောခဲ့သော ဃနပညတ်မှုန်၌ အတုံးအခဲ၊ အဆင်းအလင်း အဝင်းတို့အပေါ်၌ တင်မနေကြရလေအောင် ပရမတ်သို့ရောက်၍ အနတ္တပေါက်အောင် ကြိုးစားအားထုတ်မှုကြပါ ကလျာဏအပေါင်း သူတော်ကောင်းတို့။

၁။ သပ္ပုရိသသံသေဝအင်္ဂါ–သူတော်ကောင်းကို မှီဝဲဆည်းကပ်ရခြင်းသည် အင်္ဂါတပါး။

၂။ သဒ္ဓမ္မဿဝန အင်္ဂါ–သူတော်ကောင်းတရားကို ကြားနာရခြင်းသည် အင်္ဂါတပါး။

၃။ ယောနိသော မနသိကာရ အင်္ဂါ–သံသရာဘေးကိုကြောက်နေရခြင်း အင်္ဂါတပါး။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိအင်္ဂါ – မဂ်ရဖိုလ်ရဖြစ်သော သတိပဋ္ဌာန်အကျင့်ကို ကျင့်ခြင်း အင်္ဂါတပါးဟု အင်္ဂါလေးပါးပြ၏။

ဤအင်္ဂါလေးပါးတို့တွင် စတုတ္ထအင်္ဂါသည်သာ၍ပင်ခဲယဉ်းသော အင်္ဂါဟု ပြလေသည်။ ယခုဆက်၍ပြလိုခြင်းကား သပ္ပုရိသသံသေဝအင်္ဂါသည်လည်း မလွယ်လှသော အင်္ဂါဖြစ်သည်ဟု ပြလိုပေသည်။ ထိုသပ္ပုရိသသံသေဝအင်္ဂါဟူသည် ရှေး ခါကဆိုလျှင် ဘုရားရှင်နှင့် အဿဇိမထေရ်ကဲ့သို့သော ရဟန္တာအရှင်မြတ်တို့လို ပုဂ္ဂိုလ်တို့နှင့် တွေ့ရခြင်းကို သပ္ပုရိသသံသေဝအင်္ဂါနှင့်ပြည့်စုံသည်ဟုဆိုလိုသည်။ယခုအခါမှာမူကား ကမ္မဋ္ဌာန်းကို လက်ရှိအလုပ်ကို (ဝါ) လက်တွေ့အလုပ်ကိုလုပ်နေသူပုဂ္ဂိုလ်တို့ ကို တွေ့ရသူတို့သည် သပ္ပုရိသသံသေဝ အင်္ဂါကို ရသည်ဟုဆိုရမည်။ ယခုအခါမှာ မဂ်ဖိုလ်ကိုရလိုကြပါလျှင် ကမ္မဋ္ဌာန်းပြဆရာထံသို့ လက်တွေ့အလုပ်လုပ်ရန် သင့်သည်ဟု ပြောလိုသည်။

## လေ့ကျက်ရန်ဂါထာ

သုဒုလ္လဘံ လဘိတွာန၊ ပဗ္ဗဇ္ဇံ ဇိနသာသနေ။
သီလာဒိသင်္ဂဟံ ခေမံ၊ ဥဇုမဂ္ဂံ ဝိသုဒ္ဓိယာ။
ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေ ဣဓ။
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။

အဋ္ဌကထာလာ ဤဂါထာကို အနက်လေ့ကျင့်ရန်မှာ ဂါထာကို စက္ကူပေါ်၌ ကူးယူ၍ လက်ဝဲလက်ဖြင့် ကိုင်ထားရမည်၊ ဂါထာသည် လေးကြောင်းရှိသည်ဟုသိရမည်။ ဂါထာကို အနက်ပြန်ဆိုသောအခါ ပုဒ်တို့ကို ဘယ်အကြောင်းမှာ ပါရှိသည်ဟု ညွှန်ကြားထားသည်။

၁။ ဣဓဇိနသာသနေ၊ ဤငါတို့မြတ်စွာဘုရား၏ သာသနာတော်၌ (ဣဓပုဒ်သည် တတိယ အကြောင်းမှာ ရှိသည်။ ဇိနသာသနေပုဒ်သည် ပဌမအကြောင်းမှာ ရှိသည်။ ဣဓ ဇိနသာသနေကိုပေါင်း၍ ပြန်ဆိုထားသည်။
၂။ ယေ၊ အကြင်သူတို့သည်(တတိယအကြောင်းမှာ)
၃။ သုဒုလ္လဘံ၊ အလွန်ရခဲလှစွာသော (ပဌမအကြောင်းမှာ)
၄။ ပဗ္ဗဇ္ဇံ ၊ ရှင်ရဟန်း၏အဖြစ်ကို (ပဌမအကြောင်းမှာ)

၅။ လဘိတွာန၊ လဘိတွာနာပိ၊ ရပါသော်လည်း (ပဉ္စမ အကြောင်းမှာ အပိထည့်သည်၊ အဝိသဒ္ဒါသည် ဂရဟာ အနက် အရုစိအနက် ရှိ၏၊ နောက်လည်း ထည့်ရမည်)၊

၆။ သုဒ္ဓိကာမာပိ၊ နိဗ္ဗာန်ကိုလိုချင်ပါသော်လည်း (တဘိယ အကြောင်းမှာ)

၇။ ယောဂိနော၊ ယောဂီတို့သည် (စတုတ္ထအကြောင်းမှာ)

၈။ ဝါယမန္တာပိ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ကြပါသော်လည်း(စတုတ္ထအကြောင်းမှာ)

၉။ ဝိသုဒ္ဓိံ၊နိဗ္ဗာန်ကို(စတုတ္ထအကြောင်းမှာ)

၁၀။ နာဓိဂစ္ဆန္တိ၊မရောက်ကြကုန် (စတုတ္ထအကြောင်းမှာ)

၁၁။ ကသ္မာ၊ အဘယ် အကြောင်းကြောင့်နည်း ဟူ မူကား (ထည့်သည်)

၁၂။ သီလာ ဒိသင်္ဂဟံ၊ သီလ သမာဓိ ပညာတို့ဖြင့် ရေ တွက်အပ်သော(ဒုတိယအကြောင်းမှာ)

၁၃။ ခေမံ၊ကိလေသာဟူသော ဘေးမရှိထသော (ဒုတိယ အကြောင်းမှာ)

၁၄။ ဥဇုံ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော အမှားလမ်းသို့ မလိုက်မူ၍ အဖြောင့်လမ်း ဖြစ်ပေထသော (ဒုတိယ အကြောင်းမှာ)

၁၅။ ဝိသုဒ္ဓိယာ၊နိဗ္ဗာန်၏ (ဒုတိယအကြောင်းမှာ)

၁၆။ မဂ္ဂံ၊လမ်းခရီးလည်း ဖြစ်ပေသော မဂ္ဂင်ရှစ်ပါး အကျင့်တရားကို(ဒုတိယအကြောင်းမှာ)

၁၇။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဝါ၊ ကမ္မဋ္ဌာန်းကျင့်လမ်းကို နည်းလမ်းမှန်သည့်အတိုင်း (တတိယအကြောင်းမှာ)

၁၈။ အဇာနန္တာ၊ မသိကြသောကြောင့် (တတိယအကြော င်းမှာ)

၁၉။ ဝိသုဒ္ဓိံ၊ နိဗ္ဗာန်ကို(စတုတ္ထအကြောင်းမှာ)

၂၀။ နာဓိဂစ္ဆန္တိ၊မရောက်နိုင်ကြကုန်(စတုတ္ထအကြောင်းမှာ)

(ဤအနက်သည် ရိုးရိုးအနက်တည်း၊ နောက်၌ ဆို လတ္တံ့သော အနက်ကား ဂါထာ၌ စောဒကပရိဟာရ နှစ်ပါးတို့ကို ခွဲ၍ ပြဆိုပေအံ့)။

၁။ ဣမ ဇိန သာသနေ၊ ဤ ငါတို့မြတ်စွာဘုရား၏ သာသနာတော်၌ (ဣမသည် တတိယအကြောင်းမှာ ဇိနသာသနေ ပုဒ်သည် ပဌမအကြောင်းမှာ)
၂။ ယေ၊ အကြင်သူတို့သည် (တတိယအကြောင်းမှာ)
၃။ သုဒုလ္လဘံ၊ အလွန်ရခဲလှစွာသော (ပဌမအကြောင်းမှာ)
၄။ ပဗ္ဗဇ္ဇံ၊ ရှင်ရဟန်း၏အဖြစ်ကို (ပဌမအကြောင်းမှာ)
၅။ လဘိတွာန၊ ရပါသောကြောင့် (ပဌမအကြောင်းမှာ)
၆။ ဝိသုဒ္ဓိံ၊ နိဗ္ဗာန်ကို (စတုတ္ထအကြောင်းမှ)
၇။ အဓိဂစ္ဆန္တိနနု၊ ရရှိနိုင်သည် မဟုတ်ပါလား (စတုတ္ထအကြောင်းမှာ) မှာ နကိုပယ်၍နနုကိုစွက်၍ ထားသည်။

ဤ ၇ ပုဒ်တို့သည် စောဒကဆရာသည် အဋ္ဌကထာဆရာကိုမေး၏။ အရှင်အဋ္ဌကထာဆရာ ဤမြတ်စွာဘုရား၏ သာသနာတော်၌ အလွန်ရခဲလှစွာသော ရှင်ရဟန်း၏ အဖြစ်ကို ရသူတို့သည် နိဗ္ဗာန်ကိုရနိုင်ပါသလား ဟု မေးလျှောက်၏၊ အောက်ပါအဖြေတို့ဖြင့် ဖြေထား၏။

၁။ ဣမ ဇိနသာသနေ၊ ဤ ငါတို့မြတ်စွာဘုရား၏သာသနာ၌ (ဣမသည် တတိယအကြောင်းမှာရှိသည်၊ ဇိနသာသနေ သည် ပဌမအကြောင်းမှာ)
၂။ ယေ၊ အကြင်သူတို့သည်(တတိယအကြောင်းမှာ)
၃။ သုဒုလ္လဘံ၊ အလွန်ရခဲလှစွာသော (ပဌမအကြောင်းမှာ)
၄။ ပဗ္ဗဇ္ဇံ၊ ရှင်ရဟန်း၏အဖြစ်ကို(ပဌမအကြောင်းမှာ)
၅။ လဘိတွာနပိ၊ ရပင်ရပါသော်လည်း(ပဌမအကြောင်းမှာ အပိထိုင်၍၊ ဂရဟာပြု၍ အရစိတင်တော်မူသည်)
၆။ ဝိသုဒ္ဓိံ၊ နိဗ္ဗာန်ကို (စတုတ္ထအကြောင်းမှာ) ဓဝ ထိုင်၍ ပယ်၍ ဖြေတော်မူ၏။)

ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာကို စောဒကသည် ရဟန်းပြု၍ ရလျှင် နိဗ္ဗာန်ကို ရနိုင်ပါသလား အရှင်အဋ္ဌကထာဆရာဟုမေး၏။ရဟန်းပြုရုံဖြင့်

နိဗ္ဗာန်ကို ရကောင်းသည် နိဗ္ဗာန်ကို ရနိုင်သည် ဟူ၍မရှိပေ။ နိဗ္ဗာန်ရ-မဂ်ရ-ဖိုလ်ရဆိုသည်မှာ ရဟန်းပြုရုံနှင့်ရပါမူ ယခုအခါ ရဟန်းတွေ မဂ်ရ ဖိုလ်ရ ဖြစ်ကုန်မှာဘဲ။ ရဟန်းလုပ်ရုံနှင့် နိဗ္ဗာန်ကို ရနိုင်တယ်ဆိုလျှင် ရွာထဲကလူတွေ မိန်းမထံခွင့်ပန်၍ ဝါတွင်းလေးလလောက်တော့ ခဏရဟန်း ဒုလ္လဘရဟန်း အချောင်စားရဟန်း လုပ်ကြမှာဘဲ။

အမောင် စာဖတ်သူ အမောင်က ဒုလ္လဘရဟန်း လုပ်ချင် သလား ဒုလ္လဘရဟန်းလုပ်ရုံဖြင့်လဲ နိဗ္ဗာန်နှင့် မနီးသေးဘူး။ ဝါ၊ ရဟန်းလုပ်၍ ကျောင်းထိုင်တတ် ပရိတ်ကြီးရွတ်တတ်ရုံနှင့်ပဲ နိဗ္ဗာန်နှင့်မနီးသေးဘူးတဲ့။ ဝါ၊ ရွက်ကြမ်းရေကျို သင်္ဂြိုဟ်ကျမ်း သဒ္ဒါကျမ်းတို့ကို သုတ်ပြီး ရုပ်ပြီး အောင်စာချတတ်ရုံဖြင့်လဲ နိဗ္ဗာန်နှင့်မနီးသေးဘူးတဲ့။ဝါ၊စာချဆရာတော်တို့ပင် စာကိုသာချနေပါမူ နိဗ္ဗာန်နှင့် မနီးသေးဘူးတဲ့။ ပေါင်ဒွိလမထေရ်ကြီးဟာ စာချဂဏ ပါမောက္ခဆရာတော်ကြီးပင် ဖြစ်သော်လဲ နိဗ္ဗာန်နှင့် မနီးသေးဘူးတဲ့။ စာမှာသာတတ် ကိုယ်မှာမတတ်။ ဂါထာကိုက်တတ်သတဲ့။ ဤစကားသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၏စကားဖြစ်၍ ငါကျမ်း ဆ ရာ ကို မမုန်းကြစေလို။ မေတ္တာရှေ့ထား၍ ရေးခြင်းသာတည်း။ ငါ့ကျမ်းကို ကြည့်ရသူ စာတတ်တို့သည် တောထွက်၍ ဝိပဿနာကိုကျင့်၍ မဂ်ဖိုလ်ကို ရကြပါစေကုန်။

စောဒကသည် ဤသို့ကြံပြန်၏။ ငါသည် အဋ္ဌကထာ ဆ ရာ အား မေးရာ၌ ရဟန်းပြုလျှင် နိဗ္ဗာန်ရပါသလားဟု အမေး ထုတ် ရာ ၌ အဋ္ဌကထာဆရာသည် ရဟန်းပြုရုံဖြင့် ရဟန်းဖြစ်ကာမျှဖြင့် နိဗ္ဗာန်ကိုမရနိုင်ဘူးဟု မြဲမြဲမှတ်ပါဟုဆိုလို၏၊ မှန်၏။ ရဟန်းပြုခြင်းကလဲ အမျိုးမျိုး ရှိကြကုန်၏။ အချို့ရဟန်းပြုခြင်းကတော့ လယ်ထွန်ရမှာကြောက်လို့ ရဟန်းလုပ်ခြင်းကလဲ ရှိသေး၏။ လယ်ထွန်ရမှာကြောက်၍ ရဟန်း လုပ်သူသည် အဘယ်မှာ နိဗ္ဗာန်ကို ရနိုင်ပါအံ့နည်း၊ ဟုတ်တန်၏။ သို့သော်အချို့သော နိဗ္ဗာန်ကို လိုချင်လို့ပင် ရဟန်းလုပ်ကြသူတို့လဲ ရှိကြသေး၏။ နိဗ္ဗာန်ကို လိုချင်၍ ရဟန်းပြုသူသည် နိဗ္ဗာန်ကို မရနိုင်ဘူးလားဟု ငါသည် မေး လျှောက်အံ့ဟုနှလုံးသွင်းလျက်—

၁။ ဣခ-ဇိနသာသနေ....ဤ ငါတို့ ဘုရား သာသနာတော်၌ (အမြဲရှာ၏)

၂။ ယေ–အကြင်သူတို့သည် (ရှာမြဲ)
၃။ သုဒုလ္လဘံ–အလွန်ရခဲစွာသော(ရှာမြဲ)
၄။ ပဗ္ဗဇ္ဇံ–ရှင်ရဟန်း၏အဖြစ်ကို(ရှာမြဲ)
၅။ လဘိတွာန–ရပါလျက် ရပါသောကြောင့်(ရှာမြဲ)
၆။ သုဒ္ဓိကာမာပိ–နိဗ္ဗာန်ကို လိုချင်ပါသောကြောင့် (ရှာမြဲ)
၇။ ဝိသုဒ္ဓိံ–နိဗ္ဗာန်ကို (ရှာမြဲ)
၈။ အဓိဂစ္ဆန္တိနနု – ရနိုင်သည်.... မဟုတ်ပါလား အဋ္ဌကထာဆရာ....

ဇေတဒကဆရာသည် အကြင်သူသည် ရဟန်းလဲပြု၏။ နိဗ္ဗာန်ကိုလဲ လိုချင်ရချင်လှ၏ ဝါ၊နိဗ္ဗာန်ကိုလိုချင်လို့ ရဟန်းပြုပါသည်။ဤရဟန်းသည် လယ်ထွန်ရမှာကိုကြောက်၍ ရဟန်းပြုလုပ်သည်မဟုတ်ပါ။ နိဗ္ဗာန်ကို လိုချင်လို့ပင် ရဟန်းပြုလုပ်ပါသည်။ ထိုကြောင့် အဲဒီရဟန်းသည် နိဗ္ဗာန်ကို မရနိုင်ဘူးလားလို့ မေး၏၊ ပဌမအမေးကတော့ ရဟန်းဖြစ်ရုံဖြင့် နိဗ္ဗာန်ကို မရနိုင်ဘူးလားလို့ မေး၏။ အကြောင်းပြချက်ကတော့ အလွန် ရခဲ လှစွာသော ရဟန်း၏အဖြစ်ကို ရနေပါသောကြောင့် နိဗ္ဗာန်ကို ရနိုင် ပါသလားဟု အကြောင်းတပါးကိုသာပြ၍မေးခြင်း ဖြစ်၏၊ ယခုမေးခြင်းကတော့ ရဟန်းဖြစ်ရုံသာ မဟုတ်ပါဘူး၊ နိဗ္ဗာန်ကိုလဲ လိုချင်ပါသော အကြောင်းလဲ ရှိပါသည်ဟု နောက်ထပ် အကြောင်းတပါး ထပ်လောင်း၍ မေးခြင်းဖြစ်၏။

"အကြောင်းမကုန် လောင်းပြန်တုံ ထပ်ပုံဟိတ်ကူရေး" ဟု စံကျောင်းနိယံနှင့်အညီ၊ နောက်ထပ် အကြောင်းတပါး ထပ်လောင်း၍ မေးထား၏။ ရဟန်းဖြစ်ခြင်းလည်းတပါး၊ နိဗ္ဗာန်ကို လိုချင်ခြင်းလည်း တပါး၊ ဤအကြောင်းနှစ်ပါးကြောင့် ထိုရဟန်းသည်နိဗ္ဗာန်ကိုရနိုင်သည် မဟုတ်ပါလားဟုမေးထား၏။

၁။ ဣဓ – ဇိနသာသနေ....ဤ ငါတို့ဘုရား သာသနာတော်၌ (ရှာမြဲ)
၂။ ယေ–အကြင်ပုဂ္ဂိုလ်တို့သည်(ရှာမြဲ)
၃။ သုဒုလ္လဘံ–အလွန်တရာ ရခဲစွာသော(ရှာမြဲ)

၄။ ပဗ္ဗဇ္ဇံ–ရှင်ရဟန်းအဖြစ်ကို (ရှာမြဲ)
၅။ လဘိတွာပိ–ရပါသော်လည်း (အရစိပိတင်ထား)
၆။ သုဒ္ဓိကာမာပိ–နိဗ္ဗာန်ကို လိုချင်ပါသော်လည်း(ရှာမြဲ)
၇။ ဝိသုဒ္ဓိံ–နိဗ္ဗာန်ကို (ရှာမြဲ)
၈။ နာဓိဂစ္ဆန္တိဝေ–မရနိုင်ကုန်သည်သာလျှင်တည်း(ရှာမြဲ)

ဤအဖြေကား ရဟန်းပင်ပြုသော်လည်း(အာရစိဘင်သည်။
နိဗ္ဗာန်ကို လိုချင်ပါသော်လည်း (အာရစိတင်သည်)။

ထိုရဟန်းလဲ နိဗ္ဗာန်ကို မရနိုင်ဘူးဟုပယ်၍ ခေထိုင်၍ ဖြေတော်မူလေ၏။

အမောင် စာဖတ်သူ အဌကထာ ဖြေထားသည့် ကား မှန် ၏။ နိဗ္ဗာန်ကို လိုချင်ရုံဖြင့် ရနိုင်သည်မဟုတ်ဘူးဟုအဓိပ္ပါယ်ရှိနေ၏။ အမောင် စာဖတ်သူ အမောင်လဲ ရဟန်းဘဲလုပ်ပြီးတော့ နိဗ္ဗာန်ကို လို ချင် သော ကြောင့် ရဟန်းလုပ်တာဘဲ၊ သို့ပါလျက် အမောင်သည် နိဗ္ဗာန်ကိုရနေပါ သလား၊ အဌကထာ၏အဖြေဟာ အမောင်မှာ တိုက်ရိုက် မှန်နေလေ၏ တကား။

စောဒကသည် ဤသို့ ကြံပြန်၏။ နိဗ္ဗာန်ကို လို ချင် နေ ရုံဖြင့် ရကောင်းသည်မဟုတ်ပေ နိဗ္ဗာန်ကိုလိုချင်ပါလျှင် ဝိပဿနာကိုကျင့်မှရနိုင် လေသည်၊ အချို့သော ရဟန်းတို့သည် ရဟန်းလည်းဖြစ်ကြ၏၊ နိဗ္ဗာန် ကိုလည်း လိုချင်ကြ၏၊ ဝိပဿနာတရားကိုလည်းအားထုတ်ကြ၏၊ ဤလို ရဟန်းမျိုးသည် မဂ်ဖိုလ်နိဗ္ဗာန်ကိုရမှာဘဲဟုကြံ၏၊ ကြံလျက်၊ အကြောင်း မကုန် လောင်းပြန်တုံ ထပ်ပုံဟိတ်ကူရေး ဟူသော စံကျောင်း နိ ယံ နှင့် အညီ ဝိပဿနာကို အားထုတ်ကြသောအကြောင်းတပါး ထပ်လောင်း၍ မေးလျှောက်ဦးမည်ဟုကြံလျက်။

၁။ ဣဓ-ဇိနသာသနေ....ဤဂေါတမဘုရားရှင်၏ သာသနာတော်၌ (ရှာမြဲ)
၂။ ယေ ယောဂီနော....အကြင်ယောဂီတို့သည်(ရှာမြဲ)
၃။ သုဒုလ္လဘံ....အလွန်ရခဲလှစွာသော (ရှာမြဲ)
၄။ ပဗ္ဗဇ္ဇံ–ရှင်ရဟန်းအဖြစ်ကို(ရှာမြဲ)

၅။ လဘိတ္ဝာန–ရပါသောကြောင့် (ရှာမြဲ)
၆။ သုဒ္ဓိကာမာပိ–နိဗ္ဗာန်ကို လိုချင်ပါသောကြောင့် (ရှာမြဲ)
၇၊ ဝါယမန္တာ– ဝိပဿနာတရားကို တအားသွန်ကာ အလွန်အားထုတ်ပါသောကြောင့် (ရှာမြဲ)
၈။ ဝိသုဒ္ဓိံ–နိဗ္ဗာန်ကို (ရှာမြဲ)
၉။ အဓိဂစ္ဆန္တိနနု–ရကောင်းသည်မဟုတ်ပါလော (ရှာမြဲ)

ဤသို့မေးလျှောက်၏၊ အဋ္ဌကထာဆရာ အကြင် ယောဂီ၌ အကြောင်းသုံးပါး ရှိပါသည်။ ရဟန်းလည်း ဖြစ် ပါ သော ကြောင့်ရင်း၊ နိဗ္ဗာန်ကို လိုချင်ပါသောကြောင့်ရင်း၊ ဝိပဿနာကိုလဲ အားထုတ်သောကြောင့်ရင်း၊ ဤအကြောင်းသုံးပါးတို့ကြောင့် ဤရဟန်းသည် နိဗ္ဗာန်ကို မရနိုင်ပါလား၊ ရနိုင်သည် မဟုတ်ပါလားဟု အကြောင်းတပါး ထပ်လောင်း၍ မေးလျှောက်လေတော့၏။

၁။ ဣဓ–ဇိနသာသနေ ဤငါတို့ မြတ်စွာဘုရား၏ သာသနာတော်၌(ရှာမြဲ)
၂။ ယေ–ယောဂိနော -အကြင်ယောဂီတို့သည်(ရှာမြဲ)
၃။ သုဒုလ္လဘံ–အလွန်ရခဲလှစွာသော(ရှာမြဲ)
၄။ ပဗ္ဗဇ္ဇံ–ရှင်ရဟန်း၏အဖြစ်ကို(ရှာမြဲ)
၅။ လဘိတွာနပိ–ရပင်ရပါသော်လည်း (ရှာမြဲ)
၆။ သုဒ္ဓိကာမာပိ- နိဗ္ဗာန်ကို လိုချင်ပါသော်လည်း(ရှာမြဲ)
၇။ ဝါယမန္တာပိ–ဝိပဿနာကို အားထုတ်ပင် အားထုတ်သော်လည်း။
၈။ ဝိသုဒ္ဓိံ–နိဗ္ဗာန်ကို(ရှာမြဲ)
၉။ နာဓိဂစ္ဆန္တိဝေ- မရနိုင်ကုန်သည်သာလျှင်တည်း(ရှာမြဲ)

ဤသို့ အဋ္ဌကထာဆရာသည် စောဒကပြတားတဲ့ အကြောင်းသုံးပါးကို အပိသဒ္ဒါဖြင့် အရစိတင်၍ ဂရဟာပြု၍ ပယ်၍ ပြုံးပြယ်လျက် ဖြေတော်မူ၏၊ ရဟန်းပင် ဖြစ်ပါသော်လည်း နိဗ္ဗာန်ကို လိုချင်ပါသော်

လည်း ဝိပဿနာကို အားထုတ်ပါသော်လည်း နိဗ္ဗာန်ကို မရနိုင်သေးဘူး ဟူ၍ ဖြေတော်မူ၏၏။

အမောင်စာဖတ်သူ–အမောင်သည် ရဟန်းလည်းဟုတ်၏။ (လူမ ဟုတ်) နိဗ္ဗာန်ကိုလိုချင်၍ ရဟန်းလုပ်သူလဲမှန်၏။ (လယ်ထွန်ရမှာကြောက် လို့ ရဟန်းလုပ်သည်မဟုတ်)။ ဝိပဿနာကိုလဲ အားထုတ်သူဖြစ်၏။ (မယ် တော်ပုံ့–ခမည်းတော်ပုံ့–ဦးပဥ္စင်းပုံ့–ဘုန်းကြီးပုံ့ တို့ကို တန်ဆာဆင်နေ သော ရဟန်းလည်းမဟုတ်၊ အလှူမသာကို လက်ခံစားနေသော ရဟန်း လည်းမဟုတ်ပေ။ ရွာသူရွာသားတို့သည် တဦးသည့် တဦးအား ဟင်းခွက် ၄၅ စားသကဲ့သို့ သူတပါးတို့ကျောင်းမှာ ရှင်ပြုရှိလျှင် မသာရှိလျှင် မိမိကို ပင့်ဖိတ်၏။ မိမိမှာ ရှင်ပြုရှိလျှင် မသာရှိလျှင် သူတပါးတို့အား ပင့်၏ ဟူသော ဟင်းခွက်လက်စား ဆံ၍နေသော ရဟန်းလည်း မဟုတ်ပေ။ အမောင်တို့သည်ရဟန်းလည်းဟုတ်၏။ နိဗ္ဗာန်ကိုလည်းလိုချင်၏။ ပတ္တပိုက် ကောသနိက်စသော မူတင်တို့ကိုလည်းကျင့်၏။ဝိပဿနာကိုလည်းကျင့်၏။ သို့ပါသော်လည်း အမောင်သည် မဂ်ဖိုလ်ရမည်မဟုတ်ပါလျှင် အဋ္ဌကထာ ၏ အဖြေသည် အမောင်၌ တိုက်ရိုက်မှန်နေလေတော့၏။အဋ္ဌကထာဆရာ၏ အာဘော်ကတော့ ရဟန်းဖြစ်ရုံဖြင့်လဲ နိဗ္ဗာန်ကို မရနိုင်သေးဘူး၊ မူတင်ကို ဆောင်ခြင်း၊ ဝိပဿနာကို ပြုသော်လည်း နိဗ္ဗာန်ကို မရနိုင်သေးဘူးဟု ဆို၏။

စောဒကဆရာသည် ဤသို့ကြံ၏။ ငါသည် အကြောင်းတပါးပါး ဖြည့်စွက်ပြီး အကြောင်းထပ်လောင်းလျက် မေးလျှောက်ခဲ့ပြီ။ ငါမေးတဲ့ အကြောင်းတွေကလဲ လုံလောက်သောအကြောင်းတွေဖြစ်သည်။ သို့ပါ လျက်နှင့်ပင် နိဗ္ဗာန်ကို မရနိုင်သေးဟု ဆိုပြန်၏။ ထိုသို့ဖြစ်ပါလျှင် ငါက တော့ အကြောင်းတပါး ထပ်လောင်းစရာမရှိတော့ဘူး။" အကြောင်းကုန် နေပြီ။ ငါမေးတဲ့အကြောင်း ဟိတ်ကိုလဲ အပိယဒ္ဒါဖြင့် အရစိတင်၍ ပယ် လေပြီ။ ငါ၏အကြောင်းပြ အာဘော်ကို အပိဖြင့်သာ ကော်ချလေပြီ။ ထိုသို့ဖြစ်လျှင် ကိုယ့်အာဘော်ကော်၊ သူ့အာဘော်၊ မေးသော် ထုတ် လေမင်း ဟူသော စံကျောင်းနိယံနှင့်အညီ ငါ့အာဘော်တော့ ကော်ချပြီး သူ့အာဘော်ကိုသာ–ငါမေးရန်ရှိလေတော့သည်ဟု ကြံလျက် စောဒက သည် ဤသို့မေးလျှောက်လေ၏။

၁။ အထ–ထိုသို့အကြောင်း လုံလောက်ပါလျက်(ထည့်ရသည်)
၂။ ကသ္မာ-အဘယ်ကြောင့် (ထည့်ရသည်)
၃။ ဝိသုဒ္ဓိံ–နိဗ္ဗာန်ကို (ရှာမြဲ)
၄။ နအဓိဂစ္ဆန္တိ မရနိုင်ကုန်ပါသနည်း (ရှာမြဲ)

ဤမျှသောအကြောင်း လုံလောက်ပါလျက် ဘယ်ဟာကချို့တဲ့ ပျက်ကွက်သောကြောင့် နိဗ္ဗာန်ကို မရနိုင်ပါသလဲဆရာဟု ကျမ်းဆရာ၏ အာဘော်ကို အမေးထုတ်လေ၊တော့၏။

၁။ သီလာဒိ သင်္ဂဟံ....သီလ–သမာဓိ–ပညာတို့ဖြင့် ရေတွက်အပ်သော (ရှာမြဲ)
၂။ ခေမံ–ကိလေသာဘေးကင်းဝေးပေထသော (ရှာမြဲ)
၃။ ဥဇုံ....သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဟူသော ယာဘက်ဝဲဘက်သို့ မကပ်မူ၍ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်တန်းတန်းလည်း ဖြစ်ထသော (ရှာမြဲ)
၄။ ဝိသုဒ္ဓိယာ... နိဗ္ဗာန်၏ (ရှာမြဲ)
၅။ မဂ္ဂံ–သွားရာ လမ်းမကြီးဖြစ်သော မဂ္ဂင်ရှစ်ပါးဟူသော အကျင့်ကို။ ဝါ၊ သတိပဋ္ဌာန်အကျင့်ကို (ရှာမြဲ)
၆။ ယထာဘူတံ.... ဟုတ်မှန်သောအတိုင်း။ ဝါ။ ကျကျနန (ရှာမြဲ)
၇။ အဇာနန္တာ....မသိကြကုန်သေးသောကြောင့် (ရှာမြဲ)
၈။ ဝိသုဒ္ဓိံ....နိဗ္ဗာန်ကို (ရှာမြဲ)
၉။ နာဓိဂစ္ဆန္တိဝေ–မရနိုင်ကုန်သည်သာလျှင်တည်း (ရှာမြဲ)

(သူ့အာဘော်–ကိုယ့်အာဘော် မေးသော်ထုတ်လေမင်း)

ဟူသော စံကျောင်းနိယံနှင့်အညီ အဋ္ဌကထာဆရာသည် စောဒက အာဘော်အကြောင်းပြကို အပိသဒ္ဒါဖြင့်ကော်လိုက်ရာ စောဒကကအထ ကသ္မာဖြင့် မေးထားသောကြောင့်မိမိအာဘော်ကိုထုတ်ပြလျက်ဖြေတော်မူ၏။ အဖြေကား ရဟန်းပင်ဖြစ်ပါသော်လည်း နိဗ္ဗာန်ကိုလိုချင်ပါသော်လည်း ဝိပဿနာကို အားထုတ်ပင်ထုတ်ပါသော်လည်း မဂ္ဂင်ရှစ်ပါးဟူသောအကျင့်၊ ဓမ္မာနုဓမ္မပဋိပတ်ကို ဆရာကောင်းထံ နည်းမခံမူ၍ မိမိတို့ဖတ်

ဘူးကြည့်ရှုဘူးသော စာအုပ်မှာတွေ့သမျှ စာသုတပြင့်သာ ကျင့်နေပါမူ နိဗ္ဗာန်ကို မရနိုင်သေးဘူးဟု ဖြေတော်မူ၏။ နိဗ္ဗာန်ကိုရလိုပါလျှင် မဂ်ဖိုလ် ရလိုပါလျှင် အင်္ဂါလေးပါး ရှိရမည်။

၁။ သပ္ပုရိသသံသေဝ။ ။ဆရာကောင်းကို ဝါ-ကမ္မဋ္ဌာန်းကို လက်တွေ့လုပ်နေသောပုဂ္ဂိုလ်ကို ဝါ ကမ္မဋ္ဌာန်းကို မိမိကိုယ်တိုင်ကပင် အားထုတ်လျက် သူတပါးတို့အား ပြသလျက် ပြနေရာ၌ ထင်ရှားကျော်စောသော ကမ္မဋ္ဌာန်းဆရာ၏ထံ၌ ကမ္မဋ္ဌာန်းကို နည်းယူလျက် အားထုတ်မှသာလျှင် မဂ်ရ ဖိုလ်ရ နိဗ္ဗာန်ကို ရနိုင်မည်ဟု ဖြေတော်မူ၏တည်း။

အမောင်စာဖတ်သူ အမောင်သည် ဝိပဿနာကို အားထုတ်ပါလျက် မဂ်ရဖိုလ်ရမဟုတ်သေးလျှင် သပ္ပုရိသသံသေဝဟူသော ပဌမအင်္ဂါသည် အမောင်၌ ချို့တဲ့၍နေ၏ဟု သိရမည်။

၂။ သဒ္ဓမ္မဿဝန။ ။သူတော်ကောင်း၏ အဆုံးအမကို နာယူသင်ကြားရခြင်းဟူသောဒုတိယအင်္ဂါ၌ သဒ္ဓမ္မဿဝနဟူသည်ကမ္မဋ္ဌာန်း။ လုပ်ပုံလုပ်နည်းတို့ကို နာယူရခြင်း သင်ယူရခြင်းကို ဆိုလိုသည်။

၃။ ယောနိသောမနသိကာရ။ ။ဟူသော တတိယအင်္ဂါ၌ကမ္မဋ္ဌာန်းလုပ်ရာ၌ ဆရာ၏အဆုံးအမအတိုင်း အသားကြေကြေ အရေခန်းခန်း နောက်မဆုတ်တန်း လုပ်ပါတော့အံ့ဟူသော စိတ်ထားကို ယောနိသော မနသိကာရဟုခေါ်သည်။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိ။ ။ဟူသော စတုတ္ထ အင်္ဂါ၌ မိမိလုပ်သည့်အကျင့်ပဋိပတ်သည် ယထာဘူတ လမ်းမှန်ကျသောအလုပ်ဖြစ်မှသာလျှင် ဓမ္မာနုဓမ္မပဋိပတ္တိအင်္ဂါဖြစ်နိုင်သည်။ ဤအင်္ဂါလေးပါးတို့သည် တခုမှတခုသို့တဆင့်တက်၍ ဖြစ်ရသောကြောင့် သပ္ပုရိသသံသေဝဟူသော ပဌမအင်္ဂါသည် အရေးကြီးလှ၏။သပ္ပုရိသသံသေဝသူတော်ကောင်းကို အမှီပြုရမည်ဆိုရာ၌ ဝိပဿနာတရားကိုလက်တွေ့သင်နေသောပုဂ္ဂိုလ်။ ဝိပဿနာတရားကို တပည့်တို့အား မဂ်ရဖိုလ်ရပြနေသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ရသူသာလျှင် ကမ္မဋ္ဌာန်းအရာ၌ သပ္ပုရိသသံသေဝအင်္ဂါကို ရသူဟု ဆိုရပေမည်။အမောင်

စာဖတ်သူ အဆောင်သည် မဂ်ပညာ ဖိုလ်ပညာကို လိုချင်ပါသလား။ အရိယာပုဂ္ဂိုလ်ဟူသော ဘွဲ့ထူးကို လိုချင်ပါသလား။ မဂ်ပညာ ဖိုလ်ပညာကို လိုချင်ပါလျှင် အရိယာဟူသော အဂ္ဂပဏ္ဏတ္တိဘွဲ့ထူးကို လိုချင်ပါလျှင် အမေရိကန် အင်္ဂလန်သို့သွား၍ရှာသော်လည်း ရမှာမဟုတ်ဘူး၊ အဲဒီမှာ မဂ်ပညာ ဖိုလ်ပညာမရှိဘူး၊ ငါတို့မြန်မာပြည်ကို လာခဲ့ပါ။ ငါတို့မြန်မာပြည်မှာ ယခုအချိန်မှာ မဂ်ရဖိုလ်ရ ဖလသမာပတ်ကို ဝင်စားနေတဲ့ အရိယာတွေရှိနေ၏။ ငါတို့မြန်မာပြည်ကို လာခဲ့စမ်းပါ၊

## ပေါဋ္ဌိလမထေရ်ကြီးဝတ္ထု

ငါတို့ဘုရားရှင်လက်ထက်တော်၌ ပေါဋ္ဌိလအရှင်မြတ်သည် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သော စာတတ်ပုဂ္ဂိုလ်ကြီးဖြစ်၏။ ဂိုဏ်းကြီးတဆယ့်ရှစ်ရပ်ကို စာချနေတော်မူ၏။ ဇေတဝန် ကျောင်းတော်တွင်းဝယ်အရှေ့မုခ်ဝ၌ ကျောင်းကြီးတဆောင်ဖြင့် သီတင်းသုံးနေတော်မူ၏။ဘုရားရှင်သည် တနေ့သ၌ ပေါဋ္ဌိလမထေရ်ကြီး၏ ရဟန္တာဖြစ်အံ့သည်ကို ဥပနိဿယဉာဏ်တော်ဖြင့် မြင်တော်မူ၏။ ဘုရားရှင်သည် ဤသို့ ကြံတော်မူ၏။ ဤပေါဋ္ဌိလသည်ဘုရားခုနစ်ဆူနှင့် ကြုံခဲ့၏။ သူသည် စာကိုသာ ချပို့လိုသောဆန္ဒဖြင့်သာ စာကိုပို့ချ၍နေခဲ့၏၊ ဘုရားရှင်တို့ကို တွေ့ပါလျက်နှင့်ပင် မဂ်ဖိုလ်ကို မရခဲ့ပေ၊ ထိုအခါ ဘုရားရှင်သည် ဤပေါဋ္ဌိလကိုသတိပေးတော်မူအံ့ဟု ကြံတော်မူ၏၊ ပေါဋ္ဌိလအရှင်မြတ်သည် တနေ့သ၌ဘုရားရှင်ထံသို့ အဖူးအမြော်ဝင်လေ၏။ ဘုရားရှင်သည် ဤရဟန်းသည် အသူနည်း တုစ္ဆပေါဋ္ဌိလမဟုတ်လောဟု နှိမ်၍မေးတော်မူ၏။ တုစ္ဆဟုဆိုသော စကားသည် အချည်းနှီးဟုဆိုလို၏။အချည်းအနှီးပေါဋ္ဌိလ၊ အနှစ်မရှိသော အခွံအကာမျှသာဖြစ်သော ပေါဋ္ဌိလ၊ မဂ်ပညာ ဖိုလ်ပညာမရှိသောပေါဋ္ဌိလ။ ပုထုဇဉ်ဖြစ်သောပေါဋ္ဌိလ သေလျှင် အပါယ်လေးပါးနှင့် မကင်းသော ပေါဋ္ဌိလဟုဆိုလိုသည် မှန်၏၊

မဂ်ဖိုလ်ကိုမရသေးသောသူတို့သည် ပေါဋ္ဌိလကဲ့သို့ပိဋကတ်သုံးပုံကို နှုတ်ငုံပင်ဆောင်နိုင်စေကာမူ တုစ္ဆသာတည်း၊ ဘုရားရှင်၏ သာသနာနှင့်

တွေ့ကြုံရပါမူ ခုဇ္ဇုတ္တရာဘို့လို သူဘပါးကျွန်မင်ဖြစ်ပါစေ၊ သူ့ဘို့မှာ သောတာပန်ဟူသော အဂ္ဂပဏ္ဍိတဘွဲ့ကို ရကြရလေတော့၏။ ရာဇဂြိုဟ်သူဌေး၏ ပုဏ္ဏမည်သော ကျွန်မသည် သောတာပန်ဟူသော အဂ္ဂပဏ္ဍိတဘွဲ့ကိုခံယူရလေ၏။ ပိဋကတ်တတ် အရှင်ပေါဋ္ဌိလမှာမူ တုစ္ဆဘွဲ့ထူးကို ခံယူရလေသည်။ သို့သော် အရှင်ပေါဋ္ဌိလသည် မျှားမကြာမီရဟန္တာဖြစ်တော်မူ၍ ရဟန္တာကြီးဟူသော မဟာအဂ္ဂ ပဏ္ဍိတဘွဲ့ကို ခံယူတော်မူရလေသည်။

ဘုရားရှင်သည် အရှင်ပေါဋ္ဌိလကို တုစ္ဆဟု နှိမ်တော်မူခြင်းသည် အရဟတ္တမဂ်ကို ပေးသနားတော်မူသော စကားပင်ဖြစ်၏။ အရှင်ပေါဋ္ဌိလသည် ဤသို့ကြံ၏။ ငါသည် ပိဋကတ်သုံးပုံကို စာချပို့နေသော စာပညာရှိဖြစ်ပါလျက်နှင့် ငါ့ကိုတုစ္ဆဟု ခေါ်တော်မူခြင်းသည် ငါ့အားမဂ်ပညာ၊ ဖိုလ်ပညာကိုရနိုင်သော ဝိပဿနာအလုပ်ကို လုပ်စေလိုသည်။ ဘုရားရှင်သည် ငါ၏ရဟန္တာဖြစ်ခြင်းကို တောင့်တတော်မူသည်ဟု သံဝေဂဉာဏ်သည် ဖြစ်လာ၏။ နောက်တရက်၌ အရှင်ပေါဋ္ဌိလသည် ယူဇနာ (၂၀၀) နှစ်ရာ ဝေးကွာသောအရပ်သို့ တောထွက်လေတော့၏။ ထိုတောအုပ်၌ တရားကျင့်နေကြကုန်သော ရဟန်းသုံးကျိပ်တို့သည် ရှိ၏၊ ထိုရဟန်း သုံးကျိပ်တို့သည် အငယ်ဆုံးဖြစ်သော သာမဏေက လေးကပင် ရဟန္တာဖြစ်၏။ အရှင်ပေါဋ္ဌိလသည် ရဟန်းသုံးကျိပ်တို့တွင် ထေရ်ကြီးထံသို့ ကပ်လျက် ကမ္မဋ္ဌာန်းအလုပ်ကို ပြတော်မူပါဟု ကမ္မဋ္ဌာန်းကိုတောင်း၏။ မထေရ်ကြီးသည် ဤသို့ကြံ၍ ပယ်တော်မူ၏၊ ဤရဟန်းသည် စာတတ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားတော်မူသော ပေါဋ္ဌိလရဟန်းကြီးဖြစ်သည်၊ သူသည် စာတတ်လှသဖြင့် စာမာန်ရှိနေသည်။ မာနရှိနေသူသည် တရား အားထုတ်ရာ၌ လေးလေးစားစား ပြင်းပြင်းထန်ထန် မပြုတတ်ပေ။ ခန္ဓာကိုယ်ကိုသာတပ်၏။ အကောင်းစားချင်တတ်၏။ အိပ်ရာကောင်း အဝတ်ကောင်း ကြိုက်တတ်၏။ ဟန်ပန်ပရိယာယ်များတတ်၏။ ထို့ကြောင့် ဤလိုစာမာန်ရှိနေသည့် ပုဂ္ဂိုလ်အား တရားကို လွယ်လွယ်ကလေးဖြင့် ပေးချေက တရားကို မရိုသေဖြစ်၍ တရားကိုကောင်းကောင်းကျင့်မည်မဟုတ်ပေ။ တရားကို ရိုရိုသေသေမကျင့်က မဂ်ဖိုလ်ကိုလဲ ရမည်မဟုတ်ပေ။ ထို့ကြောင့် တရားကို လွယ်လွယ်ဖြင့် ပေးရန်မသင့်ပေ။ သူ၏စာမာန်ကို နှိမ်ချိုးပြီး တကယ် မာန်မရှိခါမှ တရားကို ပေးရန်သင့်သည်ဟုကြံတော်မူ၍ မထေရ်ကြီးသည် ဤသို့ဆို၏။

အရှင်ဘုရားသည် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်၍ ဂိုဏ်းကြီး တဆယ့်ရှစ်ရပ်ကို စာချပို့နေသော ဂဏပါမောက္ခဆရာကြီးတဆူဖြစ်ပါသည်။ တပည့်တော်တို့သည် အရှင်ဘုရားကဲ့သို့ စာတတ် ကျမ်းတတ်မဟုတ်ပါ။ တရားလုပ်လိုပါလျှင် အရှင်ဘုရားချပို့နေသောပိဋကတ်မှာလာသည့် အတိုင်းဘဲ လုပ်ရန်ရှိပါသည်။ အရှင်ဘုရားထံသို့သာ တပည့်တော်များက တောင်းရန်သင့်ပါသည်ဟု ပြော၏၊ ပေါဋ္ဌိလမထေရ်ကြီးက ဤသို့ဆို၏ လျှောက်၏။အရှင်ဘုရားဤလိုမမိန့်ပါလင့်၊ တပည့်တော်သည်စာတတ်တာ မှန်ပါ၏။ ဘုရားရှင်ပွင့်တော်မူခြင်းသည် သတ္တဝါတို့အား သစ္စာလေးပါး ကို ပြတော်မူလို၍ ပွင့်တော်မူရခြင်းဖြစ်ပါသည်။ ဘုရားရှင်သည် သစ္စာ လေးပါးကို ပြတော်မူခြင်းသည် သုံးမျိုးသုံးစားထား၍ပြတော်မူပါသည်။ သစ္စာလေးပါးကို သိရာ၌ ပရိယတ္တိဉာဏ်ဖြင့် သိခြင်းကား တမျိုးဖြစ်ပါသည်။ သုတမယဉာဏ်ဖြင့် သိခြင်းကိုခေါ်ပါသည်။

သစ္စာလေးပါးကိုသိရာ၌ ပဋိပတ္တိဉာဏ်ဖြင့် သိခြင်းကား တမျိုး ဖြစ်ပါသည်။ ဘာဝနာမယဉာဏ်ဖြင့် သိခြင်းကို ခေါ်ပါသည်။

သစ္စာလေးပါးကိုသိရာ၌ ပဋိဝေဓဉာဏ်ဖြင့် သိခြင်းကား တမျိုး ဖြစ်ပါသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် သိခြင်းကိုခေါ်ပါသည်။ ဤဉာဏ် သုံးမျိုးကို ပရိယတ္တိသိ စာလိုသိဟု ခေါ်ဆိုရပါသည်။

ပဋိပတ္တိသိအလုပ် အကျင့်ကိုဘာဝနာသိဟုဆိုရပါသည်။ပဋိဝေဓသိ မဂ်သိ ဖိုလ်သိဟု ဆိုရပါသည်။ မှန်ပါသည်။ တပည့်တော်မှာ စာတတ်သူ ဖြစ်၍ သစ္စာလေးပါးကိုသိသည့် ပရိယတ်သိဟူသော အသိကိုသာ သိနိုင် ပါသည်။ ပဌမအသိမျိုးကိုသာ သိနိုင်ပါသည်။ ပဋိပတ္တိဉာဏ်သိ ဘာဝနာ မယ ဉာဏ်သိကိုတော့ ဘာဝနာကိုလုပ်ဘူးသူမဟုတ်၍ မသိရသေးပါ။ အရှင်ဘုရားတို့မှာမူ ဝိပဿနာကိုလက်တွေ့လုပ်နေသူဖြစ်ပါ၍ ဘာဝနာ မယဉာဏ်ဖြင့် သွားလမ်းလာလမ်းဖြောင့်နေပါသည်။ထို့ကြောင့်လက်တွေ့ ကိုသာ အလိုရှိပါသည်။ တပည့်တော်ကို အားနာ၍ မပြောမရှိပါရန် တောင်းပန်ပါသည်ဟု ပေါဋ္ဌိလမထေရ်ကြီးက ထပ်၍တောင်းပန်လေ၏။ ထိုသို့ တောင်းပန်သည်ကို မထေရ်ကြီးသည် ဝမ်းသာပေ၏။ သို့သော် မာနတရားကို လုံးလုံးချနိုင်စေခြင်းငှါ မထေရ်ကြီးက ဤသို့ဆို၍ ပယ် ဋ္ဌလေ၏။

အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားကို လက်ခံပြီး စကားပြော၍ မနေအားပါ။ ဟိုနေရာမှာ ဒုတိယမထေရ်ရှိပါသည်။ ဤဒုတိယမထေရ်ထံ၌ တရားတောင်းပါချေဟု ပယ်၍ချလိုက်၏။ အရှင်ပေါဋ္ဌိလသည် ဒုတိယမထေရ်ထံသို့သွား၍ တောင်း၏။ ဒုတိယမထေရ်ကလည်း မာနကိုနှိမ်လို၍ တတိယမထေရ်၏ထံသို့ လွှဲချလိုက်ပြန်၏။ ထို့အတူရဟန်းသုံးကျိပ်လုံးက တဆင့်ပြီးတဆင့် လွှဲချလေကုန်၏။ နောက်ဆုံး၌ ခုနစ်နှစ်သား သာမဏေငယ်ထံသို့ ရောက်ရလေတော့၏။ထိုအခါ သာမဏေငယ်ကို လက်အုပ်ချီ၍ ရှိခိုးလျက် ကမ္မဋ္ဌာန်းကို တောင်းလေတော့၏၊ သာမဏေကို ရဟန်းကရှိခိုးကောင်းပါသလားဟူမူ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီ၍ ရှိခိုးခြင်းကို အဉ္ဇလိကမ္မပြုသည်ဟု ခေါ်ရ၏။ ဒူးတုပ်လျက် နဖူးကြမ်းထိ ရှိခိုးခြင်းကို ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်းဟုဆိုရ၏။ ရဟန်းသည် သာမဏေကို ပဉ္စပတိဋ္ဌိတ ရှိခိုးခြင်းဖြင့် မခိုးကောင်းပေ၊ အဉ္ဇလိကမ္မ ရှိခိုးခြင်းကိုတော့ ပြုကောင်း၏။

သာမဏေငယ်သည်ရဟန္တာဉာဏ်ရဖြစ်၍ အထက်က မထေရ်ကြီးတို့၏ စိတ်အလိုကိုရင်း၊ အရှင်ပေါဋ္ဌိလ၏ စိတ်အလိုကိုရင်း သိလေ၏။

အထက် မထေရ်ကြီးတို့၏ အလိုကား သာမဏေ ပေါဋ္ဌိလကို ကမ္မဋ္ဌာန်းပေးလိုက်ပါဟိဟူသော အလိုကို သာမဏေသည် အဘိညာဏ်ဖြင့် သိ၏။ သာမဏေငယ်သည် အရှင်ပေါဋ္ဌိလကို ကမ္မဋ္ဌာန်းပေးလို၏။ သို့သော် မာနမရှိကြောင်းကို တရားကိုလိုချင်ကြောင်းကို ထင်ရှားသည်ထက် ထင်ရှားစေလို၍ သာမဏေက ဤသို့ဆို၏။ အရှင်ဘုရား တပည့်တော် သာမဏေငယ်ကလေးမျှ ဖြစ်ပါသည်။ အရှင်ဘုရား စာတတ်ပုဂ္ဂိုလ်ကြီး ဖြစ်ပါ၍ အထက်ထက်ကဆရာကြီးတို့က သော်မှ တရားမပြဝံ့ကြပါ တပည့်တော်မှာ ခုနစ်နှစ်သား သာမဏေဖြစ်ပါ၍ အဘယ်မှာ အရှင်ဘုရားကို တရားပြဝံ့ပါအံ့နည်းဟု လျှောက်၏။ ပေါဋ္ဌိလအရှင်မြတ်သည် ဤသို့ တောင်းပန်၏. ငါ့ရှင်သာမဏေ၊အထက်ထက် မထေရ်တို့သည် အဆင့်ဆင့် လွှဲချလိုက်ကြကုန်ပြီ။ ယခုလဲ ငါ့ရှင်သာမဏေသည် ဘယ်သူ့ထံ လွှဲချဦးမည်နည်း၊ လွှဲချစရာဆရာမရှိတော့ပါ။ ငါ့ရှင်သာမဏေသာ နောက်ဆုံးဆရာဖြစ်ပါသည်၊ ငါ့ရှင်သာမဏေကသာ ငါ့ကို တပည့်မပြုလို့ ပယ်ချခဲ့ပါလျှင် ငါသည် ကိုးကွယ်ရာမရှိတော့ပြီ၊ ထို့ကြောင့် ငါ့ကိုတပည့်ပြုလျက် ကမ္မဋ္ဌာန်းကို ပေးတော်မူပါဟု တောင်းပန်၏။

သာမဏေသည် ဤသို့ဆို၏။ အရှင်ဘုရား ဤသို့ဆိုလျှင် အရှင်က တပည့်ဖြစ်၍ တပည့်တော်က ဆရာဖြစ်ပါသည် မဟုတ်လားဟု လျှောက်၏၊ ပေါဋ္ဌိလအရှင်မြတ်က မှန်ပါသည် သာမဏေ၊ အသင်က ဆရာဖြစ်ပါသည်။ ငါက တပည့်ဖြစ်ပါသည်ဟု ပြော၏။ သာမဏေလည်း ဤသို့ဆိုလျှင် တပည့်သည် ဆရာ၏စကားကို နားထောင်နိုင်မှာ ဟုတ်ပါရဲ့လားဟု အချုပ်စကားကို တောင်း၏။ မှန်ပါသည် သာမဏေ၊ သာမဏေ၏စကားကို နားထောင်ပါမည်၊ မီးပုံကြီးထဲသို့ ခုန်ဆင်းလျှင် အကျိုးရှိသည်ဟူ၍ သာမဏေကခိုင်းလျှင် ခုန်ဆင်းဝံ့ပါသည်ဟုပြော၏။ သာမဏေက ဤသို့ဆိုလျှင် ဤရေအိုင်ထဲသို့ အရှင်ဘုရား ဆင်းစမ်းပါလောဟု လျှောက်၏။

သာမဏေငယ်သည် မိမိ၏ကျောင်းအနီး၌ ရေအိုင်ကြီးတခု ရှိ၏၊ ထိုရေအိုင်အတွင်းသို့ ပေါဋ္ဌိလမထေရ်ကြီးကို အဆင်းခိုင်း၏။ သာမဏေငယ်သည် ဤသို့ကြံ၏။ ဤပေါဋ္ဌိလအရှင်သည် ပိုးသင်္ကန်းတို့ကို ဝတ်ထား၏၊ ငါသည် ရေအိုင်သို့ဆင်းပါဟု ဆိုသည့်အခါ ပိုးသင်္ကန်းကို ပင့်မြှောက်၍ဆင်းမှာလား။အကယ်၍ပိုးသင်္ကန်းကိုရေစွတ်မည်ကို ငဲ့ကွက်နေပါလျှင် ဤအရှင်သည် အသက်ခန္ဓာကိုလည်းငဲ့ကွက်ပေလိမ့်မည်။ အသက်ခန္ဓာကိုငဲ့ကွက်သူသာတာနေပါလျှင် အဘယ်မှာ မဂ်ဖိုလ်ကို ရနိုင်ပါတော့အံ့နည်း၊ ထိုအကြောင်းကို သိရအောင် ရေအိုင်သို့ အဆင်းခိုင်းလျှင် တော်မည်ဟူသော အကြံဖြင့် ရေအိုင်သို့အဆင်းခိုင်းလေ၏။ ရှေ့ကို တိုး၍တိုး၍ အဆင်းခိုင်းရာ ပဌမ ဒူးကိုရောက်၏။ ဒုတိယ ခါးကိုရောက်၏။ တတိယ လည်ပင်းကိုရောက်၏။ စတုတ္ထအကြိမ် တိုး၍ခိုင်းပါက ရေနစ်သေဘွယ်ရာ ရှိ၏။ ခိုင်းလျှင်လည်း ခိုင်းတိုင်းလုပ်ဝံ့သော ချထားသောမာနရှိ၏။ (ဝါ)ခိုင်းတိုင်းလုပ်မည်ဟုစိတ်ရှိ၏။မာနကင်း၏၊ အသက်ခန္ဓာကို မငဲ့ကွက်တော့သည်ကား ထင်ရှားခဲ့၏။ ပေါဋ္ဌိလအရှင်မြတ်သည် ရေအိုင်မှတက်ခဲ့၍ သာမဏေအား ရှိခိုး၍နေ၏။ သာမဏေသည် ပေါဋ္ဌိလမထေရ်အား ကမ္မဋ္ဌာန်းပေးလေတော့၏။ ပေးပုံကား အရှင်ဘုရား ကမ္မဋ္ဌာန်းအလုပ်ကို ပေးပါတော့အံ့။

ကမ္မဋ္ဌာန်းကို လုပ်သူတို့သည် ဖွတ်ကိုဖမ်းသော ဥပမာဖြင့် လုပ်ရပါသည်။ တောင်ပို့တခု၌ အပေါက်ခြောက်ပေါက်ရှိပါသည်။ ဖွတ်တ

ကောင်သည် ထိုတောင်ပို့တွင်းသို့ ဝင်သွား၏။ ဖွတ်ဖမ်းလိုသောသူသည် အပေါက်ငယ်ငါးပေါက်ကို မြက်တို့ဖြင့် ဆို့ပိတ်ပြီးလျှင် အပေါက်မကြီးက နှိုက်ဖမ်းပါလျှင် မလွဲတမ်း မိနိုင်ပါသည်ဟု ဥပမာပြော၏။ ဥပမာကို ပြောရုံမျှနှင့်ပင်လျှင် သာမဏေ တော်ပါတော့ တော်ပါတော့ငါရိပ်မိပြီ၊ ကမ္မဋ္ဌာန်းကိုင်ါလုပ်တတ်ပြီဟုဆိုလျက် တခုသောသစ်ပင်ရင်းသို့ ကပ်လျက် တရားကိုအားထုတ်လေ၏။

အမှာ။ ။သာမဏေသည် တောင်ပို့၏ငယ်သော အပေါက်ငါးပေါက်ကိုပိတ်၍ အပေါက်ကြီးက နှိုက်ဖမ်းရလျှင် ဖွတ်ကိုမိနိုင်ပါသည်ဟု ဥပမာပြောပြီးလျှင် ဥပမေယျကို ဆက်ပြောမည်ပြုရာ ပေါဋ္ဌိလအရှင်မြတ်သည် ပညာရှင်ဖြစ်၍ သာမဏေပြောမည့် ဥပမေယျကို နားလည်ပါသောကြောင့် တရားကို အားထုတ်လေတော့၏။

သာမဏေပြောလိုတဲ့ ဥပမေယျကားအရှင်ဘုရားခန္ဓာကိုယ်ကောင်ကြီးသည် တောင်ပို့ကဲ့သို့ အပေါက်ခြောက်ခုရှိပါသည်။ မျက်စိဟူသော စက္ခုဒွါရလည်းတပေါက်ဖြစ်ပါသည်။နားဟူသောသောတဒွါရတပေါက်ဖြစ်ပါသည်။ နှာခေါင်းဟူသော ဃာနဒွါရလည်း တပေါက်ဖြစ်ပါသည်။ လျှာဟူသော ဇိဝှါဒွါရလည်း တပေါက်ဖြစ်ပါသည်။ ကိုယ်ဟူသော ကာယဒွါရလည်း တပေါက်ဖြစ်ပါသည်။ အဲဒီဒွါရငါးပေါက်ကို လုံအောင်ပိတ်ပြီးလျှင် မနောဒွါရဖြင့်သာ ခန္ဓာကိုယ်၏ အဖြစ်အပျက်ကို သိအောင် အားထုတ်ရပါသည်ဟု အကျယ်ပြောလိုက်၏၊

အရှင်ပေါဋ္ဌိလသည် တရားကိုအားထုတ်၍ သမာဓိရလျက် ဉာဏ်တက်လျက် ဝိပဿနာ အရှိန်အဟုန် အားကောင်း၍လာသောအခါ ဘုရားရှင်သည် ယူဇနာ (၂၀၀) နှစ်ရာ ဝေးကွာသော ဇေတဝန်ကျောင်းတော်မှ ရောင်ခြည်တော်တို့ကိုလွှတ်၍ ရောင်ခြည်တော်ခြောက်သွယ်တို့သည် ပေါဋ္ဌိလမထေရ်၏ ရှေ့သို့ရောက်သည်အတွက် ဘုရားရှင် အရောင်တော်တွေပါတကားဟု ကြည်ညိုစွာ ဖူးနေစဉ်ပင် ထိုရောင်ခြည်တော်တို့သည် ဘုရားရှင်၏ ပုံသဏ္ဌာန်ဖြစ်လျက် ရှေ့၌ရပ်တော်မူလေ၏။ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှနေ၍ တရားဟောသည်ကို ပေါဋ္ဌိလမထေရ်သည် မိမိရှေ့၌ ရပ်နေသော ဘုရားရှင်ဟောသည်ဟု ထင်ရ၏၊ (ဝါ) ဘုရားရှင်ကိုယ်တော်တိုင် လာ၍ဟောနေသည်ဟု ထင်ရ၏၊ ပေါဋ္ဌိလအရှင်သည်

ဘုရားရှင်၏ တရားကို နာရ၍ အဆုံး၌ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်လေတော့၏။ ဘုရားရှင်သည် နိမ္မိတရုပ်တော်ကို ဖန်ဆင်း၍ အောက်ပါဂါထာကို ဟောတော်မူ၏။

> ယောဂါ ဝေ ဇာယတေ ဘူရိ၊ အယောဂါ ဘူရိ သင်္ခယော။
> ဧတံ ဒွေဓာပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယစ။
> တထာတ္တာနံ နိဝေသေယျ၊ ယထာ ဘူရိ ပဝဍ္ဎတိ။

ယောဂါ၊ ဘာဝနာကို အားထုတ်ခြင်းကြောင့်။ ဘူရိ၊ ပညာသည်။ ဝေ၊ စင်စစ်၊ ဇာယတေ၊ ဖြစ်၏။ အယောဂါ၊ ဘာဝနာကို အားမထုတ်ခြင်းကြောင့်။ ဘူရိ၊ ပညာသည်။ သင်္ခယော၊ ပျက်၏။ ဧတံ၊ ဤသို့သော။ ဘဝါယစ၊ ပညာ၏ ပွားများခြင်းကိုရင်း၊ ဝိဘဝါယစ၊ ပညာ ပျက်စီး အချည်းနှီးကိုရင်း။ ဧတံဒွေဓာပထံ၊ ဤလမ်းနှစ်သွယ်ကို။ ဉတွာ၊ သိလျက်။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ အတ္တာနံ၊ မိမိစိတ်ကို (အတ္တသဒ္ဒါသည် စိတ်ကိုဟောသည်) နိဝေသိယမာနေ၊ နှလုံးကို သွင်းစေသည် ရှိသော်။ ဘူရိ၊ ပညာသည်။ ပဝဍ္ဎတိ၊ ပွါး၏။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ အတ္တာနံ၊ စိတ် ကို။ နိဝေသေယျ၊ နှလုံးသွင်းထားရာ၏။

ဒေသနာတော်၏အဆုံးတွင် အရှင်ပေါဋ္ဌိလသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်လေတော့၏။

ဤပေါဋ္ဌိလဝတ္ထု၌ မှတ်ဘွယ်ကား ပေါဋ္ဌိလအရှင်မြတ်သည် မဂ်ဖိုလ်ကိုရလိုသူဖြစ်၍ မဂ်ဖိုလ်ရလိုသူတို့သည် အင်္ဂါလေးပါးနှင့် ပြည့်စုံရမည်ဖြစ်၏။

(၁) သပ္ပုရိသသံသေဝ။ ။ကမ္မဋ္ဌာန်းကို ညွှန်ပြပေးတတ်သောဆရာကို မှီဝဲဆည်းကပ်ခြင်းဟူသော ပဌမအင်္ဂါကို ရှင်းသောအခါ မိမိအား ဆရာပြုလျက် ကမ္မဋ္ဌာန်းကိုပေးတတ်သော သာမဏေငယ်ကို ဆရာတင်ထား မှီဝဲဆည်းကပ်ရခြင်းသည် ပဌမအင်္ဂါနှင့် ပြည့်စုံသည်ဟု မှတ်ရမည်။ ဤကား မှတ်ချက်တခုတည်း။

(၂) သဒ္ဓမ္မဿဝနံ။ ။ကမ္မဋ္ဌာန်းဆရာ၏ဆုံးမဩဝါဒကို လိုက်နာခြင်းဟူသော ဒုတိယအင်္ဂါဟူသည် သာမဏေငယ်က အလိုစမ်းသော

အားဖြင့် ရေအိုင်သို့အဆင်းခိုင်းရာ၌ အသက်ကို မငဲ့ ကွက်ဘဲ ရဲရဲ တင်းတင်း ဆင်းသွားခြင်းကို ၎င်းသာမဏေကယ်က ပဉ္စဒွါရကို ပိတ်လျက် မနောဒွါရဖြင့်သာတရားကိုအားထုတ်ရမည်ဟု ဖွတ်ကို ဖမ်းသော ဥပမာဖြင့် ဆုံးမနည်းပေးသည်ကို ကြားနာ၍နေခြင်း။ နားဖြင့် နားထောင်ခြင်းကို သဒ္ဓမ္မသဝနံဟူသော ဒုတိယအင်္ဂါနှင့် ပြည့်စုံသည်ဟု မှတ်ရမည်။ ဤကား မှတ်ရန်တချက်တည်း။

(၃) ယောနိသောမနသိကာရ။ ။ဟူသော တတိယအင်္ဂါကား သာမဏေနည်းပြတိုင်းသာ ပဉ္စဒွါရကို ပိတ်လျက် ကမ္မဋ္ဌာန်းကို လုပ်တော့အံ့ဟု စိတ်ကိုကောင်းစွာထားခြင်းကို ယောနိသော မနသိကာရဟူသော တတိယအင်္ဂါနှင့်ပြည့်စုံသည်ဟုမှတ်ရမည်။ ဤကား မှတ်ရန်တချက်တည်း။

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ။ ။ဟူသောစတုတ္ထအင်္ဂါကား သာမဏေထံမှ ခွါလျက် တရားကိုအားထုတ်ခြင်းကို စတုတ္ထအင်္ဂါနှင့် ပြည့်စုံသည်ဟု မှတ်ရမည်။ ဤကား မှတ်ရန်တချက်တည်း။

(၅) စာပေတတ်သော်လည်း စာသိလောက်ဖြင့် ဝိပဿနာအလုပ်ကို မလုပ်တတ်သူ ဝိပဿနာကို လက်တွေ့လုပ်နေသူထံမှ နည်းကိုရမှ သာလျှင် ဝိပဿနာကို လုပ်တတ်သည်ဟု မှတ်ရန်တချက်တည်း။

(၆) မဂ်ဖိုလ်ကိုတကယ်တန်းလိုချင်ပါမူ ငါ့ထက်ငယ်သူထံ၌ နည်းမယူ လို ဘုန်းကြီးချင်းဖြစ်၍ နည်းမယူလိုဟူသော မာနဖြင့် မထားမူ၍ ပေါဋ္ဌိလအရှင်မြတ်ကဲ့သို့ မာနကို ချထားသင့်သည်ဟု မှတ်ရန် တချက်တည်း။

(၇) မဂ်ဖိုလ်ရရန် အားထုတ်နေသောသူတို့သည် စာတတ်သူတို့အား အထင်မကြီးခြင်းကိုလည်း မှတ်ရန်တချက်တည်း။

(၈) ဝိပဿနာကို အားထုတ်နေသူတို့သည် ခုနစ်နှစ်သား သာမဏေ ငယ်ကဲ့သို့ စာတတ်မထေရ်ကြီးကိုသော်မှကြောက်ခြင်းကင်းသည် ရဲရင့်သည်ကို မှတ်ရန်တချက်တည်း။

(၉) မဂ်ဖိုလ်ကို လိုချင်သူသည် အရှင်ပေါဋ္ဌိလမထေရ်ကဲ့သို့ ခဲယဉ်းစွာ ပြုရမည်။ ပြုမှသာလျှင် မဂ်ဖိုလ်ကိုရမည်ဟု မှတ်ရန်တချက်တည်း။

မှာထားချက်။ ။ဤစာအုပ်မှာ ရေးသား ဖော်ပြထားသော ပညတ်ဖုံးပုံ၊ ပညတ်ခွါ၍ ခေတ်တွေ ကလာပ်တွေ ပရမတ်တွေ တွေ့ကြတော့ တဖွဲဖွဲ တသဲသဲ တဖြန်းဖြန်းနှင့် သဲကမ်းပါးတွင် ရေစားဘိသကဲ့သို့ ခန္ဓာကိုယ်အတွင်းမှတွေ့အောင် သီလ သမာဓိ ပညာဆိုသောတရားတော်မြတ်ကြီး ကို ကိုယ်တိုင်ကိုယ်ပိုင် ယုံကြည်စွာ သဒ္ဓါတရားနှင့် အားထုတ်မှ ရနိုင်သောတရားဖြစ်ခြင်းကြောင့် ကြိုးစ ားအားထုတ်ကြပါရန်နှင့် ပါရမီရှိသည့်အလျောက် သောတာပန် သကဒါဂါမ် အနာဂါမ် အရဟတ္တမဂ်ဖြင့် ရဟန္တာဖြစ်နိုင်ကြောင်း စေတနာကောင်းဖြင့် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့ကို နှိုးဆော်လိုက်ရပါကြောင်း။

ရင်းနောက် သီလ-သမာဓိ–ပညာဆိုသော တရားတော်မြတ်ကြီး ကို ကိုယ်တိုင် ကိုယ်ပိုင် တကယ့်ကို ယုံယုံကြည်ကြည် အားထုတ်ပြီးသော ယောဂီအပေါင်းတို့သည့် သဘောရောက် မနေဘပေါက်အောင် ထပ်ခါ ထပ်ခါ ဘာဝိတောဗဟုလီကတော ဆိုသည့်အတိုင်း ကြိုးစား၍ကြည့်ရှုကြပါရန် မေတ္တာရှေ့ထား၍ မှာကြားရကြောင်း ဖြစ်ပါသည်။

## သာသနာလျှောက်

သမ္မာသမ္ဗုဒ္ဓမတုလံ၊ အရဟံအဆုံး၊ ဘဝက်ချုန်းမျှ၊ မက်နှုန်းသူမမြင်၊ ချစ်ရှင်ထွတ်ထား၊ မြတ်စွာဘုရားသည်၊ လေးပါးသောအပါယ်၊ လေးသွယ်သောသြဃမှ မျောရတဲ့ များဝေနေကို၊ တရားရေအမြိုက်ဆေးဖြင့်၊ တိုက်ကျွေးကာမဂ်လမ်းသို့၊ တက်လှမ်းဘို့မိန့်ချေ၊ နောက်တော်ကပါစေပြီးလျှင်၊ လေးဆယ့်ငါးဝါ အကျ၊ ခန္ဓနှင့် ပရိနိဗ္ဗာန်၊ ဝင်စံရာ ခေမာနန်းသို့၊ တက်လှမ်းမည့်အခါ၊ မင်းမာလာဥယျာဉ်နန်းမှာ၊ အင်ကြင်းပန်းရိပ်မြုံ၊ ခြူးပန်းနှင့်ခြူးအုံ၊ အံ့သြ၍မကုန်အောင်၊ ပန်းမျိုးစုံအသရေမှာ၊ ထူးတထွေဆန်းပလည်၊ ကိုးနဝရတ်ချယ်စီ၊ နတ်ပန်းချီဥာဏ်ကြီးရှ ်တို့မှ၊ ဖန်တီးလို့တုမမှီဘွယ်၊ အသွယ်သွယ်မြကတ္တီ၊ သဇင်လည်ရွှေညောင်စောင်းမှာလ၊လျှောင်းစက်တော်မူရာ အာနန္ဒာညီဖွားသည်၊တားမနိုင်ဆီးမရ ကြီးစွာသောသောကဖြင့်၊ ချုံးချကာဟိုက်ဖို၊ အိုအရှင်သရဖူ၊ လောကမှုန်ကူသည်၊ နိဗ္ဗာန်တွင်စံယူကာ ရေပူနှင့်ရေချမ်း၊ကမ်းလှမ်း

ရန်ကိစ္စ၊ လုပ်ကျွေးရဘယ်မခြင်၊ သွန်သင်ကာဆုံးမ၍၊ မြတ်ဓမ္မတရားတော်ကို၊ ဟောကြားသူမရှိ၍၊ နေမသိထိုင်မသာ၊ ခက်ပါတိအရှင်ဘုရားဟု၊ ချစ်ညီဖွားအာနန္ဒာ၊ ငိုကြွေးကာ လျှောက်ထားလေသော်၊ မြတ်ဇိနဘုန်းမော်သည်၊ ငါကိုယ်တော်နိဗ္ဗာန်ပြောင်းစက်သော်လဲ၊ ရှစ်သောင်းနှင့်လေးထောင်၊ ဓမ္မက္ခန်စာစောင်သည်၊ တရားအရာ ဆရာအဖြစ်နှင့်၊ ဆုံးမရစ်ပေလိမ့်ငါ့ရှင်၊ မကြည်သာသောက၊ ဒေါမနမဖြစ်ရန်ကို၊ ဝစီသံနှုတ်ဟ၍၊ ဗျာဒိတ်တော်သလေလျှင်၊ များစွာသောသတ္တဝါသည်၊ သွက်သွက်ခါမြည်ဟိန်း၊ အိုးထိန်းစက်ကဲ့အသွင်လုံ၊ ထက်တခွင်တမိုးလုံးလည်း၊ ထစ်ချုန်း၍ ဝင်းပြောင်၊ဥက္ကာရောင် ကြယ်အပေါင်းတို့က၊ပြိုးပြိုးပြောင်တထိန်ထိန်၊ တရှိန်ရှိန်တဝင်းဝင်း၊ ရောင်လျှံချင်းထစ်ချုန်း သောင်းခေတ်လုံးပြိုသည့်နှယ်၊ အသွယ်သွယ်ဦးတိုက်၍၊ သုံးလောကမကိုဋ်ကို၊ ဖူးလိုက်ကြခါခါတွင်၊ ပြည်နိဗ္ဗာန်စံအဝင်မှာ၊ နောင်အစဉ်မှတ်သားကြရအောင်၊ မိန့်ကြားတော်မူခဲ့သော သာသနာတော် မြတ်သည်ကား.... (၅၀၀၀) ဖြစ်ပါသည်။ အတိတ်ဖြစ်သော သာသနာသည် (　　)ဖြစ်ပါသည်။ အနာဂတ်သာသနာတော်မြတ်သည်ကား (　　) ဖြစ်ပါသည်။ ယခုလူတို့ ဝေါဟာ၊ ကောဇာသက္ကရာဇ်သည်ကား (　　) လဆန်း (ဆုတ်) နေ့ဖြစ်ပါသည် အရှင်ဘုရား။ ဤသို့ဆိုလျှင် တနေ့တနေ့နှင့် တရွှေ့ရွှေ့ရောက်၊ ကုန်ပျောက်လွင့်ကြေ၊ တဆံခြမျှ စံနေမရ၊ ရေမြေသြဇာ ဤခန္ဓာကား၊ မကြာပျက်ရ၊ ဘိဇ္ဇနဟု၊ အနိစ္စသညာ၊ မရဏာနုဿတိကမ္မဋ္ဌာန်း ကို စီးဖြန်းပွားများတော်မူပါမည့်အကြောင်းလက်ဆယ်ချောင်းပဏ္ဏာဆင်လျက် ဦးတင်ကာ လျှောက်ထားဝံ့ပါသည်ဘုရား။

## မဟာပရိနိဗ္ဗာနသုတ်

မယ့်၊ ငါဘုရား၏။ ဝယော၊ အရွယ်သည် ပရိပက္ကော၊ ရင့်ရော်လှပြီ။ မမ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ ပရိတ္တံ၊ နည်းလှပြီ။ ဝေါ တုမှာကံ၊ သင်ချစ်သားတို့ကို။ ပဟာယ၊ ပယ်၍။ ဂမိဿာမိ၊ သွားရပေတော့အံ့။ ဝါ။ ပရိနိဗ္ဗာန်ပြုရပေတော့အံ့။ မေမယာ၊ ငါဘုရားသည်။ အတ္တနော၊ မိမိ၏။ သရဏံ၊ မင်္ဂဖိုလ်နိဗ္ဗာန်ဟူသော ကိုးကွယ်ရာကို။ ကတံ၊ ပြုအပ်ပြီ။

## အကြံကောင်းရှိရန် သတိပေးပုံ

အပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတ သင်္ကပ္ပါ၊ သစိတ္တ မနုရက္ခထ။

ဘိက္ခဝေါ၊ ရဟန်းတို့။ အပမတ္တာ။ မမေ့မလျော့ကုန်သည်။ သတိမန္တာ၊ မြဲမြံသော အောက်မေ့ခြင်း သတိရှိကြကုန်သည်။ သုသီလာ၊ ကောင်းသောအကျင့်သီလရှိကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ သုသမာဟိတသင်္ကပ္ပါ၊ ကောင်းသောအကြံရှိကုန်သည်ဖြစ်၍။ သစိတ္တံ၊ မိမိစိတ်ကို။ အနုရက္ခထ၊ ဆုံးမစောင့်ရှောက်၍ နေရစ်ခဲ့ကြကုန်လော။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟေဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

ဘိက္ခဝေ၊ သံသရာဘေးကို လေးသောဝန်ဟု ရှုလေ့ရှိကြပေကုန်သော ရဟန်းတို့။ ယော၊ အကြင်သူသည်။ ဝါ။ မည်သူမဆို။ ဣမသ္မိံ ဓမ္မဝိနယေ၊ သစ္စာကိုသိအောင်အားထုတ်ကြဟု ငါဘုရား ဆုံးမဟောကြားတော်မူသော ဤဓမ္မဝိနယခေါ် ပဋိဝေဓ သာသနာတော်ကြီး၌။ အပ္ပမတ္တော၊ မမေ့မလျော့သည်ဖြစ်၍။ ဝိဟေဿတိ၊ နေလတံ့။ သော။ ထိုသူသည်။ ဇာတိသံသာရံ၊ ဇာတိသံသရာကို။ ပဟာယ၊ ပယ်၍။ ဒုက္ခဿန္တံ၊ ဒုက္ခအဆုံးဖြစ်သောနိဗ္ဗာန်သို့။ ကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့သတည်း။

## ပဟာန် ၅-ပါး (ဝိသုဒ္ဓိမဂ်)

ဗဟုသုတရှိစေခြင်းငှါ၊ အချုပ်အချာ ဝိပဿနာပညာဖြစ်သော ပဟာန် ငါးပါးကို၊ ဝိသုဒ္ဓိမဂ်အရဲပြဦးအံ့၊ ပဟာန်ငါးပါးဟူသည် တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်၊ ပဋိပဿဒ္ဓိပဟာန်၊ နိဿရဏပဟာန် ဤငါးပါးပင်တည်း၊

ကိလေသာပယ်ရာ၌ ဒီပါလောကေန တမဿ တဿ အနတ္ထဿ ပဟာနံ ဣဝ ဟူရကား။

တမဿ၊ အမိုက်မှောင်အား။ ဒိပါလောကေန၊ အရောင်အလင်းဖြင့်။ ပဟာနံ့ကွ္ဝ။ ပယ်၏သို့။ ဝေမေဝ၊ ဤအတူ။ တဿ အနတ္တဿ၊ ထိုသို့ အကျိုးမဲ့ကိလေသာဘို့အား ထိုသို့နှင့် ဆန့်ကျင်ဘက်ဉာဏ်ဘို့ဖြင့်၊ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ ပယ်ရန် မာဘိကာ အကျဉ်းကား။ နာ ပစ် က မဂ် ဥ ဝ ဘ အာ နပ် မု ပ ဥ အ နု ဝေါ ကိုရှု ဟူ၏။

## တဒင်္ဂပဟာန်

၁-(က) နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟာတဗ္ဗာ။

သက္ကာယဒိဋ္ဌိ၊ ခန္ဓာငါးပါး၌ အတ္တဟုယူသော အယူကို။ **နာမရူပဝဝတ္ထာနေန၊** နာမ်ရုပ်ကို ပိုင်းခြားမှတ်သားခြင်းဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ခ) ပစ္စယ ပရိဂ္ဂဟာဏေန အဟေတု ဝိသမဟေတု ဒိဋ္ဌိနံ၊ အပရာဘာဂေ တင္ခ္ပရိယာယေန၊ ကထံကထီဘာဝဿ၊

ပစ္စယ ပရိဂ္ဂဟာဏေန၊ ဒုက္ခသစ္စာ နာမ်ရုပ်ဖြစ်ကြောင်း၊ သမုဒယကို သိမြင်ဆင်ခြင် သိမ်းဆည်းခြင်းဖြင့်၊ အဟေတု ဝိသမဟေတု ဒိဋ္ဌိနံ၊ သတ္တဝါဖြစ်ချင်၍ အကြောင်းမရှိဘဲ ဖြစ်၏ဟုယူသော အဟေတုကဒိဋ္ဌိ အကြောင်းရှိ၏ဟုယူပြန်သော်လည်း ဗြဟ္မာပိဿနိုးစသောနတ်တို့ဖန်ဆင်း၏ဟု မဟုတ်မမှန်သောအကြောင်းကိုစွဲ၍ယူသော ဝိသမဟေတုဒိဋ္ဌိတို့ကို။ တင္ခ္ပရိယာယေန၊ ထိုဒိဋ္ဌိတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော။ ဝါ၊ အကြောင်းမရှိဘဲဖြစ်သည်မဟုတ်၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတို့ကြောင့် ဖြစ်၏ဟူသော ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ အပရာဘာဂေ၊ နောက်အဘို့၌။ ကထံကထီဘာဝဿ၊ သို့လော သို့လော ယုံမှားမှုကို။ ဝါ။ အကြောင်းနှင့်ဖြစ်လေသလော၊ အကြောင်းမရှိဘဲ ဖြစ်လေသလော ဟူသော ယုံမှားခြင်းကိုလည်း။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ဂ) ကလာပသမ္မသနေန အဟံ မမာတိ ဂါဟဿ ပဟာတဗ္ဗာ။

ကလာပသမ္မသနေန၊ ရုပ်ကလာပ် နာမ်ကလာပ်အပေါင်းတို့ကို ရှုခြင်းဖြင့်(ဝါ) ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ

ဟူသော ရုပ်ကလာပ်၊ ဖဿဝေဒနာသညာ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရစသော နာမ်ကလာပ်တို့ကို ရှုခြင်းဖြင့်၊ အဟံမမာတိ ဂါဟာသ၊ အဟံ-ငါ။ မမသန္တကံ၊ ငါ၏ဥစ္စာဟူသော တဏှာဒိဋ္ဌိဂါဟကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ဃ) မဂ္ဂါမဂ္ဂဝဝတ္ထာနေန အမဂ္ဂေ မဂ္ဂသညာယ ပဟာတဗ္ဗာ။

မဂ္ဂါမဂ္ဂဝဝတ္ထာနေန၊ မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်းခြားမှတ်သားခြင်းဖြင့်။ အမဂ္ဂေ၊ အရောင်ပီတိ ပဿဒ္ဓိစသော တရားတို့ကို မဂ်ဟုရှု၍၊ မဂ်ကိုငါရပြီဟု ရှုသော ၊ မှားသော အမဂ္ဂသညာ၌။ မဂ္ဂသညာယ၊ ဤအရောင်ပီတိ စသည်တို့ကား မဂ်မဟုတ်၊ အနိစ္စ ဒုက္ခ အနတ္တသာတည်းဟု ရှုသော မဂ်သညာဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-( င ) ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ ပဟာတဗ္ဗာ။

ဥစ္ဆေဒဒိဋ္ဌိယာ၊ သတ္တဝါသေလျှင် ပြတ်၏ဟု ယူသောအယူကို။ ဥဒယဒဿနေန၊ နာမ်ရုပ်တို့ အကြောင်းအကျိုးစပ်၍ မပြတ်ဖြစ်နေမှုကို ရှုသောဉာဏ်ဖြင့်။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-( စ ) ဝယဒဿနေန သဿတ ဒိဋ္ဌိယာ ပဟာတဗ္ဗာ။

သဿတဒိဋ္ဌိယာ၊ သတ္တဝါရှိ၏ မြဲ၏ဟုယူသော အယူကို။ ဝယဒဿနေန၊ နာမ်ရုပ်တို့၏ ခဏခဏပျက်၍နေမှု မမြဲမှုကို ရှုခြင်းဖြင့်။ ပဟာတဗ္ဗာ။ ပယ်အပ်၏။

၁-(ဆ) ဘယဒဿနေန သဘယေ အဘယသညာ ပဟာတဗ္ဗာ။

ဘယဒဿနေန၊ အိုနာသေမှု ဖောက်ပြန်မှုဘေးတို့ကို ရှုမြင်ခြင်းဖြင့်။ သဘယေ၊ ဘေးနှင့်တကွဖြစ်သည်၌။ အဘယသညာ၊ ဘေးမရှိဟု ရှုသောသညာကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-( ဇ ) အာဒီနဝ ဒဿနေန အာလယာဘိနိဝေသဿ ပဟာတဗ္ဗာ။

အာဒီနဝဒဿနေန၊ ဥပ္ပါဒေါဒုက္ခံ၊ ပဝတ္တံဒုက္ခံ၊ နိမိတ္တံဒုက္ခံ၊ အာယူဟနံဒုက္ခံ၊ ပဋိသန္ဓိဒုက္ခံဟူသော ဖြစ်ခြင်းရှိသမျှ ဒုက္ခသာတည်းဟု အပြစ်ကို ရှုသော အာဒီနဝဉာဏ် ငါးပါးကို ရှုခြင်းအားဖြင့်၊ အာလယာဘိ နိဝေ

သဿ၊ လိုချင်ခင်မင်တွယ်တာသော တဏှာအာလယကို၊ ပဟာတဗ္ဗာ၊ ပါယ်အပ်၏။

၁-(ဈ) နိဗ္ဗိဒါ ဉာဏေန နန္ဒိယာ ပဟာတဗ္ဗာ။

နိဗ္ဗိဒါဉာဏေန၊ ခန္ဓာငါးပါး၌ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်ဖြင့်။ နန္ဒိယာ၊ အလွန်နှစ်သက်တွယ်ဟု ရှုသော နန္ဒီရာဂကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-(ည) မုဥ္စိတုကမျတာဉာဏေန၊ အမုဥ္စိတုကာမဿ ပဟာတဗ္ဗာ။

မုဥ္စိတုကမျတာဉာဏေန၊ သံသရာဝဋ်မှ လွတ်လိုသော မုဥ္စိတုကမျတာဉာဏ်ဖြင့်၊ အမုဥ္စိတုကာမဿ၊ သံသရာ၌ မွေ့လျော်သဖြင့် မလွတ်လိုမှုကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-( ဋ ) ပဋိသင်္ခါဉာဏေန အပဋိသင်္ခါ ပဟာတဗ္ဗာ။

ပဋိသင်္ခါဉာဏေန၊ တောလေးဆယ်ကို အဖန်ဖန် ပွားသော ပဋိသင်္ခါဉာဏ်ဖြင့်။ အပဋိသင်္ခါ၊ အဖန်ဖန်မဆင်ခြင်လိုမှုကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-( ဌ ) ဥပေက္ခာဉာဏေန အနုပေက္ခာ ပဟာတဗ္ဗာ။

ဥပေက္ခာဉာဏေန၊ သင်္ခါရတရားတို့၌ ချစ်ခြင်း မုန်းခြင်းကိုပယ်၍ လျစ်လျူရှုသောဉာဏ်ဖြင့်။ အနုပေက္ခာ၊ လျစ်လျူမရှုလိုမှုကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-( ဍ ) အနုလောမေန ဓမ္မဋ္ဌိတိယာ ပဋိလောမေန နိဗ္ဗာနေနစ၊ ကထံကထိဘာဝဿ ပဟာတဗ္ဗာ။

အနုလောမေန၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာစသောအနုလောမဉာဏ်ဖြင့်။ ဓမ္မဋ္ဌိတိယာ၊ အကြောင်းအကျိုးစပ်၍မပြတ်တည်နေမှုကို။ ပဋိလောမေန၊ အကြောင်းချုပ်သဖြင့် အကျိုးချုပ်သော။ နိဗ္ဗာနေနစ၊ နိဗ္ဗာန်ကို မြင်သိသောဉာဏ်ဖြင့်လည်း။ ကထံကထိဘာဝဿ၊ နိဗ္ဗာန် ရှိမှ ရှိလေ၏လောဟူသော ယုံမှားခြင်းကို။ ပဟာတဗ္ဗာ၊ ပယ်အပ်၏။

၁-( ဎ ) ဂေါတြဘူဉာဏေန သင်္ခါရနိမိတ္တံ ပဟာတဗ္ဗာ။

သင်္ခါရနိမိတ္တံ၊ ခန္ဓာသင်္ခါရနိမိတ်ကို၊ ဂေါတြဘုဉာဏ၊ အနိမိတ္တနိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘုဉာဏ်ဖြင့်၊ ပဟာတဗ္ဗာ၊ ပယ်အပ်၏။ အယံ၊ ဤသို့ရှုခြင်းသည် တဒင်္ဂပဟာနံနာမ၊ ကိလေသာကို တဒင်္ဂအားဖြင့် ပယ်ခြင်းမည်၏။

ဝိက္ခမ္ဘနပဟာန်

၂။ ဝိက္ခမ္ဘနပဟာန်ကို အကျယ်မပြတော့ပြီ။ ဉပမာကိုသာ ပြပေတော့အံ့။ ဉပမာ....မှော်ပြည့်နေသော ရေကန်၌ ရေခပ်သော ယောကျ်ားသည် အိုးပြင့် မှော်တို့ကိုဖယ်၍ အိုးဖြင့်နှစ်၍ ရေခပ်ပြီးနောက် အိုးကိုမ၍ ယူလိုက်လျှင် ယခင်ကဖယ်ထားသော မှော်တို့သည် ပြန်၍ဖုံးမြဲဖုံး၏။ ထိုအတူ ကာမစ္ဆန္ဒပျာပါဒ၊ ထိနမိဒ္ဓစသော ကိလေသာတို့ကို ခွါသောအားဖြင့် (ဝါ) ထိုအာရုံတို့ကို စိတ်မကျမရောက်သောအားဖြင့် ပယ်ခြင်းသည်ပင် ဝိက္ခမ္ဘနပဟာန်မည်၏။ နောင်အခါ မှော်ပြန်ဖုံးသကဲ့သို့ ကိလေသာတို့ တဖန် ဖုံးပြန်တော့၏ဟူလို၊ ဤ၌ တဒင်္ဂပဟာန်ထက် ကိလေသာပယ်မှုကကြာကြာတည်၏ဟူလို။

သမုစ္ဆေဒပဟာန်

၃။ သမုစ္ဆေဒပဟာန်ကို ပြတော့အံ့။

စတုန္နံ အရိယာမဂ္ဂါနံ ဘာဝိတတ္တာ တံတံမဂ္ဂဝတော
အတ္တနော အတ္တနောဒိဋ္ဌိဂတာနံ ပဟာနာတိအာဒိနာနယေန
အစ္စန္တအနုပ္ပါဒါန ပဟာနံ အယံသမုစ္ဆေဒပဟာနံနာမ။

စတုန္နံ၊ လေးပါးကုန်သော။ အရိယမဂ္ဂါနံ၊ အရိယာမဂ်တို့ကို။ ဘာဝိတတ္တာ၊ ပွားသည်၏အဖြစ်ကြောင့်။ ဝါ။ ဤကား နိရောခနိဗ္ဗာန်တည်းဟု အဖန်ဖန်ပွားများသည့်အဖြစ်ကြောင့်။ တံတံမဂ္ဂဝတော၊ ထိုထိုမဂ်တို့နှင့် အကျွမ်းဝင်သော။ အတ္တနော အတ္တနော၊ မိမိမိမိ၏ဌာနနှ၌။ ဒိဋ္ဌိဂတာနံ၊ ဒိဋ္ဌိစသည်တို့သို့ ကျရောက်သော ကိလေသာတို့ကို။ ပဟာနာတိအာဒိနာနယေန၊ ပယ်သောမင်အစဉ်ဖြင့်။ အစ္စန္တအနုပ္ပါဒါနပဟာနံ၊စင်စစ် အကြွင်းမဲ့ပယ်ခြင်းသည်။ အတ္ထိ၊ ရှိ၏၊ တော်ာဟာနံ၊ ဤသို့ပယ်ခြင်းသည်။ သမုစ္ဆေဒပဟာနံနာမ။ အပြီးအပြတ်ပယ်ခြင်းမည်၏။

## ပဋိပဿဒ္ဓိပဟာန်

၄။ စတ္တာရိ၊ လေးပါးကုန်သော။ သာမညဖလာနိ၊ သာမညဖိုလ်လေးပါးတို့သည်။ ပဋိပဿဒ္ဓိပဟာန်နာမ၊ မဂ်ဖြင့်ပယ်ပြီး ကိလေသာကို တဖန်မဖြစ်စေရန်အငြိမ်းပယ်ခြင်းမည်၏။

## နိဿရဏပဟာန်

၅။ ယံ သဗ္ဗသင်္ခတ နိဿရဏတ္တာယ ပဟီနသဗ္ဗသင်္ခတံ နိဗ္ဗာနံ အယံ နိဿရဏပဟာန်နာမ။

သဗ္ဗသင်္ခတနိဿရဏတ္တာယ၊ အလုံးစုံသော သင်္ခတတို့မှလွတ်သည်၏အဖြစ်ကြောင့်။ ပဟီနသဗ္ဗသင်္ခတံ၊ ပယ်အပ်ပြီးသော အလုံးစုံသောသင်္ခတရှိသော။ ယံနိဗ္ဗာနံ၊ အကြင်ငြိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံနိဗ္ဗာနံ၊ ထိုငြိမ်းခြင်းသည်။ နိဿရဏပဟာန်နာမ၊ အငြိမ်းပယ်သော ပဟာန်မည်၏။ အဓိပ္ပါယ်ကား တဖန်ဖြစ်မှုမရှိမူ၍ ချုပ်ငြိမ်းခြင်းသည်ပင်လျှင် နိဿရဏပဟာန်မည်၏ဟူလို။

(ဤကားပဟာန်ငါးပါးတည်း)

# သောတာပန်စစ်တမ်း

ဤကဲ့သို့ဖြစ်ပျက်တွေကို ရှုနေရင်း ဖြစ်ပျက်၍နေသော အာရုံ တရားများနှင့် ဖြစ်ပျက်ကိုရှုနေသော စိတ်ကလေးသည် ချုပ်ငြိမ်း၍ လော ကီအာရုံတရားတို့ကို ဘာမျှမတွေ့ဘဲ ဖြစ်သွားခြင်းကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ သွားခြင်းဟုခေါ်သည်။

ဤအတိုင်းဖြစ်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုမိတာမှန်လျှင် ဤယော ဂီသည် သောတာပန်ဖြစ်၍သွားပြီဟု ကျမ်းဂန်ကဆိုသည်။

သို့ရာတွင်ဝိပဿနာရှုနေသောယောဂီအချို့မှာဝိပဿနာရှုနေရင်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန် ကို အာရုံပြုရသည်နှင့် အလားတူစွာ မဂ် ဉာဏ်ဖိုလ်ဉာဏ်မဟုတ်ဘဲနှင့် ဥပစာရ သမာဓိဖြစ်နေစဉ်တွင် ဘဝင်စိတ် ဖြစ်၍သွားတတ်သည်ဟု ကျမ်းဂန်၌ ပါရှိသည့်အတိုင်း ဘဝင်သို့သက်၍ သွားတတ်ပါသည်။

ထိုကဲ့သို့ သက်၍သွားသောအခါ ရှုမြင်နေရသော ဝိပဿနာအာရုံ များသည် ရုတ်တရက်သော်၎င်း၊ ရှုရင်းရှုရင်း တဖြည်းဖြည်းနှင့်သော်၎င်း ပျောက်၍သွားတတ်သည်။ ရှုနေသောစိတ်ကလေးကလည်း ပျောက်သွား သလို ချုပ်သွားသလို ဘာကိုမျှမသိရဘဲ ဖြစ်သွားသလို သတိမရှိဘဲ ဖြစ် သွားသလို အိပ်ငိုက်သွားသလို အိပ်ပျော်သွားသလို စသည်တို့ဖြင့် တမျိုး မျိုးဖြစ်၍ သွားတတ်သည်။

ဤသို့ဖြစ်သွားသောအခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက် မှောက်ပြု၍သွားရတာနှင့် လွန်စွာတူသောကြောင့် မိမိကိုယ်ကိုမိမိကဖြစ် စေ ကမ္မဋ္ဌာန်းဆရာကဖြစ်စေ စစ်တမ်းထုတ်၍မကြည့်ဘဲနှင့်ရုပ်နာမ်နှစ်ပါး

စလုံး ချုပ်သည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်သည်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုသည် သောတာပန်ဖြစ်ပြီဟူ၍ ဆုံးဖြတ်တတ်ကြသည်။

သောတာပန်ဖြစ်တယ်ဆိုတာ တချည့်၏ အစစ်ခံပုံကိုထောက်ပြီး ဆရာက ဆုံးဖြတ်ရုံနှင့် သောတာပန်ဖြစ်ပြီဟူ၍ သေနံခါးထစ် တထစ်ကျ မမှတ်ရ၊ ရွှေစစ်သည် မစစ်သည်ကို အရောင်ကိုကြည့်ရုံမျှဖြင့် မဆုံးဖြတ်ဘဲ မှတ်တင်၍ရေမီးနှင့်စမ်းသပ်စစ်ဆေး၍ကြည့်ရသလို သောတာပတ္တိမဂ် စစ်သည် မစစ်သည်ကိုလည်း စမ်း၍ကြည့်ရမည်။

သောတာပန် ဖြစ်လျှင် ကိုယ့်ဘာသာကိုယ် သိနိုင်သည်ဆိုတာ ဓမ္မဓိဋ္ဌာန်မဟုတ် ပုဂ္ဂလဓိဋ္ဌာန်သာဖြစ်သည်။ ထို့ကြောင့် ရှေးပညာရှိများက မဂ်ဟုတ်မဟုတ် ဖိုလ်နှင့်စမ်းရမည်ဟု ဆိုရိုးပြုကြသည်။

## မဂ်စစ်မစစ် စမ်းသပ်ပုံ

ဝိပဿနာရှုနေရင်း လောကီရုပ်နာမ်နှစ်ပါးစလုံး ချုပ်သွားသဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို အတတ်ဒိဋ္ဌသိလိုလျှင် ဤသို့ဖြစ်ပြီးသည်နှင့် တပိုင်နက် မြတ်စွာဘုရားကိုရှိခိုးလျက် တပည့်တော်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရတာရောက်တာမှန်လျှင် ယခုအကြိမ်တွင် သိသာထင်ရှားအောင် နိဗ္ဗာန်ကို တနာရီတဆက်တည်း မျက်မှောက်ပြုလျက် နေရပါစေသတည်းဟု နှုတ်ဖြင့်သော်၎င်း၊ စိတ်ဖြင့်သော်၎င်း၊ အဓိဋ္ဌာန်ပြုပါ။ ဓိဋ္ဌာန်ပြီးလျှင် ခုနက ဝိပဿနာရှုသလိုပင် ရှု၍နေပါ၊ စိတ်ကူးခြင်း ကြံစည်ခြင်း တွေးတောခြင်း ဝမ်းသာခြင်း စသည်တို့ မဖြစ်ပါစေနှင့်။

ဤအတိုင်း ရှုနေစဉ် ခုနက ရုပ်နာမ်နှစ်ပါးစလုံး ချုပ်သွားတာသည် မဂ်အစစ်မဟုတ်လျှင် ဓိဋ္ဌာန်ထားသည့်အတိုင်း နိဗ္ဗာန်ကိုမျက်မှောက်ပြုမိလျက်သားဖြစ်၍ နေလိမ့်မည်။ အကယ်၍ ပထမအကြိမ်၌ ဓိဋ္ဌာန်သလို မဖြစ်လျှင် ဒုတိယအကြိမ်၌ တပည့်တော်သည် ယခုအကြိမ် ဝိပဿနာရှုနေရင်း နိဗ္ဗာန်ကို တနာရီကြာအောင် မျက်မှောက်ပြုလျက် နေရပါလို၏ဟု ဓိဋ္ဌာန်၍ ဝိပဿနာ ခါတိုင်းလိုပင်ရှုပါ။ ဓိဋ္ဌာန်သလိုနိဗ္ဗာန်ကိုမျက်မှောက် မပြုရလျှင်လည်း ဒုတိယအကြိမ်က ဓိဋ္ဌာန်သည့်အတိုင်းပင် ထပ်၍ ဓိဋ္ဌာန်ပြီး ဝိပဿနာကို ရှုမြဲတိုင်းပင်ရှုပါ။

ဤကဲ့သို့ အကြိမ်ကြိမ်အဖန်ဖန်ဓိဋ္ဌာန်လို့မှမရလျှင် ပထမကမဂ်ဟု ထင်ခြင်းသည် မဟုတ်သေးဘူးဟူ၍သာ မှတ်ဘို့ရှိတော့သည်။ သို့ရာတွင် အားမလျှော့ပါနှင့် ပထမအကြိမ်က ဤကဲ့သို့ ဖြစ်ဘူးသော ယောဂီများမှာ များမကြာမီ မဂ်ဉာဏ်ဖိုလ်ဉာဏ်အစစ်ကို ရတတ်ပါသည်။

သို့ဖြစ်၍ နောက်ထပ်အားထုတ်သောအချိန်တိုင်း၌ ဒုတိယအကြိမ်က ဓိဋ္ဌာန်သလို ဓိဋ္ဌာန်ပြီးမှ အားထုတ်ပါ။ ဤအတိုင်း အားထုတ်သွားလျှင် နောက်ထပ်အားထုတ်သော အကြိမ်များတွင် တကြိမ်ကြိမ်၌ မဂ်ဉာဏ်အစစ်ကို ရတတ်ပါသည်။

သို့ရာတွင် တကြိမ်ကြိမ်ဆိုရာ၌ ခဏမျှကြာသော တကြိမ်မျိုးမဟုတ် တကြိမ်လျှင် အနည်းဆုံး ၂-နာရီထက်များမှ သာ၍ကောင်း၏။

တရားအားထုတ်ရင်း မဂ်ဉာဏ်ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုမိသည်မှန်လျှင် ဤသို့ပြုမိပြီးသည်နှင့်တပြိုင်နက် အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်ကို ချက်ခြင်းအာရုံပြုပါလို၏ တနာရီကြာအောင် အာရုံပြုရပါလို၏ဟု ဓိဋ္ဌာန်ပြီး မူလအတိုင်း ဝိပဿနာကို ရှုနေလျှင် မကြာမီပင် နိဗ္ဗာန်ကိုအာရုံပြု၍ သွားတတ်သည်။

သို့ရာတွင် တနာရီတိတိဖြစ်စေ ပို၍လို၍ဖြစ်စေ ကြာသင့်သလိုကြာလိမ့်မည် ဆက်ခါဆက်ခါ ဓိဋ္ဌာန်၍ နိဗ္ဗာန်ကိုအာရုံပြုလျှင်မူကား ဝသီဘော်နိုင်ပြီးသကာလ ဓိဋ္ဌာန်သည့်အတိုင်း တနာရီတိတိပင်ကြာလိမ့်မည်။ ပို၍လို၍ ဓိဋ္ဌာန်လျှင်လည်း ဓိဋ္ဌာန်သည့်အချိန်အတိုင်း တိတိကျကျရနိုင်သည်။

ဤကဲ့သို့ ဓိဋ္ဌာန်သလို နိဗ္ဗာန်ကိုအလိုရှိသလိုမျက်မှောက်ပြု၍ရလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် အစစ်ဖြင့် နိဗ္ဗာန်အစစ်ကို မျက်မှောက်ပြုနိုင်သော သောတာပန်အစစ်ဖြစ်ပြီဆိုတာ စိတ်ချလက်ချ ယုံကြည်ရတော့ပြီ။

## သောတာပန်ဖြစ်မှန်း ကိုယ့်ဘာသာကိုယ် သိနိုင်သသား

သောတာပန်ဖြစ်မှန်း တန်ခိုးအဘိညာဉ်ရှိသော ပုဂ္ဂိုလ်များသိနိုင်ပါသည်။ အဘိညာဉ်တန်ခိုးမရှိလျှင် မသိနိုင်ပါ။ ဗဟုသုတရှိဘူးသောသူ

များမှာ ထင်ရှားသော ထင်နိုင်ပါသည်။ ထင်သည့်အတိုင်း ဟုတ်မဟုတ်ကိုစမ်းသပ်၍ ကြည့်ရပါသေးသည်။

ဥပမာမှာ ယခုရှိသော သိကြားမင်းသည် မြတ်စွာဘုရားထံ တရားနာရင်း သောတာပန်ဖြစ်၏။ သောတာပန်ဖြစ်ပြီး တထိုင်တည်းနှင့်ပင် ဆက်လက်တရားနာရင်း စုတိစိတ်ကျ၊ စုသိစိတ် ကျပြီးပြီးခြင်း မူလအတိုင်းပင် သိကြားမင်းပြန်၍ဖြစ်၊ သိကြားမင်းပြန်၍ဖြစ်သော်လည်း တရားနာလျက်ပင်ရှိ၍နေ၏၊

ဤအကြောင်းကို သိကြားမင်းသည် သူ့ဘာသာသူသိ၍ မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။ အဘိညာဉ်ဘန်ခိုး မရှိသောသူများမှာ မသိနိုင်ကြ မသိနိုင်၍လည်း မြတ်စွာဘုရား လက်ထက်တော်က အချို့သော သောတာပန်ရဟန်းတော်များသည် မိမိကိုယ်ကို သောတာပန်ဖြစ်ကြောင်း အဘယ်သို့သော နည်းဖြင့် သိရပါမည်နည်းဘုရားဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက သောတာပန်တို့မည်သည် ဘုရား၌ ကောင်းစွာ သက်ဝင်ကြည်ညိုယုံကြည်ခြင်း တရား၌ကောင်းစွာ သက်ဝင်ကြည်ညိုယုံကြည်ခြင်း သံဃာ၌ ကောင်းစွာသက်ဝင်ကြည်ညိုခြင်း သမာဓိကို ဖြစ်စေနိုင်သောသီလနှင့် ပြည့်စုံခြင်းတို့နှင့်ပြည့်စုံလျှင် သောတာပန်ဖြစ်ကြောင်း သိရမည်ဟု မိန့်မြွက်တော်မူ၏။ သုတ္တန်ဒေသနာတွင် ဤသို့လျှောက်ထားသော ဝတ္ထု ၄-၅-၆-ခု ပါရှိ၏။

မှတ်ချက်။ ။ဘုရား၌ ကောင်းစွာ သက်ဝင်ကြည်ညိုယုံကြည်ခြင်းဆိုရာ၌ ဘုရားကို ဝက္ကလိမထေရ်လို အနားက မခွါနိုင်အောင် ကြည်ညို၍နေတာမျိုးကို ဆိုလိုတာမဟုတ်။ ဘုရား၏ ဂုဏ်ကျေးဇူးတော်တွေကို ကြည်ညိုယုံကြည်ခြင်းတို့ကိုသာ ဆိုလိုသည်။

ရင်းပြင် မသိဘူးဆိုရာ၌ သောတာပန်ဆိုတဲ့အမည်ကို မပြောတတ်ခြင်းကိုသာ ဆိုလို၏။ သောတာပန်မဖြစ်မီ တွေ့တဲ့ဝိပဿနာနှင့် ဖြစ်ပြီးမှ ရုပ်နာမ်ချုပ်သွားပုံကိုတော့ ကိုယ်တွေ့မို့လို့ သိပါ၏။ သိရပေမဲ့ဝိပဿနာဉာဏ်မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်သောတာပန် အစရှိသော နာမည်တွေကိုတော့ မပြောပြတတ်ပါ။

ဥပမာ တောကကလေးတယောက်ကို ချော့ကလက်ဆိုတဲ့ အမည်ကိုတော့ မပြောတတ်သလိုပါဘဲ၊ လယ်တီဆရာတော်ဘုရားကြီးကလည်း

ကိလေသာအနုသယက လွန်စွာနူးညံ့လှသောကြောင့် သောတာပန်ဖြစ်သောအခါ ဖြစ်မှန်းကို လူတိုင်းမသိနိုင်ဟု မိန့်ဆိုထားချက်ရှိပါသည်။

## သောတာပန်နှင့် ပုထုဇဉ်ဘာခြားနားသလဲ

သောတာပန်နှင့်ပုထုဇဉ်မှာ မျက်မြင်အားဖြင့် ထူးခြားချက်မရှိပါ။ ၎င်းတို့၏ဉာဏ်အမြင်မှာသာ ကွာခြားသင့်သလောက် ကွာခြားပါသည်။ ဥပမာ ပုထုဇဉ်နှင့်သောတာပန် ဝိပဿနာတရားကို အားထုတ်၍ နိဗ္ဗိန္ဒာဉာဏ်ဝင်နေလျှင် ထိုဉာဏ်ဝင်နေခိုက်၌ နှစ်ဦးစလုံးပင် လောကကြီးကို ငြီးငွေ့လျက် စီးပွားရေး ကြီးပွားရေးတို့ကို ဂရုမစိုက်လိုတော့ဘဲ လောကီစည်းစိမ်တို့ကိုမခုံမင်မနှစ်သက် ဝတ်ရေးစားရေးတို့၌လည်း တော်သလို လျော်သလို ဖြစ်သလိုလောက်သာ နေတတ်ကြသည်။ ဝိပဿနာကို အား မထုတ်ဘဲနေတာကြာလျှင်မူကား လောကကြီးကို ငြီးငွေ့ခြင်းများ လျော့ပါးလျက် စီးပွားရေး ကြီးပွားရေးတို့၌ နဂိုက ဝါသနာအတိုင်းသာ နေတတ်ကြသည်။

သို့အတွက် မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိပြည်တွင် လူဦးရေခုနစ်ကုဋေရှိသည်အနက် ငါးကုဋေမှာ သောတာပန် သကဒါဂါမ်၊ အနာဂါမ် အရိယာများဖြစ်ကြသည်။ ၎င်းတို့သည် ပုထုဇဉ်များကဲ့သို့ပင် သမ္မာအာဇီဝ အသက်မွေးမှုကြောင်း လုပ်ကိုင်စားသောက်၍ နေကြသေးသည်။ သောတာပန်မှာ အနုသယကိလေသာခုနစ်ပါးရှိသည့်အနက် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယသာ ပယ်နိုင်သေးသည်။ ကာမရာဂါနုသယနှင့် ပဋိဃာနုသယမှာ နဲနဲမျှ မပယ်ရသေးပါ။

သို့ကြောင့် ခုနစ်နှစ်အရွယ်က သောတာပန်ဖြစ်သော ဝိသာခါမှာ ၁၆ နှစ်အရွယ်ကျတော့ အိမ်ထောင်ကျ၍ သမီးနှစ်ဆယ် မြေးလေးရာ၊ မြစ်ရှစ်ထောင်ရအောင် ကာမဂုဏ်စည်းစိမ်ကို ပျော်ပျော်ကြီး ခံစားစံစားသေးသည်။ အတိုးတသိန်းတန်သော မာလိကာတန်ဆာကို အိမ်ထောင်ကျပြီးမှတောင် ဝတ်ဆင်သေးသည်။ ကျောင်းတော်ကြီးဆောက်လုပ်လှူဒါန်းရ၍ အားရဝမ်းသာလှသဖြင့် ကျောင်းကိုလှည့်ရင်း သီဆို၍ ကသေးသည်။ ၎င်း၏ မြေးကလေးတယောက်သေတော့ ပရိဒေဝမီး

တောက်ပြီး လူးလှိမ့်၍ ငိုရသေးသည်။ နောက်ထပ် ဤလို မြေးကလေး ပေါင်း ခုနစ်ကုဋေလောက်ရလျှင် တောင်လိုချင်ပါသေးသည်ဟု မြတ်စွာဘုရားအားလျှောက်ထားသေးသည်။

ယခုလည်း နတ်ပြည်ခြောက်ထပ် ရှိသည်တွင် အမြင့်ဆုံးဖြစ်သော ဝသဝတ္တီနတ်မင်းကြီး၏ မိဖုရားဖြစ်လျက် ကာမဂုဏ်စည်းစိမ်ကို မြိန်မြိန်ကြီးခံစား စံစား၍နေသေးသည်။ ၎င်းပြင် ယခုရှိသော သိကြားမင်းသည် မြတ်စွာဘုရားရှိစဉ်က သောတာပန်ဖြစ်သည်။ ယခုအခါ နတ်မိဖုရားပေါင်းမြောက်မြားစွာတို့နှင့် လောကီစည်းစိမ်ကို စံစားလျက်ရှိသည်။

ထိုပြင် ရဟန်းဘဝနှင့် တရားအားထုတ်ရင်း အသက်ကုန်၍ နတ်ပြည်သို့ တရားအားထုတ်လျက် ရောက်သွားသော သမဏနတ်သားသည် တရားအားထုတ်နေစဉ်တွင် နတ်သမီးတွေကိုစက်ဆုပ်သဖြင့် မြတ်စွာဘုရားထံ ရောက်သွားရာ တရားနာရသဖြင့် နတ်သားရော နတ်သမီးတွေပါ သောတာပန်ဖြစ်ပြီး ယခုအခါ တရားအားထုတ်နေတုံးက နတ်သမီးတွေကို စက်ဆုပ်ရွံရှာဘွယ်ဟု ထင်နေသော သမဏနတ်သားသည် ထိုနတ်သမီးတွေနှင့်ပင် ပျော်ပျော်ကြီးစံစား၍ နေလေပြီ။

ထို့နောက် မဟာနာမ်မင်းသည် သကဒါဂါမ်အဖြစ်နှင့်ပင် ထီးနန်းစည်းစိမ်ကို မစွန့်လွှတ်ဘဲ တိုင်းပြည်အုပ်ချုပ် ရှင်ဘုရင်လုပ်၍ နေသေးသည်။ ရှင်ဘုရင်လုပ်ရင်း တိုင်းခန်းလှည့်လည်သောအခါ အနုသယကိလေသာတွေက ရှိသေးသဖြင့်၊ ကာမရာဂပဋိဃအစရှိသော ကိလေသာတွေက ထကြွသောင်းကျန်းလာသောကြောင့် မြတ်စွာဘုရားထံသွား၍ တပည့်တော်မှာ သကဒါဂါမ်ဖြစ်ပါလျက် ဤသို့သော ကိလေသာများ ထကြွသောင်းကျန်း၍ လာပါသည်ဘုရား။ ဤသို့သော ကိလေသာများ ထကြွသောင်းကျန်း၍နေစဉ် သေသွားမည်ဆိုလျှင် တပည့်တော်၏ လားရာဂတိသည် မည်သို့ဖြစ်ပါမည်နည်းဘုရားဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားက ဥပမာပြု၍ မိန့်တော်မူသည်မှာ အရှေ့ဘက်သို့ ကိုင်း၍ နေသော သစ်ပင်ကို ခုတ်လှဲလျှင် အရှေ့ဘက်သို့သာ လှဲရမည်ဖြစ်သကဲ့သို့သင်မဟာနာမ်မင်းသည်လည်း အင်္ဂါယာဉ်ဖြစ်သောကြောင့် ကောင်းရာသုဂတိဘုံသို့သာ လားရမည်ဆိုတာ စိတ်ချပါဟု မြွက်၏။

ထိုပြင် သူဌေးခြံနမင်းကြီးသည် အနာဂါမ်အဖြစ်နှင့်ပင် တိုင်းပြည် အုပ်ချုပ် မင်းလုပ်၍ နေသေးသည်။ နေရင်းနန်းတော်ပေါ်၌ပင် အရဟတ္တဖိုလ်ကိုရပြီး ပရိနိဗ္ဗာန်စံရသည်။ ၎င်းနောက် ဝိသာခဆိုတဲ့ သူဌေးကြီးသည် အနာဂါမ်အဖြစ်နှင့်ပင် သူဌေးဘဝကိုမစွန့်ဘဲ နေသေးသည်။ သူ၏မိန်းမ ဓမ္မဒိန္နာမှာ ရဟန္တာဖြစ်၍မြတ်စွာဘုရား၏ တေဒဂ်ရဓမ္မကထိက ဘိက္ခုနီမဖြစ်သည်။

ဓမ္မဒိန္နာရဟန္တာမသည် သူ၏ လင်ယောကျ်ား တော်ခဲ့ဘူးသော အနာဂါမ်သူဌေးကြီးနေသော သူ၏အိမ်ရှိသော လမ်းကို ဘယ်တော့မှ ဆွမ်းခံကြွတော်မမူဘူး။ သို့အတွက် ဝိသာခသူဌေးကြီးက ဓမ္မဒိန္နာရဟန္တာမထံ သွား၍ အခြားသို့ဆွမ်းခံကြွတော်မမူဘဲ သူ၏အိမ်သို့ နေ့စဉ်ကြွ၍ ဆွမ်းဘုန်းပေးတော်မူရန်နှင့် အိမ်သို့မကြွလာနိုင်သောအခါ ဆွမ်းကို အိမ်မှလာ၍ ပို့ပါရစေ၊ မိမိတို့၏ ပစ္စည်းဥစ္စာများမှာ သုံးမကုန် စွဲမခန်းရှိနေပါ၍ ဘာကိုမျှစိုးရိမ်စရာမရှိပါဟု လျှောက်ထားသတဲ့။

ထိုအခါ ဓမ္မဒိန္နာထေရီဘိက္ခုနီက ပြောပြသည်မှာ သင်က အနာဂါမ် ကျွန်ုပ်ကရဟန္တာဖြစ်၍နေပေမဲ့မသိတဲ့လူများက သင်နှင့်ကျွန်ုပ်ဟိုတုံးက လင်မယားဖြစ်ခဲ့ဘူးသောကြောင့် ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုကြလိမ့်မည်။ ထိုအခါ အတင်းပြောတတ်သော သူယုတ်မာတို့မှာ ကျွန်ုပ်တို့ကို အကြောင်းပြု၍ အပါယ်သို့လားမှာ စိုးရိမ်ရပါတယ်။ သို့အတွက် သင်ပို့သောဆွမ်းကို မဆိုထားနှင့်တော့ သင်နေသောလမ်းကိုတောင် ဆွမ်းခံမကြွလိုပါဟု ပြန်ပြောသတဲ့။

ဤအချက်ကိုထောက်သဖြင့် မြတ်စွာဘုရား ရှိစဉ်အခါက ရဟန္တာနှင့် အနာဂါမ်များကိုတောင်မှ ကြံကြံဖန်ဖန်ကဲ့ရဲ့ပြစ်တင်တတ်သူများ ရှိသေးလျှင် ယခုလို ဝိပ္ပတ္တိခေတ်ကြီး၌ ဝိပဿနာယောဂီများ ကမ္မဋ္ဌာန်းဆရာများ သောတာပန်များကိုမူကား ကဲ့ရဲ့ပြစ်တင်တတ်သော သူများ သာ၍ပေါများမည်ဆိုတာ ဗေဒင်မေးနေစရာတောင် မလိုတော့ပေ။

ယခုခေတ်တွင် ကျော်ကြားတော်မူသော လယ်တီဆရာတော်မင်း ကွန်းဇေတဝန်ဆရာတော် စွန်းလွန်းဆရာတော် ဝေဘူဆရာတော်တို့အပြင် နာမည်ကျော် ကမ္မဋ္ဌာန်းဆရာတော်များကိုတောင် ကဲ့ရဲ့ပြစ်တင်ကြသည်ကို ကျွန်ုပ်ကိုယ်တိုင် ကြားရဘူးပါသည်။

# ဘယ်လိုလူများက ကဲ့ရဲ့တတ်သနည်း

အရိယာအစရှိသော သူတော်ကောင်းများကို ကဲ့ရဲ့တတ်သောသူများမှာ မိမိကိုယ်တိုင်ကိုယ်တွေ့ဗဟုသုတမရှိဘူးသောသူများ ကျမ်းဂန်ကိုနှံ့စပ်အောင် မတတ်သောသူများ၊ စာတိုပေစ ဟစ္စန်းတစလောက်သာ တတ်၍ မိမိကိုယ်ကို မိမိပညာတတ်ကြီးဟု အထင်ခံလိုသောသူများ ထက္ကြသောင်းကျန်း၍ ကိုယ်တိုင်ကြံဖန်၍အားထုတ်ဘူးသော်လည်းဥာဏ်ကရိက်းမကျ၍ မဖြစ်နိုင်သောသူများ ကိုယ့်ထက်သာ မနာလိုသောသူများ၊ ဤလိုလူစားမျိုးကသာ ကဲ့ရဲ့တတ်ပါသည်။

ဤသို့ဝိပဿနာသမားနှင့်သောတာပန်များ၏အကြောင်းကိုကဲ့ရဲ့ပြစ်တင်တတ်သောသူများမှာ ပညတ်နှင့် ပရမတ်ကိုတောင်စာလိုသာ နဲနဲပါးပါးပြောနိုင်သော်လည်း ပဋိပတ်နည်းနှင့်ကွဲအောင်ခွဲ၍မပြနိုင်ပါ။ ထိုကြောင့် ကဲ့ရဲ့တတ်ကြခြင်းဖြစ်ပါသည်။

ပရိယတ်နှင့် ပဋိပတ်သဘောမှာ စာတွေ့နှင့် ငါတွေ့ ဖြစ်သောကြောင့် ပရိယတ်သမား၏ အယူအဆမှာ ပဋိပတ်သမား၏ ကိုယ်တွေ့ဗဟုသုတအယူအဆနှင့်အချို့နေရာ၌များစွာကွာခြားပါသည်။ ပဋိပတ်သမားချင်းတူတာတောင် အဆင့်အတန်းမြင့်တဲ့လူ၏ ဗဟုသုတကိုနိမ့်သောလူက ကောင်းစွာမသိနိုင်ပါ။

ထိုကြောင့် ဓမ္မဒိန္နာရဟန္တာထေရီရီဘိက္ခုနီက အရဟတ္တမဂ် အရဟတ္တဖိုလ်နှင့်ပတ်သက်သောစကားကိုပြောသောအခါအနာဂါမ်ဖြစ်သောဝိသာခသူဌေးကြီးက နားမလည်ပါ ပရိယတ်တွင်လည်းကျမ်းဂန်စုံအောင်တတ်သောပုဂ္ဂိုလ်နှင့် စုံအောင်မတတ်သော ပုဂ္ဂိုလ်တို့မှာ ကျမ်းဂန်ဗဟုသုတချင်း ကွာခြားပါသည်။ ကျမ်းဂန်မတတ်တတတ် ပုဂ္ဂိုလ်အချို့မှာ ကိုယ်တွေ့ဘူးတာ တခုကို အမှန်ဆုံးလုပ်၍ လေ့နုံမားသစ် ပြောတတ်ပါသည်။ ပုဂ္ဂလဓိဋ္ဌာန်ကို ဓမ္မဓိဋ္ဌာန်လုပ်၍ပြောလျှင် မှားခြင်းကြီးတရပ် ဖြစ်ပါသည်။

ဥပမာဆိုသော် ရဟန္တာကဲ့သို့ အနေအထိုင် လွန်စွာသိမ်မွေ့သော ပစ္စည်းဥစ္စာတို့ကို ရက်ရက်ရောရော လှူတတ်သော သည်းခံခြင်းနှင့်ပြည့်စုံသောသောတာပန်တယောက်၏အကြောင်းကိုသင်အံ့ပို့ချကြားနာရဘူး

တာနှင့် သောတာပန်မှန်သမျှ ဒီလိုရက်ရောစွာ လှူတတ်သောသဘောမျိုး ချည်းဘဲဖြစ်ရမည်ဟု ပုဂ္ဂလဓိဋ္ဌာန်ကို ဓမ္မာဓိဋ္ဌာန်ဖြင့်ယူထားလျှင် အလွန် တရာမှ မှားယွင်းမှုကြီးဖြစ်၍နေ၏။ အရိယာတိုင်း ရက်ရောစွာလှူသည် မဟုတ်။

ရှေးတုံးက ရဟန္တာ ထေရ်ရီတပါး၌ သင်္ကန်းငါးထည်ရှိ၍ရဟန်း တပါးက တထည်စွန့်ပါဟု အလှူခံသတဲ့။ ရဟန္တာထေရ်ရီက ပြန်ပြော သည်မှာသင်တို့ရဟန်းယောကျ်ားတွေမှာ လှူမဲ့လူပေါပါသည်။ကျွန်ုပ်တို့ ဘိက္ခုနီမများမှာတော့ လှူချင်သူတော့ နည်းပါသည်။ ကျွန်ုပ်မှာ သင်္ကန်း ငါးထည်သာရှိပါသည် မလှူနိုင်ပါဟု ပြန်ပြောသတဲ့။

ဤဝတ္ထုကိုထောက်ခြင်းအားဖြင့် သောတာပန်မှန်လျှင် အလှူခံ အလိုရှိသလောက်လှူသည်ဟု ယူဆခြင်းသည် မှန်ပါဦးမည်လော။ ဤအ ယူမျိုးမှာ ကျမ်းဂန်စုံအောင် မတတ်သောသူများ၏ အယူမျိုးဖြစ်သည်။ ကျမ်းဂန်စုံအောင် တတ်တယ်ဆိုတာ သင်ရိုးပေါက်အောင် သင်ဘူးရုံမျှ နှင့် တတ်သည်မမည်၊ ပိဋကတ်သုံးပုံနှင့်တကွ နိကာယ်ငါးရပ်ကိုပါ ကျေ အောင်တတ်၍ အဓိပ္ပါယ်အချက် နက်နက်နဲနဲတို့ကို ကွက်ကွက်ကွင်းကွင်း သိပြီး စာချပုဂ္ဂိုလ်လုပ်ဘူးသော ပုဂ္ဂိုလ်များမှ ကောင်းကောင်းကြီးတတ် သည်ဟု ဆိုရပါသည်။

ပဋိပတ်တွင်လည်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်မှကောင်းကောင်း ကြီးတတ်ရာရောက်ပါသည်။ အရိယာတိုင်းလည်း ပရိယတ်ကိုမတတ်ပါ၊ ပရိယတ်တတ်တိုင်းလည်း ပဋိပတ်ကို နားမလည်ပါ။ သို့အတွက် ပဋိပတ်ကို ကိုယ်တိုင်အားထုတ်၍ ကိုယ်တိုင်သိပြီး ကိုယ်တိုင် မရောက်ဘူးသေးသည့် အဆင့်အတန်း၌ရှိသောအရိယာအစရှိသော သူတော်ကောင်းများ၏အပြု အမူအနေအထိုင်ကိုကြည့်ပြီး ကဲ့ရဲ့ပြစ်တင်တတ်သော အသေ့အထတို့ကို မည်သူမဆို သတိကြီးစွာနှင့် ရှောင်ကြဉ်အပ်လှပေသတည်း၊

## ပုဂ္ဂိုလ်ခွဲနှင့်ပတ်သက်၍ သတိပြုရန်အချက်

ရင်းပြင် သတိပြုရန်အချက်မှာ လောကတွင် မိစ္ဆာဒိဋ္ဌိလူမျိုးထဲမှာ ပင် အရိယာလောက် အနေအထိုင်ကောင်းသောသူများ ရှိတတ်ပါသည်။

ရင်းတို့မှာ ငါးပါးသီလကို ခံယူဆောက်တည်ခြင်းမရှိသော်လည်း ငါးပါးစလုံးကို မကြူးလွန်ဘဲ ရှောင်ကြဉ်ရုံမျှမက ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်း၊ သည်းခံခြင်း သဘောကောင်းခြင်း ကိုယ်ချင်းစာတရား ရှိခြင်းစသည်နှင့်လည်း ပြည့်စုံကြပါသည်။

ဤသို့သောသူများကို အရိယာနှင့် သွင်ပြင်မူရာတူသောကြောင့် အရိယာဟုဆိုလျှင်မှားမည်ဖြစ်ပါသည်။ထို့နောက် ကုက္ကုဋမိတ္တမုဆိုးသည် အမဲသားတွေကို လှည်းနှင့်တင်၍ အကျီမပါဘဲချွေးရွှဲရွှဲသွေးရဲရဲနှင့်လှည်းမောင်းရင်း ဈေးသို့သွားတာကို ဘုံခုနစ်ဆင့်ပေါ်မှာနေသော သူဌေးသမီးသောတာပန်အပျိုကြီးက မြင်ရုံမျှနှင့် ကိလေသာမှာ မျက်စိမရှိဟူသော စကားပုံအရ မုဆိုးကြီးကို မေတ္တာသက်ဝင် ချစ်ခင်စုံမက်ပြီး ကြိုက်မရှက်ငိုက်မရှက် ငတ်မရှက်ဟူသော စကားပုံအရ မုဆိုးကြီးဈေးကအပြန်တွင် ဘုံပေါ်ကဆင်းပြီး မုဆိုးကြီးနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားသတဲ့။ မုဆိုးကြီးက မလိုက်ရန် အကြိမ်ကြိမ်တားတာတောင်မရဘူးတဲ့၊တားမရတာနဲ့ လှည်းပေါ်၌တင်ခေါ်သွားပြီး လင်မယားအဖြစ်နှင့်နေထိုင်လျက် သူဌေးသမီးသောတာပန်က မုဆိုးကြီးအတွက်လေးမြှားအစရှိသော လက်နက် ကိရိယာတို့ကို အဆင်သင့်ပြုပြင်စီမံ၍ပေးသတဲ့။

အဲဒီသူဌေးသမီးသောတာပန်၏ ပြုမူပုံကို မြင်ရကြားရလျှင် သောတာပန်ပါလို့ပြော၍ ဘယ်သူက ယုံကြည်နိုင်ပါမည်လဲ၊ ဒီသောတာပန်က ဒီလိုပြုကျင့်သောကြောင့် အခြားသောတာပန်များလည်း ဤအတူပြုလုပ်ကြမှာဘဲဟု ယူဆနိုင်ပါမည်လော။သို့အတွက်ကြောင့် တစုံတယောက်သောသူ၏ ပြုမူကျင့်ကြံမှုသည် ရင်းသူနှင့်သာဆိုင်၍ ပုဂ္ဂလဓိဋ္ဌာန်အနေဖြင့်သာ ယူဆထိုက်သည်။ တစုံတယောက်၏ ပြုမူချက်ကိုကြည့်ပြီး လူတိုင်းဒီလိုချည်းဘဲဟု ဓမ္မဓိဋ္ဌာန်အနေမျိုးကို မယူဆသင့်ပါ။

ထို့ကြောင့်ရှေးတုံးကသတ္တုသက်သေ တခုခုကိုတင်ပြ၍သူတပါးကို ကဲ့ရဲ့လိုသော သူများမှာ မိမိပြမည့် သာဓကမှာ ပုဂ္ဂလ ဓိဋ္ဌာန်လား ဓမ္မဓိဋ္ဌာန်လားဆိုတာ ရှေးဦးစွာ စူးစမ်းဆင်ခြင်ပါ။ ပုဂ္ဂလဓိဋ္ဌာန်မှာတစုံတယောက်၏အတွက်ဖြစ်သည်။ ဓမ္မဓိဋ္ဌာန်မှာ အဘိဓမ္မာ ဒေသနာတော်အတိုင်း တိကျစွာယူတတ်မှုဖြစ်သည်။

## အရိယာ၏အမူအရာကို ပုထုဇဉ်သိနိုင်သလား

အရိယာ၏ ကိုယ်စိတ် နှုတ်တို့၏ အလေ့အကျင့် အမူအရာ စိတ်နေသဘောထားကို အဘိဓမ္မာကို ကောင်းစွာတတ်၍ အဘိဓမ္မာသဘောကို ကောင်းစွာယုံကြည်ပြီး အဘိဓမ္မာသဘောအတိုင်း တိကျစွာ ညှိနိုင်း၍ ယူဆတတ်သော ပုထုဇဉ်ပညာတတ်များမှာ နီးကပ်စွာရိပ်မိနိုင်ပါသည်။

အဘိဓမ္မာသဘောကို ကောင်းစွာမပြနိုင်ဘဲ သုတ္တန်ဒေသနာတွင် ပါရှိသော ပုဂ္ဂလာဓိဋ္ဌာန်ဖြစ်သည့် ဝတ္ထုသက်သေတို့ကို စံနမူနာတင်ပြီး ယူဆတတ်သောသူများမှာ အဘိဓမ္မာသဘော ဓမ္မာဓိဋ္ဌာန် မကျနလျှင် အယူအဆမှားယွင်းတတ်ပါသည်။ အဘိဓမ္မာသဘောမှာ ပုဂ္ဂလာဓိဋ္ဌာန်ဘက်၊ ဓမ္မာဓိဋ္ဌာန်သက်သက်ဖြစ်၍ မည်သည့်ဘက်ကိုမှ မလိုက်ဘဲ ပရမတ္ထမသဘာဝသက်သက်ကျအောင် ဟောတော်မူထားသော တရားသဘောများသာဖြစ်ပါသည်။

သို့အတွက် အရိယာများမှာ မိမိ၏စိတ်နေသဘောထားကို မိမိသာလျှင် ပို၍သိပါသည်။ ဒါတောင်မှ မဟာနာမ်မင်းသည်သူ့ကိုယ်သူသကဒါဂါမိမှန်း သိပါလျက်နှင့် ကိလေသာစိတ်တွေက ထကြွ သောင်းကျန်းလာသောအခါ အဘိဓမ္မာသဘောကို မသိနိုင်သဖြင့် သံသယ ဖြစ်ပြီးလျှင် မြတ်စွာဘုရားထံသို့သွား၍ လျှောက်ထားမေးမြန်းရသေးသည်။

ငင်းပြင် ရဟန္တာမထေရ်မြတ်ကြီးနှင့် သောတာပန် ရဟန်းငယ် အတူတကွ ဆွမ်းခံကြွစဉ် ယာဂုဆွမ်းပူပူကိုရသောအခါ ရဟန္တာကြီးက စေတနာပြင်းပြစွာ တုနေသောကြောင့် လေနာ ပျောက်ချင်ဇောနှင့် ချက်ခြင်းပင် သပိတ်ကိုစောင်းလျက် ယာဂု ပူပူကြီးကို သောက်တော်မူသောအခါ မထေရ်ကြီးကို ရဟန္တာမှန်း မသိသောကြောင့် သောတာပန် ရဟန်းငယ်က သမဏသာရုပ္ပဖြစ်အောင် သင့်လျော် လျောက်ပတ်သော နေရာကို ရောက်အောင်မစောင့်နိုင်ဘဲ ချက်ခြင်းသပိတ်ကို စောင်း၍ သောက်ရပါမည်လားဟု အပြစ်တင်လေ၏။

ဤနေရာ၌ သောတာပန်ကတောင်မှ ရဟန္တာကို ရဟန္တာမှန်းမသိ၍ အပြစ်တင်သည်ကိုလျှောက်လျှင် ပုထုဇဉ်များမှာ ပြုမူပုံ အမူအရာကို မြင်ရုံမျှနှင့် အရိယာမဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာ မှန်ကန်စွာ ဆုံးဖြတ်

ရန်မှာ လွန်စွာမှဖြစ်ခဲဘိတောင်း။ ထိုနောက် ပိလိန္ဒဝစ္ဆရဟန္တာအရှင်မြတ်သည် ပိတ်ချင်းသီးတွေကိုရောင်းရန် လှည်းဖြင့်တင်ဆောင်လာသောသူတို့ ဝါသနာအလျောက် ဟေ့ဝသလ ဘာတွေတင်လာသလဲဟုမေး၏။ လှည်းသမားက ရဟန္တာမှန်းမသိ ရဟန်းယုတ်ကြီးဟု ထင်ပြီးလျှင် စိတ်ဆိုးဆိုးနှင့် ကြွက်ချေးတွေကို တင်ပါသည်ဟု ခတ်ဆတ်ဆတ် ပြန်ပြောလေ၏။ (ဝသလ၏အဓိပ္ပါယ်မှာ လူယုတ်လူမိုက်ဖြစ်၏၊) လူယုတ် လူမိုက် ဆိုတာသည်လည်း ဆဲခြင်းအမျိုးဖြစ်၏။သို့အတွက် လှည်းသမားက စိတ်ဆိုးခြင်းဖြစ်သည်။ ရဟန်းကိုစိတ်ဆိုး၍ ပြောမိသောကြောင့် ရောင်းရာဌာနသို့ရောက်သောအခါ ပိတ်ချင်းသီးတွေသည် ကြွက်ချေးတွေဖြစ်၍ နေကုန်လေသည်။

ထိုအခါ သတိရ၍ ရဟန်းထံပြန်လာပြီး ရှိခိုး တောင်းပန်လျက် ကြွက်ချေးမဟုတ်ပါ ပိတ်ချင်းသီးတွေပါဘုရားဟု လျှောက်ထားတော့မှ ရဟန္တာက အေးအေး ပိတ်ချင်းဆိုလဲ ပိတ်ချင်းသီးပေါ့ဟု ပြောမှ ပိတ်ချင်းသီးတွေ ပြန်၍ဖြစ်သတဲ့။

ဤဥပမာကိုထောက်လျှင်လဲ အရိယာမဟုတ်ဘူးဟူ၍ အတတ်ဆိုနိုင်ပါမည်လော။ သို့အတွက် အရိယာ၏ စိတ်နေသဘောထားကို သူ့ကိုသာသူ အမှန်အတိုင်းသိနိုင်သည်၊ ပုထုဇဉ်များက သိဘို့ရာမှာ လွန်စွာမှခဲယဉ်းလှ၏၊ အရိယာအချင်းချင်းဘောင်မှ တဦးနှင့်တဦး ဝါသနာချင်း တူမျှခြင်းမရှိ။ အရိယာဆိုတာ ဝါသနာကိုမခွန့်နိုင်၊ အချို့အရိယာမှာ အလှူအတန်းကို ဝါသနာပါသည်။ အချို့မှာ သပ္ပာယ်ဘာဝနာခြင်း ဝါသနာပါသည်။ အချို့မှာ ကျောင်းဘုရားသွားခြင်း၌ ဝါသနာပါသည်။ အချို့မှာ တရားဟောခြင်း၌ ဝါသနာပါသည်၊ အချို့မှာ တရားဆွေးနွေးခြင်း၌ ဝါသနာပါသည်။ အချို့မှာ အယောက်တည်း အေးအေးဆေးဆေးနေခြင်း၌ ဝါသနာပါသည်။ ဤသို့စသည်ဖြင့် တယောက်တမျိုး ဝါသနာပါ၍ နေတတ်ကြသည်၊

## သောတာပန်၏ မမွသဘာဝ

သောတာပန်မှာ အနုသယခုနစ်ပါးရှိသည့်အနက် ဒိဋ္ဌာနုသယနှင့် ဝိစိကိစ္ဆာနုသယနှစ်ပါးသာ ပယ်ရသေးသည်၊ ကာမရာဂါနုသယရှိသေး

သောကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုလည်း ဝါသနာအလျောက် ခံစားစံစားသေးသည်။ သညာဝိပ္ပလ္လာသရှိသေး၍ လောကီစည်းစိမ်ကို ကောင်းသည်ဟုပင် ထင်သေးသည်။ စိတ္တဝိပ္ပလ္လာသရှိသေး၍ ကောင်းသည်ဟုပင်သိသေးသည်။ ပဋိဃာနုသယရှိသေး၍ဒေါသထွက်စရာရှိလျှင်လည်း ဒေါသထွက်တတ်သေးသည်။ မာနာနုသယရှိသေး၍ မာနလည်း ထားတတ်သေးသည်။

သို့ရာတွင် သောတာပန်များမှာ ရုပ်နာမ် အနိစ္စ - ဒုက္ခ - အနတ္တ လက္ခဏာရေးသုံးပါးတို့ကိုသိပြီး မြင်ပြီး နားလည်ပြီးသားဖြစ်၍နေသောကြောင့် ရှေ့စိတ်က လောဘ—ဒေါသ အစရှိသော ကိလေသာစိတ်များ ဖြစ်ပေါ်လာလျှင် နောက်စိတ်ကလိုက်၍ ထိန်းထားနိုင်သောသတ္တိရှိသည်။ ပုပ္ပုရုရွမြင်သမျှတို့တွင် သူတော်းစားကအစ ရှင်ဘုရင်အထိ ကြီးစဉ် ငယ်လိုက် ဂုဏ်အဆင့်ဆင့်ရှိကြသော်လည်း သောတာပန်၏ ဉာဏ်အမြင်၌ တဦးနှင့်တဦး ဘာမျှမထူးခြား ရုပ်နာမ်နှစ်ပါး လက္ခဏာရေး သုံးပါး သဘောတရားချင်း အတူတူဘဲဆိုတာ သိပြီးသားဖြစ်နေ၍ လောကဝေါဟာရအားဖြင့် ဂုဏ်ကြီးသူကိုလည်း အထူးအဖြင့် အထင်မကြီး ဂုဏ်ငယ်သူကိုလည်း အထင်မသေးဘဲ သူလဲ ငါ့လိုဘဲ ငါလဲ သူ့လိုဘဲ ရုပ်နှင့်နာမ် ချည်းဘဲ ဘာထူးသေးသလဲဟု အယူရှိတတ်သည်။

ပုထုဇဉ်များမှာ ဤအထင်မျိုး အလိုလိုပေါ်ပေါက်၍ မလာနိုင်ချေ။ ဤအကြောင်းကို မသိသေးသောသူများကမူ သောတာပန်ဆိုတာ လောဘ ဒေါသ မရှိရဘူး လောကီစည်းစိမ်ကို မတပ်မက် မနှစ်သက်ရဘူး အဝတ်အစား အနေအထိုင် စသည်တို့တွင်လည်း ထယ်ထယ်ဝါဝါမရှိရဘူး အလှူခံလာလျှင် မဘွဲ့မတို အလှူခံအလိုရှိသမျှ ကုန်ကုန်ခန်းခန်း လှူဒါန်းတတ်သည်။ ပူပင်သောက ကြောင့်ကြခြင်း မရှိရ၊ လောကကြီးကို ဒုက္ခအနေဖြင့် ထင်လျက် ပျင်းမုငြီးငွေ့၍သာ နေရမည်ဟု အထင်ရှိ၍ နေတတ်ကြသည်။ ထင်သည့်အတိုင်းလည်း ထုတ်ဖော်ပြောဆိုတတ်ကြသည်။ ဘာပြုလို့ ဒီလိုထင်တတ်ပါသလဲဆိုတော့ကာ ဒီလိုထင်တတ်တဲ့ လူများသည် ပဋိပတ် ဗဟုသုတမပြည့်ဝကြသောပုထုဇဉ်များသာ ဖြစ်ကြသောကြောင့်ဖြစ်၏။

လောကကြီးကို ဒုက္ခထင်၍ ငြီးငွေ့လျက်နေသည်ဆိုတာ ဝိပဿနာ အားထုတ်ရာတွင် နိဗ္ဗိန္ဒဉာဏ်ဝင်နေစဉ်အခါတွင်သာ ဤသို့ထင်၍နေခြင်း ဖြစ်သည်။ ဝိပဿနာတရားကို အားမထုတ်ဘဲ ချထားတာကြာလျှင် နိဗ္ဗိန္ဒ ဉာဏ်တွေလဲ လျော့နဲပျောက်ပျက်၍ ကုန်ကြတာဘဲ။ ဤအကြောင်းကို နိဗ္ဗိန္ဒဉာဏ်သို့ ကောင်းကောင်းကြီး ကြာကြာကြီး ရောက်နေဘူးတဲ့ ဝိပဿနာယောဂီများမှသာ သာ၍သိသည်။ နိဗ္ဗိန္ဒဆိုတာ ဝိပဿနာဉာဏ် မလျော့ကျသေးတဲ့ ပုဂ္ဂိုလ်မှာသာရှိသည်။ အရိယာများမှာ နိဗ္ဗိန္ဒဉာဏ် အမြဲရှိနေတာမဟုတ်၊ ဝိပဿနာနှင့်ကွာနေလျှင် နိဗ္ဗိန္ဒလဲ ကွာနေတာဘဲ၊ အဲဒါကို ပဋိပတ်သမားများမှ တိတိကျကျ သိရသည်ဖြစ်သောကြောင့် ကိုယ်တိုင်မရောက်ဘူးသေးသော ကိုယ့်ထက်မြင့်သည့် အဆင့်အတန်းက ဝိပဿနာယောဂီနှင့် အရိယာပုဂ္ဂိုလ်တွေ၏ သဘောတရားကို ခန့်မှန်းခြေ နှင့် အပြစ်တင်၍ မပြောသင့်ကြပေ။

ကျမ်းဂန်စကားကို တစိတ်တဒေသတတ်ရုံနှင့် လူတတ်ကြီးလုပ်ပြီး ပဋိပတ်သမားများကို အပြစ်ပြောလျှင် မျက်စိမမြင်တဲ့လူက မျက်စိမြင်တဲ့ လူကို အကန်းဟုဆိုသလို ကျနေတတ်သည်။ သတိပြုပါ ယခုခေတ်တွင် လည်း ကျမ်းဂန်ကို တစိတ်တဒေသလောက်သာတတ်သော ပုဂ္ဂိုလ်တွေက အလွန်များပါသည်။ပိဋကတ်သုံးပုံနှင့်တကွ နိကာယ်ငါးရပ်ကိုပါ ကျေပြွန် စွာတတ်သော ဆရာတော်များမှာ အလွန်နည်းပါးသည်ဟု ထင်ပါသည်။

## ကမ္မဋ္ဌာန်းဆရာလုပ်လိုလျှင် သတိပြုရန်

အတ္တာနမေဝပဌမံ၊ ပဋိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။

အတ္တာနံ၊ မိမိကိုယ်တိုင်။ ပဌမံဝေ၊ လက်မှန် အစကနဦးကပင်လျှင်။ ပဋိရူပေ၊ အကျင့်သိက္ခာ ပညာစုံစိ ပညာရှိဖြစ်အောင်။ နိဝေသယေ၊ လူလူ ကြိုးကုတ် လွန်အားထုတ်၍ မယုတ်စေရာ၊ မြုပ်ထားပေရာ၏။ အထ၊ ထိုသို့မြုပ်ထားပြီးရာ နောင်ခါကျမှ။ အညံ၊ မိမိမှတပါး အခြားသူကို။ အနုသာသေယျ၊ အစဉ်မပြား လွန်သနား၍ စိတ်ထားကြည်သာ ဆုံးမ

ရာ၏။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသည်။ အညံ၊ ပညာရှား ပါး၊ သူဘပါး ကို။ နကိုသိသေယျ၊ ကိုယ်ကြောင့်ညစ်နွမ်း အမြင်ရမ်းဖြင့် မပင်ပမ်းစေရာ။

ဤပါဠိအရ မိမိပြုမည့်နည်းကို ကျေပြွန်ပိုင်နိုင်စွာ အားထုတ်ထား ပါ။ မိမိသိမြင်ရသမျှကို ကျမ်းဂန်ရှိသမျှနှင့် တိုက်ကြည့်ပါ။ ကျမ်းဂန်နှင့် ကိုက်ညီနေမှ မှန်သည်ဆိုတာ သတိပြုပါ။

ဤကျမ်းနှင့်တော့ ကိုက်ပါ၏။ ဟိုကျမ်းနှင့်တော့ နဲနဲကွာတယ်ဆို လျှင် မမှန်သေးဟုမှတ်ပါ။

ဝိပဿနာနှင့်ဆိုင်ရာ အချက်အလက်တို့ကိုလည်း စုံအောင်ရှာဖွေ မှတ်သားထားပါ။

ဝိပဿနာဆရာဖြစ်သင်တန်းမှာ ရှိပါသည်။ ဆရာချင်း တွေ့လျှင် လည်း မိမိကိုယ် ကို နှိမ့်ချ၍ သူ့ဆီကနည်းရအောင်ယူပါ။

ကိုယ့်နည်းကိုလည်း သူနားလည်အောင် တိုက်ရိုက်ဖြစ်စေ သွယ် ဝိုက်သောနည်းဖြင့်ဖြစ်စေ ပြောပြပါ။

မိမိနှင့် ဝါဒချင်းမတူသော်လည်း ခန္ဓာအာယတနဓာတ်တို့၏ ဖြစ် ပျက်တာကို မြင်အောင်ပြလျှင် သူ့နည်းကမှားသည်ဟု မပြောပါနှင့်။

တပည့်များတို့၏ တွေ့မြင်ချက်တို့ကို မိမိက မတွေ့ဘူးသေးလျှင် ကိုယ်တိုင် တွေ့အောင်အားထုတ်၍ထားပါ။

သို့မဟုတ်လျှင် တပည့်ကအမြင်နက်၍ ဆရာက အမြင်တိမ်နေလျှင် အဆင်မပြေဖြစ်တတ်သည်။ ဝိပဿနာ အချက်တို့ကိုလည်း ကျမ်းဂန်နှင့် တိုက်ပြီးမှ ဆုံးဖြတ်ပါ။

စိတ်ထင်ရုံနှင့် အဟုတ်လုပ်၍ မပြောပါနှင့် တသီကြီး မှားသွား တတ်သည်။

တပည့်များကို မျက်နှာကြီးငယ်မလိုက်ဘဲ၊ ခရီးရောက်အောင်လက် ထပ်ပြပေးပါ။

ကျမ်းဂန်တွင်ပါရှိလျှင် တကယ်လုပ်က အဟုတ်ဖြစ်နိုင်ကြောင်း ယုံကြည်ပါ။

ဝိပဿနာနည်းမျိုးစုံကိုလည်း တတ်အောင်အားထုတ်နိုင်လျှင်သာ ၍ကောင်းပါသည်။ နည်းမျိုးစုံအောင် တတ်ရန်မှာလည်း မခဲယဉ်းပါ။

ပထမတနည်းသာ ခက်ဘာပါ။ ရှေး၌းစွာ တနည်းကိုပေါက် အောင်အားထုတ်၍ ဖလသမာပတ်ကို ဝင်စားနိုင်လျှင် ကျန်သောနည်း အားလုံးကို ကျွန်ုပ်ထံလာက (၇) ရက်အတွင်းတွင် တတ်အောင်သင်ပေး ပါမည်။

## တပည့်ယောဂီများ သတိပြုဘွယ်

တရားအားထုတ်လိုသောလူများသည် ယထာဘူတံ ဉာဏာယ သတ္တာပရိယေသိတဗ္ဗောဟူသော ပါဠိအရ ဆရာကောင်းကိုရှာရမည်။

တွေ့သောအခါ ကမ္မဋ္ဌာန်းဆိုဘာ အပါယ်တံခါးကို ပိတ်စေ၍ နိဗ္ဗာန်တံခါးကို ဖွင့်ပေးသောကြောင့် အနန္တကျေးဇူးရှင်ဖြစ်သဖြင့် ဆရာ အား မြတ်စွာဘုရားကဲ့သို့ ရိုသေကြည်ညိုသော စိတ်ဓာတ်ကြီးစွာ ထားရ မည်။

ရှက်ရွံ့ကြောက်လန့်ခြင်း မဖြစ်စေရ ရိုသေလေးမြတ်ဘို့ရာသာ အရေးကြီးသည်။

မိဘနှင့်သားသမီးကဲ့သို့ မေးစရာရှိလျှင်လည်း မေးရမည်။

မိမိသိရတာကိုလည်း အမှန်အတိုင်း ပြောပြရမည်။

သို့မှ တရားထူးကို ရလွယ်သည်။ ရှေးတုံးက ဘုရားအလောင်း ရွှေ ဥဒေါင်းမင်းကို ညွှတ်ကွင်းနှင့်မိ၍အောင်ဖမ်းသော မုဆိုးကြီးသည် ရွှေဥ ဒေါင်းမင်း၏ တရားကို ကြားနာရ၍ ပစ္စေကဗုဒ္ဓါ ဖြစ်ပြီးသောအခါ တိရစ္ဆာန်ဖြစ်သော ရွှေဥဒေါင်းကို ကျေးဇူးရှင်ဆရာ ဖြစ်သည့်အတွက် အရှက်ကိုမငဲ့ဘဲ ရိုသေလေးမြတ်စွာ ရှိခိုးကန်တော့ပြီးမှ ဈာန်ကြွ၍သွား တော်မူသည်။

ငင်းပြင် သာမာဝတီမိဖုရားကြီးသည် ကျွန်မဖြစ်သူ ခုဇ္ဇုတ္တရာကို ရှိခိုးလျက် ပလ္လင်ပေါ်တင်ပြီး တရားနာရသောကြောင့် သောတာပန်ဖြစ် ရရှာသည်။ ထိုနောက် ပေါဋ္ဌိလမထေရ်ကြီးသည် ၇ နှစ်သားအရွယ် သာမ

ကောငယ်ထံ ရှိသေစွာရှိခိုး၍ သာမဏေအခိုင်းသမျှ ကိုလုပ်ပြီး တရားတောင်း၍ အားထုတ်တော့မှ ရဟန္တာဖြစ်သွားရသည်။

ဤမှတပါး တိပိဋကဖြစ်တော်မူသော ဆရာအရှင် ဓမ္မရက္ခိတ မထေရ်မြတ်ကြီးသည် သူ့ထံစာသင်နေသောတပည့်ဖြစ်သူအဘယမထေရ်ထံ ရှိခိုးတောင်းပန်၍ တရားကိုတောင်းယူပြီးမှ အားထုတ်၍ ရဟန္တာဖြစ်သွားတော်မူရသည်။

ဤသည်တို့ကိုထောက်လျက် ကမ္မဋ္ဌာန်းဆရာဆိုတာ အထူးကြည်ညိုမြတ်နိုး ရှိသေထိုက်ကြောင်း သတိချပ်ရမည်။အခြားသောဆရာများကိုတောင်မှ သင်ဆရာ မြင်ဆရာ ကြားဆရာတို့ကို ကျေးဇူး မမေ့အပ်ကြောင်း ရှေးပညာရှိများ ဟောပြောဆုံးမလေ့ရှိသည်။

ယခုခေတ်တွင်လည်း ဝိပဿနာ ယောဂီများမှာ ဆရာကို ရှိသေလေးစားကြတာကို တွေ့ရပါသည်။ရင်းပြင်တရားအားထုတ်သော ဝိပဿနာယောဂီများသည် သူတော်ကောင်းပီသစွာ အရိယာသူတော်ကောင်းတို့ ကျင့်သုံးအပ်သော ဒါန သီလ ဘာဝနာ ကို မကွာနေ့ည ကြိုးစားကြပါကုန်။ ဒါနသည်သံသရာလည်ရတတ်သည်ဟု မထင်သင့်။ငါမပြုတ်လျှင်ဘာကိုဘဲလုပ်လုပ် မလုပ်လုပ် သံသရာလည်ရမှာဘဲ။ သို့အတွက်ကြောင့် ဒါန သီလ၊ သံသရာလည်တာဘယ်မရှိ၊ ကုသိုလ်ပြုရာ ငါကပါ၊ ငါသာလည် လေ၏ဟူ၍ စပ်ဆိုခြင်းဖြစ်သည်။

## မသာများတဲ့ရှာနည်း

နဝရတ်မျိုးမှန်၊ အဖိုးတန်ကို၊ တိရစ္ဆာန်အမိုက်၊ မနှစ်ခြိုက်သို့၊ လူမိုက်နိဗ္ဗာန်၊ မထိုက်မှန်၏၊ ရှစ်တန်မေဘား မှောင်ကြီးကျ၍၊ အနိစ္စကိုပင် နိစ္စထင်၏၊ နေ့စဉ်ရှာဖွေ၊ ရပါချေလည်း၊ ရလေသမျှ၊ ပျက်စီးရ၏၊ အနိစ္စထောင်ဝယ်၊ ယောင်လည်လည်နှင့်၊ မောင်မယ်ရုပ်နာမ်၊ စည်းစိမ်ခံသည်၊ ဖောက်ပြန်ဖြိုဘွဲ၊ ငိုမစဲဘူး၊ အိုမှဲ့အိုကာ၊ နာမြဲနာပေါ့၊

တဏှာသမား၊ အရှာမှားသည်၊ ဩော်-မသာချားတဲ့ ရှာနည်းပါတကား။

## ဘုရားဟောမဲ့လူတွေ

ထေရ်ဘုန်းဆရာ၊ ပြည်လုံးသာအောင်၊ မေတ္တာမယုတ်၊ လုစ်ခါထုတ်အံ့၊ လောကုတ်တရား၊ ဟောထုတ်ကြားသည်၊ ဘုရားခေါ်ဆို၊ ဝိဇ္ဇာမိုရ်ကြ ဗဟိုလမ်းစဉ်၊ မာရာဂင်ဟု၊ မဂ္ဂင်ရှစ်ဖြာ၊ ခေါ်တတ်လုံးမှာကား၊ ဣစ္ဆာသယ၊ လိုတိုင်းရ၍၊ ဘဝစကြာ၊ သံသရာမှ၊ ထွက်ရာပေါက်လမ်း၊ ဖြောင့်ဖြောင့်တန်းဟု၊ ယုံစမ်းပါကွယ်၊ တပည့်ငယ်တို့၊ သို့နှယ်ဖြောင့်တန်း၊ ထွက်ရာလမ်းကို အကန်းသဖွယ် မင်းတို့ပယ်လျှင်၊ ယုန်ငယ်ကလေး မြေမှာပြေးလည်း၊ လွတ်ရေးမမြင်၊ မြေမှာတင်သို့၊ မဂ္ဂင်လမ်းနဲ့၊ မင်းမတွေ့၍၊ ကွင်းမဲ့ရှာဖွေ၊ ကမ္ဘာကြေလည်း၊ ရှာဖွေမစဲ၊ ကြာလေလဲ၏၊ အိုပွဲကိုရှာ၊ နာပွဲရှာနှင့်၊ မသာရှာနည်း၊ နိဿယည်းဝယ်၊ ထိပ်သီးပဋ္ဌမ၊ တစ်စွဲကြ၏၊ သတ္တာဒိဋ္ဌိအစစ်ရှိလျက်၊ မည်သည့်ဝိဇ္ဇာ ဆိုစေကာမူ ထွက်ရာပေါက်ရေး၊ ဝေးလှသေး၏။ ကံပေးလိုရ ဂေါတမ၏ ဟောပြောဘုရား၊ မပယ်ရှားနှင့်၊ တရားမနှော၊ အမှားပေါလည်း၊ ဩော်ဘုရားဟောမဲ့လူတွေပါတကား။

## သေမင်းတမန်

သေမင်းတမန်၊ အတန်တန်လျှင်၊ နင့်ထံမှောက်မှာ၊ ရောက်၍လာပြီ ရောက်ပါသော်လည်း၊ အမှောင်ကြီး၍၊ ယောင်တီးယောင်တောင်၊ အူကြောင်ကြောင်နှင့်၊ ခုတောင်တရား၊ မလုပ်အားဘူး၊ နင်ကားမကြာ၊ သေနိုင်တာပေါ့၊ ချိန်ခါတွက်၍၊ ရက်မရွေ့နှင့်၊ ယနေ့ပင်လျှင်၊ ရိပ်သာဝင်၍ ဆင်ခြင်မှတ်ခါ၊ အားထုတ်ပါဟု၊ ရိပ်သာဝင်၍၊ ဆင်ခြင်မှတ်ခါ၊ အားထုတ်ပါဟု အာဏာထန်ပြင်း အမိန့်ချင်းသည်၊ ဩော်သေမင်းတမန်ငါ့ကိုပြောနေပြီ။

## နတ်မင်းတမန်

နတ်မင်းတမန် တည်ညံ့လျှင်၊ အမှန်လောကာ၊ ပြောနေရှာပြီ၊ ပြောပါသော်သည်း အမှောင်ကြီးလျက်၊ ယောင်တီးယောင်တောင် အူကြောင်ကြောင်နှင့်၊ ခုတောင်တရား မလုပ်အားဘူး၊ နင်ကားမကြာ၊ သေတော့မှာပေါ့၊ ချိန်ခါတွက်၍၊ ရက်မရွှေ့နှင့် ယနေ့ပင်လျှင် ရိပ်သာဝင်လျက်၊ ဆင်ခြင်မှတ်ခါ၊ အားထုတ်ပါဟု၊ မကြာအားခြင်း၊ စကားသွင်းသည့်၊ သြော်နတ်မင်းတမန်၊ ငါ့ကိုပြောနေပြီ။

## ပျောက်ကြားဥပုသ်သည်

ဝိသုဒ်တမန်၊ အဖန်ဖန်လျှင်၊ လျင်မြန်လှစွာ၊ ဟောနေရှာပြီ၊ ဟောပါသော်လည်း အမှောင်ကြီး၍၊ ယောင်တီးယောင်တောင်၊ အူကြောင်ကြောင်နှင့်၊ ခုတောင်တရား၊ မလုပ်အားဘူး၊ နင်ကားမကြာ သေတော့မှာပေါ့၊ ချိန်ခါထွက်၍၊ ရက်မရွှေ့နှင့် ယနေ့ပင်လျှင်၊ ရိပ်သာဝင်၍၊ ဆင်ခြင်မှတ်ခါ အားထုတ်ပါဟု၊ မှန်စွာအဟုတ်၊ မိန့်ခွန်းထုတ်သည်၊သြော်ဝိသုဒ်တမန်၊ ငါ့ကိုဟောနေပြီ၊ ဥပုသ်နေ့မှာ၊ ဖော်သဟာတို့၊ ခေါ်ရာကျောင်းဝင်း၊ ဗိုက်တင်းအောင်စား၊ တဟားဟားနှင့် တရားမနွှာ၊ စကားပြောလျက် အိပ်မောကျကာ၊ နိုး၍လာလျှင်၊ ထိုင်ကာမှိုင်ပြီး၊ စိတ်ပုတီးကို၊ နင်ပြီးနင်ဆင်းတလုံးချင်းဖြင့်၊ စိတ်ရင်းစဉ်းစား၊ ကျင့်ပြောက်ကြားနှင့် တရားဘလာ မကြားနာဘဲ၊ ပြာပြာသလဲ၊ ပုဟီးဆွဲ၍၊ မိုးဃ်းလဲချုပ်တယ်၊ ပြန်တော့မယ်ဟု ကြံရွယ်ပိုင်းဖြတ်၊ သတိပြတ်လျက်၊ အမှတ်မထား ပြန်ကာသွားသည်၊ သြော်မှောက်မှားတဲ့ ပျောက်ကျားဥပုသ်သယ်တွေပါတကား။

ကိုယ့်စိတ်ထဲမှာ၊ မခံသာအောင်၊အနာဗျာခိ၊ပေါ်လာရှိမူ၊သတိနှင့်ဖော်၊မင်းမခေါ်ဘဲ၊ ဟစ်အော်ညံ့ကာ၊ မဒနပါနှင့်၊ငါ့မှာလတ်ထိုက်၊ ကံမဆိုက်ဘူး၊အမြိုက်ဆေးမြတ်၊ သတိဓာတ်ဖြင့်၊ သိမှတ်ခြင်းငှါ၊ အခွင့်သာပြီး အာဏာထန်ပြင်း၊ ဗျာဓိမင်းကို၊ မျက်ရင်းသာကွယ်၊ သည်းခံမယ်

ဟု ကြံရွယ်ပိုင်းဖြတ်၊ သတိစေတ်ဖြင့်၊သိမှတ်ဆဲပေ၊ သေရချေသော်၊မဓေ မသမ်း အရှေ့ခြမ်းသည်၊ ဩြော်–သေပန်းပွင့်တဲ့ သတိပဋ္ဌာန် တရားတော် ပါတကား။

၁၃၂၇–ခုနှစ်၊ တန်ဆောင်မုန်းလဆုပ် (၁၃) ရက် (၁၁-၁၂–၆၅) နေ့တွင် ဤကျမ်း ရေးသားစီရင်၍ပြီးစီးကြောင်း၊ ဤကျမ်း၌ မှားယွင်း ချွတ်ချော်ခဲ့သည်ရှိသော် အသက် (၈၈)နှစ်ရှိမှပြုရသော ကျမ်းဖြစ်၍၊ပမာ ဒလေခသောအရွယ်ဖြစ်ခြင်းကြောင့် ပညာရှိများ ဖြည့်စွက်ကြည့်တော်မူ ပါရန် ကလျာဏအပေါင်း သူတော်ကောင်းတို့အား ဘောင်းပန်လိုက်ပါ သည်။

ပဋိယတ္တိဓမ္မာစရိယ ဒေါ်ဝဏ္ဏာ
တရားတိုက်အမှတ် (၅၆)
ရေလဲကလေးဈေးပိုင်း

၂၁.၄.၆၈

အေးအေး စာပုံနှိပ်တိုက်
အမှတ် ၆၄ သုခရိပ်သာ ကမာရွတ် ရန်ကုန်မြို့။
၁၃၂၇-ခု၊ တပို့တွဲလ